ညောင်လေးပင်မြို့

ဝိပဿနာတရားနည်းပြ

# ဆရာကြီးဦးကျော်သောင်း၏

ခန္ဓာဉာဏ်လက်ရောက်

# ပညာသိဝိပဿနာ

တံခွန်ကျမ်းကြီး

ဓမ္မကထိက ဆရာကြီးဦးကျော်သောင်း

ရေးသားသည့်

# ခန္ဓာဉာဏ်ရောက် ပညာသိ

# ဝိပဿနာတံခွန်ကျမ်းကြီး

ဆရာဦးစံကြည်

(သာသနဓဇ သိရိပဝရ ဓမ္မာစရိယ)

ကြီးကြပ်ပြင်ဆင်သည်။

ကာယသုခ ပုံနှိပ်တိုက်

အမှတ် ၁၂၉-၃၁-လမ်း၊

ရန်ကုန်မြို့။

ပုံနှိပ်ခြင်း။

၁၉၇၅-ခု၊ ဒီဇင်ဘာလ
ပထမအကြိမ်၊ အုပ်ရေ-၂,၅၀၀

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (ဂ၀၆၄-က)

ပုံနှိပ်ထုတ်ဝေသူ။ ဒေါ်လှမြင့် ( မြ-၀၂၀၉၀) ကာယသုခပုံနှိပ်တိုက်၊ အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍။ ။ဒေါ်ခင်ရွှေ ကင်းလွတ်ခွင့်အမှတ် (၀၂၉၁၂) အမှတ်-၃၇၊ အောင်မင်္ဂလာ (၃) လမ်း၊ ကျောက်တန်းမြို့ ရန်ကုန်တိုင်းက ထုတ်ဝေသည်။ ။ ဓမ္မဒါန။



# နိဒါန်းကထာ

## ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊

ဗုဒ္ဓသာသနာတော်မြတ်ကြီး ရှည်မြင့်စွာ တည်တန့် ခိုင်မြဲစေရန်နှင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ယုံကြည်ကိုးစား အားထား မှီခိုလျက်ရှိကြသော ဝေနေယျအပေါင်းတို့အား ပစ္စုပ္ပန်လောက၌ဖြစ်သော သံသရာဝဋ်ဆင်းရဲဘေးဆိုး အမျိုးမျိုးတွေမှ လွတ်ကင်းနိုင်တဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ဝါ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တွေကို လေ့လာပွားများ ကျိုးစားအားအထုပ်ရှာမှီးနိုင်ကြစေရန် သိကိစ္စ ကျင့်ကိစ္စ ကြဉ်ကိစ္စ ကျင့်ရာကာလ ကျင့်ရာဋ္ဌာန တည်ရာဋ္ဌာနများနှင့်တကွ သာသနာတရား၌ ကျင့်အပ်တဲ့တရား ကျင့်ရမဲ့တရား ကျင့်တတ်တဲ့တရား ဘာသာတရား၌ ပြုအပ်တဲ့တရား ပြုရမဲ့တရား ပြုတတ်တဲ့တရား သံသရာတရား၌ ပါယ်အပ်တဲ့တရား ပါယ်သတ်ရမဲ့တရား ပါယ်တတ်တဲ့တရားတွေကို လွယ်လင့်တကူ ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှားကြီး သိမြင်ပေါက်ပိုင်ကြ၍ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ယုံကြည်ကိုးစား အားထားသူတိုင်း စိတ္တသုခ ကာယသုခနှင့် ပြီးပြည့်စုံကြရကုန်လျက် လောကီအကျိုး စီးပွား လောကုတ္တရာ အကျိုး စီးပွား တွေကို စည်ပင်ပြန့်ပွား၍ တည်တန့်ခိုင်မြဲစေရန် (သာသနာသဗ

# နိဒါနကထာ

လောကဿ ဝုဍ္ဎိဘာဝတုဿဗ္ဗဒါ သာသနမ္ပိစ လောကဉ္စ ဒေဝါရက္ခန္တု သဗ္ဗဒါ) ဆိုတဲ့ ပါဠိတော်မြတ်နှင့် အညီ ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ပြုစုစောင့်ရှောက်ကျင့်သုံးနိုင်ကြပါစေရန်နှင့် ယခုပစ္စုပ္ပန်ကာလ ပစ္စက္ခမျက်မှောက်ဘဝ၌ပင်လျှင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို သိမြင်ပေါက်ပိုင်နိုင်ကြစေရန် ရည်သန်၍ ဤခန္ဓာဉာဏ်ရောက် ပညာသိဝိပဿနာ တံခွန်ကျမ်းကြီးကို ရေးသားပြုစုလိုက်ရပါသတည်း။

---

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိပဿနာတရားပုံသင်တန်း .... | ၅ |
| ၂။ | သိကိစ္စ ရှင်းမယ် ယောဂီ .... | ၂၅ |
| ၃။ | သိက္ခာသုံးပါးနှင့် သာသနာသုံးပါး တခြားမရှိပုံ ရေးမယ် .... | ၃၀ |
| ၄။ | တရားသုံးမျိုး ရှင်းမယ် ယောဂီ .... | ၃၁ |
| ၅။ | ဓါတုဝ ဝတ္ထာနညာဏ် ရှင်းမယ် ယောဂီ .... | ၄၃ |
| ၆။ | ဓါတ်သုံးပါး ပြိုင်ပေါ်လာပုံ ရေးမယ် .... | ၄၄ |
| ၇။ | အဝိဇ္ဇာ တဏှာ ချယ်လှယ်ပုံ ရှင်းမယ် ယောဂီ | ၄၇ |
| ၈။ | သက္ကာယခန္ဓာ ဥပါဒါန်ခန္ဓာ ရှင်းမယ် ယောဂီ | ၄၉ |
| ၉။ | စီးပွားရှာတဲ့ ခန္ဓာ ရှင်းမယ် ယောဂီ .... | ၅၂ |
| ၁၀။ | သုံးဆဲ့တဘုံလယ်တဲ့ ခန္ဓာ ရှင်းမယ် ယောဂီ.... | ၅၄ |
| ၁၁။ | ဥပါဒ်ထိဘင်ရှိတဲ့ ဓါတ်ကြီးလေးပါး ရှင်းမယ် | ၅၅ |
| ၁၂။ | ပရမတ္ထကိစ္စကြီးလေးပါး ရှင်းမယ် ယောဂီ.... | ၅၇ |
| ၁၃။ | ကထာခြောက်ပါး ရှင်းမယ် ယောဂီ .... | ၆၁ |
| ၁၄။ | ဗုဒ္ဓငါးမျိုး ကျင့်စဉ် ရှင်းမယ် ယောဂီ .... | ၆၅ |
| ၁၅။ | ကျင့်ကိစ္စ ရှင်းမယ် ယောဂီ .... | ၆၈ |
| ၁၆။ | ညာဏ်ကြီးလေးပါး ရှင်းမယ် ယောဂီ .... | ၇၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ကုသိုလ် အကုသိုလ်နှင့် အဝိဇ္ဇာ-တဏှာတို့ကို ရှင်းမယ် ယောဂီ .... | ၉၃ |
| ၁၈။ | အစမထင်တဲ့ ဿံနအစဉ်ကို ရှင်းမယ်ယောဂီ.... | ၉၇ |
| ၁၉။ | ခန္ဓာ အာယတန ရုပ်ဓါတ် ခပင်းတွေကို ပုတ်ပြတ် ရှင်းမယ် ယောပဂီ .... | ၉၈ |
| ၂၀။ | ဥ ယျဓာန်တရား ငါးပါးကို ရှင်းမယ် ယောဂီ .... | ၁၀၄ |
| ၂၁။ | အရိပ်သုံးမျိုးကို ရှင်းမယ် ယောဂီ .... | ၁၀၈ |
| ၂၂။ | ကြည်ကိစ္စ ရှင်းမယ် ယောဂီ .... | ၁၁၂ |
| ၂၃။ | ကျင့်ရာကာလ ရှင်းမယ် ယောဂီ .... | ၁၁၄ |
| ၂၄။ | ကျင့်ရာဌာန ရှင်းမယ် ယောဂီ .... | ၁၁၆ |
| ၂၅။ | တည်ရာဌာန ရှင်းမယ် ယောဂီ .... | ၁၂၂ |
| ၂၆။ | ဝိသုဒ္ဓိခုနစ်ပါး ပြည့်စုံလာပုံ ရှင်းမယ် ယောဂီ .... | ၁၂၈ |
| ၂၇။ | သောတာပန်တည်ပုံ ရှင်းမယ် ယောဂီ .... | ၁၃၀ |
| ၂၈။ | ကြွေးသစ်ကြွေးဟောင်း ရှင်းမယ် .... | ၁၃၂ |
| ၂၉။ | ပဋိပဒါနယ် အဘိညာဉ်နယ် ရှင်းမယ် ယောဂီ .... | ၁၄၃ |
| ၃၀။ | အကြောင်းသင်္ခါရ မရှိတရားကို အသိမှားလို့ ရှင်းမယ် ယောဂီ .... | ၁၃၆ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | အပိတ်အဖုံးမရှိ တရားကို ဆိပ်သုဉ်းအောင် သတိထား .... | ၁၃၈ |
| ၃၂။ | အချိုးကျ ပါယ်သတ်ပုံ ရှင်းမယ် ယောဂီ .... | ၁၄၁ |
| ၃၃။ | အဝိမောက္ခနိဗ္ဗာန်ကို ရှင်းမယ် ယောဂီ .... | ၁၄၃ |
| ၃၄။ | သမထနှင့် သမာဓိ ရှင်းမယ် ယောဂီ .... | ၁၄၄ |
| ၃၅။ | သိလျှင်တည်ပုံ ကျင့်လျှင်တည်ပုံ ရှင်းမယ် ယောဂီ .... | ၁၄၆ |
| ၃၆။ | အတ္တသမ္ဘိဒါဉာဏ် ဖြစ်ပေါ်လာပုံ ရှင်းမယ် ယောဂီ .... | ၁၄၈ |
| ၃၇။ | ပုဂ္ဂိုလ်လေးမျိုးကို ဥပမာဖြင့် ရှင်းမယ် ယောဂီ | ၁၅၀ |
| ၃၈။ | အတိတ်အဇ္ဈာသယပါပုံ ရှင်းမယ် ယောဂီ .... | ၁၅၆ |
| ၃၉။ | ပစ္စုပ္ပန်စရိုက်ဖြစ်ပုံ ရှင်းမယ် ယောဂီ .... | ၁၅၇ |
| ၄၀။ | အရပ်မှ အရိပ်ထွက်ပုံ ရှင်းမယ် ယောဂီ .... | ၁၆၀ |
| ၄၁။ | အရိပ်နှစ်ခု ခြားနားမှုကို ရှင်းမယ် ယောဂီ.... | ၁၆၁ |
| ၄၂။ | သခ်တ ပရမတ်ကို ရှင်းမယ် ယောဂီ .... | ၁၆၃ |
| ၄၃။ | လောကသုံးပါးနှင့် သံသရာကို ရှင်းမယ် ယောဂီ .... | ၁၆၆ |
| ၄၄။ | အာရုံကျဉ်း အလင်းရပုံ ရှင်းမယ် ယောဂီ .... | ၁၇၀ |
| ၄၅။ | သယံဇာတထာဝရမေါတ်ကိုရှင်းမယ် ယောဂီ.... | ၁၇၃ |
| ၄၆။ | ပုဗ္ဗဘာဂမဂ်ဖြင့် နေထိုင်သွားပုံ ရှင်းမယ် ယောဂီ .... | ၁၈၁ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၇။ | လောကမှာရှိတဲ့ တရားသုံးမျိုးကို ရှင်းမယ် ယောဂီ | .... | ၁၈၂ |
| ၄၈။ | ဒီလိုပြုစမ်းပါ ယောဂီ | .... | ၁၈၃ |
| ၄၉။ | အကျိုးရပုံ ရှင်းမယ် ယောဂီ | .... | ၁၈၄ |
| ၅၀။ | လောကသုံးပါး သမုတ်ရှိ အစဉ်ကို အဟုတ်သိမြင်အောင် ရေးမယ် ယောဂီ | .... | ၁၉၁ |
| ၅၁။ | နိယာမ အရှိတရားကို အသိမမှားရအောင် ရှင်းမယ် ယောဂီ | .... | ၁၉၅ |
| ၅၂။ | စိတ်နှင့်အာရုံ သုံးဆဲ့တဘုံရှိသလား သိသလား ရေးမယ် ယောဂီ | .... | ၁၉၇ |
| ၅၃။ | ဝိပဿနာဆိုင်ရာ မျက်စိငါးမျိုးကို ရှင်းမယ် ယောဂီ | .... | ၂၀၀ |
| ၅၄။ | သင်္ခါရ မရှိတရားကို အသိမမှားဘို့ မြင်အောင် ရေးမယ် ယောဂီ | .... | ၂၀၁ |
| ၅၅။ | ပဋ္ဌာရုံမှာ အစဉ်ဖုံးပြီး မြင်မဆုံးလို့ ခက်တယ် ယောဂီ | .... | ၂၀၂ |
| ၅၆။ | အရှိတရား ပရမတ်အစဉ်ကို သတိထားဘို့ အတတ်မြင်အောင် ရေးမယ် ယောဂီ | .... | ၂၀၄ |
| ၅၇။ | သမာဓိအဆင့်ဆင့်ဖြင့် နိဗ္ဗာန်မြင်ပုံ ရေးမယ် ယောဂီ | .... | ၂၀၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈။ | **သာသနာသုံးပါးနှင့် ဉာဏ်သုံးပါး တသားတည်း ဖြစ်ပုံ ရေးမယ် ယောဂီ** .... | ၂၀၇ |
| ၅၉။ | မျက်စိငါးမျိုးဖြင့် အချိုးကျ အာရုံပြုပုံ ရေးမယ် ယောဂီ .... | ၂၀၈ |
| ၆၀။ | ပရိညာလေးပါးဖြင့် ကိစ္စကြီးလေးပါးကို အချိုးကျ ရေးမယ် ယောဂီ .... | ၂၀၉ |
| ၆၁။ | အကောင်းအဆိုးနှင့် အကြောင်းအကျိုး သိသလား ရေးမယ် ယောဂီ .... | ၂၁၁ |
| ၆၂။ | ကောင်းမကောင်းလုပ်လို့ သောင်းပြောင်း ရှုပ်နေတာ ရေးမယ်ယောဂီ .... | ၂၁၂ |
| ၆၃။ | ကောင်းမကောင်းလုပ်မှာလား မှန်မှား လုပ်မှာလား ရေးမယ်ယောဂီ .... | ၂၁၄ |
| ၆၄။ | အထင်အစွဲနဲ့ အမြင်လွဲပုံရေးမယ်ယောဂီ .... | ၂၁၅ |
| ၆၅။ | အများအမြင်နှင့် ဘုရားအမြင်ရေးမယ် ယောဂီ .... | ၂၁၇ |
| ၆၆။ | မှန်မှားအစဉ်ကို ဉာဏ်အားမြင်အောင် ရေးမယ်ယောဂီ။ .... | ၂၂၂ |
| ၆၇။ | မဂ္ဂင်ရှစ်ပါးရှင်းတမ်းဟောစဉ် .... | ၂၂၆ |
| ၆၈။ | ဒုလ္လဘရှင်းတမ်းဟောစဉ် .... | ၂၄၇ |
| ၆၉။ | ဩကာသရှင်းတမ်းဟောစဉ် .... | ၂၆၃ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၀။ | လောကပါလရှင်းတမ်းဟောစဉ် | .... | ၂၈၀ |
| ၇၁။ | သုံးဆဲ့ရှစ်ဖြာမင်္ဂလာရှင်းတမ်းဟောစဉ် | .... | ၂၉၄ |
| ၇၂။ | ဓမ္မစင်္ကြာဂုဏ်ရောင်ရှင်းတမ်းဟောစဉ် | .... | ၃၂၄ |
| ၇၃။ | သဘာဝသစ္စာရှင်းတမ်းဟောစဉ် | .... | ၃၄၅ |
| ၇၄။ | သစ္စာခြောက်လီရှင်းတမ်းဟောစဉ် | .... | ၃၃၆ |
| ၇၅။ | ဖလကထာရှင်းတမ်းဟောစဉ် | .... | ၃၈၈ |


မာတိကာ ပြီးပြီ။

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ။

(အရဟတော) လူမင်းနတ်မင်းဗြဟ္မာမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ (သမ္မာ-သမ္ဗုဒ္ဓဿ) သစ္စာလေးဆူ အောင်လံထူ၍ ပြိုင်သူဘက်ရှား ဘုရားအစစ် ဓမ္မရာဇ်တဆူ သဗ္ဗညုမှန်ကင်း တရားမင်းကြီး ဖြစ်တော်မူထသော။ (သမ္မာသမ္ဗုဒ္ဓဿ) သစ္စာလေးဝ ဉေယျငါးတန်တရားမှန်ကို မဖေါက်မပြန် သဗ္ဗညုဉာဏ်မြတ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူထသော။ (တဿ ဘဂဝတော) ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား (နမော) ဘယ လာဘ ကုလကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည့်စွ့သဒ္ဓါ ရှိခိုးပါ၏။ (နမော) အဉ္ဇလိဂါရဝဖြင့် တင်ချီကာ ပဏာသပြီး အစဉ်ထာဝရ အမြဲပင်သွယ်ဖရောင်း လက်ဆယ်ချောင်းဖြင့် ရှိသေမြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

သမ္ဗုဒ္ဓ စန္ဒိမာ လောကေ၊
သဒ္ဓမ္မ ဇုဏှ သီတလော။
သမုဒ္ဒေတိ သမော ဘေဒေါ၊
သံဃောလု ဂဏသေဝိတော။

(လောကေ) လူရှေ့နတ်ပါ ပြဟ္မာမကြွင်း ခပင်းဥဿုံ ဘုံဟူသမျှ ခေတ်ကာလ၌ (သဒ္ဓမ္မဇုဏှသီတလော) ရှစ်သောင်းလေးထောင် မြားမြောင်ဆပွား သူတော်ကောင်းတရားတည်းဟူသော ရောင်ခြည်ဖြင့် အေးကြည်ချမ်းမြေ့စွာထသော။ (သံဃောလု ဂဏသေဝိတော) သံဃာတော်အပေါင်းတည်းဟူသော တာရာကြယ်စုံ ဝန်းရံခြံရံအပ်ထသော။ (သမ္ဗုဒ္ဓ စန္ဒိမာ) ဘုရားတည်းဟူသော သီတဂူစကြာ စက္ကဝါရနန်း ပုံသန်းလှည့်ချွေ ယုန်စန်းငွေသည်။ (သမောဘေဒေါ) မှောင်တကာတွင်ခေါင်ချုပ် မသိမမြင်အောင် ဖုံးအုပ်သည့် ဆိုးယုတ်မိုက်မဲ အဝိဇ္ဇာမှောင်ခဲကို ဖြိုခွဲဖျက်ချွေကာ ပျက်ပစေနိုင်နင်းတော်မူလျက်။ (သမုဒ္ဒေတိ) အရဟတ္တဖိုလ် ဗဟိုမြင့်ခေါင် ဉဒိတောင်မှ ရောင်စုံဖြန့်ချွေ ထွက်ပေါ်ကွန့်မြန်းတော်မူခဲ့ပါပေသတည်း။ (တေန သစ္စဝဇ္ဇေန) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့်။ (ဝေါတုမှာကံ) သံသရာဝဋ်ဘေး ကရွတ်ခွေမှ လွတ်စေလိုကြောင်းသင် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။

(ဇယမင်္ဂလံ) လောကုတ်လောကီ ပြည့်စုံညီအောင် နှစ်လီ ပွားတိုး ကောင်းကျိုးချမ်းသာ အောင်မြင်ခြင်း မင်္ဂလာ သည်။ (ဝဍ္ဎန္တု) တနေ့တခြား ဒီရေအလားကဲ့သို့ တိုးပွား ကြည်လင်ခြင်း ရှိကြကုန်သည်။ (ဟောန္တု) မုချမသွေ ဖြစ် ကြပါစေကုန်သတည်း။

# ခန္ဓာဉာဏ်ရောက် ပညာသိ ဝိပဿနာတံခွန်ကျမ်းကြီး

## ဝိပဿနာတရားပုံသင်တန်း

### ပစ္စုပ္ပန်၌ သောတာပန်ဖြစ်ခြင်း အင်္ဂါလေးပါး

(၁) ခန္ဓာ အာယတန ပဋိစ္စသမုပ္ပါဒ် ဓါတ် သစ္စာ တရားတို့ကို ပိုင်းခြား ဝေဘန် သုံးသပ် ဆုံးဖြတ်နိုင်တဲ့ ဆရာစစ် ဆရာမှန်ကို မှီဝဲဆည်းကပ်ရခြင်း။

(၂) ထိုခန္ဓာ အာယတန ဓါတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ဖြစ်သော ပရမတ်တရား ဓါတ်တရားတွေကို ကြားနာ မှတ်သား နိုင်ရခြင်း။

(၃) ရုပ် နာမ် ခန္ဓာ အာယတနဖြစ်သော ပရမတ်တရား ဓါတ်တရားတွေကို လေ့လာ သုံးသပ် ဆုံးဖြတ် နိုင်အောင် ကြံစည်တွေးတောနိုင်ခြင်း။

(၄) သညာအနိစ္စ သညာဒုက္ခ သညာအနတ္တ၊ ဝိညာဉ်အနိစ္စ ဝိညာဉ်ဒုက္ခ ဝိညာဉ်အနတ္တ၊ ပညာအနိစ္စ ပညာဒုက္ခ ပညာအနတ္တတို့ကို ဟုတ်တိုင်းမှန်စွာ မြင်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို ပယ်ဖျက်နိုင်ခြင်း ၎င်းအင်္ဂါလေးပါးနှင့် ပြီးပြည့်စုံလျှင် ပစ္စုပ္ပန်၌ သောတာပန် မုချကေါ်ဖြစ်မည်မှတ်။

လောက၌ ဝိပဿနာ အားမထုတ်မီ ရှေးအဘို့၌ လမ်းနှစ်လမ်းကို သိဘို့အလွန်အရေးကြီးပါတယ်၊ ဒီလမ်းနှစ်လမ်းတို့မှာ သုံးဆဲ့တဘုံကို လည်စေတတ်၊ ဖြစ်စေတတ်တဲ့ လမ်းနဲ့ သုံးဆဲ့တဘုံမှ လွတ်မြောက်တဲ့ လမ်းရယ်လို့ လမ်းနှစ်လမ်းရှိတယ်။

သုံးဆဲ့တဘုံကို လည်စေတတ်၊ ဖြစ်စေတတ်တဲ့ လမ်းကတော့ အဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ်၊ တဏှာခေါ်တဲ့ ကမ္မဝဋ်၊ ဥပါဒါန်ခေါ်တဲ့ ဝိပါကဝဋ်တို့ ဖြစ်ပါတယ်၊ သုံးဆဲ့တဘုံမှ လွတ်မြောက်တဲ့ လမ်းကတော့ မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ ပညာသိက္ခာ, သီလသိက္ခာ, သမာဓိသိက္ခာတို့ ဖြစ်ပါတယ်။

ဒီလမ်းနှစ်လမ်းမှာလည်း ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့တရား၊ ပယ်တတ်တဲ့တရား ရယ်လို့ တရားသုံးမျိုးရှိပြန်ပါတယ်၊ ပယ်အပ်တဲ့တရားဆိုတာ ကတော့ ခန္ဓာ အာယတန ဓါတ် ရုပ် နာမ်တို့ဖြစ်ပါတယ်၊ ပယ်သတ်ရမဲ့တရားဆိုတာကတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဋိဃ ကာမ ရာဂ ဘဝရာဂ မာန အဝိဇ္ဇာဆိုတဲ့ အနုသယ ခုနစ်ပါး ဖြစ်ပါတယ်၊ ပယ်တတ်တဲ့ တရားဆိုတာကတော့ ပညာသိက္ခာ,သီလသိက္ခာ,သမာဓိသိက္ခာဆိုတဲ့ မဂ္ဂင်အကျင့် ဖြစ်ပါတယ်။

ယခု သက်ရှိ ရထားတဲ့ ခန္ဓာဟာ ဘယ်လမ်းနဲ့ လာခဲ့ပါသလဲ၊ အဝိဇ္ဇာကိလေသဝဋ် တဏှာကမ္မဝဋ် ဥပါဒါန်ဝိပါကဝဋ်

ဆိုတဲ့ ဝဋ္ဋသုံးပါးကြောင့်သာလျှင် ဇော်မှုချ ရလာတယ် ဆိုတာ ငြင်းကွယ်စရာ မရှိပါဘူး။

ဒီမှာကြည့်စမ်း အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ အတိတ် အကြောင်းကံ ကိလေသဝဋ္ဋ ငါးပါး အဝိဇ္ဇာကြောင့် သတ္တဝါဖြစ်လာရတယ် မဟုတ်လား၊ သင်္ခါရကြောင့် အိုနာ သေကွဲဖြစ်လာရတယ် မဟုတ်လား၊တဏှာကြောင့် ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်လာရတယ် မဟုတ်လား၊ ဥပါဒါန်ကြောင့် အဖို့အမ ဖြစ်လာရတယ် မဟုတ်လား၊ ဘဝကြောင့် သုံးဆဲ့ နှစ်မျိုး အပုပ်တုံးမှာ လမ်းဆုံးနေရတယ် မဟုတ်လား။

ဒါဖြင့် ယခု လက်ရှိ ရထားတဲ့ ခန္ဓာပေါ်မှာ ဘာတွေ ဖြစ်နေပြန်သလဲ၊ တဏှာ ဥပါဒါန် ဘဝ သင်္ခါရ အဝိဇ္ဇာ ပစ္စုပ္ပန် အကြောင်းကံ ကမ္မဝဋ္ဋ ငါးပါး ဦးစီးဦးဆောင် ဖြစ်နေတယ်ဆိုတာ မြင်ရဲ့လား၊ တဏှာသာယာတယ်၊ ဘယ်သူ့ကိုလဲ၊သတ္တဝါကို၊ အို့နာ့သေ့ကို၊ ပုံသဏ္ဌာန်ကို၊ အဖို့အမကို၊ အပုပ်တုံးကို။ ဥပါဒါန်စွဲတယ်၊ ဘယ်သူ့ကိုလဲ၊ သတ္တဝါကို၊ အို့နာ့သေကို၊ ပုံသဏ္ဌာန်ကို၊ အဖို့အမကို၊ အပုပ်တုံးကို။ဘဝ အာရုံတွေ အသစ်အသစ်ဖြစ်တယ်၊ ဘယ်သူ့ကိုလဲ၊သတ္တဝါကို၊ အို့နာ့သေကို၊ ပုံသဏ္ဌာန်ကို၊အဖို့အမကို၊ အပုပ်တုံးကို၊သင်္ခါရ ပြုပြင်ရတယ်၊ ဘယ်သူ့ကိုလဲ၊ သတ္တဝါကို၊ အို့နာ့သေကို၊ ပုံသဏ္ဌာန်ကို၊ အဖို့အမကို၊ အပုပ်တုံးကို။ အဝိဇ္ဇာ မှားတယ်၊ ဘယ်သူ့ကိုလဲ၊ သတ္တဝါကို၊ အို့နာ့သေကို၊ ပုံသဏ္ဌာန်ကို၊အဖို့ အမကို။ အပုပ်တုံးကို။

ဒီလို သာယာလျှင် စွဲလျှင် ဖြစ်လျှင် ပြုပြင်လျှင် မှားလျှင် ဘာတွေ အကျိုးရမလဲ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ ပစ္စုပ္ပန်အကျိုးကံ ဝိပါကဝဋ် အခြင်းအရာ ဆဲ့နှစ်ပါးနှင့် တကွ ဖြစ်တဲ့ ဒုက္ခသစ္စာ မုချ ရမယ်ဆိုတာ ပုတ်ပြတ်မှတ် ယောဂီ။

## ဝိပဿနာ၌

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သုံးမျိုးရှိတယ် ယောဂီ၊ ပရိယတ္တိသာသနာသည် သိကိစ္စ သုတမယညာဏ် သညာသိ၊ တရားကိုယ် သီလဖြစ်တယ်ယောဂီ။ ပဋိပတ္တိသာသနာသည် ကျင့်ကိစ္စ စိန္တာမယညာဏ် ဝိညာဉ်သိ၊ တရားကိုယ် သမာဓိဖြစ်တယ်ယောဂီ။ ပဋိဝေဓသာသနာသည် ကျင့်ရာကာလ ကျင့်ရာဌာန် တည်ရာဌာန ဘာဝနာမယညာဏ် ပညာသိ၊ တရားကိုယ် ပညာဖြစ်တယ် ယောဂီ။ တနည်း– ပရိယတ္တိသာသနာ၌ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်သုံးပါး၊ ပဋိပတ္တိသာသနာ၌ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်သုံးပါး၊ ပဋိဝေဓသာသနာ၌ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်သုံးပါးစီ ရှိတယ် ယောဂီ။

## နယလေးပါးစီ ရှိပုံ

ပရိယတ္တိသာသနာ၌ အာဂမယုတ္တိ၊ သာခကယုတ္တိ၊ အတ္ထယုတ္တိ၊ သဘာဝယုတ္တိ လေးမျိုးရှိတယ် ယောဂီ၊ ပဋိပတ္တိ

သာသနာ၌ ဂေတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း လေးမျိုးရှိတယ် ယောဂီ။

## ဝိပဿနာ၌ ကိစ္စကြီးလေးပါး

(၁) ပရိညာကိစ္စ =ပရိညာကိစ္စသည် ဒုက္ခသစ္စာဖြစ်တယ်။

(၂) ပဟာနကိစ္စ =ပဟာနကိစ္စသည် သမုဒယသစ္စာဖြစ်တယ်။

(၃) သစ္ဆိကရဏကိစ္စ=သစ္ဆိကရဏကိစ္စသည် နိရောဓသစ္စာဖြစ်တယ်။

(၄) ဘာဝေတဗ္ဗကိစ္စ=ဘာဝေတဗ္ဗကိစ္စသည် မဂ္ဂသစ္စာဖြစ်တယ် ယောဂီ။

## သံသရာ၌

ပရိညာကိစ္စသည် သိကိစ္စဖြစ်တယ် ယောဂီ။ ပဟာနကိစ္စသည် ကြဉ်ရမည့် ကိစ္စဖြစ်တယ် ယောဂီ၊ သစ္ဆိကရဏကိစ္စသည် မျက်မှောက် ပြုရမည့် ကိစ္စဖြစ်တယ် ယောဂီ ဘာဝေတဗ္ဗ ကိစ္စသည် ပွားများ ကျင့်သုံး နေထိုင်ရမည့် ကိစ္စဖြစ်တယ် ယောဂီ။

## ပရိညာကိစ္စ၃

(၁) သမ္မုတိသစ္စာ, ဝစီသစ္စာ, ဝိရတီသစ္စာ, သဘာဝ သစ္စာ, ပရမတ္ထသစ္စာ, အရိယာသစ္စာ ခြောက်မျိုး ရှိတယ် ယောဂီ။

(၁) သမ္မုတိသစ္စာ ဆိုသည်မှာ–သညာသမ္မုတိ၊ ဝိညာဉ် သမ္မုတိ နှစ်မျိုးရှိပြန်တယ်ယောဂီ၊ မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာ ဩဇာတို့သည် သညာသမ္မုတိ ဖြစ်တယ် ယောဂီ၊ သညာသမ္မုတိသည် ဓမ္မာရုံ၌ ဖြစ်တယ်ယောဂီ၊ မှန် ရိပ်နှင့် တူသည် ဖြူ နီ ကြောင်ကျား စိမ်း ပြာ ဝါ ရွှေနှင့် တကွ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ လေးထောင့်ရှစ်မြှောင့် သုံးထောင့် ပုံဟန် ကြွံကြွံစည်စည် တိုရှည် လုံးပြား ပုံသဏ္ဍာန် အစားစားတို့သည် ဝိညာဉ်သမ္မုတိ ဖြစ်တယ်ယောဂီ၊ ဝိညာဉ် သမ္မုတိသည် ပဉ္စာရုံမှာ ဖြစ်တယ်ယောဂီ၊ မ်ါတ်ပုံရိပ်နှင့် တူသည်၊ ဝိညာဉ်သမ္မုတိကို သီလဖြင့် စောင့်၍ သညာသမ္မု တိကို သမာဓိဖြင့် စောင့်ရမယ် ယောဂီ။

(၂) ဝစီသစ္စာ ဆိုသည်မှာ – စိတ်အာရုံ ပေါ်၍ ရှေ့ရှူ ဆောင်လာတဲ့ စကားလုံး အက္ခရာကို မုသာဝါဒ ပိသုနဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ ဆိုတဲ့ ဝစီဒုစရိုက် လေးပါးမှ လွတ်အောင် ကင်းအောင် ပြောဆိုခြင်းကို ဝစီ သစ္စာလို့ ခေါ်တယ် ယောဂီ။

(၃) ဝိရတိသစ္စာ ဆိုသည်မှာ-ပဉ္စာရုံ၌ ထင်လာသော ဝိညာဉ်သမ္မုတိကို သော်၎င်း၊ ဓမ္မာရုံ၌ ထင်လာသော သညာသမ္မုတိကိုသော်၎င်း၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မေတ္တာ ကရုဏာ မုဒိတာဖြင့်၎င်း၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မေတ္တာ ကရုဏာ မုဒိတာဖြင့်၎င်း၊ အချိုးကျ စောင့်စည်း ကျင့်သုံး ခြင်းသည် ဝိရတိသစ္စာ ဖြစ်တယ်ယောဂီ၊ ဒီသမ္မုတိသစ္စာ ဝစီသစ္စာ ဝိရတိသစ္စာ သုံးပါးသည် လူသမ္မုတိနယ်၌ ပြုလုပ်ကျင့်သုံး နေထိုင် သွားရမဲ့ သစ္စာတရားကြီး သုံးပါးဖြစ်တယ်၊ လောကပါလ တရားကြီးလို့လဲ ခေါ်တယ်ယောဂီ။

(၄) သဘာဝသစ္စာ ဆိုသည်မှာ-စိတ်အာရုံ၌ ပေါက်ပြန်ခြင်း ခံစားခြင်း မှတ်သားခြင်း ပြုပြင် ကြံစည်ခြင်းများ ဖြစ်တယ် ယောဂီ။

(၅) ပရမတ္ထသစ္စာ ဆိုသည်မှာ-သိသဘောကစိတ်၊ ကြံတဲ့ထင်တဲ့ သဘောက စေတသိက်၊ ကြံတဲ့ထင်တဲ့ အတိုင်း ပေါက်ပြန်ဖြစ်ပေါ်လာတဲ့ပုံသဏ္ဍာန်ကရုပ်၊ ဒီစိတ်စေတသိက်ရုပ်ကိုပင် ပရမတ္ထသစ္စာ ခေါ်တယ်။

(၆) အရိယာသစ္စာ ဆိုသည်မှာ-သညာအနိစ္စ သညာဒုက္ခ သညာအနတ္တာ၊ဝိညာဉ်အနိစ္စ ဝိညာဉ်ဒုက္ခ ဝိညာဉ်အနတ္တာ၊ ပညာအနိစ္စ ပညာဒုက္ခ ပညာအနတ္တာ၊ သမုဒယ တရားသည် သန္တတိအနိစ္စ သင်္ခါရတရား၊ သမ္မုတိတရားသည် ခဏိကအနိစ္စ

သင်္ခါရတရားတို့ ပါကလားလို့ ပိုင်းပိုင်းခြားခြား သိတဲ့ဉာဏ်များကို ခေါ်တယ် ယောဂီ။

## ပရိညာကိစ္စ၌

ဥတုဇရုပ်နာမ်၊ အာဟာရဇရုပ်နာမ်၊ ကမ္မဇရုပ်နာမ်၊ စိတ္တဇရုပ်နာမ်၊ သက္ကာယ ရုပ်နာမ်၊ ဥပါဒါန် ရုပ်နာမ်၊ (ချုံးလိုက်) အကြောင်းရုပ်နာမ်၊ အကျိုး ရုပ်နာမ်များ ဖြစ်တယ်ယောဂီ၊ တနည်းပြောရမည် ဆိုလျှင် အရှိ ရုပ်နာမ် အဖြစ်ရုပ်နာမ်များ ဖြစ်တယ် ယောဂီ။

## ပဟာန ကိစ္စ၌

အဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ်၊ တဏှာခေါ်တဲ့ ကမ္မဝဋ်၊ ဥပါဒါန်ခေါ်တဲ့ ဝိပါကဝဋ်များ ဖြစ်တယ် ယောဂီ။

ကိလေသဝဋ် ဆိုသည်မှာ-အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဆိုတဲ့ အခြင်းအရာ ငါးပါး တလှည့် ဖြစ်တယ် ယောဂီ။

ကမ္မဝဋ် ဆိုသည်မှာ - တဏှာ ဥပါဒါန် ဘဝ သင်္ခါရ အဝိဇ္ဇာ ဆိုတဲ့ အခြင်းအရာ ငါးပါးတလှည့် ဖြစ်တယ်ယောဂီ။

ဝိပါကဝဋ် ဆိုသည်မှာ-ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ ဒီအခြင်းအရာ ဆယ့်နှစ်ပါး နှစ်လှည့်သည် ဝိပါကဝဋ် ဖြစ်တယ် ယောဂီ၊ ကိလေသဝဋ်သည်

အမြှုပ်တရား ဖြစ်တယ်၊ ကမ္မဝဋ်သည် အမျောတရား ဖြစ်တယ်၊ ဝိပါကဝဋ်သည် အဆက်တရား အလယ်တရား ဖြစ်တယ် ယောဂီ။

## အတိတ် အကြောင်းကံ ကိလေသဝဋ်ငါးပါး

၁။ အဝိဇ္ဇာ .... သတ္တဝါ ဖြစ်တယ်။
၂။ သင်္ခါရ .... အို နာ သေ ကွဲ ဖြစ်တယ်။
၃။ တဏှာ .... ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်တယ်။
၄။ ဥပါဒါန် .... အဖို အမ ဖြစ်တယ်။
၅။ ဘဝ .... သုံးဆဲ့နှစ်မျိုးအပုပ်တုံးဖြစ်တယ်။

ဤအခြင်းအရာငါးပါးသည် ကိလေသဝဋ်ငါးပါးဖြစ်သည်။

## ပစ္စုပ္ပန် အကြောင်းကံ ကမ္မဝဋ်ငါးပါး

၁။ တဏှာ .... လို့,မလို့,ချစ်,မုန်း,ခြောက်, မြောက်,ကြောက် သဘော။
၂။ ဥပါဒါန်.... စွဲလမ်းမှုသဘော။
၃။ ဘဝ .... အာရုံတွေအသစ်အသစ်ဖြစ်ပေါ်မှုသဘော။
၄။ သင်္ခါရ .... ပြုပြင်မှုသဘော။
၅။ အဝိဇ္ဇာ .... မှားတယ် မှောင်တယ်မိုက်တယ်၊အကြောင်း အကျိုးကို မသိတယ် တွေဝေတယ် ငေးမျောနေခြင်း ဆိုတဲ့သဘောများ ဖြစ်တယ်။

ဤ အခြင်းအရာ ငါးပါးသည် ကမ္မဝဋ်ငါးပါးဖြစ်သည်။

## ပဋိစ္စသမုပ္ပါဒ်အကျိုးကံ ဝိပါကဝဋ် ဆယ့်နှစ်ပါး

၁။ ဝိညာဏ် .... ကြံတယ် ဆက်တယ်။

၂။ နာမ်ရုပ် .... ပုံသဏ္ဍာန် အမျိုးမျိုး ဖြစ်တယ်။

၃။ သဠာယတန .... အာရုံတွေထင်ရာကျတယ်။

၄။ ဖဿ .... အာရုံတွေခဲ့တိုင်းကျတိုင်း ထိတယ်။

၅။ ဝေဒနာ .... ကျရောက်တိုင်းခဲ့တိုင်း ခံစားတယ်။

၆။ တဏှာ .... အာရုံတွေ ကျရောက်တိုင်း
မပြတ်ဘူး ရွှေ့လျောတယ်။

၇။ မရဏ .... အာရုံတွေ ကျရောက်တိုင်း
ပျက်စီးတယ်။

၈။ သောက .... ဒီအာရုံတွေ မတည်မြဲတိုင်း
စိုးရိမ်တယ်။

၉။ ပရိဒေဝ .... စိုးရိမ်တိုင်း တောက်လောင်တယ်
ပူတယ် ဆွေးတယ်။

၁၀။ ဒုက္ခ .... ဆင်းရဲတယ်။

၁၁။ ဒေါမနဿ .... နှလုံးမသာမယာဖြစ်တယ်။

၁၂။ ဥပါယာသ .... စိုးရိမ်မှု အခြံအရံတွေနှင့် တကွ
အားလုံး သုံးပိုက်တယ်။

ဤအခြင်းအရာဆယ့်နှစ်ပါးသည် ဝိပါကဝဋ်ဖြစ်သည်။

## သစ္စိကရဏကိစ္စဥ္ဓ

ဥပါဒ်ဘင်ကိုရင်း၊ ဥပါဒ်ဘင်မှ လွတ်ငြိမ်းမှုကိုရင်း၊ ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်မှု၊ သဘောရမှု၊ သဘောကျမှု၊ သဘောပိုင်မှု၊ သဘောနိုင်မှုများ ဖြစ်တယ် ယောဂီ။ တနည်း သင်္ခါရ၊ ဝိကာရ လက္ခဏ၊ နိဗ္ဗာန် ပညတ် ဆိုတဲ့ငြေယျ ဓမ္မ တရားများကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

သင်္ခါရ ဆိုသည်မှာ-ကာယသင်္ခါရ မနောသင်္ခါရ ဝစီ-သင်္ခါရ၊ ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ အဘိသင်္ခါရ၊ ဇာတိသင်္ခါရ ကမ္မဇ ပဋိသန္ဓေ တရားများ ဖြစ်တယ်ယောဂီ။

ဝိကာရ ဆိုသည်မှာ-လျှောင်း ထိုင် ရပ် သွားနှင့် တကွ ဖြစ်တဲ့ အိုခြင်း နာခြင်း သေခြင်းများပင် ဖြစ်တယ်၊ ဝိပရိ-ဏာမ တရားလို့လဲ ခေါ်တယ် ယောဂီ။

လက္ခဏ ဆိုသည်မှာ- (ဥပစယ) စုမှီခြင်း။ (သန္တတိ) တည်ဆဲတည်စဉ်။ (ဇရတာ) ရွေ့လျောခြင်း။ (အနိစ္စတာ) မမြဲခြင်း သဘောများ ဖြစ်တယ် ယောဂီ။ တနည်း ပြောရမည် ဆိုလျှင် ဝတ္ထုရုပ်ပေါ်မှာသော်ရင်း၊ စိတ်အာရုံပေါ်မှာသော်ရင်း စုမှီခြင်း၊ တအာရုံမှ တအာရုံသို့ ညွတ်ကိုင်းခြင်း၊ ရွေ့လျော ပျောက်ကွယ်ခြင်းများ ဖြစ်တယ် ယောဂီ။ တနည်းအားဖြင့် ပြောရမည်ဆိုလျှင် အနိစ္စ ဒုက္ခ အနတ္တ တရားများ ဖြစ်တယ် ယောဂီ။

နိဗ္ဗာန်ဆိုသည်မှာ–သဉပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် နှစ်မျိုးရှိရာ ပရမတ္ထသစ္စာဖြစ်သော သခ်တဓါတ်ကို ဟုတ်တိုင်း မှန်တိုင်း သိမြင်ပေါက်ပိုင်သဖြင့် ဒိဋ္ဌိ တဏှာ မာန ငြိမ်းသည်၊ သဉပါဒိသေသ နိဗ္ဗာန် ဖြစ်တယ် ယောဂီ။ စိတ် စေတသိက် ရုပ်နှင့်တကွ သမ္မုတိ သမုဒယ ငြိမ်းခြင်း၊ ကင်းခြင်း၊ လွတ်မြောက်ခြင်း သဘောတရားကို အနုပါဒိသေသ နိဗ္ဗာန် ခေါ်တယ် ယောဂီ။

ပညတ်ဆိုသည်မှာ–မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာ ဆိုတဲ့ ဥတုဇရုပ်၊ မြင် ကြား နံ စား တွေ့ ထိ ဆိုတဲ့ ကမ္မဇရုပ်၊ကဗဠီ ကာဟာရ,ဖဿာဟာရ,မနောသဉ္စေတနာဟာရ,ဝိညာဏာဟာရဆိုတဲ့ အာဟာရဇရုပ် ဒီသဘော တရားတွေ အပေါ်မှာ ဖုံးအုပ်ကာကွယ်နေတဲ့ သမုဒယတရား သမ္မုတိ တရားများဖြစ်တယ် ယောဂီ။

## ဘာဝေတဗ္ဗ ကိစ္စ၃

သိကိစ္စ၊ ကြည့်ကိစ္စ၊ ကျင့်ကိစ္စ၊ ကျင့်ရာကာလ၊ကျင့်ရာဌာန၊ တည်ရာဌာန ခြောက်မျိုး ရှိတယ် ယောဂီ။

၁။ သိကိစ္စဆိုသည်မှာ–သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ ဖြစ်တယ် ယောဂီ။ တနည်း ပြောရမည် ဆိုလျှင် ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ လောကုတ္တရာ အာရုံတို့ ဖြစ်တယ် ယောဂီ။

တနည်း ပြောရမည် ဆိုလျှင် ခန္ဓာ အာယတန ဓါတ် သစ္စာတို့ ဖြစ်တယ် ယောဂီ။

၂။ ကြဉ်ကိစ္စ ဆိုသည်မှာ-အဝိဇ္ဇာ တဏှာ ဥပါဒါန်နှင့် တကွ ဖြစ်တဲ့ သမ္မုတိ သမုဒယ တရားများ ဖြစ်တယ်ယောဂီ။

၃။ ကျင့်ကိစ္စ ဆိုသည်မှာ-မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ ပညာသိက္ခာ၊ သီလသိက္ခာ၊ သမာဓိသိက္ခာ တရားတို့ ဖြစ်တယ် ယောဂီ။

၄။ ကျင့်ရာကာလ ဆိုသည်မှာ-ဒွါရ အာရုံ သိစိတ်တို့ ပေါင်းစုံရာ ဖြစ်တဲ့ ပစ္စုပ္ပန်ကာလ ဖြစ်တယ် ယောဂီ။

၅။ ကျင့်ရာဌာန ဆိုသည်မှာ-ပဥ္စာရုံ တိုက်ဆဲ ဖြစ်သော ဝိညာဉ်သမ္မုတိနှင့် ဓမ္မာရုံ တိုက်ဆဲ ဖြစ်သော သညာသမ္မုတိ တရားများပင် ဖြစ်သည်။

၆။ တည်ရာဌာန ဆိုသည်မှာ-သတိ တရားများပင် ဖြစ်သည်။ တနည်း ပြောရမည် ဆိုလျှင် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ ဆိုတဲ့ ပဉ္စက္ခန္ဓာ တရားများ ဖြစ်တယ် ယောဂီ။ တနည်း ပြောရမည် ဆိုလျှင် ကာယမှာ သီလ၊ ဝစီမှာ သမာဓိ၊ မနောမှာ ပညာဖြင့် စောင့်စည်း ကျင့်သုံး နေထိုင်ခြင်းများ ဖြစ်တယ် ယောဂီ။

## အာရုံသုံးမျိုး ပိုင်းခြားပုံ

လို, မလို, ချစ်, မုန်း, ခြောက်, မြှောက်, ကြောက် ဆိုတဲ့ သဘောတရား အားလုံးသည် ကာမအာရုံ ဖြစ်တယ်၊ ကာမရာဂ

ကာမတဏှာ ဖြစ်တယ် ယောဂီ၊ ပဋ္ဌာရုံ၌ တိုက်ဆဲတိုက်ခိုက်ဖြစ်သော ဝိညာဉ်သမ္ဘုတိ တရားသည်ရင်း၊ ဓမ္မာရုံ၌ ဖြစ်ဆဲ ဖြစ်လတ္တံ့ ဖြစ်သော သညာသမ္ဘုတိ တရားသည်ရင်း၊ မဟဂ္ဂုတ် အာရုံဖြစ်တယ် ယောဂီ၊ ဝိညာဉ်သမ္ဘုတိသည် ရူပရာဂ ဘဝရာဂ တရားဖြစ်တယ်ယောဂီ၊ သညာသမ္ဘုတိသည် အရူပရာဂ ဝိဘဝတဏှာ ဖြစ်တယ်ယောဂီ၊ သမ္ဘုတိ သမုဒယတို့မှ ကင်းလွတ်အောင် သိမြင်ပေါက်ပိုင်သော ဉာဏ်ပညာသည် လောကုတ္တရာ အာရုံ ဖြစ်တယ် ယောဂီ။

## ကာလသုံးပါး ဘုံသုံးပါး

သညာသမ္ဘုတိသည် အနုသယဘုံ၊ အနုသယ ကိလေသာ၊ အတိတ်ကာလ ဖြစ်တယ် ယောဂီ။ ဝိညာဉ်သမ္ဘုတိသည် ပရိယုဋ္ဌာန်ဘုံ၊ ပရိယုဋ္ဌာနကိလေသာ၊ ပစ္စုပ္ပန်ကာလဖြစ်တယ် ယောဂီ။ သမုဒယသည် ဝီတိက္ကမဘုံ၊ ဝီတိက္ကမကိလေသာ၊ အနာဂတ်ကာလ ဖြစ်တယ် ယောဂီ။ သညာသမ္ဘုတိနှင့် ဝိညာဉ်သမ္ဘုတိနှစ်ပါးသည် လက်ျာစွန်း အတ္တကိလမထတရား ဖြစ်တယ်။ သမုဒယတရားသည် လက်ဝဲစွန်း ကာမသုခလ္လိက တရားဖြစ်တယ် ယောဂီ။

## ဇာတိသုံးမျိုး

ဝိညာဉ်သမ္ဘုတိနှင့် သညာသမ္ဘုတိ နှစ်ပါးသည် စိတ္တဇ ဇာတိ ဖြစ်တယ်။ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါးသည်

ကမ္မဇဗာတို့ဖြစ်တယ်၊ တဏှာကြောင့်ဖြစ်တဲ့ ဥပါဒါန်ခန္ဓာ ငါးပါးသည် ဝိပါကဇာတိဖြစ်တယ် ယောဂီ။

## ဿနလေးပါး ဒိဋ္ဌိလေးပါး

သမုဒယတရားသည် သမ္ဘဟာဿန၊ သန္တတိဿန ဖြစ်တယ် ယောဂီ။ ဝိညာဉ်သမ္မုတိနှင့် သညာသမ္မုတိ နှစ်ပါးသည် အာရမ္မဏဿန၊ ကိစ္စဿနဖြစ်တယ် ယောဂီ။ ဥပါဒါန်သည် အတိသြဠာရိကအတ္တဒိဋ္ဌိဖြစ်တယ်၊ သမုဒယသည် သြဠာရိက-အတ္တဒိဋ္ဌိ ဖြစ်တယ်၊ ဝိညာဉ်သမ္မုတိသည် သုခုမအတ္တဒိဋ္ဌိ ဖြစ်တယ်၊ သညာသမ္မုတိသည် အတိသုခုမအတ္တဒိဋ္ဌိ ဖြစ်တယ် ယောဂီ။

## မရှိတရားနှင့် အဖြစ်တရား

သမုဒယတရားသည် မရှိတရားဖြစ်တယ်၊ သမ္မုတိတရား နှစ်ပါးသည် အဖြစ်တရားဖြစ်တယ် ယောဂီ၊ သမုဒယတရား သည် အဘာဝ တရားသက်သက်ဖြစ်တယ်၊ သမ္မုတိတရား နှစ်ပါးသည် သဘာဝတရားဖြစ်တယ် ယောဂီ။

## အရိပ်သုံးပါး

သညာသမ္မုတိသည် အတိတ်ကံရိပ်ဖြစ်တယ်၊ ဝိညာဉ်-သမ္မုတိသည် ပစ္စုပ္ပန်ကံရိပ် ဖြစ်တယ်၊ သမုဒယသည် အနာဂတ်ကံရိပ်ဖြစ်တယ်။

## လောကီဉာဏ်ဆယ်ပါး

၁။ နာမရူပပရိစ္ဆေဒဉာဏ်၊ ၂။ ပစ္စယပရိဂ္ဂဟဉာဏ်၊ ၃။ သမ္မသနဉာဏ်၊ (ဒီသုံးပါးဟာ သဘောတူတူဖြစ်တယ်)၊ ၄။ ဥဒယဗ္ဗယဉာဏ်၊ ၅။ ဘင်ဉာဏ်၊ ၆။ ဘယ ဉာဏ်၊ ၇။ အာဒီနဝ ဉာဏ်၊ ၈။ နိဗ္ဗိန္ဒဉာဏ်၊ ၉။ မုဉ္စိတုကမျတာဉာဏ်၊ ၁၀။ ပဋိသင်္ခါဉာဏ်၊ ၁၁။ သင်္ခါရုပေက္ခာဉာဏ်၊ ၁၂။ ဂေါတြဘူဉာဏ်၊ (ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် ဂေါတြဘူဉာဏ် သုံးပါးသည် သဘော တူတူဖြစ်တယ်ယောဂီ)။

၁။ နာမရူပပရိစ္ဆေဒဉာဏ် ဆိုသည်မှာ- ဥတုဇကာယ ပုတိကာယ ကရဇကာယ နာမကာယ ရူပကာယ သက္ကာယ ဖြစ်သော အကြောင်းရုပ်နာမ် အကျိုးရုပ်နာမ် အဖြစ်ရုပ်နာမ် အရှိရုပ်နာမ် တို့ကို ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်ခြင်းများ ဖြစ်တယ် ယောဂီ။

၂။ ပစ္စယပရိဂ္ဂဟဉာဏ် ဆိုသည်မှာ- ဝဋ်သုံးပါး အခွန့်သုံးခွန့် အစပ်သုံးစပ် အလွှာလေးလွှာ အခြင်းအရာ နှစ်ဆယ့်နှစ်ပါး ဖြစ်တဲ့ အကြောင်းအကျိုးတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်ခြင်းများဖြစ်တယ် ယောဂီ။

၃။ သမ္မသနဉာဏ် ဆိုသည်မှာ- ထိုသဘောတရားကို သစ္စာပဋိစ္စဉာဏ် ဘာဝနာမယဉာဏ် ဖြစ်အောင် ရောက်

အောင် ရအောင် ပေါက်အောင် ပိုင်အောင် သုံးသပ်ခြင်း များ ဖြစ်တယ် ယောဂီ။

၄။ ဥဒယဗ္ဗယဉာဏ် ဆိုသည်မှာ- ဒီ ရုပ်သဘော နာမ် သဘောတွေရဲ့ ဖြစ်မှု ပျက်မှုတွေကို ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

၅။ ဘင်္ဂဉာဏ် ဆိုသည်မှာ- ဒီ အကြောင်းရုပ်နာမ် အကျိုးရုပ်နာမ် အဖြစ်ရုပ်နာမ် အရှိရုပ်နာမ် သဘောတရား တွေဟာ အပျက်သက်သက်တွေ ပါကလားလို့ ဟုတ်တိုင်း မှန်တိုင်း ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

၆။ ဘယဉာဏ် ဆိုသည်မှာ- ဒီ သက္ကာယရုပ်နာမ် ဥပါဒါန်ရုပ်နာမ်တွေဟာ ပင်ကိုယ်က မရှိဘဲနှင့် ဖြစ်နေတဲ့ အတွက်ကြောင့် သုံးဆဲ့တဘုံ ဝဋ်မှုဒုက္ခတွေဖြစ်ပြီး အို,နာ,သေ မှာသာလျှင် ဆုံးနေပါသလားလို့ ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

၇။ အာဒီနဝဉာဏ် ဆိုသည်မှာ- ဒွါရအာရုံ သိစိတ်တို့ ပေါင်းဆုံတိုင်း ပေါင်းဆုံတိုင်း ဖြစ်ပေါ်နေတဲ့ သမ္မုတိတရား တွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများဖြစ်တယ် ယောဂီ။

၈။ နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ- ဒီ သက္ကာယရုပ်နာမ် ဥပါဒါန်ရုပ်နာမ်တွေကို စက်ဆုပ် ရွံမုန်း[illegible] သမ္မုတိတရား သမုဒယတရားတွေကို ပို[illegible]

[illegible]

သိမြင်တော့ စက်ဆုပ်ရွံမုန်းခြင်း ငြီးငွေ့ခြင်းများ ဖြစ်တယ် ယောဂီ။

၉။ မုဉ္စိတုကမျတာဉာဏ်ဆိုသည်မှာ- သမုဒယနှင့်တကွ ဖြစ်တဲ့ သင်္ခါရရုပ်နာမ် ဥပါဒါန်ရုပ်နာမ် အနှောင်အဖွဲ့တို့မှ လွတ်လိုခြင်းများ ဖြစ်တယ် ယောဂီ။

၁၀။ ပဋိသင်္ခါဉာဏ် ဆိုသည်မှာ- ဝတ္ထုရုပ်ပေါ်မှာသော်ငင်း၊ စိတ်အာရုံပေါ်မှာ သော်ငင်း၊ ဖုံးအုပ်ကာကွယ်နေတဲ့ သမုဒယတရား သမ္မုတိတရားတွေကို ဟုတ်တိုင်းမှန်စွာ အဖန်ဖန် သုံးသပ်နိုင်ခြင်းများ ဖြစ်တယ် ယောဂီ။

၁၁။ သင်္ခါရုပေက္ခာဉာဏ်ဆိုသည်မှာ-သမုဒယတရားသည် အပိုသင်္ခါရတရား၊ သမ္မုတိတရားသည် နဂိုသင်္ခါရတရား၊ တနည်းပြောရမည်ဆိုလျှင် သမုဒယတရားသည် အဘာဝတရား မရှိတရား၊ သမ္မုတိတရားသည် သဘာဝတရား အဖြစ်တရားတွေ ပါကလားလို့ ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်တော့ မရှိတဲ့ သဘောတရားတွေကို မရှိတဲ့အတိုင်း နေခြင်းများ ဖြစ်တယ် ယောဂီ။

၁၂။ ဂေါတြဘူဉာဏ် ဆိုသည်မှာ-ပုထုဇဉ်တို့၏ ထုံတမ်းစဉ်လာ ခမ္မတာ အယူမလွေ့ မရှိခြင်း ကင်းခြင်း ပြတ်ခြင်း အယူများ အစွဲများ အမှတ်များ လုံးဝ မရှိ ဘိတ်မရှိခြင်းများ ဖြစ်တယ် ယောဂီ။

၁၃။ မဂ်ဉာဏ်ဆိုသည်မှာ–သစ္စာလေးပါး မြတ်တရားကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ခြင်း သဘောရောက်ခြင်း သဘောရခြင်း သဘောကျခြင်း သဘော ပိုင်ခြင်းများ ဖြစ်တယ် ယောဂီ။

## ပယ်သတ်ပုံ

(၁) ကာယာနုပဿနာသတိပဋ္ဌာန်ဉာဏ်။
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်ဉာဏ်။
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်ဉာဏ်။
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်ဉာဏ်။

လေးမျိုးရှိတယ် ယောဂီ။

ကာယာနုပဿနာ သတိပဋ္ဌာန် ဉာဏ် ဆိုသည်မှာ– ထွက် သဘော ဝင်သဘောဖြစ်တဲ့ ကရဇကာယ၊ မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာ ဩဇာ ဖြစ်တဲ့ ဥတုဇကာယ၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အသား အရေ အကြော အရိုး စတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသ ဖြစ်တဲ့ ပုတိကာ ယ၊ အာရုံ၌ ဖေါက်ပြန်ခြင်း ခံစားခြင်း မှတ်သားခြင်း ပြုပြင်ခြင်း ကြံသိခြင်း ဖြစ်တဲ့ သက္ကာယ နာမကာယ ရူပ ကာယ တို့ကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်း များ ဖြစ်တယ် ယောဂီ။

ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ညာဏ် ဆိုသည်မှာ–ဒွါရ
အာရုံ ဝိညာဉ်တို့ ပေါင်းဆုံတိုင်း ပေါင်းဆုံတိုင်း ဒွါရ
ခြောက်ဌာနမှာ သညာသမ္ဘုတိ၊ ဝိညာဉ်သမ္ဘုတိ၊ သမုဒယ
ဆိုတဲ့ သဘောတရားတွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား
သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

စိတ္တာ နုပဿနာ သတိပဋ္ဌာန် ဉာဏ်ဆိုသည်မှာ–ဒွါရအာရုံ
ဝိညာဉ်တို့ ပေါင်းဆုံတိုင်း ပေါင်းဆုံတိုင်း ကျရောက် ဖြစ်
ပေါ်လာတဲ့ သမ္ဘုတိ တရားကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြား
ခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဉာဏ် ဆိုသည်မှာ–သညာ အ
အနိစ္စ သညာဒုက္ခ သညာအနတ္တ။ ဝိညာဉ်အနိစ္စ ဝိညာဉ်
ဒုက္ခ ဝိညာဉ်အနတ္တ။ ပညာအနိစ္စ၊ ပညာဒုက္ခ၊ ပညာအနတ္တ။
တနည်း သန္တတိ အနိစ္စ၊ ခဏိကအနိစ္စ၊ သယံဇာတထာဝရ
အနိစ္စတို့ကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ
ဖြစ်တယ် ယောဂီ။

စိတ္တာနုပဿနာ သတိပဋ္ဌာန်ညာဏ်၊ ဓမ္မာနုပဿနာ သတိ
ပဋ္ဌာန် ညာဏ် ဤနှစ်ပါးဖြင့် လို့, မလို့, ချစ်, မုန်း, ခြောက်,
မြှောက်, ကြောက်ဆိုတဲ့ သမုဒယ သဘောတရားတွေကို အ
ဘာဝတရား အနတ္တ [illegible] တို့ ပါကလားလို့ ဟုတ်တိုင်း
မှန်စွာ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်တော့ အယူ
မှား အစွဲမှား အမှတ်မှား ဖြစ်တဲ့ဒိဋ္ဌိ သညာ သင်္ခါရ ဝိညာဉ်

ဖြစ်တဲ့ ခန္ဓာလုံးဝ မရှိ ဘိတ်မရှိကြောင်းကို ကော်မုချ သိမြင်ခြင်းများ ဖြစ်ပေါ် လာပါတယ် ယောဂီ။

ကာယာနုပဿနာ သတိပဋ္ဌာန်ဉာဏ်ဖြင့် ပဋ္ဌာရုံ၌ ဖြစ်သော ဝိညာဉ်သမ္ဘူတိကို သဘာဝတရား အနိစ္စသက်သက်တို့ပါကလားလို့ ဟုတ်တိုင်းမှန်စွာ ကိုယ်ပိုင်ဉာဏ်ဖြင့် ဒိဋ္ဌမြင်တော့ ပုံသဏ္ဌာန်နှင့်တကွ ဖြစ်တဲ့ သဘာဝမှုတဏှာ ဖေါက်ပြန်ခြင်း ဖြစ်တဲ့ ရူပက္ခန္ဓာ လုံးဝမရှိ ဘိတ်မရှိကြောင်းကို ကော်မုချ သိမြင်ခြင်းများ ဖြစ်ပေါ် လာပါတယ် ယောဂီ။

ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ဉာဏ်ဖြင့် ဓမ္မာရုံ၌ ဖြစ်သော သညာသမ္ဘူတိကို အဘာဝတရား ဒုက္ခသက်သက်တို့ပါကလားလို့ ဟုတ်တိုင်းမှန်စွာ ကိုယ်ပိုင်ဒိဋ္ဌ သိမြင်တော့ အထင်သေး အထင်ကြီးခြင်းနှင့် တကွ မာန၊ သုခဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဉပေက္ခာ ဝေဒန ာဆိုတဲ့ ဝေဒနာက္ခန္ဓာ လုံးဝမရှိ ဘိတ်မရှိကြောင်းကို ကော်မုချ ပိုင်းပိုင်း ခြားခြား သိမြင် ခြင်းများ ဖြစ်ပေါ်လာပါတယ် ယောဂီ။

(၁) ဒိဋ္ဌိကြောင့် သညာ သင်္ခါရ ဝိညာဉ်သုံးပါး ဖြစ်တယ်။
(၂) တဏှာကြောင့် ရူပက္ခန္ဓာဖြစ်တယ်။

(၃) မာနကြောင့် ဝေဒနာက္ခန္ဓာ ဖြစ်တယ်။
အနတ္တ မြင်လျှင် ဒိဋ္ဌိပြုတ်–
သညာ သင်္ခါရ ဝိညာဉ် ပြုတ်တယ်။
အနိစ္စ မြင်လျှင် တဏှာပြုတ်–
ရူပက္ခန္ဓာ ပြုတ်တယ်။
ဒုက္ခ မြင်လျှင် မာနပြုတ်၊ ဝေဒနာက္ခန္ဓာ ပြုတ်တယ်။

## ရုပ်လိမ် နာမ်လိမ်

ပဋ္ဌာရုံ၌ ဖြစ်သော ဝိညာဉ် သမ္မုတိသည် ရုပ်အကြောင်းခံ၍ နာမ်အကျိုးပေါ်လေသောကြောင့် ရုပ်ကနာမ်ကို လိမ်ခြင်းဖြစ်သည်။ ဓမ္မာရုံ၌ဖြစ်သော သညာ သမ္မုတိသည်၊ နာမ်အကြောင်းခံ၍ ရုပ်အကျိုး ပေါ်လေသောကြောင့် နာမ်က ရုပ်ကို လိမ်ခြင်း ဖြစ်သည်။ သမုဒယ တရားသည် နာမ်အကြောင်းခံ၍ နာမ်အကျိုး ပေါ်လေသောကြောင့် နာမ် နာမ်ချင်း လိမ်သည်၊ သက္ကာယ ခန္ဓာနှင့် ဥပါဒါန် ခန္ဓာသည် ရုပ်အကြောင်းခံ၍ ရုပ်အကျိုး ပေါ်လေသောကြောင့် ရုပ် ရုပ်ချင်း လိမ်သည်။ ။

သင်တန်းတရားပုံ ပြီး၏။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သိကိစ္စရှင်းမယ်ယောဂီ

ဥာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ဘူတပရိ ညာဆိုတဲ့ သဘောအစဉ် သရုပ်ကို မနေ့အမြင်မရှုပ်ရအောင် ရှင်းမယ်ယောဂီ။ ညာယဆိုတာဥာဏ်၊ ပရိညာဆိုတာ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းကိုခေါ်တာ။ သံသရာတရား၊ သာသနာ တရား ဘာသာတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ခြင်း သဘောရောက်ခြင်း သဘောနိုင် ခြင်း သဘောပိုင်ခြင်း သဘောရခြင်း သဘောကျခြင်းများ ကို ဥာတပရိညာခေါ်တယ်လို့ မှတ်ပါ။

## သာသနာကို ရှင်းမယ်ယောဂီ

သာသနာဆိုတာ ဗုဒ္ဓဟောကြားတော်မူတဲ့ အမှန်လေး ပါးကို၊ (၀၁)သစ္စာလေးပါးကို လေ့လာလိုက်စား မှတ် သားဆောင်ရွက်ပြီး ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ် စွာ ပွားများအားထုတ် ကျင့်သုံးနေထိုင်ခြင်းကို သာသနာ ခေါ်တယ်၊ သာသနာတည်တယ်လို့လဲ ခေါ်တယ်ယောဂီ။ သာသနာဆိုတာ သဘာဝအားဖြင့် တလုံးတည်းရှိတယ်မှတ်၊ သဘောအားဖြင့်တော့ သုံးမျိုးပြားတယ်၊ သဘောအား

ဖြင့် သုံးမျိုးပြားပုံမှာ၊ ပရိယတ် ပဋိပတ် ပဋိဝေဓရယ်လို့ သုံးမျိုးပြားတယ်၊ ဘာကြောင့် ဒီလိုသုံးမျိုးပြားပြီး ဟောတော်မူရတယ်ဆိုတာကို ရှင်းမယ်၊ သတ္တဝါဝေနေယျတွေဟာ ပုဂ္ဂိုလ်အစားစား ညာဏ်အစားစားဖြစ်တဲ့ အတွက်ကြောင့် အဆင့်ဆင့်ပိုင်းခြား၍ ညာဏ်အလိုက် ပုဂ္ဂိုလ်အလိုက် ပရိယတ် ပဋိပတ် ပဋိဝေဓရယ်လို့ သုံးမျိုးပြား၍ ဟောကြားတော်မူတယ်မှတ်ယောဂီ။

လင်းအောင်ရှင်းမယ်ယောဂီ၊ ဗုဒ္ဓဟောကြားတော်မူတဲ့ သစ္စာလေးပါးဖြစ်တဲ့၊ အမှန်လေးပါး တရားတော်မြတ်ကြီးကို သိအောင် မြင်အောင် ပေါက်အောင် ပိုင်အောင် သင်ယူမှတ်သား နာကြားလေ့လာခြင်းသည် ပရိယတ်လို့မှတ်လိုက်ယောဂီ၊ ဒီပရိယတ်မှာလဲ သာဝနပရိယတ်၊ ဓါရဏာပရိယတ်၊ ပဋိပုစ္ဆာပရိယတ်၊ ဥဂ္ဂဟပရိယတ်ရယ်လို့ လေးမျိုးလေးစား ရှိပြန်တယ်မှတ်။ ဗုဒ္ဓ ဟောကြားတော်မူတဲ့ အမှန်လေးပါးကို သိမြင်နိုင်အောင် သံသရာ အကန့်အကွက်ဖြစ်တဲ့ ရုပ်တရား နာမ်တရား ခန္ဓာတရား အာယတနတရား ဓါတ်တရားတွေကို နာကြားသင်ယူလေ့လာခြင်းကို သာဝနပရိယတ်မှတ်လိုက်၊ ဒီလိုရုပ်တရား နာမ်တရား ခန္ဓာတရား အာယတနတရား ဓါတ်တရားတွေကို နာကြားသင်ယူလေ့လာတဲ့အတိုင်း မှတ်သားဆောင်ရွက်ထားခြင်းကို ဓါရဏာပရိယတ်လို့မှတ်လိုက်၊ ဒီသဘောတရားတွေကို မှတ်သားဆောင်ရွက်ထားတဲ့အတိုင်း စူးစမ်းခြင်း မေးမြန်းခြင်းတို့ကို

ပဋိပုစ္ဆပရိယတ်လို့ မှတ်လိုက်။ ဗျည်းသုံးဆဲ့သုံးလုံးကစ၍ သဒ္ဒါ၊သင်္ဂြိုဟ်၊ဆန်း၊အဘိဓါန်၊အလင်္ကာနှင့်တကွ ပါဠိအဋ္ဌက ထာ ဋီကာအစရှိသည်တို့ကို သင်ယူလေ့လာအားထုတ်ဆောင် ရွက်ခြင်းကိုတော့ ဥဂ္ဂဟပရိယတ်လို့မှတ်လိုက် ယောဂီ။

ပဋိပတ်ဆိုတာ သင်ယူနာကြား လေ့လာမှတ်သားထား တဲ့အတိုင်း သိအောင် မြင်အောင် သဘောရအောင် သ ဘောကျအောင် သဘောရောက်အောင် သဘောပေါက် အောင် သဘောပိုင်အောင် သဘောနိုင်အောင် ကြံစည်တွေး တောနေခြင်းကို (ဝါ) နှလုံးသွင်း စဉ်းစားနေခြင်းကို ပဋိ ပတ်လို့မှတ်လိုက်ယောဂီ။ ပဋိဝေဓဆိုတာ ပရိယတ်ဖြင့် သင် ယူနာကြား မှတ်သားလေ့လာတဲ့ သဘောတရားတွေကို ပဋိ ပတ်ဖြင့် နှလုံးသွင်းစဉ်းစား၍ ကြံစည်တွေးတောလျက် သံသ ရာ့အကန့်အကွက်ဖြစ်သော ရုပ်တရား နာမ်တရား ခန္ဓာတရား အာယတနတရား ဓါတ်တရား တွေကို ဖြူစင် ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ သစ္စာလေးပါးဖြစ်တဲ့ အမှန်လေး ပါးကို ဟုတ်တိုင်းမှန်စွာ ပြောင်ပြောင်စင်စင် ကြောင် ကြောင်မြင်ခြင်းကို ပဋိဝေဓမှတ်လိုက်ယောဂီ။ သာသနာဆိုတဲ့ အစဉ်သရုပ်ကို အမြင်မရှုပ်အောင်ရှင်းမယ်ယောဂီ၊ ပရိယတ္တိ သာသနာသည် သုတမယဉာဏ် သညာသိ၊ တရားကိုယ် သီလ ဖြစ်တယ်မှတ်။ ပဋိပတ္တိသာသနာသည် စိန္တာမယဉာဏ်ဝိညာဉ် သိတရားကိုယ် သမာဓိဖြစ်တယ်မှတ်။ ပဋိဝေဓသာသနာသည် ဘာဝနာမယဉာဏ် ပညာသိ၊ တရားကိုယ် ပညာဖြစ်တယ်မှတ်။

ဒါဖြင့်–ပညာ သီလ သမာဓိဖြစ်တဲ့ သိက္ခာသုံးပါးကိုပင်လျှင် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဖြစ်တယ်။ ဒီသာသနာသုံးပါးကိုပင်လျှင် မဂ္ဂင်ရှစ်ပါးဖြစ်တယ်၊ မဇ္ဈိမပဋိပဒါ လမ်းဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းဖြစ်တယ်လို့၊ ဧကံမုချ ပုတ်ပြတ်သာမှတ်လိုက်ယောဂီ။ သီလသိက္ခာကို ပရိယတ္တိသာသနာမှတ်လိုက်၊ သမာဓိသိက္ခာကို ပဋိပတ္တိသာသနာမှတ်လိုက်၊ ပညာသိက္ခာကို ပဋိဝေဓသာသနာ မှတ်လိုက်၊ မတွေနဲ့ မဝေနဲ့ မရှုပ်နဲ့ ယောဂီ၊ ဉာဏ်မြင်သဘော ပေါက်အောင် သေသေချာချာဘတ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းဆိုတာ နှစ်လမ်းသုံးလမ်းမရှိဘူး နှစ်မျိုးသုံးမျိုးမရှိဘူး၊ ဒီသာသနာတော်မြတ်လမ်း တလမ်းတည်း တကြောင်းတမျိုးတည်းသာလျှင် ရှိတယ်ဆိုတာ ဧကံမုချ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

## သိက္ခာသုံးပါးနှင့် သာသနာသုံးပါး တခြားမရှိပုံ

ရေးမယ်

လင်းအောင်ရှင်းမယ်၊ ဝိနည်းငါးကျမ်း သုတ်သုံးကျမ်း အဘိဓမ္မာခုနစ်ကျမ်းတို့က ပရိယတ္တိသာသနာ မဟုတ်လား၊ ပညာသိက္ခာ သီလသိက္ခာ သမာဓိသိက္ခာမှရှိလျှင် ဘာတွေနဲ့ ကျင့်မှာလဲ၊ ဒီ ပညာ သီလ သမာဓိဆိုတဲ့ သိက္ခာသုံးပါးမှ ဘပါး အခြားဘယ်တရားတွေများ ကျင့်စရာရှိလို့လဲယောဂီ၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးကိုပင်လျှင် ပဋိ

ပဋိပတ္တိသာသနာဖြစ်တယ်မှတ်၊ ပဋိဝေဓသာသနာ ဆိုတာကလဲ တသီး တခြား တခမ်း တနားရှိတာမဟုတ်ဘူး ဒီသိက္ခာသုံးပါးကိုပင်လျှင် ပဋိဝေဓသာသနာခေါ်တာဘဲ ယောဂီ၊ မြင်သာအောင်ပြောဦးမယ် ပရိယတ္တိသာသနာသည် သုတမယဉာဏ်၊ တရားကိုယ်သီလဖြစ်တယ်။ ပဋိပတ္တိ သာသနာသည် စိန္တာမယဉာဏ်၊တရားကိုယ် သမာဓိဖြစ်တယ်။ ပဋိဝေဓသာသနာသည် ဘာဝနာမယဉာဏ်၊တရားကိုယ် ပညာဖြစ်တယ်။ ထပ်ရှင်းမယ်– ပရိယတ္တိသာသနာသည် သီလသိက္ခာဖြစ်တယ်၊ ပဋိပတ္တိသာသနာသည် သမာဓိသိက္ခာဖြစ်တယ်၊ ပဋိဝေဓသာသနာသည် ပညာသိက္ခာဖြစ်တယ်ယောဂီ။ ဒါကြောင့် သိက္ခာသုံးပါးနှင့် သာသနာသုံးပါး တခြားမရှိကြောင်း တခြားမဟုတ်ကြောင်းကို ပုတ်ပြတ်သာမှတ်လိုက်ပေတော့။

## တရားသုံးမျိုးရှင်းမယ်ယောဂီ

သံသရာ၌ ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့ တရား၊ ပယ်တတ်တဲ့တရားရယ်လို့ သုံးမျိုးရှိတယ်ယောဂီ။

ပါယ်အပ်တဲ့တရားဆိုတာကတော့ ခန္ဓာအာယတန ဓါတ်ရုပ်နာမ်တို့ဖြစ်တယ်၊ တနည်းပြောရမယ်ဆိုလျှင် စိတ်အာရုံ၌ ပရမ်းပတာထင်ရာတွေ ဖြစ်နေတဲ့ သက္ကာယခန္ဓာ ရုပ်နာမ် ဥပါဒါနက္ခန္ဓာ ရုပ်နာမ်များဖြစ်တယ်။

ပယ်သတ်ရမဲ့တရား ဆိုတာကတော့– ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ပဋိဃာနုသယ၊ ကာမရာဂါနုသယ၊ ဘဝရာဂါ-

နုသယ၊ မာနာနုသယ၊ အဝိဇ္ဇာနုသယများ ဖြစ်တယ်၊ လင်းအောင်ရှင်းမယ် ယောဂီ။

(၁) ဒိဋ္ဌာနုသယ ဆိုသည်မှာ-ရုပ်နာမ်ခန္ဓာတွေကို မသိမှု၍ အယူမှားခြင်း၊ အစွဲမှားခြင်း၊ အမှတ်မှားခြင်းများ ဖြစ်တယ်၊ တနည်းပြောရမယ်ဆိုလျှင် ရုပ်ပေါ်၌ အယူမှားခြင်း၊ အစွဲမှားခြင်း၊ အမှတ်မှားခြင်း။ နာမ်ပေါ်၌ အယူမှားခြင်း၊ အစွဲမှားခြင်း၊ အမှတ်မှားခြင်းများ ဖြစ်တယ်။

(၂) ဝိစိကိစ္ဆာ နုသယဆိုသည်မှာ-အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊ အကြောင်းအကျိုးကို မသိမမြင်မှု၍ အယူမှားခြင်း၊ အစွဲမှားခြင်း၊ အမှတ်မှားခြင်းများ ဖြစ်တယ်။

(၃) ပဋိဃာနုသယ ဆိုသည်မှာ-အကြောင်းအကျိုးကို မသိမမြင်မှု၍ အမျက်ထွက်ခြင်း (ကောဓ)၊ ကိုယ်အမူရာ နှုတ်အမူရာ စိတ်အမူရာ ကြမ်းတမ်းခြင်းနှင့်တကွ ပြစ်မှားခြင်း (ဒေါသ)များ ဖြစ်တယ်။

(၄) ကာမရာဂါနုသယဆိုသည်မှာ-အကြောင်းအကျိုးကို မသိမမြင်မှု၍ ကောင်းမကောင်းသဘော၊ လိုမလိုသဘော၊ ချစ်မုန်းသဘော၊ ခြောက်,မြှောက်,ကြောက်သဘောတရားများ ဖြစ်တယ်။

(၅) ဘဝရာဂါနုသယ ဆိုသည်မှာ-အကြောင်းအကျိုးကို မသိမမြင်မှု၍ စိတ်အာရုံ၌ နှစ်သက်ခြင်းနှင့် တကွ သို့လော သို့လော အသစ်အသစ် ဖြစ်ခြင်းများ ဖြစ်တယ်။

(၆) မာနာနုသယ ဆိုသည်မှာ-အထင်သေးခြင်း၊ အထင်ကြီးခြင်းများ ဖြစ်တယ်။

(၇) အဝိဇ္ဇာနုသယ ဆိုသည်မှာ-မှားခြင်း၊ မှောင်ခြင်း၊ မိုက်ခြင်း၊ အကြောင်းအကျိုးကို မသိမမြင်ခြင်း၊ တွေဝေငေးမြော၍ အာရုံကို မဆုံးတန်း မတုံးတန်း လိုက်ပါခြင်းများ ဖြစ်တယ် ယောဂီ။ ဒီသဘော တရားတွေဟာ ပါယ်သတ်ရမဲ့ တရားတွေချည်း၊ ဖြစ်တယ်လို့မှတ် ယောဂီ။ ဒီပါယ်သတ်ရမဲ့တရားသဘောတွေကို (အာသဝတရားယောဂတရား၊ သြဃတရား၊ ဂန္ထတရား၊ ကိလေသာတရား၊ အယုတ်တရား၊ အစွန်းတရား။) ဒီသဘောတရား အားလုံးပင်လျှင် အသေဝိတဗ္ဗတရားလို့ ခေါ်တယ်ဆိုတာ ပုတ်ပြတ်သာမှတ်လိုက် ယောဂီ။

ပါယ်သတ်တတ်တဲ့တရား ဆိုတာကတော့ မဂ္ဂင်ရှစ်ပါး ခေါ်တဲ့ သိက္ခာ သုံးပါဖြစ်တယ် ဒီသိက္ခာသုံးပါးရဲ့ အရည်အချင်း အရည်အသွေးတွေကိုလဲ သိဘို့ အလွန် အရေးကြီးတယ်၊ မဇ္ဈိမာပဋိပဒါ ဖြစ်တဲ့ သာသနာတော် မြတ်လမ်း နိဗ္ဗာန် ရောက်ကြောင်း လမ်းကို၊ ဉာဏ်မြင် သဘောပေါက်အောင် ရှင်းမယ် ယောဂီ။

(၁) သမ္မာဒိဋ္ဌိ၊ ဒုစရိုက်တရား ဆယ်ပါးမှ ကင်းလွတ်အောင် ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ အာယတန

တရား၊ ဓါတ်တရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ ဖြစ်တယ်။

(၂) သမ္မာသင်္ကပ္ပ၊ ဒုစရိုက်တရား ဆယ်ပါးမှ လွတ်အောင် အကြောင်းအကျိုး ဖြစ်သော သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်အောင် ကြံစီတွေးတော၍ ဝေဘန်ပိုင်းခြား နိုင်ခြင်းများ ဖြစ်တယ်၊ ဒီသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပနှစ်ပါးကို ပညာသိက္ခာ၊ ပညာမဂ္ဂင်လို့ ခေါ်တယ်မှတ်ယောဂီ။

(၃) သမ္မာဝါစာ၊ မဟုတ်မမှန်သော စကားကို မိမိပြောခြင်း သူတပါးကို ပြောဆိုစေခြင်း ဆိုတဲ့ မုသာဝါဒချောပြစ် ဂုံးတိုက်ခြင်းဆိုတဲ့ ပိသုဏာဝါစာ၊ ကိုယ်အမူအရာနှုတ်အမူရာ စိတ်အမူအရာ ကြမ်းတမ်းခြင်းနှင့်တကွ ပြောဆို ကျူးလွန်ခြင်းဆိုတဲ့ ဖရုဿဝါစာ အကျိုးမဲ့ ဖြစ်သောစကားကို သိမ်ဖျင်း သေးနုတ်အောင် ပျက်ရယ်ပြုခြင်း ဆိုတဲ့သမ္ဖပ္ပလာပဝါစာ ဒီဝစီ ဒုစရိုက်သဘော တရားတွေမှ ကင်းလွတ်အောင် ပြောဆိုခြင်းများ ဖြစ်တယ်။

(၄) သမ္မာကမ္မန္တ၊ သူတပါးအသက်ကို မိမိသတ်ခြင်းသူတပါးကို သတ်စေခြင်း ဆိုတဲ့ ပါဏာတိပါတ သူတပါးပစ္စည်းဥစ္စာကို မိမိခိုးယူခြင်း သူတပါးကို စေခိုင်းခြင်းဆိုတဲ့အဒိန္နာဒါန၊ သူတပါး သားမယားကို မိမိပြစ်မှား ကျူးလွန်ခြင်း သူတပါးကို စေခိုင်းခြင်း ဆိုတဲ့ ကာမေသုမိစ္ဆာစာရ၊

ဒီကာယဒုစရိုက် သုံးပါးမှ ကင်းလွတ်အောင် ပြုလုပ် ကျင့်သုံးခြင်းများ ဖြစ်တယ်။

(၅) သမ္မာအာဇီဝ၊ သူတပါးစီးစိမ်ကို့မနာလိုမှု၊ သဝန်ကြောင်မှုဆိုတဲ့ အဘိဇ္ဈာ စိုးရိမ်ကြောင့်ကြမှုတွေနှင့် တကွဖြစ်တဲ့ ဗျာပါဒ ဒုစရိုက် ဆယ်ပါးနှင့်တကွ အပြည့်အဝ ဖြစ်နေတဲ့ မိစ္ဆာ အယူများ အစွဲများ အမှတ်များပြီး အရှိယူထားတဲ့ ဒိဋ္ဌိ ဒီမနောဒုစရိုက် သုံးပါးမှ ကင်းလွတ်အောင် ကျင့်သုံးနေထိုင်ခြင်းများ ဖြစ်တယ်၊ ဒီသမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သိက္ခာသုံးပါးဟာ သီလသိက္ခာ၊ သီလမဂ္ဂင်လို့ ခေါ်တယ် ယောဂီ။

(၆) သမ္မာဝါယမ၊ ဒုစရိုက်တရားဆယ်ပါး မှကင်းလွတ်အောင် ရုပ်တရား နာမ်တရားတွေကို ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်အောင် လုံ့လ ဝီရိယ စိုက်ထူထားခြင်းများ ဖြစ်တယ်။

(၇) သမ္မာသတိ၊ ဒုစရိုက်တရား ဆယ်ပါးနှင့် တကွ အယူများ အစွဲများ အမှတ်များမှ ကင်းလွတ်အောင် သတိထားပြီး ကျင့်သုံးနေထိုင်ခြင်းများ ဖြစ်တယ်။

(၈) သမ္မာသမာဓိ၊ ဒုစရိုက် တရားဆယ်ပါးနှင့် တကွ ဖြစ်တဲ့ အယူများ အစွဲများ အမှတ်များတွေ ကင်းရှင်း ကျွတ်ကျွတ် လွတ်လွတ်ကြီး တည်တန့် ခိုင်မြဲခြင်းများ ဖြစ်တယ် ယောဂီ၊ ဒီသိက္ခာသုံးပါးကို သမာဓိသိက္ခာ သမာဓိမဂ္ဂင်လို့

ခေါ်တယ် ဒီသီလမဂ္ဂင် သုံးပါးနှင့် သမာဓိမဂ္ဂင် သုံးပါးကို (စရဏ) တရားလို့ ခေါ်တယ် ပညာမဂ္ဂင် နှစ်ပါးကိုတော့ (ဝိဇ္ဇာ) တရားလို့ ခေါ်တယ်မှတ် ယောဂီ၊ ဒါကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌၊ သောခေါ ပနေသမဂ္ဂေါ သမ္မာ-ဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ ဝိဇ္ဇာယ သေသဓမ္မာနံ စရဏေန သင်္ဂဟိ-တတ္တာ ဝိဇ္ဇာစေဝ စရဏဉ္စ။

ပန၊ မဂ္ဂင်ရှစ်ဖြာကို။ ဝိဇ္ဇာစရဏ၊ ခွဲခြား၍ ပြဆိုဦးအံ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ နှစ်ပါး တို့ကို။ ဝိဇ္ဇာယ၊ ဟုတ်တိုင်းမှန်ကြောင်းကို ထိုးထွင်းလိမ္မာ သိတတ်စွာသား ဝိဇ္ဇာတရားဖြင့်။ သေသဓမ္မာနံ၊ ကြွင်းသော မဂ္ဂင်ခြောက်ပါးတို့ကို။ စရဏေန၊ စရဏတရားဖြင့်။ သင်္ဂ-ဟိတတ္တာ၊ ရေတွက်အပ်သည်၏ အဖြစ်ကြောင့်။ သောခေါ-သောမဂ္ဂေါ၊ ထိုမဂ္ဂင်ရှစ်ပါးသည်။ ဝိဇ္ဇာစေဝ၊ ဝိဇ္ဇာလည်း မည်၏။ စရဏဉ္စ၊ စရဏလည်းမည်၏။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ နှစ်ပါးကို ဝိဇ္ဇာတရားလို့မှတ် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာ-သတိ သမ္မာသမာဓိ ခြောက်ပါးကို စရဏတရားလို့ မှတ်၊ သီလမဂ္ဂင် သုံးပါးကို သီလက္ခန္ဓာ မဂ္ဂင်ခေါ် သမာဓိမဂ္ဂင် သုံးပါးကို သမာဓိက္ခန္ဓာ မဂ္ဂင်ခေါ် ပညာမဂ္ဂင် နှစ်ပါးကို ပညာက္ခန္ဓာမဂ္ဂင်ခေါ် ယောဂီ။

## သံသရာဖြစ်စဉ် ရေးမယ်

သံသရာဖြစ်စဉ် သရုပ်တွေကို အပြစ်မမြင်အောင် ဖုံးအုပ်နေလို့လို့ ခက်တယ်၊ မြင်တချက်သံသရာမှာ အစဉ်ဆက်နေတဲ့ နာမ်ခန္ဓာတွေကို ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်ဘို့ အလွန်အရေးကြီးတယ်၊ စိတ်အာရုံ သံသရာဖြစ်စဉ်ကို အပြစ်မြင်အောင် ရှင်းမယ် ယောဂီ။ အဝိဇ္ဇာလုပ်ထားတဲ့ ပုံသဏ္ဍာန်သရုပ်ကို ဥပုံချပြီး မထုပ်နဲ့ မရဘူးမှတ်။

မံသမျက်စိမြင်ပုံ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ အပုတ်အပေါင်းအဖွဲ့အစုတွေကို အဟုတ်အကြောင်းမတဲ့တိုင်း ပြုပြင်နေလို့ ဘယ်ဆုံးနိုင်ပါ့မလဲ၊ ဒီ အပုတ်ခန္ဓာကြီးကိုက အတိတ်အကြောင်းကံကြောင့် မဟုတ်မမှန်တာ ရလာခဲ့တာ ယောဂီ၊ ဒါဖြင့် ဒီအပုတ်ခန္ဓာကြီးကို ဘိတ်မသိလျှင် ရိပ်မိအောင်ကြည့်စမ်း၊ ဆံပင်,မွေးညှင် အစ ကျင်ကြီး, ကျင်ငယ်အဆုံး သုံးဆဲ့နှစ်ပါးလုံးဟာ ဥတုထောက်ခံနေတယ်၊ အကြီး, အငယ်, အရှယ်, အလပ်ဖြစ်ခြင်းနှင့်တကွ အိုခြင်း, နာခြင်း, သေခြင်း သဘောတို့ဟာ အာဟာရ ထောက်ခံနေတယ်၊ ဒွါရခြောက်ဌာနမှာရှိတဲ့ ပသာဒမှန်အကြည်ဟာ ကံထောက်ခံနေတယ်၊ စိတ်ဆိုး စိတ်ညစ် ဝမ်းသာ ဝမ်းနည်းနှင့် တကွ ဖြစ်နေတဲ့ ဖေါက်ပြန်သဘော ခံစားသဘော မှတ်သားသဘော ပြုပြင်သဘော ကြံစီမှုသဘော တွေဟာ စိတ်ထောက်ခံနေတယ်၊ ဒီအပုတ်အိပ်ခန္ဓာကို ဇိမ်ခံကာအမျိုးမျိုး

ပြုပြင်နေပေမဲ့ မရဘူးမှတ်၊ ကံ, စိတ်, ဥတု, အာဟာရတို့က ထောက်ခံထားတာဖြစ်တယ်၊ သုံးဆဲ့တဘုံကို မလည်ဘူးမှတ်၊ ဒီခန္ဓာအပုတ်ဟာ မြေကြီးမှာသာလျှင် လမ်းဆုံးနေတယ်မှတ်၊ ဒီသုံးဆဲ့နှစ်ကောဋ္ဌာသ အပုတ်ခန္ဓာကြီးကို လူတိုင်းမံသ မျက်စိနဲ့ မြင်ကြတဲ့ ခန္ဓာ၊ ဒီအပုတ်ခန္ဓာကို စက္ခုကာရဏ ညာဏကာရဏလို့ ဟောတာမဟုတ်ဘူး၊ စက္ခုဥဒပါဒိ ညာဏံ- ဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ အလောကောဥဒပါဒိလို့လဲ ဟောတာ မဟုတ်ဘူးမှတ် ယောဂီ၊ ဒါဖြင့် ဘယ်ခန္ဓာကို ဟောတာလဲလို့ သိဘို့အလွန် အရေးကြီးတယ်၊ သုံးဆဲ့တဘုံမှာ မြုတ်,မျော, ဆက်,လယ်နေတဲ့ ခန္ဓာကို သိမြင်သဘောပေါက်ဘို့ သဘော ရောက်ဘို့ သဘောရဘို့ သဘောကျဘို့တော့ အလွန်ခက်တယ် ယောဂီ။

ဒီသုံးဆဲ့နှစ်ကောဋ္ဌာသဖြစ်တဲ့ အပုတ်ခန္ဓာအိမ်ဟာ လူ တိုင်း သိတဲ့ ခန္ဓာ၊ လူတိုင်းမြင်တဲ့ခန္ဓာ၊ ရုပ်လို့တော့ ခေါ် ရတယ်၊ ဥပါဒ်ဘင် မရှိဘူး ယောဂီ။ အဗျာကတခန္ဓာ အဗျာ ကတရုပ် ဝိပါက်ကတတ္တာရုပ် အတိတ်ကကုသိုလ်ကံ၊ အကု သိုလ်ကံ နှစ်ပါးကြောင့် ရလာခဲ့တဲ့ အကျိုးခန္ဓာ အကျိုးရုပ် ဖြစ်တယ်ယောဂီ၊ ဒီအကျိုးရုပ်ကို မသိုးမပုတ်အောင် ပြုပြင် ပေးမဲ့(ကံ,စိတ်,ဥတု,အာဟာရ)ထောက်ခံထားတဲ့ ခန္ဓာဖြစ်လို့ မြေကြီးမှာသာလျှင် လမ်းဆုံးနေတယ်၊ အကျိုးခန္ဓာရုပ်လို့ ပုတ်ပြတ်မှတ်၊ သုံးဆဲ့တဘုံကို လည်စေတတ် ဖြစ်စေတတ်တဲ့ အကြောင်းခန္ဓာ အကြောင်းရုပ်နာမ်သာလျှင် သိမြင်သဘော

ပေါက်အောင် ရှာရမယ်၊ သိမြင်သဘောပေါက်အောင် ရှာရမယ်ဆိုတဲ့ နေရာမှာလဲ၊ အဆင်း,အသံ,အနံ့,အရသာတွေကို ရှောင်ပြီးမရှာနဲ့ အကျိုးခန္ဓာကြီးကိုလဲ ညှင်းပန်းပြီးမရှာနဲ့ မတွေ့ဘူးမှတ်၊ ဆရာစစ်ဆရာမှန်နဲ့ ပေါင်းဖေါ် မှီဝဲ ဆည်းကပ်ပြီး ဉာဏ်နဲ့ရှာမှ မုချရမယ်မှတ်ယောဂီ၊ ဝိပဿနာဆိုတာ ဉာဏ်စခမ်း အစစ် ကံလမ်း ဈာန်လမ်းတွေဖြစ်နေသေးလျှင်တော့ သုံးဆဲ့တဘုံပါဘဲယောဂီ။

သညာမြင်ပုံ၊ စိတ်သညာ အမှတ်အသားတွေနဲ့ ဒရစပ်မအားအောင် မြင်နေရတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသ၊ သရုပ်အစဉ်ကို အယုတ်မြင်အောင် ရှင်းမယ် ယောဂီ၊ ဆံပင်မွေးညှင်းအစ ဦးနှောက်အဆုံးဖြစ်တဲ့ အခြင်းအရာ နှစ်ဆယ်ဟာ မာသဘော နူးညံ့သဘောသာလျှင်ကေံမုချရှိတဲ့အတွက်ကြောင့် ပထဝီဓါတ်လို့ ခေါ်တယ်ယောဂီ၊ သလိပ်အစ ကျင်ငယ်အဆုံးဖြစ်တဲ့ အခြင်းအရာ တဆဲ့နှစ်ပါးဟာ ဖွဲ့သဘော ယိုစီးသဘောသာလျှင် ကေံမုချ ရှိတဲ့အတွက်ကြောင့် အာပေါဓါတ်, ရေဓါတ်လို့ခေါ်တယ်ယောဂီ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ ခန္ဓာအိမ်မှာ ဆက်ပြီး ကြည့်လိုက်ပါဦး အထက်သို့ဆန်တဲ့လေ အောက်သို့စုန်ဆင်းတဲ့လေ အူမ အူသိမ်မှာ ကိန်းတဲ့လေ ကိုယ်အင်္ဂါ အစိတ်အပိုင်း လျှောက်တဲ့လေ ဝမ်းခေါင်း ဝမ်းဗိုက်မှာ ကိန်းတဲ့လေ ထွက်လေ ဝင်လေ ဒီသဘော ခြောက်မျိုးဟာ ထင်ရှားကေံ အမှန်ရှိတဲ့အတွက်

ကြောင့် ဝါယောဓါတ်၊ လေဓါတ်လို့ခေါ်တယ် ယောဂီ၊ ဒီခန္ဓာကြီးကို ထပ်ပြီး စူးစမ်းကြည့်ပါဦး ချမ်းခြင်း၊ ပူခြင်း ဆိုတဲ့သဘော ယားယံခြင်း၊ အနာပေါက်ခြင်း ဆိုတဲ့သဘော အစာသစ် အစာဟောင်းတွေကို ကြေကြက်အောင် လောင်မြိုက်ခြင်းသဘော ငယ်ရာကကြီး၊ ကြီးရာကအို၊ အိုရာကနာ၊ နာရာကသေခြင်းဆိုတဲ့သဘော ဒီ သဘောလေးမျိုးဟာ သုံးဆဲ့နှစ်ကောဋ္ဌာသ ခန္ဓာအိမ်မှာ ထင်ရှားကော် အမှန်ရှိတဲ့ အတွက်ကြောင့် တေဇော ဓါတ်မီးလို့ ခေါ် ယောဂီ။

ဒီသုံးဆဲ့နှစ်ကောဋ္ဌာသ အပုတ်ခန္ဓာကြီးကိုသာ ပကတိမျက်စိ၊ မံသမျက်စိနဲ့ မြင်နေကြရတာ မဟုတ်လား ဒီအပုတ်ခန္ဓာအိမ်ကြီးမှာ ဖြစ်နေတဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောခေါ်တဲ့ တနည်း မြေဓါတ်၊ ရေဓါတ်၊ လေဓါတ်၊ မီးဓါတ်လို့ခေါ်တဲ့ မာသဘော နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော ထောက်ကန် လှုပ်ရှားသဘော ပူသဘော အေးသဘောဆိုတဲ့ သဘောတရားတွေဟာ ထင်ရှားကော် အမှန်မုချရှိနေပေမဲ့ မံသမျက်စိနဲ့ မြင်ရရဲ့လား ကြပ်ကြပ်စဉ်းစားပါ၊ ဒီမာသဘော နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော ထောက်ခံလှုပ်ရှားသဘော ပူသဘော အေးသဘောတို့ဟာ သညာမြင်သာလျှင် ကေန်ဖြစ်တယ် မှတ်ယောဂီ။

ဝိညာဉ်မြင်ပုံ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ အပေါင်း အစု အပေါ်မှာ အကြောင်းပြုနေတဲ့ ဘူတရုပ်ဖြစ်စဉ်ကို လူအဟုတ်ထင်နေလို့ ခက်တယ်မှတ်၊ ဘူတ ဇာတ ကတဆိုတဲ့ တရားအစဉ်ပေါ်မှာ ဘယ်သူများ မြင်နေသလဲ စဉ်းစားစမ်းယောဂီ၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာနှင့်တကွ ဖြစ်နေတဲ့ အစိမ်း,အပြာ,အဝါ,အနီ,အဖြူ,အညို, ထိုထိုဤဤ အလီလီနဲ့ အမည်ဆန်ပြား သဏ္ဌာန်အစားစားတွေကို စိတ်ဝိညာဉ် ခြယ်လယ်ပြီး အသွယ်သွယ် နည်းအမျိုးမျိုးတွေနဲ့ သရုပ်ဆောင် အပုပ်ကောင် အပေါ်မှာ အထင်မှားပြီး တမင်အသားလုပ်နေတဲ့ စိတ်ဝိညာဉ်ကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားသိဘို့ အလွန်အရေးကြီးတယ် ယောဂီ၊ ဒါကြောင့် ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာနှင့်တကွ ဖြစ်နေတဲ့ အစိမ်း,အပြာ,အဝါ,အနီ,အဖြူ,အညို, ထိုထိုဤဤ အလီလီစသော သဘောတွေဟာ စိတ်ဝိညာဉ်ဘန်ဆင်းထားတာဖြစ်တယ်၊ ဝိညာဉ်မြင်လို့ ပုတ်ပြတ်မှတ်ယောဂီ၊ ဒီနေရာတွေမှာ သိတော့မလိုလို မြင်တော့မလိုလိုနဲ့ ညာဏ်ရောက်ဘို့ ညာဏ်ပေါက်ဘို့ အလွန်ခက်တယ် စဉ်းစားစမ်း ယောဂီ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ အပေါင်းအစုဖြစ်နေတဲ့ ခါတ်ကြီးလေးပါးကို သေသေချာချာ တည့်တည့်ကြည့်စမ်း ပကတိနေမြဲအတိုင်းမှာ ငို့ငိ မရှိဘူး စိတ်ဆိုး စိတ်ညစ် ဝမ်းသာ,ဝမ်းနဲမရှိဘူး မပါဘူး သညာဝိညာဉ် ကျရောက်ပြီး အရိပ်ထင်လာမှသာ ဖြစ်ပေါ်လာတယ်ယောဂီ၊ ဒါဖြင့်

မြေ,ရေ,လေ,မီးနှင့်တကွ ဖြစ်နေတဲ့ အဆင်း,အသံ အနံ့,အရသာဆိုတဲ့ သဘောတရားဟာ သညာမြင်ဖြစ်တယ်၊ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာနှင့် တကွ အစိမ်း, အပြာ၊ အဝါ, အနီ, အဖြူ, အညို,စသော သဘောတရားက တော့ ဝိညာဉ်မြင်ဖြစ်ကယ်၊ ဆံပင်မွေးညှင်း, ခြေသီး, လက်သီးစတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသ အပေါင်းအစုကတော့ မံသမျက်စိ ပကတိမျက်စိ အမြင်ဖြစ်တယ်၊ ရှင်းရဲ့လားယောဂီ။

ဒိဋ္ဌိမြင်ပုံ၊ ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးတို့ ထောက်ခံထားတဲ့ သုံးဆဲ့နှစ်ခု ဘူတရုပ်အသားပေါ်မှာ သညာဝိညာဉ် ကျရောက်ပြီး အရိပ်ထင်နေတာကို မသိမမြင်လို့ အရှိထင်ပြီး စွဲယူသိမ်းပိုက်နေတာ မှန်သမျှမှာတော့ ဒိဋ္ဌိထင် ဒိဋ္ဌိမြင်ချည်းဘဲဆိုတာ ပုတ်ပြတ်မှတ်၊ သည်သဘောတရားတွေကို ပိုင်းပိုင်းခြားခြား အမြင်ရှင်းဘို့ အမြင်လင်းဘို့အလွန်ခက်တယ်ယောဂီ၊ ဒါကြောင့် ပါဠိတော်က ရူပံနသတ္တောတိ အဒိသု ယောလောကာဝေါဟာရေ သတ္တော ရူပံသော နဟောတိ အတ္တော ဇီဒနာ ဓိပ္ပေမော အဝုတ္တ သိဒ္ဓတ္တာလို့ဖေါ်ပြထားတော်မူတယ်။

ရူပနသတ္တောတိ အာဒိသု၊ရုပ်သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟု ဟောတော်မူအပ်သော ပါဠိတော်အစရှိသည်တို့၌ လောကဝေါဟာရေနေ၊ လောက၌ စိတ်ထင် စိတ်အမြင် ဂေါဝေါ ပညာတ်အားဖြင့်။ ယောသတ္တော၊ အကြင်စိတ်ပညာသိ

စိတ်သညာရှိမျှဖြစ်သော ပုဂ္ဂိုလ်သတ္တဝါသည်။ အတ္ထိ၊ ဗဟိဒ္ဓ မှာမရှိ စိတ်သညာထဲမှာသာရှိ၏။ ရူပံအဇ္ဈတ္တ၊ ဗဟိဒ္ဓရုပ် သည်ကား။ သောသတ္တော၊ ထိုစိတ်သညာသိစိတ်သညာရှိမျှ ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါသည်။ နဟောတိ၊ ရုပ်ခပါဒ် တင် စားသော်လည်း ဘယ်တုံးကမှ အထင်အရှားရှိခဲ့သည်မဟုတ်။ ဣတိအယံအတ္ထော၊ ဤသို့သောအနက်ကို။ ဣဒ၊ ဤသုည တာနုပဿနာအရာ၌။ နမိပွေတော၊ အလိုမရှိအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ရူပံ၊ စိတ်သညာသိစိတ်သ ညာရှိမျှဖြစ်သော ပုဂ္ဂိုလ်သတ္တဝါပုံသဏ္ဌာန် အစားစား ရုပ် တရားတို့သည်။အဝုတ္တသိဒ္ဓတ္တာ၊ မဟောဘဲနှင့် ပြီးပြီးသားဖြစ် သည်၏အဖြစ်ကြောင့်တည်း။

## ဓါတု ဝတ္ထာနဉာဏ်ရှင်းမယ်ယောဂီ

သုံးဆဲ့နှစ်ကောဋ္ဌာသ အပေါင်းအစုနှင့်တကွ အကြောင်း ပြုနေတဲ့ဓါတ်ကြီးလေးပါး အဆင်း,အသံ,အနံ့,အရသာဩဇ သဘောသရုပ်သဏ္ဌာန်တွေကို အပြောနဲ့ လုပ်ကြံနေလို့ခက် တယ်၊ ဒါဖြင့် ဉာဏ်အမြင်လင်း ဉာဏ်အမြင်သဘောပေါက် အောင် ရှင်းမယ်ယောဂီ။

မြေ, ရေ, လေ, မီးနှင့်တကွ ဖြစ်နေတဲ့ အဆင်း, အသံ, အနံ့, အရသာ, ဩဇာတို့ဟာ ဥတုဇရုပ်လို့ မှတ်လိုက်ပါ၊ ဥတု ပူအေးကြောင့် ဇာတဖြစ်လာတဲ့ ရုပ်တွေယောဂီ၊ ဒီရုပ် တွေကို လူမခေါ်ဘူး နတ်လဲမခေါ်ဘူး အသက်လိပ်ပြာ

လဲမရှိဘူး၊ လေးထောင့်ရှစ်မြောင့် သုံးတောင့်ပုံဟန် သဏ္ဌာန် အကောင်အထည်လဲမရှိဘူး၊ ဧကံမှတ်ထား ဆံပင်မွေးညှင်း အစ ကျင်ငယ်အဆုံးရှိတဲ့ သုံးဆဲ့နှစ်ခု အစုအပုံနဲ့ လူ့ဘုံ မှာ သမုတ်ထားတဲ့ သမ္မုတိပညာထဲမှာသာလျှင် လူ နတ် ဗြဟ္မာ သတ္တဝါ အသက်လိပ်ပြာရှိတာယောဂီ၊ ဒီဥတုဇရုပ် သဘောတွေဟာ အဘာဝတရား အနတ္တသက်သက်သာလျှင် ဖြစ်တယ်လို့ ပုတ်ပြတ်မှတ်၊ သုံးဆဲ့နှစ်ကောဋ္ဌာသဒ္ဓရှိတဲ့ မြင် ဘိုစရာ ကြားဘိုစရာ နံဘိုစရာ စားဘိုစရာ တွေ့ဘိုစရာ ကြံစီဘိုစရာဖြစ်တဲ့ ဒွါရခြောက်ဌာန ပသာဒမှန် အကြည် ခြောက်မျိုးဟာ ကမ္မဇရုပ်လို့မှတ်လိုက်၊ ကမ္မ၊ ကံကြောင့်၊ ဇာတံ ဖြစ်လာတဲ့ရုပ်တွေယောဂီ၊ ဒီကမ္မဇရုပ်ကလဲ အဘာဝ တရား အနတ္တသက်သက်ဖြစ်တယ်ယောဂီ။

ဒီဥတုဇရုပ်နှင့် ကမ္မဇရုပ်တို့ အပေါင်း အစု အစဉ်ကို အကြောင်းပြုပြီး ဖြစ်နေတာ ဘယ်သူလဲ ရုပ်နှစ်ခုအစဉ်ကြား က တမင်အသားလုပ်နေတာ ဘယ်သူလဲ ဉာဏ်ဖြစ်အောင် ဉာဏ်ရောက်အောင် ကြပ်ကြပ်စဉ်းစား အမြင်လင်းအောင် ရှင်းမယ်ယောဂီ။

## ဓါတ်သုံးပါးပြိုင်ပေါ်လာပုံရေးမယ်

ဥတုဇရုပ် အဘာဝတရား အနတ္တသက်သက်နဲ့ ကမ္မဇရုပ် အဘာဝတရား အနတ္တသက်သက်တို့ ပေါင်းဆုံတိုင်း ပေါင်း အတိုင်းမှာ ဒွါရအာရုံ ဝိညာဉ်သုံးပါးတစုံ ဥပါဒ်ပြိုင်ဖြစ်

ပေါ်လာတယ်၊ မြင်သာအောင်ထပ်ရှင်းမယ်၊ အာရုံသိစိတ် သမုတ်ချက်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်လာတယ်ယောဂီ၊ ဒါဟာ ဓါတ်သုံးပါးပြိုင်ပြီး ပေါ်လာတာခေါ်တယ်၊ မြင်ဆိုတဲ့နေ ရာမှာလဲ ဒီဓါတ်သုံးပါး ပေါ်တယ်၊ ကြားဆိုတဲ့နေရာမှာလဲ ဒီဓါတ်သုံးပါး ပေါ်တယ်၊ နံဆိုတဲ့နေရာမှာလဲ ဒီဓါတ်သုံး ပါးပေါ်တယ်၊ စားဆိုတဲ့နေရာမှာလဲ ဒီဓါတ်သုံးပါးပေါ် တယ်၊ တွေ့ထိဆိုတဲ့နေရာမှာလဲ ဒီဓါတ်သုံးပါးပေါ်တယ်၊ ကြံဆိုတဲ့နေရာမှာလဲ ဒီဓါတ်သုံးပါးပေါ်တယ်၊ ဒွါရခြောက် ဌာနမှာ တိုက်တိုင်းပေါ်လာတဲ့ အတွက်ကြောင့် ဓါတ်တ ဆဲ့ရှစ်ပါးပေါ်တယ်လို့ ခေါ်တယ်၊ ဓါတ်တဆဲ့ရှစ်ပါးလို့ လဲ သေသေချာချာ မှတ်ထားယောဂီ၊ ဒီဓါတ် တဆဲ့ရှစ်ပါး ဥပါဒ်ပြိုင် ဖြစ်ပေါ်လာတာကို မသိလို့ အာယတနတွေဖြစ် တယ် ခန္ဓာအနှောင်အဖွဲ့တွေဖြစ်တယ်လို့မှတ် ယောဂီ၊ ဒွါရ ခြောက်ဌာနမှာတိုက်တိုင်း ဥပါဒ်ပြိုင်ဖြစ်ပေါ်လာတဲ့ဓါတ် သုံးပါးကို မသိလို့မမြင်လို့ သိအောင် မြင်အောင် သိဘို့စရာ မြင်ဘို့စရာညာဏ်ပညာမရလို့ မရှိလို့ မသိမမြင်နိုင်အောင် ဖုံး ကွယ်တားဆီးထားတာ အဝိဇ္ဇာ၊မှားတာ မှောင်တာ မိုက်တာ အဝိဇ္ဇာ၊ တွေဝေတာဝေးပြီး မျောလိုက်နေတာ အဝိဇ္ဇာ၊ မသိ မမြင်တိုင်း မှားတိုင်း မှောင်တိုင်း မိုက်တိုင်း တွေဝေတိုင်း လိုမှုသဘောဖြစ်လိုက် မလိုမှုသဘောဖြစ်လိုက် ချစ်မှုသဘော ဖြစ်လိုက် မုန်းမှုသဘောဖြစ်လိုက် ချောက်မှုသဘောဖြစ်လိုက် ကြောက်မှုသဘောဖြစ်လိုက် ဒီသဘောတရားတွေဟာ တဏှာ

ချည်းဘဲမှတ်ယောဂီ၊ ဒါဖြင့် ကြည့်စမ်း မြင်ဆိုတဲ့နှစ်ခုကြား မှာ ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်လာတာကို မသိလို့ ဘုတ ရုပ်နှစ်ခုကြားမှာ သူလုပ်လို့အယူမှားနေတာ ညဏ်အမြင် ရှင်းပလားယောဂီ၊ အဝိဇ္ဇာနဲ့တဏှာဟာ လက်သယ်အစစ် မှတ် ဒါကြောင့် ပါဠိတော်က-

> န ဝတ္ထာ ရမ္မဏာ နာမံ နာပိစူဘိန္နမန္တရာ၊
> ဟေတု ပဋိစ္စ သမ္ဘောတိ၊
> သဒ္ဒေါ ပဟာတတာယ ဘေရိယာ၊
> ဒဏ္ဍာ သံတာ ပုဗ္ဗာ ပရန္တေသု ဝိဝိတ္တတော၊
> သုဘာ ဓုဝ သုခတ္တတ္တ သုညဲတော ဟေတုဝုတ္တိတော။

**အနက်။** ။ဝတ္ထာရမ္မဏာ၊ စက္ခု သောတ စသောမှီရာ ရုပ သဒ္ဒစသော အာရုံမှ။ နာမံ၊ နာမက္ခာန်တရားသည်။ နသမ္ဘောတိ၊ ထွက်လာ၍ဖြစ်သည်မဟုတ်။ ဉဘိန္န၊ ဝတ္ထုအာ ရုံနှစ်ပါးစုံတို့၏။ အန္တရာပိစ၊ အကြား၌လည်း။ နသမ္ဘောတိ၊ ဖြစ်သည်မဟုတ်။ ပဟာတတာယ၊ တီးခတ် ရိုက်နှက်အပ်သော ဘေရိယာစည်၏။ သဒ္ဒေါယထာ၊ အသံကဲ့သို့။ ဟေတုံ၊ စက္ခု ရုပ အလောက မနသိကာရ စသော အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘောတိ၊ အသစ်အသစ် ဖြစ်ပေါ်လာ၏။

သံတာ၊ သံတဓါတ်တို့ကို။ ပုဗ္ဗန္တပရန္တေသု၊ ဉပါဒ်မှ ရှေ့ဘင်မှ နောက်အစွန်းနှစ်ဘက်တို့၌။ ဝိဝိတ္တတော၊ ကင်း ဆိတ်ကွယ်ဘိ မရှိလုံးလုံး သုံးသောအားဖြင့်ဖုင်း။ သုဘာဓုဝ-

သုခတ္တတ္တသုညတော၊ တင့်တယ်မြဲစွာ ချမ်းသာစိုးရသော အဖြစ်မှ ကင်းဆိတ်သော အားဖြင့်ရှင်း။ ဟေတုဝုတ္တိတော၊ အကြောင်းရှိမှ ဖြစ်ရသော အားဖြင့်ရှင်း။ ဒွဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

## အဝိဇ္ဇာ တဏှာချယ်လှယ်ပုံ ရှင်းမယ်ယောဂီ

အမြုတ်, အမျော ,အဆက်, အလယ် ဖြစ်စဉ် တရားတွေကို အပြစ် မြင်သွားအောင် ရှင်းမယ် ယောဂီ၊ အဝိဇ္ဇာ သင်္ခါရ, တဏှာ, ဥပါဒါန် ဘဝ, အတိတ်, အကြောင်းဆုံ အခြင်းအရာ ငါးပါး တလွှာ ကိလေသဝဋ္ဋကံ ခေါ်တယ်၊ တဏှာ ဥပါဒါန် ဘဝ သင်္ခါရ အဝိဇ္ဇာ ပစ္စုပ္ပန် အကြောင်းကံ အခြင်းအရာ ငါးပါးတလွှာ၊ ကမ္မဝဋ္ဋကံ ခေါ်တယ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ ငါးပါးတလွှာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အခြင်းအရာ ခုနစ်ပါးတလွှာပေါင်းလျှင် အခြင်းအရာ ဆဲ့နှစ်ပါး နှစ်လွှာ ပစ္စုပ္ပန် အကျိုးကံ ဝိပါကဝဋ္ဋ ခေါ်တယ်။

အစွန်းသုံးပါး အဝိဇ္ဇာ သင်္ခါရ နှစ်ပါးကို အတိတ်အစွန်းလို့ မှတ်ထား၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဒီ ရှစ်ပါးကို ပစ္စုပ္ပန် အစွန်းလို့ မှတ်ထား၊ ဇရာ မရဏ နှစ်ပါးကိုတော့ အနာဂါတ် အစွန်းလို့ မှတ်ထား ယောဂီ။

အစပ်သုံးစပ် အဝိဇ္ဇာကြောင့် ပဋိသန္ဓေ ဇာတိတစပ် ဖြစ်တယ်၊ တဏှာကြောင့် ကမ္မဇ ဇာတိတစပ် ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဝိပါကဇာတိ တစပ်ဖြစ်တယ်၊ ဒီနေရာမှာ အကြမ်းစား မှတ်ထားလိုက်ဦး ဉာဏ်မြင်သဘော ပေါက်အောင် ရှင်းမယ် ယောဂီ။

(၁) အဝိဇ္ဇာကြောင့် ....သတ္တဝါ ဖြစ်တယ်။
(၂) သင်္ခါရကြောင့် ....အို နာ သေ ကွဲ ဖြစ်တယ်။
(၃) တဏှာကြောင့် ....ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်တယ်
(၄) ဥပါဒါန်ကြောင့် ....အဖိုအမ ဖြစ်တယ်။
(၅) ဘဝကြောင့် ....သုံးဆဲ့နှစ်မျိုး၊
အပုပ်တုံးဖြစ်တယ်။

---

(၁) တဏှာကြောင့် ....ခံစားတဲ့ခန္ဓာဖြစ်တယ်။
(၂) ဥပါဒါန်ကြောင့် ....မှတ်သားတဲ့ခန္ဓာဖြစ်တယ်။
(၃) ဘဝကြောင့် ....ကြံသိတဲ့ခန္ဓာဖြစ်တယ်။
(၄) သင်္ခါရကြောင့် ....ပြုပြင်တဲ့ခန္ဓာဖြစ်တယ်။
(၅) အဝိဇ္ဇာကြောင့် ....ဖောက်ပြန်တဲ့ခန္ဓာဖြစ်တယ်

---

(၁) ဝိညာဏ်ကြောင့် ....ကြံတယ် ဆက်တယ်။
(၂) နာမ်ရုပ်ကြောင့် ....ပုံသဏ္ဌာန်၊
အမျိုးမျိုးဖြစ်တယ်။

(၃) သဠာယတနကြောင့် ....စိတ်အာရုံတွေ
ကျယ်တယ် ကျတယ်။

(၄) ဖဿကြောင့် ....စိတ်အာရုံတွေ ကျယ်တိုင်း-
ကျတိုင်း ထိတယ်။

(၅) ဝေဒနာကြောင့် ....ထိတိုင်းခံစားတယ်။

(၆) ဇရာကြောင့် .... ရွေ့လျောတယ်၊
ပြောင်းရွှေ့တယ်။

(၇) မရဏကြောင့် ....ပျက်စီးတယ်။

(၈) သောကကြောင့် ....စိုးရိမ်တယ်။

(၉) ပရိဒေဝကြောင့် ....တောက်လောင်တယ်။

(၁၀) ဒုက္ခကြောင့် ....ဆင်းရဲတယ်။

(၁၁) ဒေါမနဿကြောင့် ....နှလုံးမသာမယာဖြစ်တယ်။

(၁၂) ဥပါယာသကြောင့် ....အခြံအရံနှင့် တကွ
အားလုံးသိမ်းပိုက်တယ်။

## သက္ကာယခန္ဓာ ဥပါဒါန်ခန္ဓာရှင်းမယ် ယောဂီ

အာရုံ သိစိတ်၊ သမုတ်ချက်ဆိုတဲ့ ခေတ်သုံးပါး ပြိုင်ပြီး ပေါ်လာတာကို မသိမမြင် လေသမျှ မှာတော့ မသိအဝိဇ္ဇာကြောင့် ဖေါက်ပြန်တဲ့ ခန္ဓာရတယ် ယောဂီ။ သခါရကြောင့် ပုံပြင်တဲ့ ခန္ဓာရတယ်၊ တဏှာကြောင့် ခံစားတဲ့

ခန္ဓာရတယ်၊ ဥပါဒါန်ကြောင့် မှတ်သားတဲ့ ခန္ဓာရတယ်၊ ဘဝကြောင့်ကြံစည်တဲ့ ခန္ဓာရတယ်မှတ် ယောဂီ။ဒါဖြင့်ခါတ် သုံးပါးပိုင် ဖြစ်ပေါ်လာတာကို မသိတဲ့ အဝိဇ္ဇာကြောင့် သက္ကာယခန္ဓာ ဖြစ်တဲ့ ပဋိသန္ဓေဇာတိ ရလာတယ် ဆိုတာ ပုတ်ပြတ်မှတ် ယောဂီ။ ဖေါက်ပြန်သဘော ခံစားသဘော မှတ်သားသဘော ပြုပြင်သဘော ကြံသိသဘော ဆိုတဲ့ သဘော ငါးမျိုးဟာ ခန္ဓာငါးပါး မဟုတ်လား ယောဂီ။

အဝိဇ္ဇာ ကိလေသဝဋ်ကြောင့် ရလာတဲ့ သက္ကာယခန္ဓာ ပေါ်မှာ ဘာတွေ ဖြစ်နေသလဲ ထပ်ပြီးစဉ်းစားစမ်း ယောဂီ။ ဉာဏ်ဖြစ်လာအောင် စဉ်းစား၊ ဖေါက်ပြန်တိုင်း ကောင်း၊ မကောင်း လိုမလို ချစ်မုန်း ချောက်ခြောက် ကြောက်ဆိုတဲ့ သဘောတွေ ဖြစ်လိုက် ခံစားတိုင်း ကောင်းမကောင်း လိုမလို ချစ်မုန်းချောက်ခြောက်ကြောက် ဆိုတဲ့သဘောတွေ ဖြစ်လိုက်၊ မှတ်သားတိုင်း ကောင်းမကောင်း လိုမလို ချစ်မုန်းချောက် ခြောက် ကြောက်ဆိုတဲ့ သဘောတွေ ဖြစ်လိုက်၊ ပြုပြင်တိုင်း ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်ခြောက်ကြောက် ဆိုတဲ့သဘောတွေ ဖြစ်လိုက် ကြံစည်တိုင်း ကောင်းမကောင်း လိုမလို ချစ်မုန်းချောက်ခြောက်ကြောက် ဆိုတဲ့ သဘောတွေ ဖြစ်လိုက်၊ သက္ကာယ ခန္ဓာပေါ်မှာ တဏှာက ဒီလို အခြေစိုက် လိုက် ပြန်တယ် ယောဂီ။ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ် ဉာဏ် တွေကို မရလေသမျှ ဒီသဘော တရားတွေကို ဘယ်

တော့မှ မသိ မမြင် နိုင်ဘူးမှတ် ယောဂီ။ ဒီတဏှာ မျိုးစေ့ အဆိပ်ပင်ကို အရိပ်မမြင် လျှင်ဝိညာဏ် နာမ်ရုပ် သဠာယတန တွေဖြစ်ပြီး ဥပါဒါနက္ခန္ဓာ ရပြန်ပါရော ယောဂီ။ ဒါဖြင့်ရှင်း ရဲ့လား။

အဝိဇ္ဇာကြောင့် သင်္ခါရခန္ဓာ ဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်၊ ကံ စိတ် ဥတု အာဟာရ ကြောင့် ဥတုဇခန္ဓာ ဖြစ်တယ် ယောဂီ။ ဒါကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌ ကထာ၌-

ခန္ဓာဘေဒေါ ဝ မရဏံ ဇာတိ တပ္ပါတု ဘာဝတော။
ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓါတု အာယတနာ နစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။
သာမညံဝါ သဘာဝေါဝါ၊ ဣဒံ သင်္ခါရ လက္ခဏံ။
သင်္ခါရဒယော ဝတ္တန္တိ၊ အဝိဇ္ဇာ ဒီပဟိ ဟေတုဟိ။

ခန္ဓာဘေဒေါ၊ ခန္ဓာ၏ အဆုံးစွန် ချုပ်ပျက်ခြင်း သည် သာလျှင်။ မရဏံ၊ သေခြင်းမည်၏။ တပ္ပါတုဘာဝတော၊ ထိုခန္ဓာတို့၏ အစထင်ရှားစွာ ဖြစ်ပေါ်လာခြင်း သည်သာ လျှင်။ ဇာတိ၊ ပဋိသန္ဓေနေခြင်း မည်၏။ ခန္ဓာနဉ္စ၊ ခန္ဓာ တို့၏ရင်း။ ဓါတုအာယတနာနစ၊ ဓါတ်,အာယတန တို့၏ ရင်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်ပုံသေ။ ဝတ္တမာနာ၊ ဖြစ်၍နေ သော။ ပဋိပါဋိ၊ အစဉ်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်၏။ သာမညံဝါ၊ အနိစ္စ,

နမန, ရုပ္ပန, ဖုဿန, ကက္ခဠ, စသော မိမိ၏ သဘောသည် ရင်း။ ဠ္လဒံ၊ ဤသာမည ဝိသေသန သဘောသည်။ သင်္ခါရ-လက္ခဏာ၊ သင်္ခတတရားတို့၏ လက္ခဏာတည်း။ အဝိဇ္ဇာဒိဟိ၊ အဝိဇ္ဇာ အစရှိကုန်သော။ဟေတုဟိ၊ အကြောင်းတို့ကြောင့်။ သင်္ခါရာဒယော၊ သင်္ခါရ အစရှိသည် တို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

## စီးပွားရှာတဲ့ခန္ဓာ ရှင်းမယ်

သုံးဆဲ့နှစ်ကောဋ္ဌာသနှင့် တကွ ဖြစ်နေတဲ့ ဥတုဇ ခန္ဓာဟာ စီးပွားရှာတဲ့ ခန္ဓာမှတ်ယောဂီ။ ဒီခန္ဓာဟာ ခြေ, လက်, ဦးခေါင်းနှင့် တကွ သားတွေ မယားတွေ ရှိတဲ့ခန္ဓာ၊ ဒီခန္ဓာဟာ အတိတ်က ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကြောင့် ရလာခဲ့တဲ့ အကျိုးခန္ဓာ၊ ဝဋ်တုံးဝဋ်ခဲ ခန္ဓာမှတ်ယောဂီ။ ဒီဝဋ်တုံး ဝဋ်ခဲဖြစ်တဲ့ အကျိုးခန္ဓာကို လက်လွန်ခဲ့ပြီးသား ရုပ်မို့ တရားသဖြင့် စောင့်ရှောက် ရမယ်။ စောင့်ရှောက်ရမယ် ဆိုတဲ့ နေရာမှာ သမ္မာဝါစာနဲ့ ဆက်ဆံပြီး သမ္မာကမ္မန္တနှင့် ပြုလုပ် ရမယ်။ ဒီတော့မှ နေသမျှသမ္မာအာဇီဝ ဖြစ်တယ် ယောဂီ။ ဒီဥတုဇ ခန္ဓာဟာ ရထားပြီးသား လက်လွန်ခန္ဓာ ဖြစ်နေတဲ့ အတွက်ကြောင့် သီလသိက္ခာနဲ့ စောင့်ရှောက် ရမယ်။ ဒီတော့မှ ဝဋ်တုံးခန္ဓာကို ဒီလိုသိက္ခာနဲ့ ပြုစုစောင့်ရှောက်မှ ဝတ္တရား ကျေပြွန်တယ်။ ဝတ္တရားအတိုင်းလဲ ပြီးပြည့်စုံ လာတယ်မှတ် ယောဂီ။

ဘာကြောင့်လဲဆိုတော့ ဒီခန္ဓာဟာ သုံးဆဲ့တဘုံကို လယ်တဲ့ခန္ဓာ မဟုတ်လို့, ဒုက္ခလက္ခဏာတော့ ရှိတယ်၊ သစ္စာမထိုက်လို့, အနိစ္စလက္ခဏာတော့ ရှိတယ်၊ ဥပါဒ်ဘင် မရှိလို့, အကျိုးရုပ်ခန္ဓာ ဖြစ်နေတဲ့ အတွက်ကြောင့် စီးပွားရှာရမဲ့ ခန္ဓာ၊ သားကျွေးမှု မယားကျွေးမှု တွေကို ပြုစုလုပ်ကိုင် ဆောင်ရွက်ရမဲ့ ခန္ဓာဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်။

ဒီခန္ဓာကို မျက်စိ မလည်စေနဲ့ ယောဂီ။ ဒီခန္ဓာဟာ အိမ်ခန္ဓာ သက်သက် ဖြစ်တယ်မှတ်။ ဒီသုံးဆဲ့ နှစ်ကောဋ္ဌာသ ဖြစ်တဲ့ ဥတုဇခန္ဓာမှာ ရှိတဲ့ ပသာဒအကြည် ကမ္မဇရုပ်ကိုတော့ သမာဓိဖြင့် စောင့်ရှောက် ရမယ်မှတ်။ ဘာကြောင့်လဲဆိုတော့ ဖြစ်တိုင်း ကြားတိုင်းမှာ ဆိုင်ရာ ဝိညာဉ်သဘော ရုပ်တွေက အကြောင်းခံပြီး ကပြောင်း ကပြန်လုပ်ကာ အကြည်ပသာဒ ခေါ်တဲ့ ဒီအကျိုး ကမ္မဇရုပ်ပေါ်မှာ မျောရှုပ်နေလို့ မှတ်လိုက် ယောဂီ။

ဒီ ဥတုဇ ခန္ဓာဖြစ်တဲ့ သုံးဆဲ့ နှစ်ကောဋ္ဌာသ ခန္ဓာက်သမ္မုတိ အချိုးကျကျ သစ္စာထိုက်အောင် ပြုစုစောင့်ရှောက်လုပ်ကိုင် ဆောင်ရွက် နေထိုင်သွားရမဲ့ ခန္ဓာဖြစ်တဲ့ အတွက်ကြောင့် သုံးဆဲ့ရှစ်ပါး [illegible] မင်္ဂလာ တရားတော်ကို အတိအလင်း ဟောကြား [illegible] ယောဂီများ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား ကြည့်ကြပေတော့။

## သုံးဆဲ့တဘုံလည်တဲ့ ခန္ဓာ ရှင်းမယ်ယောဂီ

မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်းမှာ အာရုံသိစိတ် သမုတ်ချက် ဖြစ်တဲ့ ဓါတ် သုံးပါး ဥပါဒ် ပြိုင်ပြီး ဖြစ်ပေါ် လာတာကို မသိမမြင် တိုင်း အဝိဇ္ဇာနှင့် တဏှာချည်းဘဲ ဆိုတာ ကေန်မုချ ပုတ် ပြတ်သာမှတ် ယောဂီ။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါ ရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ- လို့ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်က ဖေါ်ပြ ထားခြင်း ဖြစ် တယ်။ ဉာဏ်အမြင်လင်းအောင် ရှင်းမယ်-စိတ်အာရုံ သံသ ရာ အစဉ် အဆက်ဟာ မြင်တချက်မှာ ကြည့်စမ်း ယောဂီ။ အဝိဇ္ဇာဥခွံ တဏှာ သားအိမ်မှ ပေါက်ပွားတဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ပုံသဏ္ဌာန် အရိပ် အသွင် တွေကို နိမိတ် ထင်ပြီး အရှိယူ မသိ သူတိုင်း အဇ္ဇာ ချည်းဘဲ မှတ် ယောဂီ။

အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သက္ကာယခန္ဓာနှင့် တဏှာကြောင့် ဖြစ်တဲ့ ဥပါဒါန် ခန္ဓာတို့ဟာ ဒီစိတ်အာရုံပေါ်မှာ ဖေါက် ပြန်တိုင်း လောဘ, ဒေါသ, မောဟတွေဖြစ်၊ ခံစားတိုင်း လောဘ, ဒေါသ, မောဟတွေဖြစ်၊ မှတ်သားတိုင်း လောဘ, ဒေါသ, မောဟတွေဖြစ်၊ ပြုပြင်တိုင်း လောဘ, ဒေါသ, မောဟ တွေဖြစ်၊ ကြံစည်တိုင်း လောဘ, ဒေါသ, မောဟ တွေ ဖြစ်ပြီး၊ ဒီလို စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ သက္ကာယ

ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ တွေဟာ သုံးဆဲ့တဘုံမှာ ပုံအမျိုးမျိုး တွေ ဖြစ်ပြီး မြုပ်လိုက် မျောလိုက် ဆက်လိုက် လယ်လိုက် နှင့်သာ ကေန်မုချ ဒုရစပ် ဖြစ်နေတယ် ဆိုတာ ပုတ်ပြတ် မှတ် ယောဂီ။

## ဥပါဒ်, ဌီ, ဘင် ဘင်ရှိတဲ့ ဓါတ်ကြီးလေးပါး ရှင်းမယ်

ဥပါဒ်, ဌီ, ဘင်နှင့် တကွ ဖြစ်နေတဲ့ ဓါတ်ကြီး လေး ပါး သဘော အစဥ်ကို မနေှာမှာ မြင်အောင် ရှင်းမယ် ယောဂီ။ မိမိတို့ စိတ်အာရုံပေါ်မှာ အဝိဇ္ဇာ တဏှာကြောင့် သက္ကာယ ခန္ဓာ ဥပါဒါန် ခန္ဓာတွေ ဖြစ်ပေါ်တိုင်း လော ဘ, ဒေါသ, မောဟတွေ အပြည့်အဝ ဖြစ်တယ်။ ဒီလို လော ဘ, ဒေါသ, မောဟတွေ ဖြစ်ခိုက် ရှိခိုက်မှာ ဒေါသကြောင့် အိုလိုက်၊ လောဘကြောင့် နာလိုက်၊ မောဟကြောင့် သေ လိုက်၊ ဒေါသ ဖြစ်လာတဲ့အခါ ခက်မာမှု သဘော ပထဝီ ပေါ်လာတယ်၊ လောဘ ဖြစ်လာတဲ့အခါ ဖွဲ့သဘော အာ ပေါ ပေါ်လာတယ်။ မောဟ ဖြစ်လာ တဲ့အခါ ထောက် ကန် လှုပ်ရှားမှု သဘော ဝါယော ပေါ်လာတယ် မဟုတ် လား။ ဒီသဘော တရားတွေကို အမြဲအရှိ ထင်ပြီး စွဲယူ သိမ်းပိုက်တော့ သောက- ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာ သ ဆိုတဲ့ မီးဆဲ့တပါး လောင်မြိုက်လာတယ် မဟုတ်လား။ ဒီ မီးဆဲ့တပါးဟာ တေဇောဓါတ် အစစ် ဖြစ်တယ်လို့ ကေန်မုချ ပုတ်ပြတ်သာမှတ် ယောဂီ။

ဒီစိတ်အာရုံပေါ်မှာဖြစ်တဲ့ ဓါတ်ကြီး လေးပါးနှင့်အိုနာ သေသန္တတိ အစဉ်ကို ဉာဏ်ရှိသူတိုင်းမြင်ဘို့ ရေးပြလိုက်တာ ယောဂီ။ ဒါဖြင့်ဉာဏ်မြင်အောင် စဉ်းစားလိုက်စမ်း၊ အဝိဇ္ဇာ နှင့် တဏှာနှစ်ပါးကို သမုဒယ သစ္စာမှတ်ထား။ ဘဝတရား လို့လဲ မှတ်လိုက်ပါ။ အဝိဇ္ဇာ တဏှာကြောင့် ဖြစ်လာတဲ့ ဓါတ်ကြီးလေးပါးနှင့်တကွ သင်္ခါယခန္ဓာ ဥပါဒါန် ခန္ဓာ တို့ကိုတော့ ဒုက္ခသစ္စာမှတ်လိုက်။ ဇာတိတရားလို့လဲ မှတ် လိုက်။ ဒါကြောင့် ဘဝပစ္စယာ ဇာတိလို့-ပါဠိတော်ကညွှန်ပြ ထားခြင်း ဖြစ်တယ် ယောဂီ။ ဒီသမုဒယနှင့် ဒုက္ခကိုသာ လျှင် မြတ်စွာဘုရားက ကေန် ရှုတ်ချတော် မူကြောင်းကို အင်္ဂုတ္တရ ပါဠိတော်၌-

> သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော
> ဒုဂ္ဂန္ဓော ဟောတိ၊ ဝေမေဝ ခေါ အဟံ ဘိက္ခဝေ
> အပ္ပမတ္တကမ္ပိ ဘဝံ န ဝဏ္ဏေမိ၊ အန္တမသော အစ္ဆရာ
> ဆင်္ဃာတမတ္တံပိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမတ္တကောပိ၊ အနည်းငယ်မျှ သော်လည်း ဖြစ်သော၊ ဂူထော၊ မစင် ကျင်ကြီးသည်။ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိသည်။ ဟောတိသေယျ-ထာပိ၊ ဖြစ်သကဲ့သို့။ ဝေမေဝခေါ၊ ဤအတူလျှင်။ အပ္ပ-မတ္တကမ္ပိ၊ နည်းငယ်တိုလှ မကြာလှသည်လည်း ဖြစ်သော။

အန္တမဇသော၊ ယုတ်ညံ့ဖျင်းသုံး အောက်ထစ်ဆုံး အားဖြင့်။ အစ္ဆရာသင်္ဃာတ မတ္တံပိ၊ မျက်တောင်တရှက် လျှပ်စစ်တပြက် လက်ဖျစ်တတွက် ကာလတခဏ မျှသော်လည်း ဖြစ်သော။ ဘဝံ၊ ဘဝဥ္စ ဖြစ်ရခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ ချီးမွမ်းတော်မမူ။

ဒါဖြင့် သုံးဆဲ့ တဘုံကို လည်တဲ့ ခန္ဓာဆိုတာ ရှင်းပြီလား ယောဂီ။ ပစ္စုပ္ပန် မြင်တချက်မှာ အစဉ် ဆက်နေတဲ့ သက္ကာယခန္ဓာ၊ ဥပါဒါန် ခန္ဓာသာလျှင် သုံးဆဲ့တဘုံ လည်တယ်ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်ယောဂီ။

## ပရမတ္ထ ကိစ္စကြီးလေးပါး ရှင်းမယ်ယောဂီ

ပရိညာ ကိစ္စ၊ ပဟာန ကိစ္စ၊ သစ္ဆိကရဏ ကိစ္စ၊ ဘာဝေတဗ္ဗကိစ္စ-လေးမျိုးရှိတယ်။ ဒီလေးမျိုးကိုလဲ အချိုးကျကျ သိမြင် သဘောပေါက်ဘို့ အလွန်အရေးကြီးတယ်။ ဒီလေးမျိုးကို အချိုးကျကျ သိမြင် သဘောပေါက်မှ ရှောင်ရမဲ့ တရား၊ ဆောင်ရမဲ့ တရားတွေကို နားလယ်သဘောပေါက်နိုင်ကြပေလိမ့်မယ်။ ဒီဇတ္တမှုလဲ အသိတရား အကျင့်တရား နှစ်မျိုးနှစ်စားကိုလည်း အချိုးကျကျ ပိုင်းပိုင်းခြားခြား ကိုယ်ပိုင်ဒိဋ္ဌ သိမြင်သဘောပေါက်ပြီး မရှိတရား အဖြစ်တရား အရှိတရားတွေကိုလဲ ပိုင်းခြားဝေဘန်ပြီး သုံးသပ်ဆုံးဖြတ်နိုင်မယ်မှတ်ယောဂီ။ ဝိပဿနာဉာဏ်ကို လေ့လာလိုက်စား ပွားများအားထုတ်လိုသူတိုင်း ဒီပရမတ္ထ ကိစ္စကြီး

လေးပါးကို သိမြင်သဘောပေါက်နိုင်အောင် ဉာဏ်အမြင်ရှင်း ဉာဏ်အမြင်လင်းအောင် သိဘို့အလွန်အရေးကြီးတယ်မှတ်။

ဒီ ပရမတ္ထကိစ္စလေးပါးကိုမှ ပိုင်းပိုင်းခြားခြား မသိမမြင်နိုင်ကြလျှင် ဝိပဿနာဉာဏ်၊ သစ္စဉာဏ်၊ မဂ်ဉာဏ်၊ ကိစ္စဉာဏ်၊ ဖိုလ်ဉာဏ်၊ ကတဉာဏ်တွေကို ဘယ်တော့မှ မရနိုင်ဘူးယောဂီ။ မိမိတို့ခန္ဓာအိမ်ပေါ်မှာဖြစ်ပေါ်နေတဲ့ မရှိတရား၊ အဖြစ်တရား၊အရှိတရားတွေကို ပရမတ္ထကိစ္စကြီးလေးပါးကိုမှ မသိ မမြင်လျှင် မိမိတို့ ခန္ဓာအိမ်ပေါ်မှာ ဖြစ်ပေါ်နေတဲ့ သဘောတရားတွေကို ဘယ်တော့မှ ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်တဲ့အပြင် ဒီခန္ဓာအိမ်ကြီးမှာဘဲ မျက်စိလယ်လမ်းမှားပြီး အိုနာသေမှာသာလျှင် အရမ်းသွားမြဲ သွားနေကြရမယ်ဆိုတာ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

ပရိညာကိစ္စဆိုတာ ဉာဏ်စခန်းသက်သက်မှတ် ယောဂီ။ ကံလမ်း ဈာန်လမ်း ဗြဟ္မာလမ်းတွေ ဖက်နေသေးလျှင်တော့ သုံးဆဲ့တဘုံမှတ်လိုက်။ မိမိတို့ခန္ဓာအိမ်ပေါ်မှာ ဖြစ်နေတဲ့ သဘောတရားတွေကို ဉာဏ်နဲ့ပိုင်းခြားပြီး ဟုတ်တိုင်းမှန်စွာ မြင်အောင်ရှာရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မိမိတို့ခန္ဓာအိမ်ပေါ်မှာ အဝိဇ္ဇာတဏှာ ဖုံးအုပ်ပြီး အိုနာသေကို မဆုံးအောင် လုပ်နေတဲ့အတွက်ကြောင့် မရှိတရား အဖြစ်တရား အရှိတရားဆိုတဲ့ သဘောတွေကို ကိုယ်ပိုင်ဒိဋ္ဌ မြင်အောင်

ခန္ဓာအိမ်ပေါ်မှာ ဝေဘန်ပိုင်းခြားပြီး ရှေးဦးစွာ ရှာရမယ်မှတ်။ ဒီတော့မှ ဝိပဿနာဉာဏ်ဖြစ်တဲ့ သစ္စာဉာဏ်ဖြစ်ပေါ် ရရှိလာနိုင်တယ်ယောဂီ။ ဒါဖြင့် ဉာဏ်မြင်သဘောပေါက်လာအောင် ရေးပြလိုက်မယ် သေသေချာချာ စဉ်းစားပြီး ဖတ်ပေတော့။ မိမိတို့ခန္ဓာအိမ်ပေါ်မှာ စူးစမ်းကြည့်လိုက်ပါ။ သမုဒယတရား၊ မရှိတရား သမ္မုတိတရား အဖြစ်တရား စိတ်စေတသိက် ရုပ်ဆိုတဲ့ ပရမတ္ထတရား၊ အရှိတရား၊ ဒီခန္ဓာအိမ်ပေါ်မှာ သူ့အပိုင်းအခြားနှင့်သူ အကြောင်းစွဲသလို ဖြစ်ပေါ်နေကြတယ်ယောဂီ။

လင်းအောင်ရှင်းမယ်- အဝိဇ္ဇာ တဏှာဆိုတာ မရှိတရားအစစ်၊ အသိမှားပြီးဖြစ်နေလို့ သက္ကာယခေါ်တာ၊ ဆက်လာသမျှ အပေါ်မှာ အရှိထင်ပြီး မသိမမြင်တိုင်း စွဲယူနေလို့ ဥပါဒါန်ဖြစ်တာ။ ဒါကြောင့် အဝိဇ္ဇာတဏှာဆိုတာ ပင်ကိုယ်က မရှိဘူး၊ ဒီအဝိဇ္ဇာတဏှာကို သမုဒယတရား မရှိတရားလို့ ပုတ်ပြတ်မှတ်လိုက်။ အဝိဇ္ဇာတဏှာကြောင့် ဖြစ်လာတဲ့ သက္ကာယရုပ်ခန္ဓာ ဥပါဒါန်ရုပ်နာမ်ခန္ဓာတို့ကိုလဲ မရှိတရားလို့ မှတ်လိုက်။ ထွက်သဘော ဝင်သဘောဖြစ်တဲ့ စိတ္တဇရုပ် ပရမတ္ထသစ္စာ အရှိတရားမှတ်လိုက်။ ဒီပရမတ္ထ သဘောတရားကြီးရဲ့အရိပ်ဖြစ်နေတဲ့ သမ္မုတိသဘောတရားကိုတော့ အဖြစ်တရားလို့ မှချမှတ်လိုက်ယောဂီ။ စိတ်လှုပ်တဲ့ တရားအစဉ်တွေကို နိမိတ်အုပ်ပြီး အသားတင်နေလို့ ခက်

တယ်၊ ဒီဥတုဇခန္ဓာအိမ်ကတော့ အပျက်သဘောသက်သက် မှတ်။ ဘယ်လိုပင် အပျက်သဘောဖြစ်နေပေမဲ့ စိတ်အာရုံကတော့ အဖြစ်သဘောချည်း လုပ်နေတယ်ဆိုတာ ပုတ်ပြတ်မှတ်ယောဂီ။

ကိစ္စကြီးလေးမျိုးမှာ- ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကရဏကိစ္စ၊ ဘာဝေတဗ္ဗကိစ္စ-လေးမျိုးရှိတယ်ယောဂီ။

ပရိညာကိစ္စဆိုသည်မှာ- ပုတိကာယ၊ ဥတုဇကာယ၊ ကရဇကာယ၊ နာမကာယ၊ ရူပကာယ၊ သက္ကာယသဘောတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း၊ အာရုံကျရာဌာနရဲ့ သဘောလက္ခဏာ၊ သဘာဝ အာရုံမှီရာရဲ့ သဘောလက္ခဏာ၊ သဘာဝစိတ်အာရုံရဲ့ သဘောလက္ခဏာ၊ သဘာဝတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ပရိညာကိစ္စမှတ်ယောဂီ။

ပဟာနကိစ္စဆိုသည်မှာ- ဝဋ်သုံးပါးဖြစ်တဲ့ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ပဋိဃာနုသယ၊ ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ မာနာနုသယ၊ အဝိဇ္ဇာနုသယ သဘောတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ပဟာနကိစ္စမှတ် ယောဂီ။

သစ္ဆိကရဏကိစ္စဆိုသည်မှာ- သန္တတိအနိစ္စ၊ ခဏိကအနိစ္စ၊ သယံဇာတထာဝရအနိစ္စနှင့် တကွ ဖြစ်နေတဲ့ ဥပါဒ်ဘင်ကို ရင်း၊ ဥပါဒ်ဘင်မှ လွတ်သော နေရာကိုသော်ရင်း၊ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို သစ္ဆိကရဏကိစ္စမှတ်ယောဂီ။

ဘာဝေတဗ္ဗကိစ္စဆိုသည်မှာ- သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး- ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ဘာဝေတဗ္ဗကိစ္စ မှတ်ယောဂီ။ မြင်သာအောင်ရှင်းဦးမယ် - ဒုက္ခသစ္စာသည် ပရိညာကိစ္စဖြစ်တယ်၊ သမုဒယသစ္စာသည် ပဟာနကိစ္စဖြစ်တယ်၊ နိရောဓသစ္စာသည် သစ္ဆိကရဏကိစ္စဖြစ်တယ်၊ မဂ္ဂသစ္စာသည် ဘာဝေတဗ္ဗကိစ္စဖြစ်တယ်မှတ်ယောဂီ။

## ကထာခြောက်ပါးရှင်းမယ်ယောဂီ

နိဗ္ဗာန်ကို လိုလားကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြသော ယောဂီဘိုင်း ယောဂီတိုင်း ဒီကထာခြောက်ပါးကို အချိုးကျကျ သိမြင်သဘောပေါက်ဘို့ အလွန်အရေးကြီးတယ်မှတ်။ ကထာခြောက်ပါးမှာ- အဿာဒကထာ၊ အာဒိနဝကထာ၊ နိဿရဏကထာ၊ ဖလကထာ၊ ဥပါယကထာ၊ အာဏတ္တိကထာ၊ ခြောက်မျိုးရှိတယ်မှတ်။

အဿာဒကထာဆိုသည်မှာ - မိမိတို့ စိတ်အာရုံပေါ်မှာ အကြောင်းအကျိုးကို မသိ မမြင်မှု၍ မှားခြင်း မှောင်ခြင်း မိုက်ခြင်း တွေဝေငေးမျောခြင်းနှင့် တကွ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက် မြှောက် ကြောက်ဖြစ်နေတဲ့ သဘောတွေကို အယူရှင်းအောင် အယူကင်းအောင် အယူလင်း

အောင် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အခြေခံပြီး သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာသည် အဿာဒကထာမှတ်လိုက် ယောဂီ။

အာဒီနဝကထာဆိုသည်မှာ-စိတ်အာရုံ ကျရာရဲ့ သဘော လက္ခဏာ၊ သဘာဝအာရုံ မှီရာရဲ့ သဘော လက္ခဏာ၊ သဘာဝ စိတ်အာရုံရဲ့ သဘောလက္ခဏာ၊ သဘာဝတွေကို မသိမမြင်မှု၍ သမုဒယခန္ဓာ၊ သမုဒယခန္ဓာ၊ သင်္ခါရခန္ဓာ၊ ဥပါဒါန်ခန္ဓာတွေ ဖြစ်နေတဲ့ မရှိခန္ဓာ၊ အဖြစ်ခန္ဓာ၊ အရှိခန္ဓာ၊ တနည်းပြောဦးမယ် - မရှိတရား၊ အဖြစ်တရား၊ အရှိတရား အပေါင်းတို့တွင် ဒုက္ခသစ္စာထိုက်တဲ့တရားကို သမ္မာဒိဋ္ဌိဉာဏ် ဖြင့် အခြေခံပြီး သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာသည် အာဒီနဝကထာမှတ်လိုက်ယောဂီ။

နိဿရဏကထာဆိုသည်မှာ - ပစ္စုပ္ပန်ကာလဖြစ်တဲ့ မြင် တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်းမှာ ဓါတ် သုံးပါးပြိုင် ဖြစ်ပေါ်လာတဲ့ စိတ္တဇ ဇာတိ၊ ထိုဇာတိသဘော ကို မသိမမြင်မှု၍ အရှိထင်ပြီးဖြစ်ပေါ်လာတဲ့ ကမ္မဇဇာတိ၊ ဝိပါကဇာတိ၊ တနည်းပြောဦးမယ် - ပဋိသန္ဓေဇာတိ၊ ပဝတ္တိ ဇာတိ ဒိဇာတိတရားဖြစ်တဲ့ ဘေးဆိုးတွေမှ လွတ်အောင် ကင်းအောင် ရှင်းအောင် ငြိမ်းအောင် မရှိတော့အောင် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အခြေခံပြီး သစ္စာလေးပါးကို မြင်အောင် ဟောတဲ့ကထာသည် နိဿရဏကထာမှတ်လိုက်ယောဂီ။

ဖလကထာဆိုသည်မှာ- ဥဂ္ဃာဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ် လေးမျိုးရှိတယ် ယောဂီ။ မြင်သာအောင် ပြောဦးမယ်၊ အဝိဇ္ဇာ တဏှာ နှစ်ပါးစုံထူပြောတဲ့ ပုဂ္ဂိုလ်၊ အဝိဇ္ဇာသာ ထူပြော၍ တဏှာ နည်းပါးတဲ့ ပုဂ္ဂိုလ်၊ တဏှာထူပြော၍ အဝိဇ္ဇာနည်းပါးတဲ့ ပုဂ္ဂိုလ်၊ အဝိဇ္ဇာ,တဏှာနှစ်ပါးစုံ နည်းပါးတဲ့ ပုဂ္ဂိုလ်လေးမျိုး ရှိတယ်မှတ်။ ဒီလေးမျိုးမှာလဲ ဉာဏ်ဆယ်ပါးတို့ဖြင့် အချိုးကျကျ သဒ္ဓါနုသာရီ ဓမ္မာနုသာရီ ပညာနုသာရီဖြစ်အောင် ဝေဖန်ပိုင်းခြားပြီး ကဏ္ဍအားဖြင့် ပဋိပဒါနယ် အဘိညာဉ် နယ်ပိုင်းခြား၍ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အခြေခံပြီး သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာသည် ဖလကထာ မှတ်လိုက် ယောဂီ။

ဥပါယကထာဆိုသည်မှာ-ဘာသာတရား၊ သံသရာတရား၊ သာသနာတရား သုံးမျိုးရှိရာ ပုညကြိယာဖြစ်တဲ့ ဘာသာ တရားကြီးကို အဝိဇ္ဇာ တဏှာဖြစ်တဲ့ သံသရာတရားနဲ့ ပေါင်းပြီး ပြုလိုက်လျှင် ကံကုသိုလ် စျာန်ကုသိုလ်တွေ ဖြစ်၍ သုံးဆဲ့တဘုံမှာ မြုပ်လိုက် မျောလိုက် ဆက်လိုက် လည်လိုက်နှင့် အို,နာ,သေ မှာသာလျှင် လမ်းဆုံးနေကြောင်း၊ ပုညကြိယာဖြစ်တဲ့ ဘာသာတရားကြီးကို ပညာ,သီလ,သမာဓိ ဖြစ်တဲ့ သာသနာတော်မြတ် တရားနဲ့ပေါင်းပြီး ပြုလိုက်လျှင် မြုပ်,မျော,ဆက်,လည် ဖြစ်နေတဲ့ သုံးဆဲ့တဘုံမှ လွတ်ကင်း

ကြောင်း လွတ်မြောက်ကြောင်း ပါရမီကုသိုလ်၊ ညာဏ်ကုသိုလ် ဖြစ်၍ ဗောဓိသမ္ဘာရ အဆောက်အဦ ဖြစ်နေကြောင်းကို သိမြင် သဘောပေါက်ကြ ရလေအောင် သမ္မာဒိဋ္ဌိညာဏ်ဖြင့် အခြေခံ၍ သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာသည် ဥပါယကထာမှတ်လိုက် ယောဂီ။

အာဏတ္တိက ကထာဆိုသည်မှာ- သုံးဆဲ့နှစ်ခု အပေါင်း အစုနှင့် တကွ ဖြစ်နေတဲ့ ပုတိကာယ ဥတုဇခန္ဓာအိမ်ကို သံဝေဂနယနည်းဖြင့် သဒ္ဓါဖြစ်လာအောင်၊ သမ္မာဒိဋ္ဌိညာဏ်ဖြင့် အခြေခံ၍ သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာသည် အာဏတ္တိက ကထာမှတ်လိုက် ယောဂီ။ ဒါကြောင့် ဇိနာလင်္ကာရဋီကာ၌-

> အဿာဒါဒိ နဝတာ နိဿရဏမ္ပိစ ဖလံ
> ဥပါယောစ အာဏတ္တိစ ဘဂဝတော ယောဂီနံ
> ဒေသနာဟာရော။

အဿာဒါဒိနဝတာ၊အဿာဒကထာ,အာဒိနဝကထာရင်း။ နိဿရဏမ္ပိစ၊ နိဿရဏကထာရင်း။ ဥပါယောစ၊ ဥပါယကထာရင်း။ အာဏတ္တိစ၊ အာဏတ္တိကထာရင်း။ ယောဂီနံ၊ နိဗ္ဗာန်လိုလား အမျိုးသား အမျိုးသမီးများ ဖြစ်ကြသော ယောဂီပုဂ္ဂိုလ်တို့အား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒေသနာဟာရော၊ ဒေသနာဟာရမည်၏။

## ဗုဒ္ဓငါးမျိုး ကျင့်စဉ်ရှင်းမယ် ယောဂီ

(၁) သမ္မာသမ္ဗုဒ္ဓ။

(၂) ပစ္စေကဗုဒ္ဓ။

(၃) အဂ္ဂသာဝကဗုဒ္ဓ။

(၄) မဟာသာဝကဗုဒ္ဓ။

(၅) ပကတိသာဝကဗုဒ္ဓ။ ဟူ၍ ဗုဒ္ဓငါးမျိုး ရှိတယ် ယောဂီ။

ဒီငါးမျိုးကိုလဲ ပိုင်းပိုင်းခြားခြား သိမှ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ နေရာမှာ ဖြူးဖြူးဖြောင့်ဖြောင့်ကြီး ရှုမှီး အားထုတ်လို့ရမယ် ယောဂီ။ ဒီနေရာတွေမှာ သူ့အပိုင်း အခြားနဲ့သူ မသိမမြင်လျှင် ရောထွေးရှုပ်ပွေပြီး တရုပ်ပုလွေလို ဖြစ်ကုန်လိမ့်မယ်မှတ်။ တရုပ်ပုလွေဆိုတာ ဘေးကမှုတ်တာ ယောဂီ။

သမ္မာသမ္ဗုဒ္ဓ။ ။ဒါနပါရမီ, ဒါနဥပပါရမီ, ဒါနပရမတ္ထပါရမီ၊

သီလပါရမီ, သီလဥပပါရမီ, သီလပရမတ္ထပါရမီ၊

နေက္ခမ္မပါရမီ, နေက္ခမ္မဥပပါရမီ, နေက္ခမ္မပရမတ္ထပါရမီ၊

ပညာပါရမီ, ပညာဥပပါရမီ, ပညာပရမတ္ထပါရမီ၊

ဝီရိယပါရမီ, ဝီရိယဥပပါရမီ, ဝီရိယပရမတ္ထပါရမီ၊

ခန္တီပါရမီ, ခန္တီဥပပါရမီ, ခန္တီပရမတ္ထပါရမီ၊

သစ္စာပါရမီ, သစ္စာဥပပါရမီ, သစ္စာပရမတ္ထပါရမီ၊
မေတ္တာပါရမီ, မေတ္တာဥပပါရမီ, မေတ္တာပရမတ္ထပါရမီ၊
အဓိဋ္ဌာနပါရမီ, အဓိဋ္ဌာနဥပပါရမီ, အဓိဋ္ဌာနပရမတ္ထ-
ပါရမီ၊
ဥပေက္ခာပါရမီ, ဥပေက္ခာဥပပါရမီ, ဥပေက္ခာပရမတ္ထ-
ပါရမီ။ (ပါရမီ အပါးသုံးဆယ်)။

ဒီပါရမီ အပါးသုံးဆယ်မှာလဲ၊ ပစ္စယသမ္ဘောဂ၊ ဓမ္မ-
သမ္ဘောဂ ပစ္စည်းမျိုးကို လှူခြင်းသည် ဒါနပါရမီလို့မှတ်လိုက်။
မိမိတို့ အသွေး အသားစတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို
လှူခြင်းသည် ဒါနဥပပါရမီလို့ မှတ်လိုက်။ အသက်ကို လှူခြင်း
သည် ဒါနပရမတ္ထပါရမီလို့ မှတ်လိုက် ယောဂီ။ သီလပါရမီ
မှာလဲ ထို့အတူဘဲ၊ နေက္ခမ္မပါရမီနှင့် ကျန်ပါရမီတွေမှာလဲ
နည်းတူမှတ်လိုက် ယောဂီ။

စွန့်ခြင်းကြီး ငါးမျိုး။ ။ရဇ္ဇပရိစ္စာဂ- တိုင်းပြည်ကို
စွန့်ခြင်း။ ဘရိယပရိစ္စာဂ- မယားကို စွန့်ခြင်း။ပုတ္တပရိစ္စာဂ၊-
သားသမီးကို စွန့်ခြင်း။ အင်္ဂပရိစ္စာဂ-ကိုယ်အင်္ဂါအစိတ်အပိုင်း
ကို စွန့်ခြင်း။ အာယုပရိစ္စာဂ- အသက်ကို စွန့်ခြင်း။

စရိယသုံးမျိုး။ ။ဖြစ်တတ် ပျက်တတ်တဲ့ လောက
ကြီးမှာ အကျိုးရှိအောင် ကျင့်ခြင်းဆိုတဲ့ လောကတ္ထစရိယ၊
ဖြစ်တတ် ပျက်တတ်တဲ့ လောကကြီး အပေါ်မှာ ဉာဏ်
ပညာဖြင့် ပိုင်းခြားပြီး အကျိုးရှိအောင် ကျင့်ခြင်းဆိုတဲ့

ညာတတ္တစရိယ၊ သစ္စာလေးပါးကို သိမြင်ပေါက်ပိုင်အောင် ကျင့်ခြင်းဆိုတဲ့ ဗုဒ္ဓတ္တစရိယ၊ စရိယသုံးမျိုးမှတ်။

ပါရမီက သုံးဆယ်၊ စွန့်ခြင်းကြီးက ငါးပါး၊ စရိယက သုံးပါး ဒီသဘောတရားတွေကို ဗျာဒိတ်ရတဲ့နေ့က စ၍ နှစ်ဆဲ့လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကျင့်မှ သမ္မာသမ္ဗုဒ္ဓ ဖြစ်တယ်မှတ်။

ပစ္စေကဗုဒ္ဓ။ ။ပါရမီသုံးဆယ်ရှိရာ ပရမတ္ထပါရမီကို ဖြုတ်၍ ကျန်ပါရမီ နှစ်ဆယ်ဖြင့် ဗျာဒိတ်ရတဲ့နေ့က စ၍ သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်း ကျင့်မှ သစ္စာလေးပါးကို မြင်၍ ပစ္စေကဗုဒ္ဓ ဖြစ်တယ်မှတ်။

အဂ္ဂသာဝကဗုဒ္ဓ။ ။ဒါနပါရမီ, သီလပါရမီ, နေက္ခမ္မ ပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာနပါရမီ, ဥပေက္ခာပါရမီ၊ ဆယ်ပါးကို ဗျာဒိတ်ရတဲ့နေ့က စ၍ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ကျင့်မှ သစ္စာလေးပါးကို မြင်၍ အဂ္ဂသာဝက ဖြစ်တယ်မှတ်။

မဟာသာဝကဗုဒ္ဓ။ ။ဥပပါရမီ, ပရမတ္ထပါရမီမှ ကြွင်းသော ပါရမီဆယ်ပါးကို ဗျာဒိတ်ရတဲ့ နေ့က စ၍ တသင်္ချေ နှင့်ကမ္ဘာတသိန်း ကျင့်မှ သစ္စာလေးပါးကို မြင်၍ အဂ္ဂသာ- ဝက ဖြစ်တယ်မှတ်။

ပကတိသာဝကဗုဒ္ဓ။ ။ပါရမီဆယ်ပါးကို ဗျာဒိတ်ရတဲ့ နေ့က စ၍ ဘဝတထောင် ကျင့်မှ သစ္စာလေးပါးကို မြင်၍

ပကတိသာဝက ဖြစ်တယ်မှတ်။ သာဝကများ ကျင့်ရမဲ့ စရိယ သုံးမျိုးရှိတယ် ယောဂီ။ အညာဏစရိယ၊ ဉာဏစရိယ၊ဝိညာ-ဏစရိယ–ဖြစ်တယ်။ ဝဋ်သုံးပါးနှင့် တကွ ဖြစ်တဲ့ သမုဒယ သဘောတရားတွေကို သိမြင်ပေါက်ပိုင်အောင်၊ လေ့လာ ပွားများ အားထုတ်ခြင်းဆိုတဲ့ အညာဏစရိယ၊ အကြောင်း အကျိုးနှင့် တကွ သစ္စာလေးပါးကို သိမြင်ပေါက်ပိုင်အောင် လေ့လာပွားများ အားထုတ်ခြင်းဆိုတဲ့ ဉာဏစရိယ၊ အဖြစ် တရား အရှိတရားတွေကို လေ့လာပွားများ၍ သိမြင်ပေါက် ပိုင်တဲ့ အတိုင်း ဖြောင့်မှန်စွာ ကျင့်သုံးခြင်းကို ဝိညာဏစရိယ လို့ မှတ်လိုက် ယောဂီ။

## ကျင့်ကိစ္စရှင်းမယ်ယောဂီ

ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို လေ့လာလိုက် စား ပွားများကျင့်သုံး နေထိုင်ကြတဲ့ လူတိုင်း သိသင့် သိ ထိုက် သိပိုင်ခွင့် ရှိတဲ့ အချက်အလက် တွေကို အကွက်ကျ ကျ ကိုယ်ပိုင်ဒိဋ္ဌ သိမြင် သဘောပေါက်ဘို့ အလွန်အရေး ကြီးတယ် မှတ်ယောဂီ။ သိသင့် သိထိုက် သိပိုင်ခွင့် ရှိတဲ့ သဘော တရားတွေကို ဒိဋ္ဌသိမြင် သဘောပေါက်မှလဲ ကျင့် ကြံကြိုးကုတ် အားထုတ်လို့ ရမယ်ယောဂီ။ သိမြင်သဘော ပေါက်မှလဲ ကျင့်လို့ ရတယ်မှတ်၊ မသိ မမြင် ဘဲနဲ့တော့ လောကီ လောကုတ္တရာ နှစ်ဖြာစလုံးကို ဘယ်လို နည်းနဲ့မှ လုပ်လို့ မရဘူး ယောဂီ။

နာမရူပပရိစ္ဆေဒဉာဏ်။ ။နာမ, က–နာမ်၊ ရူပ,က–ရုပ်။ ပရိစ္ဆေဒ-ဆိုတာ ပိုင်းခြား၍ သိရမယ် ဆိုတဲ့ အဖြေဘဲ ယောဂီ။ ဥတုဇ ရုပ်,နာမ်၊ အာဟာရဇ ရုပ်,နာမ်၊ ကမ္မဇ ရုပ်, နာမ်၊ စိတ္တဇ ရုပ်,နာမ်။ ချုံးပြီး ကြည့်လိုက်– သက္ကာယ ရုပ်, နာမ်၊ အကြောင်း ရုပ်,နာမ်၊ အကျိုး ရုပ်,နာမ် တို့ကို ကိုယ် ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်တဲ့ ဉာဏ်ဖြစ်တယ်။ တ နည်း ပြောရဦးမယ် ဆိုလျှင် ရုပ်,နာမ်ကို သိရမယ်၊ ရုပ်, နာမ် ဖြစ်ပေါ်မှုကို သိရမယ်၊ ရုပ်,နာမ် ချုပ်ငြိမ်းမှုကို သိ ရမယ်၊ ရုပ်,နာမ် ချုပ်ငြိမ်းမှု ရောက်ကြောင်းကို သိရမယ် ဆိုတဲ့ အချက်အလက်များ ဖြစ်တယ် ယောဂီ။

ပစ္စယပရိဂ္ဂဟဉာဏ်။ ။ပစ္စယ-အကြောင်း အကျိုးကို၊ ပရိဂ္ဂဟ–သိမ်းဆည်းခြင်း ဆိုတဲ့ အဖြေဘဲ ယောဂီ။ သံသ ရာ၌ လည်စေတတ် ဖြစ်စေတတ်တဲ့ ဝဋ်သုံးပါး၊ အခြင်း အရာ နှစ်ဆယ်ပါး၊ အလှာလေးလှာ၊ အစွန် သုံးစွန်၊ အစပ် သုံးစပ်တို့ကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင် ခြင်းများ ဖြစ်တယ် ယောဂီ။ တနည်း ပြောဦးမယ်–ပဋိစ္စ သမုပ္ပါဒတရားကို သိရမယ်၊ ပဋိစ္စသမုပ္ပါဒတရား ဖြစ်ပေါ် မှုကို သိရမယ်၊ ပဋိစ္စသမုပ္ပါဒတရား ချုပ်ငြိမ်းမှုသို့ ရောက် ကြောင်းကို သိရမယ်ဆိုတဲ့ အချက် အလက်များ ဖြစ်တယ်။

သမ္မသနဉာဏ်။ ။သမ္မာ– ဖြူစင် ဖြောင့်မတ် ကောင်း မြတ်စင်ကြယ်စွာ၊ သန–ဟုတ်တိုင်း မှန်တိုင်း ဝေဘန်သုံးသပ်

ဆုံးဖြတ်နိုင်ခြင်း ဆိုတဲ့ အဖြေဘဲယောဂီ။ အယူများ အစွဲများ အမှတ်များနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေကို သိရမယ်၊ ဒုစရိုက်တရားတွေ ဖြစ်ပေါ်မှုကိုလဲ သိရမယ်၊ ဒုစရိုက် တရားတွေ ချုပ်ငြိမ်းမှုကိုလဲ သိရမယ်၊ အယူများ အစွဲများ အမှတ်များနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေ ချုပ်ငြိမ်းမှုသို့ ရောက်ကြောင်းကိုလဲ သိရမယ် ဆိုတဲ့ အချက် အလက်များ ဖြစ်တယ်။

ဥဒယဗ္ဗယညာဏ်။ ။ဥဒယ–ဖြစ်လာတဲ့ သဘောတရားတွေဟာ၊ မိနစ် စက္ကန့်မပြတ် ဒရစပ် ပျက်စီးနေတယ်ဆိုတဲ့ အဖြေဘဲယောဂီ။အဝိဇ္ဇာတဏှာဖြစ်တဲ့၊ သမုဒယကြောင့် ဖြစ်ပေါ်လာတဲ့သက္ကာယခန္ဓာ၊ ဥပါဒါန် ခန္ဓာတို့ဟာ သုံးဆဲ့တဘုံကို မြုပ်–မျော–ဆက်–လည်နေပြီး မိနစ်စက္ကန့်မပြတ် ဒရစပ် ပျက်စီးနေပါလားလို့ ကိုယ်ပိုင်ဒိဋ္ဌသိမြင်ခြင်းများဖြစ်တယ်။

ဘင်ညာဏ်။ ။ဘင်–ဆိုတာကတော့ အပျက်သက်သက်လို့ အဖြေရတယ်။ အဝိဇ္ဇာ – တဏှာကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာတွေဟာ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောတို့က လွဲ၍ ဘာမျှ မရှိပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။ ဒီ သက္ကာယ ခန္ဓာ၊ ဥပါဒါန် ခန္ဓာ တွေဟာ ပင်ကိုယ်က မရှိဘူးလို့လဲ ပိုင်းပိုင်း ခြားခြား သိတယ်၊ ပင်ကိုယ်က မရှိတဲ့အတွက်ကြောင့် ဖြစ်လာလျှင်လဲ မမြဲဘူးလို့ ကောန်သိခြင်းများ ဖြစ်တယ်။

ဘယဉာဏ်။ ။ဘယဉာဏ် ဆိုတာကတော့ အဝိဇ္ဇာ တဏှာ ဖြစ်တဲ့ သမုဒယကြောင့် ဖြစ်လာတဲ့ ရုပ်နာမ် ခန္ဓာတွေဟာ သုံးဆဲ့တဘုံမှာ သာလျှင် မြုပ်လိုက် မျောလိုက် ဆက်လိုက် လည်လိုက် ဖြစ်နေတဲ့ အတွက်ကြောင့် ကြောက်စရာ ဘေးဆိုးသက်သက် သာလျှင် ဖြစ်နေ ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ်။

အာဒီနဝဉာဏ်။ ။အာဒိ-အစ၊ နဝ- အသစ်အသစ်ဖြစ်လာတဲ့ သဘောဆိုတဲ့ အဖြေဘဲ ယောဂီ။ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည် တိုင်းမှာ သမုဒယနဲ့ ဒုက္ခ ဖြစ်လာတဲ့ သဘော တရား တွေဟာ အပြစ်တွေချည်း ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ်။ တနည်း ပြောပြဦးမယ်- ပစ္စုပ္ပန် မြင်တချက်မှာ အစဉ်ဆက်နေတဲ့ သမုဒယသဘော ဒုက္ခ သဘော၊ ကြားတချက်မှာ အမှားဆက်နေတဲ့ သမုဒယ သဘော ဒုက္ခသဘော၊ နံတချက်မှာ မမှန်တာ ဆက်နေတဲ့ သမုဒယ သဘော ဒုက္ခ သဘော၊ စားတချက်မှာ မတရား ဆက်နေတဲ့ သမုဒယ သဘော ဒုက္ခ သဘော၊ ထိတွေ့ တချက်မှာ မငြီးငွေ့နိုင်အောင် ဆက်နေတဲ့ သမုဒယ သဘော ဒုက္ခ သဘော၊ ကြံ ထင်တချက်မှာ နာမ်အစဉ်ဆက်နေတဲ့ သမုဒယသဘော ဒုက္ခ သဘော၊ ဒီသဘော တရားတွေ အားလုံးဟာ အပြစ်တွေချည်း ပါကလားလို့ ကိုယ်ပိုင် ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ်။

နိဗ္ဗိဒါဉာဏ်။ ။နိဗ္ဗိဒါဉာဏ် ဆိုတာကတော့ မိမိတို့စိတ် အာရုံပေါ်မှာ မသိမှု အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သက္ကာယ ခန္ဓာ၊ ဥပါဒါန် ခန္ဓာတွေကို မမြဲမှုန်း ဆင်းရဲမှုန်း အစိုး မရမှုန်း သိ၍ ပြင်း မုန်း ငြီးငွေ့ စက်ဆုပ်ခြင်း ဆိုတဲ့ သဘောများ ဖြစ်တယ်။ တနည်း ပြောဦးမယ်-မိမိတို့ စိတ် အာရုံပေါ်မှာ နဂိုက ကြည်လင် သန့်ရှင်းပြီး ကင်းစင်နေ တဲ့ သဘောကို မသိ၍ ပစ္စုပ္ပန် မြင်တချက်မှာ မသိမှု အ ဝိဇ္ဇာကြောင့် သက္ကာယ ရုပ်နာမ် ခန္ဓာ၊ ဥပါဒါန် ရုပ်နာမ် ခန္ဓာတွေ ဖြစ်ပေါ် လာတာ ပါကလား။ ဒီရုပ်,နာမ် ခန္ဓာ တွေဟာ ဘယ်လိုပင် ဖြစ်ပေါ်လာပေမဲ့ မမြဲခြင်း ဆင်းရဲ ခြင်း အစိုးမရခြင်းမှ တပါး အခြားဘာမျှ မရှိဘူးလို့ ကျန် မှုချ သိမြင်တော့ စက်ဆုပ် ရွံရှာခြင်း ငြီးငွေ့ခြင်းများ ဖြစ် တယ် ယောဂီ။

မုစ္စိတုကမျတာဉာဏ်။ ။ဒီလိုမိမိတို့ရဲ့ စိတ်အာရုံပေါ် မှာ ပင်ကိုယ်က မရှိဘဲနဲ့ ပစ္စုပ္ပန် မြင်တချက်မှာ မသိမှု အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာတွေဟာ သုံး ဆဲ့တဘုံမှာ မြုပ်လိုက် မျောလိုက် ဆက်လိုက် လယ်လိုက် နဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်း မှာသာ ဆုံးနေ ပါကလား လို့ ကျန်မှုချ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိတော့၊ ဒီလို ခန္ဓာ အနှောင်အဖွဲ့နှင့် တကွ ဖြစ်နေတဲ့ အိုနာသေတို့ မှ လွတ်လိုခြင်းများ ဖြစ်တယ်။

ပဋိသန္ဓိဉာဏ်။ ။မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်း စိတ်အာရုံမှာ အကြောင်းအကျိုး ဖြစ်ပြီး ရုပ်နာမ် ခန္ဓာတွေ အနှောင်အဖွဲ့ ဖြစ်နေခြင်းကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင် ခြင်းများ ဖြစ်တယ်။

သမ္မသနဉာဏ်။ ။မိမိတို့ရဲ့ စိတ် အာရုံ ပေါ်မှာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်းမှာ မသိမှု အဝိဇ္ဇာ၊ သာယာမှု တဏှာကြောင့် ဖြစ်လာတဲ့ အယူများ အစွဲများ အမှတ်များနှင့် တကွ အကြောင်း ရုပ်နာမ် အကြောင်းခန္ဓာ အနှောင်အဖွဲ့တွေကို ဖြတ်တောက်ပြီး လျစ်လျူပြုခြင်း၊ တနည်း ပြောဦးမယ်-မသိချင်ယောင်ဆောင်ခြင်းများ ဖြစ်တယ်။

ဥဒယဗ္ဗယဉာဏ်။ ။မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ပင်ကိုယ်က မရှိဘဲနှင့် မသိမှု အဝိဇ္ဇာ၊ သာယာမှု တဏှာကြောင့် ဖြစ်လာတဲ့ သက္ကာယ ရုပ်နာမ် ခန္ဓာ အနှောင်အဖွဲ့ တွေ၊ ဥပါဒါန် ခန္ဓာ အနှောင်အဖွဲ့တွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်တော့ အယူများ အစွဲများ အမှတ်များနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက် တရားတွေ မြင်- ကြား- နံ- စား-တွေ့ကို-ကြံသိ ဆိုတဲ့ ခြောက်ဌာနမှာ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်မြှောက် ကြောက် ဆိုတဲ့ သဘောတွေ မယူတော့ဘူး၊ မရှိတော့ဘူး၊ ဘာကြောင့်လဲဆိုတော့

ဒီသဘောတရားတွေဟာ ပင်ကိုယ်က ကောန်မရှိ၊ ဘိတ်မရှိဘူးလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ အတွက်ကြောင့်ဖြစ်တယ်။ ဒီလို သိမြင်သဘောပေါက်၊ သဘောရောက်၊ သဘောရ သဘောကျ၊ သဘောပိုင် သဘောနိုင်လာလျှင် ပုထုထုဇဥ်အနွယ်ပြုတ်ပြီး၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာတို့ကို ကောန်မုချ မျက်မှောက် ပြုနိုင်တော့တာဘဲယောဂီ။

မဂ်ဉာဏ်။ ။မဂ္ဂဆိုတာ- လမ်း၊ ဉာဏ-ဆိုတာဉာဏ်လို့ အဖြေရတယ်။ဒီနိဗ္ဗာန်ရောက်ကြောင်း လမ်းကို လျှောက်တဲ့ သွားတဲ့နေရာမှာ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပဿမ္ဘနခေါ် ပဋိပဿဒ္ဓိပဟာန်၊ နိဿရဏပဟာန် ငါးမျိုးရှိပြန်တယ်၊ ဒီငါးမျိုးကိုလဲ အမြင်လင်းအောင် ရှင်းပြမယ်ယောဂီ။

တဒင်္ဂပဟာန်။ ။ဥတုဇရုပ်နာမ်၊ အာဟာရဇရုပ်နာမ်၊ ကမ္မဇရုပ်နာမ်၊ စိတ္တဇရုပ်နာမ်၊ သက္ကာယရုပ်နာမ်၊ ဥပါဒါန်ရုပ်နာမ်၊ ချုံးလိုက်-အကြောင်းရုပ်နာမ်၊ အကျိုးရုပ်နာမ်တွေ ဖြစ်ပျက်နေတာကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြားဟုတ်တိုင်းမှန်စွာ သိမြင်ဆုံးဖြတ်နိုင်တော့ ဒွါရခြောက်ဌာနက၊ တိုက်တိုင်းမှာ အယူမှား အစွဲမှား အမှတ်မှား နှင့်တကွ ဒုစရိုက်တရားတွေ မဖြစ်အောင် သတိထားနေခြင်းများ ဖြစ်တယ်။

ဝိက္ခမ္ဘနပဟာန်။ ။မြင်တချက် သံသရာမှာ အစဉ် ဆက်နေတဲ့ နာမ်ခန္ဓာတွေဟာ အကြောင်းအကျိုး ဖြစ်လျက် ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံတွေ ဖုံးအုပ်ပြီး သမုဒယနှင့် ဒုက္ခမှာသာလျှင် လမ်းဆုံးနေတာကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်တော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စား တိုင်း၊ တွေ့ထိတိုင်း ကြံစည်တိုင်းမှာ ကာမအာရုံ၊ မဟဂ္ဂုတ် အာရုံတွေ မဖြစ်အောင် သတိထားနေခြင်းများဖြစ်တယ်။

သမုစ္ဆေဒပဟာန်။ ။မြင်ခိုက် ကြားခိုက် နံခိုက် စား ခိုက် တွေ့ထိခိုက် ကြံစည်ခိုက်မှာ မိမိတို့စိတ်အာရုံ ဖြစ်ပေါ် တိုင်း ဖြစ်ပေါ်တိုင်း ကာမအာရုံ မဟဂ္ဂုတ်အာရုံဖြစ်တဲ့ သမုဒယဒုက္ခတွေဟာ သံသရာအနှောင်အဖွဲ့တွေချည်း ဖြစ်နေ ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်တော့ မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ဒီသဘောတရားတွေ မဖြစ် အောင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်းမှာ သတိ ထားနေခြင်းများဖြစ်တယ်။

ပဋိပဿမ္ဘနခေါ် ပဋိပဿဒ္ဓိပဟာန်။ ။မိမိတို့ရဲ့ စိတ် အာရုံပေါ်မှာ ဖြစ်နေတဲ့ သမုဒယဒုက္ခဆိုတဲ့ အနှောင်အဖွဲ့ သဘောတရားတွေကို၊ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသန ဉာဏ်နဲ့ သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန် တိုင်း ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်တော့ သမုဒယ ဒုက္ခနှင့် တကွ ဖြစ်နေတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ

ဥပါယာသတွေ ငြိမ်းအောင် ကင်းအောင် ရှင်းအောင် လင်းအောင် မရှိအောင် သတိထားနေခြင်းများဖြစ်တယ်။

နိဿရဏပဟာန်။ ။မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်းမှာ မိမိတို့စိတ်အာရုံ ကျရောက်လာတဲ့သဘောကို ဤသဘောတရားကဖြင့် ကာမအာရုံဖြစ်တယ်လို့ သိမြင်ခြင်း၊ ဤသဘောတရားကဖြင့် မဟဂ္ဂုတ်အာရုံဖြစ်တယ်လို့ သိမြင်ခြင်း၊ ဤသဘောတရားကဖြင့် လောကုတ္တရာအာရုံဖြစ်တယ်လို့ သိမြင်ခြင်း၊ တနည်းပြောဦးမယ်- ဤသဘောတရားကတော့ သမုဒယဖြစ်၍ သစ္စာမထိုက်ခြင်း၊ ဤသဘောတရားကတော့ သမုဒယလဲ ထိုက်တယ် သစ္စာလဲထိုက်တယ်လို့ သိမြင်ခြင်း၊ ဤသဘောတရားတရားကတော့ ဒုက္ခသာဖြစ်၍ သစ္စာမထိုက်ခြင်း၊ ဤသဘောတရားကတော့ ဒုက္ခလဲမှန်တယ် သစ္စာလဲထိုက်တယ်လို့ သိမြင်ခြင်း၊ ဤသဘောတရားကတော့ မဂ္ဂသစ္စာဖြစ်၍ သစ္စာမထိုက်ခြင်း၊ ဤသဘောတရားကတော့ မဂ္ဂလဲ မှန်တယ် သစ္စာလဲထိုက်တယ်လို့သိမြင်ခြင်း။ဤသဘောတရားကတော့ နိရောဓသာဖြစ်၍ သစ္စာမထိုက်ခြင်း။ ဤသဘောတရားကတော့ နိရောဓလဲမှန်တယ် သစ္စာလဲထိုက်တယ်လို့ သိမြင်ခြင်း။ ဤလို ပိုင်းပိုင်းခြားခြား သိမြင်လာတော့ ဤသဘောတရားတွေမှ လွတ်အောင် ကင်းအောင် မရှိအောင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းများဖြစ်တယ်။

မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ သဘောတရားတွေကို ဒီလိုဉာဏ်ဆယ်မျိုးဖြင့် အချိုးကျကျ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား ဟုတ်တိုင်းမှန်စွာ သိမြင်တဲ့ဉာဏ်ကို သစ္စ ဉာဏ်လို့ခေါ်တယ်။ ဝိပဿနာဉာဏ်လို့လဲ ခေါ်တယ်။ ဒီလိုပိုင်းပိုင်းခြားခြား သိမြင်တဲ့အတိုင်း ဟုတ်တိုင်းမှန်စွာ ဆုံးဖြတ်နိုင်တဲ ဉာဏ်ကို ကိစ္စဉာဏ်လိုခေါ်တယ်၊ မဂ်ဉာဏ် လို့လဲခေါ်တယ်၊ ဒီသဘောတွေကို ဆုံးဖြတ်နိုင်တဲ့ အတိုင်း ကျင့်သုံးနေထိုင်ခြင်းကို ကတဉာဏ်လို့ခေါ်တယ်၊ ဖိုလ်ဉာဏ် လို့လဲခေါ်တယ်ယောဂီ။

ဉာဏ်ဆယ်ပါးကို အပိုင်းအားဖြင့် ဝေဘန်ပုံ - နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်-သုံးပါး ကို သဒ္ဓါနုသာရီအပိုင်းလို့ မှတ်ထားယောဂီ။ ဥဒယဗ္ဗယ ဉာဏ်၊ဘင်ဂ်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ ဒီခုနစ်ပါးကို ဓမ္မာနု သာရီအပိုင်းလို့မှတ်ထားယောဂီ။ သင်္ခါရုပေက္ခာဉာဏ်ကစ၍ အထက်ကိုမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တိုင် အောင်သော ဉာဏ်ကို ပညာနုသာရီအပိုင်းလို့ မှတ်ထားယောဂီ။

ပုဂ္ဂိုလ်လေးမျိုးဝိ။ ။ပဿနာဉာဏ်၊မဂ်ဉာဏ်၊ဖိုလ်ဉာဏ် တွေကို လေ့လာလိုက်စား ပွားများကျင့်သုံးကြတဲ့နေရာမှာ ဉာဏ်အဆင့်ဆင့်အားဖြင့် ပုဂ္ဂိုလ်လေးမျိုးရှိတယ် ယောဂီ။

ဒီပုဂ္ဂိုလ်လေးမျိုးမှာ–

(၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်။
(၂) ဒုက္ခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်။
(၃) သုခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်။
(၄) သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်။

ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိတယ်ယောဂီ။

ဒုက္ခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်– အဝိဇ္ဇာ, တဏှာနှစ်ပါးလုံး ထူပြောတဲ့ပုဂ္ဂိုလ်လို့မှတ်။ ဒီပုဂ္ဂိုလ်မျိုးမှာ အစ,အလယ် အဆုံး သုံးပါးလုံးကို သိမြင်သဘောပေါက်နိုင်ဘို့ ခဲယဉ်းတယ်မှတ်ယောဂီ။ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်တဲ့ သဒ္ဓါတရားစွဲပြည့်စုံပါမှ ရနိုင်တဲ့ပုဂ္ဂိုလ်မျိုးဖြစ်တယ်။

ဒုက္ခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်။ ။အဝိဇ္ဇာသာ ထူပြော၍ တဏှာခေါင်းပါးတဲ့ ပုဂ္ဂိုလ်လို့မှတ်။ ဒီပုဂ္ဂိုလ်မျိုးမှာ အစကိုသာလျှင် သိမြင်ဘို့ခဲယဉ်းပြီး အလယ်နှင့် အဆုံးကို လွယ်လွယ်ကူကူနှင့် သိမြင်သဘောပေါက်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ယောဂီ။

သုခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်။ ။အဝိဇ္ဇာ ခေါင်းပါးပြီး တဏှာထူပြောတဲ့ ပုဂ္ဂိုလ်လို့မှတ်။ ဒီပုဂ္ဂိုလ်မျိုးမှာ အစကို လွယ်လွယ်ကူကူနှင့် သိမြင်ပြီး အလယ်နှင့် အဆုံးကို သိမြင် သဘောပေါက်နိုင်ဘို့ ခဲယဉ်းတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်ယောဂီ။

သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်။ ။အဝိဇ္ဇာနှင့် တဏှာ နှစ်ပါးလုံး နည်းပါးတဲ့ပုဂ္ဂိုလ်လို့မှတ်။ ဒီပုဂ္ဂိုလ်မျိုးမှာ အစကို သိမြင်လိုက်တာနဲ့ အလယ်အဆုံးပါမကျန် သိမြင် သဘောပေါက်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။

ဒီဉာဏ်ဆယ်ပါးဟာ ဒေသနာနည်း၊ စာနည်း၊ အရသာ အဆင့်ဆင့် အပိုင်းအခြားနဲ့သာ ရေးပြရတာ တကယ်တော့ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ နေရာမှာ မြင်တချက်မှာ စိတ် အာရုံပေါ်၌ အစဉ် ဆက်နေတာတွေကို သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံပြီး သမ္မသနဉာဏ်ဖြင့် သုံးသပ်၍ ယထာဘူတဉာဏ် ဖြင့် ဟုတ်တိုင်းမှန်တိုင်း ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက် သဘောရောက် သဘောရ သဘောကျ သဘောနိုင် သဘောပိုင်လိုက်လျှင် တချက်အမြင်မှာ တသက် စင်တော့တာဘဲ ယောဂီ။ ဒီဉာဏ်ဆယ်ပါးကို အရိယသစ္စာ ကထာနည်းဖြင့် ဝေဘန်သုံးသပ် ဆုံးဖြတ်ကြည့်လိုက်လျှင် ဉာဏ်ကြီးလေးပါးသာလျှင် ကေန်မုချ ရှိတယ်ဆိုတာ ပုလ် ပြတ်သားမှတ် ယောဂီ။

## ဉာဏ်ကြီးလေးပါး ရှင်းမယ် ယောဂီ

စိတ္တာနုပဿနာ သတိပဋ္ဌာန်ဉာဏ်၊ ဓမ္မာနုပဿနာ- သတိပဋ္ဌာန်ဉာဏ်၊ ကာယာနုပဿနာသတိပဋ္ဌာန်ဉာဏ်၊ ဝေဒ- နာနုပဿနာသတိပဋ္ဌာန်ဉာဏ် လို့ လေးမျိုးရှိတယ် ယောဂီ။

စိတ္တာနုပဿနာသတိပဋ္ဌာန်ဉာဏ်။ ။ဒွါရ၊ အာရုံ၊ ဝိညာဉ်-ဓါတ်သုံးပါး ဉပါဒ်ပြိုင် ပေါ်တိုင်းပေါ်တိုင်း မြင်သာအောင် ပြောဦးမယ်၊ အာရုံရယ် သိစိတ်ရယ် သမုတ်ချက်ရယ် သုံးပါးဉပါဒ်ပြိုင်ပြီး ပေါ်တိုင်းပေါ်တိုင်း မသိမှုအဝိဇ္ဇာ၊ သာယာမှုတဏှာကြောင့် ဒီစိတ်အာရုံဟာ ဖောက်ပြန်ခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်း၊ ပြုပြင်ခြင်း၊ ကြံစည်ခြင်းနှင့်တကွ စိတ်ဆိုး စိတ်ညစ် ဝမ်းသာ ဝမ်းနည်း ဖြစ်တဲ့ သဘောတရားတွေကို ကိုယ်ပိုင်ဒိဋ္ဌိ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဉာဏ်။ ။မြင်တချက်မှာ အစဉ်ဆက်နေတဲ့ သဘောတရားတွေ၊ ကြားတချက်မှာ အမှားဆက်နေတဲ့ သဘောတရားတွေ၊ နံတချက်မှာ မမှန်တာတွေဆက်နေတဲ့ သဘောတရားတွေ၊ စားတချက်မှာ မတရားဆက်နေတဲ့ သဘောတရားတွေ၊ ထိတွေ့တချက်မှာ မငြိးငွေ့နိုင်အောင် ဆက်နေတဲ့ သဘောတရားတွေ၊ ကြံထင်တချက်မှာ နာမ်အစဉ်ဆက်နေတဲ့ သဘောတရားတွေ၊ ဒီသဘောတရားတွေကို ဝိညာဉ်မြင် အနိစ္စ, ဝိညာဉ်မြင် ဒုက္ခ, ဝိညာဉ်မြင် အနတ္တ၊ သညာမြင် အနိစ္စ,သညာမြင် ဒုက္ခ, သညာမြင် အနတ္တ၊ ပညာမြင် အနိစ္စ, ပညာမြင် ဒုက္ခ, ပညာမြင် အနတ္တ ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်နေတဲ့ တရားက ခဏိကအနိစ္စ၊ ပစ္စုပ္ပန်မြင်တချက်မှာ အစဉ်ဆက်နေတဲ့ သမုဒယတရားက

သန္တတိအနိစ္စ၊ ကရဇကာယဖြစ်တဲ့ စိတ္တဇရုပ်က သယံဇာတ ဝတာဝရအနိစ္စ လို့ ဒီသဘောတရားတွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

ကာယာနုပဿနာ သတိပဋ္ဌာန်ဉာဏ်။ ။ထွက်သဘော ဝင်သဘောက ကရဇကာယ၊ စိတ်အာရုံ ဖေါက်ပြန်တိုင်း ဖေါက်ပြန်တိုင်း ဖြစ်ပေါ်လာတဲ့ ပုံသဏ္ဌာန်က ရူပကာယ၊ ခံစားသဘော မှတ်သားသဘော ပြုပြင်သဘော ကြံသိ သဘောတို့က နာမကာယ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ အပေါင်း အစုကြီးက ဥတုဇကာယ၊ ပတိကာယ ဒီသဘောတရားတွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဉာဏ်။ ။ဥတုဇရုပ် အဘာဝတရားနှင့် ကမ္မဇရုပ် အဘာဝတရားတို့ ပေါင်းစုံလုံးထွေး တိုက်ခိုက်တဲ့အခါမှာ စိတ်အာရုံ၌ သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ,ဒေါမနဿဝေဒနာ,ဥပေက္ခာဝေဒနာများ ဖြစ်တယ်။ မြင်သာအောင် ပြောဦးမယ်- စိတ်အာရုံ၌ ချမ်းသာ မှုသဘော၊ ဆင်းရဲမှုသဘော၊ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်း သဘော၊ နှလုံးမသာမယာ ဖြစ်ခြင်းသဘော၊ မသိချင်ယောင် ဆောင်ခြင်းသဘော၊ လျစ်လျူရှုခြင်းသဘော၊ ဒီသဘော တရားတွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများ ဖြစ်တယ် ယောဂီ။ ဒီလို သစ္စဉာဏ်၊ ကိစ္စဉာဏ်တွေကို ကိုယ်ပိုင်

ဒိဋ္ဌ သိမြင်သဘောပေါက်မှ ကတဉာဏ်ဖြစ်တဲ့ ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာတို့ကို မျက်ဝါးထင်ထင် ဉာဏ်မှာ မြင်ပြီး ကေန်မုချ သုံးဆောင် ခံစားရမယ်မှတ် ယောဂီ။ ဒီလို ကိုယ်ပိုင် ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်လာလျှင် ဘယ်လို ကျင့်သုံး နေထိုင်ရမှာလဲ ဆိုတာ ဉာဏ်အမြင် လင်းအောင် ရှင်းပြမယ် ယောဂီ။

(၁) သမ္မုတိသစ္စာ။
(၂) ဝစီသစ္စာ။
(၃) ဝိရတီသစ္စာ။
(၄) သဘာဝသစ္စာ။
(၅) ပရမတ္ထသစ္စာ။
(၆) အရိယာသစ္စာ။

ရယ်လို့ ခြောက်မျိုးရှိတယ်မှတ် ယောဂီ။

သမ္မုတိသစ္စာ။ ။မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံစည်ခိုက်မှာ ဒွာရုံသိစိတ် သမုတ်ချက် ဓါတ် သုံးပါးဥပါဒ်ပြိုင်ပြီး ပေါ်လာတဲ့သမုတ်ချက်ကို စိတ်ဝိညာဏ် အရိပ်မှန်း ပိုင်းပိုင်းခြားခြား ကိုယ်ပိုင်ဒိဋ္ဌ သိမြင်တော့ အရိပ်မှန်း သိမြင်လိုက်တာဟာ ပညာမှတ်။ ဒီသဘောတရား ဒီအသိမျိုး ပုထုဇဉ်တို့ဘယ်တော့မှ မသိနိုင်ပေဘူး။ သိနိုင်တဲ့ ဉာဏ်ပညာမျိုးလဲ လုံးဝမရှိ ဘိတ်မရှိဘူးမှတ် ယောဂီ။ မြင် တိုင်း ကြားတိုင်းမှာ ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်လာတဲ့ စိတ်

ဝိညာဉ်အရိပ်ကို အရိပ်မှန်းသိတာဟာ အရိယာ အစစ်မှတ် ယောဂီ။ ဒါကြောင့် အရိပ်မှန်းသိတာကို ပညာလို့ ပြောတာ၊ စိတ်ဝိညာဉ်ကျရောက်ပြီး ဖြစ်ပေါ်လာတဲ့ အရိပ်ဓါတ်သမုတ်ချက် ပါကလားလို့ ကေန်မုချ သိမြင်တဲ့ အတွက်ကြောင့် ဝစီ ဒုစရိုက်လေးပါးမှ လွတ်အောင် ပြောဆိုဆက်ဆံပြီး ကျင့်သုံး နေထိုင်ခြင်းများ ဖြစ်တယ် ယောဂီ။

ဝစီသစ္စာ။ ။တဦးနှင့် တဦး တွေ့ဆုံ ကြုံကြိုက်တဲ့ အခါမှာ အာရုံရှေ့ရှုဆောင်ပြီး ဖြစ်ပေါ်လာတဲ့ အက္ခရာ စကားလုံးကို နှုတ်စေ့ဖြင့် ပြစ်မှားကျူးလွန်ခြင်း မဖြစ်ရလေ အောင် ပညာဖြင့် သတိထားပြီး သမ္မာဝါစာ ဖြစ်အောင် ပြောဆိုလျက် သမ္မာကမ္မန္တ ဖြစ်အောင် ပြုလုပ်ပြီး ကျင့်သုံး နေထိုင်ခြင်းများ ဖြစ်တယ် ယောဂီ။

ဝိရတိသစ္စာ။ ။သမ္မုတိနယ်မှာ ဖြစ်တဲ့ ကံ, သမုတ်ရှိကံ၊ သမုဒယနယ်မှာ ဖြစ်တဲ့ ကံ, သမုတ်ရှိကံ၊ ဒီသဘောတရား နှစ်မျိုးကို ဉာဏ်မြင် သဘောပေါက်အောင် ရှင်းမယ် ယောဂီ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ-ဒီကံ ငါးမျိုးဟာ သမ္မုတိနယ်မှာ ဖြစ်တဲ့ ကံ၊ သမုတ်ရှိကံ ဖြစ်တယ်လို့ မှတ်လိုက် ယောဂီ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံ-ဒီကံ ငါးမျိုးဟာ သမုဒယခေါ်တဲ့ စိတ်အာရုံပေါ်မှာ ဖြစ်တဲ့ကံလို့ မှတ်လိုက် ယောဂီ။ တနည်း ပြောဦးမယ်- သမ္မုတိနယ်မှာ

ဖြစ်တဲ့ ကံငါးပါးကို အာရတီသီလလို့ခေါ်တယ်၊ သမုဒယ နှယ်မှာဖြစ်တဲ့ ကံငါးပါးကို ဝိရတီသီလလို့ခေါ်တယ်မှတ်။ ဒီဝိရတီမှာလဲ သမ္ပတ္တဝိရတီ၊ သမာဒါနဝိရတီ၊ သမုစ္ဆေဒဝိရတီ လို့ သုံးမျိုးရှိပြန်တယ် ယောဂီ။

ဝိရတီသုံးမျိုး။ ။ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဉ်သမ္ပတ္တိကို အရိပ်မှန်းသိသည်ဖြစ်၍ အယူမှားအစွဲမှား အမှတ်မှားနှင့်တကွ ဒုစရိုက်တရားတွေ မဖြစ်အောင် သတိ ထားနေခြင်းကို သမ္ပတ္တဝိရတီလို့ ပုတ်ပြတ် မှတ်လိုက်ပါ ယောဂီ။

မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ဆိုတဲ့ ပဉ္စာရုံမှာ ဖြစ်တဲ့ ဝိညာဉ်သမ္ပတ္တိအရိပ် ဓမ္မာရုံဖြစ်သော စိတ်အာရုံပေါ်မှာ ဖြစ်တဲ့ သညာသမ္ပတ္တိ အရိပ်နှစ်မျိုးတို့ အပေါ်မှာ အကြောင်း အကျိုး အဆက် အစပ်ဖြင့် စက် ရဟတ်လို ဒီစိတ်အာရုံတွေဟာ အချောင်စနစ်နဲ့ အကောင် ဖြစ်ပြီး မမှန်းတမ်း မဆုံးတမ်း တွေဝေ ငေးမျောပြီး ငေး မောကာ လိုက်စားမှုတို့ကြောင့် သုံးဆဲ့တဘုံမှာ အို၊နာ၊သေ၊ ကွဲသာလျှင် ဆုံးနေပါပေါ့ကလားလို့ ကိုယ်ပိုင် ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်၍ ဒီသဘောတရားတွေ မဖြစ်အောင် သတိ ထားနေခြင်းကို သမာဒါနဝိရတီလို့ ကောန်မုချ ပုတ်ပြတ်မှတ် ယောဂီ။

မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံ စည်ခိုက် ဖြစ်တဲ့ ဒွါရခြောက်ဌာနမှာ တိုက်တိုင်း တိုက်တိုင်း

မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ဒီသဘောတရားတွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ထားတဲ့ အတွက်ကြောင့် (ဝါ) သိမြင်နေပြီးသား ဖြစ်လို့ အယူများ အစွဲများ အမှတ်များနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် ဆယ်ပါး သမုဒယ ဖြစ်တဲ့ ကိလေသာ တရားတွေ မဖြစ်အောင် ကင်းအောင် ရှင်းအောင် လင်းအောင် လွတ်လွတ်ကြီး သတိထား နေခြင်းကို သမုစ္ဆေဒဝိရတီလို့ ကေန်မုချ ပုတ်ပြတ် မှတ်ယောဂီ။

သဘာဝသစ္စာ။ ။ပဉ္စာရုံ ငါးဌာနမှ နေပြီး ဓါတ်သုံးပါးပြိုင် ဖြစ်ပေါ်တဲ့ ဝိညာဉ် သမ္မုတိ ဓမ္မာရုံမှ နေပြီး ဓါတ်သုံးပါးပြိုင် ဖြစ်ပေါ်နေတဲ့ သညာသမ္မုတိ၊ ဒီဝိညာဉ်သမ္မုတိ၊ သညာသမ္မုတိ အရိပ်သဘောတွေ ကျရောက်တိုင်း ကျရောက်တိုင်း ဒီစိတ်အာရုံဟာ ဖေါက်ပြန်ခြင်း သဘော၊ ခံစားခြင်းသဘော၊ မှတ်သားခြင်းသဘော၊ ပြုပြင်ခြင်း သဘော၊ ကြံစည်ခြင်း သဘောတရားတွေ ကေန် ဖြစ်တယ် မှတ် ယောဂီ။ ဒီ သဘောတရား ငါးမျိုး ဖြစ်တိုင်း ဖြစ်တိုင်းမှာ လောဘ, ဒေါသ, မောဟ-မဖြစ်အောင် အယူများ အစွဲများ အမှတ်များနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် တရားတွေ မဖြစ်အောင် သမုဒယ ကိလေသာ အနှောင် အဖွဲ့တွေ မဖြစ်အောင် ပညာ-သီလ-သမာဓိဖြင့် သတိထားပြီး ကျင့်သုံး နေထိုင် ခြင်းများ ဖြစ်တယ် ယောဂီ။

ပရမတ္ထသစ္စာ။ ။စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးမျိုးကို ပရမတ္ထတရားလို့ ခေါ်တယ်မှတ် ယောဂီ။ ဒီပရမတ္ထ

တရား လေးမျိုးကို ရှင်းမယ်၊ သိတဲ့သဘောကို စိတ်ခေါ်တယ်။ ကြံတဲ့တင်တဲ့ သဘောကို စေတသိက် ခေါ်တယ်။ ကြံတဲ့ထင်တဲ့အတိုင်းဖေါက်ပြန် ဖြစ်ပေါ်လာတဲ့ ပုံသဏ္ဍာန်ကို ရုပ်လို့ ခေါ်တယ်မှတ် ယောဂီ။ ပစ္စုပ္ပန် မြင်တချက်မှာ အစဉ်ဆက်နေတဲ့ အဝိဇ္ဇာတဏှာ ဖြစ်တဲ့ သမုဒယ၊ ဒီသမုဒယကြောင့် ဖြစ်တဲ့ ဒုက္ခ၊ ဒီသမုဒယ ဒုက္ခ ကင်းရှင်းပြီး လွတ်ငြိမ်း ချမ်းသာ နေတာကို နိဗ္ဗာန်လို့ ခေါ်တယ် မှတ် ယောဂီ။

ဒီနေရာမှာ သေသေ ချာချာလဲ မှတ်ထားဦး။ နိဗ္ဗာန်ဆိုတာ ဘုံနန်း ပြာသာဒ် မဟုတ်ဘူး မရှိဘူး၊ ဒီနေရာတွေမှာ နားမယောင်နဲ့ နှစ်ယောက်ကြားမှာ တယောက်မပြားနဲ့ ပုတ်ပြတ်မှတ်ထား။ အမြင်မတူလျှင် အနူ ကူးလိမ့်မယ်မှတ်။ ဒီသဘော တရားတွေဟာ ဉာဏ်စခန်းသက်သက်တွေ ဖြစ်တယ်။ ဉာဏ်ပညာ မျက်စိနဲ့မှ မြင်နိုင်တယ်မှတ်။ မံသမျက်စိနဲ့ လုံးဝ မမြင်ရ ဘိတ်မမြင်ရ ဘူးမှတ် ယောဂီ။

ဒါဖြင့် ရှင်းမယ်-စိတ်လဲပရမတ်၊ စေတသိက်လဲပရမတ်၊ ရုပ်လဲ ပရမတ်၊ နိဗ္ဗာန်လဲ ပရမတ်တဲ့ ယောဂီ။ ပရမတ်ချင်း တူပါလျက်သားနဲ့ အဘယ်ကြောင့် နိဗ္ဗာန်ကို လိုချင်ပါသလဲ။ ဒါဖြင့် ဒီနေရာ တွေမှာ စဉ်းစားပြီး သေသေချာချာ ဘတ်ပါ၊ ဇိတ်ခေါ်တဲ့ သဘော ပရမတ်ဟာ ဘယ်လို အာရုံ သဘော တွေနဲ့ မေါင်းနေပေမဲ့ ဘယ်တော့မှ

မဖောက်ပြန်ဘူးမှတ် ယောဂီ။ မဟုတ်တာကိုလဲ သိတာဘဲ၊ ဟုတ်တာကိုလဲ သိတာဘဲ၊ မမှန်တာကိုလဲ သိတာဘဲ၊ မှန်တာ ကိုလဲ သိတာဘဲ၊ ကောင်းတာကိုလဲ သိတာဘဲ၊ မကောင်းတာ ကိုလဲ သိတာဘဲ၊ ဟုတ် မဟုတ် ကောင်းမကောင်း မှန် မမှန် ဆိုတဲ့ အာရုံသဘောက သာလျှင် ဖောက်ပြန်တာ၊ သိစိတ် သဘောကတော့ ဘယ်တော့မှ မဖောက်မပြန်ဘူးမှတ်။

စေတသိက်ခေါ် ကြံတဲ့ ထင်တဲ့ သဘော ပရမတ်ဟာ ကောင်းမကောင်း လိုမလို မှန်မှားကို သာလျှင် ကြံလေ့ ထင်လေ့ ရှိတယ်မှတ် ယောဂီ။ ဒီစေတသိက် ပရမတ်ဟာ ဖောက်ပြန်တဲ့ ပရမတ်လို့မှတ် ယောဂီ။ ဖောက်ပြန် ဖြစ်ပေါ်တဲ့ ပုံသဏ္ဌာန် သဘော ပရမတ်ဟာလဲ စေတသိက်ခေါ် အာရုံ ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း ဖောက်ပြန်ဖြစ်ပေါ်တဲ့ ပုံသဏ္ဌာန်ရုပ်မို့ သူလဲ ဖောက်ပြန်တဲ့ ပရမတ်ဖြစ်တယ်လို့ မှတ် ယောဂီ။

ဒါဖြင့် စိတ်ခေါ် သိသဘော ပရမတ်ကို မဖောက်မပြန်တဲ့ သင်္ခတ ပရမတ်လို့ မှတ်ထား။ စေတသိက်ခေါ် ကြံထင် သဘော ဖြစ်တဲ့ အာရုံပရမတ်ကို သင်္ခါရ ပရမတ်လို့ မှတ်ထား။ ဖောက်ပြန် ဖြစ်ပေါ်တဲ့ ပုံသဏ္ဌာန် ရုပ်သဘော ပရမတ် ကိုလဲ သင်္ခါရ ပရမတ်လို့ မှတ်ထား။ နိဗ္ဗာန် ပရမတ် ကတော့ ပြုစရာ ပြင်စရာ မရှိတဲ့အတွက်ကြောင့်ဥပါဒ်

ဘင်မှ လွတ်နေတဲ့ အတွက်ကြောင့်အသင်္ခတ ပရမတ်လို့ကောန် မုချ ပုတ်ပြတ်သာ မှတ်လိုက်ယောဂီ။ ဒါကြောင့် ပြုစရာ ပြင်စရာနှင့် တကွ သုံးဆဲ့တဘုံကို လည်စေတတ် ဖြစ်စေတတ်တဲ့ သမုဒယ ဒုက္ခတွေကင်းငြိမ်း လွန်မြောက်နေတဲ့ အတွက်ကြောင့် နိဗ္ဗာန်ကို လိုချင်တာ ယောဂီ။ ဒါကြောင့် သင်္ဂဟကျမ်း၌။

ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။

အစ္စုတံ၊ စုတိခြင်း မရှိသော။ အစ္စန္တံ၊ စုတိဟု ဆိုအပ်သော အဆုံးကို လွန်သော။ အသင်္ခတံ၊ ကံ-စိတ်-ဥတု-အာဟာရ-တည်းဟူသော အကြောင်းတရား တို့သည် မပြုပြင်အပ်သော။ အနုတ္တရံ၊ မိမိထက် လွန်သော တရားမရှိသော။ ပဒံ၊ မဂ် ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို။ နိဗ္ဗာနမိတိ-နိဗ္ဗာနံ ဣတိ၊ နိဗ္ဗာန်ဟူ၍။ ဝါနမုတ္တာ၊ ဝါနဟု ဆိုအပ်သော တဏှာမှ လွတ်မြောက်တော် မူကြကုန်သော။ မဟေသယော၊ သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဝိမုတ္တိခန္ဓ၊ ဝိမုတ္တိဉာဏဒဿနခန္ဓ-ကို ရှာမှီးတော် မူလေ့ရှိကြကုန်သော မြတ်စွာဘုရားတို့သည်။ ဘာသန္တိ၊ ဟောကြားတော် မူကြပါပေကုန်သတည်း။

ဒီပရမတ် တရားကြီးကို ပညာဖြင့် ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ပြီး ဖြစ်၍ သမ္မာဝါစာဖြင့် ပြောဆိုဆက်

ဆံပြီး သမ္မာကမ္မန္တနှင့် ပြုလုပ်လျက် သမ္မာအာဇီဝ ဖြစ်အောင် ကျင့်သုံး နေထိုင်ခြင်းများ ဖြစ်တယ် ယောဂီ။ ပညာသိက္ခာကို ဥဌာနသမ္ပဒါ-လို့ မှတ်လိုက်ပါ၊ သီလသိက္ခာကို ကလျာဏ မိတ္တသမ္ပဒါ, သမဇီဝိတ သမ္ပဒါလို့မှတ်လိုက်ပါ၊ သမာဓိသိက္ခာကို အာရက္ခသမ္ပဒါလို့ မှတ်လိုက်ပါ၊ သမ္ပဒါ တရား လေးပါးနှင့် သိက္ခာ သုံးပါး တခြား မရှိဘူး မှတ် ယောဂီ။

အရိယသစ္စာ။ ။ပဌာရုံမှ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်အရိပ် ဖြစ်တဲ့ သမ္မုတိကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း၊ ဓမ္မာရုံမှ ဖြစ်ပေါ် လာတဲ့ သညာ အရိပ် ဖြစ်တဲ့ သမ္မုတိကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း။

ပစ္စုပ္ပန်မြင်တချက် ကြားတချက် တို့မှာ အမှားဆက်နေတဲ့ အဝိဇ္ဇာ-တဏှာ ဖြစ်တဲ့ သမုဒယကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း။

ထိုအဝိဇ္ဇာ-တဏှာ ဖြစ်တဲ့ သမုဒယကြောင့် ဖေါက်ပြန် ဖြစ်ပေါ်လာတဲ့ သက္ကာယ ရုပ်နာမ်ခန္ဓာ ဥပါဒါန် ရုပ်နာမ် ခန္ဓာ သဘောတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း။

သမ္မုတိ တရား တို့ဟာ ခဏိက အနိစ္စတွေ ပါကလား၊ သမုဒယ တရားနှင့် သမုဒယကြောင့် ဖြစ်ပေါ်လာတဲ့သက္ကာယ ရုပ် နာမ် ခန္ဓာ-ဥပါဒါန် ရုပ် နာမ် ခန္ဓာ တို့ဟာ သန္တတိ အနိစ္စတွေ ပါကလားလို့ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း။

ပဉ္စာရုံ၌ ဖြစ်တဲ့ ဝိညာဉ် သမ္မုတိဟာ အနိစ္စ လက္ခဏာ အနတ္တ လက္ခဏာ နိရောဓ သစ္စာ ပါကလားလို ပိုင်းပိုင်း ခြားခြား သိမြင်ခြင်း။

ဓမ္မာရုံ ဖြစ်တဲ့ သညာသမ္မုတိဟာ အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာ, နိရောဓ သစ္စာ ပါကလားလို့ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း။

ဒီသညာ သမ္မုတိ၊ ဝိညာဉ် သမ္မုတိ၊ အရိပ်သဘောတွေကို အရိပ်မှန်း မသိ ဖြစ်လေတော့ ဒီမသိမှု အဝိဇ္ဇာ၊ သာယာမှု တဏှာတို့ကြောင့် ဖြစ်ပေါ်နေတဲ့ သက္ကာယ ရုပ်နာမ် ခန္ဓာ၊ ဥပါဒါန် ရုပ် နာမ် ခန္ဓာတို့ဟာ အနိစ္စ လက္ခဏာ၊ အနတ္တ လက္ခဏာ၊ သမုဒယ သစ္စာ၊ အနိစ္စလက္ခဏာ, အနတ္တ လက္ခဏာ, ဒုက္ခ လက္ခဏာ, ဒုက္ခ သစ္စာတို့ ပါကလား လို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းများကို အရိယာ သစ္စာလို့မှတ်။

အရိယာများမှ သိမြင်နိုင်တဲ့ သဘော တရားတွေ ဖြစ်တယ် ယောဂီ။ အန္ဓပုထုဇဉ် များဟာ ဒီလို သဘောတရားတွေကို ဘယ်တော့မှ မသိ မမြင်နိုင်ဘူးမှတ် ယောဂီ။ အရိယာများမှ သိမြင် နိုင်တဲ့ သဘောတရား တွေမို့ အရိယာ သစ္စာလို့ ခေါ်တယ်မှတ်။

သစ္စာလေးပါး။ ။ပဉ္စာရုံ၌ ဖြစ်တဲ့ ဝိညာဉ် သမ္မုတိ အရိပ်ကို နိရောဓ သစ္စာလို့ ပုတ်ပြတ်မှတ်။ ဓမ္မာရုံ၌ ဖြစ်

တဲ့ သညာသမ္ပတိ အရိပ်ကိုလဲ နိရောဓသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်။ သညာအရိပ် သမ္ပတိ၊ ဝိညာဉ်အရိပ်သမ္ပတိကို မသိတဲ့ အဝိဇ္ဇာ, သာယာတဲ့တဏှာနှစ်ပါးကို သမုဒယသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်။ ဒီအဝိဇ္ဇာ,တဏှာနှစ်ပါးကြောင့် ဖြစ်တဲ့သက္ကာယ ရုပ်နာမ်ခန္ဓာ, ဥပါဒါန် ရုပ်နာမ်ခန္ဓာတို့ကို ဒုက္ခသစ္စာလို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။ ဒီသစ္စာသုံးပါးကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကိုတော့ မဂ္ဂသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်။ ဒီလို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား မိမိဉာဏ်ဝမှာ အမှန်သိမြင်ရမယ်မှတ် ယောဂီ။

ပညာက္ခန္ဓာ။ ဒီလို မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်တာဟာ ပညာမှတ်ယောဂီ။ ဒီသဘောတရား တွေကို ကိုယ်ပိုင်ဒိဋ္ဌ သိမြင်လာတော့ အယူမှား အစွဲမှား အမှတ်မှားနှင့်တကွ ဒုစရိုက်တရားတွေ မဖြစ်အောင် သတိထားနေတာဟာ သတိလို့ မှတ်ယောဂီ။

မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ သဘောတရားတွေကို ဤလိုကျရောက်ဖြစ်လာခြင်းက သမုဒယ၊ ဤလို ကျရောက် ဖြစ်ပေါ်လာရခြင်းကတော့ ဒုက္ခ၊ မြင်တိုင်းကြားတိုင်းမှာ သမုဒယတရားတွေ ငြိမ်းနေခြင်း ကင်းနေခြင်း ရှင်းနေခြင်းကတော့ နိရောဓ၊ ဒီလို ပိုင်းပိုင်းခြားခြား သိမြင်တော့ မြင်တိုင်း ကြားတိုင်းမှာ သမုဒယတွေ မဖြစ်

ပေါ်လာရလေအောင်လို့လ စိုက်ထူထားခြင်းကို ဝီရိယလို့ မှတ်ထားယောဂီ။

ဒီလိုမိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ သတိဝီရိယဖြင့် အယူများ အစွဲများ အမှတ်များနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ သမုဒယ်တရားတွေ ကင်းပြီး ရှင်းပြီး ငြိမ်းပြီး တည်တံ့ခိုင်မြဲခြင်းကို သမာဓိလို့မှတ် ယောဂီ။

ဒီ သဘောတရားတွေကို မိမိတို့ရဲ့ ခန္ဓာဉာဏ်ဝမှာ သိမြင်သဘောပေါက်လာအောင် သဘောရောက်လာအောင် သဘောရလာအောင် သဘောကျလာအောင် သဘောပိုင်လာအောင် သဘောနိုင်လာအောင် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ ယုံကြည်စောက်ကျ ဆည်းပူးရှာဖွေခြင်းကို သဒ္ဓါလို့မှတ် ယောဂီ။

အရိယာများမှာ ဒီလိုသဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဆိုတဲ့ ပညာက္ခန္ဓာနှင့် ပြီးပြည့်စုံနေတယ် ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒီလိုသမုတိသစ္စာ, ဝစီသစ္စာ, ဝိရတိသစ္စာ, သဘာဝသစ္စာ, ပရမတ္ထသစ္စာတွေကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ဘို့ အလွန်အရေးကြီးတယ်မှတ် ယောဂီ။

ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လေ့လာလိုက်စား ပွားများအားထုတ်တဲ့ နေရာမှာ၊ သူ့သစ္စာနှင့်သူ

အချိုးကျကျ သိမြင်သဘောပေါက်ပါမှ ယောဂီတို့ လိုလားတောင့်တနေကြတဲ့ နိဗ္ဗာန်ချမ်းသာ မြတ်ကို ကေန်မုချ သုံးဆောင်ခံစားကြရမယ်မှတ် ယောဂီ။

## ကုသိုလ်, အကုသိုလ်နှင့် အဝိဇ္ဇာ တဏှာတို့ကိုရှင်းမယ် ယောဂီ

မိစ္ဆာမဂ္ဂင် ။ ။မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ။

ကမ္မဿကတမဂ္ဂင် ။ ။ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ကမ္မဿကတသမ္မာသင်္ကပ္ပ၊ ကမ္မဿကတသမ္မာဝါစာ၊ ကမ္မဿကတသမ္မာကမ္မန္တ၊ ကာမဿကတသမ္မာအာဇီဝ၊ ကမ္မဿကတသမ္မာဝါယာမ၊ ကမ္မဿကတသမ္မာသတိ၊ ကမ္မဿကတသမ္မာသမာဓိ။

ဈာနမဂ္ဂင် ။ ။ဈာနသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာသင်္ကပ္ပ၊ ဈာနသမ္မာဝါစာ၊ ဈာနသမ္မာကမ္မန္တ၊ ဈာနသမ္မာအာဇီဝ၊ ဈာနသမ္မာဝါယာမ၊ ဈာနသမ္မာသတိ၊ ဈာနသမ္မာသမာဓိ။

ဒီမဂ္ဂင်သုံးမျိုးဟာ အဝိဇ္ဇာ တဏှာဖြစ်တဲ့ ကံလမ်းသက်သက် ဈာန်လမ်းသက်သက်မှတ်ယောဂီ။

ဝိပဿနာ ဉာဏမဂ္ဂင် ။ ဝိပဿနာဉာဏ သမ္မာဒိဋ္ဌိ၊ ဝိပဿနာဉာဏ ။သမ္မာသင်္ကပ္ပ၊ဝိပဿနာဉာဏ သမ္မာဝါစာ၊ ဝိပဿနာဉာဏသမ္မာကမ္မန္တ၊ ဝိပဿနာဉာဏ သမ္မာအာဇီဝ၊ ဝိပဿနာဉာဏ သမ္မာဝါယာမ၊ ဝိပဿနာဉာဏသမ္မာသတိ၊ဝိပဿနာဉာဏသမ္မာသမာဓိ။

စတုသစ္စမဂ္ဂင်။ ။စတုသစ္စသမ္မာဒိဋ္ဌိ၊ စတုသစ္စသမ္မာသင်္ကပ္ပ၊ စတုသစ္စသမ္မာဝါစာ၊ စတုသစ္စသမ္မာကမ္မန္တ၊ စတုသစ္စသမ္မာအာဇီဝ၊ စတုသစ္စသမ္မာဝါယာမ၊ စတုသစ္စသမ္မာသတိ၊ စတုသစ္စသမ္မာသမာဓိ။

မဂ္ဂဖလမဂ္ဂင်။ ။မဂ္ဂဖလ သမ္မာဒိဋ္ဌိ၊ မဂ္ဂဖလ သမ္မာသင်္ကပ္ပ၊ မဂ္ဂဖလသမ္မာဝါစာ၊ မဂ္ဂဖလသမ္မာကမ္မန္တ၊ မဂ္ဂဖလသမ္မာအာဇီဝ၊မဂ္ဂဖလသမ္မာဝါယာမ၊ မဂ္ဂဖလသမ္မာသတိ၊ မဂ္ဂဖလသမ္မာသမာဓိ။

ဒီမဂ္ဂင်သုံးမျိုးဟာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းမှတ်လိုက် ယောဂီ။ ဒီမဂ္ဂင်အမျိုးအစားတွေကို အချိုးကျကျ သိမြင်မှ ကုသိုလ်အကုသိုလ်နှင့် အဝိဇ္ဇာတဏှာ သဘောအစဉ်တွေကို မနေသာ အမြင်မှာ ရှင်းမယ်ယောဂီ။ ပုညာဘိ, အပုညာဘိ, အာနေဉ္ဇာဘိသဘောတရားတွေဟာ ဓမ္မသက်သက်မှတ်။ အဝိဇ္ဇာတဏှာ

နှင့်ပေါင်းမှ သင်္ခါရဖြစ်တာမှတ်ယောဂီ။ ဒါကြောင့် "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" လို့ ဟောကြားတော်မူတာ။ ကုသိုလ် အကုသိုလ် သဘောတရားဟာ လူနတ်ပြဟ္မာ မဟုတ်ဘူး မရှိဘူး ပုတ်ပြတ်မှတ်။ လိမ္မာတဲ့ သဘောကို ကုသိုလ်ခေါ်တာ၊ မလိမ္မာတဲ့ သဘောကို အကုသိုလ်ခေါ်တာမှတ်။ မှားခြင်း မှောင်ခြင်း မိုက်ခြင်း တွေဝေခြင်းနှင့်တကွ ဖြစ်နေတဲ့ ကောင်းမကောင်း လိုမလို ချစ်မုန်း သဘောတွေကို အဝိဇ္ဇာတဏှာခေါ်တာ ပုတ်ပြတ်မှတ်ယောဂီ။

ရှင်းမယ်- ကုသိုလ်, အကုသိုလ်ကြောင့်တော့ လူမဖြစ် နတ်မဖြစ်ဘူး၊ ဒွါရခြောက်ပါး မှန် အကြည်ရုပ်ဖြစ်ပေါ်ခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းနှင့် ရုပ်ဆိုး, ရုပ်လှဖြစ်ခြင်း၊ လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းဆိုတဲ့ ဣရိယာပထဖြစ်တယ်မှတ်။ အဝိဇ္ဇာ,တဏှာ နှစ်ပါးကြောင့်သာ ခန္ဓာငါးပါးနှင့်တကွ ဖြစ်တဲ့ပုံသဏ္ဌာန် အမျိုးမျိုးနှင့် သတ္တဝါဖြစ်တာ ပုတ်ပြတ်မှတ်ယောဂီ။

ဒါကြောင့် ပါဠိတော်က-

အထခေါ မမ္မဩဝ ဝိသေသနံ ဟောတိ၊တသ္မာ
ယေဘောစိ လောကေ ကုသလာတိ ဝုစ္စန္တိ၊ သဗ္ဗေ
တေ မမ္မာဝေ ဟောန္တိ၊ နပုဂ္ဂလာ နသတ္တာ န

အတ္တာ နဇီဝေါ နမနုဿော နဒေဝေါ နဗြဟ္မာတိ
ဝုတ္တံ ဟောတိ။ အကုသလပဒေ တပ္ပဋိပက္ခဝသေန
အတ္ထောစ အဓိပ္ပါယောစ ဝတ္တဗ္ဗော။

အထခေါ၊ စင်စစ်ကောန် အမှန်သော်ကား။ ဓမ္မသော၀၊ သတ္တဝါမဟုတ် အသက်ဇီဝမဟုတ်သော တရားသက်သက်၏ သာလျှင်။ ဝိသေသနံ၊ အထူးတင်ပြ ဝိသေသပုဒ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ယေကေစိ၊ ခပ်သိမ်းသော အလိမ္မာတို့ကို။ လောကေ၊ လောက၌။ ကုသလာတိ၊ ကုသိုလ်တို့ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဝေါ်ပညတ် ပြောဆိုအပ်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုလောက၌ ကုသိုလ်ဟု ဆိုကြကုန်သော အလိမ္မာတို့သည်။ ဓမ္မာဧဝ၊ တရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နပုဂ္ဂလာ၊ ပုဂ္ဂိုလ်မဟုတ်ကုန်။ နသတ္တာ၊ သတ္တဝါ မဟုတ်ကုန်။ န အတ္တာ၊ ကိုယ်မဟုတ်ကုန်။ နဇီဝါ၊ အသက်မဟုတ်ကုန်။ နမနုဿာ၊ လူမဟုတ်ကုန်။ နဒေဝေါ၊ နတ်မဟုတ်။ နဗြဟ္မာ၊ ဗြဟ္မာမဟုတ်ကုန်၊ ဣတိ အယံအဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုအပ်ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ အကုသလပဒေ၊ အကုသလာဓမ္မာဟူသော ပုဒ်၌။ တပ္ပဋိ ပက္ခဝသေန၊ ထိုကုသိုလ်၏ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်။ အတ္ထောစ၊ အနက်ကိုရင်း။ အဓိပ္ပါယောစ၊ အဓိပ္ပါယ်ကိုရင်း။ ဝတ္တဗ္ဗော၊ ဆိုအပ်ဆိုထိုက်၏။

## အစမထင်တဲ့ ဃနအစဉ်ကိုရှင်းမယ် ယောဂီ

ပစ္စုပ္ပန်မြင်တချက်မှာ အစဉ်ဆက်နေတဲ့ ဃနအခဲသရုပ် တွေကို အစကထဲက လွဲရှုပ်နေလို့ ခက်တယ်မှတ် ယောဂီ။ ဥတုဇရုပ် အဘာဝတရားနှင့် ကမ္မဇရုပ် အဘာဝတရားတို့ ပေါင်းဆုံလုံးထွေး တိုက်ခိုက်တဲ့နေရာမှာ အာရုံရယ်၊ သိစိတ်ရယ်၊ သမုတ်ချက်ရယ်၊ ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်လာတယ်၊ ဒီဓါတ် သုံးပါးပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ အရုပ် ကို သမုတ်လိုက်တာဟာ အာရမ္မဏ ဃနမှတ်လိုက်။ ဃန ပညတ်လို့လဲခေါ်လိုက်။ အဝန်းအဝိုင်းနှင့်တကွ သဏ္ဌာန် ထင်နေတာဟာ သမူဟဃနမှတ်လိုက်။ သမူဟပညတ်လို့ လဲခေါ်လိုက်။ ဘာခေါ်တယ် ညာခေါ်တယ်လို့ ဆုံး ဖြတ်ချက်ချတာကို ကိစ္စဃနမှတ်လိုက်။ နာမပညတ်လို့လဲ လဲခေါ်လိုက်။

ဒီသဘောတရားတွေကို အရှိထင်ပြီး ကောင်းမကောင်း လိုမလိုဖြစ်တဲ့ သဘောကို သန္တတိဃနမှတ်လိုက်။ သန္တတိ ပညတ်လို့လဲခေါ်လိုက်။ ဒီသဘောတရားတွေဟာ ဝိပဿ နာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသူတိုင်း အမြဲဖုံးအုပ် ကာကွယ်ပြီး အကောင်ဖြစ်နေတဲ့ အတွက်ကြောင့် အို့နာ သေမှာသာလျှင် လမ်းဆုံးနေကြရတယ် မဟုတ်လားယောဂီ။ အရုပ်ကို အကောင်ထင်ပြီး အချောင်ဝင်တဲ့ အမှုဃနအစဉ် ကို သုညဖြစ်အောင် ဉာဏ်ပညာနဲ့မြင်ပါမှ နာနာသတ္တ–

ဥလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး၊ ဝိနိပါတဘေးဆိုတဲ့ ဘေးဆိုးကြီးလေးမျိုးမှ မုချလွတ်မယ်မှတ် ယောဂီ။ ဒါကြောင့် အနုဋီကာကြီး၌-

တဒပိ နိဟဋံ ပန မနောဝိညာဏံ အနေကက္ခတ္တုံ
ဥပ္ပဇ္ဇ မာနံ ပုရိမသိဒ္ဓ ကပ္ပနာဝသေန သမူဟာကာ
ရေန သဏ္ဌာနာဒိ အာကာရေနစ ပဝတ္တတိ။

ပန၊ ထိုသို့ပင် စက္ခုဝိညာဏ်စိတ်သည် သဏ္ဌာန်ဃနကို မမြင်သည်မှန်သော်လည်း။ တဒပိနိဟဋံ၊ ထိုစက္ခုဝိညာဏ်သည် ရှေးရှုဆောင်အပ်သော။ ဝါ၊ ထိုစက္ခုဝိညာဏ်စိတ်၏ နောက်၌ ဖြစ်ပေါ်လာသော။ မနောဝိညာဏံ၊ မနောဝိညာဏ်လိမ်သည်။ အနေကက္ခတ္တုံ၊ အကြိမ်များစွာ။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ဖြစ်၍။ ပုရိမသိဒ္ဓကပ္ပနာဝသေန၊ စက္ခုဝိညာဏ်၏ ရှေ့၌ဖြစ်ကြသော မနောဝိညာဏ်လိမ်တို့ လုပ်ကြံဘူးသော အတိုင်းဖြင့်သာ ပြီးသော လုပ်ကြံခြင်း၏ အစွမ်းဖြင့်။ သမူဟာကာရေနစ၊ အတို အရှည် အထည်ပုံဟန် စသော သဏ္ဌာန်ဒြပ် ဃနအခြင်းအရာဖြင့်ရင်း။ ပဝတ္တတိ၊ ဖြစ်၏။ ဝါ၊ မဟုတ်မမှန် လုပ်ကြံထင်မြင်တော့၏။

## ခန္ဓာအာယတန ရုပ်ဓါတ်ခပင်းတွေ ပုတ်ပြတ်ရှင်းမယ် ယောဂီ

ခန္ဓာ, အာယတန, ရုပ်ဓါတ်အစဉ်တွေကို အတပ်မြင်အောင် ကြည့်စမ်း၊ အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာ

ဂတ်ကာလ - သုံးမျိုးရှိတယ်ယောဂီ။ ဒီကာလသုံးမျိုးမှာ လဲ ဗုဒ္ဓဟာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ ရကြောင်းကို အဘယ်ကာလမှာ အတိအလင်း ဟောကြား တယ်ဆိုတာ ယောဂီများ သိမြင် သဘောပေါက်ဘို့လို တယ်။ ဒီကာလသုံးပါးမှာ ပိုင်းပိုင်းခြားခြား ဟောကြား ကြောင်းကို မသိလျှင် အဘယ်ကာလကို တရားရှာကြမှာ လဲ။ ဒီကာလသုံးပါးကို ပိုင်းပိုင်းခြားခြား သိပါမှ မျက် စိလယ်ပျောက်မယ်ယောဂီ။

ခန္ဓာ, အာယတန, ဓါတ်ဆိုတဲ့ သဘောတွေဟာ ဘယ် ကာလမှာ ဖြစ်တာလဲဆိုတာ ရှင်းမယ်ယောဂီ။ မြင်, ကြား, နံ, စား, တွေ့, ထိ, ဆိုတဲ့ ပဉ္စာရုံမှာ တိုက်တိုင်းဖြစ်ပေါ် လာတဲ့ သဏ္ဍာန် အရိပ်ဝိညာဉ်သမ္မုတိကို ပစ္စုပ္ပန်ကာလလို့ မှတ်လိုက်။ ပရိယုဋ္ဌာနဘုံ - ပရိယုဋ္ဌာန ကိလေသာဖြစ်တယ် ယောဂီ။ ဓမ္မာရုံမှာ တိုက်တိုင်းဖြစ်ပေါ်လာတဲ့ ပုံသဏ္ဍာန် အရိပ်သညာ သမ္မုတိကို အတိတ်ကာလလို့မှတ်လိုက်။ အနု သယဘုံ-အနုသယကိလေသာ ဖြစ်တယ်ယောဂီ။ ပဉ္စာရုံ ဓမ္မာရုံတွေမှာ တိုက်တိုင်းဖြစ်ပေါ်လာတဲ့ သညာသမ္မုတိအ ရိပ်၊ ဝိညာဉ်သမ္မုတိ အရိပ်တွေကို အရိပ်မှန်းမသိလို့ အ အကောင်ထင် အချောင်ဝင်တဲ့ အမှား၊ အမှောင်၊ အမိုက် အကြောင်းအကျိုးကို မသိမမြင် အရှိထင်ပြီး တွေဝေငေး မှောလိုက်တဲ့ အဝိဇ္ဇာ၊ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်မြှောက်ကြောက်ဆိုတဲ့ တဏှာ၊ ဒီအဝိဇ္ဇာတဏှာဖြစ်ဘဲ

သမုဒယ သဘောဟာ အနာဂတ် ကာလလို့မှတ်လိုက်။ ဝိတိက္ကမဘုံ-ဝိတိက္ကကိလေသာဖြစ်တယ်၊ ပစ္စုပ္ပန်ကာလ ပရိယုဋ္ဌာန်နှင့် အတိက်ကာလ အနုသယဖြစ်တဲ့ အရိပ်သဘော တွေကို မသိတဲ့ အဝိဇ္ဇာ၊ သာယာတဲ့တဏှာ၊ ဒီသမုဒယ သဘောကို အာယတနလို့မှတ်လိုက်။ ဘဝတရားဖြစ်တယ်လို့ ပုတ်ပြတ်မှတ်လိုက်။

ဒီသမုဒယဖြစ်တဲ့ အာယတနတရား၊ ဘဝတရားတွေ ကြောင့် မိမိတို့ စိတ်အာရုံပေါ်မှာ အမိုက်အမှောင်တရား တွေ အခနှောင်အဖွဲ့တွေနှင့် အယူမှား အစွဲမှား အမှတ် မှားတွေ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေတာကို သက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာလို့ ပုတ်ပြတ်မှတ်။ ဇာတိတရားလို့လဲ ခေါ် တယ်မှတ်။ ဓါတ်သုံးပါး ဥပါဒ်ပြိုင်ဖြစ်ပေါ်လာတဲ့ ဝိညာဉ် အရိပ် သမ္မုတိနှစ်မျိုးကို ဓါတ်ခေါ်တယ်မှတ်။ ဒီသဘော တရားတွေကို မသိမမြင်လျှင် သတ္တဝါခေါ်တယ်မှတ်ယောဂီ။ ဒါကြောင့် ပါဠိတော်၌-

> တေသံ ဇာတိနံ သန္တာနေ အဝိဇ္ဇာတဏှာယ ပရိယောနဒ္ဓိတွာ ဗန္ဓိတွာ ကာမဂုဏေသု အာဒီနဝံ အပဿန္တော မဏ္ဍပါလသဒိသံ ဟုတွာ ဒဠှံ သဋ္ဌတိ ပရိတဿတိတိ ဝါ သတ္တော။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ တေသံဇာတိနံ၊ ထိုသို့ သဘောရှိသော ဇာတိတို့၏။ သန္တာနေ၊ ခန္ဓာ၌ငါး

ပါးသဏ္ဌာန်၌။ အဝိဇ္ဇာတဏှာယ၊ အဝိဇ္ဇာတဏှာဖြင့်။ ပရိယောနဒ္ဓိတ္ဝာ၊ အဖန်ဖန် မေ့ယှက်သောကြောင့်။ ဗန္ဓိတွာ၊ ဖွဲ့ခြင်းကြောင့်။ ကာမဂုဏေသု၊ ငါးဝသောအာရုံ ကာမဂုဏ်တို့၌။ အာဒိနဝံ၊ ကြီးစွာသောအဖြစ်ကို။ အပဿန္တော၊ မသိမမြင်သော။ မစ္ဆဗ္ဗာလသဒိသံ၊ သေဘေးကိုမမြင် သံမြှားချိတ်၌ ရှိသော အစာကို သာယာမှားသော ငါးမိုက်နှင့်တူသည်။ ဟုတွာ၊ ဖြစ်၍။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံစသော သုံးပါးသော ဘုံလောကီအာရုံကို။ ဒဠှံ၊ မြဲမြံစွာ။ သဠုတိ၊ စွဲလမ်းတပ်မက်၏။ ပရိတဿတိ၊ ပူပန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သတ္တော၊ သတ္တဝါမည်၏။

ပဋ္ဌာဘာဂမင်။ အို့ နာ, သေ့ကွဲဆိုတဲ့ ဘေးဆိုးကြီးတွေနှင့် တကွ ဖြစ်နေတဲ့ သတ္တဝါမှလွတ်အောင် ပဋ္ဌာဘာဂမင်ကို ရှင်းမယ်။ မိမိတို့ စိတ်အာရုံပေါ်မှာ အကြောင်းအကျိုးတွေ ဖြစ်ပြီး ဖုံးအုပ်ကာကွယ်နေတဲ့ သဏ္ဌာယ ဉပါဒါန်ခေါ်တဲ့ခန္ဓာ, အာယတန, ဓါတ် - သဘောတရားတွေကို သညာရိပ် ဝိညာဉ်ရိပ်တွေပါကလား၊ သံသရာသုံးကြောင်း သုံးသွယ်ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက် သဘောရောက် သဘောရ သဘောကျ သဘောနိုင် သဘောပိုင်လာလျှင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တွေဖြစ်ပြီး ပြည့်စုံလာလျှင် စိတ်အာရုံမှာ ဖြစ်နေ

တဲ့ အို့ နာ့ သေ ဝိပါက်ကဋတ္တာရုပ် အဗျာကတခန္ဓာအိမ် ဖြစ်တဲ့ အို့နာ့သေတို့မှ မုချလွတ်မယ်မှတ်ယောဂီ။

ဒါဖြင့် အဗျာကတခေါ်တဲ့ဝိပါက်ကဋတ္တာ အပုပ်ခန္ဓာမှာ ဟုတ်မှန်စွာ ညာဏ်ပတ္တရာနှင့် ကြည့်စမ်း၊ မိမိတို့ခန္ဓာပေါ်မှာ အကြောင်းသင်္ခါရသဘော၊ အကျိုးသင်္ခါရ သဘောတွေနှင့် အနှောင်အဖွဲ့ဖြစ်နေတဲ့ သဘောတရားတွေကို မရှိဘဲနှင့် အရှိထင်ပြီး စွဲယူသိမ်းပိုက်နေတဲ့ အတွက်ကြောင့် မျက်စိလည် လမ်းမှားပြီး အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော မှာသာလျှင် ဆုံးရှုံးခဲ့ရတယ်ဆိုတာ မုချမှတ်။ ပကတိကြည်လင် သန့်ရှင်းတဲ့ သယံဇာတဓါတ်အစဉ်ကို ညာဏ်ဝမှာအတပ် မြင်အောင် စဉ်းစားစမ်းယောဂီ။ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ္ထ သစ္စာတရားကြီးက အရပ်ဖြစ်တယ်။ သညာ သမ္မုတိ၊ ဝိညာဉ်သမ္မုတိနှစ်မျိုးက အရိပ်ဖြစ်တယ်၊ အရပ်နှင့် အရိပ်သဘောတွေကို မသိလို့အကောင်ဖြစ်တာမှတ် ယောဂီ။

တောဘုမက သင်္ခါရတရားအားလုံးကို ချုံးပြီးကြည့်လိုက် လျှင် သညာမြင် ဝိညာဉ်မြင် သဘောအရိပ်တွေချည်း ပါက လားလို့ မြင်တာ ပညာမှတ် ယောဂီ။ ဒီလိုအရိပ်သဘော တွေမှန်းသိလို့ အို့နာ့သေ့ကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ သမ္မာဝါစာနှင့် ဆက်ဆံပြီး သမ္မာကမ္မန္တနှင့် ပြုလုပ်လျက် သမ္မာအာဇီဝ ဖြစ်အောင် ကျင့်သုံးနေထိုင် သွားရမယ်။ ဒီသိက္ခာသုံးပါးဖြင့် ပြီးပြည့်စုံအောင် ကျင့်သုံးနေထိုင်သွား

တာကိုက သောတာပန်,သကဒါဂါမ်ခေါ်တယ်မှတ် ယောဂီ၊ ဒီအကြောင်း မဂ္ဂင်ငါးပါးနှင့် အခြေခံပြီး သမ္မုတိသဘော တရားတွေကို သမုဒယ မဖြစ်အောင် ကင်းအောင် ငြိမ်းအောင် သစ္စာထိုက်အောင် နုတ်ဝစီဖြင့် မြွက်ဟပြောဆိုတဲ့ နေရာမှာလဲ သစ္စာထိုက်အောင်၊ မိမိတို့ စိတ်အာရုံပေါ်မှာ ဖြစ်လာတဲ့ သဘောတရားတွေကိုလဲ သစ္စာထိုက်အောင် သစ္စာသုံးပါးဖြင့် ကျင့်သုံးနေထိုင် သွားရမယ်ဆိုတာ ဧကန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့် ပရမတ္ထဒီပနီဋီကာကြီး၌–

တသ္မိံ သမ္မုတိ သစ္စေ ဌတွာ သမ္မာပဋိပဇ္ဇန္တာ သဗ္ဗလောကိယ သမ္ပတ္တိယော တံ တံ ဗောဓိသမ္ဘာရ ဓမ္မေစ အာရာဓေန္တိ၊ မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာ ဟောန္တိ၊ ဧဝံ မဟန္တံ ဟိ သမ္မုတိသစ္စန္တိ။

တသ္မိံ သမ္မုတိသစ္စေ၊ ထိုသမ္မုတိသစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာပဋိပဇ္ဇန္တာ၊ မဖေါက်မပြန် ကောင်းမွန်စွာ ကျင့်ကြကုန်သော သူတို့သည်။ သဗ္ဗလောကိယသမ္ပတ္တိယော၊ အလုံးစုံသော လောကီ စည်းစိမ်ချမ်းသာ တို့ကိုလည်းကောင်း။ တံ တံ ဗောဓိ-သမ္ဘာရဓမ္မေစ၊ ထိုထိုဗောဓိ အဆောက်အဦဖြစ်သော။ ဒါန, သီလ-စသော တရားတို့ကိုလည်းကောင်း။ အာရာဓေန္တိ၊ ပြီးစေကုန်၏။ မိစ္ဆာပဋိပဇ္ဇန္တာ၊ မှားယွင်း ဖေါက်ပြန်စွာ ကျင့်ကြကုန်သော သူတို့သည်။ အပါယပူရကာ၊ အပါယ်၌ ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ သမ္မုတိ

သစ္စာသည်။ ဧဝံမဟန္တံ၊ ဤမျှလောက်ကြီးကျယ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ခြေယျဓမ်တရား ငါးပါးကို ရှင်းမယ် ယောဂီ

တေဘူမကသင်္ခါရတရားအပေါင်းတို့တွင် မှန်တာမှ တရား၊ သစ္စာထိုက်တာမှ တရား ဆိုတာ ပုတ်ပြတ်မှတ်။ သစ္စာထိုက်တဲ့ တရား၊ မှန်တဲ့ တရားမှာ သဘောငါးမျိုးရှိတယ် ယောဂီ။ ဒီသဘောတရားမှာ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်– ဆိုတဲ့ သဘောငါးမျိုးပင်ဖြစ်သည်။

ကာယသင်္ခါရ။ ။ဆံပင်၊ မွေးညှင်း–အစ ကျင်ငယ် အဆုံး ဖြစ်တဲ့ ပုတိကာယ၊ ပူမှု အေးမှု သဘောဖြစ်တဲ့ ဥတုဇကာယ၊ ထွက်သဘော ဝင်သဘောဖြစ်တဲ့ ကရဇကာယ၊ ပစ္စုပ္ပန် အဝိဇ္ဇာ တဏှာကြောင့် ဖြစ်တဲ့ သက္ကာယ-နာမကာယ- ရူပကာယ ဒီသဘောတရား အားလုံးကိုပင် ကာယသင်္ခါရ ချည်းဘဲလို့ ဆိုတာ ပုတ်ပြတ်မှတ် ယောဂီ။

ဝစီသင်္ခါရ။ ။အာရုံရှေးရှုဆောင်ပြီး ကြံစည်တိုင်းမှာ အက္ခရာစကားလုံး ဖြစ်လာ၍ သညာဝိညာဉ်ကျရောက်တိုင်း ကျက်စားလျက် နှုတ်ဝစီဖြင့် မြွက်ဟ ပြောဆိုခြင်းများ ဖြစ်တယ်မှတ် ယောဂီ။

မနောသင်္ခါရ။ ။ပဉ္စာရုံမှာ ဓါတ်သုံးပါး ဥပါဒ်ပြိုင် ဖြစ်ပေါ်လာပြီး ဝိညာဉ်ရိပ်ထင်နေခြင်းဆိုတဲ့ သမ္မုတိ ဓမ္မာရုံ

မှာ ဓါတ်သုံးပါး ဥပါဒ်ပြိုင် ဖြစ်ပေါ်လာပြီး သညာရိပ်ထင်နေခြင်းဆိုတဲ့ သမ္မုတိ ဒီသဘောတရားတွေကို အရိပ်မှန်းမသိလို့ အကောင်ထင်တာ မှန်သမျှ မနောသင်္ခါရချည်းဘဲလို့ ပုတ်ပြတ်မှတ်။

ကံသင်္ခါရ။ ။မိမိတို့ရဲ့ စိတ်အာရုံ ဖြစ်စဉ် အရပ်ရပ်ပေါ်မှာ အကြောင်း အကျိုးကို မသိမမြင်၍ မှားခြင်း မှောင်ခြင်း မိုက်ခြင်း တွေဝေငေးမျှောပြီး လိုက်ပါခြင်းဆိုတဲ့ အဝိဇ္ဇာ၊ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်ခြောက်ကြောက် ဆိုတဲ့ တဏှာ၊ ဒီအဝိဇ္ဇာသဘော တဏှာသဘောနှင့်ဖြစ်နေတဲ့ ကုသိုလ် အကုသိုလ် တရားမှန်သမျှ သင်္ခါရချည်းဘဲလို့ ပုတ်ပြတ်မှတ် ယောဂီ။

အဘိသင်္ခါရ။ ။ပစ္စုပ္ပန်ဓါတ်သုံးပါး ဥပါဒ်ပြိုင်ဖြစ်ပေါ်နေခြင်းကို မသိမမြင်တိုင်း သက္ကာယရုပ်နာမ်ခန္ဓာ၊ ဥပါဒါန်ရုပ်နာမ်ခန္ဓာတွေချည်း ဖြစ်တယ်။ ဒီသက္ကာယ ဥပါဒါန်ဆိုတဲ့ သဘောတရားတွေ မှန်သမျှ သင်္ခါရချည်းဘဲလို့ ပုတ်ပြတ်မှတ် ယောဂီ။

ဇာတိသင်္ခါရ။ ။ပဥ္စာရုံမှာ ဖြစ်တဲ့ ဝိညာဉ်သမ္မုတိသဘောဟာ ရုပ်အကြောင်းခံပြီး နာမ်အကျိုးပေါ်လေသောကြောင့် စိတ္တဇဇာတိခေါ်တယ်။ ဓမ္မာရုံမှာ ဖြစ်တဲ့ သညာသမ္မုတိသဘောဟာ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ်လေသောကြောင့် စိတ္တဇ ဇာတိလို့ဘဲ ခေါ်တယ်။

အဝိဇ္ဇာ တဏှာဖြစ်တဲ့ သမုဒယသဘောတရားဟာ ကမ္မဇ ဇာတိခေါ်တယ်။ ဒီသဘောတရားတွေကို ချုံပြီးကြည့်စမ်း ယောဂီ။ မရှိတရား အဘာဝတရား အဖြစ်တရား သဘာဝ တရားမှန်သမျှ သင်္ခါရ တရားချည်းဘဲလို့ ပုတ်ပြတ်မှတ် ယောဂီ။

ဝိကာရ။ ။ယခုလက်ရှိ ရထားတဲ့ အဗျာကတခေါ် ဝိပါက်ကဋတ္တာ အကျိုးရုပ် အကျိုးခန္ဓာအိမ်ကြီးကို ဝတ္တရား အတိုင်း ပြုစုစောင့်ရှောက် စားသောက်ရှာဖွေ နေရခြင်း ဖြစ်နေတဲ့သဘော၊ လျှောင်းခြင်း ထိုင်ခြင်း ရပ်ခြင်း သွားခြင်း ဆိုတဲ့ သဘောတရားများပင် ဖြစ်တယ် ယောဂီ။ အိုခြင်း နာခြင်း သေခြင်း သဘောကိုတော့ ဝိပရိဏာမလို့ မှတ်လိုက် ယောဂီ။

လက္ခဏာ။ ။မြင်တဲ့အပေါ် ကြားတဲ့အပေါ် နံတဲ့ အပေါ် စားတဲ့အပေါ် တွေ့ထိတဲ့အပေါ် ကြံစည်တဲ့ အပေါ်မှာ မိမိတို့ရဲ့ စိတ်အာရုံဟာ စွဲမှီပြီး ဖြစ်လာခြင်း ဆိုတဲ့ (ဥပစယ)၊ ဖြစ်ဆဲဖြစ်ခိုက် (သန္တတိ)၊ အမြင်တခုမှ အမြင်တခုသို့ အကြားတခုမှ အကြားတခုသို့ စိတ်အာရုံ တခုမှ စိတ်အာရုံတခုသို့ ရွှေ့လျောပြောင်းလဲခြင်း ဆိုတဲ့ (ဇရတာ)၊ မမြဲခြင်းဆိုတဲ့ (အနိစ္စတာ) ဒီသဘောတရား များပင်ဖြစ်တယ်။

နိဗ္ဗာန်။ ။သ ဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်လို့ နှစ်မျိုးရှိပြန်ရာ ဒုစရိုက်ဆယ်ပါးနှင့် တကွ

အယူမှား အစွဲမှား အမှတ်မှား ငြိမ်းခြင်းကို သဉပါဒိ-သေသနိဗ္ဗာန်၊ ကောင်း မကောင်း လို မလို ချစ်မုန်း ချောက်ချြောက် ကြောက်ငြိမ်းခြင်းကို အနုပါဒိသေသနိဗ္ဗာန်၊ သမု-ဒယငြိမ်း၍ သမ္ဘုတိ ကျန်ရှိနေသေးခြင်းကို သ ဉပါဒိသေသ နိဗ္ဗာန်၊ သမ္မုတိ,သမုဒယနှစ်ပါးလုံး ငြိမ်းခြင်းကို အနုပါဒိ-သေသနိဗ္ဗာန်လို့ ကေန်မုချ ပုတ်ပြတ်မှတ် ယောဂီ။

ပညတ်။ ။ပညတ်ဆို တာပရမတ်က,ထွက်တဲ့ အရိပ် မှတ် ယောဂီ။ ပရမတ် ပညတ် နှစ်မျိုး နှစ်ပုံ မရှိဘူး၊ အ ရိပ်ကို အကောင်ထင်တာ မှန်သမျှ ပညတ် ချည်းဘဲလို့ ပုတ် ပြတ်မှတ်ယောဂီ။ ဒါကြောင့် ပါဠိတော်က-

အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

အနိဗ္ဗတ္တေန၊ ဖြစ်ဆဲ မဟုတ်သော အတိတ်, အနာဂတ် စိတ်ဖြင့်။ နဇာတော၊ သတ္တဝါ ဖြစ်သည်မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲ စိတ်ဖြင့် သာလျှင်။ ဇီဝတိ၊ အသက်ရှည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ ရောက်၍ စိတ်တိုင်း ချုပ်ပျောက် ခြင်းကြောင့်။ လောကော၊ ဖြစ်ပျက် သဘောမျှ ဤလောကသည်။ မတော၊ ခါခါထပ်ထပ် ဆတ်ဆတ် သေရာ၏။ ဝေသန္တေပိ၊ သို့စဉ် ပုံသေ သေ၍ပင် နေသော်လည်း။ ပညတ္တိ၊ တည်ဆဲ တည် ဆဲ စိတ်ကို စွဲလျက် အသက်ရှင်၏ဟု သမ္မုတိ အများ ပရ မတ်တရားချင်း ပရမတ်တရား စကား၏ အရာ သတ္တဝါဟူ

သော ပညတ်သည်။ ပရမတ္ထိယာ၊ ပရမတ္ထဘူတနာမ၊ ဝေါတ္တံ-နဇီဝတိ ဆိုဘိသည်နှင့် အမြဲနိယတ် ပရမတ်ကဲ့သို့ ဖြစ်၍ နေ၏။

မိမိတို့ရဲ့ စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ သင်္ခါရသဘော တရား အရိပ်နိမိတ်တွေကို ဝိပဿနာညာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတဲ့ ဉာဏ်ပညာ အလင်းရပါမှ အရိပ် ထွက်ပေါ် ကျရောက် နေမှန်းကို သိမြင် နိုင်တယ်လို့ ဆိုတာ မုချသာ မှတ်လိုက်ပေတော့။

အရိပ်သုံးမျိုးကို ရှင်းမယ် ယောဂီ

ဒါကြောင့် အရိပ်သုံးပါးကို နားမလည်လျှင် ဂျိသူငယ် ကျားစာ ဖြစ်မယ်မှတ် ယောဂီ။ ဒါဖြင့် လင်းအောင် ရှင်းမယ်-ပဋ္ဌာရုံမှာ ဓါတ်သုံးပါး ပြိုင်ပြီး ဖြစ်ပေါ် လာတဲ့ ဝိညာဉ် သမ္မုတိအရိပ်၊ ဓမ္မာရုံမှာ ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ သညာသမ္မုတိ အရိပ်၊ အဝိဇ္ဇာ တဏှာကြောင့် ဖြစ်ပေါ် လာတဲ့ သက္ကာယ-ဉပါဒါန် ခေါ်တဲ့ သမုဒယ အရိပ်။ ဒီအရိပ်တွေဟာ မိမိတို့ စိတ်အာရုံ ဖြစ်ပေါ်ကျရောက် တိုင်း ထင်လေ့ မြင်လေ့ ရှိတဲ့ သဘော တရားတွေ မှတ်။ ဒါကြောင့် စိတ်-နာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို မလေ့လာ မလိုက်စား မရရှိသူတိုင်း အကောင်ထင် အကောင် မြင်မြဲမှတ် ယောဂီ။

ဒီဉာဏ်ပညာမျိုးတွေကို မလိုလားသူတိုင်း ပဉ္စာရုံ ဓမ္မာရုံတွေမှာ ဖြစ်နေတဲ့ အရိပ်သဘော တွေကို မသိ မမြင်တဲ့ အတွက် ကြောင့် အကောင်ထင်ကာ အကောင်မြင်ကာ မြုပ်-မျော-ဆက်လည် ဖြစ်ပြီး မီးတဆဲ့ တပါး လောင်မြိုက်ခြင်းဖြင့်သာလျှင် ဆုံးရှုံးကြရတယ်မှတ် ယောဂီ။ မိမိတို့စိတ် အာရုံပေါ်မှာ ဒီလို အရိပ်တွေ ကျရောက်တိုင်း အကောင်မဖြစ်အောင် သမ္မုတိသစ္စာ-ဝစီသစ္စာ-ဝိရတိသစ္စာ သုံးပါး ဖြင့် အချိုးကျကျ သစ္စာထိုက်အောင် စောင့်စည်း ကျင့်သုံး ရမယ် မှတ် ယောဂီ။

တကယ်တော့ အရိပ်ဆိုတာ အမှောင် သဘောမှတ်။ အချောင်သဘောနဲ့ အကောင်ဖြစ်ပြီး မျောနေလို့ ပြောင်းပြော နေရတာမှတ်။ ဒီဝိပဿနာဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဆိုတဲ့ အလင်းကို မသိမမြင်နိုင်လို့ အမှောင် အရိပ်မှာ အကောင်နိမိတ်တွေ ထင်တာမှုချ မှတ်လိုက်ယောဂီ။ ပဉ္စာရုံမှာ ဓါတ်သုံးပါး ပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဉ် သမ္မုတိဟာ ရုပ်အကြောင်း ခံပြီး နာမ်အကျိုး ပေါ်လာတာ ဖြစ်တဲ့ အတွက်ကြောင့် ရုပ်ကို နာမ်က လိမ်တာမှတ်လိုက်။ ဓမ္မာရုံမှာ ဓါတ်သုံးပါး ပြိုင်ပြီး ဖြစ်ပေါ်လာတဲ့ သညာသမ္မုတိဟာ နာမ်အကြောင်းခံပြီး ရုပ်အကျိုး ပေါ်တာ ဖြစ်တဲ့ အတွက်ကြောင့် နာမ်ကို ရုပ်က လိမ်တာမှတ်လိုက်။ သမုဒယကြောင့် ဖြစ်တဲ့ သက္ကာယခန္ဓာ ဥပါဒါန် ခန္ဓာတို့ဟာ နာမ်အကြောင်း

ခံပြီး နာမ်အကျိုး ပေါ်လာတဲ့ အတွက်ကြောင့် နာမ် နာမ် ချင်း လိမ်တာ မှတ်လိုက် ယောဂီ။

ဒါကြောင့်ဝိညာဉ် သမ္ပယုတ်ကို နာမ်ရုပ်ခေါ်တယ်မှတ်။ သညာသမ္ပယုတ်ကို ရုပ်ရုပ် ခေါ်တယ်မှတ်။ သမုဒယနှင့်တကွ ဖြစ်တဲ့ သင်္ခါယခန္ဓာ- ဥပါဒါန်ခန္ဓာတို့ကို ကံရုပ် ခေါ်တယ် မှတ်။ မိမိတို့ စိတ်အာရုံ ကျရောက်တိုင်း ကျရောက်တိုင်း ဖြစ်ပေါ်နေတဲ့ သညာ,ဝိညာဉ် အရုပ်တွေကို အရုပ်မှန်းသိ မြင် သဘောပေါက် ပါမှ နိဗ္ဗာန်ရောက်ကို တွေ့မြင် နိုင်တယ်မှတ်။ ဒီလို မသိ မမြင် နိုင်သမျှမှာတော့ ဒီ ပစ္စုပ္ပန် မြင်ဆဲ ကြားဆဲ နံ့ဆဲ စားဆဲ တွေ့ထိဆဲ ကြံစည်ဆဲ ဆိုတဲ့ တိုက်ဆဲ အစဉ်မှာ အမိုက်အမဲဝင်ကာ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တွေနဲ့ ပြုသမျှ အမှန် ဒွါရအစဉ်မှာ တခုမှ မကျန် လာသမျှဝင်ကာ သမု- ဒယ အစွဲဖြစ်ပြီး ဓုဝ-သုဘ-သုခ-အတ္တ အခဲအနှစ် တွေနဲ့ တလွဲဖြစ်ကာ အို-နာ-သေ မှာ သာလျှင် မုချ နစ်မယ်မှတ် ယောဂီ။ ဒါကြောင့် အဘိဓမ္မတ္ထ သင်္ဂဟ ပစ္စယ သင်္ဂဟဥ္-

> စိတ္တုပါဒါန မာလမ္ဗဏဘူတာ တံတံ ဥပါဒါယ ဥပ- နိဓါယ ကါရဏံ ကတွာ တထာတထာ ပရိကပ္ပိယ မာနာ သင်္ခါယတိ သမညာယတိ ဝေါဟာရီယတိ- ပညာ ပိယတီတိ ပညတ္တီတိ ပဝုစ္စတိ။

စိတ္တုပါဒါနံ၊ စိတ်, စေတသိက် တို့၏။ အာလမ္ဗဏဘူ- တာ၊ စိတ်ထင်ကာမျှ အာရုံဖြစ်၍ ဖြစ်သော အရိပ်ပညတ်

ကို။ တံတံ၊ ထိုထိုသို့သော မှတ်သားမှု အခြင်းအရာကို။ ဥပါဒါယ၊ စွဲ၍။ ဥပနိဓာယ၊ အထက်နှင့်အောက် တခုခု ထောက်ဆ၍။ ကာရဏံ၊ ထောက်ဆ၍ သိအပ်သော အကြောင်းကို။ ကတွာ၊ အမှီတံကဲ သဟဲပြု၍။ တထာ-တထာ၊ ထိုထိုသို့သော ပုံသဏ္ဌာန် အခြင်းအရာ အားဖြင့်။ ပရိကပ္ပိယမာနာ၊ စိတ်သညာဖြင့် တဖန်ကြံဆအပ်သည်ဖြစ်၍။ သင်္ခါယတိ၊ လူအဖြစ် နတ်အဖြစ်၌ ပါ၏ဟု ရေတွက်အပ်၏။ သမညာယတိ၊ စိတ်သညာ ထင်သည့် အတိုင်း သမုတ်အပ်၏။ ဝေါဟာရီယတိ။ စိတ်သညာ ထင်သည့် အတိုင်း ခေါ်ဝေါ်အပ်၏။ ပညာပီယတိ၊ အပြား အားဖြင့် လူကအောက် နတ်က အထက် ဟူ၍ သိစေအပ်၏။ ဣတိ-တသ္မာ၊ ထိုသို့ စိတ်သညာက ပညတ် အပ်သောကြောင့်။ ဝါ၊ ထင်ရှား မရှိသော ပညတ်ကို ထင်ရှားရှိသော စိတ်သညာက ပညတ် အပ် သောကြောင့်။ ဝါ၊ ကာလဝိမုတ် အသင်္ခတ ဓမ္မာရုံ ဖြစ်သော ပညတ်ကို ပစ္စုပ္ပန်၌ ရှိသလိုလို သင်္ခတနယ်၌ ရှိသလိုလို ဓမ္မာရုံ အဖြစ်၌ ရှိသလိုလို ထင်လာရအောင် စိတ်သညာက ပညတ်အပ်သော ကြောင့်။ ပညတ္တိတိ၊ လူဟူသော ပညတ် နတ်ဟူသောပညတ်ဟူ၍။ ပဝုစ္စတိ၊ အဝိဇ္ဇမာန ပညတ်၊ ဝိဇ္ဇမာန ပညတ်-ဟု အထင်မှားမည့်သူတို့ အတွက် သေသေချာချာ အပြားအားဖြင့် မိန့်ဆိုအပ်၏။ ဝါ၊ ပညတ်သည် ဓမ္မာရုံ ထိုက်သည် ဟူသော စကား ကလေး ဟာပုဒ်နှင့် လူကြိုက် နတ်ကြိုက် ဝါဒကို

အထင်မှား၍ ပြသည့်အတွက် သေသေချာချာ အပြားအား မိန့်ဆိုအပ်၏။

## ကြဉ်ကိစ္စ ရှင်းမယ် ယောဂီ

သာသနာတရား၊ ဘာသာတရား၊ သံသရာတရား–သုံးမျိုးရှိတယ် ယောဂီ။ ဒီသုံးမျိုးကို အချိုးကျကျ ရှင်းမယ်။

သာသနာတရား။ ။မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ သီလသိက္ခာ, သမာဓိ သိက္ခာ, ပညာသိက္ခာ၊ ဒီသိက္ခာ သုံးပါးဟာ သာသနာတော် မြတ်တရား ဖြစ်တယ်မှတ်။

ဘာသာတရား။ ။ဒါန, သီလ, ဘာဝနာ အပစာယန, ဝေယျာဝစ္စ, ပတ္တိ ဒါန, ပတ္တာနုမောဒနာ–ဓမ္မဿဝန–ဓမ္မဒေသနာ–ဒိဋ္ဌိဇုကမ္မ။ ဒီပုညကြိယာ ဆယ်ပါးဟာ ဘာသာတရား ဖြစ်တယ်မှတ်။ လူမျိုးမရွေး ဘာသာမရွေးရှောင်လို့ မရဘူး။ ရှောင်ကောင်းတဲ တရားလဲ မဟုတ်ဘူး။ရှောင်အပ်တဲ့တရား မျိုးလဲ မဟုတ်ဘူး။ ရှောင်ပိုင်ခွင့် ရှောင်နိုင်ခွင့် ရှိတဲ့ တရားမျိုးလဲ မဟုတ်ဘူး ဆိုတာ ပုတ်ပြတ်မှတ်။ လူမျိုးမရွေး ဘာသာမရွေး ပြုနေရတဲ့ တရားမျိုးမှတ် ယောဂီ။ ဒီပုညကြိယာ တရားကြီးကို သံသရာ ရှည်တယ် တိုတယ် မငြင်းနဲ့၊ ငြင်းလို့ ခုန်လိုက်လျှင် အကျ နာမယ် မှတ် ယောဂီ။

သံသရာတရား။ ။အဝိဇ္ဇာ တဏှာ, ဥပါဒါန် ဖြစ်တဲ့ တဏှာ,မာန, ဒိဋ္ဌိတဲ ယောဂီ။ အကြောင်း အကျိုးကို မသိ

မမြင်မှု၍ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်-မြှောက် ကြောက်-သဘော ပင်ကိုယ်မရှိဘဲနှင့် ဖြစ်ပေါ်လာတဲ့ အာရုံတွေကို အရှိထင်ပြီး စွဲယူ သိမ်းပိုက်ခြင်း သဘော၊ ဒီသဘော တရားတွေ အပြည့်အဝ ဆောင်ယူ သိမ်းပိုက်မွေးမြူပြီး အထင်သေးခြင်း၊ အထင်ကြီးခြင်း များဖြစ်တယ် မှတ်ယောဂီ။ မိမိတို့ရဲ့ စိတ်အာရုံ အစဉ်ပေါ်မှာ ဒီသဘောတရားတွေ ဖုံးအုပ်ကာကွယ် နေတဲ့ အတွက်ကြောင့် သံသရာမျောတယ်၊ သံသရာလည်တယ်၊ သံသရာ ကျက်စားတယ်လို့ ခေါ်တယ်မှတ်။ ဒီသဘောတရား အားလုံးကိုပင် ကိလေသာ တရားလို့ ကေန်မုချ ပုတ်ပြတ်သာ မှတ် ယောဂီ။

ဒါကြောင့် ဒီသဘောတရား အားလုံးကိုပင် ဒေသနာက္ကမသရုပ်အစဉ်ဖြင့် အယုတ်မြင်အောင် ကိလေသဝဋ္ဋ ငါးပါး၊ ကမ္မဝဋ္ဋ ငါးပါး၊ ဝိပါကဝဋ္ဋ တဆဲ့နှစ်ပါးလို့ အရေအတွက်အရည်အချင်း တွေနဲ့ အဖြေရှင်းအောင် ပြောရ ပြန်တယ် မှတ် ယောဂီ။ ဒီသမုဒယ ကိလေသာ ဖြစ်တဲ့ ဝဋ္ဋသုံးပါး၊ အလှာလေးလှာ၊ အဓွန့်သုံးဓွန့်၊ အစပ်သုံးစပ် သဘော တရားတွေဟာ ကြဉ်ကိစ္စ ချည်းဘဲဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်လိုက်ပေတော့ ယောဂီ။

သစ္စာထိုက်ပုံ–သစ္စာ အချိုးကျပုံ။ ။ သာသနာတော်မြတ်တရားသည် မဂ္ဂသစ္စာ ဖြစ်တယ်လို့ မှတ်လိုက် ယောဂီ။ ဘာသာတရားသည် နိရောဓသစ္စာ ဖြစ်တယ်လို့ မှတ်လိုက်■

သံသရာ တရားသည် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ ဖြစ်တယ်လို့ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

## ကျင့်ရာကာလ ရှင်းမယ်ယောဂီ

ကျင့်ရာကာလ ဆိုတာ ရှစ်နာရီထိုးမှလား၊ ကိုးနာရီထိုးမှလား၊ သို့မဟုတ် ထမင်းစားပြီးမှလား၊ အိမ်သားတွေ အားလုံးအိပ်မှလား၊ မအိပ်ခင် ဘုရားရှိခိုး ပြီးမှလား ယောဂီ၊ စဉ်းစား မဟုတ်ဘူးမှတ်။ မဟုတ်မဟာတ်နဲ့ လုပ်ဇာတ်တွေ မရှုပ်နဲ့ ရှုပ်လျှင် အတ္တကိလမထနှင့် ကာမသုခလ္လိကချည်း ဖြစ်မယ် မှတ်ယောဂီ။ မဟုတ် မဟာတ်တာတွေ မြင်ပြီး လုပ်ဇာတ်တွေ ဝင်နေလို့ ခက်တယ်မှတ်။ အယူ မှားတာရယ် အမှားယူတာရယ် အတူတူဘဲ ယောဂီ။ ယခုလက်ရှိ ရထားပြီး ဖြစ်တဲ့ အဗျာကတခေါ် ဝိပါက်ကဋတ္တာ အကျိုးခန္ဓာ အိမ်မှာ ကြည့်စမ်း၊ မြင်တာ-ကြားတာ-နံတာ-စားတာ-တွေ့ထိတာ-ကြံစည်တာ ဒီသဘော ခြောက်မျိုးမှ လွဲပြီး ဘာများ ရှိသေးလဲ ယောဂီ။

ပဋိသန္ဓေဇာတိ။ ။ပဋိ=အဖန်ဖန်၊ သန္ဓေ=တိုက်နေတဲ့ ရုပ်ဝတ္ထုချင်း၊ ပေါင်းဆုံနေတဲ့ ရုပ်ဝတ္ထုချင်း၊ မြင်နေတဲ့ ရုပ်ဝတ္ထုချင်း၊ ကြားနေတဲ့ ရုပ်ဝတ္ထုချင်း၊ နံနေတဲ့ ရုပ်ဝတ္ထုချင်း၊ စားနေတဲ့ ရုပ်ဝတ္ထုချင်း၊ တွေ့ထိနေတဲ့ ရုပ်ဝတ္ထုချင်း၊ ကြံနေတဲ့ ရုပ်ဝတ္ထုချင်းတို့ အပေါ်မှာ မိမိတို့ စိတ်အာရုံဟာ

ပေါက်ပြန် ခံစား မှတ်သား ပြုပြင် ကြံစည်မှုတွေ ဖြစ်ပေါ်လာတယ် ယောဂီ။

မိမိတို့စိတ် အာရုံဟာ ဒီသဘော တရားတွေ ဖြစ်ပေါ်တိုင်း အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဒုစရိုက်တရားတွေ မဖြစ်ရလေအောင် ရုပ်ဝတ္ထုချင်း ပေါင်းဆုံတိုင်း မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံစည်ခိုက် ဆိုတဲ့ ပစ္စုပ္ပန်ကာလ သမ္မာဝါယာမဖြင့် လုံ့လပြုပြီး၊ သမ္မာသတိ ထားလျက် သမ္မာသမာဓိ ဖြစ်အောင် ကျင့်သုံးနေထိုင် ခြင်းများ ဖြစ်တယ် ယောဂီ။ ဒီတော့မှ သုစရိတသီလ–စတုပါရိသုဒ္ဓိ သီလ–ဣန္ဒြိယ သံဝရ သီလ–ပါတိမောက္ခ သံဝရ သီလ တွေနဲ့ ပြီးပြည့်စုံ နေတယ် ဆိုတာ ဖုတ်ပြတ်မှတ် ယောဂီ။ ဒီသီလ အားလုံး ချုံးလိုက်လျှင် ဗြဟ္မစရိယ သီလ, ဗြဟ္မစရိယ အကျင့် ခေါ်တယ်မှတ်။ အရိယာများမှ ကျင့်နိုင်တယ်မှတ် ယောဂီ။

ဒီလို မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံစည်ခိုက် ဆိုတဲ့ ပစ္စုပ္ပန် ကာလမှာ ဝိပဿနာ ဉာဏ်ပညာ မဂ်ပညာ–ဖိုလ်ပညာ ဖြစ်တဲ့ ပညာသိက္ခာ–သုစရိတ သီလ၊ စတုပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယသံဝရ သီလ၊ ပါတိမောက္ခ သံဝရသီလ ဗြဟ္မစရိယ သီလ ဖြစ်တဲ့ သီလသိက္ခာ၊ အယူမှား အစွဲမှား အမှတ်မှား နှင့် တကွ ဒုစရိုက် တရားတွေ မဖြစ်အောင် သမုဒယ တရားတွေ မဖြစ်အောင် ကင်းအောင် ရှင်း

အောင် သမ္မာဝါယာမဖြင့် လုံ့လပြုပြီး သမ္မာသတိ ထား လျက် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ သမုဒယ တရားတွေ ငြိမ်းခြင်း ဆိုတဲ့ သမာဓိသိက္ခာ၊ ဒိသိက္ခာ သုံး ပါးဟာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိ တိုင်း ကြံစည်တိုင်းမှာ ပြီးပြည့်စုံ နေပြီး ဖြစ်နေတဲ့ အတွက် ကြောင့် မိမိတို့ စိတ်အာရုံမှာ ဖြူစင်ဖြောင့်မတ် ကောင်း မြတ်စင်ကြယ်စွာ ကြည်လင်ခြင်း သန့်ရှင်းခြင်းဆိုတဲ့ သုပ္ပ- ဋိပန္နဂုဏ်၊ အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံပြီး ဖြူစင် ဖြောင့်မှန်တဲ့ ဥဇုပ္ပဋိပန္နဂုဏ်၊ အမှန်လေးပါး ဖြစ်တဲ့ သစ္စာ လေးပါးကို အမြင်ရှင်း အမြင်လင်း အမြင်ရောက် အမြင်ပေါက် အမြင် နိုင် အမြင်ပိုင်တဲ့ ဉာယပ္ပဋိပန္နဂုဏ်၊ အယူမှား အစွဲမှား အ မှတ်မှားနှင့် တကွ ဒုစရိုက်တရားတွေ မဖြစ်အောင် သမု- ဒယ တရားတွေ မဖြစ်အောင် မဖေါက်မပြန် သတိထား နိုင်ခြင်း ဆိုတဲ့ သာမီစိပ္ပဋိပန္နဂုဏ်၊ ဒိဂုဏ်သိက္ခာတွေနဲ့ပစ္စုပ္ပန် ကာလ ဖြစ်တဲ့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်းမှာ ပြီးပြည့်စုံလာလျှင် အရိယာခေါ်တယ်မှတ်။ ပရမတ္ထ သံဃာ အစစ်လို့ မချမှတ် ယောဂီ။

---

## ကျင့်ရာဌာန ရှင်းမယ်ယောဂီ

ကျင့်ရာဌာန ဆိုတာ ရွာထဲမှာလား၊ တောတွေတောင် တွေပေါ်မှာလား၊ အိမ်မှာလား၊ ကျောင်းမှာလား၊ ရိပ်

သာမှာလား၊ ကြပ်ကြပ် စဉ်းစား ယောဂီ။ နားမယောင်နဲ့၊ နားယောင်လျှင် နောင်ယားလိမ့်မယ်မှတ်။ နောင်ယားလျှင် တရား ပျက်လိမ့်မယ်မှတ်။ တရားပျက်လျှင် တရက်ပြားလိမ့်မယ်ဆိုတာ ပုတ်ပြတ်မှတ် ယောဂီ။

ပစ္စုပ္ပန် တချက်အမြင်မှာ တသက်စင်အောင် သတိထားရမှာ ယောဂီ။ ဒီမှာကြည့်စမ်း ယောဂီ။ ပဋ္ဌာရုံမှာ တိုက်တိုင်းအာရုံ၊ သိစိတ်၊ သမုတ်ချက်-ဓါတ်သုံးပါး ဥပါဒ်ပြိုင်ဖြစ်ပေါ်လာတဲ့ ဝိညာဉ်အရိပ် သမ္မုတိဟာ ပင်ကိုယ်တိုက်ဆဲ ဖြစ်ပေါ်ဆဲမှာ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်မြှောက် ကြောက်-ဆိုတဲ့ သန္တတိ အစဉ်သဘော ဖြစ်တဲ့ မရှိတရားတွေကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဉာဏ်ဖြင့် ဒီလို သတိထား ကြည့်လိုက်လျှင် လုံးဝ မပါ ပါကလား၊ မရှိပါကလား၊ အနတ္တသက်သက်တို့ ပါကလားလို့ သိမြင်ပေါက်မိုင်သည်နှင့် တပြိုင်နက် ဓမ္မာရုံမှာလဲ တိုက်တိုင်း အာရုံ-သိစိတ်-သမုတ်ချက် ဓါတ်သုံးပါး ဥပါဒ်ပြိုင် ဖြစ်ပေါ်လာတဲ့ သညာ အရိပ် သမ္မုတိဟာ ပင်ကိုယ်တိုက်ဆဲ ဖြစ်ပေါ်ဆဲမှာ ကောင်းမကောင်း လိုမလို ချစ်မုန်း ချောက်မြှောက် ကြောက်ဆိုတဲ့ သန္တတိ အစဉ်သဘော ဖြစ်တဲ့ မရှိ တရားတွေကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဉာဏ်ဖြင့် ဒီလို သတိထားပြီး ကြည့်လိုက်လျှင် အနတ္တသက်သက်တွေ ချည်းပါကလားလို့ သိမြင် ပေါက်ပိုင်သည်နှင့် တပြိုင်နက် မသိမှု အဝိဇ္ဇာကြောင့် ထင်ရာတွေ ပြုလုပ်တဲ့ သင်္ခါရက္ခန္ဓာ၊ ထင်ရာတွေ ကြံစည်တဲ့

ဝိညာဏက္ခန္ဓာ၊ တင်ရာတွေ မှတ်သားတဲ့ သညာက္ခန္ဓာ၊ လုံးဝ မရှိ ဘိတ်မရှိတော့ဘူးဆိုတာ ပုတ်ပြတ်မှတ် မြင်ရဲ့လား ယောဂီ။ ဒီစိတ္တာနုပဿနာသတိပဋ္ဌာန်ဉာဏ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဉာဏ် နှစ်ပါးဖြင့် သင်္ခါယခန္ဓာ၊ ဥပါဒါန် ခန္ဓာတွေကို အနတ္တသက်သက် ပင်ကိုယ်က လုံးဝမရှိ၊ ဘိတ် မရှိဘူးလို့ဆိုတာ မုချကေန် မိမိတို့ဉာဏ်ဝမှာ အမှန်မြင်မသွား ပေဘူးလား ယောဂီ။

ပစ္စုပ္ပန်မြင်တချက်မှာ ဘင်အပုက် ခဏိကသန္တတိအစဉ် ကို အမှန်သိမြင်အောင် ရှင်းမယ် ယောဂီ။ ကာယာနုပဿနာ သတိပဋ္ဌာန်ဉာဏ်ဖြင့် ပုတိကာယ၊ ဥတုဇကာယ၊ ကရဇကာယ၊ နာမကာယ၊ ရူပကာယ၊ သင်္ခါယဆိုတဲ့ သဘောတွေကို ပိုင်းပိုင်းခြားခြား ဒီလို ကိုယ်ပိုင်ဒိဋ္ဌ သိမြင်သဘောပေါက် ပိုင်တော့ ပဋ္ဌာရုံ၊ ဓမ္မာရုံတွေမှာ ခေါ်သုံးပါး ဥပါဒ်ပိုင် ဖြစ်ပေါ်လာတဲ့ သမုတ်ရှိခေါ်တဲ့ သမ္မုတိအရိပ်တွေကို မသိမှု အဝိဇ္ဇာ၊ သာယာမှုတဏှာကြောင့် ဖေါက်ပြန်သဘော ခံစား သဘော မှတ်သားသဘော ပြုပြင်သဘော ကြံစည်သဘော ဆိုတဲ့ သန္တတိအစဉ် သမုတ်ခန္ဓာတွေဟာ ဟုတ်မှန်စွာ မမြဲတဲ့ သဘောတွေချည်းပါကလားလို့ ဒီလို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်း ခြားခြား သိမြင်သည်နှင့် တပြိုင်နက် သာယာစရာဆိုတဲ့ တဏှာအစဉ်ဟာ မကြာခင်ပြုတ်တော့တာပါဘဲမှတ်။ ဒီနေရာ မှာ သန္တတိအနိစ္စအစဉ်ကို ဒိဋ္ဌမြင်တာမှတ်လိုက် ယောဂီ။

ပစ္စုပ္ပန်မြင်ကာလမှာ ထင်လာသမျှ အရိပ်တွေကို စိတ်သညာ စိတ်ဝိညာဉ်တို့ ကျရောက်ဖြစ်ပေါ်လာမှန်း မသိမှု အဝိဇ္ဇာကြောင့် အကောင်ဖြစ် အချောင်စနစ်နဲ့ တဏှာစိုက် အသာလိုက်တဲ့ ဒွါရအစဉ်မှာ လာသမျှဝင်ပြီး သုခဖြစ်လိုက် ဒုက္ခဖြစ်လိုက် သောမနဿဖြစ်လိုက် ဒေါမနဿဖြစ်လိုက် ဥပေက္ခာဖြစ်လိုက် ဒီအဖြစ်သဘောတွေနဲ့ စိတ်အာရုံကြောမှာ နှစ်မျောကာ ဒုက္ခတွေချည်းပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌိ ပိုင်း ပိုင်းခြားခြား သိမြင်သဘောပေါက်ပိုင်သည်နှင့် တပြိုင်နက် အထင်ကြီး အထင်သေးဖြစ်တဲ့ မာနအယူတ်တွေဟာ လာသမျှ ပြုတ်တော့တာပါဘဲမှတ်။ ဒီနေရာမှာ ဒုက္ခအစဉ် သန္တတိတရားကို မုချမြင်ပြီး အမှန်သိမသွားပေဘူးလား၊ အဲဒါဝေဒနာနုပဿနာသတိပဋ္ဌာန်ဉာဏ် အစစ်မှတ် ယောဂီ။

မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက်ဆိုတဲ့ ပစ္စုပ္ပန်ကျင့်ရာ ဌာနမှာ သတိပဋ္ဌာန်ဖြစ်တဲ့ ဉာဏ်ကြီးလေးပါးဖြင့် အချိုးကျကျ မိမိတို့ စိတ်အာရုံ မှီရာဌာနရဲ့ သဘောလက္ခဏာ သဘာဝ၊ စိတ်အာရုံရဲ့ သဘောလက္ခဏာသဘာဝ၊ စိတ်အာရုံ ကျရောက်ရာ ဌာနရဲ့ သဘောလက္ခဏာ သဘာဝတွေဟာ အနိစ္စမှ တပါး ဒုက္ခမှ တပါး အနတ္တမှ တပါး တခြားဘာမျှ မရှိ၊ ဘိတ် မရှိ၊ ဒိဋ္ဌိလဲ မရှိ၊ ဒိဋ္ဌိဖြစ်စရာလဲ မရှိ၊ တဏှာလဲ မရှိ၊ တဏှာဖြစ်စရာလဲ မရှိ၊ မာနလဲ မရှိ၊ မာနဖြစ်စရာလဲ မရှိဘူး။ ဒိဋ္ဌိ တဏှာ မာနတို့ မရှိလျှင် သုံးဆဲ့တဘုံကို မြုပ်စရာ မျော

စရာ လည်စရာလဲ လုံးဝမရှိ ဘိတ်မရှိဘူးဆိုတာ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

တောဘူမက သင်္ခါရသဘောတရား တွေကို သတိပဋ္ဌာန် ဉာဏ်ကြီး လေးပါးဖြင့် အချိုးကျကျ မိမိတို့ရဲ့ ဉာဏ်ဝမှာ ဒိဋ္ဌ ကိုယ်ပိုင် သိမြင်လျှင် အို,နာ,သေ,ကွဲ ဆိုတဲ့ ရှေးအဘို လမ်း တလျှောက်မှာ ပရမ်းပတာ မရောက်ရလေအောင် မနောမှာ ပညာဖြင့် ကပ်လျက် ကာယမှာ သီလဖြင့် စောင့်ပြီးလျှင် ဝစီမှာ သမာဓိဖြစ်ကာ အေးအေးမြမြ ကျင့်သုံး နေထိုင် သွားကြရမယ် ဆိုတာ ပုတ်ပြတ်သာ မှတ်လိုက်ကြပေတော့။ ဒါကြောင့် အဋ္ဌကထာ၌-

ဣတိ အနေကေဟိ နာမေဟိ၊
ကိတ္တိတာယာ မဟေသိနာ။
ဝဋ္ဋာနုဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။
ဝဋ္ဋာတုကာမော သံသာရ၊ ဒုက္ခပင်္ကာမဟာဗ္ဘယာ။
ကရေယျ သဿတံ တတ္ထ၊
ယောဂံ ပဏ္ဍိတဇာတိကော။

ဣတိ၊ ဤသို့။ အနေကေဟိ နာမေဟိ၊ များစွာသော အမည်တို့ဖြင့်။ ဝဋ္ဋာနုဂါမိနီ၊ မဂ်သို့ ရောက်ကြောင်း ဖြစ်သော။ သန္တာ၊ မီးဆဲ့တဆူ အပူခပ်သိမ်း ငြိမ်းစေ တတ်သော။ ပရိသုဒ္ဓါ၊ စင်ကြယ်စွာသော။ ယာ ဝိပဿနာ၊ အကြင်မဂ်၏တည်ရာ ဝိပဿနာကို။ မဟေသိနာ၊ မြတ်စွာ

ဘုရားသည်။ ကိတ္တိတာ၊ ဟောကြား ချီးမွမ်းတော်မူအပ်ပြီ။ မဟာဗ္ဗာယာ၊ ကြောက်ဘွယ်ခမန်း ဘေးဘျမ်းဧရာ လွန်ကြီးစွာသော။ သံသာရဒုက္ခပကာ၊ သံသရာဝဲ ဆင်းရဲပရိုင် ရှုံညွန်အိုင်မှ။ ဝဋ္ဋာတုကာမော၊ ကူးတတ်ထမြောက် မဂ်သို့ရောက်လိုသော။ ပဏ္ဍိတဇာတိကော၊ တိဟိတ်ပဋိသန် ဇာတိဉာဏ်ရှိသော အမျိုးကောင်း သားသမီးသည်။ တတ္ထ၊ ထိုဝိပဿနာ၌။ သဿတံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ယောဂံ၊ ပွါးများစီးဖြန်းခြင်းကို။ ကရေယျ၊ ပြုရာ၏။

ကာလသုံးပါး။ ။ပစ္စုပ္ပန်ဖြစ်သော ဝိညာဉ်အရိပ်သမ္မုတိကို ပစ္စုပ္ပန်ကာလလို့မှတ်။ ဓမ္မာရုံ၌ ဖြစ်သော သညာအရိပ် သမ္မုတိကို အတိတ်ကာလလို့မှတ်။ သမုဒယကိုတော့ အနာဂတ် ကာလလို့မှတ် ယောဂီ။

ဘုံသုံးပါး။ ။အနာဂါတ် ကာလဖြစ်သော သမုဒယတရားသည် ဝိတိက္ကမဘုံ၊ ဝိတိက္ကမ ကိလေသာမှတ်၊ ကာမဆယ့်တဘုံ ဖြစ်ပွားကြောင်းတရားလို့ ပုတ်ပြတ်မှတ်လိုက်။ ပစ္စုပ္ပန်ကာလဖြစ်သော ဝိညာဉ်သမ္မုတိသည် ပရိယုဋ္ဌာနဘုံ၊ ပရိယုဋ္ဌာနကိလေသာမှတ်၊ ရူပ တဆဲ့ခြောက်ဘုံ ဖြစ်ပွားကြောင်း တရားလို့ ပုတ်ပြတ်မှတ်လိုက်။ အတိတ်ကာလဖြစ်သော သညာသမ္မုတိသည် အနုသယဘုံ၊ အနုသယကိလေသာမှတ်၊ အရူပ လေးဘုံ ဖြစ်ပွားကြောင်းတရားလို့ ပုတ်ပြတ်မှတ်လိုက်။

သမာဓိသုံးမျိုး။ ။အနိစ္စကိုမြင်လျှင် အနိမိတ္တသမာဓိ၊ အနိမိတ္တနိဗ္ဗာန်။ ဒုက္ခကိုမြင်လျှင် အပဏိဟိတသမာဓိ၊ အပဏိဟိတနိဗ္ဗာန်။ အနတ္တကို မြင်လျှင် သုညတသမာဓိ၊ သုညတနိဗ္ဗာန်လို့ အကြမ်းစား မှတ်ထားလိုက် ယောဂီ။ ရှင်းမယ် ယောဂီ-အနိစ္စကို မြင်လျှင် ပစ္စုပ္ပန် အဝိဇ္ဇာကြောင့် ဖေါက်ပြန်စရာ ရူပေက္ခန္ဓာ မရှိသဖြင့် တဏှာငြိမ်းခြင်းကြောင့် အနိမိတ္တသမာဓိ၊ အနိမိတ္တနိဗ္ဗာန်လို့ ခေါ်တာမှတ်။ ဒုက္ခကို မြင်လျှင် ပစ္စုပ္ပန်အဝိဇ္ဇာကြောင့် ပရမ်းပတာ ခံစားစရာ ဝေဒနာက္ခန္ဓာ မရှိသဖြင့် မာနငြိမ်းခြင်းကြောင့် အပဏိဟိတသမာဓိ၊ အပဏိဟိတနိဗ္ဗာန်လို့မှတ်။ အနတ္တကို မြင်လျှင် ပစ္စုပ္ပန်အဝိဇ္ဇာကြောင့် ပရမ်းပတာ မှတ်စရာသညာ၊ ပြုပြင်စရာ သင်္ခါရ၊ ကြံစည်စရာ ဝိညာဏက္ခန္ဓာတို့ မရှိသဖြင့် ဒိဋ္ဌိ ငြိမ်းခြင်းကြောင့် သုညတသမာဓိ၊ သုညတနိဗ္ဗာန်လို့ ခေါ်တာမှတ် ယောဂီ။ ဘုံသုံးပါးက လွတ်အောင် ကာလ သုံးပါးက လွတ်အောင်နေတာကိုမှ အဝိမောက္ခနိဗ္ဗာန်လို့ မှုချမှတ်လိုက် ယောဂီ။

## တည်ရာဌာနရှင်းမယ်ယောဂီ

သမုဒယတရားနှင့် သမုဒယတရားကြောင့် ဖြစ်တဲ့ သက္ကာယခန္ဓာ၊ ရုပ်နာမ် ဥပါဒါန်ခန္ဓာ၊ ရုပ်နာမ်တို့ဟာ သန္တတိ အနိစ္စချည်းဘဲလို့ ပုတ်ပြတ်မှက်လိုက်။ ပဉ္စာရုံ၊ ဓမ္မာရုံတို့မှာ

ဖြစ်တဲ့ ဝိညာဉ်သမ္ဗုတိ၊ သညာသမ္ဗုတိတို့ကိုတော့ ခဏိက အနိစ္စလို့ ပုတ်ပြတ်မှတ်လိုက်။ ကရဇကာယမှာ ဖြစ်တဲ့ ထွက်သဘော ဝင်သဘောကိုတော့ သယံဇာတထာဝရအနိစ္စ လို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

သတိပဋ္ဌာန်လေးပါး။ ။စိတ္တာနုပဿနာ သတိပဋ္ဌာန် ဉာဏ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဉာဏ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဉာဏ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဉာဏ်။ ဒီဉာဏ် ကြီးလေးပါးဖြင့် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တွေကို ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ဘူတ ပရိညာတို့ဖြင့် ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်သ ဘောပေါက် ပိုင်လာလျှင် ဒီမှာကြည့်စမ်း ယောဂီ။

သမ္မပ္ပဓာန်လေးပါး။ ။မပြုရသေးသော အကုသိုလ် ကို မပြုဘူး၊ ပြုပြီးသော အကုသိုလ်ကိုလဲ မရှိဘူးပြယ်တယ်။ မပြုရသေးသော ကုသိုလ်ကိုပြုတယ်၊ ပြုပြီးသော ကုသိုလ်ကို လဲ ပွားများရတယ်မှတ် ယောဂီ။ ဒီလိုသမ္မပ္ပဓာန်လေးပါး အလိုလို ပြီးပြည့်စုံလာတယ်ဆိုတာ ပုတ်ပြတ်မှတ်။

ဣဒ္ဓိပါဒ်လေးပါး။ ။ဒီလိုသစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတ ဉာဏ်တွေ ပြည့်စုံလာလျှင် မိမိတို့ လိုလားတောင်းတအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို ယခုဘဝတွင် တွေ့မြင်ရမယ်၊ ခံစားရမယ်၊ စံစားရမယ်မှတ်လိုက်။ ဘာကြောင့်လဲ– ဒီလိုသစ္စဉာဏ် ကိစ္စ ဉာဏ်၊ ကတဉာဏ်တွေကို မရမနေ ကြိုးစားအားထုတ်ပြီး

ရှာဖွေတဲ့ သဒ္ဓါ ဇွဲ လုံ့လ ဝီရိယကြောင့် ယခုချက်ချင်း လက်ငင်း နိဗ္ဗာန်ချမ်းသာကို ကေန်ရခြင်းအကျိုးရှိတယ်ဆို တာ ပုတ်ပြတ်မှတ်။ ရုပ်တရား နာမ်တရားတွေကို စူးစမ်း ဆင်ခြင်၍ သိမြင်ပေါက်ပိုင်ရခြင်း၊ စိတ်စင်ကြယ်မှုနှင့် ပြီး ပြည့်စုံရခြင်းဆိုတဲ့ ဣဒ္ဓိပါဒ်လေးပါး အလိုလို ပြည့်စုံလာ တယ်မှတ်။

တနည်း၊ မြင်သာအောင် ရှင်းပြဦးမယ်–ဉာဏ်ကြီး လေး ပါးဖြစ်တဲ့ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တွေကို ကိုယ် ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင် သဘောဘောပေါက်မိုင် လာလျှင် စိတ်စင်ကြယ်မှုတွေနဲ့ ပြီးပြည့်စုံလာတယ်၊ အယူ မှား အစွဲမှား အမှတ်မှားနှင့်တကွ ဖြစ်တဲ့ သမုဒယတရား တွေ မဖြစ်အောင် ဝီရိယနဲ့ ပြီးပြည့်စုံလာတယ်၊ မိမိတို့ လို လားတောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု ရခြင်းနဲ့ ပြီးပြည့်စုံလာတယ်။ မိမိတို့စိတ်အာရုံမှာ ဖြစ်ပေါ် လာတဲ့ အနှောင်အဖွဲ့ဖြစ်တဲ့ ခန္ဓာ, အာယတန, ဓါတ်, ရုပ် နာမ်တွေကိုလဲ စူးစမ်းဆင်ခြင် သုံးသပ်နိုင်ခြင်းနဲ့ ပြီးပြည့် စုံလာတယ်ဆိုတာပုတ်ပြတ်မှတ်။

ဣန္ဒြေငါးပါး။ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင် ကြယ် ခွဲယုံကြည်စောက်ချမှုတွေနဲ့ ပြီးပြည့်စုံလာတယ်။ ဒုစရိုက်တရားနှင့်တကွ သမုဒယသဘောတွေ မဖြစ်အောင် စောင့်ရှောက် သတိထားခြင်းနှင့်တကွ ပြည့်စုံလာတယ်။ အနိ-

မိတ္တာသမာဓိ၊ အပဏိဟိတသမာဓိ၊ သုညတသမာဓိတို့ကိုလဲ လုံ့လဝီရိယဖြင့် ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ပေါက်ပိုင်လာအောင် အားထုတ် ပွားများခြင်းနှင့် ပြည့်စုံလာတယ်။ အယူများ အစွဲများ အမှတ်များနှင့်တကွ ဖြစ်တဲ့ ဒုစရိုက်သဘောတရား၊ မြုပ်မျောဆက်လည်ခြင်းဖြစ်တဲ့ သမုဒယသဘောတရားတွေ မရှိတဲ့အတိုင်း ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ ငြိမ်းအေးခြင်းနဲ့ လဲပြီး ပြည့်စုံလာတယ်။ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ၊ ဓမ္မသမ္ဘိဒါဉာဏ်ပညာ၊ အတ္ထသမ္ဘိဒါဉာဏ်ပညာတွေနဲ့လဲ ပြီးပြည့်စုံလာတယ်။ ဒီလိုဉာဏ်ပညာမျိုးတွေ ပြီးပြည့်စုံလာလျှင် ဖိုလ်ငါးပါး အလိုလိုပြီးပြည့်စုံလာတော့တာဘဲမှတ်ယောဂီ။

ဗောဇ္ဈင်ခုနစ်ပါး။ ။ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ အာယတနတရား၊ ဓါတ်တရား၊ ပဋိစ္စသမုပ္ပန်တရား၊ ပဋိစ္စသမုပ္ပါဒတရားတွေကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဉာဏ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဉာဏ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဉာဏ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဉာဏ်-ဖြစ်တဲ့ ဉာဏ်ကြီးလေးပါးဖြင့် ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို သတိသမ္ဗောဇ္ဈင်လို့မှတ်လိုက်ယောဂီ။

သမ္မုတိ သမုဒယသဘောတရားတွေကို ဟုတ်တိုင်းမှန်စွာ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား ဤသဘောကတော့ သန္တတိအနိစ္စ၊ ဤသဘောကတော့ ခဏိကအနိစ္စ၊ ဤသ

ဘောကတော့ သယံဇာတထာဝရ အနိစ္စတို့ပါကလားလို့ သိမြင်ခြင်း သမုဒယသဘောတရားသည် အနိစ္စလက္ခဏာ–သမုဒယသစ္စာ၊ ဒုက္ခလက္ခဏာ – သမုဒယသစ္စာ၊ အနတ္တ–လက္ခဏာ–သမုဒယသစ္စာ။ သမုဒယကြောင့်ဖြစ်တဲ့ သက္ကာယ ခန္ဓာရုပ်နာမ်၊ ဥပါဒါန် ခန္ဓာရုပ်နာမ် သဘောတရားတို့သည် အနိစ္စလက္ခဏာ – ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ – ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ–ဒုက္ခသစ္စာ။ သမ္မုတိသဘောတရားတို့သည် အနိစ္စလက္ခဏာ– နိရောဓသစ္စာ၊ ဒုက္ခလက္ခဏာ–နိရောဓသစ္စာ၊ အနတ္တလက္ခဏာ–နိရောဓသစ္စာတို့ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့မှတ် လိုက်ယောဂီ။

ဉာဏ်ကြီးတေးပါးနှင့်တကွ ဝိပဿနာဉာဏ်၊ သစ္စဉာဏ်၊ မဂ်ဉာဏ်၊ ကိစ္စဉာဏ်၊ ဖိုလ်ဉာဏ်၊ ကတဉာဏ်တွေကို ကိုယ်ပိုင် ဒိဋ္ဌ ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်အောင် လုံ့လဝီရိယစိုက်ထူ ထားခြင်းကို ဝီရိယသမ္ဗောဇ္ဈင်လို့မှတ်လိုက် ယောဂီ။ သတိ သမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ အကြောင်း သမ္ဗောဇ္ဈင်သုံးပါးဖြင့် ပိုင်းပိုင်းခြားခြား ကိုယ် ပိုင်သိမြင်လာလျှင် အယူမှား အစွဲမှား အမှတ်မှားနှင့်တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ ငြိမ်းခြင်း၊ သမုဒယတရားတွေ ငြိမ်းခြင်းဆိုတဲ့ သမာဓိသမ္ဗောဇ္ဈင်၊ သမုဒယသဘောတရား တွေငြိမ်းတဲ့ အတိုင်း ကြည်လင်သန့်ရှင်းပြီး နှစ်သက်ဝမ်း မြောက်စွာ နေထိုင်ရခြင်းဆိုတဲ့ ပီတိသမ္ဗောဇ္ဈင်၊ သောက,

ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဖြစ်တဲ့ မီးဆဲ့တဆူ ငြိမ်းခြင်းဆိုတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ တဏှာနှင့်တကွ ဖြစ်နေတဲ့ သမုဒယ ဒုက္ခဆိုတဲ့ အကြောင်းသင်္ခါရ သဘောတရားတွေကို လျစ်လျူရှုနိုင်ခြင်း၊ (ဝါ) မသိချင်ယောင်ဆောင်နိုင်ခြင်းဆိုတဲ့ ဥပေက္ခာ သမ္ဗောဇ္ဈင်၊ ဒီအကျိုးသမ္ဗောဇ္ဈင်တွေနဲ့ ပြီးပြည့်စုံလာတယ်ဆိုတာ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

ဝိသုဒ္ဓိခုနစ်ပါး။ ။မိမိတို့ စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊အာယတနတရား၊ ဓာတ်တရား၊ ပရမတ်တရား၊ ပညတ်တရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာတပရိညာ၊ သန္တတိအနိစ္စ သယံဇာတ ထာဝရအနိစ္စ၊ သညာအနိစ္စ၊ သညာဒုက္ခ၊ သညာအနတ္တ၊ ဝိညာဉ်အနိစ္စ၊ ဝိညာဉ်ဒုက္ခ၊ ဝိညာဉ်အနတ္တ။ ပညာအနိစ္စ၊ ပညာဒုက္ခ၊ ပညာနတ္တတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ တိရဏပရိညာ၊ ဝဋ်သုံးပါး အလှာလေးလှာ, အစွန်းသုံးစွန်း, အစပ်သုံးစပ် – အင်္ဂါတဆဲ့နှစ်ပါး – အခြင်းအရာ နှစ်ဆယ်ဆိုတဲ့ သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ပဟာနပရိညာ၊ မရှိတရား အဖြစ်တရား အရှိတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဘူတပရိညာ၊ မိမိတို့ဉာဏ်ဝမှာ ဒီလိုပရိညာဉာဏ်တွေနှင့် ပိုင်းပိုင်းခြားခြား သိမြင်လာလျှင် ဝိသုဒ္ဓိခုနစ်ပါးဟာ အလိုပြီးပြည့်စုံလာတော့တာဘဲဆိုတာ ပုတ်ပြတ်မှတ်ယောဂီ။

## ဝိသုဒ္ဓိ ခုနစ်ပါး ပြည့်စုံလာပုံ ရှင်းမယ်ယောဂီ

သမ္မာဒိဋ္ဌိညာဏ်ကို အခြေခံ၍ သမ္မသနညာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတညာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ရလေအောင် မိမိတို့စိတ်အာရုံပေါ်မှာ ကြည့်စမ်းယောဂီ။ အယူများ အစွဲများ အမှတ်များ ဆိုတဲ့ ဒိဋ္ဌိကင်းပြီး စင်ကြယ်နေခြင်းများကို ဒိဋ္ဌိဝိသုဒ္ဓိလို့ မှတ်လိုက်။ မိမိတို့ရဲ့ စိတ်အာရုံမှာ ဒုစရိုက်တရားတွေ သမုဒယ တရားတွေ ပင်ကိုယ်က မရှိဘူးလို့ သိမြင်တော့ သိမြင်တဲ့ အတိုင်း ဖြူစင် ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်စွာ နေခြင်းများကို စိတ္တဝိသုဒ္ဓိမဂ်လို့ မှတ်လိုက်။

မိမိတို့ စိတ်အာရုံပေါ်မှာ ဒုစရိုက်တရားနှင့် တကွ သမုဒယ သဘောတွေ စင်ကြယ် နေခြင်းများကို သီလဝိသုဒ္ဓိ လို့မှတ်လိုက်။ သမ္မုတိချုပ်နာမ်၊ သမုဒယချုပ်နာမ် တွေဟာ စိတ်အာရုံပေါ်မှာ ဖုံးအုပ် ကာကွယ် နေပြီး ဖြစ်နေတာကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်မြင်တဲ့ အတွက်ကြောင့် မိမိတို့ စိတ်အာရုံမှာ မဆုံးဖြတ်နိုင်တာ မရှိဘူး၊ ယုံမှားနိုင်စရာ မရှိခြင်းများကို ယုံမှားမှုမှ ကင်းလွတ် နေခြင်းများကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိလို့ မှတ်လိုက်။

ဤလိုသိမြင်လာတဲ့ ညာဏ်မျိုးကတော့ မဂ်ညာဏ် ဖြစ်တယ်၊ ဤလို သိမြင်လာတဲ့ ညာဏ်မျိုးကတော့ မဂ်ညာဏ် မဟုတ်ဘူးလို့ ပြောင်ပြောင် စင်စင်ကြီး သိမြင် နေခြင်းများကို မဂ္ဂါ-

မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ-လို့ မှတ်လိုက်။ မိမိတို့ စိတ်အာရုံ ပေါ်မှာ အကြောင်းအကျိုး အဆက်အစပ်တွေ မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်းမှာ စက်ရဟတ်လို လည်ပတ်ပြီး အမြစ်ပြတ်အောင် အဖြစ်မရပ် တဲ့ သဘောကို ပိုင်းပိုင်းခြားခြား စင်ကြယ်စွာ သိမြင်ခြင်း များကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-လို့မှတ်လိုက်။ ဒီသဘော တရားတွေကို သစ္စာဉာဏ်ခေါ်တဲ့ ဝိပဿနာဉာဏ်၊ ကိစ္စဉာဏ် ခေါ်တဲ့ မဂ်ဉာဏ်၊ ကတဉာဏ်ခေါ်တဲ့ ဖိုလ်ဉာဏ် တို့ဖြင့် ဖြူစင် ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ သိမြင် ပေါက်ပိုင်ခြင်းများကို ဉာဏဒဿနဝိသုဒ္ဓိလို့ ပုတ်ပြတ်မှတ် လိုက် ယောဂီ။

ဒီလို ဝိပဿနာ ဉာဏ်ပညာ၊ မဂ်ပညာ၊ ဖိုလ်ဉာဏ်တွေ ကို ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ပေါက်ပိုင်လာလျှင် ဝိသုဒ္ဓိ ခုနစ်ပါး ဟာ အလိုလို ပြီးပြည့်စုံ လာတယ် ဆိုတာ ကျေန်မုချ ပုတ် ပြတ်သာ မှတ်လိုက် ယောဂီ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို လေ့လာ လိုက်စား ပွားများ အားထုတ် ကြတဲ့ ယောဂီတိုင်း ယောဂီတိုင်း ပယ်အပ်တဲ့ တရား၊ ပယ် သတ်ရမဲ့ တရား၊ ပယ်တတ်တဲ့ တရား တွေကိုမှ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား မသိမမြင်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဘယ်တော့ မှ မဖြစ်နိုင်ဘူး၊ မပြည့်စုံနိုင်ဘူး လို့ ဆိုတာ ပုတ်ပြတ်မှတ် လိုက် ယောဂီ။ ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ပြည့်စုံပါမှ သောတာပန်၊

သကဒါဂါမ်၊ အနာဂါမ်-ကောန် ဖြစ်မယ်မှတ်။ အရိယာ အစစ် ပရမတ္ထ သံဃာ အစစ် ဖြစ်မယ် မှတ်။

---

## သောတာပန်တည်ပုံ ရှင်းမယ်ယောဂီ

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင် နှစ်ပါးသည် ဥဋ္ဌာနသမ္ပဒါမှတ်။ သမ္မာဝါစာ, သမ္မာကမ္မန္တ နှစ်ပါးသည် ကလျာဏ မိတ္တသမ္ပဒါမှတ်။သမ္မာအာဇီဝသည်သမဇီဝိတာသမ္ပဒါမှတ်။သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်သုံးပါးသည်။အာရက္ခသမ္ပဒါမှတ် အိုနာ သေကွဲဆိုတဲ့ရှေးအဘို့လမ်း တလျှောက်မှာ ဒီသမ္ပဒါတရားလေးပါးဖြင့် ပြီး ပြည့်စုံအောင် ကျင့်သုံးနေထိုင်သွားပါမှ သောတာပန် တည်မယ်မှတ် ယောဂီ။သောတ ဆိုတာ အာရုံ နားတာ မှတ်။ ပတ္တိ ဆိုတာ အာရုံ ကျရောက်တာမှတ်။ မဂ္ဂ ဆိုတာလမ်းမှတ်။ မိမိတို့စိတ်အာရုံ တွေ ကျရောက်တိုင်း ကျရောက်တိုင်း၊ ပညာပေါ်မှာနား၊ သီလပေါ်မှာနား၊ သမာဓိ ပေါ်မှာနားဘို့ ပါဘဲ ယောဂီ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသူတိုင်း မှာတော့ မိမိတို့ စိတ်အာရုံ ကျရောက်တိုင်း ကျရောက်တိုင်း ဒုစရိုက် ပေါ်မှာ နားလိုက်၊ အယူမှား အစွဲမှား အမှတ်မှားတွေပေါ် မှား နားလိုက်၊ လောဘ-ဒေါသနှင့် တကွ ဖြစ်တဲ့ သမုဒယ တွေပေါ်မှာ နားလိုက်။ ဒါကြောင့် သုံးဆဲ့တဘုံမှာ မြုပ်-

မျော-ဆက်- လည်ပြီး အိုနာသေ မှာသာလျှင် လမ်းဆုံး နေကြရတယ် မှတ်လိုက် ယောဂီ။

သက်ရှိ သက်မဲ့နှင့် တွေ့ကြုံတဲ့ အခါမှာ ဖြစ်စေ၊ တဦး နဲ့ တဦး ပြောဆို နှုတ်ဆက်တဲ့ အခါမှာ ဖြစ်စေ၊ ပေါင်း သင်း ဆက်ဆံတဲ့ အခါမှာ ဖြစ်စေ၊ မြင်တိုင်း ကြားတိုင်း မှာ သမုဒယ မဖြစ်အောင် ပညာဖြင့် ကပ်လျက် သမ္မုတိ ကို သီလဖြင့် စောင့်ပြီးလျှင် အယူမှား အစွဲမှား အမှတ် မှားနှင့် တကွ ဖြစ်တဲ့ သမုဒယ ငြိမ်းခြင်း ဆိုတဲ့ သမာဓိ ဖြစ်ကာ နေရေးအတွက် စီးပွားရှာရာမှာ သော်ငြား၊ သေ ရေးအတွက် တရားရှာရာမှာသော်ငြား၊ ဒီသမ္ဗဒါတရားလေး ပါး ဖြစ်တဲ့ ပညာ, သီလ, သမာဓိတို့ဖြင့် ပြည့်စုံအောင် ကျင့်သုံး နေထိုင် သွားရမယ်မှတ်။ ဒီလို ကျင့်သုံး နေထိုင် ပြီး သိက္ခာသုံးပါးဖြင့် ပြီးပြည့်စုံ နေခြင်းကို သောတာပန် တည်တယ်လို့ ကေန်မုချ ပုတ်ပြတ်သာ မှတ်လိုက် ယောဂီ။ ဒါကြောင့် ပရမတ္ထဒီပနီ ဋီကာကြီး၌-

> သဗ္ဗာနိစ အပါယဂါမိ ကမ္မာနိနာမ အတ္တဒိဋ္ဌိယာ သတိယာဝေ ဝိပစ္စန္တိ၊ အသတိယာ နဝိပစ္စန္တိ၊ ဒိဋ္ဌိ- သစ္စာနုဥ္ဇ သာ ဒိဋ္ဌိ သဗ္ဗသော ပဟိနာ ဟောတိ။

သဗ္ဗာနိစ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အပါယဂါ- မိ ကမ္မာနိနာမ၊ အပါယ်လားကြောင်း မကောင်းမှု အကု

သိုလ်ကံတို့ မည်သည်ကား။ အတ္တဒိဋ္ဌိယာ၊ အတ္တဒိဋ္ဌိခေါ်သော သက္ကာယဒိဋ္ဌိသည်။ သတိယာဝေ။ မိမိသဏ္ဍာန်၌ မဂ်ဉာဏ်ဖြင့် မပယ်ရှားနိုင်ဘဲ အထင်ရှား ရှိနေခဲ့သော်သာလျှင်။ ဝိပစ္စန္တိ၊ အပါယ်ကျိုးကို ပေးမို့ ပစ်ချ နိုင်ကုန်၏။ အသတိယာ၊ မိမိသဏ္ဍာန်၌ သက္ကာယဒိဋ္ဌိ အယူမှားသည် မရှိပြောခဲ့သော်။ နဝိပစ္စန္တိ၊ အပါယ်ကျိုးကို မပေးမို့ မပစ်ချ နိုင်ကုန်။ ဒိဋ္ဌိသစ္စာနုဋ္ဌ၊ သစ္စာလေးတန် တရားမှန်ကိုကောန် သိမြင်ကြ ပြီးသော ပုဂ္ဂိုလ် တို့အားလည်း။ သာဒိဋ္ဌိ၊ ထိုအပါယဝဋ်၏ အမြစ်မူလ သက္ကာယဒိဋ္ဌိ တရားယုတ်ကြီးကို။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဟိနာ၊ ပယ်သတ်အပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။

---

## ကြွေးသစ်ကြွေးဟောင်း ရှင်းမယ်

ဒီဃနအတုံး အထင်တွေကို အစ မဆုံးအောင် ခင်မင်တွယ်တာ နေလို့ သံသရာ ကြွေးတွေ ဖြစ်နေတာမှတ်ယောဂီ။ ပစ္စုရှုံမှာ တိုက်တိုင်း ဖြစ်ပေါ်တဲ့ ဝိညာဉ်အရိပ်သမ္မုတိကို ကြွေးသစ်မှတ်ယောဂီ။ ဓမ္မာရုံမှာ ဖြစ်ပေါ်တဲ့ သညာ အရိပ် သမ္မုတိကို ကြွေးဟောင်းမှတ်ယောဂီ။ ပစ္စုပ္ပန်မှာ အဝိဇ္ဇာ တဏှာဖြစ်တဲ့ သမုဒယကို အတိုးတက်ကြွေးမှတ် ယောဂီ။ ဒီကြွေးသစ် ကြွေးဟောင်းနှင့် တကွ အတိုးတက်နေတဲ့ ကြွေးတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်

ဉာဏ် တွေကို မိမိကိုယ်ပိုင်ဒိဋ္ဌ ပိုင်ပိုင် နိုင်နိုင်ကြီး ရပါမှ ဒီသံသရာ ကြွေးတွေ ကင်းမယ်၊ ပြတ်မယ်မှတ် ယောဂီ။

ဒါကြောင့် သဒ္ဓါရယ်၊ ဆရာရယ်၊ တရားရယ်၊ မိမိ နှလုံးသွင်းမှုရယ် - ဒီလေးပါး ပြီး ပြည့်စုံပါမှ ကြွေး ဆပ်နိုင်တဲ့ ဉာဏ်ပညာမျိုးကို ရနိုင်တယ်မှတ် ယောဂီ။ များသောအားဖြင့် တရားရှာကြတဲ့ နေရာမှာ ဒီဝိပါက်ကဋ္ဌတ္တာ အကျိုးရုပ်၊ အကျိုးခန္ဓာ တွေမှာသာ တရား ရှာကြတယ်။ ဒီအကျိုးရုပ်တွေမှာ တရားရှာ၊ အမှား အရာရာကိုတော့ အမှန်ထင်၊ ဉာဏ်မမြင် လေသမျှမှာတော့ ကံလမ်း-ဈာန်လမ်း ပြဟ္မာလမ်း ချည်းဘဲမှတ်။ ဒါတွေဟာ အတ္တကိလမထ တရားနှင့် ကာမသုခလ္လိက ချည်းဘဲ ယောဂီ။ ဒါကြောင့် ပါဠိတော်၌-

ခီဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ။
ဝိရတ္တစိတ္တာ ယတိကေ၊ ဘဝသ္မိံ တေခီဏဗီဇာ။
အဝိရုဠှိဆန္ဒာ နိဗ္ဗန္တိ၊ ဓိရာ ယထာယံ ပဒီပေါ။

လို့ ပါဠိတော်က ညွှန်ပြထားခြင်းဖြစ်တယ်လို့မှတ်။

---

## ပဋိပဒါနယ် အဘိညာဉ်နယ်ရှင်းမယ်ယောဂီ

ပဉ္စာရုံ ဓမ္မာရုံတွေမှာ တိုက်တိုင်း ဖြစ်ပေါ်ကျရောက်နေတဲ့ အာရုံတွေဟာ အကြောင်းအကျိုးတွေနဲ့ ရစ်ပတ်ပြီး အဖြစ်မရပ်အောင် ဃန အတုံးအခဲ အစဉ်ဖုံးနေတာ

ကို ဘဝမဆုံးဘဲ အမြင်သုဉ်းနေလို့ ခက်တယ်မှတ်ယောဂီ။ လောကီ ဝိပဿနာဉာဏ်ဆယ်ပါးဖြင့် ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ အာယတနတရား၊ ဓါတ်တရားတွေကို သစ္စာလေးပါး သိမြင်သည့်အထိ ကျင့်သုံး ရှာဖွေလေ့လာဆဲကို ပဋိပဒါနယ်မှတ်လိုက်။ သစ္စာလေးပါး မြင်ပြီးသည့်မှစ၍ မဖေါက်မပြန် ကျင့်သုံးနေထိုင်ခြင်းကို အဘိညာဉ်နယ်လို့ မှတ်လိုက်။ တနည်း ပြောဦးမယ်-သစ္စာလေးပါးကို သိမြင်အောင် ရှာဖွေသည် မှစ၍ သိမြင်သည့်အထိ အာဂါရမုနိ ခေါ်တယ်မှတ်။ သစ္စာလေးပါးကို သိမြင်ပြီးသည့်မှ မဖေါက်မပြန် ကျင့်သုံးနေထိုင် သွားခြင်းကို အနာဂါရမုနိခေါ်တယ် မှတ်ယောဂီ။

ပုဂ္ဂိုလ်ပြားပုံ။ ။ကလျာဏ ပုထုဇဉ်၊စူဠသောတာပန်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်၊ သကဒါဂါမိ မဂ် ပုဂ္ဂိုလ်၊ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်၊ အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ် ခုနစ်မျိုးဟာ အာဂါရမုနိ-ကျင့်ဆဲပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်၊ ပဋိပဒါနယ်ဖြစ်တယ်၊၊ အနာဂါမိဖိုလ်ကစ၍ အထက်သို့တိုင်အောင် အနာဂါရမုနိ၊ ကျင့်ပြီးပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ်၊ အဘိညာဉ်နယ်ဖြစ်တယ် ပုတ်ပြတ်မှတ်။

အကျိုးသင်္ခါရ၊ အကြောင်းသင်္ခါရ၊ ကာယသင်္ခါရ၊ မနောသင်္ခါရ၊ ဝစီသင်္ခါရ၊ ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊

အဘိသင်္ခါရ၊ ဇာတိသင်္ခါရ၊ ခုနစ်မျိုးရှိတယ်မှတ် ယောဂီ။ ဒီခုနစ်မျိုးမှာလဲ ပဋ္ဌိပဒါ အဘိညာဉ်ဖြင့် ဉာဏ်ချိန်ခွင်မှာ ကိုယ်ပိုင်သိဘို့လိုတယ်မှတ်။ ပုတိကာယ၊ ဥတုဇကာယ-နှင့် တကွ ဖြစ်နေတဲ့ ထွက်သဘော ဝင်သဘောကို ကာယသင်္ခါရမှတ်။ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ္ထသဘာဝ၏ သဘောဖြစ်တဲ့ ဖေါက်ပြန်သဘော ခံစားသဘော မှတ်သားသဘော ပြုပြင်သဘော ကြံသိသဘောကို မနောသင်္ခါရမှတ်။ မိမိတို့ စိတ်အာရုံ ရှေးရှုဆောင်လာတိုင်း ဖြစ်ပေါ်လာတဲ့ အက္ခရာစကားလုံးကို ဝစီသင်္ခါရမှတ်။ ကာယသင်္ခါရ၊ မနောသင်္ခါရ၊ ဝစီသင်္ခါရသုံးပါးကို အကျိုးသင်္ခါရလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

မြင်ခိုက်, ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံစည်ခိုက်ဖြစ်တဲ့ ပစ္စုပ္ပန်ကာလမှာ မသိမှုအဝိဇ္ဇာ၊ သာယာမှုတဏှာတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ်, အကုသိုလ်ဆိုတဲ့ သင်္ခါရ သမ္မုတိအရိပ်သဘောတွေကို အကောင်ထင်ပြီး ဆွဲယူသိမ်းပိုက်ခြင်း သဘောကို အဘိသင်္ခါရ၊ မိမိတို့ စိတ်အာရုံပေါ်မှာ ပင်ကိုယ်က မရှိဘဲနှင့် အရှိထင်ပြီး ဆွဲယူသိမ်းပိုက်တဲ့ အတိုင်း ပုံသဏ္ဌာန်အမျိုးမျိုးထင်ပြီး ဖြစ်နေတဲ့ သဘောတွေကို ဇာတိသင်္ခါရပုတ်ပြတ်မှတ်။ ဒီကုသိုလ်သင်္ခါရ၊ အကုသိုလ်လသင်္ခါရ၊ အဘိသင်္ခါရ၊ ဇာတိသင်္ခါရဆိုတဲ့ သဘောလေးမျိုးကို အကြောင်းသင်္ခါရလို့ ပုတ်ပြတ်မှတ်လိုက်။

## အကြောင်းသင်္ခါရ မရှိတရားကို အသိမှားလို့ရှင်းမယ် ယောဂီ

ထွက်သဘော ဝင်သဘောဖြစ်တဲ့ ကရဇကာယ အကျိုးရုပ်ကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အခြေခံပြီး သမ္မာသနဉာဏ်ဖြင့် သုံးသပ်လျက် ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်ဘိုင်း မြင်အောင် ကြည့်စမ်းယောဂီ။ ဒီထွက်သဘော ဝင်သဘောကို လူခေါ်သလား၊ နတ်ခေါ်သလား၊ ယောကျ်ား-မိန်းမ ပုဂ္ဂိုလ်-သတ္တဝါ-အသက်-လိပ်ပြာခေါ်သလား၊ ဉာဏ်ရောက်အောင် ဉာဏ်ပေါက်အောင် စဉ်းစားယောဂီ။ ခေါ်စရာလဲ မရှိဘူး ခေါ်လဲ မခေါ်ဘူး ပုတ်ပြတ်မှတ်။

ဒီထွက်သဘော ဝင်သဘောဖြစ်တဲ့ အကျိုးအိမ်စောင့်ရုပ်မဆုံးခင် အချိန်စောင့်ပြီး မဖြုန်းချင်နဲ့ သေသေချာချာ ကြည့်စမ်း။ မိမိတို့ဉာဏ်မှာ သိနေတာက စိတ်မှတ်လိုက်။ သိအောင် သတိထားပြီး အာရုံပြုနေတာက စေတသိက်မှတ်လိုက်။ ဖြစ်ချုပ်နေတဲ့ သဘောက ရုပ်လို့ ပုတ်ပြတ်မှတ်လိုက်။ ဒါဖြင့် စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ္ထသဘောတရားသာလျှင် အထင်အရှား မုချရှိတယ်မှတ်လိုက်ယောဂီ။ ပရမတ္ထသဘောဆိုတာ အတုံးအခဲ အတွဲအဖတ် - အမှုန်းဒြပ်လုံးဝမရှိ၊ ဘိတ်မရှိဘူးမှတ် ယောဂီ။ အကောင်ဒြပ်နဲ့ ပြောင်မပြတ်မြင်နေတာ ပရမတ်မဟုတ်ဘူး မှတ်လိုက်။ ဒါကြောင့် ပရမတ္ထဒီပနီ ဋီကာကြီး၌-

သဗ္ဗေပိ ဟိ တံတံ ကြိယာမတ္တာဝ ဟောန္တိ၊ န စေသု ဒဗ္ဗံဝါ သဏ္ဌာနံဝါ ဝိဂ္ဂဟောဝါ ဥပလဗ္ဘတိ။

ဟိသစ္စံ၊ မှန်၏။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ သဘာဝဓမ္မ ပရမတ္ထတရားတို့သည်။ တံတံ ကြိယာမတ္တာဝ၊ ထိုထိုကြံသိခြင်းစသော သဘာဝအမူအရာ ကြိယာမျှတို့ သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုအနိမိတ္တ သဘာဝဆတ်ဆတ် ပရမတ္ထတရားတို့၌။ ဒဗ္ဗံဝါ၊ အတုံးအခဲ-အတွဲအတစ် အနှစ်အဖတ် အမှုံဒြပ်ကိုငင်း။ သဏ္ဌာနံဝါ၊ လေးထောင့် ရှစ်မြှောင့် သုံးထောင့်ပုံဟန် ကြွံကြွံစည်စည် တို့ရှည်လုံးပြား သဏ္ဌာန်များကိုငင်း။ ဝိဂ္ဂ-ဟောဝါ၊ အမအဖို ထိုထိုဤဤ အလီလီနဲ့ အမည်ဆန်းပြား အကောင်အထည်များကိုငင်း။ နဥပလဗ္ဘတိ၊ မုချမရှိ ဘိတ်မရှိ၍ မရအပ်သည်သာလျှင်တည်း။

ဒီပရမတ္ထသဘောတရားကြီးဟာ ပင်ကိုယ်ကထဲက ဖြူဖြူစင်စင်ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းကြီးပတ်ပြတ်မှတ်ယောဂီ။ ကြာ်လင်သန့်ရှင်းတဲ့ ပရမတ်တရားရဲ့ အပေါ်မှာ အတ[illegible]များအောင် လော်မာနေတဲ့ အဖြစ်သဘောတွေနဲ့ နှစ်မြှောနေလို့ ခက်နေတာယောဂီ။ ဒီပရမက်တရားမှာ ပဋိစ္စသမုပ္ပါဒ်မရှိဘူး၊ မဖြစ်ဘူး၊ ပရမတ်မှ ထွက်နေတဲ့ အရိပ်ကို မသိလို့ မမြင်လို့ ပဋိစ္စသမုပ္ပါဒ် စက်ရ

ဟတ်ကြိတ်ဝါးပြီး နိမိတ်အသားတွေ ဖြစ်နေတာ ပုတ်ပြတ် မှတ်ယောဂီ။ ဒါကြောင့် ပရမတ်ကို ဒိဋ္ဌိဖုံးတယ်မှတ်၊ ပညတ်ကို တဏှာဖုံးတယ်မှတ်၊ နိဗ္ဗာန်ကို မာနဖုံးတယ်မှတ် ယောဂီ။

---

## အပိတ်အဖုံးမရှိ တရားကိုဆိတ်သုဉ်းအောင်သတိထား

ဒီအပိတ်ဖုံးမရှိ တရားတွေကို ဆိတ်သုဉ်းအောင် သတိ ထားနေမှ သုံးဆဲ့တဘုံရပ်မယ် ပြတ်မယ် သုံးဆဲ့တဘုံမှ လွတ်မယ် ထွက်မယ်ဆိုတာ ပုတ်ပြတ်မှတ်။

ကရဇကာယ အကျိုးရုပ်ခန္ဓာမှာ စိုးအုပ်မဲ့သံသရာ မဖြစ် အောင်ကြည့်စမ်းယောဂီ။ သိသဘောကစိတ် သတိထားပြီး အာရုံပြုနေတာက စေတသိက်၊ ဖြစ်ပြီးချုပ်နေတဲ့ သဘော ကရုပ်၊ မြင်ရဲ့လား။ ဒီစိတ်, စေတသိက်, ရုပ်ခေါ်တဲ့ ပရမတ္ထ သဘောတရားကြီးဟာ ဒီကရဇကာယမှာပင် ဆုံးနေတယ် မှတ်ယောဂီ။

ဒီပရမတ္ထသဘောတရားကြီးကို သယံဇာတ ထာဝရအစစ် လို့ မှချမှတ်လိုက်။ ဒီအရှိသဘော ပရမတ်အစဉ် သယံ ဇာတတရားကို သိသဘောဖြင့် မပြတ်ယှဉ်ပြီး ဉာဏ်ကပ် ထားဘို့ ရေးပြနေတာယောဂီ။ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ ပြီး သမ္မသနဉာဏ်ဖြင့် သုံးသပ်လျက် ယထာဘူတဉာဏ်

ဖြင့် ကရဇကာယမှာပင် ဆုံးနေတဲ့ ဒီပရမတ်တရားကြီးကို ပြောင်ပြောင်စင်စင် ကိုယ်ပိုင်ဒိဋ္ဌ ကြောင်ကြောင် မြင်လာလျှင် မရှိတရား၊ အဖြစ်တရားဆိုတဲ့ အကြောင်းသင်္ခါရခေါ် ကံကုသိုလ်သင်္ခါရ၊ ကံအကုသိုလ်သင်္ခါရ၊ အဘိသင်္ခါရ၊ ဇာတိသင်္ခါရ သဘောတရားတွေဟာ လုံးဝမရှိ ဘိတ်မရှိကြောင်းကို သိမြင်ပေါက်ပိုင်သည်နှင့် တပြိုင်နက် သုံးဆဲ့တဘုံကိုလည်စေတတ် ဖြစ်စေတတ်တဲ့ သဘောတရားတွေဟာ ဒီပစ္စုပ္ပန်တချက်အမြင်မှာ တသက်စင်ကုန်တော့တာဘဲ မှတ်ယောဂီ။ ဒီလိုတချက်မြင်လို့ တသက်စင်လိုက်လျှင် သုစရိတသီလ၊ ပြဟ္မစရိယသီလ၊ စတုပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပါတိမောက္ခသံဝရသီလ သဘောတွေနှင့် အလိုလိုပြီးပြည့်စုံလာတယ်။ အဲဒါ ဝိမုတ္တိအရသာအစစ်မှတ်ယောဂီ။

ဒီစိတ်, စေတသိက်, ရုပ်ခေါ်တဲ့ သင်္ခတပရမတ်သဘောတရားအစစ်ကို ထိထိမိမိ တိတိကျကျ ကိုယ်ပိုင်ဒိဋ္ဌ သိမြင်သဘောပိုင်လျှင် အသင်္ခတ ပရမတ်နှင့်တကွ နိဗ္ဗာန်ကို မချမြင်မယ်မှတ်ယောဂီ။ ဒီစိတ်, စေတသိက်, ရုပ်ဆိုတဲ့ သင်္ခတပရမတ်သဘောကို ဘူတတရားမှတ်။ ပရမတ်က ထွက်တဲ့ အရိပ်သမ္မုတိ နှစ်ပါးကို ဇာတတရားမှတ်။ သမုဒယတရားကို ကတတရားမှတ်ယောဂီ။ ဘူတတရားကို နိရောဓသစ္စာလို့ မှတ်လိုက်ယောဂီ။ ဇာတတရားကို ဒုက္ခသစ္စာလို့မှတ်လိုက်။ ကတတရားကို သမုဒယသစ္စာလို့မှတ်လိုက်ယောဂီ။

ဒါကြောင့် အပိတ်အဖုံး မရှိတရားတွေကို ဆိတ်သုဉ်းအောင် သတိထားနိုင်မှ သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိမြင်သဘောပေါက်နိုင်၊ သဘောရောက်နိုင်၊ သဘောရနိုင်၊ သဘောကျနိုင်၊ သဘောပိုင်နိုင်တယ်မှတ်ယောဂီ။ ဉာဏ်အမြင်ရှင်းအောင် သမ္ပဇဉ်နှင့် နှလုံးသွင်းပြီး သေသေချာချာ ဘာတ်လိုက်ပါ။ ဒီတော့မှ အမြဲမှန်မှတ်ထိုက်တာတွေ မိမိဉာဏ်မှာ တပ်အပ်လိုက်လာလိမ့်မယ်ယောဂီ။ အရိပ်ကို အကောင်ထင်လို့ အချောင်ဝင်တဲ့ သမုဒယတွေကို ဓာတုအနေ၊ သဘာအနေ၊ သုခအနေ၊ အနတ္တအနေနဲ့ အရှိမှတ်ပြီး သတိမကပ်မိတိုင်း ဝိညာဏ်နာမ်ရုပ် အကြောင်းတရားတွေနဲ့ ကပြောင်းကပြန် အဖြစ်မအားအောင် ဿနအစဉ်ဖုံးပြီးဘဝတွေ အမျှင်မဆုံးအောင် အရင်တုန်းကလို ဖြစ်မြဲဖြစ်မှာဘဲ ပုတ်ပြတ်မှတ်ယောဂီ။

ယောဂီတို့ခန္ဓာမှာ ဇိမ်ခံကာ အဖြစ်သဘောတွေလုပ်နေတဲ့ အရိပ်သဘော အကောင်အထင်တွေကို ပြောင်မြင်အောင် ရှင်းမယ်ယောဂီ။ မိမိတို့စိတ်အာရုံပေါ်မှာ မရှိဘဲနဲ့ အနှောင်အဖွဲ့တွေ ဖြစ်နေတာ မှန်သမျှ သမုဒယသန္တတိ ဿနတရားတွေချည်းမှတ်လိုက်ယောဂီ။ ဒီသမုဒယတရား မရှိတရား သမ္မုတိတရား အဖြစ်တရား သယံဇာတ ထာဝရခါတ်ခေါ်တဲ့ စိတ်,စေတသိက်,ရုပ် ပရမတ်တရား အရှိတရား၊ ဒီသဘောတရားတွေကို ပိုင်းပိုင်းခြားခြား ကိုယ်ပိုင်ဒိဋ္ဌ မသိ

မမြင်သူတိုင်း ဒီဘုံစဉ် သရုပ်တွေကို ပုံမြင်ပြီးရှုပ်နေလို့ ခက်နေတာယောဂီ။

ဒါကြောင့် မိမိတို့ စိတ်အာရုံပေါ်မှာ ဒီမရှိတရား အဖြစ်တရား အစဉ်တွေဟာ အသိမှားပြီး မြင်နေလို့ ဒီပစ္စုပ္ပန်မှာ ဘဝဇာတိတွေဖြစ်တာမှတ်။ ဒီပစ္စုပ္ပန် မြင်တချက်မှာ အစဉ်ဆက်နေတဲ့ ဘဝဇာတိကိုမှ မသိလျှင် လက်ရှိ ရပြီးဖြစ်တဲ့ အကျိုးဥတုဇ ခန္ဓာအိမ်ကိုသာ ဘဝဇာတိလို့ ယူမြဲတိုင်းယူပြီး မျက်စိလည်နေကြတာ မဟုတ်လားယောဂီ။ ကြပ်ကြပ်စဉ်းစားပါ။ ဒီမရှိတရား သန္တတိအစဉ်တွေကို အမှန်သိမြင်ပြီး သဘောပေါက်မှ အစွဲဿန အပိတ်အဖုံးတွေဟာ ဒီတော့မှ အမြဲဆိတ်သုဉ်းကုန်မှာပေါ့ ယောဂီ။ မရှိတရားအဖြစ်တရားတွေ မှန်သမျှ ပညတ်ချည်းဘဲလို့ မှတ်လိုက်။ ပညတ်တပုံ ပရမတ်တပုံ မရှိဘူးယောဂီ။ ပညတ်ဆိုတာ ပရမတ်ကထွက်တဲ့ အရိပ်လို့ ပုတ်ပြတ်မှတ်ထားယောဂီ။

---

## အချိုးကျပယ်သတ်ပုံရှင်မယ်ယောဂီ

ဥတုဇရုပ်ဝတ္ထုတို့ ကမ္မဇရုပ်ဝတ္ထုတို့ အကြောင်းခံပြီး နာမ်အကျိုးပေါ်နေတဲ့ ဝိညာဉ်သမ္မုတိအရိပ်ကို ပညာ, သီလ, သမာဓိဖြင့် စောင့်စည်းကျင့်သုံးနေတဲ့အခါ ဒုစရိုက်တရား ဆယ်ပါးနှင့်တကွ ဖြစ်တဲ့ အယူမှား အစွဲမှား အမှတ်

များခေါ်တဲ့ ဒိဋ္ဌာနုသယ၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်းဆိုတဲ့ ဝိစိကိစ္ဆာနုသယ၊ ငြိမ်းခြင်းများကို သောတာပန်, သကဒါဂါမ် မှတ်လိုက်ယောဂီ။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ နှစ်မဂ်က ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ နှစ်ပါးကိုသာလျှင် ပယ်တယ်လို့မှတ်လိုက်ယောဂီ။

ဓမ္မာရုံမှနေ၍ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ် နေတဲ့ သညာသမ္ပယုတ်ကို ပညာ,သီလ, သမာဓိဖြင့် စောင့် စည်းကျင့်သုံးနေထိုင်တဲ့ အခါ သမုဒယခေါ်တဲ့ ကောင်း မကောင်း လိုမလို ချစ်မုန်းဖြစ်တဲ့ ပဋိဃာနုသယ၊ ကာမရာ ဂါနုသယ ငြိမ်းခြင်းများကို အနာဂါမ်မှတ်လိုက်ယောဂီ။သယံ ဇာတ ထာဝရဖြစ်တဲ့ ကရဇကာယမှ နေ၍စိတ်, စေတသိက်, ရုပ်ကို သတိထားပြီး စောင့်စည်းကျင့်သုံး နေထိုင်တဲ့ အခါ ဝိညာဉ်သမ္ပယုတ်ဖြစ်တဲ့ ဘဝရာဂါနုသယ၊ သညာသမ္ပယုတ်ဖြစ် တဲ့ မာနာနုသယ၊ အဝိဇ္ဇာနုသယ၊ ငြိမ်းခြင်းများကို အရ- ဟတ္တမဂ်မှတ်လိုက်ယောဂီ။ မိမိတို့စိတ်အာရုံ၌ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဖြင့် စောင့်စည်းကျင့်သုံးနေတဲ့အတိုင်း မရှိတရား အဖြစ်တရားဆိုတဲ့ အနုသယတွေကို ပယ်နိုင်သ လောက် သတိထားပြီး အဆင့်ဆင့် ပယ်သတ်နိုင်ခြင်းများ ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ် ခေါ်တယ်လို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

## အဝိမောက္ခနိဗ္ဗာန်ကို ရှင်းမယ်ယောဂီ

အ–ဆိုတာမရှိတာ၊ဝိ–ဆိုတာ ထူးတာ ကင်းတာ၊မောက္ခ- ဆိုတာ လွတ်တာ၊ နိဗ်–ဆိုတာ ငြိမ်းတာ၊ ဗာန–ဆိုတာ အနှောင်အဖွဲ့ စိတ်အာရုံပေါ်မှာ မရှိဘဲနဲ့ ဖြစ်နေတဲ့ ကိလေသာအစေးအညှော်။ ဒီစကားသရုပ်အစဉ်ကို တရားအချုပ် မြင်အောင် ရှင်းမယ်၊ မရှိတရား အဖြစ်တရားဆိုတဲ့ သဘောတရားတွေကို ဆောင်ယူ သိမ်းပိုက်ပြီး သိုလှောင်ထားတဲ့ အနှောင်အဖွဲ့တွေမှ ငြိမ်းခြင်း ကင်းခြင်း လွတ်ခြင်းများကိုခေါ်တာမှတ်။ ပရမတ္ထသစ္စာကြီးကို သတိထားပြီး ပညာ, သီလ, သမာဓိဖြင့် စောင့်စည်း ကျင့်သုံး နေထိုင်တဲ့အခါ ပဥ္စာရုံ ဓမ္မာရုံတွေမှာ တိုက်တိုင်းဖြစ်ပေါ်နေတဲ့ ဝိညာဉ်သမ္ဘုတိ၊ သညာသမ္ဘုတိ၊ သမုဒယဆိုတဲ့ မရှိတရား အဖြစ်တရားတွေ ငြိမ်းနေခြင်း ကင်းနေခြင်း လွတ်နေခြင်း ဒီလို ငြိမ်းနေခြင်း ကင်းနေခြင်း လွတ်နေခြင်းကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်တာ အဝိမောက္ခနိဗ္ဗာန်ဆိုတာ မှချမှတ်လိုက်ယောဂီ။

မိမိတို့စိတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ အကြောင်းတရား အကျိုးတရား၊ အတိတ်,ပစ္စုပ္ပန်, အနာဂတ်မှာ ဖြစ်နေတဲ့ အကြောင်းတရား အကျိုးတရား၊ အာရုံကျရာမှာ ဖြစ်နေတဲ့ အကြောင်းတရား အကျိုးတရား၊ အာရုံမှီရာမှာ ဖြစ်နေတဲ့ အကြောင်းတရား အကျိုးတရား၊ ဒီလို သိကိစ္စသဘော

တရားတွေကို မသိမမြင်ဘဲနှင့် အာနာပါနခေါ် ထွက်လေဝင်လေကို အားထုတ် ကျင့်သုံးနေတာ မှန်သမျှ ကံလမ်းစျာန်လမ်း ချည်းဘဲလို့ ပုတ်ပြတ်မှတ် ယောဂီ။ သိကိစ္စသဘောတရား တွေကို မသိမမြင်ဘဲနှင့် ကျင့်သုံး တာတွေမှန်သမျှ ဝိပဿနာ မဟုတ်ဘူး ပုတ်ပြတ်မှတ် ယောဂီ။

ဒါကြောင့် ဥာတပရိညာ၊ တီရဏပရိညာ၊ ပဟာန-ပရိညာ- ဘူတပရိညာ ဆိုတဲ့ အသိစခန်းတွေကို သုတမယဉာဏ်ဖြင့် ရှာမှီးပြီး စိန္တာမယဉာဏ်ဖြင့် ကြံစည်တွေးတောလျက် ဘာဝနာမယဉာဏ်ဖြင့် အမြင်ရှင်း အမြင်လင်းတဲ့အတိုင်း ကျင့်သုံး နေထိုင်ပါမှ သန္တိသုခနှင့် ပြည့်စုံတဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို မျက်ဝါးထင်ထင် ကိုယ်တိုင်တွေ့မြင်၍သုံးဆောင် ခံစား နိုင်ကြမယ် ဆိုတာ ဧကန်မုချ မှတ်လိုက်ယောဂီ။

---

## သမထနှင့်သမာဓိရှင်းမယ် ယောဂီ

သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေပေါ်မှာ ဖြစ်တဲ့ ကံငါးပါးစိတ်အာရုံပေါ်မှာ ဖြစ်တဲ့ ကံငါးပါး နှစ်မျိုးရှိတယ် ယောဂီ။ သက်ရှိသက်မဲ့ ဝတ္ထုတွေ ပေါ်မှာ ဖြစ်နေတဲ့ ကံမျာ:မှာပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ- ဆိုတဲ့ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒ, ပိသုနဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ-ဆိုတဲ့ ဝစီဒုစရိုက် လေးပါး၊ ဒီဒုစရိုက်

ခုနစ်ပါး ဖြစ်တယ် ယောဂီ။ စိတ် အာရုံပေါ်မှာ ဖြစ်နေတဲ့ ကံများမှာ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-ဆိုတဲ့ မနော ဒုစရိုက် သုံးပါး ဖြစ်တယ် ယောဂီ။

ဒီမနော ဒုစရိုက် သုံးပါးဟာ အနုသယ ခုနစ်ပါးဘဲ ဆိုတာ ပုတ်ပြတ် မှတ်လိုက်။ ရုပ်ဝတ္ထု ပေါ်မှာ ဖြစ်နေတဲ့ ဒုစရိုက် ခုနစ်ပါး ငြိမ်းတာဟာ သမာဓိလို့ ခေါ်ရသော်လည်း သမထ သက်သက်မှတ်။ ဒီသမာဓိဟာ စိတ်အာရုံမှာ ဖြစ်နေတဲ့ အကြောင်း ရုပ်နာမ်ခန္ဓာ၊ အကျိုး ရုပ်နာမ်ခန္ဓာ အနှောင်အဖွဲ့ သဘောတွေကို မသိမမြင်လို့ ဆိုတဲ့ အဝိဇ္ဇာ ဖုံးမြဲ ဖုံးနေလို့ သမထသက်သက်လို့ မုချ မှတ်လိုက် ယောဂီ။ ကာယ-ဝစီငြိမ်တော့ ငြိမ်တယ်-မနောမှာ ဖြစ်တဲ့ သမုဒယ လုံးဝ မငြိမ်းဘူး မှတ် ယောဂီ။

ဒီနေရာတွေမှာ မိမိကိုယ်ကို မိမိ အထင်ကြီး ပြီးတော့ တံဇဉ် စီးမယ်မကြံနဲ့။ အထင်ကြီးပြီး တံဇဉ် စီးလိုက်လျှင် မှောက်စီး လိုက်မိလျှင် တော်ပါသေးရဲ့၊ ပက်လက် စီးလိုက်မှဖြင့် ကိုယ့်ဖင် ကိုယ်ရှုပြီး ကိုယ်ခံရမယ် ပုတ်ပြတ်မှတ်ယောဂီ။ ဒီလို အကျင့် မျိုးတွေဟာ သဏ္ဌာန်မှာ ဉာဏ်ဆုံးတဲ့ အကျင့်မျိုးတွေလို့မှတ်။ သိမှကျင့် လို့ရတယ်၊ မသိဘဲနှင့် ဘာမှလုပ်လို့ မရဘူး ပုတ်ပြတ်မှတ် ယောဂီ။ စိတ်အာရုံမှာ ဖြစ်တဲ့ မနောဒုစရိုက်ခေါ် သမုဒယ သဘောတွေ ငြိမ်းမှသမာဓိ အစစ်မှတ် ယောဂီ။

---

## သိလျှင် တည်ပုံ-ကျင့်လျှင် တည်ပုံ ရှင်းမယ်

## ယောဂီ

စိတ်အာရုံမှီရာရဲ့ သဘော-လက္ခဏာ သဘာဝ၊ စိတ်အာရုံရဲ့ သဘောလက္ခဏာ သဘာဝ၊ စိတ်အာရုံ ကျရာရဲ့ သဘော–လက္ခဏာ–သဘာဝတွေကို ပိုင်းပိုင်း ခြားခြား သိမြင်ခြင်း၊ စိတ်အာရုံမှာ မရှိဘဲနှင့် ဖြစ်နေတဲ့ သက္ကာယခန္ဓာ ဉပါဒါန်ခန္ဓာ အနှောင်အဖွဲ့ သဘောတွေကို ပိုင်းပိုင်း ခြားခြား သိမြင်ခြင်း သမ္မုတိ၊ သမုဒယ–ဆိုတဲ့ ဘာဝဇာတိ အစဉ်တရားတွေ အထင်အရှား ဖြစ်ခြင်းကို သိမြင်ခြင်း၊ မရှိတရား အဖြစ်တရားတွေဟာ အကြောင်းအကျိုး အဆက်အစပ် ဖြစ်ပြီး အာရုံပေါ်မှာ စက်ရဟပ်လို လည်နေခြင်းများကို သိမြင်ခြင်း၊ ဒီလို သိမြင်သဘောပေါက် သဘောရောက် သဘောရ သဘောကျလိုက်လျှင် သောတာပန်, သကဒါဂါမ် တည်မယ် ကေန်မုချ ပုတ်ပြတ်မှတ် ယောဂီ။

အနာဂါမိမဂ်နှင့် အရဟတ္တမဂ်မှာတော့ ဒီသဘောတရားတွေကို သိမြင်သဘောပေါက်ရုံ သဘောရောက်ရုံ သဘောရရုံ သဘောကျရုံနှင့် မပြီးသေးဘူးမှတ်၊ သဘောပိုင်အောင် သဘောနိုင်အောင် အမြဲသတိထားပြီး ကျင့်သုံး နေထိုင်မှ ဟည်တယ်မှတ် ယောဂီ။

ဘာဝတရား ဖြစ်တဲ့ ကရဇကာယ အရှိတရားကို သတိထားပြီး ကြည့်လိုက်လျှင် မရှိတရားတွေကို အနတ္တသက်

သက်တွေချည်း ပါကလားလို့ ပြောင်ပြောင်စင်စင် ကြောင်ကြောင်မြင်လျှင် သုညတ သမာဓိမှတ်လိုက်။ အဖြစ်တရားတွေ ကိုတော့ အနိစ္စ သက်သက်တွေချည်း ပါကလားလို့ ပြောင်ပြောင်စင်စင် ကြောင်ကြောင်မြင်လျှင် အနိမိတ္တသမာဓိ မှတ် ယောဂီ။ မရှိတရား အဖြစ်တရား တွေကို အရှိထင်ပြီး စွဲယူ သိမ်းပိုက်တဲ့ သဘောတရား မှန်သမျှ ဒုက္ခတွေချည်း ပါကလားလို့ ပြောင်ပြောင်စင်စင် ကြောင်ကြောင်မြင်လျှင် အပဏိဟိတ သမာဓိမှတ် ယောဂီ။

ဒီလို သိမြင်ထားပြီးတဲ့ ပုဂ္ဂိုလ်များမှာ တဦးနှင့် တဦးတွေ့ကြုံ ဆုံစည်းတဲ့ အခါမှာ ဖြစ်စေ၊ ပေါင်းသင်း ဆက်ဆံတဲ့ အခါမှာ ဖြစ်စေ အာရက္ခ သမ္မဒါဖြစ်တဲ့ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ - နှင့် စောင့်ရှောက်ပြီး ကလျာဏမိတ္တ သမ္မဒါ ဖြစ်တဲ့ သမ္မာဝါစာနှင့် ဆက်ဆံ၍ သမ္မာကမ္မန္တနှင့် ပြုလုပ်လျက် သမ္မာအာဇီဝဖြစ်တဲ့ သမ္မာဇီဝိတ သမ္မဒါနှင့် ပြည့်စုံအောင် ကျင့်သုံး နေထိုင် ခြင်းများကို ဗေါတာပန်, သကဒါဂါမ် တည်တယ်လို့ မချမှတ်လိုက် ယောဂီ။ ဒီလို သုညတ သမာဓိ, အနိမိတ္တ သမာဓိ, အပဏိ ဟိတ သမာဓိ တို့နှင့် ပြည့်စုံလာလျှင် အတ္တသမ္မဒါဉာဏ်တွေ နှင့်လည်း အလိုလို ဖြစ်ပေါ်ရရှိပြီး ပြည့်စုံလာပါတယ် ယောဂီ။

## အတ္တသမ္မာဒိါဉာဏ် ဖြစ်ပေါ်လာပုံ ရှင်းမယ်ယောဂီ

သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏ–ငါးမျိုးရှိတယ်ယောဂီ။ ပဉ္စာရုံ၊ ဓမ္မာရုံတို့မှာ တိုက်တိုင်းတိုက်တိုင်း ဖြစ်ပေါ်လာတဲ့ သမ္ပုတ် အရိပ် သဘောတွေကို ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ခြင်း ဆိုတဲ့ သမုဒယ–ဖြစ်ပြီး ချုပ်နေတဲ့ သဘောကို ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ခြင်း ဆိုတဲ့ အတ္ထင်္ဂမ၊ မရှိတာရား၊ အဖြစ်တရားတွေကို သာယာစရာ မရှိပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ခြင်း ဆိုတဲ့ အဿာဒ၊ တိုက်တိုင်းတိုက်တိုင်း အသစ်အသစ် ဖြစ်ပေါ်နေတဲ့ သဘောတရားတွေကို အပြစ်နှင့် တကွ ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ခြင်းဆိုတဲ့ အာဒီနဝ၊ မရှိတရား အဖြစ်တရားတွေဟာ စိတ်သညာတို့ ဘန်ဆင်း ဖြစ်ပေါ်နေတဲ့ အရိပ် သဏ္ဌာန်တွေ ပါကလားလို့ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ အတွက်ကြောင့် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ သမုဒယ အနှောင်အဖွဲ့ သဘောတွေ ပုန်းစရာ အောင်းစရာ ကိုးစရာ ကွယ်စရာမရှိ ပကတိ ငြိမ်းအေးတဲ့ သဘောသက်သက်တို့ ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ သိမြင်ခြင်း ဆိုတဲ့ နိဿရဏ၊ ဒီလိုသိမြင်တဲ့ ဉာဏ်မျိုးဟာ သစ္စာလေးပါးကို သိမြင်ပြီး ဖြစ်တဲ့ ပုဂ္ဂိုလ်များမှာ ပိုင်းပိုင်းခြားခြား သိမြင်နိုင်တယ်မှတ် ယောဂီ။

ဒါကြောင့် ဓမ္မစကြာ၌ (ဒိဋ္ဌဓမ္မော) မရှိတရား အဖြစ်တရားသဘောတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တ သက်သက်တွေ

ချည်း ပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ သိမြင်လာလျှင်၊ (ပတ္တ- ဓမ္မော) မိမိတို့ စိတ်အာရုံ ကျရောက်တိုင်း ကျရောက်တိုင်း အရိပ်တွေချည်း ဖြစ်နေပါကလားလို့ ကိုယ်ပိုင်ဒိဋ္ဌ သိမြင် လာလျှင်၊ (ဝိဒိတဓမ္မော)၊ ပဉ္စာရုံ ဓမ္မာရုံတွေမှာ တိုက် တိုင်း ဖြစ်ပေါ်လာတဲ့ မရှိတရား အဖြစ်တရား သဘော တွေကို အမှန်လေးပါးဖြင့် အချိုးကျကျ ပိုင်းပိုင်းခြားခြား သိမြင်၍ ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ယုံ ကြည် စောက်ချ နိုင်ခြင်း၊ (ပရိယောဂဠ္ဟဓမ္မော) အမှန်လေး ပါးကို သိမြင်ပြီး ဖြစ်တဲ့ အတွက်ကြောင့် ဘယ်ရုပ် ဘယ် နာမ် ဘယ်ခန္ဓာ ဖြစ်တဲ့ အနှောင်အဖွဲ့တွေ မရှိခြင်း, မလို ခြင်း၊ (တိဏ္ဏဝိစိကိစ္ဆော) ယုံမှားခြင်းတို့မှ လွတ်မြောက်၍ ဝိသုဒ္ဓိ ခုနစ်ပါးဖြင့် ပြီးပြည့်စုံခြင်း၊ (ဝိဂတကထံကထော) မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည် တိုင်း တို့မှာ သို့လော သို့လော ဖြစ်စရာ မရှိခြင်း။ (ဝေသာ- ရဇ္ဇပတ္တော) အသေရဲခြင်း အနေရဲခြင်း၊ (အပရပ္ပစ္စယော) သူတပါးတို့ ပြောတိုင်း မယုံခြင်း ခိုင်းတိုင်း မလုပ်ခြင်း ဆိုတဲ့ အကျိုးတရားတွေနှင့် ပြီးပြည့်စုံတယ်ပုတ်ပြတ်မှတ် ယောဂီ။ ဒီလို အကျိုးအင်္ဂါရပ်တွေနှင့် ပြီးပြည့်စုံလာလျှင် သာသနာ တည့်တယ်လို့ဆိုတာ မုချမှတ် ယောဂီ။

ဝိပဿနာညာဏ်, မဂ်ညာဏ်, ဖိုလ်ညာဏ်, နိဗ္ဗာန်ချမ်းသာတို့ကို လိုလားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် လောကီ,လောကုတ္တရာ နှစ်ဖြာတို့၌ သိကိစ္စ၊ ကျင့်

ကိစ္စ၊ ကြဉ်ကိစ္စ၊ ကျင့်ရာကာလ၊ ကျင့်ရာဌာန၊ တည်ရာဌာန နှင့်တကွ ဖြစ်တဲ့ သမုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာတွေကို အချိုးကျကျ ကိုယ်ပိုင်ဒိဋ္ဌိ ပိုင်းပိုင်းခြားခြား မသိမမြင်လျှင် သုံးဆဲ့တဘုံမှာ မြုပ် မျော ဆက် လည် ဖြစ်တဲ့ ကြွေးဟောင်း ကြွေးသစ် အတိုးတက်ကြွေးတွေနဲ့သာ ရစ်ပတ်ဖွဲ့နှောင် အို နာ သေဘေးမှ မလွတ်နိုင်အောင် နာနာသတ္တ ဥလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေးဆိုး အမျိုးမျိုး တို့နှင့်သာ မုချကေန် အမှန်မလွဲ ဖြစ်မြဲအတိုင်းသာ ဖြစ်ကြရမယ်ဆိုတာ ပုတ်ပြတ်မှတ် ယောဂီ။

ယခုလို သာသနာတော်မြတ်ကြီးနဲ့ ကြုံကြိုက်တဲ့အခါမှာ ပစ္စုပ္ပန်တချက် အမြင်မှာ တသက်စင်နိုင်တဲ့ ဉာဏ်ပညာတွေကိုမှ မရှာမှီး မလေ့လာ မလိုက်စားနိုင်ကြလျှင် သာသနာတော် အလင်းရောင်နှင့် တိုးနေရပေမဲ့ မျက်စိမမြင်တဲ့ ကြောင်ကြောင်ကန်းလို့ အမှောင်ခန်းမှာသာ မျက်စိလည် လမ်းမှားပြီး အို နာ သေ ဆိုတဲ့ စခန်းမှာသာလျှင် ကေန်မုချ ဆုံးရှုံးကြရမယ်မှတ်။

---

## ပုဂ္ဂိုလ်လေးမျိုးကို ဥပမာဖြင့် ရှင်းမယ် ယောဂီ

အမှောင်မှ နေ၍ အမှောင်သွားသော သူတယောက်၊ အမှောင်မှ အလင်းသွားသော သူတယောက်။ အလင်းမှ

အမှောင်သွားသော သူတယောက်၊ အလင်းမှ အလင်းသွား သော သူတယောက်၊ လေးမျိုးရှိတယ်မှတ် ယောဂီ။

(၁) အမှောင်မှ နေ၍ အမှောင်သွားသောသူ-သစ္စဉာဏ်၊ ကတဉာဏ်ဖြစ်တဲ့ ဝိပဿနာဉာဏ်ပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာတွေကို မရမရှိ မတွေ့မမြင်မူ၍ အယူမှား အစွဲမှား အမှတ်မှားတွေနှင့် တကွ ဖြစ်တဲ့ ဝါဒအမျိုးမျိုး ဆောင်ယူ သိမ်းပိုက်ခြင်း၊ ဒီလို သဘောတရားတွေနှင့် အပြည့်အဝ ရှိနေတဲ့ သံသရာသစ်ငုတ် ဆရာတွေကို မှီဝဲခြင်း၊ ဆည်းကပ်ခြင်း ဆိုတဲ့ နာနာသတ္တဥလ္လောကနဘေး၊ ကံလမ်း ဈာန်လမ်း ပြဟ္မာလမ်းတွေကို ဝိပဿနာထင်ပြီး ဆောင်ယူ သိမ်းပိုက်လျက် ကျင့်သုံးပွားများနေတဲ့ ဒုစ္စရိတဘေး၊ အိုခြင်း ဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲ တို့မှ မလွတ်နိုင်တဲ့ အပါယဘေး၊ စိတ်အာရုံပေါ်မှာ ဖြစ်ချင်ရာတွေ ဖြစ်ပြီးနေတဲ့ ပုံသဏ္ဌာန် အမျိုးမျိုးတွေကို မသိမမြင်မူ၍ အရှိထင်ပြီး ဆောင်ယူ သိမ်းပိုက်ကာ မျောချင်ရာ မျောနေတဲ့ ဝိနိပါတဘေး၊ ဒီဘေးဆိုးကြီး လေးမျိုးကို ဆောင်ယူ သိမ်းပိုက်ပြီး မွေးမြူ ကျင့်သုံးနေခြင်းများကို အမှောင်မှ အမှောင်သွား သော သူတယောက်လို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

(၂) အမှောင်မှ အလင်းသွားသောသူ-ပစ္စုပ္ပန် စရိုက် ခြောက်ပါးတို့တွင် တပါးပါးကြောင့် မှားနေသည် ဖြစ်ငြား သော်လည်း သပ္ပုရိသသံသေဝ ဖြစ်တဲ့ ဆရာစစ် ဆရာမှန်နှင့်

ကြုံကြိုက်၍ ပေါင်းဖေါ်မှီဝဲ ယှဉ်တွဲဆည်းကပ်တဲ့ အခါမှာ သာသနာတော်မြတ် ဖြစ်တဲ့ ပညာသိလ, သမာဓိဖြစ်တဲ့ အလင်းရောင်ကိုရ၍ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့် တကွ နိဗ္ဗာန်ချမ်းသာကို ကေန်ထုတ်ချောက် ယခု ပစ္စက္ခ မျက်မှောက်ဘဝတွင် သိမြင်ပေါက်ပိုင်ပြီး သုံးဆောင်ခံစား နိုင်ခြင်းများကို အမှောင်မှ အလင်းသွားသော သူတယောက် လို ပုတ်ပြတ်မှတ်လိုက် ယောဂီ။

(၃) အလင်းမှ အမှောင် သွားသောသူ-ပရိယတ္တိ သာသနာ ဖြစ်တဲ့ သုတမယဉာဏ်၊ ပဋိပတ္တိသာသနာဖြစ်တဲ့ စိန္တာမယဉာဏ်၊ ပဋိဝေဓသာသနာဖြစ်တဲ့ ဘာဝနာမယဉာဏ် ဟူ၍ သုံးမျိုးရှိရာ ပရိယတ္တိသာသနာဖြစ်တဲ့ သုတမယဉာဏ်နှင့် ပြည့်စုံ၍ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ အာယတန တရား၊ ဓာတ်တရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ကုသိုလ်တရား၊ အကုသိုလ်တရားတွေကို ကြွယ်ကြွယ်ဝဝ ပရိယာယ် အမျိုးမျိုး တွေနဲ့ သိမြင် ကျွမ်းကျင်ငြားသော်လဲ အမှား အမှန် သိမြင် နိုင်တဲ့ ပဋိပတ္တိသာသနာ၊ စိန္တာမယဉာဏ် မရမရှိ မသိ မမြင်တဲ့ အတွက်ကြောင့် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဝါဒအမျိုးမျိုးကို သာလျှင် အကျိုးတရားအစု ပေါ်မှာ အကိုးအကားပြုပြီး တင်းတိမ် နေခြင်းများကို အလင်းမှ အမှောင်သို့ သွားသော သူတယောက်လို့ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

(၄) အလင်းမှ အလင်းသွားသော သူ- အဇ္ဈာသယ ခြောက်မျိုးရှိရာ ထမျိုးသော်၎င်း၊ နှစ်မျိုးသော်၎င်း၊ သုံးမျိုး သော်၎င်း၊ ခြောက်မျိုးသော်၎င်း ပေါ်ရှိလာခြင်း၊ ပစ္စုပ္ပန် စရိုက်ခြောက်မျိုးတို့တွင် သဒ္ဓါစရိုက်၊ ပညာစရိုက်၊ ဗုဒ္ဓိစရိုက် ပြည့်စုံခြင်း၊ သပ္ပုရိသသံသေဝဖြစ်တဲ့ ဆရာစစ် ဆရာမှန် များနှင့် မှီဝဲ ဆည်းကပ်နိုင်ခြင်း၊ သဒ္ဓါရယ်၊ ဆရာရယ်၊ တရားရယ်၊ နှလုံးသွင်းမှုရယ် ပြီးပြည့်စုံခြင်း။ ဒီလို အင်္ဂါရပ် တွေနဲ့ ပြီးပြည့်စုံလျက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာ မြတ်ကို ယခုလို သာသနာတော်မြတ်နှင့် ကြုံကြိုက်တဲ့ ခဏ မှာပင် ကောန်မုချ ခံစား စံစား နိုင်ရခြင်းများကို အလင်းမှ အလင်းသွားသော သူတယောက်လို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

မြင်သာအောင် ရှင်းမယ်-လူ့ဘုံ လူ့ဘဝ လူ့အဖြစ်ကို ရရှိ ရောက်ရှိ လာပေမဲ့ စိတ်စင်ကြယ်တဲ့ လူ့အဖြစ်၊ အသိ ဉာဏ်ပညာနဲ့ ပြီးပြည့်စုံပြီး စင်ကြယ်တဲ့ လူ့အဖြစ်ကို ရဘို့ ရောက်ဘို့ ခဲယဉ်းခြင်းဆိုတဲ့ မနုဿတ္တဘာဝဒုလ္လဘနှင့် ကြုံလဲ ကြုံပါမှ၊ ကြုံပြန်တော့လဲ ကြိုက်နိုင်ပါမှ ဒီလို ဒုလ္လဘနှင့် ကြုံ ပေမဲ့ မကြိုက်နိုင်တဲ့ အဖြစ်မျိုးမှာ ဖြစ်၍ အိုနာသေ တလျှောက်မှာ ဒုစရိုက် ဒုရာဇီဝ တွေနှင့် အသက်မွေးဝမ်း ကျောင်း ပြုလုပ်နေခြင်းများကို အမှောင်မှ အမှောင်ကို သွားသော သူလို့ မှတ်လိုက် ယောဂီ။

ကံလမ်း၊ ဈာန်လမ်း၊ ဗြဟ္မာလမ်း တွေကို မသိ မမြင်လို့ ပြုလုပ် ကျင့်သုံးနေပေမဲ့ သပ္ပုရိသသံသေဝ ဖြစ်တဲ့ ဆရာစစ် ဆရာမှန်များနဲ့ ပေါင်းဖော်မှီဝဲ ယှဉ်တွဲဆည်းကပ်ရ၍ သံ သရာ ဝဋ်ဆင်းရဲဘေးဆိုး အပေါင်းတို့မှ ကျွတ်လွတ် ထွက် မြောက် အောင်မြင်နိုင်တဲ့ လမ်းကိုရခြင်း၊ ရောက်ခြင်းများကို အမှောင်မှ အလင်းသွားသော သူလို့ မှတ်လိုက် ယောဂီ။

သုတမယဉာဏ်ဖြင့် ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ အာယတနတရား၊ ဓါတ်တရားတွေကို သိမြင် ကြွယ်ဝ၍ ဘယ်လိုပင် ပြောဟောနေငြားသော်လည်း ပဋိပတ္တိ သာ သနာ၊ ပဋိဝေဓသာသနာဖြစ်တဲ့ အလင်းရောင်ကို မရ မရှိ မသိ မမြင်တဲ့ အတွက်ကြောင့် ပကတိအမြင်ရှိနေတဲ့ အဆင်း အသံ အနံ့ အရသာတွေကို အပြစ်ရှိတယ်လို့ မြင်မှန်မှားကို မဆင် ခြင်၊ ကောင်း မကောင်း အထင်နှင့် သီလကတပုံ၊ သမာဓိက တပုံ၊ ပညာက တပုံ၊ ပရမတ်က တပုံ၊ ပညတ်က တပုံ၊ ပုံချင်ရာ ပုံပြီး အသီးသီးဝါဒ စာသိနှင့် မာန်ထောင် ကံအမှောင် ကိုတော့ အလင်းမှတ်၊ အဆင်းဓာတ် အသံဓာတ်တွေကျတော့ ရုပ်လို့စွဲ၊ ဒီရုပ်တွေကို အသားလုပ်၊တရားမဟုတ်တာကျတော့ တရားထင်၊ အများမြင်အောင်လို့ သတ်သတ်လွတ်စား၊ ဗူးသီးခရမ်းသီးကျတော့ အသက်မရှိဘူးတဲ့။ ကြက်, ငှက်, ဘဲ, ဝက်ကျတော့ အသက်ရှိတယ်လို့ရှောင်၊ ကာယကံ ဝစီကံကို တော့ ပလီဉာဏ်နဲ့တမျိုးကြွား၊ ဟိုကိုးကား ဒီကိုးကားနှင့်

ထင်ရာကျိတ်၊ မြင်လာတဲ့ နိမိတ်တွေကျတော့ အလွန်ကောင်း တယ်လို့ပြော၊ အကြောင်းအသွယ်သွယ် သဘောနဲ့ လုပ်သမျှမော့ပြီး ဒုက္ခတော့မှာသာလျှင် မျက်စိလည်နေတယ်ဆိုတာ ပုတ်ပြတ်မှတ်ယောဂီ။ အဲဒါအလင်းမှ အမှောင်သွားသောသူလို့ မှတ်လိုက်ယောဂီ။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့် ယခုလို ကြုံကြိုက်တဲ့ အခါမှာ ယုံကြည်စောက်ကျနိုင်ခြင်းဆိုတဲ့ သဒ္ဓါ၊ စိတ်စင်ကြယ်တဲ့ လူ့အဖြစ်၊ အသိဉာဏ်စင်ကြယ်တဲ့ လူအဖြစ်နှင့် ပြည့်စုံခြင်းဆိုတဲ့ သီလ၊ ဒုစရိုက်ဆယ်ပါးနှင့် တကွ အယူမှား အစွဲမှား အမှတ်မှားတွေကို စွန့်လွှတ်နိုင်ခြင်းနှင့် ပြည့်စုံခြင်းဆိုတဲ့စာဂ၊ ခန္ဓာ အာယတန ဓါတ်သစ္စာဖြစ်သော အကြောင်းအကျိုးတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းနှင့် ပြည့်စုံခြင်းထိုတဲ့ သုတ၊ အကြောင်းတရား၌ အမှားအမှန် အကျိုးတရား၌ အမှားအမှန်တို့ကို ဆုံးဖြတ်နိုင်ခြင်းနှင့် ပြည့်စုံတဲ့ပညာ၊ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေကို ရှက်ခြင်းဆိုတဲ့ ဟိရိ၊ ကြောက်ခြင်းဆိုတဲ့ ဩတ္တပ္ပ၊ ဒီလို သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြီးပြည့်စုံပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို မနားမနေ ကြိုးစား ရှာဖွေပြီး လေ့လာကျင့်သုံးနေထိုင်ခြင်းကို အလင်းမှ အလင်းသို့ သွားသောသူလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

## အတိတ်အဇ္ဈာသယပါပုံ ရှင်းမယ်ယောဂီ

အလောဘအဇ္ဈာသယ၊ အဒေါသအဇ္ဈာသယ၊ အမောဟအဇ္ဈာသယ၊ ဝိဝေကအဇ္ဈာသယ၊ နိက္ခမအဇ္ဈာသယ၊ နိဿရဏသဇ္ဈာသယ၊ ခြောက်မျိုးရှိတယ်။ ဒီခြောက်မျိုးဟာ အတိတ်က ပါလာတဲ့ အဇ္ဈာသယခြောက်မျိုးမှတ်ယောဂီ။

(၁) အလောဘအဇ္ဈာသယ။ ။မိမိအကျိုးတရားအတွက် ဆန္ဒအတိုင်းသာ ပြုလုပ်တဲ့ လောဘ၊ တပ်နှစ်သက်ခြင်း ကင်းတဲ့ လောဘမျိုးမှတ်ယောဂီ။

(၂) အဒေါသအဇ္ဈာသယ။ ။စိတ်ဆိုး စိတ်ညစ် ဝမ်းသာဝမ်းနဲ ဖြစ်ပေမဲ့ ပြစ်မှားခြင်းကင်းတဲ့ ဒေါသမျိုးမှတ်ယောဂီ။

(၃) အမောဟအဇ္ဈာသယ။ ။ပြောတိုင်း မယုံခြင်း ခိုင်းတိုင်းမလုပ်ခြင်း ဆင်ကန်းတောတိုး မပြုလုပ်ခြင်း အကြောင်းအကျိုးကို ဝေဘန်သုံးသပ်လေ့ရှိခြင်းများ ဖြစ်တယ်မှတ်ယောဂီ။

(၄) ဝိဝေကအဇ္ဈာသယ။ ။စိတ်ငြိမ် အေးဆေးစွာ နေလိုခြင်း၊ မလျော်မလျောက်ပတ်သော ဝါဒအယူမျိုးကို လက်မခံလိုခြင်း၊ ဒီလိုအယူရှိသူများနှင့်လည်း မဆက်ဆံလိုခြင်းများဖြစ်တယ်မှတ်ယောဂီ။

(၅) နိက္ခမအဇ္ဈာသယ။ ။ယခု လက်ရှိခန္ဓာမှာ ဖြစ်နေတဲ့ အိုနာသေကိုသော်၎င်း၊ ရံခါရံခါ သတိသံဝေဂ ဖြစ်ပေါ်လာခြင်း၊ မြင် ကြား နံ စား တွေ့ ထိ ပေါ်မှာ သော်၎င်း၊ ရံခါရံခါ သတိသံဝေဂ ဖြစ်ပေါ်လာခြင်းများ ဖြစ်တယ်မှတ်ယောဂီ။

(၆) နိဿရဏအဇ္ဈာသယ။ ။သံသရာဝဋ္ဋဆင်းရဲ ဖြစ်ပွားကြောင်းကိုသော်၎င်း၊ သံသရာဝဋ္ဋဆင်းရဲ ချုပ်ငြိမ်းရာ လမ်းကြောင်းကိုသော်၎င်း၊ စူးစမ်းရှာဖွေလိုတဲ့ ဆန္ဒ သိမြင်ပေါက်ပိုင်လိုတဲ့ ဆန္ဒ ရံခါရံခါ ဖြစ်ပေါ်လာခြင်းများ ဖြစ်တယ်မှတ်ယောဂီ။

---

## ပစ္စုပ္ပန်စရိုက်ဖြစ်ပုံ ရှင်းမယ်ယောဂီ

လောဘစရိုက်၊ ဒေါသစရိုက်၊ ရာဂစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ပညာစရိုက်၊ ခြောက်မျိုးရှိတယ်မှတ်ယောဂီ။

(၁) လောဘစရိုက်။ ။မြင် ကြား နံ စား တွေ့ ထိ ဆိုတဲ့ ပဥ္စာရုံ၊ ကြံစည်ခြင်းဆိုတဲ့ ဓမ္မာရုံတွေမှာ တိုက်တိုင်း အကြောင်းအကျိုးကို မသိမမြင်မှု၍ တပ်နှစ်သက်ခြင်းနှင့် တကွ ဖြစ်ပေါ်လာတဲ့ လောဘမျိုးမှတ် ယောဂီ။

(၂) ဒေါသစရိုက်။ ။ပဉ္စာရုံ၊ ဓမ္မာရုံတွေမှာ တိုက်တိုင်းတိုက်တိုင်း အကြောင်းအကျိုးကို မသိမမြင်မှု၍ ပြစ်မှားကျူးလွန်ခြင်းနှင့်တကွ ဖြစ်တဲ့ ဒေါသမျိုးမှတ်ယောဂီ။

(၃) ရာဂစရိုက်။ ။မိမိတို့ စိတ်အာရုံ ရွေးရှုဆောင်လာတိုင်း ဆောင်လာတိုင်း ဝိညာဉ်အရိပ် သမ္မုတိ၊ သညာအရိပ်သမ္မုတိ သဘောတရားတွေကို မသိမမြင်မှု၍ တကယ်အရှိထင်ပြီး စွဲယူသိမ်းပိုက်ကာ သမုဒယအနှောင်အဖွဲ့တွေဖြစ်ပြီး သို့လောသို့လော ဖြစ်ပေါ် ကျရောက်နေခြင်းများဖြစ်တယ်မှတ် ယောဂီ။

(၄) သဒ္ဓါစရိုက်။ ။မိမိတို့ ကိုယ်ပိုင် ပြုလုပ်လျှင်ကိုယ်ပိုင်ရမယ်လို့ တကယ့်စိတ်ချယုံကြည်တဲ့သဒ္ဓါ၊ သံသရာဝဋ်ဆင်းရဲကိုသော်ငှင်း၊ သံသရာဝဋ်ဆင်းရဲ အနှောင်အဖွဲ့ဘေးမှ ကျွတ်လွတ် ထွက်မြောက်အောင်မြင်နိုင်တဲ့ လမ်းကိုသော်ငှင်း ကိုယ်ပိုင်ဒိဋ္ဌ မရမနေ စူးစမ်းရှာဖွေလိုတဲ့ သဒ္ဓါ၊ ပညာ, သီလ, သမာဓိဆိုတဲ့ သိက္ခာသုံးပါးနှင့် ပြည့်စုံတဲ့ သာသနာတော်မြတ်ကြီးကို ဖူးစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ ယုံကြည်စောက်ကျထားရှိတဲ့ သဒ္ဓါမျိုးဖြစ်တယ်မှတ် ယောဂီ။

(၅) ဗုဒ္ဓိစရိုက်။ ။သတ္တလောက ဖြစ်စဉ် အရုပ်ရုပ်တွေကို ကိုယ်ပိုင်ဒိဋ္ဌ သိလိုခြင်း၊ သင်္ခါရလောက ဖြစ်စဉ်အရုပ်ရုပ်တွေကိုလဲ ကိုယ်ပိုင်ဒိဋ္ဌ သိလိုခြင်း၊ ဩကာသလောက

ဖြစ်စဉ်အရပ်ရပ်တွေကိုလဲ ကိုယ်ပိုင်ဒိဋ္ဌ သိလိုခြင်း၊ ဒီသဘော တရားတွေကို အမှန်လေးပါးဖြင့် ပိုင်းပိုင်းခြားခြား သိမြင် ပေါက်ပိုင်အောင် စူးစမ်း ရှာဖွေခြင်းများ ဖြစ်တယ်မှတ် ယောဂီ။

(၄) ပညာစရိုက်။ ။သံသရာ ဝဋ္ဋဆင်းရဲဖြစ်တဲ့ ရုပ် တရား နာမ်တရားတွေကို သိမြင်အောင် ရှာခြင်း၊ ထိုရုပ် တရား နာမ်တရားတို့ ဖြစ်ပွားကြောင်းကိုလဲ သိမြင်အောင် ရှာခြင်း၊ ထိုရုပ်တရား၊ နာမ်တရားတို့ ချုပ်ငြိမ်းရာလမ်းကို သိမြင်အောင်ရှာခြင်း၊ ချုပ်ငြိမ်းရာ ရောက်ကြောင်းကိုလဲ ပေါက်ပိုင်အောင် ကိုယ်ပိုင်ဒိဋ္ဌ စူးစမ်းရှာဖွေခြင်းများ ဖြစ် တယ်မှတ်ယောဂီ။

ဒီပစ္စုပ္ပန်စရိုက်ခြောက်ပါးမှာ လောဘစရိုက်, ဒေါသစ ရိုက်, ရာဂစရိုက်သုံးမျိုးသည် မျိုးရိုးဗီဇဆင်းသက်ပြီး ဘိုး ဘွားမိဘများကြောင့်လဲ ဖြစ်ပေါ်လာနိုင်တယ်။ မိတ်ဆွေ အပေါင်းအသင်းများကြောင့်လဲ ဖြစ်ပေါ်နိုင်တယ်။ အရပ် ဒေသ အလိုက်ကြောင့်လဲ ဖြစ်ပေါ်လာနိုင်တယ်။ ပတ်ဝန်း ကျင်ကြောင့်လဲ ဖြစ်ပေါ်လာနိုင်တယ်မှတ် ယောဂီ။

သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ပညာစရိုက် ဒီသုံးပါးမှာ တော့ သပ္ပုရိသသံသေဝဖြစ်တဲ့ ဆရာစစ် ဆရာမှန်များနဲ့ ပေါင်းဖေါ်မှီဝဲ ယှဉ်တွဲဆည်းကပ်တဲ့ အခါများမှာမှ ဖြစ် ပေါ်ရရှိလာနိုင်တယ်မှတ် ယောဂီ။

အဇ္ဈာသယခြောက်မျိုးတို့တွင် တမျိုးသော်၎င်း၊ နှစ်မျိုး သုံးမျိုးသော်၎င်း၊ အလုံးစုံကိုသော်၎င်း၊ ပါရှိလာတဲ့ ပုဂ္ဂိုလ်၊ ဒီပစ္စုပ္ပန်မှာလဲ သဒ္ဒါစရိုက်, ဗုဒ္ဓိစရိုက်, ပညာစရိုက်ဖြစ်ပေါ် ရရှိလာအောင် သပ္ပုရိသသံသေဝဖြစ်တဲ့ ဆရာစစ်ဆရာမှန် များနဲ့ မိဝဲဆည်းကပ်ပြီး သံဿရာဝဋ်ဆင်းရဲ ဘေးဆိုး အမျိုးမျိုးတို့မှ ကင်းအောင် ရှင်းအောင် လွတ်အောင် ငြိမ်း အောင် ဤမှာဘက်ကမ်း ဖြစ်တဲ့ သံသရာမှ ဟိုမှာဘက် ဖြစ် တဲ့ မြတ်နိဗ္ဗာန် သုခကြီးကို မျက်ဝါးထင်ထင် ကိုယ်ပိုင်မြင် အောင် လှေလှ ပွားများ ကြိုးစား ရှာမှီးနိုင်တဲ့ ဩကပ္ပ နသဒ္ဒါ၊ အာဂမသဒ္ဒါ၊ အဓိဂမသဒ္ဒါ-များနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

---

## အရပ်မှ အရိပ်ထွက်ပုံရှင်းမယ်ယောဂီ

သုံးဆဲ့နှစ်ခု အပေါင်း အစုနှင့် တကွဖြစ်နေတဲ့ ဥတုဇ ခန္ဓာ၊ ကမ္မဇခန္ဓာ တွေကို ကမ်းခြေလို့ မှတ်လိုက် ယောဂီ။ စိတ်, စေတသိက်, ရုပ်ခေါ်တဲ့ ပရမတ္ထ သစ္စာကြီးကိုတော့ ကမ်းခြေပေါ်မှာ တည်ရှိနေတဲ့ အရပ်လို့ မှတ်လိုက် ယောဂီ။ အဝိဇ္ဇာခေါ်တဲ့ မှားခြင်းသဘော၊ မှောင်ခြင်းသဘော၊ မိုက် ခြင်းသဘော၊အကြောင်းအကျိုးကို မသိမမြင်သော သဘော၊ တွေဝေ ငေးမှော့ပြီး လိုက်ပါခြင်း သဘော၊ တဏှာခေါ် တဲ့ ကောင်းမကောင်း သဘော၊ လိုမလို သဘော၊ ချစ်မုန်း

သဘော၊ ချောက်မြောက်ကြောက် သဘော၊ ဒီအဝိဇ္ဇာသဘော၊ တဏှာသဘော ဖြစ်တဲ့ သမုဒယ အနှောင် အဖွဲ့တွေကို မြစ်ရေပြင်လို့ မှတ်လိုက် ယောဂီ။

ဒီသမုဒယ ရေပြင်မှ လွတ်မြောက်သော သဘောကို ဟိုမှာဘက်ကမ်း ဖြစ်တဲ့ နိဗ္ဗာန်လို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။ တနည်း ပြောဦးမယ်-အပါယ်လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ဗြဟ္မာနှစ်ဆယ်၊ ပေါင်းသုံးဆဲ့တဘုံ၊ ဒီသုံးဆဲ့တဘုံကို မြစ်ကမ်းခြေလို့ မှတ်လိုက်ယောဂီ။ သဘာဝတရားဖြစ်တဲ့ စိတ်, စေတသိက်, ရုပ်ကို ကမ်းခြေမှာ ရှိတဲ့ အရပ်လို့ မှတ်လိုက် ယောဂီ။ ပစ္စုပ္ပန် မြင်တချက်မှာ အစဉ်ဆက်နေတဲ့ အဝိဇ္ဇာသဘော၊ တဏှာသဘော ဖြစ်တဲ့ အဘာဝတရား၊ သမုဒယ အနှောင် အဖွဲ့တွေကို မြစ်ရေပြင်လို့ မှတ်လိုက်ယောဂီ။ စိတ်ဝိညာဉ် စိတ်သညာတို့ ကျရောက်ပြီး ထင်နေတဲ့ သမုတ်ချက်ကို အရိပ်လို့ မှတ်လိုက် ယောဂီ။

---

## အရိပ်နှစ်ခု ခြားနားမှုကိုရှင်းမယ် ယောဂီ

ဒီပဉ္စာရုံ ဓမ္မာရုံတွေမှာ အရိပ်ထွက်ပြီး နိမိတ်ဆက်နေလို့ ခက်တယ်မှတ်။ ခြောက်ဒွါရ အစဉ်သဘောမှာ ရောက်တတ်ရာရာ တွေနဲ့ ထင်ပြီး မျောနေလို့ သံသရာလည်တာမှတ် ယောဂီ။

ပထဝီ-အာပေါ-ဝါယော-တေဇော-အဆင်း အသံ အနံ့ အရသာ ဩဇာ ဆိုတဲ့ ဒိဥတုဇ ရုပ်သဘော တွေဟာ မိမိတို့ရဲ့ စိတ်ဝိညာဉ်၊ စိတ်သညာတွေ ကျရောက် ဖြစ်ပေါ်ပြီး အမျိုးမျိုး ဘန်ဆင်းနေပေမဲ့ ဖေါက်ပြန် ပြောင်းလဲခြင်း မရှိ တုန်လှုပ် ချောက်ချားခြင်း မရှိ ပကတိ နေမြဲအတိုင်းဘဲ ဆိုတာ ပုတ်ပြတ်မှတ်။ မြင် ကြား နံ စား တွေ့ထိ ဆိုတဲ့ ကမ္မဇ ရုပ်သဘောကိုလဲ ဉာဏ်မြင်လာအောင် ထပ်ပြီး စဉ်းစား ကြည့်လိုက်ပါဦး။ ဒီကမ္မဇ ရုပ်သဘောတွေကလဲဖေါက်ပြန် ပြောင်းလဲခြင်း မရှိ တုန်လှုပ် ချောက်ချားခြင်း မရှိ ပကတိ နေမြဲအတိုင်းသာလျှင် မုချ ရှိတယ် ဆိုတာ ပုတ်ပြတ်မှတ် ယောဂီ။

ဒီစိတ်ဝိညာဉ်၊ စိတ်သညာတို့က သာလျှင် ဖေါက်ပြန်ပြောင်းလဲပြီး အကြောင်းစုံနေတာ ယောဂီ။ ဒီဥတုဇရုပ်၊ ကမ္မဇ ရုပ်တွေဟာ မိမိတို့ရဲ့ ဓါတ်ပုံရိပ်နှင့် တူတယ်မှတ်။ ဓါတ်ပုံ အရိပ်ဟာ မိမိတို့အရိပ် မှန်ငြားသော်လည်း ပြောင်းလဲ ဖေါက်ပြန် တုန်လှုပ် ချောက်ချားခြင်း မရှိဘူး ယောဂီ။ ပုံသဏ္ဍာန်နှင့်တကွ ဖြစ်နေတဲ့ သက္ကာယခန္ဓာ၊ ဉပါဒါန်ခန္ဓာ တွေကိုတော့ မိမိတို့ ကြည့်ရှုတဲ့ မှန်ရိပ်နှင့် တူတယ်မှတ်လိုက် ယောဂီ။ ဓမ္မာရုံမှာ မှန်အပြင်မှာ စိတ်သညာ နာမ်အစဉ်က ကြုံထင်ပြီး သဏ္ဍာန် မြင်အောင် အမျိုးမျိုး လုပ်ပြနေတာ ယောဂီ။ ပဋ္ဌာရုံက ဓါတ်ပုံနှင့် တူတယ်။ ဓမ္မာရုံက

မှန်နှင့်တူတယ်။ ဝိညာဉ်သမ္မုတိ၊ သညာသမ္မုတိက ကြည့်ရှုသူနှင့် တူတယ်လို့ မှတ်ထားလိုက် ယောဂီ။

ဒီစိတ်ဝိညာဉ် စိတ်သညာတို့ ကျရောက်ဘန်ဆင်းပြီး အမျိုးမျိုး အရိပ်ထွက်နေတာကို မသိမမြင်လေတော့ ဒီဥတုဇရုပ်၊ ကမ္မဇရုပ်တွေက ဒုက္ခပေးတယ်လို့ မှတ်ပြီး စွပ်စွဲပြောဆိုလျက် ဒီရုပ်ဝတ္ထုတွေကို ရှောင်ကြဉ်နိုင်အောင် ကြိုးစားအားထုတ်ပြီး ကျင့်ကြတယ် မဟုတ်လား။ ဒီလို ကျင့်တာမျိုးကတော့ အရထူးတဲ့ သဘောဘဲ ယောဂီ။ အရထူးတယ်ဆိုတာ အရှူးထတာလို့ မှတ်လိုက်။ ဒီရုပ်ဝတ္ထုတွေကတော့ ဒုက္ခ မပေးဘူးတဲ့ မုချမှတ်လိုက်။ စိတ်ဝိညာဉ် စိတ်သညာတို့ကသာ ဒုက္ခပေးနေတာ ယောဂီ။

---

## သင်္ခတပရမတ်ကို ရှင်းမယ် ယောဂီ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်၊ ပရမတ္ထ တရား လေးမျိုးရှိရာ စိတ်လဲပရမတ်၊ စေတသိက်လဲ ပရမတ်၊ ရုပ်လဲပရမတ်၊ နိဗ္ဗာန်လဲ ပရမတ်လို့ လေးမျိုးရှိရာ ပရမတ်ချင်း တူပါလျက် သားနှင့် အဘယ်ကြောင့် နိဗ္ဗာန်ကို လိုချင်ပါသလဲ။ ဒီအချက် အလက်တွေကို အကွက်ကျကျ စဉ်းစားရလိမ့်မယ် ယောဂီ။ ပရမတ်ဆိုတာက သဘာဝ၊ စိတ်, စေတသိက်, ရုပ်ဆိုတာက သဘော။ စွဲတယ် တည်တယ် ရွေ့လျောပျက်စီးတယ် ဆိုတာက လက္ခဏာ၊ သဘာဝဆိုတဲ့ ပရမတ်အသား

အနှစ်ကို သဘောလက္ခဏာ ဆိုတဲ့ ပညတ် အစဉ်ဖုံးနေလို့ မြင်မဆုံးအောင် အလွန်ခက်နေတာ ယောဂီ။

ဒီသဘော တရားတွေကို ကြည့်စမ်း သိသဘောကစိတ်၊ ကြံတဲ့ထင်တဲ့ သဘောက စေတသိက်၊ ကြံတဲ့ထင်တဲ့ အတိုင်း ဖေါက်ပြန်တဲ့ သဏ္ဌာန်က ရုပ်၊ ဒါဖြင့် ဒီ စိတ်,စေတသိက်, ရုပ်ဟာ ပရမတ်လို့တော့ ပြောရတယ်။ တကယ်တော့သစ်တ ပရမတ်လို့ မှတ်လိုက်။ နိဗ္ဗာန်လို့ခေါ်တဲ့ အသစ်တ ပရမတ် ဆိုတာက သိသဘော ကြံထင်သဘော ဖေါက်ပြန်ဖြစ်ပေါ်တဲ့ သဏ္ဌာန်သဘော အလျဉ်းမရှိ၊ ဘိတ်မရှိ၊ လုံးဝမရှိဘူး ယောဂီ။ စွဲစရာ-တည်စရာ ရွေ့လျော ပျက်စီးစရာ ဖြစ်စရာ လုံးဝမရှိ၊ ဘိတ်မရှိဘူးမှတ် ယောဂီ။ တကယ်တော့ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ သဘော ပရမတ်ဟာ ဝိဇ္ဇမာန ပညတ်မှတ်။ ဒီစိတ်, စေတသိက်, ရုပ် ကင်းလွတ် စင်ကြယ်နေတဲ့ သဘာဝသာလျှင် အသစ်တ ပရမတ်မှတ်။ မုချ ပရမတ် အစစ်မှတ် ယောဂီ။ အဲဒါ နိဗ္ဗာန်ခေါ်လိုက်။

သံသရာဆိုတာ ဒီ စိတ်, စေတသိက်, ရုပ် ဖြစ်တဲ့သဘော လက္ခဏာ အကြောင်းအကျိုး အစဉ်တွေဟာ အကောင်း အဆိုး ထင်နေလို့ သံသရာ ခေါ်တာမှတ်။ အများသိတာ ပြောလိုက်ဦးမယ်။ ခန္ဓာ, အာယတန, ဓါတ်, သစ္စာတို့မပြတ် ဖြစ်နေတာ သံသရာ ခေါ်တယ်မှတ်။ စိတ်အာရုံတွေ ပရမ်း ပတာ ထင်ရာကျတာ သံသရာ ခေါ်တယ်မှတ်။ ဒီသစ်တ

ပရမတ် သဘောတွေဟာ ထင်လာသမျှ မပြတ် မျောနေလို့ ခက်တယ်မှတ်။ အသင်္ခတ သဘော ပရမတ်တွေဟာ ထင်လာ သမျှ အတောမဆတ်နိုင်လို့ ခက်တယ်မှတ်။ ဒါဖြင့် အများ အမြင်ကို တရားဝင်အောင် ရှင်းမယ်-ကိုယ်တိုင်သိ ကိုယ်တိုင် မြင်အောင် သေသေချာချာဘတ်။ ကိုယ်တိုင် သိမြင်မှ ယုံ ကြည် စောက်ချလိုက် ယောဂီ။

သင်္ခတ သဘောနှင့် သင်္ခါရ သဘောကို သိမြင် သဘော ပေါက်ဘို့ အလွန် လိုတယ်မှတ်။ ဒီသဘောနှစ်ခု ခြားနားမှု သဘောကို ပိုင်းပိုင်းခြားခြား သဘောပေါက်ပါမှ သုံးဆဲ့ တဘုံ ဖြစ်နေတဲ့ မြုပ်-မျော-ဆက်-လည် သဘော အစဉ် တွေကို ဒီတော့မှ ဒလဟော မြင်မယ်မှတ် ယောဂီ။ လင်း အောင် ရှင်းမယ် သေသေချာချာသာ ညဏ်ဖြစ်လာအောင် ညဏ်ရောက်လာအောင် ညဏ်ပေါက်လာအောင် စဉ်းစဉ်းစား စားဘတ်။ မြေ-ရေ-လေ-မီး အဆင်း အသံ အနံ့ အရသာ ဩဇာ ဆိုတာတွေဟာ သမုတ်ပညတ် ခေါ်ဝေါ်တပ်ထားတဲ့ နာမည်တွေမှတ်။ ပထဝီ အာပေါ ဝါယော တေဇော၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတာ တွေလဲ နာမည်တွေဘဲ စဉ်းစားပြီး မှတ်လိုက်။ ဘယ်သဘောတွေကို သမုတ်ပညတ် ခေါ်ဝေါ် တပ်ထားတဲ့ နာမည်တွေလဲ ဆိုတာ ထပ်ပြီး စဉ်းစား။

မာသဘော နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော ထောက်ကန်သဘော လှုပ်ရှားသဘော ပူသဘော အေးသ

ဘော ဆိုတဲ့ သဘောတရားတွေကို သမုတ်ပညတ်ခေါ်ဝေါ် တပ်ထားတာလို့ မှတ်လိုက်။ ဒီသဘောတရားတွေကို မံသ မျက်စိ အသားစိုင်မျက်စိနှင့် မြင်ရရဲ့လား ဆိုတာ သေသေ ချာချာ စဉ်းစားလိုက်စမ်း၊ လုံးဝမမြင်ရဘူး၊ ဘိတ်မမြင်ရဘူး မှတ်လိုက် ယောဂီ။

ဒီသဘောတရားတွေကိုမှ မံသမျက်စိ အသားဆိုင်မျက်စိနှင့် မမြင်ရလျှင် ဒီသဘောတရားတွေကို သမုတ်ပညတ် ခေါ်ဝေါ် တပ်ထားတဲ့ နာမည်တွေကို ဘယ်နည်းနှင့် မြင်နိုင်မှာလဲ ယောဂီ။ သေသေချာချာ စဉ်းစားပြီး ဉာဏ်ဖြစ်လာအောင် ဉာဏ်ရလာအောင် ဉာဏ်ရောက်လာအောင် ဉာဏ်ပေါက်လာ အောင် ခေါက်တုံ့ခေါက်ပြန်ဘတ်၊ ဒီနေရာတွေမှာ အလွန် အရေးကြီးလှန်လှန်းလို့ ဒီနေရာတွေကို ဉာဏ်မြင်သဘော ကျမှ သဘောရမှ ဝိပဿနာဉာဏ်အစစ် မဂ်ဉာဏ်အစစ် ဖိုလ် ဉာဏ်အစစ်ကို ရ၍ နိဗ္ဗာန်ကို မုချမြင်နိုင်မယ်မှတ် ယောဂီ။

---

## လောကသုံးပါးနှင့် သံသရာကို ရှင်းမယ် ယောဂီ

မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာ ဩဇာ ဆိုတဲ့ ဥတုဇရုပ်ဝတ္ထုကြားနှင့် မြင် ကြား နံ စား တွေ့ထိ ဆိုတဲ့ ကမ္မဇရုပ်ဝတ္ထုကြားဟာ ပင်ကိုယ်ရှင်း ပင်ကိုယ်လင်း နေတဲ့ ဩကာသလောကသုည တထီးထီးကြီး မှတ်လိုက် ယောဂီ။ ပင်ကိုယ်ရှိတဲ့ ဩကာသလောကကြီးကို မသိမမြင်

နိုင်ကြလို့ သယံဇာတ ထာဝရဖြစ်တဲ့ သင်္ခတဓာတ်ကို မှီးပြီး သင်္ခါရလောက၊ သတ္တလောကဆိုတဲ့ အဖြစ်တရား မရှိတရား တွေ ပေါ်ပေါက်ကာ ပေါက်ပွါးလျက် ဖြစ်ချင်ရာတွေ ဖြစ်ကာ ကျချင်ရာတွေ ကျပြီး ပရမ်းပတာ ဖြစ်နေကြတယ် ဆိုတာကို လုံးဝ မသိ မမြင် နိုင်တဲ့ အတွက်ကြောင့် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေနဲ့ လုံးထွေး ရစ်ပတ်ပြီး အဖြစ်မရပ်အောင် မြုပ် မျော ဆက် လည် နေကြတယ်ဆိုတာ့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

ဒါဖြင့် လောကအကြောင်းကိုရှင်အောင်ရေးမယ် သေသေ ချာချာဘတ်လိုက်၊ မျက်စိခေါ် မြင်ဆိုတဲ့ ကမ္မဇရုပ်နှင့် အဆင်းခေါ် အမြင်ခံဖြစ်တဲ့ ဥတုဇရုပ်တို့ ပေါင်းဆုံ ကြုံ ကြိုက်တဲ့အခါ ရုပ်ဝတ္ထုချင်းချင်း သုညတ အနတ္တသက်သက် ဩကာသလောကဖြစ်ပါလျက်နှင့် ဒီဩကာသလောကကြီးကို မသိမမြင်တဲ့ အတွက်ကြောင့် သယံဇာတ ထာဝရဓါတ်ရဲ့ အရိပ်ဖြစ်တဲ့ သင်္ခတခေါ်တဲ့ စိတ်, စေတသိက်, ရုပ်ဥပါဒ်ပြိုင် ဘင်ပြိုင် ဖြစ်ပေါ်လာတယ် မှတ်လိုက်။

လင်းအောင် ထပ်ရှင်းမယ်-မိမိတို့ ရှေ့မှောက်၌ အရာဝတ္ထု တခုခုကို ကြုံကြိုက်တွေ့မြင်တဲ့ အခါမှာ ရှေးဦးစွာ အာရုံခေါ် စေတသိက်တရား ပေါ်ပေါက်ပြီး ညွတ်ကိုင်းလာတယ်မှတ်၊ အာရုံညွတ်ကိုင်းပြီး ဆုံးသည်နှင့် ဒုတိယ သမုတ်ချက်နာမည် ဖြစ်ပေါ်လာတယ်မှတ်။ အာရုံညွတ်ကိုင်းခြင်း၊ သမုတ်ချက်

အမည်ပေါ်ခြင်းတို့ ဖြစ်ပေါ်ပြီးသည့်နောက် တတိယသိမြင်ခြင်း ဖြစ်လာပြန်တယ်မှတ်။ ဒါဖြင့် မျက်စိအကြားနှင့် အဆင်းအကြားမှာ အာရုံ၊ သမုတ်ချက်၊သိစိတ်ခေါ်တဲ့စိတ်, စေတသိက်, ရုပ်ဖြစ်တဲ့ သယံဇာတ တရားကြီးရဲ့ အရိပ်ပေါ်ပေါက်လာတယ်မှတ်လိုက် ယောဂီ။

ဒီအာရုံ၊ သမုတ်ချက် သိစိတ်ဆိုတဲ့ သဘောတရား သုံးမျိုးဟာ မျက်စိနှင့် အဆင်းကြား၊ နားနှင့် အသံကြား၊ နှာခေါင်းနှင့် အနံ့ကြား၊ လျှာနှင့် အရသာကြား၊ ကာယနှင့် အတွေ့ကြားတို့မှာ အကြောင်းအားလျော်စွာ ဒီသဘောတရား သုံးမျိုးဟာ ဖြစ်ပေါ်လေ့ ရှိကြတဲ့ အတွက်ကြောင့် ခါတ်တဆဲ့ရှစ်ပါးလို့ သမုတ်လိုက် မှတ်လိုက် ယောဂီ။ ဒီသဘောသုံးမျိုး ပြိုင်ပြီး ဖြစ်ပေါ်လာဆဲ အခါမှာ ကုသိုလ်, အကုသိုလ်မပါဘူးမှတ်။ ကောင်း မကောင်း လိုမလို ချစ်မုန်း ချောက်-မြှောက်-ကြောက် ဆိုတဲ့ သဘောတွေ မပါဘူး မှုချမှတ်။ ဒါကြောင့် သယံဇာတ ထာဝရဓာတ်ရဲ့ အရိပ် ဖြစ်သော ဓာတ်သုံးပါးပြိုင် ဖြစ်လာတဲ့ အဖြစ်တရားကို ခဏိက အနိစ္စ၊ အနိစ္စလက္ခဏာ-နိရောဓသစ္စာ၊ အနတ္တလက္ခဏာ-နိရောဓ စ္စာ၊ ဒုက္ခလက္ခဏာ-နိရောဓသစ္စာလို့ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

ဒီသြကာသလောကနှင့် တကွ သြကာသ လောကကြီး ပေါ်မှာ အဖြစ်တရား ဖြစ်ကဲ့ သယံဇာတ ထာဝရဓာတ်ရဲ့

အရိပ်ဖြစ်သော နိဗ္ဗာနသစ္စာကို မသိ မမြင်လေတော့ သင်္ခါရလောက၊ သတ္တလောက ဖြစ်ပေါ်လာကြပြန်တယ် မှတ်လိုက်။ ဒီနေရာတွေမှာ သဘောပေါက်အောင် ထပ်ကာ ထပ်ကာဘတ်။ ဒီတော့မှ သဘောပေါက်လာနိုင်တယ်၊ သဘောရောက်လာနိုင်တယ်၊ စိတ်, စေတသိက်, ရုပ်ဟု ဆိုအပ်သောအဖြစ်တရားခေါ်သော ဓါတ်သုံးပါးပြိုင် ဖြစ်ပေါ်လာတဲ့ သယံဇာတ ထာဝရဓာတ်ရဲ့ အရိပ်ဖြစ်တဲ့ နိဗ္ဗာနသစ္စာကြီးကို မသိ မမြင်နိုင်အောင် ဖုံးအုပ် ကွယ်ကာ တွယ်တာ ကပ်ငြိနေတဲ့ အတ္တစွဲ အဝိဇ္ဇာကြောင့် ဣဋ္ဌ အနိဋ္ဌာ နှစ်ဖြာကြောင်းကျိုးကောင်းဆိုးအထင် မြင်ချင်ရာ မြင်တဲ့ အယူဆိုး ဝါဒဆိုးတွေကြောင့် ပေါက်ပြန်ခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်း၊ ပြုပြင်ခြင်း၊ ကြံစည်ခြင်းဆိုတဲ့ သက္ကာယဖြစ်တဲ့ သန္တတိသင်္ခါရလောကကြီး ဖြစ်ပေါ် ပွါးစီးလာရပြန်တယ် မှတ်လိုက်။ ဒီသန္တတိ သင်္ခါရလောကကြီး ပွါးစီး ထူထောင် လာပြန်သည်နှင့် အမျှ မြင်တကွက်မှာ အစဉ်ဆက်နေတဲ့ လို မလို ချစ်မုန်းချောက် မြှောက် ကြောက်ဆိုတဲ့ မရှိသဘော တဏှာ အယဉ်ကြောင့် မကြာခင် ဥပါဒါန်ခန္ဓာခေါ်တဲ့ ပေါက်ပြန် ခံစား မှတ်သား ပြုပြင် ကြံသိ ခန္ဓာအစဉ် မှတ်စရာ စရိုက်တွေဟာ သတ္တဝါအလိုက် ဖန်ဆင်း ဖြစ်ပေါ်လာပြန်တယ် မှတ်လိုက်။ အဲဒါ သတ္တလောက အစစ်မှတ်။

ဒါဖြင့် ဉာဏ်ဖြစ်လာအောင် ဉာဏ်ရေယ်လာအောင် ဉာဏ်ပေါက်လာအောင် စဉ်းစဉ်းစားစား ဘတ်လိုက်စမ်း၊

သတ္တလောကကို ဒုက္ခသစ္စာမှတ်လိုက်၊ သင်္ခါရလောကကို သမုဒယသစ္စာမှတ်လိုက်၊ ဩကာသလောကကို နိရောဓသစ္စာ မှတ်လိုက်၊ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ညဏ်ပညာကို မဂ္ဂ သစ္စာမှတ်လိုက် ယောဂီ။ သက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာကို ခန္ဓာလို့ မှတ်လိုက်။ ဒုက္ခသစ္စာလို့ မှတ်လိုက်၊ အဝိဇ္ဇာ တဏှာနှစ်မျိုးကို အာယတနလို့ မှတ်လိုက်။ သမုဒယ သစ္စာလို့ မှတ်လိုက်၊ ဓါတ်သုံးပါးပြိုင် ဖြစ်ပေါ်လာတာကို ဓါတ်လို့ မှတ်လိုက်။ နိရောဓသစ္စာလို့ မှတ်လိုက်၊ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာတို့ကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ညဏ်ပညာကို မဂ္ဂသစ္စာလို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

ဩကာသလောကကို အရှိတရားမှတ် သင်္ခါရလောကကို အဖြစ်တရားမှတ်၊ သတ္တလောကကို မရှိတရားလို့ ပုတ်ပြတ် မှတ်လိုက်၊ သယံဇာတ ထာဝရဖြစ်တဲ့ သင်္ဘာဝတ်ကို စွဲ၍ သင်္ခါရတရားလို့ ဆိုတဲ့ အဖြစ်တရားတွေ မရှိတရားတွေ ဝန်ထုပ် ဝန်ပိုးဖြစ်တဲ့ ခန္ဓာတရားတွေ အာယတနတရား၊ ဓါတ်တရားတွေ ဆက်ကာ ဆက်ကာ တဖွားဖွား ဖြစ်ပေါ် လာကြတယ်မှတ်၊ ဒီသဘောတရားတွေကိုပင် သံသရာခေါ် တာ မှတ်လိုက်။

---

## အာရုံကျဉ်းအလင်းရပုံ ရှင်းမယ်ယောဂီ

မျက်စိကြားနှင့် အဆင်းကြား၊ နားကြားနှင့် အသံ ကြားတို့မှာ ဖြစ်ပေါ်နေသော အာရုံသင်္ခါရ တရားတွေကို

ချုံးလိုက်သည်ရှိသော် ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ လောကုတ္တရာအာရုံ၊ သုံးမျိုးသာလျှင် ရှိတယ်မှတ်လိုက်။ ဒီအာရုံသုံးမျိုးမှာလဲ ပဥ္စာရုံမှာတိုက်တိုင်း ဖြစ်ပေါ်နေတဲ့ ဝိညာဉ်သမ္ပုတ်တို့ဟာ ရုပ်အကြောင်းခံပြီး နာမ်အကျိုးပေါ်လာလေသောကြောင့် သမ္ပုတိရုပ်နာမ်၊ မဟဂ္ဂုတ်အာရုံဖြစ်တယ်မှတ်။ ဓမ္မာရုံမှာ တိုက်တိုင်းဖြစ်ပေါ်လာတဲ့ သညာသမ္ပုတိဟာ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ်လာလေသောကြောင့် သမ္ပုတိရုပ်နာမ်- မဟဂ္ဂုတ်အာရုံဖြစ်တယ်မှတ်။ အဝိဇ္ဇာတဏှာဖြစ်သော သမုဒယဟု ဆိုအပ်သော သက္ကာယခန္ဓာ ဥပါဒါန်ခန္ဓာတို့ဟာ နာမ်အကြောင်းခံပြီး နာမ်အကျိုးပေါ်လာလေသောကြောင့် ကာမအာရုံဖြစ်တယ်မှတ်လိုက်။

ဒီ သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို လောကုတ္တရာအာရုံမှတ်လိုက်ယောဂီ။ ဥပါဒါန်ခန္ဓာကို အတိသြဠာရိက အတ္တဒိဋ္ဌိလို့မှတ်၊ သက္ကာယခန္ဓာကို သြဠာရိက အတ္တဒိဋ္ဌိလို့မှတ်။ ပဥ္စာရုံဖြစ်သော ဝိညာဉ်သမ္ပုတ် ရုပ်နာမ်ကို သုခုမအတ္တဒိဋ္ဌိလို့မှတ်။ ဓမ္မာရုံဖြစ်သော သညာသမ္ပုတိ ရုပ်နာမ်ကို အတိသုခုမ အတ္တဒိဋ္ဌိလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။ သမ္ပုတိ ရုပ်နာမ်ကို ပရိညာဒုက္ခလို့မှတ်လိုက်၊ သမုဒယနှင့် တကွ ဖြစ်သော ရုပ်နာမ်ကိုတော့ ပဟာန ဒုက္ခလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ လောကုတ္တရာအာရုံ သဘောတွေဟာ အမှန်လေးပါးသာလျှင် ရှိတယ်။ ဒီအမှန်

လေးပါးကို ဉာဏ်အမြင်ရှင်းအောင် ဉာဏ်အမြင်လင်းအောင် ရေးမယ်မှတ်။ မျက်စိကြားနှင့် အဆင်းကြား၊ နားကြားနှင့် အသံကြားမှာဖြစ်သော အာရုံသင်္ခါရဟု ဆိုအပ်သော သံသရာအကန့်အကွက် အနှောင်အဖွဲ့ သဘောတရား တွေဟာ အမှန်လေးပါးသာလျှင် မုချရှိတယ်လို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

ရှိပုံကို လင်းအောင်ရှင်းမယ်– ပဋ္ဌာရုံ၌ ဖြစ်သော ဝိညာဉ် သမ္မုတိသည် ရုပ်အကြောင်းခံပြီး နာမ်အကျိုးပေါ်လေသော ကြောင့် ရုပ်ကို သမုဒယသစ္စာ မှတ်လိုက်။ နာမ်ကို ဒုက္ခ သစ္စာမှတ်လိုက်။ ဒီရုပ်နာမ်ဟာ သင်္ခတပရမတ်ကထွက်တဲ့ အရိပ် ကေန်မုချ အစစ်ဖြစ်လေသောကြောင့် နိရောဓသစ္စာ မှတ်လိုက်။ ဒီအရိပ်သဘော ရုပ်နာမ်ဟာ အကြောင်းအကျိုး ဖြစ်ကာ သမုဒယနှင့် ဒုက္ခသာလျှင် မုချဖြစ်နေပါက လားလို့ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို မဂ္ဂ သစ္စာမှတ်လိုက်ယောဂီ။

ဓမ္မာရုံ၌ ဖြစ်သော သညာသမ္မုတိကိုလည်း ကြည့်လိုက် ပါဦး၊ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ်နေတာ ဖြစ် လို့ နာမ်ကို သမုဒယသစ္စာမှတ်လိုက်၊ ရုပ်ကို ဒုက္ခသစ္စာမှတ် လိုက်၊ ဒီရုပ်နာမ်ဟာလဲ သင်္ခတပရမတ်က ထွက်ပေါ်နေတဲ့ အရိပ်အစစ်ဖြစ်လေသောကြောင့် နိရောဓသစ္စာ မှတ်လိုက်။

ဒီအရိပ်သဘော ရုပ်နာမ်တွေဟာ ပဋ္ဌာရုံ ဓမ္မာရုံတို့မှာ အကြောင်းအကျိုးဖြစ်ကာ သမုဒယနှင့် ဒုက္ခသာလျှင် မုချ

ဖြစ်နေပါကလားလို့ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို မဂ္ဂသစ္စာမှတ်လိုက်။

ဒီလိုမရှိသဘောတွေ အပေါ်မှာ အမှန်လေးပါး၊ အဖြစ်သဘောတွေ အပေါ်မှာလဲ အမှန်လေးပါး ဟုတ်တိုင်းမှန်စွာ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ သိမြင်ပြီး သဘောရောက်မှ သဘောပေါက်မှ သဘောရမှ သဘောကျမှ စိတ်စင်ကြယ်ခြင်းနှင့် ပြည့်စုံတဲ့ သုပ္ပဋိပန္နဂုဏ်၊ ဖြူစင်ဖြောင့်မှန်ခြင်းနှင့် ပြည့်စုံတဲ့ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာဏ်အမြင်ရှင်း ဉာဏ်အမြင်လင်းခြင်းနှင့် ပြည့်စုံတဲ့ ဉာယပဋိပ္ပန္နဂုဏ်၊ မဖေါက်မပြန် ကောင်းမွန်စွာ သတိထားစောင့်စည်းနိုင်ခြင်းနှင့် ပြည့်တဲ့ သာမိစိပ္ပဋိပန္နဂုဏ်တွေ အလိုလိုပြည့်စုံ၍ သောတာပန်, အနာဂါမ်, အနာဂါမ်, ရဟန္တာတွေဖြစ်ကြမယ်ဆိုတာ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

---

## သယံဇာတထာဝရဓါတ်ကိုရှင်းမယ် ယောဂီ

ဒီမယ်ယောဂီ၊ သယံဇာတ ထာဝရဓါတ်သဘောအစဉ်ကို လတ်တလော မြင်အောင် ရေးမယ်၊ စိတ်, စေတသိက်,ရုပ်ဆိုတဲ့ ပရမတ်သဘောကို ပါးစပ်ပြောနဲ့ မပြီးသေးဘူးမှတ်။ စိတ်,စေတသိက်,ရုပ်ဆိုတဲ့ သဘောသုံးမျိုးကို ကြည့်ပါ စိတ်နှင့် ကင်း၍တော့ စေတသိက်တရားတွေ မဖြစ်ဘူးမှတ်။ စေတသိက်တရားတွေနှင့် ကင်း၍တော့ စိတ်ရှိတယ်

မှတ်။ စေတသိက်တရားနှင့် ကင်း၍တော့ ရုပ်မဖြစ်နိုင်ဘူး မှတ်။ ရုပ်နှင့်ကင်း၍တော့ စေတသိက်သဘောက ရှိတယ် မှတ်လိုက်။ စိတ်တရားကို နိရောဓသစ္စာမှတ်လိုက်။ စေတသိက်တရားကို သမုဒယမှတ်လိုက်။ ရုပ်တရားကို ဒုက္ခသစ္စာ မှတ်လိုက်။ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကိုတော့ မဂ္ဂသစ္စာလို့မှတ်လိုက်။

လင်းအောင်ရှင်းမယ်- စိတ်တခု၊ စေတသိက်ငါးဆဲ့နှစ်ခု ရုပ်ကနှစ်ဆဲ့ရှစ်ခု၊ ဒီစိတ်, စေတသိက်, ရုပ်ဆိုတဲ့ သဘောအပေါင်း အစဉ်သရုပ်တွေကို အမြင်မရှုပ်ရအောင် ခန္ဓာဖွဲ့လိုက်မယ်ယောဂီ။စိတ်ကို ဝိညာဏက္ခန္ဓာမှတ်လိုက်။စေတသိက်သဘောတွေကိုတော့ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ သုံးမျိုးမှတ်လိုက်။ ရုပ်နှစ်ဆဲ့ရှစ်ခုကိုတော့ ရူပက္ခန္ဓာလို့မှတ်လိုက်။ ဒီစိတ်၊ စေတသိက်, ရုပ်သဘောတွေကို သင်္ခတဓာတ်၊ သယံဇာတ ထာဝရဓာတ်လို့တော့ အကြမ်းစား မြင်သာအောင်ပြောရတယ်။ တကယ်တော့ သဘောပရမတ်တရားတွေချည်းဘဲ မှတ်လိုက်။

သယံဇာတ ထာဝရအရှိ ပရမတ်ကို သတိချပ်မိအောင် ရေးမယ်၊ ဥပါဒ်,ဘင်ဆိုတဲ့ အနိစ္စရုပ်အစဉ်ကိုသာ ဒိဋ္ဌအပြတ်မြင်မှ သယံဇာတ ထာဝရဓါတ်ကို တွေ့မြင်နိုင်မယ်မှတ်လိုက်။ တကယ်တော့ ဒီစိတ်, စေတသိက်, ရုပ်ဆိုတဲ့ သဘောတရားတွေဟာ အရေအတွက်သဘော၊ အပေါင်းအဖွဲ့သ

ဘော၊ မရှိတရားသဘော၊ သင်္ခါရလောက, သတ္တလောက ကြီးကို ဖန်ဆင်းတည်ထောင် ဖွဲ့နှောင်ရစ်ပတ်ပြီး အဖြစ်မှရုပ် အောင် ရှုပ်ထွေးပွေလိမ်နေတဲ့ အန္ဓပုထုဇဉ် ငမိုက်သားတို့ အတွက် စရိုက်အားလျော်စွာ ဖြစ်ပေါ်နေကြောင်းကို သိမြင် သဘောပေါက်စိမ့်သောငှာ စိတ်, စေတသိက်, ရုပ်ကို ပရ မတ်အလား ကိုယ်စားပြု၍ ဟောကြားရခြင်းဖြစ်တယ်လို့ မှတ်လိုက်။ တေဘူမကသင်္ခါရ အားလုံးကို ချုံးလိုက်လျှင် လေးမျိုးသာလျှင် ရှိတယ်မှတ်။

ဒီလေးမျိုးမှာ- ကံ, စိတ်, ဥတု,အဟာရ သဘောတရား များပင် ဖြစ်တယ်မှတ်။ ယခုလက်ရှိရထားတဲ့ ခန္ဓာအပုပ်ကို ဉာဏ်ပတ္တရာနှင့် အုပ်ပြီးရှင်းကြည့်စမ်း၊သုံးဆဲ့နှစ်ခု အပေါင်း အစုကို ဥတုထောက်ခံထားတဲ့ အတွက်ကြောင့် ဥတုဇရုပ် မှတ်လိုက်။ ဒွါရခြောက်ပေါက် ဗဟိုအလယ်မှာ အပိုဆွယ် နေတဲ့ ပသာဒမှန် အကြည်ရုပ်ကို ကံထောက်ခံထားတဲ့အ တွက်ကြောင့် ကမ္မဇရုပ်လို့မှတ်လိုက်။ လျောင်း, ထိုင်, ရပ်, သွားခြင်းနှင့် တကွ ပျိုသစ်နုနယ် ငယ်ရွယ်လတ်ကြီး မပြီးအိုနာငသေ ဖြစ်လေသမျှ ပျက်စီးရတဲ့ သဘောတရား တွေဟာ အာဟာရ ထောက်ခံထားတဲ့ အတွက်ကြောင့် အာဟာရဇရုပ်လို့ မှတ်လိုက်။ ထွက်လေ ဖြစ်ချုပ် အသစ် အသစ် လုပ်နေတဲ့ ဥပါဒ်ဘင် သဘောကို စိတ်ထောက်ခံ ထားတဲ့ အတွက်ကြောင့် စိတ္တဇရုပ်လို့ မှတ်လိုက် ယောဂီ။

ဒီဘုတ်ကလာပ် အဆက်ဆက် အစဉ်သဘောရုပ်တွေကို မဟုတ်မဟုတ် သက်သက်အထင်သဘော ရုပ်တွေနဲ့ အစဉ် မျှောပြီး ရှုပ်နေကြလို့ ခက်တယ်မှတ်လိုက် ယောဂီ။ ကိုင်း ဒါဖြင့် သယံဇာတထာဝရ အရှိပရမတ်ကို သတိချပ်မိ အောင် ရေးမယ်ယောဂီ။ မိဘနှစ်ပါးတို့၏ ကံ, စိတ်, ဥတု, အာဟာရ ထောက်ခံမှု သဘောတို့ကြောင့် သြကာသလော ကခေါ်တဲ့ ဥတုဇ လဟုပြင်ဟာ မကြာခင် ရေအကြည် ဖွဲ့စည်းသဘော ကလာပ်အစဉ်အဆက်တွေဟာ မပြတ်ယှဉ် လျက် အသစ်အသစ်ဆက်ကာ ပွားစီးတည်ထောင်၍ ဖြစ် ပေါ်လာတယ်လို့မှတ်လိုက်။

ထိုမှတဖန် ဥတုတေဇော ရင့်သန်ထွားကြိုင်း အားကောင်း လာတဲ့ သတ္တိ အရှိန်ကြောင့် အမြုပ်ဓါတ် အသားစိုင် အ သားခဲ ဓါတ်နှင့် တကွ ခက်မငါးဖြာ ကျွန်းကမ္ဘာခေါ်တဲ့ ဓါတ်ကြီးလေးပါး အဆင့်ဆင့်ပွားစီး တည်ထောင်ကာဖြစ် ထွန်းလျက် ပေါ်ပေါက် လာပြန်တယ်မှတ်။ တေဇောဓါတ်၊ ဝါယောဓါတ် နှစ်မျိုးကို ဓါတ်ရှင် မှတ်လိုက်၊ နာမ်ဇီဝိ- တိန္ဒြေလို့လဲ မှတ်လိုက်။ အာပေါဓါတ်၊ ပထဝီဓါတ် နှစ် မျိုးကို ဓါတ်သေလို့ မှတ်လိုက်၊ ရုပ်ဇီဝိတိန္ဒြေလို့မှတ်လိုက်။ ဒီဓါတ်ကြီး လေးပါး ဖြစ်တဲ့ သြကာသ လောကကြီးမှာ ဥတု တေဇောဓါတ်ကြောင့် အနံ့ ဖြစ်ပေါ်လာတယ်။ ဝါ ယောဓါတ်ကြောင့် အသံ ဖြစ်ပေါ်လာတယ်။ အာပေါဓါတ်

ကြောင့် အရသာ ဖြစ်လာတယ်၊ ပထဝီ ဓါတ်ကြောင့် အဆင်း ဖြစ်ပေါ်လာတယ်လို့ ပုတ်ပြတ်မှတ်လိုက်။

ဓါတ်ကြီးလေးပါး ကမ္ဘာတည်လာလျှင် အဆင်း-အသံ အနံ့-အရသာ-ဩဇာ-ဖြစ်မြဲ တံထွာ ဓမ္မတာ သဘာဝတဲ့ လို့ ကေန်မုချ ပုတ်ပြတ် မှတ်လိုက် ယောဂီ။ ချုံးပြီးကြည့် လိုက်လျှင် သီတဇောကို ရုပ်ဇီဝိတိန္ဒြေလို့မှတ်၊ ဒါဖြင့် သေသေချာချာ စဉ်းစားစမ်း ယောဂီ။ ပထဝီဓါတ်ကို မှီ၍ မျက်စိ အကြည် ဖြစ်လာတယ်မှတ်၊ ဝါယောဓါတ်ကို မှီ၍ နား အကြည် ဖြစ်လာတယ်မှတ်၊ တေဇောဓါတ်ကို မှီ၍ နှာ ခေါင်းအကြည် ဖြစ်လာတယ်မှတ်၊ အာပေါ ဓါတ်ကို မှီ၍ လျှာ အကြည် ဖြစ်လာတယ်မှတ်၊ ဓါတ်ကြီးလေးပါး လုံး ထွေး ပေါင်းဖက် ကလာပ် အဆက်ဆက် ရင့်သန်ကြီးထွား မှု သဘောကို ဩဇာဓါတ်လို့မှတ်။ ဒီဓါတ်ကြီး လေးပါး ဖြစ်တဲ့ ဩကာသ လောကကြီးမှာ အဆင်း-အသံ-အနံ့ အရသာ-ဩဇာတို့ ရင့်သန်ကြီးထွား ပွားစီးသည်နှင့် အမျှ ပသာဒခေါ် အကြည်ရုပ်တွေဟာ ဆိုင်ရာအသီးသီး ဘုတ် ကလာပ် ဆက်၍ ဖြစ်ပေါ် လာကြတယ်မှတ်။

ထပ်ရှင်းမယ်-အဆင်းဓါတ်ကြောင့် ဘုတ်ကလာပ် ဆက်ပြီး ပသာဒ အကြည် ဖြစ်တယ်။ အသံဓါတ်ကြောင့် ဘုတ် ကလာပ် ဆက်ပြီး ပသာဒ အကြည် ဖြစ်တယ်။ အနံ့ဓါတ် ကြောင့် ဘုတ်ကလာပ် ဆက်ပြီး ပသာဒ အကြည် ဖြစ်တယ်။

အရသာ ဓါတ်ကြောင့် ဘုတ်ကလာပ် ဆက်ပြီး ပသာဒ အကြည် ဖြစ်တယ်။ ဩဇာဓါတ်ကြောင့် ဘုတ်ကလာပ်ဆက်ပြီး မနောအကြည် ဖြစ်တယ်။ ဒီအကြည် ရုပ်ဝတ္ထုသဘောတွေကို အမည်သမုတ်မှု အပြောတွေနဲ့ ပညတ် တပ်လာခဲ့တာ ပုတ်ပြတ်မှတ်။

ဓါတ်ကြီးလေးပါး ဖြစ်တဲ့ ဩကာသ လောကကြီးမှာ ဆိုင်ရာ အသီးအသီး ဘုတ်ကလာပ် ဆက်ပုံကို ကြည့်လိုက်ပါဦး၊ မြေဓါတ်ဆိုင်ရာ အခြင်းအရာ နှစ်ဆယ်၊ ရေဓါတ်ဆိုင်ရာ အခြင်းအရာ တဆဲ့ နှစ်မျိုး၊ လေဓါတ်ဆိုင်ရာ အခြင်းအရာ ခြောက်မျိုး၊ မီးဓါတ်ဆိုင်ရာ အခြင်းအရာလေးမျိုး၊ ဒီဩကာသ လောကကြီးမှာ ကျွန်းစုသဘွယ် ဆိုင်ရာဆိုင်ရာ ကလာပ်ဆက်ပြီး အသီးအသီး တည်ရှိနေကြတယ်ဆိုတာ ပုတ်ပြတ်မှတ်လိုက်။ တကယ်တော့ ဒီဩကာသလောကကြီးဟာ သီတတေဇော၊ ဥဏှတေဇော တို့ကြောင့် သာလျှင် ကေန် ဖြစ်တယ်လို့ မုချမှတ်လိုက် ယောဂီ။

အာပေါ-ပထဝီကို-သီတ တေဇော မှတ်လိုက်၊ တေဇော ဝါယောကို ဥဏှ တေဇောလို့ ပုတ်ပြတ် မှတ်လိုက်။ ဒီသီတ တေဇော, ဥဏှတေဇော အရှိန်အစော် သန္တိ တန်ခိုးတို့ကြောင့် ဒီမြေ-ရေ-လေ-မီး ဆိုတဲ့ ဩကာသ ကမ္ဘာပေါ်မှာ မြက်သစ်ပင် အစရှိသော ချုံနွယ် ပိတ်ပေါင်းတို့ ပေါက်ရောက် ဖြစ်ပေါ် လာကြသလို ဩကာသ လောက ဖြစ်

တဲ့ ဒီ ခန္ဓာ အိမ်ကြီး ပေါ်မှာလဲ ဆံပင်-မွေးညှင်း-ခြေသည်း လက်သည်း အစရှိတဲ့ သဘော တရားတွေ ဖြစ်ပေါ်ထွန်း ပေါက်ကာ ဖြစ်ပေါ်လာတယ်မှတ်။ ဒီလိုဩကာသ ဖြစ်တဲ့ ခန္ဓာအိမ်ကြီး သန်မာထွားကြိုင်း ရင့်သန် ကြီးထွား၍ ပြီး ပြည့်စုံသည်နှင့် အမျှ ဥတုကမ္ဘာ ဖြစ်တဲ့ သီတ တေဇော၊ ဥဏှတေဇော အရှိန်အစော် သတ္တိတို့ကြောင့် စိတ်အာရုံဖြစ် သော သညာဝိညာဉ်တို့ အရိပ်ထင်လျက် စိတ်ဆိုး စိတ်ညစ် ဝမ်းသာ ဝမ်းနည်း ဖြစ်ကာ ကျရောက်လျက် ဖြစ်ပေါ်လာ ကြတယ် ဆိုတာ ပုတ်ပြတ်မှတ်လိုက်။

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ခေါ်တဲ့ ပသာဒမှန် အကြည် ရုပ်ဝတ္ထု အကြားနှင့် အဆင်း အသံ- အနံ့-အရသာ-ဩဇာ ဆိုတဲ့ ပသာဒ မှန် အကြည်ရုပ်ဝတ္ထုတို့ အကြားမှ ဥပါဒိန္နက ပထဝီဓါတ်၊ စိတ္တဇ ဝါယောဓါတ်၊ ဥတုတေဇောဓါတ်တို့ကို အမှီပြု၍ သမ္မာအတ္တ ဝိညာဉ် ဖြစ် သော သိစိတ်၊ ထွေထွေရာရာ ဣဋ္ဌ အနိဋ္ဌ-စသော ကြံစည် တွေးတောခြင်း ဆိုတဲ့ အာရုံစေတသိက်၊ ထိုအာရုံစေတသိက် တို့ ကျရောက် ဖြစ်ပေါ်ကာ အရိပ်ထင်လျက် ရှိသောသဏ္ဌာန် အဝန်းအဝိုင်း ဖြစ်သော ရုပ်၊ ဒီစိတ်, စေတသိက်, ရုပ် ဖြစ် သော သဘောတရား တို့ဟာ ဥပါဒိန္နက ပထဝီဓါတ်၊ စိတ္တ ဇ ဝါယောဓါတ်၊ ဥတုတေဇောဓါတ်တို့ကို မှီ၍ မျက်စိခေါ် ပသာဒ အကြည်ရုပ်ဝတ္ထု အကြားနှင့် အဆင်းခေါ် ပသာ

ဒ အကြည် ရုပ်ဝတ္ထု အကြားနှစ်ခုမှ ဖြစ်ပေါ်လာကြတယ် ဆိုတာ မုချမှတ်လိုက်။ ဒီစိတ်, စေတသိက်, ရုပ်ကို သင်္ခတ ပရမတ်၊ သင်္ခတဓါတ်လို့ မှတ်လိုက် ယောဂီ။

သဏ္ဌာန် အဝန်း အဝိုင်း ဖြစ်သော ရုပ်တရားကို ဒုက္ခ သစ္စာ မှတ်လိုက်၊ အာရုံဖြစ်သော စေတသိက်တရားကို သမုဒယ သစ္စာမှတ်လိုက်။ သမ္မာအတ္တ ဝိညာဉ် ဖြစ်သော သိစိတ် ကို နိရောဓသစ္စာ မှတ်လိုက်။ ဒီလို ပိုင်းပိုင်းခြားခြား သိမြင် တဲ့ ဉာဏ်ပညာကို မဂ္ဂသစ္စာမှတ်လိုက် ယောဂီ။ စိတ်, စေတ သိက်, ရုပ် ခေါ်တဲ့ သင်္ခတ ဓာတ်ကြီးဟာ ဒီအမှန်လေးပါး သာလျှင် ပင်ကိုယ်ရှိ ဖြစ်တယ်။ ဒါကြောင့် နဂိုရှင်း နဂို လင်းတဲ့ ဓာတ်သဘောကြီးလို့ ပုတ်ပြတ် မှတ်လိုက်ယောဂီ။

ဓါတ်သုံးပါး ပြိုင်ပြီး ဖြစ်ပေါ်နေတဲ့ ဝိညာဉ်သမ္ဘုတိရုပ် နာမ်၊ သညာသမ္ဘုတိ ရုပ်နာမ်တို့ကို အကျိုး သင်္ခါရတရား နဂိုသင်္ခါရတရား မဟာဂုတ်အာရုံ အထက် သံသရာမှတ်လိုက်။ အဝိဇ္ဇာ–တဏှာ ဖြစ်တဲ့ သမုဒယ တရားနှင့် တကွ ဖြစ်သော သက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာကို အကြောင်း သင်္ခါရတရား၊ အပိုသင်္ခါရတရား၊ ကာမအာရုံ အောက်သံသရာနှင့် အလယ် သံသရာမှတ်လိုက်။ ဒီသံသရာ သုံးကြောင်း သုံးသွယ်ကို ပိုင်း ပိုင်းခြားခြား သိမြင် သဘောပေါက်ဘို့ အလွန် အရေးကြီး တယ် မှတ်လိုက်။ ဒီမရှိတရား အဖြစ်တရား ဖြစ်တဲ့ သံသ ရာ သုံးကြောင်း သုံးသွယ်ကို သဘောပေါက်မှ သဘော

ရောက်မှ သဘောကျမှ သဘောကျမှ ကျင့်ကြံ ကြိုးကုတ် အားထုတ်လို့ တတ်မယ်မှတ်။ အရှောင်အတိမ်း တတ်မယ် လို့ ဆိုတာ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

---

## ပစ္စဘာဂမဂ်ဖြင့်နေထိုင်သွားပုံ ရှင်းမယ်ယောဂီ

အို-နာ-သေ-တလျှောက်မှာ အလိုကာမတွေ ပျောက် အောင် ဒီလိုနေစမ်း ယောဂီ။ မြင်တချက်မှာ အစဉ်ဆက် နေတဲ့ သမ္မုတိ ရုပ်နာမ်တွေဟာ သယံဇာတ ထာဝရမပါတ် မှ ဖြစ်ပေါ် ကျရောက်လာတဲ့ အရိပ်တွေ ပါကလား။ တ နည်း မြင်သာအောင် ရေးလိုက်မယ်-စိတ်, စေတသိက်, ဖြစ် တဲ့ အာရုံတရားတို့ ရှေးရှုဆောင်ပြီး မှီရာကျရာ ဖြစ်တဲ့ ကမ္မဇ ရုပ်ဝတ္ထု၊ ဥတုဇရုပ် ဝတ္ထုတို့ အပေါ်မှာ သမ္မုတိရုပ် နာမ်၊ သမုဒယ ရုပ်နာမ်တွေ ဖြစ်နေ ပါကလားလို့ ပိုင်း ပိုင်းခြားခြား ကိုယ်ပိုင်ဒိဋ္ဌ သိမြင်တဲ့ ဉာဏ်ပညာကို သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင် နှစ်ပါး မှတ်လိုက်။

ဒီလို မရှိတရား အဖြစ်တရား တွေကို ပိုင်းပိုင်းခြားခြား သိမြင်တော့ သမုဒယ အနှောင်အဖွဲ့ ဖြစ်တဲ့ မရှိတရားတွေ မဖြစ်ပေါ် ရလေအောင် သမ္မာဝါယာမဖြင့် လုံ့လပြုပြီး သမ္မာသတိထားလျက် အကြောင်း သင်္ခါရဟု ဆိုအပ်သော သမုဒယနှင့် တကွ ဖြစ်သော သက္ကာယ-ဥပါဒါန်တို့ ချုပ် ငြိမ်းခြင်း ဆိုတဲ့ သမ္မာသမာဓိ၊ ဒီလို ပညာမဂ္ဂင်၊ သမာဓိ

မဂ္ဂင် ဖြစ်တဲ့ ပုဗ္ဗဘာဂ မဂ်ငါးပါးဖြင့် မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်းတို့မှ အကြောင်းခံပြီး သတိထားလိုက်လျှင် ပြောသမျှ သမ္မာဝါစာ၊ လုပ်သမျှ သမ္မာကမ္မန္တ၊ နေသမျှ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင် အလိုလို ပြီးပြည့်စုံလာပြီး အိုနာသေကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ နေထိုင် သွားတတ်မယ် ဆိုတာ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

အိုနာသေ ဆိုတဲ့ လမ်းတလျှောက်မှာ ပစ္စုပ္ပန် အဖြစ်တရား ကိုသာလျှင် အမှန်လေးပါး မြင်တဲ့ အတိုင်း သတိထား ကျင့်သုံးပြီး နေထိုင် သွားရမယ် ဆိုတာ ပုတ်ပြတ်မှတ်လိုက် ယောဂီ။ သေသေချာချာ ညဏ်မြင် လာအောင် ညဏ်ရောက် လာအောင် ညဏ်ပေါက် လာအောင် ညဏ်ပိုင် လာအောင် စဉ်းစားလိုက်။ ဝိညာဉ်မြင် နိရောဓမှတ်လိုက်။ သညာမြင် ဒုက္ခမှတ်လိုက်။ ပညာမြင် မဂ္ဂမှတ်လိုက်။ တနည်း ပြောဦးမယ်– ဝိညာဉ်မြင် နိရောဓါမ်၊ သညာမြင် ရုပ်နာမ်၊ ပညာမြင် နိဗ္ဗာန်၊ ပုတ်ပြတ်မှတ်လိုက်ယောဂီ။

---

## လောကမှာရှိတဲ့ တရားသုံးမျိုးကို ရှင်းမယ်ယောဂီ

လောကမှာ ဘာသာတရား၊ သံသရာတရား၊ သာသနာတရား၊ သုံးမျိုးရှိတယ်မှတ်။ ဒီသုံးမျိုးမှာ– ဘာသာတရားသည် ဒါန, သီလ, ဘာဝနာ, ပစာယန, ဝေယျာဝစ္စ,

ပတ္တိဒါန, ပတ္တာနုမောဒနာ, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မခေါ်တဲ့ ပုညကြိယာဆယ်ပါးပင် ဖြစ်တယ်မှတ်လိုက်။ သံသရာတရားသည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ခေါ်တဲ့ ဝဋ္ဋကံတရားတွေ ဖြစ်တယ်မှတ်လိုက်ယောဂီ။ သာသနာတရားသည် မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးပင် ဖြစ်တယ်မှတ်လိုက်ယောဂီ။

လင်းအောင်ထပ်ရှင်းမယ် - ဘာသာတရား၌ ပြုအပ်တဲ့တရား၊ ပြုရမဲ့တရား၊ ပြုတတ်တဲ့တရားလို့ သုံးမျိုးရှိပြန်တယ်မှတ်။ ပြုအပ်တဲ့တရားမှာ မြင်သာတဲ့ သက်ရှိသတ္တဝါကစ၍ ဘုရားရဟန္တာအဆုံး အပြင် အလှူခံ တကျိပ်လေးမျိုး၊ အမိ, အဘ, ဆရာ, လင်, မယား, သားသမီး, အတွင်းအလှူခံခြောက်မျိုး၊ ပေါင်းလျှင် အလှူခံ နှစ်ဆယ်၊ ဒီအလှူခံနှစ်ဆယ်ကို ပြုအပ်တဲ့တရားလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။ ပြုရမဲ့တရားဆိုတာကတော့ ဒါန, သီလစတဲ့ ပုညကြိယာဆယ်ပါး ဖြစ်တယ်မှတ်လိုက်။ ပြုတတ်တဲ့ တရားဆိုတာကတော့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါပင် ဖြစ်တယ်မှတ်လိုက်ယောဂီ။

---

## ဒီလိုပြုစမ်းပါယောဂီ

ပြုအပ်တဲ့ အလှူခံနှစ်ဆယ်ကို ပြုရမဲ့ဒါန၊ သီလစသော ပုညကြိယာဆယ်ပါးဖြင့် ပြုတတ်တဲ့ သိက္ခာသုံးပါးဖြင့် အ

ချိုးကျကျ ပြုရလိမ့်မယ်မှတ်လိုက်။ ဒီသဘောတရားတွေကို မပြုလုပ်ခင် ရှေ့အဘို့မှာ ဝတ္ထုဒါန, စေတနာဒါန နှစ်မျိုး နှစ်စားကို အချိုးအစားကျကျ သိမြင်ရမယ်ယောဂီ။ မြင်အောင်ရေးလိုက်မယ်- အဆင်း, အသံ, အနံ့, အရသာ, ဩဇာဆိုတဲ့ ဥတုဇရုပ်ဝတ္ထု၊ မြင် ကြား နံ စား တွေ့ထိဆိုတဲ့ ကမ္မဇရုပ်ဝတ္ထု၊ ဒီသဘောတရားတွေကိုဟာ ဝတ္ထုဒါနတွေ ဖြစ်တယ်ပုတ်ပြတ်မှတ်။

စေတနာ ဒါနဆိုတာကတော့ ပဉ္စာရုံမှာ ဖြစ်ပေါ်တဲ့ ဝိညာဉ်သမ္ပုတ်၊ ဓမ္မာရုံမှာ ဖြစ်ပေါ်တဲ့ သညာသမ္ပုတ်၊ တရားတို့သည် အလှူခံ အပေါ်မှာသော်၎င်း၊ ဝတ္ထုပစ္စည်း ပေါ်မှာသော်၎င်း၊ ပေးချင် ကျွေးချင် လှူချင် တန်းချင် သဘောနှင့် ကျရောက်ဖြစ်ပေါ်လာတဲ့ အာရုံဟာ ဖြူစစ်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ ကြည်ဖြူခြင်းနှင့် ပြည့်စုံနေတဲ့ အတွက်ကြောင့် ဒီသဒ္ဓါတရားကို စေတနာဒါန လို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။ ဝတ္ထုဒါနသည် အလှူခံကို အကျိုးပေးတယ်မှတ်။ စေတနာ ဒါနသည်· အလှူရှင်ကို အကျိုးပေးတယ်မှတ်။

## အကျိုးရပုံ ရှင်းမယ်ယောဂီ

မိမိတို့ စိတ်အာရုံက ပေးချင် ကျွေးချင် လှူချင် တန်းချင်တယ်သို့ ဖြစ်ပေါ်လာတဲ့ စေတနာသဘောတရားတွေ

ကို စိစစ်ကြည့်လိုက်စမ်းပါယောဂီ။ စေတနာသဒ္ဒါအလိုက် ပေးလှူချင်တဲ့ အရာဝတ္ထုသဏ္ဍာန်တခုခု မိမိတို့ စိတ်အာရုံမှာ ရှေးဦးစွာဖြစ်ပေါ်တယ်။ ဒီအရာဝတ္ထု သဏ္ဍာန်ဟာ ပဉ္စာရုံ၊ ဓမ္မာရုံတို့မှာ ဖြစ်ပေါ်လာတာမှတ်။ အဲဒီသဏ္ဍာန်ဟာ ရုပ်တံဆားပုတ်ပြတ်မှတ်လိုက်။ ဒီသဏ္ဍာန်ရုပ်ကို အကြောင်းခံပြီးမှ ပေးလှူချင်တဲ့ ဝတ္ထုရုပ်သဏ္ဍာန်ကို အမည်ပညတ်သမုတ်တပ်၍ ဖြစ်ပေါ်လာတာမှတ်။ အဲဒီအမည် ပညတ်သမုတ်တပ်ခြင်းကို နာမ်တရားခေါ်တယ်။ နာမ်လို့ မှတ်လိုက်။

ဒီအာရုံ, စေတနာဟာ ရုပ်နာမ်နှစ်ပါး ပုတ်ပြတ်မှတ်။ ရုပ်အကြောင်းခံပြီး နာမ်အကျိုး ပေါ်လာလေသောကြောင့် ရုပ်သည် သမုဒယသစ္စာမှတ်၊ နာမ်သည် ဒုက္ခသစ္စာမှတ်။ ပေးလှူချင်တယ်လို့ ဖြစ်ပေါ်ကျရောက်လာတဲ့ အာရုံစေတနာဟာ ရုပ်နာမ်မှတပါး အခြားဘာမှ မရှိပါကလားလို့ ပိုင်းပိုင်း ခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို မဂ္ဂသစ္စာပုတ်ပြတ်မှတ်လိုက်။ ဒီရုပ်နာမ်ဟာ စိတ်အာရုံမှာသာ ဖြစ်ပေါ်ပြီး စိတ်အာရုံပေါ်မှာသာ ချုပ်ဆုံးနေတဲ့ အတွက်ကြောင့် နိရောဓသစ္စာ ပုတ်ပြတ်မှတ်လိုက်။ မိမိတို့ ပေးချင် ကျွေးချင် လှူချင် တန်းချင်ဖြစ်တဲ့ အာရုံစေတနာ သဘောကို ဒီလိုအမှန်လေးပါး မြင်ရမယ်ယောဂီ။

ကျရောက်လာတဲ့ အာရုံစေတနာကို အမှန်လေးပါးမြင်မှ ဒိဋ္ဌဓမ္မ အကျိုးမချရမယ် ယောဂီ။ အာရုံ စေတနာကို

ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား အမှန်လေးပါး မြင်တော့ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် တရားတွေ စင်ကြယ်ခြင်းဆိုတဲ့ သီလ၊ သမုဒယ အနှောင် အဖွဲ့တွေ ငြိမ်းနေခြင်းဆိုတဲ့ သမာဓိ၊ အမှန်လေးပါးကို ပိုင်း ပိုင်းခြားခြား သိမြင်ခြင်းဆိုတဲ့ ပညာ၊ ဒီလိုသီလ,သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါး မဂ္ဂသစ္စာတရားကြီးကို ကိုယ်ပိုင် ဒိဋ္ဌ မုချရတယ်မှတ်ယောဂီ။

မိမိတို့ အာရုံစေတနာကို ဒီလိုအမှန်လေးပါး သာလျှင် ကေန်ရှိပါသလားလို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင် တော့ ဝတ္ထုဒါန အပေါ်မှာသော်ရင်း၊ စေတနာဒါန အ ပေါ်မှာသော်ရင်း၊ အလှူခံပုဂ္ဂိုလ်အပေါ်မှာသော်ရင်း၊ သမု ဒယ အနှောင်အဖွဲ့နှင့်တကွ ဖြစ်တဲ့ သောက, ပရိဒေဝ-စတဲ့ မီးတဆဲ့တပါးတို့ ချုပ်နေခြင်း ငြိမ်းနေခြင်း အေးနေခြင်း၊ သန္တိသုခနဲ့ ပြည့်စုံတဲ့ နိရောဓသစ္စာ၊ သ-ဥပါဒိသေသ နိဗ္ဗာန် ကြီးကို ကေန်မုချ ခံစားစံစားရတယ်ဆိုတာ ပုတ်ပြတ်သာ မှတ်လိုက်ပေတော့ ယောဂီ။

ဒီ ဘာသာတရားကြီးဟာ လူ့သမ္မုတိ သစ္စာတရားကြီး မှတ်၊ သုံးဆဲ့တဘုံ မလည်ဘူး ပုတ်ပြတ်မှတ်လိုက်။ သံသရာ တရားကြီးမှာလဲ ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့ တရား၊ ပယ်တတ်တဲ့တရား သုံးမျိုးရှိပြန်တယ်မှတ်။ ပယ်အပ်တဲ့တရား မှာ ပဋ္ဌာရုံဌ်ဖြစ်သော ဝိညာဥ်သမ္မုတိ ရုပ်နာမ်၊ ဓမ္မာရုံဌ်

ဖြစ်သော သညာသမ္ပယုတ်ရုပ်နာမ် သဘောတရားတွေဟာ မဟဂ္ဂုတ်အာရုံ၊ ပညတ်အာရုံ ဖြစ်နေတဲ့ အတွက်ကြောင့် ပယ်အပ်တဲ့ တရားလို့ မှတ်လိုက်။

ပယ်သတ်ရမဲ့ တရားမှာ အဝိဇ္ဇာ, တဏှာခေါ်တဲ့ သမုဒယ အနှောင်အဖွဲ့ ဖြစ်နေတဲ့ သက္ကာယခန္ဓာရုပ်နာမ်၊ ဥပါဒါန်ခန္ဓာရုပ်နာမ်တို့ဟာ ပယ်သတ်ရမဲ့တရား မှတ်လိုက်ယောဂီ။ ဘာကြောင့် ပယ်သတ်ရမဲ့ တရားလို့ ခေါ်တယ်ဆိုတာ စဉ်းစားလိုက်စမ်း။ ပဋ္ဌာရုံ၊ ဓမ္မာရုံတို့မှာ ခုတ်သုံးပါး ပြိုင်ဖြစ်ပေါ်နေတဲ့ အဖြစ်တရားကို မသိမမြင်တဲ့ အတွက်ကြောင့် သမုဒယ အနှောင်အဖွဲ့နှင့် တကွ ဖြစ်နေတဲ့ သက္ကာယခန္ဓာရုပ်နာမ်၊ ဥပါဒါန် ခန္ဓာရုပ်နာမ်တွေဟာ ပင်ကိုယ်မရှိဘဲနှင့် အပိုဖြစ်ပေါ် ကျရောက်နေတဲ့ အတွက်ကြောင့် ဒီသက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာ မရှိတရားတွေကို ပယ်သတ်ရမဲ့ တရားတွေကို ပုတ်ပြတ်မှတ်လိုက်ယောဂီ။

ကာမအာရုံ ပညတ်တရားတွေလို့လဲ မှတ်ထားလိုက်ယောဂီ။ ပယ်သတ်တတ်တဲ့ တရားဆိုတာကတော့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ ပညာသိက္ခာ, သီလသိက္ခာ, သမာဓိသိက္ခာ တရားများပင်ဖြစ်တယ်လို့ မှတ်လိုက်ယောဂီ။ ပယ်အပ်တဲ့ တရားမှာလဲ အမှန်လေးပါးဘဲရှိတယ်။ ပယ်သတ်ရမဲ့တရားမှာလဲ အမှန်လေးပါးဘဲ ရှိတယ်ယောဂီ။ လင်းအောင်ရှင်းမယ်–

ပယ်အပ်တဲ့တရားမှာ အမှန်လေးပါးရှိပုံ ကြည့်စမ်း။

ပဋ္ဌာရုံ၌ ဖြစ်တဲ့ ဝိညာဉ်သမ္ဘုတိ ရုပ်နာမ်ဟာ ရုပ်အကြောင်းခံပြီး နာမ်အကျိုးပေါ်လေသောကြောင့် ရုပ်က သမုဒယသစ္စာ၊ နာမ်က ဒုက္ခသစ္စာ ပုတ်ပြတ်မှတ်လိုက်။ ဓမ္မာရုံ၌ ဖြစ်တဲ့ သညာသမ္ဘုတိ ရုပ်နာမ်ဟာလဲ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ်လေသောကြောင့် နာမ်က သမုဒယသစ္စာ၊ ရုပ်က ဒုက္ခသစ္စာ ပုတ်ပြတ်မှတ်လိုက်။ ဒီပဋ္ဌာရုံမှာ ဖြစ်ပေါ်တဲ့ ဓမ္မာရုံမှာ ဖြစ်ပေါ်တဲ့ ရုပ်သဘော နာမ်သဘောတွေဟာ စိတ်အာရုံတို့ ဖြစ်ပေါ် ကျရောက်လာမှ ဖြစ်လာတဲ့ အရိပ်သဘောတွေဖြစ်လို့ နိရောဓသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်။ ဒီရုပ်သဘော နာမ်သဘောတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို မဂ္ဂသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်။

ပယ်အပ်တဲ့ တရား၌ အမှန်လေးပါးမြင်ပုံ ရှင်းရဲ့လား ယောဂီ။ ဒီပယ်သတ်ရမဲ့ တရားမှာလဲ အမှန်လေးပါး မြင်ပုံ ကြည့်စမ်းပါဦး။ ပဋ္ဌာရုံ, ဓမ္မာရုံမှာ ဓါတ်သုံးပါးပြိုင်ပြီး ဖြစ်ပေါ်နေတဲ့ အဖြစ်သဘောတရားဟာ နိရောဓသစ္စာ မှတ်လိုက်။ ဒီ အဖြစ်သဘောတရားကို မသိမမြင်တဲ့ အဝိဇ္ဇာ၊ သာယာတဲ့ တဏှာ၊ နှစ်မျိုးကို အာယတနတရား၊ သမုဒယဟာရ၊ ဘဝတရား၊ သမုဒယသစ္စာ ပုတ်ပြတ်မှတ်လိုက်။ ဒီ အဝိဇ္ဇာ, တဏှာကြောင့် ဖြစ်ပေါ်လာတဲ့ သင်္ခါရယခန္ဓာ ဥပါဒါနက္ခန္ဓာ သဘောတရားတွေဟာ ဒုက္ခသစ္စာမှတ်လိုက်။ ခန္ဓာ, အာယတန, ဓါတ်သဘောတွေကို ပိုင်းပိုင်းခြားခြား သိမြင်တာ မဂ္ဂသစ္စာမှတ်လိုက် ယောဂီ။ ရှင်းရဲ့လား။

သာသနာတရားမှာလဲ ကျင့်အပ်တဲ့ တရား၊ ကျင့်ရမဲ့ တရား၊ ကျင့်တတ်တဲ့ တရားသုံးမျိုး ရှိပြန်တယ် ယောဂီ။ ဒီ သုံးမျိုးလုံးမှာလဲ ကျင့်အပ်တဲ့ တရားဆိုတာ ကတော့ ကာယ, ဝစီ, မနောဖြစ်တယ် မှတ်လိုက်။ ကျင့်ရမဲ့ တရား ဆိုတာက သီလသိက္ခာ, သမာဓိသိက္ခာ မှတ်လိုက်။ ကျင့် တတ်တဲ့ တရားဆိုတာက ပညာသိက္ခာ မှတ်လိုက် ယောဂီ။

တနည်း ပြောဦးမယ် ယောဂီ- ကျင့်အပ်တဲ့တရားမှာ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ ဖြစ်တယ်မှတ်။ ကျင့်ရမဲ့ တရားမှာ သီလသိက္ခာသုံးပါး၊ သမာဓိသိက္ခာသုံးပါး ဖြစ်တဲ့ စရဏ ခြောက်ပါး မှတ်လိုက်။ ကျင့်တတ်တဲ့ တရားမှာ ပညာသိက္ခာ ဖြစ်တဲ့ ဝိဇ္ဇာတရား မှတ်လိုက် ယောဂီ။ လင်းအောင် ထပ်ရှင်းမယ်- ကာယကို သီလဖြင့်စောင့်လိုက်၊ ဝစီကို သမာဓိဖြင့် စောင့်လိုက်၊ မနောကို ပညာဖြစ် စောင့် လိုက်။ ဒီတော့မှ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ အချိုးကျမယ် ယောဂီ။

ဒါဖြင့် ပစ္စုပ္ပန် မြင်တချက်မှာ အစဉ်ဆက်တဲ့ ရုပ်နာမ်ကို ဟုတ်မှန်စွာ ဒီလို စောင့်လိုက်စမ်း ယောဂီ။ ရုပ်ကို သီလ သိက္ခာဖြင့် စောင့်၊ နာမ်ကို သမာဓိသိက္ခာဖြင့် စောင့်၊ ရုပ်နာမ်မှ လွတ်အောင် ပညာသိက္ခာဖြင့် စောင့်။ ထပ်ရှင်း လိုက်ဦးမယ်- ပဋ္ဌာရုံ ဖြစ်တဲ့ ဝိညာဉ်သမ္မုတိကို သီလဖြင့် စောင့်လိုက်။ ဓမ္မာရုံ ဖြစ်တဲ့ သညာသမ္မုတိကို သမာဓိဖြင့်

စောင့်လိုက်။ သမုဒယနှင့် တကွ ဖြစ်တဲ့ သက္ကာယ ဥပါဒါန် အနှောင်အဖွဲ့ သဘောတွေကို ပညာဖြင့်စောင့်လိုက် ပုတ်ပြတ်မှုတ် ယောဂီ။

ဒီလို ဝိပဿနာညာဏ်၊ မဂ်ညာဏ်၊ ဖိုလ်ညာဏ်တွေ မရကြ သူတိုင်း မသိမမြင်ကြသူတိုင်းမှာတော့ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ဆိုတဲ့ ကာလသုံးပါးမှာ ပေါ်လာလျှင် သမုဒယ အကြောင်းခံတော့၊ ရုပ်နာမ် အကျိုးပေးတော့၊ ဒုက္ခ ခံစားခွင့် ရတော့၊ သောက ပရိဒေဝ ဆိုတာ ပုတ်ပြတ်မှုတ်လိုက်။ ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ဘူတပရိညာ တို့ဖြင့် ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ပိုင်းပိုင်း ခြားခြား ကိုယ်ပိုင်ဒိဋ္ဌ သိမြင်တဲ့ အရိယာပုဂ္ဂိုလ်များမှာတော့ ဒီကာလသုံးပါးမှာ ပေါ်လာလျှင် သမ္မုတိအကြောင်းခံလျှင် သမ္မာဒိဋ္ဌိ အကျိုးပေးတော့ သီလ ခံစားခွင့်ရတော့ နိရောဓ ဆိုတာ ဟော်နိမ့်မှုချ ပုတ်ပြတ်သာ မှုတ်လိုက်ပေတော့။

ဒီလို ဝိပဿနာညာဏ်၊ မဂ်ညာဏ်၊ ဖိုလ်ညာဏ်တွေကို မရ သူတိုင်း သံသရာမှာ မြုပ်မျော ဆက် လည် ချည်း ဖြစ်မယ် ဆိုတာ သေချာတယ် မှတ်လိုက်။ မြုပ် မျော ဆက် လည် ဖြစ်ပုံမှာ- ပဋ္ဌာရုံမှာ ဖြစ်တဲ့ ဝိညာဉ်သမ္မုတိ အရိပ်ကို အဆက် တရား မှတ်လိုက်။ ဓမ္မာရုံမှာ ဖြစ်တဲ့ သညာသမ္မုတိ အရိပ်ကို အမျော တရား မှတ်လိုက်။ ဒီ အရိပ် သဘောတရားတွေကို မသိတဲ့ အဝိဇ္ဇာ၊ သာယာတဲ့ တဏှာ၊ ဒီအဝိဇ္ဇာ, တဏှာ

သမုဒယ အနှောင်အဖွဲ့တွေ မှန်သမျှကို အမြုပ်တရား၊ အလည်တရားလို့ ကောန်မုချ ပုတ်ပြတ်မှတ်လိုက် ယောဂီ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၌–

> ယတ္ထယတ္ထ ဟိ ဝိပဿနာယ အပရိညာတာ ခန္ဓာ ဥပ္ပဇ္ဇန္တိ၊ တတ္ထတတ္ထ ဥပ္ပါဒတော ပဘုတိ တေသု ဝဋ္ဋမူလံ ကိလေသဇာတံ အနုသေတိ။

ဟိသစ္စံ၊ မှန်၏။ ယတ္ထယတ္ထသန္တာနေ၊ အကြင်ကြင် သန္တာန်၌။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်ဖြင့်။ အပရိ-ညာတာ၊ မပိုင်းခြားအပ်ကုန်သေးသော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတ္ထတတ္ထ သန္တာနေ၊ ထိုထို သန္တာန်၌။ ဥပ္ပါဒတော၊ ခန္ဓာတို့၏ သန္တာန်၌ ဒြဗ်ဖြစ်ပေါ် သည်မှ။ ပဘုတိ၊ စ၍။ တေသု၊ ထိုခန္ဓာတို့၌။ ဝဋ္ဋမူလံ၊ ဝဋ်၏ အကြောင်းရင်း အစစ် ဝဋ်မြစ်ဖြစ်ပေသော။ ကိလေ-သဇာတံ၊ ကိလေသာအပေါင်းသည်။ အနုသေတိ၊ အဆင့်ဆင့် အတန်တန် အဖန်ဖန် ကိန်းအောင်းလေတော့၏။

---

## လောကသုံးပါး သမုတ်ရှိစဉ်ကို အဟုတ်သိမြင်အောင် ရေးမယ်ယောဂီ

ယောဂီတို့၊ ဉာဏ်ဖြစ်လာအောင် ဉာဏ်ရလာအောင် ဉာဏ်ရောက်လာအောင် ဉာဏ်ပေါက်လာအောင်သာ သေ

သေချာချာဘတ်။ မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာဆိုတဲ့ အမည်သဘောတွေဟာ သညာမြင်သက်သက် သညာလိမ်သက်သက် ဖြစ်တယ်မှတ်လိုက်။ ဖြူ နီ ကြောင်ကျား အစိမ်း အပြာ အဝါ အရွှေစတဲ့ သဘောတွေကိုတော့ ဝိညာဉ်မြင်သက်သက် ဝိညာဉ်လိမ်သက်သက်ဖြစ်တယ်မှတ်လိုက်။ သညာမြင် ဝိညာဉ်မြင်ကို လင်းအောင်ရှင်းမယ်- ဒီအမြင်သဘောတွေ ရှင်းမှ လင်းမှ ဒိဋ္ဌိစက္ခု-ဉာဏစက္ခု ပညာစက္ခု ဒ႕လင်းကိုရမယ်မှတ်လိုက်။

မံသစက္ခု - အန္ဓစက္ခုအမြင်မျိုးကတော့ အန္ဓဗာလပုထုဇဉ် ဓမ္မတာ အမြင်မှတ်ယောဂီ။ မံသစက္ခု-အန္ဓစက္ခုအမြင်နဲ့ကတော့ သုံးဆဲ့တဘုံ လွတ်နိုင်တဲ့အမြင် မဟုတ်ဘူး ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနဲ့လဲ ဘာမှမဆိုင်ဘူး မှတ်လိုက်ယောဂီ။ အမြင်မရှုပ်နဲ့နော်။ မံသမျက်စိနဲ့ အန္ဓမျက်စိနဲ့ အမြင်ရှုပ်လိုက်လျှင် အရင်အလုပ်အတိုင်း ပြန်ရမယ်မှတ်ယောဂီ။ ဒီလိုအမြင်ရှုပ်ခဲ့လို့ အရင်အလုပ် အိုနာသေနဲ့ချည်း မြုပ်မျောဆက်လည်ဖြစ်လာခဲ့ရတာ မှတ်မိရဲ့လားယောဂီ။

မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာဆိုတာနာမည်မှတ်လိုက်။ မာသဘော နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော ထောက်ကန်လှုပ်ရှားသဘော ပူသဘော အေးသဘောတို့ကိုတော့ သဘောသက်သက်တွေမှတ်လိုက်။ ဉာဏ်မြင်အောင် စဉ်းစဉ်းစားစားဘတ်။ သမုတ်ခံအမည်မှည့်ခံ အ

ခေါ်အဝေါ်ခံဖြစ်တဲ့ ဒီသဘောသက်သက်တွေကို ယောဂီတို့ မံသမျက်စိ ပကတိမျက်စိနဲ့ မြင်ရရဲ့လား ဒီသဘောတရားတွေကို မံသမျက်စိ၊ ပကတိမျက်စိနဲ့ မြင်တာလား စိတ်သညာ စိတ်ဝိညာဉ်တို့က မြင်တာလား။

ဒီမယ်ယောဂီ ဉာဏ်ဖြစ်လာအောင် ဉာဏ်ရလာအောင် ရေးမယ်။ ယောဂီတို့ မံသမျက်စိ ပကတိမျက်ဖြင့် မြင်တွေ့နေရတဲ့ အရာဝတ္ထုတခုကို သေသေချာချာ ကြည့်ပါ။ မံသမျက်စိ ပကတိမျက်စိနဲ့ မြင်ရတယ်ဆိုလျှင် ဖွင့်ချည်၊ မှိတ်ချည် လုပ်ကြည့်ပါ။ ဖွင့်လျှင်မြင်တယ်၊ မှိတ်လျှင်မမြင်ဘူး၊ မှန်ရဲ့လား။ မျက်လုံးမှိတ်ထားတဲ့ အခါမှာ အရာဝတ္ထုရှဲ့ ပုံသဏ္ဌာန် ပျောက်သွားသလား ထင်ကြံနေသလား ကြပ်ကြပ်စဉ်းစား။ ဒီနေရာမှာ မရှုပ်စေနဲ့ ဒီအရာဝတ္ထုရဲ့ ပုံသဏ္ဌာန်ဟာ ဓမ္မာရုံ စိတ်သညာမှာ ထင်နေတယ်ဆိုတာ ရိပ်မိရဲ့လားယောဂီ။

ခုတော့ ယောဂီတို့က အမည်သမုတ်ချက် နာမည်တွေကို မြင်ရတယ်လို့ ယူလာခဲ့ကြတာမဟုတ်လား။ မာသဘော နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော ထောက်ကန်လှုပ်ရှားသဘော ပူအေးသဘောဖြစ်တဲ့ အဟုတ်ရှိ တကယ်ရှိသဘောတရား သက်သက်တွေကို တောင်မှ မမြင်ရဘဲနှင့် ဒီ သဘောတရားတွေကို ခေါ်ဝေါ်ပညတ် သမုတ်တပ်ထားတဲ့ နာမည်တွေကို မြင်ရတယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား သေသေချာချာ ခေါက်တုံ့ခေါက်ပြန်ဘတ်။

ဗဟိဒ္ဓရုပ်ဝတ္ထု အားလုံးဟာလဲ ဥတုနိယာမခေါ်တဲ့ ဥတုဇရုပ် အဘာဝတရား အနတ္တ သက်သက် တွေချည်းဘဲလို့ ပုတ်ပြတ် မှတ်လိုက် ယောဂီ။ စိတ်, စေတသိက်, ရုပ် လုံးဝ မရှိဘူး၊ သုံးဆယ့်နှစ်ခု အပေါင်းအစုနဲ့ အကြောင်းပြုနေတဲ့ အဇ္ဈတ္တ ခန္ဓာအိမ်ကို ကြည့်ဦး။ မာသဘော နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော ထောက်ကန် လှုပ်ရှားသဘော ပူသဘော အေးသဘော သက်သက် ဖြစ်တဲ့ ပထဝီနှစ်ဆယ်၊ အာပေါ တဆယ့်နှစ်ပါး၊ ဝါယော ခြောက်ပါး၊ တေဇော လေးပါးပင် မုချရှိတယ်။ ဒီအဇ္ဈတ္တခန္ဓာအိမ်ကြီးကိုလဲ နိယာမ အစဉ်သဘောတရား အစုတွေ ပါကလားလို့ ယောဂီများ ဉာဏ်မြင် သဘောပေါက်ဘို့ ရေးလိုက်တာ။ ဒီအဇ္ဈတ္တ ခန္ဓာအိမ်ကြီးမှာလဲ သညာမြင်–သညာလိမ်၊ ဝိညာဉ်မြင်–ဝိညာဉ်လိမ် သာလျှင် မုချ ဖြစ်နေတယ် မှတ်လိုက်။

ဒီသညာ၊ ဝိညာဉ်တို့ ဖုံးကွယ် တားဆီး ထားတဲ့ အတွက်ကြောင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို၊ (ဝါ) သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် တွေကို မရနိုင် မရောက်နိုင်ဘဲ ချာလပတ် ရမ်းပြီး လုပ်သမျှ ဒုက္ခ ချည်း ဖြစ်နေတာ မုချ မှတ်လိုက် ယောဂီ။ တကယ်တော့ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ရုပ်ဝတ္ထု တွေဟာ နိယာမ အရှိတရား ရှိသမျှကို သတိမထားလို့ သူ့ညတကို မမြင်တာ မှတ်လိုက်။ ဝိပဿနာ ဉာဏ် ဆိုတာ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ် ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် တုတ်တိုင်း မှန်တိုင်း

မြင်အောင် ကိုယ်ပိုင် ရှာရမဲ့ တရားမှတ်လိုက်။ သူပြော လူပြောနဲ့ အားထုတ် လုပ်ကိုင်ရမဲ့ တရား မဟုတ်ဘူး ယောဂီ။

## နိယာမ အရှိတရားကို အသိမမှားအောင် ရှင်းမယ် ယောဂီ

ယခုလက်ရှိ ခန္ဓာအိမ်ကို ကြည့်လိုက်စမ်း၊ ဒွါရခြောက်ပေါ်၌ ရှိသော ပသာဒရုပ် မှန်အကြည်ခြောက်ခုဟာကမ္မဇရုပ် မှတ်လိုက်။ ကံထောက်ခံတယ် ယောဂီ။ နှာသီးဝ၌ ဖြစ်သော ထွက်ဝင်သဘော ဖြစ်ချုပ် သက်သက်ဟာ စိတ္တဇရုပ် မှတ်လိုက်။ အိမ်စောင့် ရုပ်လို့ မှတ်လိုက်။ စိတ် ထောက်ခံတယ် ယောဂီ။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, စတဲ့ သုံးဆဲ့နှစ်ခု အပေါင်းအစုဟာ ဥတုဇရုပ် မှတ်လိုက်။ ဥတု ထောက်ခံတယ် ယောဂီ။

ပျို့ပျစ်နုန့်ယ် ငယ်ရွယ်လတ်ကြီး မပြီး အိုနာသေ လေးထွေ ပိုင်းခြား အရွယ်အားဖြင့် စက်ရဟတ် ရထားလို အဆက်မပြတ် သွားနေခြင်း သဘောတွေဟာ အာဟာရဇရုပ် မှတ်လိုက်။ အာဟာရ ထောက်ခံတယ် ယောဂီ။ ဒါကြောင့် နိယာမ အရှိတရားကို အဇ္ဈတ္တ ခန္ဓာ အိမ်ကြီးမှာ အသိမမှားဘို့ ရေးပြလိုက်တာ ယောဂီ။ ဒီခန္ဓာအိမ်ကြီးကို ကြည့်ပြန်တော့လဲ အဘာဝတရား၊ အနတ္တသက်သက် တုစ္ဆသက်သက် ဖြစ်တယ်လို့ ဆိုတာ ညာဏ်ထဲမှာ ရှင်းရဲ့လား ရှင်းအောင်ဘတ်။

အဆင်း–အသံ–အနံ့–အရသာ–ဩဇာ ဆိုတဲ့ ဥတုဇရုပ် အဘာဝတရား အနုတ္တသက်သက် ကြားနှင့် မြင်–ကြား–နံ–စား–တွေ့ထိ ဆိုတဲ့ ကမ္မဇရုပ် အဘာဝတရား အနုတ္တသက်သက် ကြားဟာ စိတ်, စေတသိက်, ရုပ် လုံးဝ မရှိ၊ ဘိတ် မရှိတဲ့ အတွက်ကြောင့် ဩကာသ လောကထည်းထည်း ကြီးလို့ ပုတ်ပြတ် မှတ်လိုက်။ ဒီဩကာသ လောကထဲမှာမှ မျက်စိနဲ့ အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့ အနံ့ လျှာနှင့် အရသာ၊ ကာယနှင့် အတွေ့ သဘောတို့ဟာ အကြောင်းတိုက် သလို တွေ့ကြုံ ဆုံစီးတဲ့ အခါမှာ ညွတ်တယ်၊ ကိုင်းတယ်၊ ရှိုင်းတယ်၊ ရှေးရှု ဆောင်တယ် ဆိုတဲ့ စေတသိက် သဘော ဖြစ်ပေါ် လာတယ် မှတ်လိုက်။ စေတသိက်ခေါ် ညွတ်တဲ့ သဘော ကိုင်းတဲ့သဘော ရှိုင်းတဲ့သဘော ရှေးရှုဆောင်တဲ့ ဘသော အဆုံးမှာပုံသဏ္ဍာန်ခေါ်တဲ့ရုပ် ဖြစ်ပေါ် လာတယ် မှတ်လိုက် ယောဂီ။ ဒီလိုညွတ်ကိုင်းတဲ့သဘော ရှေးရှုဆောင် တဲ့သဘော ပုံစံသဏ္ဍာန်ထင်တဲ့ သဘောတွေကို သိခြင်းဆိုတဲ့ စိတ် ဖြစ်ပေါ် လာတယ်မှတ်၊ ဩကာသ လောကထဲမှာ ဒီလို ဖြစ်ပေါ်လာတဲ့ စိတ်, စေတသိက်, ရုပ်၊ (ဝါ) အာရုံ့, သိစိတ်, ပုံသဏ္ဍာန် သုံးပါး ကိုပင် သင်္ခါရ လောကလို့မှတ် လိုက် ယောဂီ။ ဩကာသ လောကမှ သင်္ခါရ လောက ဖြစ် လာတာ ရှင်းရဲ့လား။

ဒီသင်္ခါရ လောက ဖြစ်တဲ့ စိတ်, စေတသိက်, ရုပ် ခေါ် တဲ့ ဓါတ်သုံးပါး ဥပါဒ်ပြိုင် ဖြစ်ပေါ်မှုကို မသိခြင်းဆိုတဲ့

အဝိဇ္ဇာကြောင့် သင်္ခါယခန္ဓာ၊ တဏှာကြောင့် ဥပါဒါန် ခန္ဓာများ မရှေးမနှောင်း တဆက်ထည်း လိုလို ဖြစ်ပေါ် လာတယ် မှတ်လိုက်ယောဂီ။ ဒီသဘော တရားတွေကို မံသ မျက်စိ၊ အနွမျက်စိ အပြည့်အဝ ရှိနေတဲ့ ပုထုဇဉ် မမြင် နိုင်ဘူး ဆိုတာ ပုတ်ပြတ်မှတ်လိုက်။ ဒိဗ္ဗမျက်စိ၊ ဉာဏမျက်စိ၊ ပညာမျက်စိ ရှိသူများမှ သိမြင်နိုင်တယ်မှတ်။ ဒီလို အဝိဇ္ဇာ တဏှာနှင့် တကွဖြစ်တဲ့ သင်္ခါယခန္ဓာ ဥပါဒါန်ခန္ဓာများ ဖြစ်ပေါ် လာခြင်းကိုပင်၊ သတ္တလောကလို့ မှုချ မှတ်လိုက် ယောဂီ။

---

## စိတ်နှင့်အာရုံ သုံးဆဲ့တဘုံ ရှိသလား သိသလား ရေးမယ်ယောဂီ

လူတိုင်း ပါးစပ်ဖျားမှာ လျှပ်ပန်း စားနေတဲ့ သုံးဆဲ့ တဘုံ သမုတ်ရှိအစဉ်ကို အဟုတ်သိမြင်ဘို့ ရေးမယ် ယော ဂီ။ စိတ်နှင့်ကင်း၍တော့ အာရုံမဖြစ်ဘူး၊ အာရုံနှင့်ကင်း၍ တော့ သိစိတ်က ရှိတယ်မှတ်လိုက်။ အာရုံနှင့် ကင်း၍တော့ သမုဒယ မဖြစ်ဘူး။ သမုဒယနှင့် ကင်း၍တော့ အာရုံက ရှိတယ် မှတ်လိုက်။ သမုဒယနှင့် ကင်း၍တော့ ဒုက္ခ မဖြစ် ဘူး၊ ဒုက္ခနှင့် ကင်း၍တော့ သမုဒယ ရှိတယ် မှတ်လိုက် ယောဂီ။

ဒီသဘော တရားတွေကို အားလုံး ချုံးပြလိုက်မယ်၊ သမ္မုတိနှင့် ကင်း၍တော့ သမုဒယ မဖြစ်ဘူး၊ သမုဒယနှင့်

ကင်း၍တော့ သမ္မုတိက ရှိတယ်လို့ ပုတ်ပြတ် မှတ်လိုက်။ ဒီနေရာတွေမှာ အလွန် အရေးကြီးတဲ့ အတွက် သမ္မာသက်ပွ နှင့် ကိုယ်တိုင် ဆွေးနွေး တိုင်ပင်ပြီး စဉ်းစဉ်း စားစား ခေါက်တုံ့ ခေါက်ပြန်ဘတ်။ ညာဏ်ဖြစ် လာအောင် ညာဏ် ရောက်လာအောင် ညာဏ်ပေါက်လာအောင် ညာဏ်ပိုင်လာ အောင်ဘတ်။ မဂ္ဂနှင့်ကင်း၍တော့ နိဗ္ဗာန်မဖြစ်ဘူး၊ နိဗ္ဗာန် မနှင့် တင်း၍တော့ မဂ္ဂရှိတယ်၊ မဂ္ဂဖြစ်တိုင်း နိဗ္ဗာန်ရောက် ကြောင်း လမ်းမမှတ်နဲ့ ယောဂီ၊ နိဗ္ဗာန်ဖြစ်တိုင်းလဲ ငြိမ်း အေးမှု ရတယ်မမှတ်နဲ့ ယောဂီ။ ဒီအချက်တွေကို လေးလေး နက်နက်စဉ်းစား။

လောကကြီးတခုလုံးမှာ မှားတာနဲ့ မှန်တာဘဲရှိတယ် မှတ်လိုက်။ ဒါကြောင့် သမ္မုတိ၌ အမှားအမှန် သုံးသပ်၊ သမုဒယ၌ အမှားအမှန် သုံးသပ်၊ ဒုက္ခ၌အမှားအမှန် သုံး သပ်၊ မဂ္ဂ၌ အမှားအမှန်သုံးသပ်၊ နိဗ္ဗာန်၌ အမှားအမှန် သုံးသပ်။ ဒီသဘောတရားတွေကို ပိုင်းပိုင်းခြားခြား ဟုတ် တိုင်းမှန်တိုင်းမြင်မှ သစ္စညာဏ်၊ ကိစ္စညာဏ်၊ ကတညာဏ်တွေ ကို ရမယ်မှတ်လိုက်ယောဂီ။ မှားတာနဲ့ မှန်တာက လွဲ၍ လောကကြီးတခုလုံးမှာ ဘာမှ မရှိဘူး ရှင်းရဲ့လား၊ မြင်တ ချက်မှာ အစဉ်ဆက်နေတဲ့ သုံးဆဲ့တဘုံ နိမိတ်အသွင်တွေကို အရိပ်မြင်အောင် ရေးမယ်ယောဂီ။

သင်္ခတဓာတ်၊ အသင်္ခတဓာတ်ဖြစ်တဲ့ ဩကာသလောက ကြီးအတွင်းမှာ ပဋ္ဌာရုံနှင့် တိုက်တိုင်းတိုက်တိုင်း ပုံသဏ္ဌာန်

ရုပ်ကို အကြောင်းခံ၍ နာမ်အကျိုးပေါ်ကာ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ ဖြစ်လေ့ရှိတယ်မှတ်။ ဓမ္မာရုံနှင့်တိုက်တိုင်း မှာလဲ အာရုံကို အကြောင်းခံ၍ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ ဖြစ်ပေါ်လေ့ရှိတယ်မှတ် ယောဂီ။ ပဥ္စာရုံမှာ ဖြစ်ပေါ်တဲ့ ရုပ်နာမ်ကိုတော့ ဝိညာဉ်သမ္ဗုတ် ရုပ်နာမ်မှတ်လိုက်၊ ရုပ်အ ကြောင်းခံပြီး နာမ်အကျိုးပေါ်လေသောကြောင့် ရူပါဝ စရ-ရူပဘုံလို့မှတ်၊ပရိယုတ္တာနုကိလေသာ၊ ပရိယုတ္တာနုဘုံလို့လဲ မှတ်လိုက်။ ဒီဝိညာဉ်သမ္ဗုတ် ရုပ်နာမ်ကို ပစ္စုပ္ပန်ကာလလို့ ပုတ်ပြတ်မှတ်ထားယောဂီ။

ဓမ္မာရုံမှာဖြစ်တဲ့ ရုပ်နာမ်ကိုတော့ သညာသမ္ဗုတ်ရုပ်နာမ် မှတ်လိုက်။ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ်လေသော ကြောင့် အရူပါဝစရ-အရူပဘုံလို့မှတ်။ အနုသယ ကိလေ သာ-အနုသယဘုံလို့မှတ်လိုက်။ ဒီသညာသမ္ဗုတ် ရုပ်နာမ်ကို အတိတ်ကာလလို့ ပုတ်ပြတ်မှတ်ထား ယောဂီ။ အဝိဇ္ဇာ တဏှာနှင့်တကွ ဖြစ်တဲ့ သင်္ကာယခန္ဓာ၊ ဥပါဒါန် ခန္ဓာကို နာမ်အကြောင်းခံပြီး နာမ်အကျိုး ပေါ်လေသောကြောင့် ကာမာဝစရ-ကာမဘုံလို့မှတ်။ ဝီတိက္ကမ ကိလေသာ-ဝီတိက္ကမ ဘုံလို့ မှတ်လိုက်။

ဒီကာမဘုံ, ရူပဘုံ, အရူပဘုံကိုပင်လျှင် ကာမဘုံကို ကာ မတဏှာခေါ်တာမှတ်။ ရူပဘုံကို ဘဝတဏှာခေါ်တာမှတ်။ အရူပဘုံကို ဝိဘဝတဏှာ ခေါ်တာလို့ ပုတ်ပြတ်မှတ်ထား

လိုက်။ ကာမဘုံကိုတော့ အလယ်သံသရာနှင့် အောက်သံသရာလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။ ဒီဘုံသုံးပါး သံသရာသုံးကြောင်း သုံးသွယ်ကိုပင်လျှင် သုံးဆဲ့တဘုံခေါ်တာယောဂီ။ ဒီသုံးဆဲ့တဘုံ သဘောတရားတွေဟာ မျက်စိနှင့် အဆင်းကြား၊ နားနှင့် အသံကြား၊ နှာခေါင်းနှင့်အနံ့ကြား၊ လျှာနှင့် အရသာကြား၊ ကာယနှင့် အတွေ့ကြားတို့မှာ စိတ်သညာ စိတ်ဝိညာဉ်တို့ ကျရောက်ဘန်ဆင်းတိုင်း ဖြစ်နေတယ်ဆိုတာ ရှင်းရဲ့လားယောဂီ။

---

## ဝိပဿနာဆိုင်ရာမျက်စိငါးမျိုးကို ရှင်းမယ်ယောဂီ

ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို လေ့လာလိုက်စား ပွားများ အားထုတ်ကျင့်သုံးသူတိုင်း သိမြင်ရမဲ့ မျက်စိငါးမျိုးရှင်းမယ်။

မံသမျက်စိ၊ အန္တမျက်စိ၊ ဒိဗ္ဗမျက်စိ၊ ဉာဏမျက်စိ၊ ပညာမျက်စိ၊ ရယ်လို့ ငါးမျိုးရှိတယ်ယောဂီ။ မံသမျက်စိဆိုတာ အမေဝမ်းကထဲက ပါလာတဲ့ အကြည်ပသာဒ မံသမျက်စိကိုဆိုလိုတယ်မှတ်။ အန္တမျက်စိဆိုတာကတော့ အဝိဇ္ဇာ,တဏှာနှင့်တကွ မြင်တဲ့ သညာမြင် ဝိညာဉ်မြင်ကို ဆိုလိုတယ်မှတ်။ ဒိဗ္ဗမျက်စိဆိုတာကတော့ အကြောင်းတရား အကျိုးတရားဖြစ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ဆိုလိုတယ်။ ဉာဏမျက်စိဆိုတာကတော့ ခဏ

ကာအနိစ္စ။ သန္တတိအနိစ္စ၊ ဘယ်ဇာတထာဝရဖြစ်တဲ့ သင်္ခတ အနိစ္စသဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း ကို ဆိုလိုတယ်။ ပညာမျက်စိဆိုတာကတော့ စိတ်သညာ စိတ်ဝိညာဉ်တို့ ကျရောက်ဘန်ဆင်းထားတဲ့ သံသရာ အကန့် အကွက် သဘောတွေကို အမှန်ခလေးပါး သိမြင်ခြင်း၊ ထိုသံ သရာ အကန့်အကွက်တို့မှ လွတ်ငြိမ်းခြင်းဖြစ်တဲ့ နိဗ္ဗာန်ကို သိမြင်ခြင်းကို ဆိုလိုတယ်မှတ်ယောဂီ။

---

## သင်္ခါရမရှိတရားကို အသိမမှားဘဲမြင်အောင်ရေးမယ်

### ယောဂီ

ပင်ကိုယ်ရှင်း ပင်ကိုလင်းတဲ့ ဩကာသလောကဖြစ်တဲ့ သင်္ခတဓာတ်နှင့် အသင်္ခတဓာတ်ကြားမှာ မရှိဘဲနှင့် ဖြစ် ပေါ်လာတဲ့ စိတ်, စေတသိက်,ရုပ်ခေါ် ဓာတ်သုံးပါး ဥပါဒ် ပြိုင်ဖြစ်လာတဲ့ သဘောသက်သက် တရားအစဉ်ဟာ အသား တင်တာ၊ ဘာလဲဆိုတာ ကြည့်စမ်းယောဂီ။ အနိစ္စလက္ခဏာ-နိရောဓသစ္စာ၊ ဒုက္ခလက္ခဏာ-နိရောဓသစ္စာ၊ အနတ္တလက္ခဏာ နိရောဓသစ္စာ မဟုတ်လားယောဂီ။ အဝိဇ္ဇာ, တဏှာဖြစ်တဲ့ အာယတနခေါ်တဲ့ ဘဝဖြစ်စဉ်တရားကို အစက အပြစ်မ မြင်လို့ မှားလာခဲ့တာ မဟုတ်လား။ ခုတော့ ကိုယ်ပိုင် စဉ်းစားလိုက်စမ်း၊ အနိစ္စလက္ခဏာ - သမုဒယသစ္စာ၊ ဒုက္ခ လက္ခဏာ-သမုဒယသစ္စာ၊ အနတ္တလက္ခဏာ - သမုဒယသစ္စာ

လို့ ပုတ်ပြတ်မှတ်လိုက် ယောဂီ။ ဒီသမုဒယ သဘောတွေ ကြောင့်ဖြစ်တဲ့ သက္ကာယခန္ဓာ ဥပါဒါန် ခန္ဓာနှစ်မျိုးကိုတော့ အနိစ္စလက္ခဏာ - ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ - ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ-ဒုက္ခသစ္စာဆိုတာ ရှင်းရဲ့လား ခန္ဓာ, အာ ယတန; ဓါတ်ဖြစ်တဲ့ ဒီသံသရာ အကာန့်အကွက် သဘော တရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို တော့ မဂ္ဂသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်ယောဂီ။ ရှင်းရဲ့လား။

---

## ပဋ္ဌာရုံမှာအစဉ်ဖုံးပြီး မြင်မဆုံးလို့ ခက်တယ်ယောဂီ

ပဋ္ဌာရုံမှာ ဖြစ်နေတဲ့ ဝိညာဉ်သမ္ပုတိအဖြစ် ရုပ်နာမ်ကို ကိုယ်ပိုင်ဉာဏ် ထိအောင် မိအောင် စဉ်းစားလိုက်စမ်း။ ရုပ် အကြောင်းခံပြီး နာမ်အကျိုးပေါ်နေတာ မဟုတ်လား။ ဒါဖြင့် ရုပ်ကို နာမ်က လိမ်ထားတယ်ဆိုတာ မြင်ရဲ့လား။ ဒါဖြင့် ဒီအဖြစ်ရုပ်နာမ်ကို စဉ်းစားလိုက်စမ်း။ရုပ်အကြောင်း သမုဒယသစ္စာလို့ မှတ်လိုက်။ နာမ်အကျိုး ဒုက္ခသစ္စာလို့မှတ် လိုက်။ ဒီရုပ်နာမ်ဟာ စိတ်သညာ စိတ်ဝိညာဉ်တို့ ကျူးကျော် ဘန်ဆင်းမှု ဖြစ်ပေါ်လာတဲ့ အရိပ်သက်သက်ဖြစ်တဲ့ အတွက် ကြောင့် နိရောဓသစ္စာလို့ ပုတ်ပြတ်မှတ်လိုက်။ ဒီအဖြစ်ရုပ် နာမ်သဘောကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို တော့ မဂ္ဂသစ္စလို့ ပုတ်ပြတ်မှတ်လိုက် ရှင်းရဲ့လားယောဂီ။

ဒီမှာယောဂီတို့၊ ကိုယ်ပိုင်ဉာဏ် ဖြစ်လာအောင် ကိုယ်ပိုင်ဉာဏ် မြင်လာအောင် ရှေ့တရစ်တိုးပြီး စူစမ်းလိုက်စမ်း။ မမှာရုံမှန်အပြင်မှာ သဏ္ဍာန်ထင်နေတဲ့ သညာသမ္မုတိအဖြစ် ရုပ်နာမ်ဟာ နာမ်အကြောင်းခံပြီး ရုပ်အကျိုးပေါ်နေတာ မဟုတ်လား နာမ်ကို ရုပ်ကလိမ်ထားတယ်ဆိုတာမြင်ရဲ့လား။ တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး စတဲ့ သဘောတရားအမှတ်အသားတွေကို စဉ်းစားလိုက်စမ်း။ တန်ခူး, ကဆုန်, နယုန်ဆိုတဲ့ သဘောအစဉ်သညာအမှတ်တွေဟာ အစဉ်အလာမပြတ်အောင် မမှာရုံမှန်အကြည်မှာ ကံမှီပြီး အရိပ်အသွင်သဘောတွေနဲ့ နိမိတ်ထင်ပြီး မျောနေတယ်ဆိုတာ စဉ်းစားလို့ ရပမလားယောဂီ။

ဒါဖြင့် ကြည့်စမ်း မမှာရုံသညာသမ္မုတိအဖြစ် ရုပ်နာမ်မှာ နာမ်အကြောင်း သမုဒယသစ္စာလို့ မှတ်လိုက်။ ရုပ်အကျိုး ဒုက္ခသစ္စာလို့မှတ်လိုက်။ ဒီအဖြစ်ရုပ်နာမ်ဟာ အရိပ်သက်သက်ဖြစ်တဲ့ အတွက်ကြောင့် နိရောဓသစ္စာလို့ ပုတ်ပြတ်မှတ်။ ဒီ သဘောတရားတွေကို ပိုင်းပိုင်း ခြားခြား သိမြင်တဲ့ ဉာဏ်ပညာကို မဂ္ဂသစ္စာ အစစ်မှတ်လိုက် ယောဂီ။ သင်္ခါရတရား ဖြစ်တဲ့ မရှိတရား အဖြစ်တရား ဆိုတဲ့ သံသရာ အကန့်အကွက် သဘောတွေကို ပိုင်းပိုင်း ခြားခြား အမှန်လေ့ပါး ရှိပုံ ဖြစ်ပုံကို ဒီလိုမြင်ရ လိမ့်မယ်ယောဂီ။ ဒီလို ပိုင်းပိုင်းခြားခြား သိမြင်မှ သောတာပန် သကဒါဂါမ် ဖြစ်မယ်ဆိုတာ ပုတ်ပြတ်မှတ်။

## အရှိတရား ပရမတ်အစဉ်ကို သတိထားဘို့ အတပ်မြင်အောင် ရေးမယ် ယောဂီ

ပညတ် ပရမတ် ဆိုတာ နှစ်ပုံ မရှိဘူးမှတ်။ ပညတ်ဆိုတာ ပရမတ်က ထွက်တဲ့ အရိပ်ယောဂီ။ မထွေးနဲ့ မရှုပ်နဲ့ ပရမတ် မရှိလျှင် ပညတ်မရှိဘူးမှတ်။ ပရမတ္ထအရှိအစဉ်ကို သတိနှင့် မြင်ဘို့က ဒီလိုတဲ့ စိတ္တဇရုပ် အိမ်စောင့်ရုပ် ခေါ်တဲ့ ပူသဘော အေးသဘော ဖြစ်တဲ့ ဖြစ်ချုပ် သဘော ဥပါဒ်ဘင် အစဉ်သင်္ခတဓါတ်ကို သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်နှင့် သုံးသပ်ပြီး ယထာဘူတဉာဏ် ဖြင့်ဟုတ်တိုင်း မှန်တိုင်း ကိုယ်ပိုင်ဒိဋ္ဌမြင်အောင်စဉ်းစား လိုက်ပါယောဂီ။ အာနာ–စေခိုင်းချက် မရှိဘဲနှင့် ပါဏာ–ထင်ရှားဖြစ်နေတဲ့ သဘောကို–အဿ–ထွက်ဝင်သက်သက်၊ အလိုလိုဖြစ်နေတဲ့ သဘောကို–ပဿ–မြင်အောင်ကြည့်စမ်း သယံဇာတ ထာဝရ ဖြစ်တဲ့ သင်္ခတဓါတ် ဥပါဒ်ဘင် သဘော သက်သက်ဟာ နိရောဓသစ္စာလို့ ကောန်မှတ်လိုက်။

ဘာ့ကြောင့် နိရောဓသစ္စာ ခေါ်ရတယ် ဆိုတာ မြင်အောင် ရေးမယ်။ ဒီဥပါဒ်ဘင် သဘော သက်သက်ဟာ ပရမတ် အစစ်ဖြစ်တဲ့ အတွက်ကြောင့် လူနတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ အပြင် ကုသိုလ် အကုသိုလ်နှင့် တကွ ရစ်ပတ် ဖွဲ့နှောင်ပြီး ဖြစ်နေတဲ့ သမုဒယ ဒုက္ခတို့ လုံးဝမရှိ ဘိတ်မရှိ လေသောကြောင့် နိရောဓသစ္စာလို့ ခေါ်ဆိုရခြင်း

ဖြစ်တယ် ယောဂီ၊ ဒီသဘောတရားကို မြင်အောင် အာရုံပြု နေရတာ သမုဒယသစ္စာလို့ မှုချမှတ်လိုက်၊ ဒီအာရုံဟာသခ် တဓါတ် နိရောဓ တရားကြီးမှတပါး တခြားတပါးသို့ အာ ရုံ ပြောင်းရွှေ့ မသွားရအောင် လွင့်ပါ မသွားရအောင် သ တိထား နေရတာကိုပင် ဒုက္ခသစ္စာ ပုတ်ပြတ် မှတ်လိုက်။ ဒုက္ခ သမုဒယ နိရောဓကို ဒီလို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ် ပညာကို မဂ္ဂသစ္စာလို့ ကောန်မှုချ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

---

## သမာဓိအဆင့်ဆင့်ဖြင့် နိဗ္ဗာန်မြင်ပုံ ရေးမယ်ယောဂီ

မရှိတရားကို အမှန်လေးပါး မြင်လျှင် သုညတာသမာဓိ သုညတ နိဗ္ဗာန်မှတ်လိုက်။ အဖြစ်တရားကို အမှန်လေးပါးမြင် လျှင် အနိမိတ္တ သမာဓိ အနိမိတ္တ နိဗ္ဗာန် မှတ်လိုက်။ အရှိတ ရားကို အမှန်လေးပါး မြင်လျှင် အပဏိဟိတ သမာဓိ၊ အပ- ဏိဟိတ နိဗ္ဗာန်မှတ်လိုက်။ တနည်း မြင်သာအောင် ရေးပြ လိုက်မယ် ယောဂီ။ အဝိဇ္ဇာ တဏှာနှင့် တကွ ဖြစ်တဲ့သင်္ကာယ ခန္ဓာ ဥပါဒါန်ခန္ဓာကို အမှန်လေးပါး မြင်လျှင် သုညတ သမာဓိ သုညတနိဗ္ဗာန် မှတ်လိုက်။ ပဋ္ဌာရုံမှာ ဖြစ်တဲ့ ဝိညာဉ် သမ္မုတိအဖြစ် ရုပ်နာမ်ကို အမှန်လေးပါး မြင်လျှင် အနိ- မိတ္တ သမာဓိ အနိမိတ္တ နိဗ္ဗာန်မှတ်လိုက်။ ဓမ္မာရုံမှာ ဖြစ်တဲ့ သညာသမ္မုတိ အဖြစ် ရုပ်နာမ်ကို အမှန်လေးပါး မြင်လျှင် အပဏိဟိတ သမာဓိ၊ အပဏိဟိတ နိဗ္ဗာန် မှတ်လိုက်။ သယံ

ဇာတ ထာဝရ ခေါ်တဲ့ သင်္ခတဓါတ် အရှိတရားကို အမှန် လေးပါး မြင်လျှင် အဝိဇ္ဇောက္ခ သမာဓိ၊ အဝိဇ္ဇောက္ခ နိဗ္ဗာန် လို့ မှုချမှတ်လိုက် ယောဂီ။ ဒါကြောင့် သံယုတ် ပါဠိတော်၌-

> ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမ၊ ရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယ သာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏေ အာဟာရေ၊ ဝိညာဏ အာဟာရကို။ ပရိညာတေ၊ ပရိညာသုံးပါးဖြင့် အပြီးတိုင် ပိုင်နိုင်သည် ရှိသော်။ နာမရူပံ၊ နာမ်ဟူသမျှ ရုပ်ဟူသမျှတို့ သည်။ ပရိညာတံ၊ အလိုလို ပိုင်နိုင်မှု ပြီးစီးလေတော့သည်။ ဟောတိ၊ ဖြစ်၏။ နာမရူပေ၊ နာမ်ဟူသမျှ ရုပ်ဟူသမျှ တို့ ကို။ ပရိညာတေ၊ ပရိညာ သုံးပါးဖြင့် အပြီးတိုင် ပိုင်နိုင် သည် ရှိသော်။ အရိယသာဝကဿ၊ ငါဘုရား တပည့်သား အား။ ဥတ္တရိ၊ ထို့ထက်အလွန်။ ကိဉ္စိ၊ တစုံတခုကိုမျှ။ ကရဏီယံ၊ ပြုဘွယ် လုပ်ဘွယ် အားထုတ်ဘွယ် ဟူသမျှသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြား တော်မူပါပေ၏။

## သာသနာသုံးပါးနှင့် ညဏ်သုံးပါး တသားတည်းဖြစ်ပုံ
## ရေးမယ် ယောဂီ

သာသနာ သုံးပါးနှင့် ညဏ်သုံးပါးတခြားစီ မရှိဘူး တခြားစီ မဟုတ်ဘူး ယောဂီ။သံသရာ အကန့် အကွက် အနှောင် အဖွဲ့ ဖြစ်တဲ့ သင်္ခါရ တရားလို့ ဆိုတဲ့ ရုပ်တရား နာမ်တရား ခန္ဓာတရား အာယတနတရား ဓါတ်တရားတွေကို၊ တနည်း ပြောဦးမယ်- မရှိတရား အဖြစ်တရား အရှိတရား တွေကို ဟုတ်တိုင်း မှန်တိုင်း မြင်အောင် ရှာဖွေ လေ့လာတဲ့ညဏ်ကို ဝိပဿနာဉာဏ် သစ္စဉာဏ်လို့ မှတ်လိုက် ယောဂီ သုတမယ ဉာဏ်ကို ပရိယတ္တိ သာသနာလို့ ပုတ်ပြတ်မှတ်။

ဒီလို သံသရာ အကန့် အကွက် အနှောင် အဖွဲ့ ဖြစ်တဲ့ ရုပ်တရား နာမ်တရား ခန္ဓာတရား အာယတနတရား ဓါတ်တရားတွေကို၊ (ဝါ) မရှိတရား အဖြစ်တရား အရှိတရား တွေကို ရှာဖွေ လေ့လာတဲ့ အတိုင်း အမှန် လေးပါး မြင်၍ ဆုံးဖြတ် နိုင်တဲ့ဉာဏ်ကို မဂ်ဉာဏ် ကိစ္စဉာဏ် စိန္တာမယဉာဏ် ပဋိပတ္တိ သာသနာလို့ ပုတ်ပြတ် မှတ်လိုက် ယောဂီ။

ဒီသဘော တရားတွေကို အမှန်လေးပါး မြင်တဲ့အတိုင်း ငြိမ်းအေးရာကို သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဖြစ် ကိုယ်ပိုင် မြင်၍ သမ္မာဝါယာမဖြင့် လုံ့လပြုကာသမ္မာသတိဝသားလျက် တည်ကြည်ခိုင်မြဲစွာ ငြိမ်းအေးခြင်း ဆိုတဲ့ သမ္မာသမာဓိ ဖြစ်ပြီးလျှင် သမ္မာဝါစာဖြင့် ပြောဆို ဆက်စပ်၍ သမ္မာကမ္မန္တဖြင့်

ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ပြုလုပ်လျက် သမ္မာအာဇီဝ ဖြစ်အောင် ကျင့်သုံး နေထိုင်ခြင်းကို ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ကတဉာဏ် ဘာဝနာမယဉာဏ် ပဋိဝေဓ- သာသနာလို့ မုချ မှတ်လိုက်ယောဂီ။

---

## မျက်စိငါးမျိုးဖြင့် အချိုးကျ အာရုံပြုပုံ ရေးမယ် ယောဂီ

အန္ဓပုထုဇဉ် တို့ရဲ့ အာရုံကျ စိတ်ကျကို ရေးမယ်ယောဂီ၊ အရာဝတ္ထုတခုခုနှင့် တွေ့မြင်သည် ဖြစ်စေ၊ တဦးဦးတယောက် ယောက်နှင့် တွေ့ကြုံသည် ဖြစ်စေ၊ (ဝါ) သက်ရှိ သက်မဲ့ တ ခုခုနဲ့ တွေ့ကြုံသည် ဖြစ်စေ တွေ့ဆုံကြုံကြိုက်တဲ့ အခါများ မှာ လောဘကို ဉာဏ်မမြင် လောဘနှင့် အမှန်ယူဉ်လျက် ကံဘုရင် သမုဒယ အဟုန်က လူ့ဘဝ ဘုံတလျှောက်မှာ ဂုဏ် မောက်ကာ ဒီလိုမြင်သတဲ့၊ ပေါ်လာလျှင် သမုဒယ အာရုံ ပြုတော့ ဥပါဒါန် အကြောင်းခံတော့ ရုပ်နာမ် အကျိုးပေး တော့ ဒုက္ခ ခံစားခွင့် ရတာကတော့ သောက ပရိဒေဝ ပုတ် ပြတ် မှတ်လိုက် ယောဂီ၊ အဲဒါ အန္ဓ ပုထုဇဉ်တို့ရဲ့ အာရုံကျ စိတ်ကျမှတ် မယုံလျှင် သူများ မမေးနှင့် ကိုယ့်ကိုယ် ကိုမေး၊ အဖြေ ပေးလိမ့်မယ် အဲဒါ အန္ဓ မျက်စိ အမြင်မှတ်လိုက်။

သောတာပန် သကဒါဂါမ် တို့ရဲ့ အာရုံကျ စိတ်ကျကို ရေးမယ် ယောဂီ၊ သက်ရှိ သက်မဲ့ ဝတ္ထု တခုခုနဲ့ တွေ့

ဆုံ ကြုံကြိုက်တဲ့ အခါမျိုးမှာ ပေါ်လာလျှင် သမ္မုတိ အာရုံပြုတော့ နိရောဓ အကြောင်းခံတော့ သမ္မာဒိဋ္ဌိ အကျိုးပေးတော့ သီလ ခံစားခွင့် ရတာက သုခ၊ အဲဒါ သောတာပန် သကဒါဂါမ် တို့ရဲ့ အာရုံကျ စိတ်ကျ မှတ်လိုက်၊ ဒိဗ္ဗမျက်စိ ဉာဏမျက်စိ အမြင် မှတ်လိုက် ယောဂီ။

အနာဂါမ် စတဲ့ အထက်မဂ် ပုဂ္ဂိုလ်တို့ရဲ့ အာရုံကျ စိတ်ကျက ဒီလိုတဲ့၊ ဝိညာဉ်မြင် နိဗ္ဗာန်၊ သညာမြင်တော့ ရုပ်နာမ်၊ ပညာမြင်တော့ မဂ္ဂံ၊ ဒိဋ္ဌိမြင်တော့ ဝဋ္ဋကံ၊ ဒီလို ပိုင်းပိုင်းခြားခြား သိမြင်ပြီးတဲ့ အတွက်ကြောင့် အာရုံပြု နိရောဓ၊ မြင်တာ နိဗ္ဗာန်၊ နေတော့ သီလ၊ ခံစားခွင့်ရတာက အဝိမောက္ခလို့ ပုတ်ပြတ်မှတ်။ အာရုံကျ စိတ်ကျတွေကို အားလုံးချုံးပြလိုက်မယ်။ပဥ္စာရုံမှာ နိဗ္ဗာန်၊ ဓမ္မာရုံမှာ မဂ်ဉာဏ်မှတ်။ ကာမဂုဏ်ဟာ ဝဋ္ဋကံလို့ ပုတ်ပြတ်မှတ်လိုက်။ အဲဒါ ဉာဏမျက်စိအမြင် ပုတ်ပြတ်မှတ်လိုက် ယောဂီ။

---

## ပရိညာ လေးပါးဖြင့် ကိစ္စကြီး လေးပါးကို အချိုးကျ ရေးမယ် ယောဂီ

ဉာတပရိညာဖြင့် ပရိညာကိစ္စဖြစ်တဲ့ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ အရိယာသစ္စာတို့ကို ပိုင်းပိုင်းခြားခြား သိမြင်လျှင် တီရဏပရိညာဖြင့် ခန္ဓာ, အာယတန, ဓါတ်သစ္စာတို့ကို သဘော လက္ခဏာ သဘာဝဖြစ်တဲ့ သန္တတိ[illegible] ခဏိကအနိစ္စ၊ သယံဇာတ

ထာဝရအနိစ္စ။ တနည်းပြောမယ်–အမြဲရှိတဲ့ အနိစ္စ၊ အမြဲမရှိတဲ့ အနိစ္စ၊ သဘောလက္ခဏာတွေနဲ့ အပြည့်အဝ ဖြစ်နေတဲ့ မရှိတရား အဖြစ်တရား အရှိတရားဆိုတဲ့ သစ္စာကရဏ ကိစ္စကို ပိုင်းပိုင်းခြားခြား သိမြင်ရမယ်။

ပဟာနပရိညာဖြင့် ပဟာနကိစ္စဖြစ်တဲ့ သံသရာ၌ ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့ တရားဖြစ်သော အဝိဇ္ဇာ,တဏှာ, ဥပါဒါန်နှင့် တကွ ဖြစ်တဲ့ တဏှာ,မာန,ဒိဋ္ဌိ စသော အနုသယ ခုနစ်ပါးမရှိ၊ တရားများကို ပိုင်းပိုင်းခြားခြား သိမြင်ရမယ်။ ဘူတပရိညာဖြင့် ဘာဝေတဗ္ဗကိစ္စဖြစ်တဲ့ သိကိစ္စ ကျင့်ကိစ္စ ကြည်ကိစ္စ ကျင့်ရာကာလ ကျင့်ရာဌာန တည်ရာဌာန ဖြစ်တဲ့ သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ရမယ်မှတ်ယောဂီ။

ဒိဝိပဿနာပိုင်းဆိုင်ရာ ကိစ္စကြီး လေးပါးကို ဉာဏ်စခန်းကြီး လေးခုဖြစ်တဲ့ ပရိညာ လေးပါးဖြင့် အချိုးကျရှာမှီး လေ့လာ ပွားများ ဆည်းပူးနိုင်မှ သံသရာ ဝဋ္ဋဆင်းရဲဘေးဆိုး အမျိုးမျိုးတို့မှ လွတ်ကင်းနိုင်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ဒီဘဝမှ ကေန်ရနိုင်မယ်ဆိုတာ ပုတ်ပြတ်သာ မှတ်လိုက် ယော‌ဂီ။ ဒါကြောင့် သပ္ပုရိသ သံသေဝဖြစ်တဲ့ ဆရာစစ် ဆရာကောင်း ဆရာမှန်ကို ရှာတွေ့လျှင် မှိဝဲဆည်း——ကိုးစား အားထား။ ဒီဘဝမှ သံသရာ ဝဋ္ဋဇာတ်ဘေးမှ လွတ်ကင်းရေး ရ၍ မှီခိုရာ၊ ပုန်းအောင်းရာ လည်းလျှောင်းရာ မှီတွယ်ရာ မှီရာ ရမယ်မှတ် ယောဂီ။

## အကောင်းအဆိုးနှင့် အကြောင်းအကျိုး သိသလား ရှေးမယ် ယောဂီ

ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်၍ အထက်ကို ရောက်တယ်။ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်၍ အောက်ကို ရောက်တယ်ဆိုတဲ့ လောက ဝေါဟာရ စကား သမုတ်အစဉ်ကို အဟုတ်မြင်အောင် ရှင်းမယ်ယောဂီ။ ဒီစကား နှစ်ရပ်ကို သတိထားတတ်ဘို့ အလွန်အရေးကြီးနေတယ်မှတ်။ ကောင်းတယ် ဆိုရာ၌ အကြောင်းအကျိုး၊ မကောင်းတယ် ဆိုရာ၌ အကြောင်းအကျိုး၊ မကောင်းတယ် ဆိုရာ၌ အကြောင်းအကျိုးကို ရှေးဦးစွာ ဝေဘန် ပိုင်းခြားနိုင်ဘို့ အလွန်လိုအပ်တယ်မှတ်။

ဒီလို မဝေဘန် မပိုင်းခြား မသိမြင်နိုင်ဘဲနှင့် သူပြော လူပြောနဲ့တော့ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်တယ်။ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်တယ်ဆိုတဲ့ အမြင် တခုနဲ့ အစဉ်ပြုနေလို့ မဆုံးတမ်း၊ မတုံးတမ်း ခက်နေတာ မှတ်လိုက်။ ဒီလို သိနေတဲ့ သဘောကတော့ လူတိုင်းအသိ၊ အန္ဓဗာလ အသိမျိုးဆိုတာ ပုတ်ပြတ်(မဲ)။ စကျွငါးမျိုး အစဉ်သရုပ်ကို အမြင်မရှုပ်စေနဲ့၊ ဒီအတိုင်းသိတဲ့ အသိမျိုးကို ဗုဒ္ဓမဟောဘူး။ ဉာဏမျက်စိအမြင် ပညာမျက်စိ အမြင်ကို သာလျှင် ဗုဒ္ဓဟောတာ အစစ်မှတ်။

သံသရာဝဋ်က လွတ်လိုချင်လျှင် လူတိုင်းအသိ လူတိုင်း အမြင်မျိုးနဲ့ ရှာမှာလား။ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ချင်လျှင် တော့ ယောဂီကိုယ်တိုင် စဉ်းစားရှာပါ။ မြင်တာရုပ်၊ ကြား တာရုပ်နဲ့ စကား အလာလာရှုပ်နေလို့ ဘုရားသာသနာ ငုပ်နေတာ မှတ်လိုက်။ ဆရာကောင်းကို တွေ့အောင်ရှာ၊ တွေ့လျှင် မှီဝဲဆည်းကပ်၊ မထည့်မဲ့မြင် မလုပ်နဲ့၊ မဟုတ် စကားနဲ့ သရုပ်ကွဲနေလို့ ခက်နေတယ်မှတ်။ ဒါကြောင့် ဝေါဟာရ စကားနဲ့ လောကမှာ မှားနေတာ စဉ်းစားမိ ရဲ့လား။ ကံမြင်, ဉာဏ်မြင်, ပညာမြင်ကို ကြပ်ကြပ်စဉ်းစာ၊ သံသရာဝဋ်က လွတ်တဲ့ အမြင်ဟာ ဘယ်အမြင်လဲ ဓမ္မစကြာ၌ ဗုဒ္ဓဟာ ဘယ်အမြင်ကို ဟောနေတာလဲ၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။ ဆိုတာ လူတိုင်း အသိ အမြင်၊ အန္ဓဗာလ အသိ အမြင်ကို ဟောနေတာလား၊ ဘယ်အမြင်ကို ဟောနေဘာလဲ ဆိုတာ ရိပ်မိရဲ့လား။

---

## ကောင်း မကောင်း လုပ်လို့ သောင်းပြောင်း ရှုပ်နေတာ ရေးမယ် ယောဂီ

ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တွေကို သဘောဉာဏ် က ရေးပြလိုက်မယ်။ ကံအစဉ်ပရမတ် ကို ဉာဏ်အမြင်တတ်သူ့ ဒီလိုတွေ၊ သနေ့ လူသားတွေ

ကုသိုလ်ကြောင့် လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ဗြဟ္မာဖြစ်တယ်လို့ ယူနေကြတယ်။ အကုသိုလ်ကြောင့်တော့ ခွေး ဝက် ကျွဲ နွား အပါယ်ဘုံသားတွေ ဖြစ်တယ်လို့ ခေါ်ဝေါ်ပြောဆို သုံးစွဲပြီး ယူနေကြတယ်။ "ကုသလ အနဝဇ္ဇ သုခဝိပါက လက္ခဏာ။ အကုသလ သာဝဇ္ဇ ဒုက္ခ ဝိပါကလက္ခဏာ" တဲ့။ ဒီ ပါဠိ အစဉ်အလာ နှစ်မျိုးကို ဘုရားသာသနာနှင့် ဘယ်လိုတိုးနေတာလဲ၊ ကုသိုလ်,အကုသိုလ်ကံဖြင့် အလုပ်ကို ဉာဏ်မြင်အောင် ထုတ်ပြလိုက်မယ်။ စဉ်းစားသာ ဘတ်လိုက်။

ကုသိုလ်ဟာ အပြစ်မရှိဘူး၊ အပြစ်ကင်းတဲ့ ကောင်းကျိုး ချမ်းသာကိုသာလျှင် ပေးတယ်လို့ အမြဲမုချမှတ်လိုက်။ အကုသိုလ်ဟာ အပြစ်နှင့်တကွ မကောင်းကျိုး ဆင်းရဲတဲ့အကျိုးကိုသာ မုချဆက်ဆက် ပေးနေတယ်လို့ မှတ်လိုက်။နောက် တခု ထင်ရှားအောင် ထပ်ပြလိုက်ဦးမယ်။

ယေနကေစိ လောကေ ကုသလာတို ဝုစ္စန္တိ၊ သဗ္ဗေ တေ ဓမ္မာဝေ ဟောန္တိ၊ နပုဂ္ဂလာ နသတ္တာ နဇီဝါ နမနုဿာ နဒေဝါ နဗြဟ္မာတိ ဝုတ္တံဟော-တိ။ အကုသလပဒေ တပ္ပဋိပက္ခာသေန အတ္ထောစ အဓိပ္ပါယောစ ဝတ္တဗ္ဗော။....တဲ့။

ဒီ ပါဠိတော် စကားအလာကို အသားပါပါ ခေါက်တုံ့ ခေါက်ပြန် ဘတ်လိုက်။ သိအောင်ဘတ်၊ မြင်အောင်ဘတ်၊

ရှင်းအောင်ဘတ်။ လူတိုင်းအသိမျိုးနဲ့ ငြင်းဘို့ စိတ်မကူးနဲ့. ကုသိုလ်,အကုသိုလ်ဟာ လူမဟုတ် နတ်မဟုတ်၊ ဗြဟ္မာမဟုတ် အသက်ဇီဝမဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တဘာဝမဟုတ်ဘူးလို့ ရှင်းရှင်းကြီး ပြနေတယ် မှတ်လိုက်။ ကုသိုလ်, အကုသိုလ် သဘောကိုက လူမဟုတ် နတ်မဟုတ် ဗြဟ္မာမဟုတ် အသက် ဇီဝ မဟုတ် အတ္တဘာဝမဟုတ်လျှင် ဒီသဘောတရားတွေ့ရဲ့ အကျိုးလက္ခဏာဟာ လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ဗြဟ္မာဖြစ် တယ်၊ အသက်ဇီဝဖြစ်တယ်၊ အတ္တဘာဝဖြစ်တယ်လို့ ဆိုတဲ့ အယူဟာ မှန်ပါ့မလား စဉ်းစဉ်းစားစား ခေါက်တုံ့. ခေါက်ပြန်ဘတ်။

---

## ကောင်းမကောင်း လုပ်မှာလား မှန်မှားလုပ်မှာလား

## ရေးမယ် ယောဂီ

ကုသိုလ်, အကုသိုလ် အထင်အစွဲတွေကို အမြင်လွဲနေလို့ ခက်တယ်။ ကုသိုလ်, အကုသိုလ်ခေါ်တဲ့ ဒေသနာအစဉ် စကားကို အခြေပြုလာပုံ ထင်ရှားတာက ကုသလာဓမ္မာ၊ အကု- သလာဓမ္မာ၊ အဗျာကတာဓမ္မာ–အစစ်ဘဲမှတ်။ ဒီအပေါ်မှာ ဖြစ်စွဲ မရပ်လို့ အမှားလုပ် အသားထုတ်တဲ့ အဝိဇ္ဇာ, တဏှာ ယဉ်နှစ်ပါးကြောင့် အထင်အရှား ဖြစ်နေပါ ကလားလို့ မရိပ်မိတဲ့အတွက် ဒိဋ္ဌိသက်သက် သညာအမြင်က မြင်လာ လျှင် အရှိလုပ်လျက် သတိမအုပ်မိတိုင်း အထက်ရောက်၊

အောက်ရောက်၊ ကပေါက် ကသောက်နဲ့ ချာချာလည် နေတယ် ဆိုတာ ပုတ်ပြတ်မှတ်လိုက်။ ပုတ်ပြတ် မမြင်လို့ လုပ်ဇာတ်တွေ ဝင်လိုက်လျှင် မဟုတ် မဟုတ်တွေ အမြင်ရှုပ် ပြီး အရင်အလုပ် အတိုင်းဘဲ သေချာတယ် ဆိုတာ အဖြေ ရှာခနေနဲ့တော့ ယောဂီ။

---

### အထင်အစွဲနဲ့ အမြင်လွဲပုံ ရေးမယ်ယောဂီ

ကုသိုလ် ဆိုတာ မှားမှန် ကြောင်း,ကျိုး ကောင်းဆိုးဉာဏ် မြင် သမ္မာယှဉ်တဲ့ အလိမ္မာ သဘောသက်သက် ကိုသာ ကု သိုလ် ခေါ်တာ မှတ်လိုက်။ အကုသိုလ် ဆိုတာ တွေးဝေ မိန်မော စောကျောမရှိ မသိမမြင် မှားမှန်ကို မဆင်ခြင် ကြောင်းကျိုးလဲ မထင် မိစ္ဆာယှဉ်တဲ့ မိုက်မဲမှားမှောင် အယောင်ဆောင်သက်သက် သဘောကိုသာ အကုသိုလ်ခေါ် တာ မှတ်လိုက် ယောဂီ။

သုံးဆဲ့နှစ်ခု အကြောင်းပြုပြီး အပေါင်းအစု ဖြစ်နေ တဲ့ လက်ရှိ ခန္ဓာအစစ်ကို ဉာဏ်ဖြစ်အောင် ရေးလိုက်မယ်၊ အများမြင်တာဟာ ဘုရားရှင် အလိုဟုတ်မဟုတ် စဉ်းစား သာ ဘတ်လိုက်ပေတော့။ ကုသိုလ်, အကုသိုလ် သဘော သက်သက်တို့ဟာ ရုပ်ကို ဖြစ်စေတယ်၊ နာမ်ကို ဖြစ်စေတယ်၊ ရုပ်နာမ်ကို ဖြစ်စေတယ် ပုတ်ပြတ်မှတ်လိုက်။ လူ, နတ်, ဗြဟ္မာ သတ္တဝါ မဖြစ်ဘူး၊ ပရိယတ္တိ အရှိစကားကို သတိ

ရှင်းအောင်ဘတ်။ လူတိုင်းအသိမျိုးနဲ့ ငြင်းဘို့ စိတ်မကူးနဲ့. ကုသိုလ်,အကုသိုလ်ဟာ လူမဟုတ် နတ်မဟုတ်၊ ဗြဟ္မာမဟုတ် အသက်ဇီဝမဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တဘာဝမဟုတ်ဘူးလို့ ရှင်းရှင်းကြီး ပြနေတယ် မှတ်လိုက်။ ကုသိုလ်, အကုသိုလ် သဘောကိုက လူမဟုတ် နတ်မဟုတ် ဗြဟ္မာမဟုတ် အသက် ဇီဝ မဟုတ် အတ္တဘာဝမဟုတ်လျှင် ဒီသဘောတရားတွေရဲ့ အကျိုးလက္ခဏာဟာ လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ဗြဟ္မာဖြစ် တယ်၊ အသက်ဇီဝဖြစ်တယ်၊ အတ္တဘာဝဖြစ်တယ်လို့ ဆိုတဲ့ အယူဟာ မှန်ပါမလား စဉ်းစဉ်းစားစား ခေါက်တုံ့ ခေါက်ပြန်ဘတ်။

---

## ကောင်းမကောင်း လုပ်မှာလား မှန်မှားလုပ်မှာလား

## ရေးမယ် ယောဂီ

ကုသိုလ်, အကုသိုလ် အထင်အစွဲတွေကို အမြင်လွဲနေလို့ ခက်တယ်။ ကုသိုလ်, အကုသိုလ်ခေါ်တဲ့ ဒေသနာ**အစဉ်** စကားကို အခြေလာပုံ ထင်ရှားတာက ကုသလာဓမ္မာ၊ အကု- သလာဓမ္မာ၊ အဗျာကတာဓမ္မာ–အစစ်ဘဲမှတ်။ ဒီအပေါ်မှာ ဖြစ်စွဲ မရပ်လို့ အမှားလုပ် အသားထုတ်တဲ့ အဝိဇ္ဇာ, တဏှာ ယဉ်ခွန်စပ်ပါးကြောင့် အဘင်အရှား ဖြစ်နေပါ ကလားလို့ မရိပ်မိတဲ့အတွက် ဒိဋ္ဌိသက်သက် သညာအမြင်က မြင်လာ လျှင် အရှိလုပ်လျက် သတိမအုပ်မိတိုင်း အထက်ရောက်၊

အောက်ရောက်၊ ကပေါက် ကသောက်နဲ့ ချာချာလည် နေတယ် ဆိုတာ ပုတ်ပြတ်မှတ်လိုက်။ ပုတ်ပြတ် မမြင်လို့ လုပ်ဇာတ်တွေ ဝင်လိုက်လျှင် မဟုတ် မဟတ်တွေ အမြင်ရှုပ် ပြီး အရင်အလုပ် အတိုင်းဘဲ သေချာတယ် ဆိုတာ အဖြေ ရှာခနေနဲ့တော့ ယောဂီ။

---

## အထင်အစွဲနဲ့ အမြင်လွဲပုံ ရေးမယ်ယောဂီ

ကုသိုလ် ဆိုတာ မှားမှန် ကြောင်း,ကျိုး ကောင်းဆိုးဉာဏ် မြင် သမ္မာယှဉ်တဲ့ အလိမ္မာ သဘောသက်သက် ကိုသာ ကု သိုလ် ခေါ်တာ မှတ်လိုက်။ အကုသိုလ် ဆိုတာ တွေးဝေ မိန်မော စောကျောမရှိ မသိမမြင် မှားမှန်ကို မဆင်ခြင် ကြောင်းကျိုးလဲ မထင် မိစ္ဆာယှဉ်တဲ့ မိုက်မဲမှားမှောင် အယောင်ဆောင်သက်သက် သဘောကိုသာ အကုသိုလ်ခေါ် တာ မှတ်လိုက် ယောဂီ။

သုံးဆဲ့နှစ်ခု အကြောင်းပြုပြီး အပေါင်းအစု ဖြစ်နေ တဲ့ လက်ရှိ ခန္ဓာအစစ်ကို ဉာဏ်ဖြစ်အောင် ရေးလိုက်မယ်၊ အများမြင်တာဟာ ဘုရားရှင် အလိုဟုတ်မဟုတ် စဉ်းစား သာ ဘတ်လိုက်ပေတော့။ ကုသိုလ်, အကုသိုလ် သဘော သက်သက်တို့ဟာ ရုပ်ကို ဖြစ်စေတယ်၊ နာမ်ကို ဖြစ်စေတယ်၊ ရုပ်နာမ်ကို ဖြစ်စေတယ် ပုတ်ပြတ်မှတ်လိုက်။ လူ, နတ်, ဗြဟ္မာ သတ္တဝါ မဖြစ်ဘူး၊ ပရိယတ္တိ အရှိတရားကို သတိ

ချုပ်တို့ အသိမမှားရအောင် ပြောနေတာ၊ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဆိုတာ သာသနာ အစစ်မှတ်။ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် ဆိုတာက ဉာဏ်ပညာအနှစ်မာန်တဏှာ အညစ်တွေနဲ့ ပေါက်ကရယူ ဂျောက်ကျသူတိုင်း အိုနာသေ မလွတ်ဘူး မှတ်လိုက်။

ဒါဖြင့် ကုသိုလ်ကြောင့် လူဖြစ်တယ် နတ်ဖြစ်တယ် ဗြဟ္မာ ဖြစ်တယ် အသက်ဇီဝ ဖြစ်တယ် သတ္တဝါ ဖြစ်တယ်၊ အကုသိုလ်ကြောင့် ခွေး–ဝက်–ကျွဲ–နွား–အပါယ်ဘုံသားတွေ ဖြစ်တယ်လို့ ယူလျှင် လောကဝေါဟာရ အန္ဓဗာလ ရုပ်ပြအသွင် တွေကို ဗုဒ္ဓရှင်က ဘာပြောနေတာလဲ။ ဒီစကားအလာ သတိထားစရာ မှတ်ချက် အသွင်ကို အမှတ်တမဲ့ မြင်အောင် ရေးလိုက်ဦးမယ်။ ကောင်းတာ မကောင်းတာ ရှိလဲ ရှိတယ်၊ သိတော့ မသိဘူး၊ ပြုတော့ ပြုလုပ်တယ်။ အဲဒါ တိရစ္ဆာန် မှတ်လိုက်။ ကောင်းတာ မကောင်းတာ ရှိလဲရှိတယ်၊ သိလဲသိတယ်၊ ပြုလဲပြုလုပ်တယ်။ အဲဒါ အန္ဓပုထုဇဉ်မှတ်လိုက်။ ကောင်းတာ မကောင်းတာ ရှိလဲရှိတယ်၊ သိလဲသိတယ်၊ လုံးဝ မပြု လုပ်တော့ဘူး။ အဲဒါ အရိယာမှတ်လိုက်။

ဒီစကားဟာ ကံအစဉ် အလာကို ဉာဏ်မြင်သာအောင် ရေးလိုက်တာ မှတ်ယောဂီ။ ဉာဏ်ကုသိုလ် ပါရမီ ကုသိုလ်ကို ပေါ်လွင် ထင်ရှား စိမ့်သော်ငှါ ဉာဏ်ဖြစ်လာအောင် ဉာဏ်ရလာအောင် ဉာဏ်ရောက်လာအောင် ဉာဏ်ပေါက်

လာအောင်ဘတ်။ စဉ်းစဉ်းစားစားဘတ်။ ခေါက်တုံ့ခေါက်ပြန်ဘတ်။ ဟုတ်တိုင်းမှန်တိုင်း မြင်လျှင် သမ္မာဒိဋ္ဌိဉာဏ်။ ဝိဇ္ဇာဉာဏ် အစစ်မှတ်။

## အများမြင်နှင့် ဘုရားအမြင်ရေးမယ်ယောဂီ

အများမြင်တဲ့ အလုပ်ကို စကားထွင်ပြီး ရှုပ်မနေနဲ့၊ ကိုယ်ပိုင်သိဘို့လိုတယ်။ ကိုယ်ပိုင်မြင်ဘို့ လိုတယ် မှတ်လိုက်။ ဆရာကြီးက ပါဠိလိုချင်လို့ ရေးနေတာ မဟုတ်ဘူး။ ပါဠိရှိအောင်လဲ ရေးနေတာ မဟုတ်ဘူး၊ မှတ်လိုက်။ ယောဂီတို့ ဉာဏ်ဖြစ်လာအောင် ဉာဏ်ရလာအောင် ဉာဏ်ပေါက်လာအောင် ဉာဏ်ပိုင်လာအောင် ရေးပြနေတာ မှတ်လိုက်။ ဆရာကြီးရေးတဲ့ သဘောတွေဟာ ဉာဏ်အမြင် ရေးထားတာလား၊ အမှန်မြင် ရေးထား တာလား၊ ကံအမြင် ရေးထားတာလား ဆိုတာ စဉ်းစဉ်းစားစားဘတ်။ ယောဂီတို့ ကိုယ်တိုင် အဖြေပေါ် လာလိမ့်မယ်။ ဒီတော့မှ သာသနာတော်မြတ်တရား၌ ကျင့်အပ်တဲ့တရား၊ ကျင့်ရမဲ့ တရား၊ ကျင့်တာဘ်တဲ့ တရား၊ ဘာသာတရား၌ ပြုအပ်တဲ့ တရား၊ ပြုရမဲ့တရား, ပြုတတ်တဲ့ တရား၊ သံသရာ တရား၌ ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့ တရား၊ ပယ်တတ်တဲ့ တရားတွေကို အချိုးကျကျ ယောဂီတို့ ကိုယ်ပိုင် ဒိဋ္ဌ သိမြင်သဘော ပေါက်လာကြလိမ့်မယ် ဆိုတာ ပုတ်ပြတ်သာ မှတ်လိုက် ကြပေတော့။ ဒါဖြင့်

ဆက် ဘတ် လိုက်စမ်း။ လောက ဝေါဟာရ ဓမ္မတာ အသိ အမြင်နဲ့ အရာရာ အရှိထင်လို့ ရေးပြလိုက်မယ်။

ဓမ္မတာ အယူအစွဲတွေနဲ့ မူလွဲနေတဲ့ အမြင် အရပ်ရပ် တွေကို အမျှင် မပြတ်အောင် ပုံသရုပ် အမျိုးမျိုး တွေနဲ့ ဟုတ်နိုးနိုး အထင်မှားနေလို့ ဆင်ခြင်တရားကို မရနိုင်တာ ယောဂီ။ ဒါဖြင့် ကုသိုလ်ကြောင့် လူဖြစ်တယ် နတ်ဖြစ်တယ် ဆိုလျှင် အကုသိုလ်ကြောင့် ခွေး ဝက် ကျွဲ နွား အပါယ်ဘုံ သားတွေ ဖြစ်တယ် ဆိုလျှင် ကိုယ်တိုင် စဉ်းစား ရလိမ့်မယ်၊ ကုသိုလ်ကြောင့် လူဖြစ်တယ် နတ်ဖြစ်တယ် ဆိုလျှင် ကုသလ အနုဝဇ္ဇ သုခဝိပါက လက္ခဏာကို ကြည့်ပါ-ကုသိုလ်ဟာ အပြစ် မရှိဘူး အပြစ်ကင်းတဲ့ ကောင်းကျိုး ချမ်းသာကို သာလျှင် ပေးတယ် ဆိုရာ၌ ယခု လက်ရှိ ရထားတဲ့ ခန္ဓာကိုဆန်းစစ် ကြည့်လိုက်ပါ၊ ကုသိုလ်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါ ဖြစ်ရိုး မှန်လျှင် ယခုလက်ရှိ ရထားတဲ့ ခန္ဓာဟာ စိတ်ဆိုး စိတ်ညစ် ဝမ်းသာ ဝမ်းနည်း တသဲသဲနှင့် အမြဲအစွဲ ရှာဖွေ စားသောက် နေရတာ သေတ္တာထဲ မရောက် မချင်း ဂဏာ ငြိမ်ရဲ့လား၊ ဒီအိမ်ခန္ဓာ အတွင်းမှာရော ဘာတွေ ဖြစ်နေသေးသလဲ ဆန်းစစ် ကြည့်စမ်း ယောဂီ၊ သွေး သည်းခြေ လေ သလိပ်ဆိုတဲ့ သေမင်း ကိန်းနေတယ် မှတ်လိုက်။ သွေးဖောက်ပြန် ပျက်စီးလျှင် ရူးတယ် သေတယ်၊ သည်းခြေ ဖောက်ပြန် ပျက်စီးလျှင် ရူးတယ် သေတယ်။ လေဖောက်ပြန် ပျက်

စီးလျှင် ရှုးတယ်သေတယ်။ သလိပ် ဖေါက်ပြန် ပျက်စီးလျှင် ရှုးတယ် သေတယ် ဖုတ်ပြတ် မှတ်လိုက်။

ဒီ အိမ်ခန္ဓာကြီးရဲ့ အပေါ်မှာရော ဘာတွေ ဖြစ်နေသေး သလဲ ထပ်ပြီး စုံစမ်း လိုက်စမ်းပါဦး၊ ကံ-စိတ်-ဥတု-အာ ဟာရ ဆိုတဲ့ သေမင်း အုပ်စိုး နေတယ် မှတ်လိုက်၊ ကံ အပြု မှားလျှင် သေတယ်၊ စိတ်ဖေါက်ပြန်လျှင်လဲ သေတယ်၊ ဥတု ဖေါက်ပြန်လျှင်လဲ သေတယ်၊ အာဟာရ မှားလျှင်လဲ သေ တယ်။၊ စဉ်းစားစမ်း မြင်ရဲ့လား။၊ ကုသိုလ်ကြောင့် ဖြစ်လာ တယ် ဆိုတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ အိမ်ခန္ဓာကြီးဟာ အပြစ် မရှိတာတွေ တွေ့ရရဲ့လား၊ အပြစ်ကင်းတာတွေ တွေ့ ရရဲ့လား၊ ချမ်းသာသုခ ဆိုတာကော တွေ့ရရဲ့လား၊ သွား ရာ လမ်းစဉ်အဆုံးကို ကြည့်လိုက်စမ်း၊ အိုနာသေ မှတ်လိုက်။ ကုသိုလ်ကြောင့် လူဖြစ်တယ် နတ်ဖြစ်တယ် ဗြဟ္မာဖြစ်တယ် ဘယ်လိုပင် အယူအစွဲတွေနဲ့ မှုလွဲပြီး ပြောကြပေမဲ့ ဗုဒ္ဓအရှင် က ဒုက္ခ မြင်တယ်လို့ ဟောတာ ရိပ်မိစမ်းယောဂီ။ သုံးဆဲ့ တဘုံ ဝဋ်မှုံ ဒုက္ခကို ပုတ်ပြတ် ဟောထားတာ မှတ်လိုက်။လူ မဖြစ်ဘူး နတ်မဖြစ်ဘူး ဗြဟ္မာမဖြစ်ဘူး အနိစ္စ ဖြစ်တယ် ဒုက္ခဖြစ်တယ် အနတ္တဖြစ်တယ် ဘယ်တော့ ဖြစ်ဖြစ် မှတ်ထား လိုက် ယောဂီ။

ပါဠိတော်လာ ဒေသနာ အရပ်ရပ်နဲ့ အဋ္ဌကထာ အချေဘာတ် ကြည့်တော့ အများအမြင်နဲ့ ဘုရားအမြင် ခြားနားပုံ ရှင်း

ရဲ့လား ယောဂီ။ ကံကုသိုလ် ကံအကုသိုလ် မှန်လျှင် သမုဒယနှင့် ဒုက္ခရမယ် ပုတ်ပြတ် မှတ်လိုက်။ ဉာဏ်ကုသိုလ် ပါရမီကုသိုလ်သာလျှင် နိရောဓ ဖြစ်တဲ့ အေးငြိမ်းရာကို မုချရမယ် မှတ်။ အကုသိုလ်ကံကြောင့် ဖြစ်လာတယ် ဆိုတဲ့ ခွေး ဝက် ကျွဲ နွား အပါယ်ဘုံသားတို့ရဲ့ အိမ်ခန္ဓာကြီးကို ကြည့်လိုက်ပါဦး။ သူတို့လဲ စိတ်ဆိုး စိတ်ညစ် ဝမ်းသာ ဝမ်းနည်း သဘောတွေနဲ့ ရှာဖွေ စားသောက် နေကြရတယ် မဟုတ်လား။ သွားရာ လမ်းစဉ်ကတော့ အိုနာသေဘဲ မဟုတ်ပါလား။ ရှာဖွေ စားသောက် နေရတာတွေရယ် အိုရ နာရ သေရတာတွေရယ် သုခခေါ်သလား ဒုက္ခခေါ်သလား၊ ယောဂီတို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားစမ်း။ အကုသလ သာဝဇ္ဇ ဒုက္ခ ဝိပါကလက္ခဏာ– အရဆိုလျှင် ဒီခွေး ဝက် ကျွဲ နွား အပါယ်ဘုံ သားတွေရဲ့ ရရှိနေတဲ့အကျိုး လက္ခဏာတွေ ကတော့ အပြစ်နှင့်တကွ မကောင်းကျိုး ဖြစ်တဲ့ ဒုက္ခကို ရတယ် ဆိုတာ မှန်လဲ မှန်တယ် ကြိုက်လဲ ကြိုက်စရာ ပါဠိ ဒေသနာ အဖြေလာပုံနှင့်လဲ အလွန် မှန်တယ်။

အန္ဓဗာလဓမ္မတာ အယူနဲ့ ယူထားတဲ့ အယူကို ကိုယ်ပိုင် စဉ်းစားစမ်း၊ ကုသိုလ်ကြောင့် လူနတ်ပြဟ္မာ ဖြစ်တယ် လို့ဆိုတဲ့ အယူနဲ့ ပါဠိဓမ္မက္ခန် အစဉ်အလာကို ဉာဏ်မြင်လာအောင် စူးစမ်းလိုက်ပါ ကုသလ အနဝဇ္ဇ သုခ ဝိပါကလက္ခဏာ–ဆိုတဲ့ ဥပဒေတော် စကားနဲ့ အနိစ္စ ဒုက္ခ ဖြစ်ပြီး

အိုနာသေရနေတဲ့ အကျိုးလက္ခဏာနဲ့ သွေဖီနေတယ် ဆိုတာ ရိပ်မိရဲ့လားယောဂီ။ ဒီနေရာတွေမှာ ဉာဏ်ရောက်အောင် ဉာဏ်ပေါက်အောင် စဉ်းစဉ်းစားစား ခေါက်တုံ့ခေါက်ပြန်ဘတ်။ ဒီသဘောတရားတွေကို အယူမှားပြီး အပြုမှားမှာစိုးလို့ ဆရာကြီးက ရေးပြလိုက်တာ၊ ပါဠိလိုချင်လို့ ရေးနေတာမဟုတ်ဘူး။ ဆရာကြီးကို အထင်ကြီးလာအောင်လဲ ရေးနေတာမဟုတ်ဘူး။ ပြုအပ်တဲ့တရား ပြုရမဲ့တရား ပြုတတ်တဲ့တရားတွေကို ပြုလုပ် ကျင့်သုံးတတ်အောင် စေတနာသန့်သန့်နဲ့ ရေးပြလိုက်တာမှတ်လိုက်ယောဂီ။

အန္ဓဗာလ မမှတာ အယူအစွဲတွေနဲ့ အမြင်လွဲပြီး ရှုပ်နေလို့ ရှင်းပြလိုက်တာ၊ ကိုယ်ပိုင်ရိပ်မိအောင်ဘတ်။ ဘယ်သူ့ကိုမှ မဆွေးနွေး မတိုင်ပင်နဲ့ သမ္မာသင်္ကပ္ပနဲ့သာ မိမိခန္ဓာနဲ့ နှီးနှောတိုင်ပင်လိုက်ပါ၊ ကုသလအနဝဇ္ဇသုခဝိပါက လက္ခဏာဆိုတဲ့စကားနဲ့ အနိစ္စဒုက္ခအကျိုးပေးနေတာနဲ့ သုံးဆဲ့တဘုံ ဝဋ်မြုံ ဒုက္ခလို့ဆိုတဲ့ ဗုဒ္ဓစကားနဲ့ အန္ဓဗာလမမှတာ အထင် အစွဲအယူတွေနဲ့ ကိုက်ညီရဲ့လား သာသနာကို မမှတာရှုပ်နေလို့ ခက်တယ်မှတ်လိုက်၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်တကွ နိဗ္ဗာန်ကို လိုချင်လျှင်တော့ ဒီလိုအမြင်အရှုပ်တွေကို အလျှင်ပြုတ်ရလိမ့်မယ်မှတ်လိုက်ယောဂီ။

## မှန်မှားအစဉ်ကို ဉာဏ်အားဖြင့် မြင်အောင်ရေးမယ် ယောဂီ

ဒီမယ်- ယောဂီတို့ကိုယ်ပိုင် စဉ်းစားရမှာက အကြောင်းတရား၌ အမှားအမှန်၊ အကျိုးတရား၌ အမှားအမှန်၊ အကြောင်း အကျိုးငြိမ်းမှု၌ အမှားအမှန် အကြောင်းအကျိုးငြိမ်းခြင်းသို့ ရောက်ကြောင်း၌ အမှားအမှန်၊ ဒီသဘောတရားတွေကိုသာ သိမြင်ဘို့ ပေါက်ပိုင်ဘို့ ဆုံးဖြတ်နိုင်ဘို့ အလွန်အရေးကြီးတယ် မှတ်လိုက်။ ဒါကြောင့် တေဘူမက သင်္ခါရအားလုံးကို ချုံးလိုက်လျှင် မှန်တာမှတရား၊ သစ္စာဆိုက် သစ္စာကိုက် သစ္စာထိုက်တာမှတရားလို့ ပုတ်ပြတ်မှတ်လိုက်။ ဒါဖြင့် ကုသိုလ်ကိုလဲ အမှားအမှန် မဝေဘန် သင့်ဘူးလား၊ အကုသိုလ်ကိုလဲ အမှားအမှန် မဝေဘန်သင့်ဘူးလား၊ ကောင်းတယ်ဆိုတာကော အမှားအမှန်မဝေဘန်သင့်ဘူးလား၊ မကောင်းဘူး ဆိုတာကော အမှားအမှန် မဝေဘန်သင့်ဘူးလား၊ ဝေဘန်ရမယ် ပုတ်ပြတ်မှတ်လိုက်။ ဝေဘန်မှ အဖြေမှန်ရမယ်မှတ်။ ဒီလိုမှမဝေဘန် မပိုင်းခြားနိုင်လျှင် လုပ်သမျှဒုက္ခချည်းသာ ဧကန်ဖြစ်မယ်ဆိုတာ ပုတ်ပြတ်မှတ်လိုက် ယောဂီ။

ဒါကြောင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းဟာ ရုပ်ကိုကျင့်ရမှာမဟုတ်ဘူး၊ နာမ်ကိုကျင့်ရမှာ မဟုတ်ဘူး၊ ရုပ်နာမ်ကိုလဲ ကျင့်ရမှာမ

ဟုတ်ဘူး၊ ခန္ဓာ,အာယတန,ဓါတ်ကိုလဲ ကျင့်ရမှာမဟုတ်ဘူး၊ အနိစ္စ,ဒုက္ခ, အနတ္တဆိုတဲ့ လက္ခဏာသဘောတွေကိုလဲ ကျင့်ရမှာမဟုတ်ဘူးဆိုတာ ကောန်မုချ ပုတ်ပြတ်မှတ်လိုက်၊ သိမြင်ပေါက်ပိုင်ရမဲ့ တရားကတော့ ကောန်မှန်တယ် ယောဂီ။ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ ပညာသိက္ခာ, သီလသိက္ခာ, သမာဓိသိက္ခာဆိုတဲ့ မဂ္ဂင်အကျင့်ကိုသာ သစ္စာဆိုက်အောင် သစ္စာထိုက်အောင် သစ္စာကိုက်အောင် သစ္စာအချိုးကျအောင် ကောန်မုချ ကျင့်ရမယ်ဆိုတာ ပုတ်ပြတ်မှတ်လိုက်။

အာရုံကျ စိတ်ကျဖြစ်တဲ့ သံသရာ အနှောင်အဖွဲ့ အကန့်အကွက်ခေါ်တဲ့ မရှိတရားအဖြစ်တရား အရှိတရား သဘောတွေကို လောကသုံးပါးအတွင်းမှာ ကာလသုံးပါးနှင့် တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း မရှိတာကို မရှိမှန်း၊ ဖြစ်တာကို ဖြစ်မှန်း၊ ရှိတာကိုရှိမှန်း လယ်ပြင်မှာ ဆင်သွားသလို ထင်ထင်ရှားရှားကြီး သိမြင်ပါမှ သုပ္ပဋိပန္နဂုဏ် စိတ်စင်ကြယ်တဲ့ အကျိုးဂုဏ်တွေရမယ်၊ ဥဇုပ္ပဋိပန္န ဖြောင့်မှန်တဲ့ အကျိုးဂုဏ်တွေရမယ်၊ ဉာယပ္ပဋိပန္န ဒီတော့ ဉာဏ်အမြင်ရှင်း ဉာဏ်အမြင်လင်းတဲ့ အကျိုးဂုဏ်တွေ ရမယ်။ သာမိစိပ္ပဋိပန္န မဖောက်မပြန် သတိထားတတ်တယ်၊ ရှောင်တတ်တယ်၊ တိမ်းတတ်တယ်၊ ဆင်ခြင်တတ်တယ်ဆိုတဲ့ အကျိုးဂုဏ်တွေနဲ့ ပြီးပြည့်စုံလာနိုင်မယ်မှတ်လိုက်ယောဂီ။

ဘာယသုခ (၁၅)

ဒီတော့မှ သုတကောဃျခေတ် ဝိမုတ္တိယုဂခေတ်ဆိုတဲ့အတိုင်း သာဝဏာ-ဓာရဏာ-ပရိပုစ္ဆာ ဥဂ္ဂဟ ဝိဘတ္တ ပစ္စဝေက္ခဏာဆိုတဲ့ တရားနာရခြင်းရဲ့ အကျိုးဂုဏ်၊ တရားရှာရခြင်းရဲ့ အကျိုးဂုဏ်၊ စာပေဘတ်ရခြင်းရဲ့ အကျိုးဂုဏ်တွေ ပြီးပြည့်စုံပြီး သာနာတော်၌ ကျင့်အပ်တဲ့တရား၊ ကျင့်ရမဲ့တရား၊ ကျင့်တတ်တဲ့တရား၊ ဘာသာတရား၌ ပြုအပ်တဲ့တရား၊ ပြုရမဲ့တရား ပြုတတ်တဲ့တရားများနှင့် သံသရာ၌ ပယ်အပ်တဲ့တရား ပယ်သတ်ရမဲ့တရား၊ ပယ်တတ်တဲ့တရားတွေကိုပါ အချိုးကျကျ သစ္စာထိုက်အောင် သစ္စာကိုက်အောင် သစ္စာဆိုက်အောင် ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်စွာ ကိုယ်ပိုင်ဒိဋ္ဌ ပြုစုစောင့်ရှောက် ပွားများ ကျင့်သုံး နေထိုင် သွားတတ်ကြပြီးလျှင် သန္တိ အစ္စုတိ အနိမိတ္တ အပဏိဟိတ သုညတ လက္ခဏာနှင့် ပြီးပြည့်စုံတဲ့ သံသရာငြိမ်းချမ်းရေးအစစ် သံသရာလွတ်လပ်ရေး အစစ်ဖြစ်တဲ့ အဝိမောက္ခ ဝိမုတ္တိ အရသာကြီးကို အေးအေးမြမြ သုံးဆောင်ခံစား စံစားရမယ်ဆိုတာ ကေန်မုချ ပုတ်ပြတ်သာမှတ်လိုက်ကြပေတော့။

သမ္မာသက်ပ္ပဖြင့် ဖြူစင် ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ရုပ်တရား နာမ်တရား ခန္ဓာတရား အာယတန တရား ဓါတ်တရား တွေကို ပိုင်းခြား ထင်ထင် ဉာဏ်မှာ မြင်အောင် ကြံစည် တွေးတော လေ့လာ ပွားများလျက် သမ္မာ-ဒိဋ္ဌိဉာဏ်ဖြင့် ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ

ဟုတ်တိုင်း မှန်တိုင်း သိမြင်ပြီးလျှင် သမ္မာဝါယာမဖြင့် ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ လုံ့လပြု၍ သမ္မာသတိဖြင့် ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ သတိထားလျက် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ သမုဒယ အနှောင်အဖွဲ့တွေ ငြိမ်းအေးခြင်း ဆိုတဲ့ သုညတာ သမာဓိ အနိမိတ္တသမာဓိ အပဏိဟိတသမာဓိတို့ဖြင့် ပြည့်စုံပြီးလျှင် ပြောသမျှ သမ္မာဝါစာ၊ လုပ်သမျှ သမ္မာကမ္မန္တ၊ နေသမျှ သမ္မာအာဇီဝဖြင့် ယခုပစ္စက္ခ မျက်မှောက် ဘဝမှာပင် သန္တိသုခ လက္ခဏာနှင့် ပြည့်စုံတဲ့ နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို ကေန်ထုတ်ချောက် ဉာဏ်ပေါက်ရောက်ပြီးခံစားစံစားနိုင်ကြ ပါစေကုန်သတည်း။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မဂ္ဂင်ရှစ်ပါး ရှင်းတမ်း ဟောစဉ်

တရားတော်ကို နာကြားရတယ် ဆိုတာ ယောဂီများ လောကီ လောကုတ္တရာ မင်္ဂလာအမျိုးမျိုးတွေနဲ့ ပြည့်စုံပြီး နေတတ် ထိုင်တတ် ဖြစ်တယ်၊ကျင့်ကြံ ကြိုးကုတ် အားထုတ် တတ်ခြင်း ဖြစ်တယ်၊ ရှောင်ရမဲ့ တရားတွေကိုလဲ သိတယ်၊ ဆောင်ရမဲ့ တရားတွေကိုလဲ သိတယ်၊ အဲဒီလို ဆောင်ရမဲ့ တရား ရှောင်ရမဲ့ တရားတွေကို သိပလားဆိုမှဖြင့် အအေး ဆုံးမှန် အငြိမ်းဆုံးမှန်တဲ့ မြတ်နိဗ္ဗာန် သုခကြီးကို ယောဂီတို့ လိုလားတောင့်တ အပ်တဲ့ ဆန္ဒအတိုင်း ကေနိမုချ သုံးဆောင် ခံစားကြရမယ်ဆိုတာ ပုတ်ပြတ်မှတ်ကြပေတော့။

တရားတော်ကို နာကြားတဲ့အခါမှာ ပညာ,သီလ,သမာဓိ ဆိုတဲ့ ဂုဏ်သိက္ခာတွေနဲ့ ပြီးပြည့်စုံ နေပုံတွေကို ယောဂီများ သိရှိသွားရလေအောင် အနည်းငယ် ရှင်းလင်းပြောပြပါ ဦးမယ်။ တရားတော်ကို နာကြားဆဲ အခါမှာ လောဘ, ဒေါသ,မောဟနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားများ စင်ကြယ် နေခြင်းဆိုတဲ့ (သီလ)၊ တရားတော်ကို နာကြားဆဲ အခါမှာ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ ဖြစ်တဲ့ မီး ဆဲ့ တပါး ငြိမ်းခြင်း ဆိုတဲ့ (သမာဓိ)၊ တရားတော်မြတ်ကို

နာကြားဆဲ အခါမှာ ရုပ်ဓါတ်,နာမ်ဓါတ်,ခန္ဓာဓါတ်တွေကို ဝေဘန် ပိုင်းခြား သုံးသပ်ပြီး ဆုံးဖြတ်နိုင်အောင် ဟုတ်တိုင်း မှန်တိုင်း မြင်တဲ့ (ပညာ)၊ ဒီလို ပညာ,သီလ,သမာဓိတွေနဲ့ ပြီးပြည့်စုံပြီး ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ကိုယ်ပိုင်ဒိဋ္ဌ ခံစား စံစား ကြရမယ်။

ဒါကြောင့် တရားတော်ကို နာကြားရခြင်းရဲ့ ဂုဏ်အင်္ဂါ အကျိုး ခြောက်မျိုးကို အနည်းငယ် ရှင်းလင်းပြောပြပါ ဦးမယ်။ သာဝန, ဓါရဏ, ပရိပုစ္ဆ, ဝိဘဇ္ဇ, ဉဂ္ဂဟ, ပစ္စဝေက္ခဏ ဆိုတဲ့ တရားနာရခြင်းရဲ့ ဂုဏ်အင်္ဂါ ခြောက်မျိုး ရှိပါတယ်။

သာဝန်–ဆိုတာ ရုပ်တရား နာမ်တရား ခန္ဓာတရား အာယတနတရား ဓါတ်တရား ပဋိစ္စသမုပ္ပါဒ်တရားတွေကို နာကြားမှတ်သားရခြင်းများ ဖြစ်တယ်။

ဓာရဏ–ဆိုတာ ဒီရုပ်တရား နာမ်တရားတွေကို နာကြား မှတ်သားရတဲ့ အတိုင်း ရှောင်ရမဲ့ တရား ဆောင်ရမဲ့ တရား တွေကို သိမြင်လာခြင်းများ ဖြစ်ပါတယ်။

ပရိပုစ္ဆ–ဆိုသည်မှာ ဒီရုပ်တရားနာမ်တရားတွေကိုနာကြား မှတ်သားရတဲ့ အတွက်ကြောင့် မေးတတ် မြန်းတတ်ခြင်းများ ဖြစ်လာပါတယ်။

ဉဂ္ဂဟ–ဆိုတာ ဒီရုပ်ဓါတ် နာမ်ဓါတ် ခန္ဓာဓါတ် ဖြစ်တဲ့ ပရမတ်တရား ဓါတ်တရားတွေကို မှတ်သားထားရတဲ့ အတွက် ကြောင့် နှလုံးသွင်းတတ်ခြင်း အားထုတ်တတ်ခြင်းများပင် ဖြစ်ပါတယ်။

ဝိဘဇ္ဇ–ဆိုတာကတော့ အဟုတ်ရှိတရား၊ သမုတ်ရှိတရား၊ အကြောင်းတရား၊ အကျိုးတရားတို့ကို ဟုတ်တိုင်း မှန်တိုင်း မြင်အောင် ဝေဘန် သုံးသပ် ဆုံးဖြတ်နိုင်ခြင်းများပင် ဖြစ်ပါတယ်။

ပစ္စဝေက္ခဏာ–ဆိုတာကတော့ ဒီရုပ်ဓါတ် နာမ်ဓါတ် ခန္ဓာ ဓါတ်တွေကို ဆင်ခြင် လေ့လာ ပွါးများနိုင်ခြင်းများပင် ဖြစ်ပါတယ်။ ဒီလို သမ္မာဒိဋ္ဌိဉာဏ်တွေ အခြေခံရပြီး သမ္မသနဉာဏ်ဖြင့် သုံးသပ်၍ ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်း မှန်တိုင်း သိမြင်လာပလား ဆိုမှဖြင့် မဂ်လာဂုဏ်တွေနဲ့ အလိုလိုပြည့်စုံလာတော့တာပါဘဲ။

ဒါကြောင့် တရားတော်ကို နာကြားတဲ့အခါမှာ ပုံကို မကြည့်ဘဲ ဂုဏ်ကိုသာလျှင် ကြည့်ပြီး ရိုရိုသေသေ လေးလေး စားစား နာကြားသင့်ကြပါတယ်။ ပုံမှာ တရားမရှိကြောင်း ကတော့ အလွန်ထင်ရှားလှပါတယ်။ တရားဆိုတာ ဉာဏ် မှာသာလျှင် ထင်ရှားရှိကြောင်းကို ကေနမုချသာ မှတ်ကြ ပေတော့။ ဒါကြောင့်–

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ နဒုဂ္ဂတိံ ဂစ္ဆတိ
ဓမ္မစာရီ။

လို့ ဟောဖေါ် ညွှန်ပြထားခြင်း ဖြစ်ပါတယ်။

တရားဆိုတာ အသိတရား အကျင့်တရား ရယ်လို့ နှစ်မျိုး ရှိပြန်ပါတယ်။ အသိတရား ဆိုတာကတော့ သမ္မုတိသစ္စာ ဝစီသစ္စာ, ဝိရတီသစ္စာ, သဘာဝသစ္စာ, ပရမတ္ထသစ္စာ, အရိယာ သစ္စာများ ဖြစ်ကြပါတယ်။ အကျင့်တရား ဆိုတာကတော့ ဒီ သစ္စာတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ပလား ဆိုမှဖြင့် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် တရားတွေ ကင်းအောင် စင်အောင် မရှိအောင် ငြိမ်းအောင် သတိထားဘို့ပါဘဲ ယောဂီ။

ဒီလို သတိထားဘို့ပါဘဲလို့ ပြောလိုက်တော့ အလွန် လွယ်သလိုလို ထင်ရပါတယ်။ လွယ်သလိုလို ထင်ရသလောက် သတိထားတတ်တဲ့ ပညာကို ရဘို့ကတော့ အလွန့် အလွန် ခက်လှပါတယ်။ ဘာကြောင့် လဲဆိုတော့ သတိထားတတ်တဲ့ ပညာကို ရဘို့က သပ္ပုရိသသံသေဝဖြစ်တဲ့ ဆရာစစ်,ဆရာမှန် များနဲ့မှ မတွေ့နိုင်လျှင် အလွန့်အလွန် ခဲယဉ်းတယ် ဆိုတာ ကတော့ ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ စဉ်းစားကြ ပေတော့။ ဒါကြောင့်–"စတ္တာရိမာနိ ဘိက္ခဝေ သောတာ- ပတ္တိယင်္ဂါနိ ကတမာနိ စတ္တာရိ၊ သပ္ပုရိသ သံသေဝေါ"။လို့ ဟောဖော် ညွှန်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တရားတော်ကို နာကြားတဲ့ အခါမှာ သဒ္ဓါကြီးကြီးနဲ့သာ နာကြားကြ ပေတော့။ သဒ္ဓါခံအိုး မလုံလျှင် သဒ္ဓါခံအိုး မကောင်းလျှင် သဒ္ဓါခံအိုး မမြဲလျှင် သဒ္ဓါခံအိုး ကွဲလျှင်

မင်္ဂရေ့ဖိုလ်ရေ တွေကို လိုအင်ဆန္ဒ ပြည့်ဝအောင် သောက်ချိုး သုံးဆောင် ခံစားကြရမယ် မဟုတ်ဘူးဆိုတာ ယောဂီများ တထစ်ချသာ မှတ်ကြပေတော့။

ဝိဇ္ဇာ စရဏဉာဏ်ဖြင့် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မာ သနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်း မှန်တိုင်း သိမြင်ရလေအောင် ကိုယ့်သမိုင်း ကိုယ့်ဖြစ်စဉ် ကိုယ့် ရာဇဝင်ကို ယောဂီများ သိမြင် ကြရလေအောင် ရှင်းလင်း ပြောပြပါဦးမယ်-များသောအားဖြင့် လူ့လောက နယ်မှာ ကုသိုလ်ကြောင့် လူဖြစ်တယ်၊ အကုသိုလ်ကြောင့် ခွေး ဝက် ကျွဲ နွား အပါယ်လေးဘုံသား ဖြစ်တယ်လို့ ယူလေ့ ယူထ ရှိကြပါတယ်။ ခေါ်ဝေါ် ပြောဆို သုံးစွဲလေ့ များလဲ ရှိကြ ပါတယ်။ မှန်သင့် သလောက်တော့ မှန်ပေလိမ့်မယ်။ တကယ်တော့ သတ္တဝါဆိုတာ အဝိဇ္ဇာကြောင့်သာလျှင် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်လို့ ပဋိစ္စသမုပ္ပါဒ် ပါဠိ တော်က ဖော်ပြထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဝိပဿနာတရားဆိုတာ ကိုယ့်အပြစ် ကိုယ့် ရှာတဲ့ တရားဖြစ်လေတော့ မိမိကိုယ်ကို မိမိသိမြင်နိုင်ဘို့ အလွန်ခဲယဉ်းလှပါတယ်။ ဘာကြောင့်လဲ ဆိုတော့၊ ဟို- အနမတဂ္ဂ သံသရာထဲက စပြီး သူများ အပြစ်ကိုသာ မြင်တတ်တဲ့ ဝါသနာ အလေ့ အထုံက စွဲယူ သိမ်းပိုက် လာခဲ့တာ အပြည့် အဝ ပါလာခဲ့ လေတော့ ကိုယ့်အပြစ်ကို

ကိုယ်မမြင်နိုင် သေးသမျှ ကာလပတ်လုံး ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ခတွေကို ဘယ်တော့မှ မရနိုင်ဘူး ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့် ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ မဖြစ်နိုင်ကြောင်းကို ကမ္မဿ ကာရကော နတ္ထိ ဝိပါကဿစ- ဝေဒကော သုဒ္ဓ ဓမ္မာ ပဝတ္တန္တိ ဧဝံ တံ သမ္မ ဒဿနံ လို့ ပါဠိတော်က ဖော်ပြထားပါတယ်။

ဒီပါဠိတော် ညွှန်ပြပုံ ဓမ္မကွန်အစဉ်ကို ဉာဏ်မြင် အောင် ကြည့်စမ်းယောဂီ။ ကုသိုလ်ကံ အကုသိုလ်ကံကိုပြု တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါမရှိဘူးတဲ့၊ ကုသိုလ်ကံ အသိုလ်ကံ ကို ပြုတဘ်တဲ့ ပုဂ္ဂိုလ်သတ္တဝါမရှိသလို ခံစား စံစားတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါလဲ မရှိဘူးတဲ့၊ သက်သက်သော ရုပ်နာမ်ဓမ္မ သခါရသာလျှင် ကေန်မှုချဖြစ်တယ်လို့ ဟောကြားညွှန်ပြ ထားခြင်းဖြစ်ပါတယ်။ ဒါဖြင့် သတ္တဝါဆိုတာ ဘယ်သူ့ ကြောင့် ဖြစ်ပေါ်လာတယ်ဆိုတဲ့ အချက်အလက်တွေကို၊ ဒိဋ္ဌကိုယ်ပိုင် သိမြင်ကြရလေအောင် ပဋိစ္စသမုပ္ပါဒ် ဒေသ- နက္ကမယုတ္တိအမြင်ကို သုဒ္ဓိစင်အောင် ရှင်းကြပါဦးစို့။

လောကဥ္ဍ ဝိပဿနာ အားမထုတ်မီ ရှေ့အဘို့ အလွန် အရေးကြီးလှပါတယ်၊ ဒီလမ်းနှစ်လမ်းမှာ သုံးဆဲ့တဘုံကို လည့်စေတတ် ဖြစ်စေတတ်တဲ့လမ်းနှင့် သုံးဆဲ့တဘုံမှ လွတ် မြောက်တဲ့ လမ်းရယ်လို့ လမ်းနှစ်လမ်းရှိပါတယ်။ သုံးဆဲ့

တဘိုကို လည်စေတတ် ဖြစ်စေတတ်တဲ့ လမ်းကတော့–
အဝိဇ္ဇာခေါ်တဲ့ ကိလေသာဝဋ်၊ တဏှာခေါ်တဲ့ ကမ္မဝဋ်၊
ဥပါဒါန်ခေါ်တဲ့ ဝိပါကဝဋ်တို့ ဖြစ်ကြပါတယ်။

အဝိဇ္ဇာခေါ်တဲ့ ကိလေသာဝဋ်ဆိုတာကတော့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်ဘဝဆိုတဲ့ အခြင်းအရာငါးပါးဖြစ်ပါတယ်။ တဏှာခေါ်တဲ့ ကမ္မဝဋ်ဆိုတာကတော့၊ တဏှာ ဥပါဒါန် ဘဝ သင်္ခါရ အဝိဇ္ဇာဆိုတဲ့ အခြင်းအရာ ငါးပါးပင် ဖြစ်ပါတယ်၊ ဥပါဒါန်ခေါ်တဲ့ ဝိပါကဝဋ်ဆိုတာကတော့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ အခြင်းအရာ ဆဲ့နှစ်ပါးပင် ဖြစ်ပါတယ်။

အဝိဇ္ဇာဆိုတဲ့ အခြင်းအရာ ငါးပါးသည် အတိတ်အကြောင်းကံ ကိလေသဝဋ်ဖြစ်ပါတယ်။ ဒီအတိတ်အကြောင်းကံ ကိလေသဝဋ်ဟာ အဝိဇ္ဇာကစ၍ ဘဝမှာသာလျှင် လမ်းဆုံးနေခြင်း ဖြစ်ပါတယ်၊ တဏှာဆိုတဲ့ အခြင်းအရာငါးပါးသည် ပစ္စုပ္ပန် အကြောင်းကံ ကမ္မဝဋ် ဖြစ်ပါတယ်။ ဒီပစ္စုပ္ပန်အကြောင်းကံ ကမ္မဝဋ်ဟာ တဏှာကစ၍ အဝိဇ္ဇာမှာသာလျှင် လမ်းဆုံးနေခြင်း ဖြစ်ပါတယ်၊ ဥပါဒါန်ဆိုတဲ့ အခြင်းအရာ ဆဲ့နှစ်ပါးသည် ပစ္စုပ္ပန်အကျိုးကံ ဝိပါကဝဋ် ဖြစ်ပါတယ်။ ဒီပစ္စုပ္ပန်အကျိုးကံ ဝိပါကဝဋ်ဟာ၊ ဝိညာဏ် နာမ်ရုပ်ကစ၍ သောက ပရိဒေဝဖြစ်တဲ့ မီးဆဲ့တပါးမှာသာ

လျှင် လမ်းဆုံးနေခြင်း ဖြစ်ပါတယ်။ ဒီဝဋ်သုံးပါးကို မြင်သာအောင် ဥပမာ ဆောင်ရမည်ဆိုလျှင် အဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ်သည် ဥတုသုံးပါးနှင့် တူပါသည်၊ တဏှာခေါ်တဲ့ ကမ္မဝဋ်သည် ဗီဇမျိုးစေ့နှင့် တူပါသည်၊ ဥပါဒါန်ခေါ်တဲ့ဝိပါကဝဋ်သည် ပင်စည်ပင်လုံးခက်မငါးဖြာနှင့်တူပါသည်၊ ဒီဝဋ်သုံးပါးဟာ သုံးဆဲ့တဘုံကို လည်စေတတ် ဖြစ်စေတတ်တဲ့ လမ်းဆိုတာ ကောန်မုချသာ မှတ်သားထားကြပေတော့။

ဒါဖြင့် သုံးဆဲ့တဘုံမှ လွတ်မြောက်တဲ့လမ်းကို ယောဂီများ ညာဏ်မြင်သဘောပေါက်အောင် ရှင်းလင်း ပြောပြဦးမယ်၊ သုံးဆဲ့တဘုံမှ လွတ်မြောက်တဲ့ လမ်းဆိုတာကတော့ မဇ္ဈိမာပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်။ ဒီမဂ္ဂင်ရှစ်ပါးမှာလဲ အကြောင်းမဂ္ဂင် အကျိုးမဂ္ဂင်ရယ်လို့ နှစ်မျိုးရှိပြန်ပါတယ်။ အကြောင်းမဂ္ဂင် ဆိုတာကတော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဖြစ်တဲ့ ပညာမဂ္ဂင်နှစ်ပါး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဖြစ်တဲ့ သမာဓိမဂ္ဂင်သုံးပါး၊ ပေါင်းသည်ရှိသော် ပဉ္စင်္ဂိကမဂ္ဂင်ခေါ်ပါတယ်၊ ပုဗ္ဗဘာဂမဂ္ဂင်လို့လဲခေါ်တယ်။ အကြောင်းမဂ္ဂင်ဖြစ်ပါတယ်၊ အကြောင်းမဂ္ဂင်ဖြစ်တဲ့ ပုဗ္ဗဘာဂမဂ္ဂင်မှ ကြွင်းသော သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဖြစ်တဲ့ သီလမဂ္ဂင်သုံးပါးကိုတော့ အကျိုးမဂ္ဂင်လို့ ခေါ်ပါတယ်။ ဒါကြောင့် ဒီမဂ္ဂင်ရှစ်ပါးကို ပင်လျှင် မဇ္ဈိမပဋိပဒါလမ်း နိဗ္ဗာန်ရောက်ကြောင်း လမ်းလို့ ခေါ်

ရပါတယ်၊ ဒီမဂ္ဂင်ရှစ်ပါးဖြစ်တဲ့ မဇ္ဈိမပဋိပဒါလမ်း၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းကို ယောဂီများ ဉာဏ်မြင်သဘောပေါက်အောင် သဒ္ဒါကြီးကြီးနဲ့သာ နားစိုက်ပြီး နာကြားကြပေတော့။

တနည်းပြောရမည်ဆိုလျှင် ဒီမဂ္ဂင်ရှစ်ပါးကို ဝိဇ္ဇာစရဏတရားလို့ ခေါ်ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပါဠိတော်က– သော ခေါ ပနေသ မဂ္ဂေါ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ ဝိဇ္ဇာယ သေသာမမ္မာနံ စရဏေန သင်္ဂဟိတတ္တာ။ လို့ ဟောပေါ်ညွှန်ပြထားတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီမဂ္ဂင်ရှစ်ပါးကိုတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လေ့လာပွားများ ကြိုးစား အားထုတ်သူတိုင်း လိုလို သိကြပါတယ်၊ မဂ္ဂင်ရှစ်ပါးရဲ့ သဘော လက္ခဏာ အရည်အခြင်းများကိုတော့၊ ယောဂီတိုင်း သိမြင် သဘောပေါက်နိုင်ကြမယ်မဟုတ်ဘူး၊ ဒီသဘောတရားတွေကို သိမြင် သဘောပေါက်ဘို့ အလွန်အလွန် အရေးကြီးလှပါတယ်။ ဒီမဇ္ဈိမာပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သာသနာတော်မြတ်လမ်း နိဗ္ဗာန်ရောက်ကြောင်းလမ်းကိုမှ ပိုင်းပိုင်းခြားခြား မသိကြလျှင် ဘယ်လိုနည်းနှင့်မှ ဒီသံသရာဝဋ်က ထွက်နိုင်စရာမရှိဘူးဆိုတာ သေသေချာချာသာ မှတ်ကြပေတော့။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ နှစ်ပါးဟာ ပညာမဂ္ဂင်လို့ခေါ်တယ် (ဝိဇ္ဇာတရားလို့လဲ) ခေါ်ပါတယ်၊ သမ္မာဝါစာ

သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလမဂ္ဂင်သုံးပါး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဖြစ်တဲ့ သမာဓိမဂ္ဂင်သုံးပါး ဒီခြောက်ပါးကိုတော့ စရဏတရားလို့ ခေါ်ပါတယ်။ ဒီမဂ္ဂင်ရှစ်ပါးကိုပင်လျှင် ဝိဇ္ဇာစရဏတရားလို့ မှတ်ကြပေတော့။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးရဲ့ အရည်အချင်းကို အမြင်လင်းအောင် ရှင်းကြဦးစို့၊ ဒီမဂ္ဂင်ရှစ်ပါးကို အမြင်လင်းမှလဲ အထင်ကင်းနိုင်တယ် ယောဂီ။ နိဗ္ဗာန်သွားတဲ့ နေရာမှာ ဒီမဂ္ဂင်လမ်း တလမ်းသာလျှင် ကောန်မှုချရှိပါတယ်၊ အခြားလမ်းမရှိပါဘူး ဒါပေမဲ့။ အများအားဖြင့် လောကီမဂ္ဂင် လောကုတ္တရာမဂ္ဂင်တို့ရဲ့ ခြားနားပုံအစဉ်သရုပ်ကို အမြင်မရှုပ်ရအောင် ပြောပြပါဦးမယ်။

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ။ (မိစ္ဆာမဂ္ဂင်ရှစ်ပါး။)

ကမ္မဿကတသမ္မာဒိဋ္ဌိ, ကမ္မဿကတသမ္မာသင်္ကပ္ပ, ကမ္မဿကတသမ္မာဝါစာ, ကမ္မဿကတ သမ္မာကမ္မန္တ, ကမ္မဿကတ သမ္မာအာဇီဝ, ကမ္မဿကတ သမ္မာဝါယာမ, ကမ္မဿကတ သမ္မာသတိ, သမ္မဿကတ သမ္မာသမာဓိ။ (ကမ္မဿကတ သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး။)

ဈာနသမ္မာဒိဋ္ဌိ, ဈာနသမ္မာသင်္ကပ္ပ, ဈာနသမ္မာဝါစာ, ဈာနသမ္မာကမ္မန္တ, ဈာနသမ္မာအာဇီဝ, ဈာနသမ္မာဝါယာမ,

ဈာနသမ္မာသတိ, ဈာနသမ္မာသမာဓိ။ (ဈာနသမ္မာဒိဋ္ဌိမဂ္ဂင် ရှစ်ပါး။) ဒီသုံးပါးကို လောကီမဂ္ဂင်လို့ခေါ်ပါတယ်။

ဉာဏသမ္မာဒိဋ္ဌိ, ဉာဏသမ္မာသင်္ကပ္ပ, ဉာဏသမ္မာဝါစာ, ဉာဏသမ္မာကမ္မန္တ, ဉာဏသမ္မာအာဇီဝ, ဉာဏသမ္မာဝါယာမ, ဉာဏသမ္မာသတိ, ဉာဏသမ္မာသမာဓိ၊ (ဉာဏသမ္မာဒိဋ္ဌိ မဂ္ဂင် ရှစ်ပါး။)

စတုသစ္စသမ္မာဒိဋ္ဌိ, စတုသစ္စသမ္မာသင်္ကပ္ပ, စတုသစ္စသမ္မာဝါစာ, စတုသစ္စကမ္မာကမ္မန္တ, စတုသစ္စသမ္မာအာဇီဝ, စတုသစ္စသမ္မာဝါယာမ, စတုသစ္စသမ္မာသတိ, စတုသစ္စသမ္မာသမာဓိ။ (စတုသစ္စသမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး။)

မဂ္ဂဖလသမ္မာဒိဋ္ဌိ, မဂ္ဂဖလသမ္မာသင်္ကပ္ပ, မဂ္ဂဖလသမ္မာဝါစာ, မဂ္ဂဖလသမ္မာကမ္မန္တ, မဂ္ဂဖလသမ္မာအာဇီဝ, မဂ္ဂဖလသမ္မာဝါယာမ,မဂ္ဂဖလသမ္မာသတိ,မဂ္ဂဖလသမ္မာသမာဓိ။ (မဂ္ဂဖလသမ္မာသမ္မာဒိဋ္ဌိမဂ္ဂင်ရှစ်ပါး၊) ဒီသုံးမျိုးကို လောကုတ္တရာမဂ္ဂင်လို့ခေါ်ပါတယ်။

ဒါဖြင့် လောကုတ္တရာ ဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းလမ်းဆိုင်ရာ အမြစ်အရင်းကို အပြစ်ကင်းအောင် ရှင်းကြဦးစို့၊ သမ္မာဒိဋ္ဌိ ဆိုသည်မှာ အကြောင်း ရုပ်နာမ်၊ အကျိုး ရုပ်နာမ်၊ သင်္ခါယ ရုပ်နာမ်၊ ဥပါဒါ ရုပ်နာမ်၊ ပညတ် ရုပ်နာမ်၊ ပရမတ် ရုပ်နာမ် တို့ကို ပိုင်းပိုင်းခြားခြား အယူမှား အစွဲမှား အမှတ်မှားမှ လွတ်အောင် ဟုတ်တိုင်းမှန်တိုင်း မြင်တဲ့ဉာဏ်ကို ခေါ်ပါတယ်။

သမ္မာသင်္ကပ္ပ ဆိုသည်မှာ အကြောင်း ရုပ်နာမ်၊ အကျိုး ရုပ်နာမ်၊ သက္ကာယ ရုပ်နာမ်၊ ဥပါဒါန် ရုပ်နာမ်၊ ပညတ် ရုပ်နာမ်၊ ပရမတ် ရုပ်နာမ် တို့ကို ဒုစရိုက် ဆယ်ပါးမှ လွတ် အောင် ကြံစည် တွေးတော သုံးသပ်တဲ့ ဉာဏ်ကို ခေါ်ပါ တယ်။

သမ္မာဝါစာ ဆိုသည်မှာ မဟုတ် မမှန်တာကို မိမိပြော ခြင်း၊ သူတပါးကို ပြောဆိုစေခြင်း ဆိုတဲ့ မုသာဝါဒ၊ ချော ပစ် ဂုံးတိုက်ခြင်း ဆိုတဲ့ ပိသုဏာဝါစာ၊ ကိုယ်အမှုအရာ နှုတ် အမှုအရာ ကြမ်းတမ်းခြင်း ဆိုတဲ့ ဖရုသဝါစာ၊ အကျိုး မဲ့ဖြစ်သော သိမ်ဖျင်း သေးနုတ်သော စကားကို ပြောဆို ခြင်း ဆိုတဲ့ သမ္ဖပ္ပလာဝါစာ၊ ဒီဝစီ ဒုစရိုက် သဘောတို့မှ လွတ်ကင်းအောင် ပြောဆိုခြင်းများကို ခေါ်ပါတယ်။

သမ္မာကမ္မန္တဆိုသည်မှာ သူတပါးအသက်ကိုမိမိသတ်ခြင်း, သူတပါးကို စေခိုင်းခြင်း ဆိုတဲ့ ပါဏာတိပါတ၊ သူတပါး ပစ္စည်းဥစ္စာကို မိမိခိုးယူခြင်း, သူတပါးကို ခိုးယူ စေခိုင်းခြင်း ဆိုတဲ့ အဒိန္နာဒါန၊ သူတပါး သားမယားကို မိမိပြစ်မှား ကျူးလွန်ခြင်း, သူတပါးကို ကျူးလွန်စေခိုင်းခြင်း ဆိုတဲ့ ကာမေသု မိစ္ဆာစာရ၊ ဒီကာယ ဒုစရိုက် သဘောတို့မှ လွတ် ကင်းအောင် ပြုလုပ်ခြင်းများကို ခေါ်ပါတယ်။

သမ္မာအာဇီဝ ဆိုသည်မှာ သူတပါး စည်းစိမ်ကို မနာ လိုမှု သဝန်ကြောင်မှုဆိုတဲ့ အဘိဇ္ဈာ၊ မိမိ အပေါ်မှာသော်

ရင်း၊ သူတပါး အပေါ်မှာသော်ရင်း စိုးရိမ် သောကကြောင့် ကြစိုက်ခြင်း ဆိုတဲ့ ဗျာပါဒ၊ အယူမှား အစွဲမှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် ဆယ်ပါး တို့ကို စွဲယူ သိမ်းပိုက်ပြီး၊ မွေးမြူ ထားတဲ့ မိစ္ဆာဒိဋ္ဌိ၊ ဒီမနေ့ ဒုစရိုက်သုံးပါးတို့မှ လွတ်ကင်း အောင်ကျင့်သုံး နေထိုင်ခြင်းများကို ခေါ်ပါတယ်။

သမ္မာဝါယာမ ဆိုသည်မှာအ ယူမှား အစွဲမှား အမှတ်မှား နှင့် တကွ ဖြစ်တဲ့ ဒုစရိုက်ဆယ်ပါး တို့မှ လွတ်ကင်းအောင် လုံ့လ ဝီရိယ စိုက်ထူ ထားခြင်း များကို ခေါ်ပါတယ်။

သမ္မာသတိ ဆိုသည်မှာ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွဖြစ်တဲ့ ဒုစရိုက် ဆယ်ပါးတို့မှ လွတ်ကင်းအောင် စောင့် စည်း ကျင့်သုံး နေထိုင်ခြင်း များကို ခေါ်ပါတယ်။

သမ္မာသမာဓိ ဆိုသည်မှာ ထိုအယူမှား အစွဲမှား အမှတ် များနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ လွတ်ကင်းအောင် ရှင်းလင်းအောင် မဖြစ်တော့အောင် စောင့်စည်း ကျင့်သုံး တဲ့ အတိုင်း ငြိမ်းအေးခြင်း များကို ခေါ်ပါတယ်။

ဒါကြောင့် ဒီ မဂ္ဂင် ရှစ်ပါးကို မဇ္ဈိမ ပဋိပဒါလမ်း၊ သာ သနာတော်မြတ်လမ်း၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းလို့ကောန် မှုချ ပြောချခြင်း ဖြစ်ပါတယ်၊ ဒီလမ်းရဲ့ သဘော လက္ခ ဏာ အကျိုး အပြစ်တို့ကိုမှ မသိကြလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာတို့ကို ရဘို့ ရောက်ဘို့ ခံစားနိုင်ဘို့ ဘယ်

နည်းနှင့်မှ မဖြစ်နိုင်ဘူး ဆိုတာ ကောန်မုချ တထစ်ချသာ မှတ်ကြပေတော့။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်နဲ့ ကြုံကြိုက်မှ သိမြင်သဘောပေါက်နိုင် သဘော ရောက်နိုင် သဘော ရနိုင်တဲ့ တရားတွေ ဖြစ်လေတော့ ဗုဒ္ဓဘာသာ အရိယာနွယ်ဝင် သူတော်စင်တိုင်း မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ မဇ္ဈိမ ပဋိပဒါလမ်း၊ သာသနာတော်မြတ်လမ်း၊ နိဗ္ဗာန် ရောက်ကြောင်းလမ်းကို သစ္စာထိုက်အောင် သစ္စာကိုက်အောင် သစ္စာဆိုက်အောင် သစ္စာအချိုးကျအောင် သိမြင် သဘောပေါက် နိုင်ဘို့ အလွန်အရေးကြီးလှပါတယ်။

ဒီ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရှာဖွေတဲ့နေရာမှာ လောကီမဂ္ဂင် လောကုတ္တရာမဂ္ဂင် တွေနဲ့ စကားရှုပ်ပြီး အသားလုပ် နေကြလို့ ခက်တယ်၊ ဘယ်လိုပင် လောကီ၊လောကုတ္တရာ မဂ္ဂင်အမျိုး အစားတွေနဲ့ အကိုးအကား ပြပြီး အသား လုပ်နေပေမဲ့ အမှားမပြတ်လျှင်တော့ သုံးဆဲ့တဘုံလည်မှာ ချည်းဘဲ ယောဂီ၊ ဒီမဂ္ဂင်တွေရဲ့ အကိုး အကားအစဉ်သဘောကို အကျိုးသွား မြင်အောင် ပြောပြပါဦးမယ်၊ မိစ္ဆာဒိဋ္ဌိ-မဂ္ဂင်ရှစ်ပါးဟာ အောက်သံသရာကို သွားတဲ့လမ်းဖြစ်တယ်။ ကမ္မဿကတ သမ္မာဒိဋ္ဌိ-မဂ္ဂင်ရှစ်ပါးဟာ အလယ်သံသရာကို သွားတဲ့လမ်း ဖြစ်တယ်။ ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါးဟာ အထက် သံသရာကို သွားတဲ့လမ်း ဖြစ်တယ်။

ဒီလောကီ မဂ္ဂင်သုံးပါးဟာ သုံးဆဲ့တဘုံ ဖြစ်တဲ့ သံသရာသုံး ကြောင်း သုံးသွယ်မှာသာလျှင်ကောန်မုချလည်ခြင်းဖြစ်ပါတယ် ဒီလောကီ မဂ္ဂင်တွေနဲ့ ရှုပ်လေ သမျှမှာတော့ ဥစ္စာဒနဲ့ သဿတ ချည်းဘဲလို့သာ မှတ်ကြပေတော့ ဒါကြောင့် ပါဠိ တော်က-

ယံ ဟိ ကိဉ္စိ ဘဝတ္တယ သင်္ခါတံ ဝဋ္ဋံ ပဝတ္တတိ၊
ပဝတ္တိတံ အန္တမသော ပဉ္စာဘိညာ အဋ္ဌ ဝါပန-
သမာပတ္တိယော သဗ္ဗံ တံ ဝဋ္ဋံ ပက္ခိယံ ဝဋ္ဋသိသန္တိ၊
ဝဋ္ဋသိသတ္တာ မိစ္ဆာ ပဋိပဒါဝ ဟောတိ။

လို့ သံယုတ်ပါဠိတော်က ဖေါ်ပြထားခြင်း ဖြစ်ပါတယ်။

ဟိသစ္စံ၊ ထိုစကား မှန်၏။ ဘဝတ္တယ သင်္ခါတံ၊ ဘဝသုံး ပါးဟု ဆိုအပ်သော။ ဝဋ္ဋံ၊ တေဘူမကဝဋ္ဋဒုက္ခကို။ ပဝတ္တတိ၊ သာယာခင်မင် နှစ်သက် တောင်းတ၍။ ပဝတ္တိတံ၊ ဖြစ်စေ အပ်သော။ အန္တမသော၊ မြတ်ထွဋ်လွန်ဖုံး အထက်ဆုံး သောအားဖြင့်။ ပဉ္စာဘိညာ၊ ကုသိုလ် အဘိညာဉ်ငါးပါး တို့ သော်လည်း ဖြစ်သော။ အဋ္ဌဝါပန သမာပတ္တိယော၊ သမာပတ် ရှစ်ပါးတို့သည် မူလည်း ဖြစ်သော။ ယံကိဉ္စိ၊ အ ကြင် အမှတ်မရှိ တစုံတခုသော ကံသည်။ အတ္ထိ၊ ရှိ၏။ တံ- သဗ္ဗံ၊ ထိုအလုံးစုံ့သော ကံသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ်၏ အသင်း အပင်း ဝဋ်ဆင်းရဲဘက် သားတည်း။ ဝဋ္ဋသိသံ၊ ဝဋ်ဆင်းရဲ အကြောင်း ဝဋ်ဦးခေါင်းနှင့် အလားတူ၏။ ဇာတိတသ္မာ၊

ဝဋ္ဋသီသတ္တာ၊ ထိုဝဋ္ဋ၏ အကြောင်း ဝဋ္ဋဦးခေါင်း ဖြစ်သော ကြောင့်။ မိစ္ဆာပဋိပဒါဝ၊ လမ်းမှား လမ်းလွဲသော ပြော ခြင်း ဟောခြင်း ပြုကျင့်ခြင်းသည်သာလျှင်။ ဟောတိ၊ဖြစ်၏။

အစိန္တေယျ သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင် ပွင့် တော်မူမှ ထွန်းလင်း ပေါ်ပေါက်လာခဲ့တဲ့ တရားတွေ ဖြစ် လေတော့ ဗုဒ္ဓဘာသာ အရိယာ နွယ်ဝင် သူတော်စင်တိုင်း အရေးကြီးလှတဲ့ အကြောင်းကို တိုက်တွန်း နှိုးဆော်ရင်း အ ကျိုးမျှော်၍ ပြောရခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် သုံးဆဲ့ တဘုံကို လည်စေတတ် ဖြစ်စေတတ်တဲ့ လမ်းနဲ့ သုံးဆဲ့ တဘုံမှ လွတ်မြောက်တဲ့ လမ်းတို့ရဲ့ ခြားနားချက် သဘော ကို ယခုတော့ ယောဂီများ သိရှိ သွားကြလေပြီ။ ဒါကြောင့် ယခုလက်ရှိ ရထားတဲ့ ခန္ဓာဟာ ဘယ်လမ်းနဲ့ လာခဲ့ပါသလဲ ဆိုတာ သေသေချာချာ စဉ်းစားကြပေတော့၊ ယောဂီတို့စဉ်း စားဘို့ကော မလိုပေဘူးလား၊ဘာကြောင့်လဲ ဆိုလျှင်ဝိပဿ- နာတရားဟာ ကိုယ့်အပြစ်ကို ရှာတဲ့တရား ဖြစ်လေတော့ ကြပ်ကြပ် စဉ်းစား ရလိမ့်မယ်။

သုံးဆဲ့တဘုံကို လည်စေတတ် ဖြစ်စေတတ်တဲ့ လမ်းနဲ့ ဘဲ လာခဲ့လေရော့ သလား သို့မဟုတ် သုံးဆဲ့တဘုံမှ လွတ် မြောက်တဲ့ လမ်းနဲ့ဘဲ လာခဲ့လေရော့သလား ဆိုတာ မိမိ ကိုယ်ကိုမိမိ မေးကြည့်ပါ ချက်ချင်း အဖြေ ထွက်လာပါလိမ့် မယ်၊ ဒီနေရာမှာ ကြပ်ကြပ် စဉ်းစားပါ၊ သဘော ပေါက်

အောင် စဉ်းစားနိုင်လျှင် သမ္မာသင်္ကပ္ပ ဖြစ်ပါတယ်။ စဉ်းစားတဲ့အတိုင်း ဟုတ်တိုင်း မှန်တိုင်း မြင်လျှင် သမ္မာဒိဋ္ဌိညာဏ် ဖြစ်ပါတယ်၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ ပညာသိက္ခာ သီလသိက္ခာ သမာဓိသိက္ခာ အမျိုးအစားတို့ရဲ့ အကျိုးသွားပုံကို ယောဂီများ သိရှိသဘောပေါက် ကျရလေအောင် ပြောပြရခြင်း ဖြစ်ပါတယ်၊ သိက္ခာသုံးပါးရဲ့ အကိုးအကား အစဉ်ကို အကျိုးသွားမြင်အောင် ကြည့်စမ်းပါဦး၊ ပညာသိက္ခာရဲ့ အကျိုးပေးပုံကတော့ အရောင်အလင်းကိုသာ အကျိုးပေးပါတယ်။ သီလသိက္ခာရဲ့ အကျိုးပေးပုံ ကတော့ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ကြည်ကြည်လင်လင် အကျိုးကိုသာ ပေးပါတယ်။ သမာဓိ သိက္ခာရဲ့ အကျိုးပေးပုံကတော့ ကြည်လင် ငြိမ်းအေးခြင်း တည်တံ့ ခိုင်မြဲခြင်း အကျိုးကိုသာ ပေးပါတယ်။

ဒါကြောင့် ယခု လက်ရှိ ရထားတဲ့ ခန္ဓာဟာ ပညာ–သီလ–သမာဓိ ဆိုတဲ့ မဇ္ဈိမ ပဋိပဒါလမ်း၊ နိဗ္ဗာန်ရောက်ကြောင်းလမ်း၊ သာသနာတော် မြတ်လမ်းနဲ့ဘဲ လာခဲ့လေရော့သလား ဆိုတာ စဉ်းစား မိကြရဲ့လား ယောဂီ၊ ယခုတော့ ဒီခန္ဓာဟာ အရောင်အလင်း မရှိတဲ့ အတွက်ကြောင့် တပါးသော နေရောင် မီးရောင် လရောင်တို့ကို အားကိုး အားထား ပြုနေကြရတယ်ဆိုတာ ကောန်မုချ မဟုတ်ပါလား၊ ယောဂီများ စဉ်းစားကြည့်ပါ ဒီခန္ဓာကို နေ့စဉ်နှင့် အမျှ ပြုပြင် နေရတယ် မဟုတ်ပါလား၊ ရေချိုးခြင်း ကိုယ်လက်

သုတ်သင်ခြင်း ကိစ္စ၊ ကျန်းမာ သန့်ရှင်းအောင် ပြုပြင်ခြင်း ကိစ္စ တွေနဲ့သာ နေ့စဉ်နှင့် အမျှ အချိန်ကုန် နေကြရတယ် မဟုတ်ပါလား၊ အဲဒါ ဘာကြောင့်လဲ ဆိုတော့ ယခုလက်ရှိ ရထားတဲ့ ခန္ဓာဟာ သုံးဆဲ့နှစ်ကောဋ္ဌာသ ဖြစ်တဲ့ မစင်ကြယ်တဲ့ အပုပ်တုံးကို ရထားလို့ ဆိုတာ ကောန်မှုချသာ မှတ်ကြပေတော့။

ဒါဖြင့် နောက်တခု ထပ်ပြီး စဉ်းစား ရလိမ့်ဦးမယ်၊ ယခုလက်ရှိ ခန္ဓာဟာ ပူမှု အေးမှုတွေနဲ့လဲ ရှာဖွေနေရတယ်၊ စားသောက် မျိုသွင်းမှု တွေနဲ့လဲ ရှာဖွေနေရတယ်၊ ပြုပြင်မှု ပြုလုပ်မှု တွေနဲ့လဲ ရှာဖွေနေရတယ်၊ ဒီလို မအားအောင် နေ့စဉ်နှင့် အမျှ ရှာဖွေ နေကြရတာဟာ ဒုက္ခတရားကြီး မဟုတ်ပါကလား၊ ဘယ်လိုပင် မအားအောင် ရှာဖွေ နေကြရပေမဲ့ အိုနာသေက ဘယ်နည်းနှင့်မှ မရပ်ပါဘူး၊ ဒါဖြင့် ယခုလက်ရှိ ရထားတဲ့ ခန္ဓာကို သေသေချာချာ စိစစ်ဝေဘန်ကြည့်လိုက်လျှင် ပညာ–သီလ–သမာဓိ မပါခဲ့လို့ ဆိုတာ အဖြေမှန်ထွက်မနေ ပေဘူးလား ယောဂီတို့၊ သေသေချာချာ စဉ်းစားကြည့်ပါ ဝဋ်သုံးပါး အမြစ်ဖုံးပြီး ဒီခန္ဓာ အပြစ်တုံးကြီးဖြစ်နေပါကလား ဆိုတာ ဉာဏ်မြင် သဘော ပေါက်အောင်သာ စဉ်းစား ကြပေတော့။

ကိုယ့်အပြစ်ကိုယ်မြင်မှ အရိယာ သူတော်ကောင်း ခေါ်တာ၊ သူများ အပြစ်တွေကို မြင်နေတာကတော့ ထုံးတမ်းစဉ်လာ ဓမ္မတာ လမ်းမ, ဖြစ်တဲ့ အန္ဓပုထုဇဉ်တို့ရဲ့ အလေ့ဘဲ

ဖြစ်တယ်။ ဒါဖြင့် ကိုယ့်အဖြစ်ကို ကိုယ်မြင်အောင် စိစစ်ဝေဘန်ပြီး အဖြေမှန် ကြည့်ကြဦးစို့။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်လာတယ်။ သင်္ခါရကြောင့် အိုနာသေကွဲ ရလာခဲ့ပါတယ်။ တဏှာကြောင့် ပုံသဏ္ဌာန် အမျိုးမျိုးတွေ ဖြစ်နေရပါတယ်။ ဥပါဒါန်ကြောင့် အဖိုအမတွေ ဖြစ်နေရပါတယ်။ ဘဝကြောင့် သုံးဆယ့်နှစ်မျိုး အပုပ်တုံးမှာ လမ်းဆုံး နေရတယ် ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါဖြင့် ယခုလက်ရှိ ရထားတဲ့ ခန္ဓာပေါ်မှာ ဘာတွေဖြစ်နေသလဲ ဆိုတာ ရှေ့တရစ်တိုးပြီး စဉ်းစား ရလိမ့်ဦးမယ်။ တဏှာ, ဥပါဒါန်, ဘဝ, သင်္ခါရ, အဝိဇ္ဇာ ဆိုတဲ့ ပစ္စုပ္ပန်ကမ္မဝဋ္ဋ်တွေ ဖြစ်နေရပါတယ်။ တဏှာ–သာယာတယ်၊ ဥပါ-ဒါန်–စွဲတယ်၊ ဘဝ–အာရုံတွေ အသစ်သစ် ဖြစ်နေရပါတယ်။ သင်္ခါရ–ပြုပြင် နေရတယ်။ အဝိဇ္ဇာ–မှားတယ်။ တဏှာ–သာယာတယ်၊ ဘယ်သူ့ကိုလဲ သတ္တဝါကို၊ အိုနာသေကို၊ ပုံသဏ္ဌာန်ကို၊အဖိုအမကို၊အပုပ်တုံးကို။ ဥပါဒါန်စွဲတယ်၊ ဘယ်သူ့ကိုလဲ သတ္တဝါကို၊ အိုနာသေကို၊ ပုံသဏ္ဌာန်ကို၊ အဖိုအမကို၊ အပုပ်တုံးကို။ ဘဝ အာရုံတွေ အသစ်အသစ် ဖြစ်တယ်။ ဘယ်သူ့ အပေါ်မှာလဲ။ သတ္တဝါကို၊ အိုနာသေကို၊ ပုံသဏ္ဌာန်ကို၊ အဖိုအမကို၊ အပုပ်တုံးကို။ သင်္ခါရ–ပြုပြင်နေရတယ်။ ဘယ်သူ့ အပေါ်မှာလဲ။ သတ္တဝါ အပေါ်မှာ၊ အိုနာသေ ပေါ်မှာ၊ ပုံသဏ္ဌာန် ပေါ်မှာ၊ အဖိုအမ ပေါ်မှာ

အပုပ်တုံး ပေါ်မှာ။ အဝိဇ္ဇာ-မှားတယ်။ ဘယ်သူ့အပေါ်မှာလဲ။ သတ္တါအပေါ်မှာ၊ အိုနာသေပေါ်မှာ၊ ပုံသဏ္ဌာန်အပေါ်မှာ၊ အဖိုအမ ပေါ်မှာ၊ အပုပ်တုံးပေါ်မှာ။

ဒီခန္ဓာကို သာယာလျှင် စွဲလျှင် ဖြစ်လျှင် ပြုပြင်လျှင် မှားလျှင် ဘာတွေ အကျိုးရမလဲ ဆိုတာ ရှေတရစ် တိုးပြီး စဉ်းစား ကြည့်ပါ။ ဝိညာဏ်, နာမ်ရုပ်, သဠာယန, ဖဿ, ဝေဒနာ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-ဆိုတဲ့ ဝိပါကဝဋ်၊ ဒုက္ခသစ္စာ သာလျှင် ကေန်မုချ အကျိုး ပေးနေတယ် ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါဖြင့် သေသေချာချာ မြင်အောင် ကြည့်စမ်း ယောဂီ။ ယခုလက်ရှိ ရထားတဲ့ ခန္ဓာမှာ အဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ်၊ တဏှာခေါ်တဲ့ ကမ္မဝဋ် နှစ်ပါးဟာ သမုဒယသစ္စာလို့ ကေန် မှတ်ကြပေတော့။ ဝိညာဏ်, နာမ်ရုပ် ဖြစ်တဲ့ ဥပါဒါန် ခေါ်တဲ့ ပစ္စုပ္ပန် အကျိုးကံ ဝိပါကဝဋ်ကတော့ ဒုက္ခသစ္စာ အစစ်ပါဘဲ ယောဂီ။ ဒါဖြင့် လက်ရှိ ရထားတဲ့ ခန္ဓာဟာ သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာမှာ သာလျှင် ကေန်မုချ ဆုံးနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာ နှစ်ပါးသည် လောကီသစ္စာ၊ ဝဋ်သစ္စာ၊ ဘုံဆိုင် သစ္စာများ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသစ္စာ နှစ်ပါးသည် သုံးဆဲ့တဘုံမှာ မြုပ်တဲ့တရား၊ မျောတဲ့တရား၊ ဆက်တဲ့တ

ရား၊ လည်တဲ့တရား၊ သုံးဆဲ့တဘုံမှ ဘယ်တော့မှ မလွတ်နိုင် မထွက်နိုင်တဲ့ တရားဘဲ ဆိုတာ ပုတ်ပြတ်သာ မှတ်ထားကြပေတော့။

ဒါကြောင့် သံသရာ ဝဋ်ဆင်းရဲ ဘေးဒုက္ခ အပေါင်းတို့မှ လွတ်မြောက် အောင်မြင် နိုင်ကြရ လေအောင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို ကြိုးစား အားထုတ် ရှာဖွေ နိုင်ကြပါစေရန် ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါရစေဦး။

စရဏံ ပါဒ ပက္ခံဝ၊ ဝိဇ္ဇာ တုန္ဒသမံ သမံ။
ပူရေတွာန ပက္ခေယျုံ၊ ဘုဥ္ဇိတုံ အမတံ ရသံ။

ဘောဇ္ဈော၊ ခြောက်ဒွါရ သံသရာ တခိုမှာ ကံတဏှာမျိုးကာ အဝိဇ္ဇာ ဖုံးခဲ့တာကြောင့် အရိပ်သဏ္ဍာန် မဆုံးအောင် ခံစားမှုတွေနဲ့ အမြဲမျောကြ ဝဲသြဃအဏ္ဏဝါဗွေ သံသရာ အရှေ တကတဲမမြုပ်ရအောင်လို့ ကံတဏှာဂဇေဟာစွဲဖြုတ်ကြပေတော့ အလွဲသမုတ်တဲ့ ခန္ဓာအစဉ် ဉာဏ်ပတ္တရာယှဉ်ကာ ယူမျှော်ငြောင်းကြတဲ့ အိုသူတော်ကောင်းအပေါင်းတို့။

ပါဒပက္ခံဝ၊ ခြေ အတောင်ပန်နှင့် တူသော။ စရဏံ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ – ဖြစ်တဲ့ သီလသိက္ခာ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဖြစ်တဲ့ သမ္မာဓိသိက္ခာလို့ ဆိုတဲ့ ခြောက်ပါးသော စရဏတရားသည်၎င်း။ တုန္ဒသမံ၊ ခေါင်းနှုတ်သီးနှင့်တူသော။ ဝိဇ္ဇာ၊ သမ္မာ

ဒိဋ္ဌိ, သမ္မာသင်္ကပ္ပ-ဖြစ်တဲ့ ပညာသိက္ခာလို့ဆိုတဲ့ ဝိဇ္ဇာတရား သည်ရင်း။ သမံ၊ ဘယ်အစွန်းကိုလဲမယိမ်း ညာအစွန်းကိုလဲ မတိမ်း ထိန်းသိမ်းစောင့်ရှောက် ဖြောင့်ဖြောင့်မတ်မတ် မပို မသာ ချိန်ခွင်လျှာကဲ့သို့။ ပူရေတွာန၊ ရုပ်ခေတ် နာမ်ခေတ် ခန္ဓာခေတ်တွေကို အဖန်ဖန်မလပ်ရအောင် ဝေဘန်သုံးသပ် ဆုံးဖြတ်ခြင်း ဆိုတဲ့ ပရိယတ္တိသာသနာ၊ သဘောသဘာဝ လက္ခဏာဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ပိုင်းခြားထင် ထင် သိမြင်ခြင်းဆိုတဲ့ ပဋိပတ္တိသာသနာ၊ သစ္စာလေးချက် သဘောနက်တို့ကို ဖုံးအုပ်ကွယ်ကာ တွယ်တာကင်းစင် အလင်း မြင်ခြင်းဆိုတဲ့ ပဋိဝေဓသာသနာတွေနဲ့ ပြည့်စုံကြစေ၍။ အမတံရသံ၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆိုတဲ့ အရသာတွေကို။ ဘုဉ္ဇိတုံ၊ သုံးဆောင် ခံစားကြစေ ခြင်းငှါ။ ပက္ကေယျုံ၊ သံသရာစခန်းမှ ပျံသန်းကူးမြောက်ကြ ရကုန်၏။ ပက္ကေယျုံ၊ အဝိဇ္ဇာ တဏှာခေါ်တဲ့ သံသရာအ တွင်းမှောင်မှ ဝိဇ္ဇာ စရဏခေါ်တဲ့ သာသနာအလင်းရောင် သို့ ခြေ၁-ပျံသန်းကူးမြောက်ကြကုန်ရာသတည်း။

---

## ဒုလ္လဘာရှင်းတမ်းဟောစဉ်

ယောဂီများ တရားမနာမီ ရှေးအဘို့၌ သိသင့်သိထိုက် သိပိုင်ခွင့်ရှိတဲ့ ဒုလ္လဘတရား ငါးပါးကို ရှေးဦးစွာ ရှင်း လင်းပြောပြပါဦးမယ်။ ဘာကြောင့်လဲ ဆိုလျှင် ဒီဒုလ္လဘာ

တရား ငါးပါးဟာ နိဗ္ဗာန်လိုလား အမျိုးသား အမျိုးသမီး များဖြစ်ကြတဲ့ ယောဂီတိုင်း ယောဂီတိုင်း အထူးသိသင့်တဲ့ တရားကြီး၊ အထူးသိပိုင်ခွင့်ရှိတဲ့ တရားကြီး၊ အထူးသိအောင် လဲ ကြိုးစားရမဲ့ တရားကြီးဖြစ်တယ်။ ဒီဒုလ္လဘတရားကြီး ဟာ ယောဂီများရဲ့ မှတ်ကျောက်။ ယောဂီများရဲ့ ချိန်ခွင်၊ ယောဂီများရဲ့ တံခွန်တရားကြီးလို့ဘဲ ဆိုတာ ကောန်မှုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားကြီးက–

> အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ မနုဿတ္တ ဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ။

လို့ မမေ့မလျော့ မပေါ့မဆသော သတိတရားတို့နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ကြရမယ်လို့ ဟောကြား တော်မူပါတယ်။ ဒါဖြင့် ဒုလ္လဘဆိုတာ ဘာကိုခေါ်တာလဲ လို့ သိဘို့မလိုပေဘူးလား။ အိုနာသေရဲ့ လမ်းစဉ်တ လျှောက်မှာ ကမ်းမမြင် လမ်းမမြင်အောင် မှောင်နေကြ တာကိုတော့ ဒုလ္လဘခေါ်တာမဟုတ်ပါဘူး။ အိုနာသေရဲ့ လွတ်တဲ့လမ်းကို ရပါမှ သံသရာမှ လွတ်နိုင်ထွက်နိုင်တဲ့ အသိ ဉာဏ်ပညာမျိုးတွေကို ရပါမှ ဒုလ္လဘခေါ်ရတာ။ ဒါဖြင့်

ဒုလ္လဘဆိုတဲ့ အမြင်သရုပ်ကို အမြင်မရှုပ်ရအောင် ပြောပြပါ ဦးမယ်။

ဗုဒ္ဓရှင်တော်ဘုရား ဟောကြားဆုံးမတော်မူသော သစ္စာ လေးပါး မြတ်တရားကြီးတွေနဲ့ အလွန်ကြုံကြိုက်ဘို့ ခဲယဉ်း ခြင်းဆိုတဲ့ ဗုဒ္ဓုပ္ပါဒဒုလ္လဘ၊ သစ္စာလေးဖြာ မှိုက်ရသာတွေ နဲ့ ပြည့်စုံတဲ့တရားတော်ကို ကြုံပြန်သော်လဲ စိတ်စင်ကြယ် တဲ့ လူအဖြစ်၊ အသိဉာဏ်စင်ကြယ်တဲ့ လူ့အဖြစ်ကို ရဘို့ခဲ ယဉ်းခြင်းဆိုတဲ့၊ မနုဿတ္တဘာဝဒုလ္လဘ၊ အဲဒီလို စိတ်စင် ကြယ်တဲ့ လူ့အဖြစ်၊ အသိဉာဏ်စင်ကြယ်တဲ့ လူ့အဖြစ်ကို ရပြန်သော်လဲ ထိုသစ္စာလေးပါး မြတ်တရားကြီးကို ကြည် ကြည်လင်လင် ဖြူဖြူစင်စင်နဲ့ ယုံကြည်စောက်ချနိုင်ပြီး သဒ္ဓါ ထရားနှင့် ပြည့်စုံတဲ့အဖြစ်ကို ရဘို့အလွန်ခဲယဉ်းခြင်းဆိုတဲ့ သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘ၊ သစ္စာလေးပါး မြတ်တရားကြီး ကို ယုံကြည်စောက်ချနိုင်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံပြန် သော်လည်း တဏှာ, မာန, ဒိဋ္ဌိ-အနှောင်အဖွဲ့တို့မှ ကျွတ် လွတ်ထွက်မြောက် အောင်မြင်နိုင်တဲ့ အဖြစ်ကို ရဘို့အလွန် ခဲယဉ်းခြင်းဆိုတဲ့ ပဗ္ဗဇိတဘာဝဒုလ္လဘ၊ ဒီသစ္စာလေးပါး မြတ်တရားကြီးဟာ ဘယ်လိုပင် နေလို လလို ထွန်းလင်း တောက်ပြောင်ပြီး အထင်အရှား ပွင့်လင်းပေါ်ပေါက်နေ ပေမဲ့ ကြားနာနိုင်ဘို့ အလွန့်အလွန် ခဲယဉ်းခြင်းဆိုတဲ့ သဒ္ဓမ္မ- ဿဝန အတိဒုလ္လဘ၊ ဒီဒုလ္လဘတရား ငါးပါးကို ယောဂီ များ သဘောပေါက်အောင် ပြောပြရခြင်းဖြစ်တယ်။

တယ်တော့ ဒီဒုလ္လဘတရားငါးပါးရဲ့ လိုရင်းပဓာနသဘော ကို ကြည့်မယ်ဆိုလျှင် သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘသာလျှင် လိုရင်းပဓာန အချက်ကြီးဖြစ်ပါတယ်။ သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လနှင့်မှ မပြည့်စုံလျှင် ကျန်လေးပါးဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

သဒ္ဓါတရားဟာ လိုရင်းပဓာနဖြစ်ပုံကို အနည်းငယ်ပြော ပြပါဦးမယ်။ သဒ္ဓါဆိုတာဟာ လေးမျိုး လေးစား ရှိပြန် ပါတယ်။ ထိုလေးမျိုးမှာ ပသာဒသဒ္ဓါ၊ သြကပ္ပနသဒ္ဓါ၊ အာဂမ္မသဒ္ဓါ၊ အဓိဂမသဒ္ဓါရယ်လို့ လေးမျိုး ရှိပါတယ်။ ဒီလေးမျိုးကိုလဲ အချိုးကျကျ သိမြင်သဘောပေါက်ဘို့ အလွန်လိုအပ်လှပါတယ်။ ဘာကြောင့်လဲဆိုတော့၊ တော့ဆက် သဒ္ဓါ၊ ချိတ်ဆက်သဒ္ဓါ၊ ကွင်းဆက်သဒ္ဓါရယ်လို့ ဥပမာပြု ပြီး ဟောကြားထားတာ ဖြစ်လေတော့ ပသာဒသဒ္ဓါဟာ လိုလျှင် လိုသလို ဖြစ်ပေါ်ပြီး မလိုလျှင် မလိုသလို ပျက်စီး တတ်တဲ့သဒ္ဓါမျိုး။ တနည်းပြောရမယ်ဆိုလျှင် ယနေ့ကြည် ဖြူနေပေမဲ့ မနက်ဖန်ကျတော့ ပျက်စီးတတ်တဲ့သဒ္ဓါ၊ ဒီသဒ္ဓါ မျိုးဟာ ပသာဒသဒ္ဓါ၊ တော့ဆက်သဒ္ဓါမျိုး ဖြစ်ပါတယ်။ ပုထုဇဉ်တို့ရဲ့ ဓလေ့ထုံးဆံအတိုင်း ဖြစ်တဲ့ သဒ္ဓါမျိုး ဖြစ်ပါ တယ်။

သြကပ္ပနသဒ္ဓါ ဆိုတာကတော့ အို နာ သေ တို့မှ ရှုံ ကြောက်ပြီး ခန္ဓာဝန်ထုပ်ဝန်ပိုးတို့မှ လွတ်အောင် ရုန်းထွက်လို တဲ့သဒ္ဓါ။ တနည်းပြောရမယ်ဆိုလျှင် သံသရာဝဋ်ဆင်းရဲတို့မှ

ကျွတ်လွတ် ထွက်မြောက်နိုင်အောင် မနေမနား ကြိုးစားရှာဖွေနေတဲ့ သဒ္ဓါမျိုးကို ဩကပ္ပနသဒ္ဓါခေါ်ပါတယ်။ ချိတ်ဆက်သဒ္ဓါမျိုး ဖြစ်ပါတယ်။ ဒီသဒ္ဓါမျိုးဟာ အရိယာနွယ်ဝင် သူတော်စင်တို့ရဲ့ သဒ္ဓါမျိုးဖြစ်ပါတယ်၊ ဒီသဒ္ဓါမျိုးဟာ မဂ်လမ်းမ၊ ဖိုလ်လမ်းမ နိဗ္ဗာန်လမ်းမပေါ်သို့ ရောက်နေတဲ့ သဒ္ဓါမျိုးပါဘဲ။ မဇ္ဈိမပဋိပဒါဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး လမ်းပေါ်မှာ ကြည်ကြည်လင်လင် ဖြူဖြူစင်စင်နဲ့ ယုံကြည်စောက်ချတဲ့ အတိုင်း ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို မရမနေ ကြိုးစားအားထုတ်နေတဲ့ သဒ္ဓါမျိုးကိုတော့ အာဂမသဒ္ဓါလို့ ခေါ်ပါတယ်။ ကွင်းဆက်သဒ္ဓါမျိုးဖြစ်တယ်။ အသက်အိုးအိမ် စည်းစိမ်တို့ကို မငဲ့ကွက်ဘဲ စိတ်နှလုံးဒုံးဒုံးချပြီး ယုံကြည်စောက်ချတဲ့ သဒ္ဓါမျိုးကိုတော့ အဓိဂမသဒ္ဓါလို့ ခေါ်ပါတယ်။ ကွင်းဆက်သဒ္ဓါမျိုးဘဲ ဖြစ်ပါတယ်။

တနည်းပြောရမည်ဆိုလျှင် ပရမတ်တရား၊ ခေတ်တရားဖြစ်တဲ့ ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တို့ကို နားကြားမှတ်သားပြီး လေ့လာလိုက်စား ပွားများအားထုတ်လိုတဲ့ သဒ္ဓါမျိုးဟာ ဩကပ္ပနသဒ္ဓါမျိုးခေါ်ပါတယ်။ ဒီလို ရုပ်ခေတ် နာမ်ခေတ် ခန္ဓာခေတ်တွေကို လေ့လာပွားများတဲ့ အတိုင်း ထိုရုပ်တရား နာမ်တရားတို့ရဲ့ သဘော လက္ခဏာ သဘာဝတွေကို ဟုတ်တိုင်းမှန်စွာမြင်အောင် သုံးသပ်ပြီး ဆုံးဖြတ်နိုင်တဲ့ သဒ္ဓါမျိုးကို အာဂမသဒ္ဓါလို့ ခေါ်ပါတယ်။ ဒီလို

ရုပ်တရား နာမ်တရား ခန္ဓာတရား ပဋိစ္စသမုပ္ပါဒ်တရားတွေကို ဟုတ်တိုင်းမှန်စွာ သုံးသပ်ဆုံးဖြတ်နိုင်တဲ့ အသိညာဏ်ရတော့ ဤကားအကြောင်း၊ ဤကားအကျိုး၊ ဤကားအရှိတရား ပါကလား။ ဤကား အဖြစ်တရားပါကလား၊ ဤကား အကြောင်း အကျိုးတွေ ဖြစ်ပျက်နေတဲ့ တရားပါကလား၊ ဤကား အကြောင်းအကျိုးတွေ ကင်းတဲ့တရား ရှင်းတဲ့ တရား လင်းတဲ့တရား ပြတ်တဲ့တရား ငြိမ်းတဲ့တရားတို့ပါက လားလို့ ကေန်မုချ ပိုင်ပိုင်နိုင်နိုင် သိမြင်တော့ ဒိဋ္ဌမေ့ာ ပတ္တမေ့ာ ဝိဒိတမေ့ာ ပရိယောဂဠ္ဍမေ့ာ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပတ္တော အပရပ္ပစ္စယော။ ဆို တဲ့အတိုင်း မဆုတ်မတွန့် နောက်မရှိဘဲ ဖြူဖြူစင်စင် ကြည် ကြည်လင်လင် သန့်သန့်ရှင်းရှင်း မဖေါက်မပြန် စောက်ချ ထားတဲ့ သဒ္ဓါမျိုးကို အဓိဂမသဒ္ဓါလို့ခေါ်ပါတယ်။

ဒါကြောင့် သဒ္ဓါတရားဟာ အလွန်အရေးကြီးကြောင်း ကို ယောဂီများ သိမြင်ကြရလေအောင် ပြောပြရခြင်းဖြစ် ပါတယ်။ လောကီကောင်းမှု ကုသိုလ်တွေဘဲပြုပြု၊ လော ကုတ္တရာကောင်းမှု ကုသိုလ်တွေဘဲ ပြုပြု သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘဖြစ်တဲ့ သဒ္ဓါတရားနှင့်မှ မပြည့်စုံလျှင် ကုသိုလ်ကောင်း မှုတွေ ပြုစုပျိုးထောင်ရှာမှီးတဲ့ နေရာမှာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒုလ္လဘတရားငါးပါးဟာ မဇ္ဈိမ ပဋိပဒါဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းလမ်းကို စူးစမ်းရှာဖွေ

တဲ့ နေရာမှာ အခြေအမြစ်လဲ ဖြစ်ပါတယ်။ အဆီအနှစ်လဲ ဖြစ်ပါတယ်။ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရဘို့ရာမှာလဲ အကြောင်းရင်း အခြေခံတရား အုတ်မြစ်တရား ကြီးဖြစ်တယ်လို့ ယောဂီများ မှတ်သားထားကြပေတော့။

ဒီဒုလ္လဘတရား ငါးပါးနှင့်မှ မပြည့်စုံပြန်လျှင်လဲ ယောဂီတို့ လိုလားတောင့်တအပ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ဘယ်လိုနည်းနှင့်မှ မရနိုင်ဘူးဆိုတာ တထစ်ချသာ မှတ်ကြပေတော့။ ဒါကြောင့် ဗုဒ္ဓရှင်တော်ဘုရား ကြီးက– အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော။လို့ ဟောကြားဆုံးမတော်မူခြင်း ဖြစ်ပါတယ်။

ဝိဇ္ဇာစရဏဉာဏ်ဖြင့် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန် တိုင်း သိမြင်ကြရလေအောင် ယောဂီများ သဒ္ဓါကြီးကြီးနဲ့ သာ နားစိုက်ပြီး နာကြားထောင်ကြပေတော့။ ပရိယတ္တိသာ သနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာရယ်လို့ သုံးမျိုး ရှိရာ ပရိယတ္တိသာသနာသည် အကြောင်းဖြစ်၍ ပဋိပတ္တိသာ သနာသည် အကျိုးဖြစ်ပါတယ်။ တဖန်ပရိယတ်၊ ပဋိပတ် သည် အကြောင်းဖြစ်၍ ပဋိဝေဓသာသနာသည် အကျိုးဖြစ် ပါတယ်။

ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသုံးပါးသည် ဝေါဟာရအား ဖြင့် သုံးမျိုးပြားပေမဲ့ သာသနာကတော့ တလုံးတည်း

တသားတည်း ဖြစ်ပါတယ်ယောဂီ။ တပေါင်းတည်း တလုံးတည်း တသားတည်းဖြစ်နေပုံကို ရှင်းပြပါဦးမယ်။ မဇ္ဈိမပဋိပဒါဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဟာ သာသနာသုံးပါး ကေန်မုချဖြစ်တယ်ယောဂီ။ သီလမဂ္ဂင်သည် ပရိယတ္တိသာသနာ မုချဖြစ်တယ်။ သမာဓိမဂ္ဂင်သည် ပဋိပတ္တိသာသနာ မုချဖြစ်ပါတယ်။ ပညာမဂ္ဂင်သည် ပဋိဝေဓသာသနာ မုချဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါး တခြား၊ သာသနာသုံးပါး တခြားမရှိပါဘူး။ ဒါကြောင့် - အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ လို့ ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။

ပရိယတ္တိ သာသနာအစဉ်ကို အ သေ အ ချာ မြင် အောင် ယောဂီများကို ရှင်းပြပါဦးမယ်။ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာရယ်လို့ ခြောက်မျိုးရှိပါတယ်။ ဒီခြောက်မျိုးမှာ သမ္မုတိသစ္စာဆိုတာကတော့ ဝိညာဉ်ခြောက်ပါးတို့တွင် မနော ဝိညာဉ်ထင်သော သမုတ်ချက်အပေါ်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဖြစ်တဲ့ မဂ်သီလဖြင့် သစ္စာထိုက်အောင်၊ သစ္စာဆိုက်အောင်၊ သစ္စာကိုက်အောင်၊ သစ္စာအချိုးကျအောင်၊ ကျင့်သုံးခြင်းကိုသာ သမ္မုတိသစ္စာ ခေါ်ပါတယ်။

ဝစီသစ္စာဆိုတာကတော့ နှုတ်ဝစီဖြင့် ဖွင့်ဆို မြွက်ဟာပြီး ပြောတဲ့ နေရာမှာ ဝစီဒုစရိုက် လေးပါးမှ လွတ်ကင်းအောင် ပစ္စုပ္ပန်၌သာ ပြောဆိုခြင်းကို ခေါ်ပါတယ်။

ဝိရတိသစ္စာဆိုတာကတော့ အာရုံရှေးရှုဆောင်ပြီး ထင်လာတဲ့ အပေါ်မှာ ကျက်စားဆဲ ကျက်စားခိုက်ဥ္ဆသာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဖြစ်တဲ့ ပညာသီလဖြင့် သစ္စာထိုက်အောင် သစ္စာဆိုက်အောင် သစ္စာကိုက်အောင် သစ္စာအချိုးကျအောင် ကျင့်သုံးနေထိုင်ခြင်းကို ခေါ်ပါတယ်။

ဒီသစ္စာသုံးပါသည် အိုနာသေကွဲဆိုတဲ့ သမုတ်ရှိနယ် ပညတ်နယ်မှာ ပြုလုပ်ကျင့်သုံး နေထိုင် သွားရမဲ့ သစ္စာသုံးပါး ဖြစ်ပါတယ်။ သမုတ်ရှိနယ်၌ ဒီသစ္စာသုံးပါးဟာ တပါးပါး ပျက်လျှင် အကုန်ပျက်တော့ တာပါဘဲ။ လူ့သမ္မုတိသစ္စာပျက်တယ်၊ လူ့ကျင့်ဝတ်ပျက်တယ်လို့ ခေါ်ရပါတယ်။ ဒီသစ္စာသုံးပါး ပျက်စီးချို့ယွင်းသွားပလား ဆိုမှဖြင့် နာနာသတ္တဉ္စလ္လာကဋ္ဌဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး၊ ဝိနိပါတဘေးဆိုတဲ့ ဘေးဆိုးကြီး လေးမျိုး ကေန်မုချ သင့်တော့ တာပါဘဲ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့ကိုမှ မရကြလျှင် ဒီဘေးဆိုးကြီး လေးမျိုးမှ မလွတ်ကင်းနိုင်ဘူး ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့် သမုတ်ရှိနယ်၊ ပညတ်နယ်မှာ ကျင့်ရမဲ့ တရားကတော့ ဒါန, သီလ,သမာဓိတရားတို့ ဖြစ်တယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့ ဒါကြောင့်။

တသ္မိံ သမ္မုတိသစ္စေ ဌတွာ သမ္မာပဋိပဇ္ဇန္တာ သဗ္ဗ-
လောကိယ သမ္ပတ္တိယော တတော ပေ ဝိသမ္ဘာရမေမ္မစ
အာရုမေန္တိ၊ မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာ
ဟောန္တိ၊ ဧဝံ မဟန္တံ ဟိ သမ္မုတိ သစ္စန္တိ။

လို့ ပါဠိတော်က ဟောဖော်ညွှန်ပြထားခြင်းဖြစ်ပါတယ်။ ဒါနဲ့ သီလတရားကြီးဟာ လူ့သမ္မုတိသစ္စာတရားကြီး လူ့ကျင့်ဝတ်တရားကြီး၊ လူတို့ရဲ့ သဘာဝတရားကြီး ကေန်မုချ ဖြစ်လေတော့၊ ဒီဒါနဲ့ သီလတရားကြီးဟာ ဘယ်နည်းနှင့်မှ ရှောင်လွှဲ တွန်းကန်လို့ ရကောင်းတဲ့ တရားမျိုးမဟုတ်ပါဘူး။ လူမျိုးမရွေး ဘာသာမရွေး လူမျိုးတိုင်း လူမျိုးတိုင်းနဲ့ သက်ဆိုင်တဲ့ တရားကြီးမို့ လူ့သမ္မုတိနယ်မှာ ပြုလုပ်ကျင့်သုံး တတ်ဘို့ အလွန့်အလွန် အရေးကြီးလှပါတယ်။ ဒီဒါနဲ့သီလ ဖြစ်တဲ့ လူ့သမ္မုတိသစ္စာတရားကြီးကို ရှောင်လွှဲလို့ မရတဲ့ တူတူဖြင့် ဘယ်ပုံဘယ်နည်း ပြုလုပ်ရမယ် ဆိုတဲ့ အချက် အလက်တို့ကို ယောဂီများ သိမြင်သဘောပေါက်ကြရလေ အောင် ပြောပြပါဦးမယ်။

လောက လူ့သမ္မုတိသစ္စာနယ်၌ တရားသုံးမျိုး ရှိပြန် ပါတယ်။ တရားသုံးမျိုး ဆိုသည်မှာ– သံသရာတရား၊ ဘာသာတရား၊ သာသနာတရားများ ဖြစ်ကြပါတယ်။ သံသရာဆိုတာကတော့ အဝိဇ္ဇာ,တဏှာ,ဉပါဒါန်ဖြစ်တဲ့ ဝဋ္ဋ သုံးပါးတို့ ဖြစ်ကြပါတယ်။ ဘာသာတရား ဆိုတာကတော့

ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မ ဆိုတဲ့ ပုညကြိယာဆယ်ပါး ဖြစ်ပါတယ်။ သာသနာတရား ဆိုတာကတော့ မဇ္ဈိမ ပဋိပဒါ ခေါ်တဲ့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ ပညာ, သီလ, သမာဓိ-တရားတို့ ဖြစ်ပါတယ်။ ဒီဘာသာတရားဖြစ်တဲ့ ပုညကြိယာဆယ်ပါးဟာ လူ့သမ္မုတိသစ္စာတရားကြီး၊ လူ့ကျင့်ဝတ် တရားကြီး မဟုတ် ပါလား။ ဒါဖြင့် ယောဂီများ ကြပ်ကြပ် စဉ်းစားကြ စမ်းပါ။ ဒီဘာသာတရားဖြစ်တဲ့ ပုညကြိယာတရားကြီးကို သံသရာတရားဖြစ်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ခေါ်တဲ့ ဝဋ်သုံးပါးနှင့်ဘဲ ပြုမှာလား။ သို့မဟုတ် သာသနာတရားဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးခေါ်တဲ့ ပညာ, သီလ, သမာဓိ တို့နဲ့ဘဲ ပြုမလား။ သေသေချာချာ ယောဂီများ စဉ်းစားကြပေတော့။

ဒါန, သီလဆိုတဲ့ ပုညကြိယာတရားကြီးကတော့ သုံးဆဲ့တဘုံကို လည်ရိုးထုံးစံ မရှိဘူး။ ဘာကြောင့်လဲ ဆိုလျှင် ပရမတ်အသား နိဗ္ဗာန်အသား ဖြစ်ခနေလို့ ဆိုတာ ပုတ်ပြတ်မှတ်။ သုံးဆဲ့တဘုံကို လည်စေတတ် ဖြစ်စေတတ်တဲ့ တရားကတော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ပါဘဲ။ သုံးဆဲ့တဘုံမှ ကျွတ်လွတ် ထွက်မြောက်အောင် မြင်နိုင်တဲ့ တရားကတော့ မဂ္ဂင်ရှစ်ပါးခေါ်တဲ့ ပညာ, သီလ, သမာဓိ တို့ပါဘဲ။

ဒါဖြင့် ယောဂီတို့- လူ့သမ္မုတိ သစ္စာတရားကြီးဖြစ်တဲ့ ပုညကြိယာတရား ဆယ်ပါးကို ဘယ်တရားနှင့် ပေါင်းပြီး

ပြုကြမှာလဲ ဆိုတာ မိမိတို့ ကိုယ်ကို မိမိတို့ ဆန်းစစ်ကြပေတော့။ ဒါန, သီလ ဆိုတဲ့ ပုညကြိယာတရားကြီးကတော့ သုံးဆဲ့တာကိုကို မလည်ရိုး မဖြစ်ရိုး အမှန်ဘဲလို့ ပုတ်ပြတ်သာ မှတ်ထားကြ။ ယောဂီများ သုံးဆဲ့တာမှ ကျွတ်လွတ်ထွက်မြောက်ပြီး နိဗ္ဗာန်ကို ရောက်ချင်ကြရင်တော့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ ပညာ, သီလ, သမာဓိခေါ်တဲ့ သာသနာတော်တရားနဲ့ ပေါင်းကြပေတော့။

ဒါဖြင့် လူ့သမ္မုတိ သစ္စာတရား ဖြစ်တဲ့ ဘာသာတရားကြီးရဲ့ အရည်အချင်းကို ယောဂီများ သဘောပေါက်အောင် သုံးဆဲ့တာ မလည်နိုင်ကြောင်းကို ရှင်းပြပါဦးမယ်။ အများသိနေကြတာကတော့ ဒါနဆိုတာ လှူဒါန်း ပေးကမ်းစွန့်ကြဲချင်တယ်ဆိုတဲ့ သဘောလောက်သာ သိရှိနေကြတာဖြစ်လေတော့။ ဒီအသိမျိုးကတော့ အများသိနေတဲ့ အသိမျိုးဘဲ ဖြစ်ပါတယ်။ တတယ်တော့ ပုညကြိယာတရားကြီးရဲ့ အချက်အချာကျတဲ့ သဘော သဘာဝတို့ကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်မြင်ဘို့ အလွန်အရေးကြီးလှပါတယ်။ ယောဂီတိုင်း ယောဂီတိုင်းလဲ သိဘို့ အလွန် လိုအပ်လှပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပုညဆိုတာ ကောင်းမှုကုသိုလ်၊ ကြိယာဆိုတာ ပြုလုပ်မှုလို့ အဖြေရပါတယ်။ ဒါဖြင့် ဒီပုညကြိယာတရားကြီးကို မကောင်းမှု တွေနဲ့ဘဲ ပြုကြမှာလား ဆိုတာ ယောဂီများဘဲ စဉ်းစား ကြည့်ကြပေတော့။

ဒါ–ဆိုတာ ဆောင်တာ၊ န–ဆိုတာ မရှိတာ၊ ဘာတွေ ဆောင်ပြီး ဘာတွေ မရှိတာလဲ ဆိုတာ သိဘို့ အလွန်အရေး ကြီးလှပါတယ်။

ဒါန- ဆိုတာဟာ သုံးဆဲ့တဘုံကို လည်စေတတ်၊ ဖြစ် စေတတ်တဲ့ အဝိဇ္ဇာ, တဏှာတို့ ဆောင်တာ မရှိဘူးလို့ အဖြေရပါတယ်။ ဒီနေရာမှာ ကြပ်ကြပ်စဉ်းစားကြစမ်းပါ။ စဉ်းစားလျှင် သမ္မာသင်္ကပ္ပ၊ ဟုတ်တိုင်း မှန်တိုင်း မြင်လျှင် သမ္မာဒိဋ္ဌိဉာဏ် အစစ်ပါဘဲ။

သီလ- ဆိုတာ လှူဒါန်း ပေးကမ်း စွန့်ကြဲချင်တယ်လို့ ပေါ်လာတဲ့ အခါမှာ အယူများ အစွဲများ အမှတ်များနှင့် တကွ ဒုစရိုက်ဆယ်ပါး စင်ကြယ်နေတာ ကိုက သီလဖြစ်နေ ပါတယ်။

ဘာဝနာ–ဆိုတာကတော့ ဒီလို လှူဒါန်း ပေးကမ်း စွန့်ကြဲ ချင်တယ်လို့ ပေါ်လာတဲ့ အခါမှာ အယူများ အစွဲများ အမှတ်များနှင့် တကွ ဒုစရိုက်တရားဆယ်ပါး မဖြစ်အောင် လုံ့လဝီရိယနဲ့ သတိထားနေတာကို ဘာဝနာဖြစ်နေပါတယ်။

အပစာယန- ဆိုတာကတော့ တဦးနှင့် တဦး တွေ့ဆုံ ကြုံကြိုက်တဲ့ အခါမှာ သော်၎င်း၊ လူ့ဝတ္တရားအတိုင်း ပေါင်းသင်း ဆက်ဆံတဲ့ အခါမှာ သော်၎င်း၊ ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ပြေပြေ ပြစ်ပြစ် နူးညံ့ သိမ်မွေ့စွာ ရှိရှိ

သေသေ လေးလေး စားစား ဆက်ဆံနေတာကိုက အပစာ-
ယန ဖြစ်တယ်လို့ ခေါ်ပါတယ်။

ဝေယျာဝစ္စ-ဆိုတာကတော့ တဦးနှင့်တဦး တွေ့ကြုံခဲ့တဲ့ အခါမှာ သမ္မာဒါတရား လေးပါးနှင့် ညီညွတ်အောင် စောင့် ရှောက်ခြင်းကို ဝေယျာဝစ္စလို့ ခေါ်ပါတယ်။

ပတ္တိဒါန-ဆိုတာကတော့ မြင် ကြား နံ စား တွေ့ ထိ ဆိုတဲ့ ပဉ္စာရုံ ကာမဇရုပ်ဝတ္ထုပေါ်မှာ သော်၎င်း၊ အဆင်း အသံ အနံ့ အရသာ ဩဇာဆိုတဲ့ ဥတုဇရုပ်ဝတ္ထုပေါ်မှာ သော်၎င်း ကျရောက်လာတဲ့ အာရုံဟာ အယူများ အစွဲများ အမှတ်များနှင့် တကွ ဒုစရိုက်ဆယ်ပါး ဆောင်တာ မရှိတာကို က ပတ္တိဒါန ဖြစ်ပါတယ်။

ပတ္တာနုမောဒနာ-ဆိုတာကတော့ စေတနာဒါန၊ ဝတ္ထု ဒါနတို့ အပေါ်မှာ အစဉ်တစိုက် ကျရောက်နေတဲ့ အာရုံဟာ ဖြူဖြူစင်စင် ကြည်ကြည်လင်လင်ဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေတာကိုက ပတ္တာနုမောဒနာဖြစ်ပါတယ်။

ဓမ္မဿဝန-ဆိုတာကတော့ သစ္စာလေးပါး မြတ်တရား ကြီးကို သော်၎င်း၊ သစ္စာလေးပါး မြတ်တရားကြီးနှင့် သက် ဆိုင်တဲ့ ရုပ်ခါတ်, နာမ်ခါတ်, ခန္ဓာခါတ်တို့ကို သော်၎င်း၊ ကြားနာ မှတ်သား လေ့လာ ပွားများခြင်းကို ဓမ္မဿဝန-လို့ ခေါ်ပါတယ်။

ဓမ္မဒေသနာ–ဆိုတာကတော့ ပရမတ်တရား ဓါတ်တရားတွေကို ဆွေးနွေး မေးမြန်းခြင်း ဟောပြောခြင်းများကို ဓမ္မဒေသနာလို့ ခေါ်ပါတယ်။

ဒိဋ္ဌိဇုကမ္မ– ဆိုတာကတော့ ဒီပုညကြိယာ ဆယ်ပါးရဲ့ အပေါ်မှာ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဒုစရိုက်တရား ဆယ်ပါး ကင်းရှင်းအောင် စင်ကြယ်အောင် ဖြောင့်မှန်စွာ ပြုလုပ်ခြင်းကို ခေါ်ပါတယ်။

ပုညကြိယာဆယ်ပါးဆိုတဲ့ ဒေသနာက္ကမယုတ္တိ အမြင်ကို သုဒ္ဓိစင်အောင် သိဘို့ အလွန်လိုအပ်လှပါတယ်။ ဒီပုညကြိယာဖြစ်တဲ့ လူ့သမ္မုတိသစ္စာတရားကြီးရဲ့ အရည်အချင်းတွေကို ပြောင်ပြောင်သိတော့ သုံးဆဲ့တဘုံကို လည်တယ် ဆိုတာ ဟုတ်သေးရဲ့လား။ လုံးဝ မလည်နိုင်ကြောင်း မထင်ရှားပေဘူးလား။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဖြစ်တဲ့ ဝဋ်သုံးပါးနှင့် ပေါင်းပြီး ပြုလုပ်မှ သာလျှင် သုံးဆဲ့တဘုံကို လည်ခြင်း ဖြစ်တယ်လို့ ပုတ်ပြတ်သာ မှတ်သားထားကြပေတော့။ ဒီလူ့သမ္မုတိသစ္စာဖြစ်တဲ့ ပုညကြိယာတရားကြီးကို မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ ပညာ, သီလ, သမာဓိနှင့် ပေါင်းပြီး ပြုလျှင် ပါရမီကုသိုလ်, ဉာဏ်ကုသိုလ်တွေဖြစ်ပြီး သုံးဆဲ့တဘုံမှ ကျွတ်လွတ်ထွက်မြောက်နိုင်တယ်ဆိုတာ ဧကန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် သမုတ်ရှိနယ် ပညတ်နယ်၌ သမ္မုတိသစ္စာ, ဝစီသစ္စာ, ဝိရတီသစ္စာ ဆိုတဲ့ လူ့ကျင့်ဝတ် လူ့သိက္ခာပုဒ်

တွေကို အချိုးကျကျ သစ္စာထိုက်အောင် သစ္စာဆိုက်အောင် သစ္စာကိုက်အောင် ကျင့်သုံးနေထိုင်တတ်ဘို့ အလွန်လိုအပ်လှပါတယ်။ ဒီသစ္စာတရားတွေကို အချိုးကျအောင် မကျင့်သုံး မနေထိုင်တတ်ကြလျှင် လောကီငြိမ်းချမ်းရေး၊ လောကုတ္တရာငြိမ်းချမ်းရေးတွေကို ဘယ်နည်းနှင့်မှ မရနိုင် မခံစားနိုင်ဘူး ဆိုတာ တထစ်ချသာမှတ်။ ဒါကြောင့် သမ္မုတိ နယ်မှာ ဒီပုညကြိယာတရားကြီးကို သစ္စာထိုက်အောင် ပြုလုပ် ကျင့်သုံး နေထိုင်တတ်ကြဘို့ကို ဒီလူ့သမ္မုတိသစ္စာဖြစ်တဲ့ ဒါန, သီလတရားကြီးကို အထူးဘဲ သိမြင် သဘောပေါက်ကြပါစေတော့လို့ ရှင်းလင်း ပြောပြရခြင်း ဖြစ်ပါတယ်။

ဒီပုညကြိယာတရားကြီးဟာ နဂိုမူလကထဲက စင်ကြယ်သန့်ရှင်းတဲ့ ပရမတ်တရား ဓါတ်တရား နိဗ္ဗာန်တရားကြီးပါကလားလို့ မသိကြတဲ့ အတွက်ကြောင့် လူတိုင်း ပါးစပ်ဖျားမှာ သံသရာလည်တယ်လို့ စွပ်စွဲ ပြောဆိုလေ့ ရှိကြပါတယ်။ တကယ်တော့ ဒီပုညကြိယာဖြစ်တဲ့ လူ့သမ္မုတိသစ္စာတရားကြီးဟာ ယောဂီတို့ သိထားဘို့က လူမျိုးမရွေး ဘာသာမရွေး ရှောင်လွှဲလို့ ရကောင်းတဲ့ တရားမျိုးလဲ မဟုတ်ပါဘူး၊ ရှောင်အပ်တဲ့ တရားမျိုးလဲ မဟုတ်ပါဘူး၊ ရှောင်နိုင်ခွင့် ရှောင်ပိုင်ခွင့်ရှိတဲ့ တရားမျိုးလဲ မဟုတ်ပါဘူး၊ ပြုလုပ်ရမဲ့ ကောင်းမှု တရားကြီး ကေန် ဖြစ်တယ်လို့ ယောဂီများ ပုတ်ပြတ်သာ မှတ်ထားကြပေတော့။

ဒါကြောင့်- တသ္မိံ သမ္မုတိသစ္စေ၊ ထိုသမ္မုတိသစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာပဋိပန္နတ္တာ၊ မဖောက်မပြန် ကောင်းမွန်စွာ ကျင့်ကြကုန်သော သူတို့သည်။ သဗ္ဗလောကိယသမ္ပတ္တိယော၊ အလုံးစုံသော လောကီစည်းစိမ်ချမ်းသာတို့ကို၎င်း။ တံတံဗောဓိသမ္ဘာရဓမ္မေ၊ ထိုထို ဗောဓိသမ္ဘာရဖြစ်သော သစ္စာလေးပါး မြတ်တရားတို့၏ အဆောက်အဦဖြစ်သော လောကုတ္တရာ စည်းစိမ်ချမ်းသာ တို့ကို၎င်း။ အာရာဓေန္တိ၊ ပြီးစေကုန်၏။ မိစ္ဆာပဋိပန္နတ္တာ၊ မှားယွင်းဖောက်ပြန်စွာ ကျင့်ကြ ကုန်သော သူတို့သည်။ အပါယ-ပူရကာ၊ အပါယ်ငရဲ၌ ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ -ဟိသစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ သမ္မုတိသစ္စာသည်။ ဧဝံမဟန္တံ၊ ဤမျှလောက် ကြီးကျယ်၏ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။ဒါဖြင့် ပုညကြိယာတရားကြီးဖြစ်တဲ့ လူ့သမ္မုတိသစ္စာတရားကြီးဟာ မရေ မတွက် နိုင်အောင် ဤမျှလောက် ကြီးကျယ် ခမ်းနားကြောင်း ကျယ်ဝန်းကြောင်း မြင့်မြတ်ကြောင်းကို ပါဠိတော်က ဖော်ပြထားတော်မူပါတယ်။

---

## ဩကာသ ရှင်းတမ်း ဟောစဉ်

ယောဂီများ တရားမနာမီ ရှေးအဘို့၌ သိသင့် သိထိုက် သိပိုင်ခွင့်ရှိတဲ့ အချက် အလက်တွေကို ရှေးဦးစွာ သိမြင်ကြရ

လေအောင် ပစ္စုပ္ပန်၌ ဖြစ်သော စရိုက် ခြောက်ပါးကို ရှင်းလင်း ပြောပြ ပါဦးမယ်။ ဒီစရိုက် ခြောက်ပါးကို ယောဂီတိုင်း ယောဂီတိုင်း သိဘို့ အလွန် လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစရိုက်ဆိုတဲ့ သဘောတရားတွေဟာ လူတိုင်း လူတိုင်းမှာ တမျိုးစီ တမျိုးစီတော့ ပါရှိတတ်တဲ့ အထုံဝသီ ဓလေ့က မွေတာအတိုင်း ဖြစ်ကြလေတော့ မိမိတို့ရဲ့ အထုံဝသီ ဓလေ့ကို မိမိတို့ ရှေးဦးစွာ စိစစ်ဘို့ အလွန် အရေးကြီးပါတယ်။

အချို့မှာတော့ ရာဂစရိုက် ထူပြောတတ်ပါတယ်၊ အချို့မှာတော့ ဒေါသစရိုက် ထူပြောတတ်ပါတယ်။ အချို့မှာတော့ မောဟစရိုက် ထူပြောတတ်ပါတယ်။ အချို့မှာတော့ သဒ္ဓါစရိုက် ထူပြောတတ်ပါတတ်။ အချို့မှာတော့ ဗုဒ္ဓိစရိုက် ထူပြောတတ်ပါတယ်။ အချို့မှာတော့ ပညာစရိုက် ထူပြောတတ်ပါတယ်။ တကယ်တော့ များသောအားဖြင့် ဆိုလျှင် ဒီစရိုက် သဘောတရားတွေဟာ ပစ္စုပ္ပန်မှာသာလျှင် ဖြစ်တတ်တဲ့ သဘောတရားများ ဖြစ်ကြလေတော့ ဝိပဿနာဉာဏ်တွေကို ရှာဖွေဆည်းပူး လေ့လာတဲ့ နေရာမှာ ဒီစရိုက်သဘောတရားတွေကို သိဘို့ အလွန် အချက်အချာ ကျလှပါတယ်၊ ဒီတော့မှလဲ မိမိကိုယ်ကို မိမိ အဖြစ်မှန် ရလာနိုင်ပါတယ်၊ လွယ်လင့်တကူနဲ့လည်း မဂ်ပညာ, ဖိုလ်ပညာတွေကို ကောန်မုချ ရနိုင်ကြလိမ့်မယ်။

ဒါကြောင့် လူတိုင်းလူတိုင်း ပစ္စုပ္ပန်မှာ ဖြစ်တတ်တဲ့ စရိုက်ခြောက်မျိုးရဲ့ အစဉ်အလာကို မြင်သာအောင် ရှင်းပြပါဦးမယ်။

ရာဂစရိုက်ဆိုသည်မှာ–အယူမှား အစွဲမှား အမှတ်မှားနှင့် တကွဖြစ်တဲ့ ကိလေသာတရားများ ဖြစ်ကြပါတယ်။

မောဟစရိုက်ဆိုတာကတော့–အကြောင်းအကျိုးကို မသိမမြင်ခြင်း၊ ဆင်ကန်း တောတိုး ပြုလုပ်ခြင်းများ ဖြစ်ကြပါတယ်။

ဒေါသစရိုက်ဆိုတာကတော့–ကိုယ် အမူအရာ နှုတ်အမူအရာ တို့ဖြင့် ပြစ်မှားခြင်း ကြမ်းတမ်းခြင်းများ ဖြစ်ကြပါတယ်။

ဒီစရိုက် သုံးပါးဟာ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က စ၍ မိရိုးဖလာကို စွဲပြီး ဖြစ်ပေါ်လာတတ်ပါတယ်။ အရပ်ဒေသတို့ကို စွဲ၍လည်း ဖြစ်ပေါ်လာတတ်ပါတယ်။ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း ဆက်ဆံမှုများကြောင့်လဲ ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒါဟာ ပစ္စုပ္ပန်၌ ဖြစ်ပေါ်လာတဲ့ စရိုက်များပင်ဖြစ်ပါတယ်။

သဒ္ဓါစရိုက်ဆိုတာကတော့–ပညာ, သီလ, သမာဓိတရားများကို ယုံယုံကြည်ကြည် ဆည်းပူး လေ့လာ ပွားများ ကျင့်သုံးမှု၌ စောက်ချ ထားနိုင်တဲ့ သဒ္ဓါတရားများ ဖြစ်ကြပါတယ်။

ပညာစရိုက် ဆိုတာကတော့-ရုပ်ဓါတ် နာမ်ဓါတ်တွေကို အဖန်ဖန် မလပ်ရအောင် ဝေဖန်သုံးသပ် ဆုံးဖြတ် နိုင်တဲ့ အတိုင်း ဟုတ်တိုင်း မှန်စွာ သိမြင်တဲ့ ဉာဏ်ပညာများ ဖြစ်ကြပါတယ်။

ဗုဒ္ဓိစရိုက် ဆိုတာကတော့ - ဝိပဿနာ ဉာဏ်ပညာဖြင့် သစ္စာလေးပါး မြတ်တရားကို မျက်ဝါးထင်ထင် ပိုင်နိုင်စွာ သိမြင်နိုင်ခြင်းများ ဖြစ်ပါတယ်။

ဒီစရိုက် သုံးပါးဟာလဲ သပ္ပုရိသ သံသေဝ ဖြစ်တဲ့ ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းဖေါ်မှီဝဲ ယှဉ်တွဲဆည်းကပ်ပါမှ ဖြစ်ပေါ် လာနိုင်တဲ့ စရိုက်များ ဖြစ်ကြပါတယ်။ ဒါကြောင့် ယောဂီများ မိမိကိုယ်ကို မိမိဆန်းစစ်နိုင်အောင် ဒီပစ္စုပ္ပန်၌ ဖြစ်တဲ့ ဒုစရိုက် ခြောက်ပါးကို ရှင်းလင်း ပြောပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဝိပဿနာတရား ဆိုတာ စည်းလွတ် ဝါးလွတ် တရားမျိုး မဟုတ်ဘူး၊ သုတ္တဝိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာယ-ပ္ပဋိပန္နဂုဏ်၊ သာမိစိပ္ပဋိပန္နဂုဏ် တွေနှင့် ပြည့်စုံတဲ့ တရားများ ဖြစ်လေတော့ ယောဂီတိုင်း ယောဂီတိုင်း သိမြင် သဘော ပေါက်ကြဖို့ အလွန် အရေးကြီးပါတယ်။ ယောဂီများ လွယ်လင့်တကူ မှတ်သားလို့ ရနိုင်အောင် ဝိပဿနာ တရားဟာ စည်းကမ်းရှိပုံကို ပြောပြ ပါဦးမယ်။ အဿာဒကထာ၊ အာဒိနဝကထာ၊ နိဿရဏကထာ၊ ဖလကထာ-

ဥပါယကထာ၊ အာဏတ္တိက–ကထာရယ်လို့ ခြောက်မျိုး ရှိပါတယ်။

အဿာဒကထာ ဆိုတာကတော့ - ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ တို့ကို အခြေခံ၍ သစ္စာလေးပါးကို မြင်အောင် ဟောတဲ့ ကထာ ဖြစ်ပါတယ်။

အာဒီနဝကထာ ဆိုတာကတော့–သစ္စာထိုက်တဲ့ တရားအပေါင်းတို့တွင် ဒုက္ခသစ္စာကို အခြေခံ၍ သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာ ဖြစ်ပါတယ်။

နိဿရဏကထာ ဆိုတာကတော့–စိတ္တဇဓာတ်၊ ကမ္မဇ ဓာတ်၊ ပဝတ္တိဇာတိ ခေါ်တဲ့ ဝိပါက ဇာတိ၊ ဒိဇာတိ သဘောတို့ရဲ့ အဆက်အစပ်ကို အခြေခံ၍ သစ္စာလေးပါးကို မြင်အောင်ဟောတဲ့ ကထာ ဖြစ်ပါတယ်။

ဖလကထာ ဆိုတာကတော့–ဉာဏ်ဆယ်ပါးကို အပိုင်း အခြား အားဖြင့် သဒ္ဓါနုသာရီ၊ ဓမ္မာနုသာရီ၊ ပညာနုသာရီ အပိုင်းအခြား ပြု၍၊ ကဏ္ဍအားဖြင့် ပဋိပဒါနယ်၊ အဘိညာဉ်နယ် ပိုင်းခြားဝေဘန်ပြီး အခြေခံ၍ သစ္စာလေးပါးကို သိမြင်အောင် ဟောတဲ့ ကထာ ဖြစ်ပါတယ်။

ဥပါယကထာ ဆိုတာကတော့–ဒါန၊ သီလ စသော ပုညကြိယာ ဆယ်ပါးကို အခြေခံ၍ သစ္စာလေးပါးကို မြင်အောင် ဟောတဲ့ ကထာ ဖြစ်ပါတယ်။

အာဏတ္တိက–ကထာ ဆိုတာကတော့–သံဝေဂနယ နည်းတွေကို အခြေခံ၍ သစ္စာလေးပါးကို မြင်အောင် ဟောတဲ့ ကထာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီဝိပဿနာ တရားတော် မြတ်ကြီးဟာ စည်းလွတ်ဝါးလွတ် တရားမျိုး မဟုတ်ကြောင်း၊ စည်းမဲ့ ကမ်းမဲ့ တရားမျိုး မဟုတ်ကြောင်း အလွန် ထင်ရှား လှပါတယ်။ ဒါ့ကြောင့်–စတုသစ္စ· ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။လို့ဟော ဖေါ်ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။ ဒီပါဠိတော် စကားကတော့ သစ္စာလေးပါးမှ လွတ်သော တရား မရှိပါဘူးလို့ ဆိုလိုရင်း စကားဘဲ ဖြစ်ပါတယ်။

ဒါကြောင့် ယောဂီများ အမှန်လေးပါး ဖြစ်တဲ့ သစ္စာလေးပါးကို ရှေးဦးစွာ သိမြင် သဘောပေါက်အောင် ရှာကြရပါမယ်။။ သစ္စာလေးပါးကို သိမြင်အောင် ရှာရမဲ့ နေရာမှာလဲ ပယ်အပ်တဲ့တရား၊ ပယ်သတ်ရမဲ့တရား၊ ပယ်တတ်တဲ့တရား သုံးမျိုးကိုလဲ ရှေးဦးစွာ သိအောင် ရှာရပါလိမ့်မယ်။ ဒီလို ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့ တရား၊ ပယ်တတ်တဲ့ တရားတွေကို သိပါမှလဲ သစ္စာလေးပါး ဖြစ်တဲ့ အမှန် လေးပါးကို သိမြင် နိုင်ပါတယ်။ ဒါဖြင့် ယောဂီများ သဒ္ဒါကြီးကြီးနဲ့သာ နားစိုက်ကြပေတော့။

သံသရာ၌–ပယ်အပ်တဲ့တရား၊ ပယ်သတ်ရမဲ့တရား၊ ပယ်တတ်တဲ့တရား သုံးမျိုး ရှိပါတယ်။ ပယ်အပ်တဲ့တရား ဆို

တာ ကတော့ သက္ကာယခန္ဓာ၊ ဥပါဒါနိခန္ဓာ များပင် ဖြစ်ပါတယ်။ တနည်း ပြောရမည် ဆိုလျှင် အကြောင်းရုပ်နာမ်၊ အဖြစ်ရုပ်နာမ်၊ သက္ကာယ ရုပ်နာမ်၊ ဥပါဒါနိ ရုပ်နာမ်များ ဖြစ်ပါတယ်။ပယ်သတ်ရမဲ့ တရား ဆိုတာကတော့ ဒိဋ္ဌိ,တဏှာ, မာန ဖြစ်တဲ့ သမုဒယ ခေါ်တဲ့ ကိလေသာ တရားများ ဖြစ်ပါတယ်။

တနည်း ပြောရမည် ဆိုလျှင် ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ပဋိဃာနုသယ၊ ကာမရာဂါ နုသယ၊ ဘဝရာဂါ နုသယ၊ အဝိဇ္ဇာ နုသယများ ဖြစ်ပါတယ်။ ပယ်တတ်တဲ့ တရား ဆိုတာ ကတော့ မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ ပညာ, သီလ, သမာဓိ တရားတို့ပင် ဖြစ်ပါတယ်၊ ဒီသဘော တရားတွေကိုမှ ပိုင်းပိုင်းခြားခြား မသိကြလျှင် ယောဂီတို့ ဘယ်လိုလုပ်ပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို ရနိုင်ကြမလဲ၊ ကိုယ်ပိုင်ဉာဏ်နှင့်သာ စဉ်းစား ကြည့်ကြပေတော့၊ ဒီတရား သုံးမျိုးကိုမှ မသိလျှင် မသိတိုင်း ဘယ်ကို မျက်နှာမူ နေကြတယ် ဆိုတာ မြင်သာအောင် ပြောပြ ပါဦးမယ်။

ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတိုင်း ထုံးတမ်း စဉ်လာ ဓမ္မတာ အယူ အစွဲတွေနဲ့ ဘာသာကို အယူလွဲပြီး မူအကွဲကွဲတွေနဲ့ အမျိုးမျိုးပြောင်း အကြောင်း ဆက်ကျိုး ကျတော့ ဘာမှန်းမှ မသိပေဘူး။ ဒါကြောင့် အနန္တော အနန္တ ငါးပါးကို တောင်မှ ဂုဏ်ထိုက်အောင် ဂုဏ်မြောက်အောင် ရှိသေ

လေးစားခြင်း ဂါရဝ ပြုခြင်းများ မထားရှိ နိုင်ကြအောင် ဖြစ်နေတာ မဟုတ်လား။ ဘုရား၊ တရား၊ သံဃာများကို ဖြစ်စေ၊ ဆရာမိဘတို့ကို ဖြစ်စေ၊ သက်ကြီးဝါကြီးတို့ကို ဖြစ်စေ ဦးညွှတ်ကာ မာန်လျှော့၍ ကန်တော့တဲ့ အခါများမှာ ဩကာသ–ဆိုတဲ့ ဝေါဟာရ စကားအစဉ်ဟာ အများမြင် အောင် လူတိုင်း ပါးစပ်ဖျားမှာ လျှပ်ပန်းစားအောင် ရွတ် ဆို နေကြတဲ့ အယူဓလေ့ ကတော့ ယောဂီများကို အထူး ပြောစရာ မလိုလှတော့ ပါဘူး။ ဩကာသ–ဩကာသ–ဩ– ကာသ၊ ကာယကံ-ဝစီကံ-မနောကံ-လို့ လူတိုင်း ပါးစပ်ဖျား မှာ လျှပ်ပန်းစားအောင် ဆိုနေကြပေမဲ့ သဘောဉာဏ် မပါ ကြလေတော့ အကြောင်းအကျိုး မမြင်နိုင်ကြပေ ဘူးပေါ့။ ဒါဖြင့် ဩကာသ စကားအစဉ်ဟာ အသားတင်တာ ဘာလဲ ဆိုတာ နားစိုက် ကြပေတော့။

ဩကာသလောက၊ သင်္ခါရလောက၊ သတ္တလောက-သုံး မျိုးရှိရာတွင် ဩကာသလောက ဆိုတာ သန္တိသုခ လက္ခဏာ နှင့်ပြည့်စုံပြီး ကြည်လင်သန့်ရှင်းဘေးရန်ကင်းတဲ့ လောက ဖြစ် ပါတယ်။ သင်္ခါရလောက ဆိုတာ ကတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတို့ ဖြစ်ပျက် နေကြတဲ့ လောက ဖြစ် ပါတယ်။ သတ္တလောက ဆိုတာကတော့ သင်္ခါရလောကရဲ့ အပေါ်မှာ လိုမလို ချစ်မုန်းတွေနဲ့ မျောနေကြတဲ့ သတ္တဝါ ကို သတ္တလောကလို့ ခေါ်တယ်။ တနည်း ပြောရမည် ဆို လျှင် အဝိဇ္ဇာတဏှာ ဖြစ်တဲ့ ကုသိုလ်-အကုသိုလ်ကြောင့် ခန္ဓာ

ငါးပါး အကြောင်းစုံပြီး တပေါင်းတည်း ဖြစ်နေတဲ့ သတ္တဝါတွေကို ခေါ်ပါတယ်။

နဂိုမူလ ကထဲက ကြည်လင်သန့်ရှင်းပြီး နေတဲ့ ဩကာသ လောကကြီးထဲမှာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ကျူးလွန် ပေါက်ကွဲပြီး ဖရိုဖရဲ ဖြစ်ကာ လိုမလို ချစ်မုန်းတွေနဲ့ အပြစ်ဖုံးပြီး သမုဒယနှင့် ဒုက္ခသာလျှင် လမ်းဆုံး နေကြတဲ့ သတ္တဝါတွေ ဖြစ်လေတော့ ကာယကံမှုတွေနဲ့ ပြစ်မှား ကျူးလွန်ခြင်း၊ ဝစီကံမှုတွေနဲ့ ပြစ်မှား ကျူးလွန်ခြင်း၊ မနောကံမှုတွေနဲ့ ပြစ်မှား ကျူးလွန်ခြင်း ဆိုတဲ့ သင်္ခါရ ဘေးဒုက္ခတို့မှ ကင်းလွတ်အောင် လိုမလို ချစ်မုန်း ဆိုတဲ့ သမုဒယ ကိလေသာတို့မှ ကင်းလွတ်အောင် ကာယဉ် ရှိသောမာန်၊ ဝစီဉ် ရှိသောမာန်၊ မနောဉ် ရှိသောမာန်တွေကို နှိမ်ချိုး၍ ရှိခိုးကန်တော့ရခြင်း ဖြစ်တယ်ဆိုတာ ယောဂီများ မုချသာ မှတ်သား ထားကြပေတော့။

ဒီတော့မှ သဗ္ဗဒေါသ-ဆိုတဲ့ သုံးဆဲ့တဘုံ ဝဋ်မြုံဒုက္ခ ဘေးဆိုးကြီး အဝဝတို့မှ ကင်းစင်လွင့်ပျောက်ပြီး ချမ်းသာခြင်းသို့ ရောက်နိုင်တော့မှာပေါ့။ အပြစ်ဒေါသတွေ ဖြစ်နေတဲ့ သမုဒယ ဒုက္ခဘေးဆိုးတွေမှ ကင်းလွတ်နိုင်တယ်။ အပါယဂမနီယ ဖြစ်တဲ့ ဘေးဆိုးကြီး လေးမျိုးတို့မှလဲ ကင်းလွတ်နိုင်တယ် ယောဂီ။ ဒါတွင် မကသေးပါဘူး၊ ကံ, စိတ်, ဥတု,

အာဟာရတို့ ထောက်ခံမှုကြောင့် ရှာဖွေ စားသောက်နေရခြင်းဆိုတဲ့ ရောဂါ။ အိုရ နာရ သေရခြင်းဆိုတဲ့ ရောဂါခေါ်တဲ့ ယောဂန္တရကပ်၊ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ ကိလေသာရန်သူဖြစ်တဲ့ သတ္ထန္တရကပ်၊ ဒီသမုဒယ ကိလေသာတွေကြောင့် ဖေါက်ပြန်နေရ၊ ခံစားနေရ၊ မှတ်သားနေရ၊ ပြုပြင်နေရ၊ ကြံစည်နေရခြင်း ဆိုတဲ့ ဒုဗ္ဘိက္ခန္တရကပ်၊ ဒီကပ်ကြီးသုံးပါးတို့မှ ကင်းလွတ်နိုင်တယ်။ ဒါကြောင့် ဒီလို ဘေးဆိုးဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်နိုင်အောင် သပ္ပုရိသ သံသေဝဖြစ်တဲ့ ဆရာစစ် ဆရာမှန်ကို မှီဝဲ ဆည်းကပ် ရပါတယ်။ ဆရာစစ် ဆရာမှန်ကို မှီဝဲ ဆည်းကပ်ပါမှ သုံးဆဲ့တဘုံဝဋ်မြုံဒုက္ခဆိုတဲ့ ဘေးဆိုးတွေမှ ကင်းလွတ်နိုင်ပါတယ်။

သဗ္ဗဒေါသ–ဆိုတဲ့ စကားသရုပ်ကို နားမရှုပ်ရအောင် ပြောပြပါဦးမယ်။ စက္ခာယတန ခေါ်တဲ့ မြင်သဘော၊ ကြားသဘော၊ နံသဘော၊ စားသဘော၊ တွေ့ထိသဘော၊ ကြံသိသဘော၊ ရူပါယတန ခေါ်တဲ့ အဆင်းဓာတ်၊ အသံဓာတ်၊ အနံ့ဓာတ်၊ အရသာဓာတ်၊ ဩဇာဓာတ် ဖြစ်တဲ့ အဗျာကတ အဘာဝ ပရမတ် အသားအနှစ်ပေါ်မှာ မရုပ်မနား ဖြစ်ကာ အဝိဇ္ဇာ, တဏှာ ခြေကုတ်ပြီး အဖြေသရုပ် အကိုး အကား ကြည့်လိုက်တော့ အကျိုးအသွား ပကာတိက သမုဒယနဲ့ ဒုက္ခချည်းပါကလားဆိုတာ ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ စဉ်းစားကြပေတော့။

သဗ္ဗဒေါသဆိုတဲ့ စကားကို ယောဂီများ ကြပ်ကြပ် စဉ်းစားကြည့်ပါ။ သဗ္ဗ–ဆိုတာ အလုံးစုံလို့အဖြေရပါတယ်။ ဒေါသ-ဆိုတာ ပြစ်မှားတာလို့ အဖြေရပါတယ်။ အလုံးစုံ ဘာတွေပြစ်မှား နေသလဲဆိုတာ စဉ်းစားသာ ကြည့်ကြ ပေတော့။ ပင်ကိုယ်ရှင်း ပင်ကိုယ်လင်းနေတဲ့ အဗျာကတ အဘာဝ ပရမတ်တရားတို့ အပေါ်မှာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို မရကြလေတော့ မရကြသူတိုင်း ဘယ်သဘောတွေ ဖြစ်နေကြတယ်ဆိုတာ မိမိကိုယ်ကိုသာ မိမိ မေးကြည့်ကြပေတော့။

အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ ပပဉ္စ တရားသုံးပါးဆိုတဲ့ သံသရာဘေးဆိုးကြီးတွေနဲ့သာ ပြစ်မှား ကျူးလွန်မိရက်သား ဖြစ်နေကြတာမဟုတ်ပါလား။ ဝိပဿနာ ဉာဏ်ပညာကိုမှ မရကြလျှင် သဗ္ဗဒေါသဆိုတဲ့ ဘေးဆိုးကြီး တွေကို ရပ်စဲနိုင်၊ ပြတ်စဲနိုင်၊ ကင်းလွတ်နိုင်အောင် ဘယ်လို နည်းနှင့်မှ မလုပ်နိုင်ပါဘူး၊ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ် ပညာမှ တပါး သဗ္ဗဒေါသဆိုတဲ့ ဘေးဆိုးကြီးတွေကို ရပ်စဲ နိုင်တဲ့ ပြတ်စဲနိုင်တဲ့ လွတ်ကင်းနိုင်တဲ့ အခြားနည်း လမ်း လုံးဝ မရှိ၊ ဘိတ်မရှိဘူးဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒီသဘောတရားတွေဟာ သံသရာဒ္ဒ ပယ်သတ်ရမဲ့ တရားတွေ ဖြစ်ပါတယ်။ သံသရာဒ္ဒ ပယ်သတ်ရမဲ့ တရားအရှုပ်ကို အသား

လုပ်နေကြလို့ ခက်တယ်။ ဒါကြောင့် ပယ်အပ်တဲ့တရား ပယ်သတ်ရမဲ့တရား ပယ်တတ်တဲ့တရားလို့ ပြောခဲ့ရခြင်း ဖြစ်ပါတယ်။

ပယ်သတ်ရမဲ့ သဗ္ဗဒေါသအစဉ်စကားကို ထင်ရှားအောင် ရှင်းကြဦးစို့ရဲ့။ ရပ်ပြစ်ရှစ်ပါးဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်နှင့် မကြုံနိုင်တဲ့ အရပ်၊ ကြုံပြန်တော့လဲ မကြိုက်နိုင်တဲ့အရပ်၊ အသညသတ်အရပ်၊ အပါယ်လေးပါးအရပ်၊ သာသနာတော်မြတ်တရား ဖုံးကွယ်ပြီး တောစွန်တောင်ကြား ဖြစ်တဲ့ အရပ်များ ဖြစ်ကြပါတယ်။ ရန်သူမျိုးငါးပါး ဆိုတာကတော့ ရေ, မီး, မင်း, ခိုးသူ, မချစ် မနှစ်သက်သော သူများ ဖြစ်ကြပါတယ်။ ထပ်ရှင်းပြပါဦးမယ်။ ရေ–ဆိုတာ ကတော့ လိုမလို ချစ် မုန်း ချောက် မြှောက် ကြောက် ဆိုတဲ့ ကာမာသဝရေ,ဘဝါသဝရေ, ဒိဋ္ဌာသဝရေ,အဝိဇ္ဇာသဝရေများ ဖြစ်ကြပါတယ်။ မီး–ဆိုတာကတော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ မီးဆဲ့တပါးပင် ဖြစ်ပါတယ်။ မင်း–ဆိုတာကတော့ ဒိဋ္ဌိ တဏှာ မာနတို့ ဒီခန္ဓာ အပေါ်မှာ မင်းမူနေခြင်းများ ဖြစ်ပါတယ်။ ခိုးသူ–ဆိုတာ ကတော့ မနောဝိညာဉ်ဟာ အဝိဇ္ဇာနှင့် ပေါင်းပြီး ဒွါရ ခြောက်ပေါက်က နေ၍ အဆင်းပေါ် အသံပေါ် အနံ့ပေါ် အရသာပေါ် အတွေ့အထိပေါ်မှာ ခိုးယူသိမ်းပိုက်ခြင်းများ ဖြစ်ပါတယ်။ မချစ် မနှစ်သက်သောသူ–ဆိုတာကတော့ ဒီ သုံးဆဲ့နှစ်ကောဋ္ဌာသ ခန္ဓာအိမ် အပုပ်တုံးကြီးပင် ဖြစ်ပါ

တယ်။ ဒိဝိပဿနာဉာဏ်ပညာကိုမှ မရရှိကြလျှင် မိမိတို့ရဲ့ စိတ်အစဉ်မှာ ဖြစ်နေတဲ့ သဗ္ဗဒေါသ ခေါ်တဲ့ ဒိသဘော တရားတွေကို ဘယ်လိုနည်းနှင့်မှ မသိမမြင်နိုင်ပါဘူး မပယ် သတ်နိုင်ပါဘူး။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်နဲ့ ကြုံရက်သားနှင့်မှ မကြိုက်နိုင်ကြလျှင် မိမိတို့ စိတ်အာရုံ အစဉ်တွေဟာ ဘာတွေ ဖြစ်နေကြသလဲဆိုတာ ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ စဉ်းစားကြပေတော့၊ ဝိပ္ပတ္တိတရားတွေ ဗျသနတရားတွေ ပပဥ္စတရားတွေ အပြည့်အဝ ဖြစ်နေတယ်ဆိုတာ ဧကန်မုချသာ မှတ်ကြပေတော့။ ဒါဖြင့် ဝိပ္ပတ္တိတရားဆိုတာ အယူမှား အစွဲမှား အမှတ်မှားတွေနဲ့ ဖေါက်ပြန်ခြင်းဆိုတဲ့ ဒိဋ္ဌိဝိပ္ပတ္တိ လောဘ ဒေါသ မောဟဖြစ်တဲ့ ဒုစရိုက်တွေနဲ့ လုံးထွေး ရစ်ပတ်ပြီး အမြစ်မပြတ်နိုင်အောင် ဖြစ်နေတဲ့ သီလဝိပ္ပတ္တိ မိမိတို့ ကိုယ်ကျင့်တရားတွေ ပျက်ပြားနေတဲ့ အာစာရဝိပ္ပတ္တိ ဒီကိုယ်ကျင့်တရားဖြစ်တဲ့ ကာယကံမှု ဝစီကံမှု မနောကံမှု ဆိုတဲ့ ကိုယ်ကျင့်တရားတွေ ပျက်ပြားနေတော့ အသက် မွေးဝမ်းကျောင်း ပျက်စီးချို့တဲ့ခြင်းဆိုတဲ့ အာဇီဝဝိပ္ပတ္တိ ဒိဝိပ္ပတ္တိတရားတွေ မိမိတို့ စိတ်အာရုံပေါ်မှာ အစဉ်တစိုက် ဖြစ်နေလျှင် ဗျသနတရား ဆိုတာက အလိုလို ပြီးပြည့်စုံပြီး ဖြစ်လာပါတယ်။ ဘယ်ပုံ ဖြစ်နေတယ်ဆိုတာကို ကြည့်စမ်း ပါဦး။ ဘာသာတရား သာသနာတရားတို့၌ အယူပျက်စီးပြီး

လူ့သမ္မုတိသစ္စာတရား ပျက်ပြားခြင်းဆိုတဲ့ ဒိဋ္ဌိဗျသန။ မိမိ စိတ်အာရုံ အစဉ်၌ အယူမရှင်းခြင်း၊ အယူမလင်းခြင်း၊ အယူမကောင်းခြင်း၊ စိတ်အာရုံ၌ လောဘ ဒေါသ မောဟ တို့ဖြင့် ဖုံးလွှမ်း ရစ်မှေး၍ ညစ်ထေးနေခြင်းဆိုတဲ့ သီလ ဗျသန။ မိမိ စိတ်အာရုံ မစင်ကြယ်သည်နှင့် အမျှ သွေး, သည်းခြေ, လေ, သလိပ် ဖောက်ပြန်ခြင်းဆိုတဲ့ ရောဂ ဗျသန။ တဏှာ, မာန, ဒိဋ္ဌိဟု ဆိုအပ်သော သမုဒယ ကိလေသာဖြစ်တဲ့ အာရက္ခသမ္ပဒါ, ကလျာဏမိတ္တသမ္ပဒါ, ဥဋ္ဌာနသမ္ပဒါ, သမဇီဝိတသမ္ပဒါ ဒီသမ္ပဒါ တရားလေးပါး ပျက်စီးခြင်းဆိုတဲ့ ဉာတိဗျသန။ ဒီလို အယူပျက်စီး၊ အကျင့် ပျက်စီး၊ စိတ်စင်ကြယ်မှုတွေ ပျက်စီးနေလျှင် လောကီစီးပွား လောကုတ္တရာစီးပွားတွေဟာ အလိုလို ပျက်စီးခြင်းများ ဖြစ်လာပါတယ်။ ဒီလောကီစီးပွား လောကုတ္တရာစီးပွား ပျက်စီးခြင်းကိုပင် ဘောဂဗျသန ခေါ်ပါတယ်။ မိမိတို့ရဲ့ စိတ်အာရုံ အစဉ်တွေပေါ်မှာ ဖြစ်နေတဲ့ သဗ္ဗဒေါသဆိုတဲ့ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုး ငါးပါး, ဝိပ္ပတ္တိတရားလေးပါး, ဗျသနတရားငါးပါးဆိုတဲ့ သဘောတရားတွေဟာ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရား သုံးပါးတို့ကြောင့်ဘဲ ဆိုတာတော့ ပုတ်ပြတ်သာ မှတ်ကြ ပေတော့။ ဒါကြောင့် အိုနာသေ ဆိုတဲ့ ရှေးအဘို့ လမ်း တလျှောက်မှာ ဒီလို ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တွေကိုမှ မသိ မမြင် မရရှိနိုင်ကြလျှင် သြကာသ အစဉ်

လုပ်နေကြလို့ ခက်တယ်။ ဒါကြောင့် ပယ်အပ်တဲ့တရား ပယ်သတ်ရမဲ့တရား ပယ်တတ်တဲ့တရားလို့ ပြောခဲ့ရခြင်း ဖြစ်ပါတယ်။

ပယ်သတ်ရမဲ့ သဗ္ဗဒေါသအစဉ်စကားကို ထင်ရှားအောင် ရှင်းကြဦးစို့ရဲ့။ ရပ်ပြစ်ရှစ်ပါးဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာ တော်မြတ်နှင့် မကြုံနိုင်တဲ့ အရပ်၊ ကြုံပြန်တော့လဲ မကြိုက် နိုင်တဲ့အရပ်၊ အသညသတ်အရပ်၊ အပါယ်လေးပါးအရပ်၊ သာသနာတော်မြတ်တရား ဖုံးကွယ်ပြီး တောစွန်တောင်ကြား ဖြစ်တဲ့ အရပ်များ ဖြစ်ကြပါတယ်။ ရန်သူမျိုးငါးပါး ဆိုတာကတော့ ရေ, မီး, မင်း, ခိုးသူ, မချစ် မနှစ်သက်သော သူများ ဖြစ်ကြပါတယ်။ ထပ်ရှင်းပြပါဦးမယ်။ ရေ-ဆိုတာ ကတော့ လိုမလို ချစ် မုန်း ချောက် မြှောက် ကြောက် ဆိုတဲ့ ကာမာသဝရေ,ဘဝါသဝရေ, ဒိဋ္ဌာသဝရေ,အဝိဇ္ဇာသဝရေများ ဖြစ်ကြပါတယ်။ မီး-ဆိုတာကတော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ မီးဆဲ့တပါးပင် ဖြစ်ပါ တယ်။ မင်း-ဆိုတာကတော့ ဒိဋ္ဌိ တဏှာ မာန်တို့ ဒီခန္ဓာ အပေါ်မှာ မင်းမူနေခြင်းများ ဖြစ်ပါတယ်။ ခိုးသူ-ဆိုတာ ကတော့ မနောဝိညာဉ်ဟာ အဝိဇ္ဇာနှင့် ပေါင်းပြီး ဒွါရ ခြောက်ပေါက်က နေ၍ အဆင်းပေါ် အသံပေါ် အနံ့ပေါ် အရသာပေါ် အတွေ့အထိပေါ်မှာ ခိုးယူသိမ်းပိုက်ခြင်းများ ဖြစ်ပါတယ်။ မချစ် မနှစ်သက်သောသူ-ဆိုတာကတော့ ဒီ သုံးဆဲ့နှစ်ကောဋ္ဌာသ ခန္ဓာအိမ် အပုပ်တုံးကြီးပင် ဖြစ်ပါ

သံသရာဝဋ်ဆင်းရဲ ဆိုတဲ့ ဘေးဒုက္ခအပေါင်းတို့မှ ကင်းလွတ်ကြရလေအောင် ဝိပဿနာညာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လေ့လာ ပွားများပြီး ကျင့်သုံး အားထုတ် နိုင်ကြပါစေရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက် ပါရစေဦး။

ဒိဋ္ဌေ အနုပဂ္ဂမ္မ သီလဝါ ဒဿနေန သမ္ပန္နော၊ ကာမေသု ဝိနယျဂေဓံ နဟိ ဇာတု ဂဗ္ဘသေယျံ ပုန-ရေတိ။

ဘိက္ခုဝေ–ပဉ္စာရုံ ငါးဌာနမှာတော့ မြင်လာပုံ မှားလာ သမျှမှာဖြင့် မအားရှာကြတဲ့ အိုနာ သေ အလိုကာမတွေနဲ့ အဆိပ်မိမိပြီးတော့ နိမိတ်အရှိ သဏ္ဌာန်ထင် သံသရာ တခွင်မှာ ဝဋ်မှောင် ဖုံးတာကြောင့် လွတ်အောင် ရုံးကာမှန်း ဆကာဖြင့်တမ်းတကာ ယူမျှော် ငြောင်းကြတဲ့ အို....သူတော်ကောင်း အပေါင်းတို့။

ဒိဋ္ဌေ၊ ကာယ,ဝစီ, မနောမှာ ဒုစရိုက်တွေနဲ့ မျောခဲ့ကြလို့ အတော မသတ်နိုင်တဲ့ အယူမှား အစွဲမှား အမှတ်မှားတွေ ဒလစပ် မအားအောင် ယူစွဲခဲ့ကြတဲ့ အတ္တဒိဋ္ဌိကိုလည်း။ အနု-ပဂ္ဂမ္မ၊ အစဉ်အမြဲ ဘဝင်အသဲမှာ အထင်စွဲတွေနဲ့ အမြင်လွဲကာ အိုနာသေ ဆုံးခဲ့တာကြောင့်။အနုပဂ္ဂမ္မ၊အစဉ်တစိုက် ထင်အခိုက်မှာဖြင့်မြင်လိုက်လျှင် ဖေါက်ပြန်ကြားလိုက်လျှင်ဖေါက်ပြန် နံလိုက်လျှင်ဖေါက်ပြန်စားလိုက်လျှင်ဖေါက်ပြန် တွေ့လိုက်လျှင် ဖေါက်ပြန် ကြံလိုက်လျှင်ဖေါက်ပြန် လကျာခေါ်တဲ့

အတ္တကိလမထ၊လက်ဝဲခေါ်တဲ့ ကာမသုခလ္လိက အစွန်းနှစ်ခုကို မကပ်မှု၍။ သီလဝါ၊ ပညာသီလသမာဓိဖြင့် ဇာတိကို အမှန်မြင် ကံတကျာ့ အစဥ်တွေ ချုပ်ငြိမ်းနိုင်တဲ့ ပညာသီလသမာဓိ ရှိသည် ဖြစ်၍။ ဒဿနေ နာ၊ အမြင် ဖဿမှာ ဘင်အနတ္တ ပါကလား, အကြားဖဿမှာ တရား အနတ္တ ပါကလား, အနံ ဖဿမှာ အမှန် အနတ္တ ပါကလားလို့ သမ္မာဒိဋ္ဌိဉာဏ်မိ ပိုင်ပိုင်သိမြင်နိုင်တဲ့ ပညာဖြင့်။ သမ္ပန္နော၊ ဝိဇ္ဇာနှင့် စရဏ နှစ်ဝ စုံလီ ပြည့်စုံညီ၍။ ကာမေသု၊ ဝတ္ထုပေါ်မှာ လိုမလို အာရုံပေါ်မှာ လိုမလို ထိုထိုကြုံကြုံ အလီလီနှင့် အမည်ဆန်းပြား ကာမဂုဏ်ဆိုတဲ့ ထိုတရားတို့၌။ ဂေဓံ၊ ကိလေသာဖြင့် တွယ်တာတပ်မက် နှစ်သက် မြတ်နိုးခြင်းကို။ ဝိနေယျ၊ တစမကြွင်း အစစလင်းအောင် အရှင်း ပယ်ရှားပြီးသော်။ ဇာတု၊ စဥ်စစ် ကေန် အမှန်ပင်။ ပုန၊ မြင်တိုင်းမှာ အဖန်ဖန် ကြားတိုင်းမှာ အဖန်ဖန် နံတိုင်းမှာ အဖန်ဖန် စားတိုင်းမှာ အဖန်ဖန် တွေ့တိုင်းမှာအဖန်ဖန် ကြံတိုင်းမှာ အဖန်ဖန်။ ဂဗ္ဘသေယျ၊ နာနာသတ္တ ဥလ္လောကဋ္ဌဘေး, ဒုစရိတဘေး, အပါယဘေး, ဝိနိပါတဘေး ဆိုတဲ့ ဘေးဆိုးကြီး လေးမျိုးသို့။ နဧတိ၊ ဘယ်တော့မှ မလားရောက် နိုင်တော့ပေ။ နဧတိ၊ ဇာတိခေါ်တဲ့ သံသရာ အစဥ် ဝဋ္ဋဇာတ်ဘေးမှာလ ခြောက်....မြန်မကြာ အလျင် လွတ်လပ်ရေး ရတော် မူနိုင်ကြပါစေကုန် သတည်း။ ။

## လောကပါလ ရှင်းတမ်း ဟောစဉ်

ဝိပဿနာ တရားကို အားမထုတ်မီ ရှေးအဘို့၌ သိသင့် သိထိုက် သိပိုင်ခွင့် ရှိတဲ့ သဘော တရားတွေကို ရှေးဦးစွာ သိဘို့ အလွန် လိုအပ်ပါတယ်၊ သိသင့် သိထိုက် သိပိုင်ခွင့် ရှိကဲ့ အချက်အလက် တွေကိုလဲ ရှေးဦးစွာ သိမြင် သဘောပေါက်ပါမှ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လွယ်လင့် တကူ ရှာဖွေလို့ ရနိုင်ပါမယ်။

ဒါကြောင့် ဝိပဿနာ ဆိုတဲ့ စကားဟာ လူတိုင်းပါးစပ် ဖျားမှာ လျှပ်ပန်းစားသလို ပြောဆို နေကြပေမဲ့ အမြင်ရှင်း အောင် အမြင်လင်းအောင် သိဘို့ကတော့ အလွန် ခက်လှ ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဝိပဿနာတရားဟာ ကိုယ့် အပြစ် ကိုယ်ရှာတဲ့တရား ဖြစ်လေတော့ ဆရာစစ် ဆရာမှန် များကို မှီဝဲဆည်းကပ်ပါမှ သိမြင် သဘောပေါက်နိုင် သ ဘောရောက်နိုင် သဘောရနိုင် သဘောကျနိုင်တဲ့ တရားမျိုး ဖြစ်ပါတယ်။

ဒါကြောင့် သံသရာတဝှန်း ခရီးကြမ်းမှာ စမ်းတဝါးဝါး အရမ်းသွား နေကြရတဲ့ သတ္တဝါတွေဟာ ယောဂီများ ကိုယ် ပိုင်ဉာဏ်နဲ့သာ စဉ်းစားပြီး ကြည့်ကြပေတော့၊ အိုနာသေ မှာ သာလျှင် ကောန်မုချ လမ်းဆုံး နေတယ် ဆိုတာ ပုတ်ပြတ် သာ မှတ်သား ထားကြပေတော့။

ဒါကြောင့် သံသာရ စာရကံ လောကံနိစ္စံ ဒုက္ခေန ပီဠိတံ-လို့ ပါဠိတော်က ညွှန်ပြထားတော် မူပါတယ်၊ ဒီအို နာသေကွဲ ဆိုတဲ့ ရှေ့အတို့ လမ်းတလျှောက်မှာ သွားနေကြတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာ ကိုယ်ပိုင်ဉာဏ်နဲ့သာ ဆင်ခြင် **စဉ်းစားကြည့်ကြပေတော့**။

မိမိတို့ရဲ့ စိတ်အာရုံ အစဉ်တွေပေါ်မှာ အယူမှား အစွဲမှား အမှတ်မှားတွေနဲ့ ဒရစပ် မအားအောင် ဒုစရိုက်တွေ ဖြစ်ပြီး မြုပ်လိုက် မျှောလိုက် ဆက်လိုက် လည်လိုက်နဲ့ဘဲ အိုခြင်း နာခြင်း သေခြင်းကိုသာ ဆုံးရှုံးခဲ့ကြရတယ် မဟုတ်ပါလား၊ ဒီစိတ်အာရုံ သံသရာပေါ်မှာ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တွေ ဒီစိတ်အာရုံ သံသရာမှာ ဖုံးလွှမ်း ရစ်မွှေးပြီး ညစ်ထေး နေလေတော့ အပြစ်ဘေး ဆိုတဲ့ ဒိဋ္ဌိဝိပ္ပတ္တိ၊ သီလဝိပ္ပတ္တိ၊ အာစာရဝိပ္ပတ္တိ၊ အာဇီဝဝိပ္ပတ္တိတွေ ဖြစ်ပြီး ပျက်စီးခြင်း အမျိုးမျိုးတွေ မဆုံးနိုင် မတုံးနိုင်အောင် ဒီ အိုနာသေကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ဧကန်မုချ ဖြစ်ကုန် ကြတော့တာပါဘဲ။

ဒါကြောင့် လောက ဒီစိတ်အာရုံ သံသရာပေါ်မှာ ဒုစရိုက်တရားတွေနဲ့ အယူမှား အစွဲမှား အမှတ်မှားတွေ ဖြစ်ပြီး ဝိပ္ပတ္တိတရားတွေ အပြည့်အဝနဲ့ အိုနာသေမှာ သာလျှင် ပျက်စီး ဆုံးရှုံးခဲ့ကြရတယ် မဟုတ်လား ဒါဘာကြောင့်လဲ ဆိုတော့ ဝိပဿနာ ဉာဏ်ဖြစ်တဲ့ အသိဉာဏ်တွေ မရှိကြလို့

ဆိုတာ ပုတ်ပြတ်သာ မှတ်သားထားကြပေတော့ ဒိဝိပဿနာ ပညာဉာဏ်တွေကို ရပါမှ ပါလ အိုနာသေကွဲ ဆိုတဲ့ ရွှေအဘို့ လမ်းတလျှောက်မှာ အာရက္ခ သမ္ပဒါ၊ ကလျာဏမိတ္တ သမ္ပဒါ၊ ဥဋ္ဌာန သမ္ပဒါ၊ သမဇီဝိတ သမ္ပဒါ ဆိုတဲ့ သမ္ပဒါ တရားတွေနဲ့ ကျင့်သုံး စောင့်ရှောက်ပြီး နေထိုင်သွားတတ်ကြမယ် ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် လောက–ဖြင်တတ် ပျက်တတ်တဲ့ အပေါ်မှာ၊ ပါလ– စောင့်ရှောက် ကျင့်သုံး ရမဲ့ တရားတွေကို အချိုးကျကျ သိမြင် သဘောပေါက်ဘို့ အလွန် အရေးကြီးလှပါတယ်၊ လောက–ဖြစ်တတ် ပျက်တတ်တဲ့ လောကကြီးတလျှောက်မှာ၊ ပါလ– စောင့်ရှောက် ကျင့်သုံးပြီး နေထိုင် သွားရမဲ့ တရားကို ယောဂီများ သိမြင် သဘောပေါက်အောင် ရှင်းလင် ပြောပြပါဦးမယ်၊ လောက–ဒိစိတ်အာရုံ သံသရာပေါ်မှာ အယူများ အစွဲများ အမှတ်များ တွေနဲ့ ဖြစ်ပြီး ဝိပ္ပတ္တိတရားတွေ ပျက်ပြား နေကြလေတော့၊ ပါလ – စောင့်ရှောက် ကျင့်သုံးရမဲ့ တရားတွေကို မသိနိုင် မမြင်နိုင် ကြပေဘူး၊ ဒါကြောင့် လူ့ကျင့်ဝတ် တရားတွေ လူ့ဆက်ဆံရေး တရားတွေ အကုန်ပျက်စီး ချို့ယွင်းပြီး စိတ်အာရုံတွေ ပရမ်းပတာ ဖြစ်ကာ အတ္တကိလမထနှင့် ကာမသုခလ္လိက မှာသာလျှင် နစ်မြုပ်ခဲ့ကြတယ် မဟုတ်လား၊ ဒါကြောင့် ဖြစ်တတ် ပျက်တတ်တဲ့ လောကကြီး တလျှောက်မှာ မသိအပ်သော အရာဟူသမျှ

မရှိပါဘူး မပြုလုပ် မကျင့်သုံး အပ်တဲ့ အရာ သာလျှင် ကောန် မှုချ ရှိလေတော့ ယောဂီများ ကိုယ်ပိုင် ဉာဏ်နဲ့ စဉ်းစား ကြည့်ကြ ပေတော့။

ဒါကြောင့် နေရေး အတွက် စီးပွား ရှာကြ ရပါမယ် သေရေး အတွက် တရားရှာကြရပါမယ် ဒါဖြင့် နေရေး အ တွက် စီးပွားရှာရမယ်၊ သေရေး အတွက် တရားရှာရမယ် ဆို တဲ့ နေရာမှာ ဘာနဲ့ရှာမယ် ဘယ်တရားတွေနဲ့ ရှာရမယ် ဆိုတဲ့ အချက်အလက် တွေကို ယောဂီများ သဘောပေါက် အောင် ရှင်းလင်း ပြောပြ ပါဦးမယ်၊ သဒ္ဓါကြီးကြီးနဲ့သာ နားစိုက် ကြပေတော့ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ ရယ်လို့ သုံးမျိုး ရှိပါတယ်။

သမ္မုတိ သစ္စာ ဆိုတာကတော့ ပဉ္စာရုံ ကမ္မဇ ရုပ်နှင့် ဥတုဇ ရုပ်တို့ ပေါင်းစုံလုံးထွေး တိုက်ခိုက်တဲ့ အခါမှာ စိတ် အာရုံမှာ သမုတ်ချက်နှင့် တကွ အမေဘဲ အဖေဘဲ ဆရာဘဲ ရဟန်းဘဲ သံဃာတော်ဘဲ ဘုရားဘဲလို့ ဖြစ်ပေါ် လာပါ တယ်၊ ဒီစိတ်အာရုံ ထင်ခိုက်မှာ မြင်လိုက်တဲ့ သမုတ်ချက်ကို သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝဖြင့် သစ္စာထိုက် အောင် သစ္စာကိုက်အောင် သစ္စာဆိုက်အောင် သစ္စာအချိုး ကျအောင် ပြုလုပ် ကျင့်သုံး နေထိုင်ခြင်းကို သမ္မုတိ သစ္စာ ခေါ်ပါတယ်။

ဝစီသစ္စာ ဆိုတာကတော့ ဒီစိတ်အာရုံ ထင်ခိုက်မှာ မြင် လိုက်တဲ့ သမုတ်ချက်ကို မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသ

ဝါစာ၊ သမ္မပ္ပလာပဝါစာ ဆိုတဲ့ ဝစီ ဒုစရိုက် လေးပါးမှ လွတ်အောင် ခေါ်ဝေါ် ပြောဆို ကျင့်သုံးခြင်းကို ဝစီသစ္စာ ခေါ်ပါတယ်။

ဝိရတီသစ္စာ ဆိုတာကတော့ စိတ်အာရုံ ထင်ခိုက်မှာ မြင်လိုက်တဲ့ သမုတ်ချက်ကို အယူမှား အစွဲမှား အမှတ်မှားမှ လွတ်အောင် ဒုစရိုက် ဆယ်ပါးမှ လွတ်အောင် သမ္မာဝါယာမ ဖြင့် လုံ့လပြု၍ သမ္မာသတိဖြင့် ကပ်လျက် အယူမှား အမှတ်မှားနှင့် တကွ ဒုစရိုက် ဆယ်ပါး ငြိမ်းပြီးလျှင် သမ္မာ-သမာဓိ ဖြစ်အောင် ကျင့်သုံးနေထိုင်ခြင်းကို ဝိရတီသစ္စာခေါ်ပါတယ်။

ဒီသစ္စာ သုံးပါးဟာ နေရေး အတွက် စီးပွားရှာတဲ့ နေရာမှာ သော်၎င်း၊ သေရေးအတွက် တရားရှာတဲ့ နေရာမှာ သော်၎င်း အချိုးကျကျ သစ္စာကိုက်အောင် သစ္စာဆိုက်အောင် ပြုလုပ် ကျင့်သုံး နေထိုင်တတ်ပါမှ သံသရာဝဋ္ဋ်ဆင်းရဲမှ လွတ်မယ်၊ လူ့လောက နယ်မှာ ဒီသစ္စာ သုံးပါးကို အချိုးကျအောင် မကျင့်သုံး မနေထိုင် တတ်ကြလျှင် ဒီသံသရာ ဝဋ္ဋ ဒုက္ခတောထဲမှာဘဲ မထွက်နိုင်အောင် မျက် စိလယ်ပြီး လမ်းမှားပြီး အရမ်းသွား နေကြရမှာဘဲ ဆိုတာ ပုတ်ပြတ်သာ မှတ်သား ထားကြ ပေတော့။

ဒီလောက ပါလ ဖြစ်တဲ့ လူသမ္မုတိ သစ္စာတရား ကြီးကို အချိုးကျအောင် မသိ မမြင်နိုင်ကြ လေတော့ ဒီစိတ်အာရုံ

တွေ ဖေါက်ပြန်တိုင်း ခံစားတိုင်း မှတ်သားတိုင်း ပြုပြင်တိုင်း ကြံစည်တိုင်းမှာ အယူမှားအစွဲမှား အမှတ်မှားနှင့်တကွ ဒုစရိုက် တရားတွေ ဖြစ်ပြီး လောဘ ဒေါသ မောဟတွေ မဆုံးနိုင် မတုံးနိုင်အောင် ဖြစ်ကုန် ကြတော့ တာပါဘဲ။ ဒီလောကပါလ သစ္စာတရားကြီးကို အချိုးကျကျ သိမြင်သဘောပေါက်ကြရ လေအောင် အသိဉာဏ် ပညာတွေကို ရှေးဦးစွာ ရှာကြရပါမယ်၊ ဒီအသိဉာဏ် မျိုးတွေကို ရှာလို့ ရလာကြလျှင် ဒီစိတ်အာရုံမှာ ဖေါက်ပြန်တိုင်း သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဖြစ်အောင် ကျင့်သုံး နေထိုင်တတ်ပါတယ်၊ခံစားတိုင်းလဲသမ္မာဝါစာ၊သမ္မာကမ္မန္တ သမ္မာအာဇီဝဖြစ်အောင် ကျင့်သုံး နေထိုင် တတ်ပါတယ်၊ မှတ်သားတိုင်း ပြုပြင်တိုင်း ကြံစည်တိုင်းမှာလဲ သမ္မာဝါစာသမ္မာကမ္မန္တ သမ္မာအာဇီဝ ဖြစ်အောင် ကျင့်သုံးနေထိုင် တတ်ပါတယ်၊ ဒီလိုကျင့်သုံး နေထိုင်တတ် ကြလျှင် နေရေး အတွက် သေရေးအတွက်မှာ စိတ်ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်း တွေနဲ့ ပြီးပြည့်စုံပြီး မဇ္ဈိမ ပဋိပဒါ လမ်းပေါ်မှာ ဖြူးဖြူးဖြောင့်ဖြောင့်ကြီး အလိုလို ရောက်လာတော့တာပါဘဲ။

ဒီလို မဇ္ဈိမ ပဋိပဒါ လမ်းမကြီး ပေါ်ကို ဖြူးဖြူးဖြောင့်ဖြောင့်ကြီး အလိုလို ရောက်လာပလား ဆိုမှဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာတို့ကို လွယ်လင့်တကူနဲ့ ရနိုင်တယ် ရောက်နိုင်တယ် ခံစား စံစားနိုင်တယ်

ဆိုတာ ကောန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့၊ ဒီလောကပါလ တရား ဖြစ်တဲ့ သမ္မုတိ သစ္စာ၊ ဝစီသစ္စာ၊ ဝိရတီ-သစ္စာ တရားကြီးဟာ လူတိုင်း ကျင့်အပ်တဲ့ တရား ကျင့်ရမဲ့ တရား ဖြစ်ပါတယ်။ လူ့သမ္မုတိ သစ္စာတရားကြီး လို့လဲ ခေါ်ပါတယ်၊ ယနေ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ရှာဖွေတဲ့ နေရာမှာ သိကိစ္စ၊ ကျင့်ကိစ္စ တွေကို ပိုင်းပိုင်းခြားခြား မသိကြလေတဲ့ အတွက်ကြောင့် ပရမတ်ပညတ်တွေနဲ့ အသား လုပ်ပြီး စကားရှုပ် နေကြတာ မဟုတ်လားယောဂီ၊ တကယ်တော့ ပရမတ် ပညတ် ဆိုတာ သိကိစ္စ သက်သက်မျှသာ ဖြစ်ပါတယ်၊ ဒါဖြင့် ယောဂီများ သဘောပေါက်အောင် သိကိစ္စ၊ ကျင့်ကိစ္စ၊ ကြဉ်ကိစ္စ သုံးမျိုးကို အနည်းငယ် ရှင်းလင်း ပြောပြ ပါဦးမယ်၊ သိကိစ္စ ဆိုတာ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ အာယတနတရား၊ ဓါတ်တရားများ ဖြစ်ပါတယ်။

တနည်း ပြောရမည် ဆိုလျှင် ပရမတ်တရား၊ ပညတ်တရားများ ဖြစ်ပါတယ်၊ ကျင့်ကိစ္စ ဆိုတာ လောကပါလ ဖြစ်တဲ့ သမ္မုတိ သစ္စာတရားကြီး ခေါ်တဲ့ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီ သစ္စာ တရားများ ဖြစ်ပါတယ်၊ ကြဉ်ကိစ္စ ဆိုတာ ကတော့ အဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ္ဋ တဏှာခေါ်တဲ့ ကမ္မဝဋ္ဋ ဥပါဒါန် ခေါ်တဲ့ ဝိပါကဝဋ္ဋတို့ ဖြစ်ပါတယ်၊ တနည်း ပြောရမည် ဆိုလျှင် တဏှာ မာန ဒိဋ္ဌိ တရားများ ဖြစ်ပါတယ် ဒီဝိပဿနာနဲ့ ဆိုင်ရာ ကိစ္စသုံးပါးကို ပရိညာ

ဉာဏ်ဖြင့် အချိုးကျကျ ပိုင်းပိုင်းခြားခြား သိမြင်သဘော ပေါက်ပါမှ သဘောရောက်ပါမှ သဘောရပါမှ သဘောကျ ပါမှ ဒီသံသရာဝဋ်ဒုက္ခက လွယ်လင့်တကူ ထွက်မြောက်အောင် မြင် နိုင်တယ်။

ဒါကြောင့် သဒ္ဓါရယ် ဆရာရယ် တရားရယ် သုံးပါး ပြည့်စုံဘို့ အလွန် လိုအပ်လှပါတယ်၊ ဒီသုံးပါး မညီညွတ်ခဲ့ ပါလျှင် သံသရာ ဝဋ်ဆင်းရဲ ဆိုတဲ့ ဘေးဆိုးကြီး အမျိုးမျိုး တို့မှ ဘယ်နည်းနှင့်မှ မလွတ်နိုင်ပါဘူး၊ ဒီလို သိကိစ္စ ကျင့် ကိစ္စ ကြဉ်ကိစ္စ တွေကို အချိုးကျကျ သိမြင်သဘော ပေါက် ပြီး ကျင့်သုံး နေထိုင် တတ်ကြ ပါလျှင် လောကီ မင်္ဂလာ လောကုတ္တရာ မင်္ဂလာ အမျိုးမျိုးတွေ ပြည့်စုံလျက် အို နာ သေကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဖြစ်တဲ့ ဥဋ္ဌာနသမ္ပဒါ၊သမ္မဝါစာ သမ္မာကမ္မန္တဖြစ်တဲ့ ကလျာဏ မိတ္တ သမ္ပဒါ၊ သမ္မာအာဇီဝ ဖြစ်တဲ့ သမဇီဝိတ သမ္ပဒါ၊ သမ္မာ ဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဖြစ်တဲ့ အာရက္ခ သမ္ပဒါ ဒီသမ္ပဒါ တရားတွေနဲ့ အချိုးကျကျ သစ္စာထိုက်အောင် သစ္စာကိုက်အောင် အိုနာသေကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ပြီးပြည့်စုံပြီး သကာလ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ ကင်းပြီး ရှင်းပြီး လင်းပြီး သုပ္ပဋိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာယပ္ပဋိပန္နဂုဏ်၊ သာမိစိပ္ပဋိ-ပန္နဂုဏ်တွေ အလိုလို ပြည့်စုံပြီး ဗြဟ္မစရိယ ဆိုတဲ့ ရတနာ

တွေ၊ ဣန္ဒြိယ သံဝရ ဆိုတဲ့ ရတနာတွေ အလိုလို ပြည့်စုံလာတော့ တာပါဘဲ။

ဒါကြောင့် သစ္စာတရား တွေကို ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ပြီး ကျင့်သုံး နေထိုင် တတ်ကြတဲ့ ပုဂ္ဂိုလ်များမှာ စားဝတ် နေရေးကြောင့် ရှေ့ကို ဆက်လက်ပြီး ကျင့်ဘို့စရာကို အကယ်၍ မေ့နေသည် ဖြစ်ငြားအံ့ ရှစ်ဘာဝမကူးပါဘူး လို့ ပရိတ်ကြီး ပါဠိတော်မှာ ညွှန်ပြ ထားတော် မူပါတယ်၊ ဒါကြောင့်-

> ယေအရိယာသစ္စာနိ၊ ဝိဘာဝယန္တိ ဂမ္ဘီရ ပညေန သုဒေသိတာနိ ကိဉ္စာပိ တေ ဟောန္တိ ဘုသံပမတ္တာ န တေ ဘဝံအဋ္ဌမမာဒိယန္တိ။

လို့ ဟောပေါ် ညွှန်ပြထားတော်မူပါတယ်-။

ဒီလူ့သမ္မုတိ သစ္စာတရားကြီးဖြစ်တဲ့ သမ္ဘဒါတရားတွေနဲ့ ပြုလုပ်ကျင့်သုံး နေထိုင်သွားကြပါလျှင် အယူမှား အစွဲမှား အမှတ်မှား ဖြစ်တဲ့ ဒိဋ္ဌိဝိပလ္လာသ သညာဝိပလ္လာသ စိတ္တဝိပလ္လာသတွေ ကင်းစင် လွင့်ပျောက်ပြီး ကိလေသဝဋ္ဋ ကမ္မာဝဋ္ဋ ဝိပါကဝဋ္ဋဆိုတဲ့ သံသရာဝဋ္ဋဘေးဆိုးကြီး အမျိုးမျိုးတို့မှ ကင်းလွတ် ထွက်မြောက်နိုင်ပါတယ်။ တနည်းပြောရမယ်ဆိုလျှင် ပုံသဏ္ဌာန်အမျိုးမျိုးတွေနဲ့ ဖြစ်နေရတဲ့ နာနာသတ္တဥလ္လောကဋ္ဌဘေး ဒုစရိုက်တရားတွေနဲ့ ရစ်မွေးပြီး ညစ်ထေးနေရတဲ့ ဒုစ္စရိတဘေး၊ ချမ်းသာကင်းပြီး ဆင်းရဲ

ခြင်းအပြည့်အဝတွေနဲ့ ဖြစ်နေရတဲ့ အပါယ်ဘေး၊ စိတ်အာရုံ ပရမ်းပတာတွေနဲ့ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် ကျချင်ရာကျ ဖြစ်ချင်ရာဖြစ်နေတဲ့ ဝိနိပါတဘေးဆိုတဲ့ ဘေးဆိုးကြီး အမျိုးမျိုးတို့မှ ကျွတ်လွတ် ထွက်မြောက် အောင်မြင်နိုင်ပါတယ်။ ဒီလို သာသနာတော်မြတ်ကြီးနဲ့ ကြုံကြိုက်တဲ့ အခါမှာ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဖြင့် မြဲမြံစွာ ပိုင်ပိုင် နိုင်နိုင်ကြီး ယုံကြည်စောက်ချထားပလားဆိုမှဖြင့် သမုဒယအနှောင်အဖွဲ့ဖြစ်တဲ့ ကိလေသာတရားတွေ ကင်းစင် လွင့်ပျောက်ပြီး နိဗ္ဗာန်ချမ်းသာကို ကေန်ထုတ်ချောက်မျက်မှောက်ပြုကြရလိမ့်မယ်ဆိုတာ တထစ်ချသာ မှတ်ကြပေတော့ ဒါကြောင့် ပရိတ်ကြီးပါဠိတော်က-

ယေသုပ္ပယုတ္တာ မနသာ ဒဠှေန နိက္ခာမိနော
ဂေါတမသာသနာမှိ တေပတ္တိပတ္တာ အမတံ ဝိဂယှ
လဒ္ဓါ မုဓါ နိဗ္ဗုတိ ဘုဉ္ဇမာနာ။

လို့ ဟောဖော်ညွှန်ပြထားခြင်း ဖြစ်ပါတယ်-။

ဒီသဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဖြင့် သိကိစ္စ, ကျင့်ကိစ္စ, ကြဉ်ကိစ္စတွေကို ပိုင်းခြားဝေဘန်ပြီး သစ္စာအချိုးကျကျ သိမြင် သဘောပေါက်လာတဲ့အတိုင်း အိုနာသေကွဲဆိုတဲ့ လမ်းတလျှောက်မှာ ကျင့်သုံးနေထိုင်သွားတတ်ကြပါလျှင် စိတ္တသုခ ကာယသုခတွေနဲ့ ပြီးပြည့်စုံပြီး မြေဩ စိုက်ထားအပ်သော ကျောက်စာတိုင်များဟာ အရပ်လေး

မျက်နှာမှ လာသော လေတို့ တိုက်ခတ်ငြားသော်လဲ မတုန်လှုပ်စေနိုင်သလို၊ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဖြင့် ပြည့်စုံနေတဲ့ အရိယာသူတော်ကောင်းများမှာလဲ မြင်သဘော ကြားသဘော နံသဘော စားသဘောတွေ ထိသဘော ကြံစည်သဘောတို့ အပေါ်မှာ လိုမလို ချစ်မုန်းဆိုတဲ့ သမုဒယ ကိလေသာ လေတွေ မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံစီခိုက်မှာ ဘယ်လိုပင် လုံးထွေးပြီး တိုက်ခတ်ငြားသော်လဲ မြေခြစိုက်ထားအပ်တဲ့ ကျောက်စာတိုင် မလှုပ်သလို သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဖြင့် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်များမှာ ဒီသမုဒယ ကိလေသာလေတွေ ဒွါရ ခြောက်ပေါက်ကနေပြီး တိုက်ခတ်ပါသော်လဲ လုံးဝတုန်လှုပ် ချောက်ချားခြင်း မရှိပါဘူးတဲ့။ ဒါကြောင့် ဒီဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေမှာ ဖြူစင်ဖြောင့်မတ်ပြီး ကောင်းမြတ် စင်ကြယ်ကြောင်း၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြောင်း နေရေးအတွက် စီးပွားရှာတဲ့ နေရာမှာသော်ရင်း သေရေးအတွက် တရားရှာတဲ့ နေရာမှာသော်ရင်း ဖြူစင် ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်ပြီး ခိုင်မြဲကြောင်းကို ပရိတ်ကြီးပါဠိတော်က–

ယထိန္ဒခီလော ပထဝိဿိတော သိယာ စတုဗ္ဘိ
ဝါတေဟိ အသမ္ပကမ္ပိယော တထူပမံ သပ္ပုရိသံ
ဝဒါမိ ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။

လို့ ဟောဖော်ညွှန်ပြထားတော်မူပါတယ်။

ဒီလို ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်လာတဲ့ အခါမှာ ဝိပဿနာ ဉာဏ်ပညာ မဂ်ပညာ ဖိုလ်ပညာတွေကို လေ့လာလိုက်စားပြီး ကြိုးစားအားထုတ်သင့်ကြပါတယ်။ ဒီလိုအသိဉာဏ်ပညာတွေ ရပလားဆိုမှဖြင့် အိုနာသေကွဲဆိုတဲ့ ရှေ့အတွို လမ်းတလျှောက်မှာ အယူမှား အစွဲမှား အမှတ်မှားတွေနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေ ကင်းစင်လွင့်ပျောက်ပြီး အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတွေ ရုပ်သိမ်းချုပ်ငြိမ်းပြီး ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်တဲ့ သုစရိတသီလ ဗြဟ္မစရိယသီလ ဣန္ဒြိယသံဝရသီလတွေ အလိုလိုပြီးပြည့်စုံလာတော့တာပါဘဲ။ ဒီလိုသီလတွေ ပြည့်စုံလာသည်နှင့်အမျှ ဒွါရခြောက်ပေါက် မှန်အကြည်ရုပ်ပေါ်မှာ ကံမှီပြီး သမုတ်နေတဲ့ မြင်ခိုက်အပေါ် ကြားခိုက်အပေါ် နံခိုက်အပေါ် စားခိုက်အပေါ် တွေ့ထိခိုက်အပေါ် ကြံစည်ခိုက်အပေါ်မှာ ရုံ့ရင်းကြမ်းတမ်းတဲ့ အယူမှား အစွဲမှား အမှတ်မှားနှင့်တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေကို ဘယ်တော့မှ မပြုလုပ် မကျင့်သုံးတော့ပါဘူး ယောဂီ။ ဘာကြောင့်လဲဆိုတော့ ဒီလိုဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရရှိထားတာဖြစ်လေတော့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရား ခုနစ်ပါး ပြီးပြည့်စုံပြီး ဖြစ်နေတဲ့ အတွက်ကြောင့်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒီလိုသူတော်ကောင်းတရား ခုနစ်ပါး ပြီးပြည့်စုံလာလျှင် အိုနာသေကွဲဆိုတဲ့ ရှေ့အတွို လမ်းတလျှောက်မှာ

အပါယ်လေးပါးဘေး ကပ်သုံးပါးဘေး ရပ်ပြစ်ရှစ်ပါးဘေး ရန်သူမျိုးငါးပါးဘေး ဝိပ္ပတ္တိလေးပါးဘေး ဗျသနငါးပါးဘေး ပပဉ္စဆိုတဲ့ ဘေးဆိုးကြီး အမျိုးမျိုးတို့မှ ကေန်မုချ ကင်းလွတ်စင်ကြယ်ပြီး သန္တိသုခလက္ခဏာနဲ့ ပြည့်စုံနေတဲ့ ချမ်းသာမြတ်ကြီးကို ကေန်မုချ ခံစား စံစားကြရမယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့ ဒါကြောင့် ပရိတ်ကြီးပါဠိတော်က–

သဟာဝဿ ဒဿန သမ္ပဒါယ တယ ဿုဓမ္မာ ဇဟိတာ ဘဝန္တိ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ သီလဗ္ဗ တံဝါပိ ယဒတ္ထိကိဉ္စိ စတုဟာပါယေဟိစ ဝိပ္ပမုတ္တော ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ။

လို့ ဟောဖေါ်ညွှန်ပြထားတော်မူပါတယ်။

ဒါကြောင့် အပါယ်လေးပါးဘေး ကပ်သုံးပါးဘေး ရပ်ပြစ်ရှစ်ပါးဘေး ရန်သူမျိုးငါးပါးဘေး ဝိပ္ပတ္တိလေးပါးဘေး ဗျသနငါးပါးဘေး ပပဉ္စဆိုတဲ့ ဘေးဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်နိုင်ကြရလေအောင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လေ့လာလိုက်စား ပွားများ အားထုတ်နိုင်ကြပါစေရန် ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါရစေဦး။

ပဋိဗဒ္ဓံ ဟိ နိဗ္ဗာနံ၊ ကာမာဂုဏေဟိ သေဥ္စန္နာ။
အပ္ပသန္တ္တာ နလဗ္ဘန္တိ၊ အာရကာ တေ ဗဟူ ဇနာ။

ဘောဇ္ဈင်္ဂေ၊ ထူးထွေဆန်းလည် လူတို့နယ်တွင် သွယ်သွယ်ဖွံ့ဖွံ့ ဣန္ဒြေရုံကို ခုံခုံမင်မင် အကောင်းထင်၍ ပျော်ရွှင်နှစ်ခြိုက် ဂရုစိုက်လျက် လမ်းလိုက်မှားသူ များဗိုလ်လူတို့....။

ဟိ၊ နိဗ္ဗာန်ဘုံထီးကန္နက်မှာ စိတ်ကြံပုံ အပြီးပျက်ကြသဖြင့် နီးရက်နှင့် ဝေးပုံကို ဆေးစုံခြယ်ကာ ပြလိုက်ဦးအံ့။ ယောဇနာ၊ အဖိုအမ ကိုယ်တကြွကြွနဲ့ မှုရတဲ့ မျက်နှာအလှဖြစ် အကြင်သို့သော သတ္တဝါအများတို့သည်။ စင္ဒိမဒ္ဒီ၊ မောင်တို့နှင့်နီးကပ် မယ်တို့နှင့် နီးကပ်လျက် အပြီးစပ်၍နေသော။ နိဗ္ဗာန်၊ ဆောင်လယ်ဗွေရိပ်ပြန်ဝမှာ အောင်သွယ်အခြေ ဓိဋ္ဌာန်ကြသဖြင့် မောင်မယ်တွေ စိတ်ကြံဆကြတဲ့ နိဗ္ဗာနပြည်ခေမာကို။ ကာမဂုဏေဟိ၊ စက္ခုနှင့် ရူပါရုံ, သောတနှင့်သဒ္ဒါရုံ, ဃာနနှင့် ဂန္ဓာရုံ, ဇိဝှာနှင့် ရသာရုံ, ကာယနှင့် ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့သည်။ သဉ္ဆန္နာ၊ ညမှောင်မှာ လရောင်ကလဲမလင်း ဝတိန်ဗွေ တိန်တွေခင်းပြန်တော့ ရဂုံတွင်းတိုက်ဘောင်မှာ မိုက်မှောင်တွေ ရှုမြင်မလင်းနိုင်သည့် ဥမင်တွင်းပမာ ပိတ်ဖုံး ကွယ်ကာ အပ်လေသောကြောင့်။ အပ္ပသန္တာ၊ ငြိပွေစွာ အပိုမပွားချင်တဲ့ ကိလေသာဆိုတဲ့ ထိုတရားတွေကြောင့် တိခြေကာ ဗြဟ္မစိုရ်မှာလဲ မထားနိုင်ကြတော့ဘဲ ကိုယ့်အနားမှာရှိတဲ့ နိဗ္ဗာန်ကို အရိပ်သဏ္ဍာန်လို တဒင်္ဂမျှ မမြင်ကြရလေကုန်သည် ဖြစ်၍။ နုံလဗ္ဘန္တိ၊ အမတဓမ္မရေဇလာကို သဒ္ဒါဗလဝ ဝေဖြာသဖြင့် ဘဂဝါ

ဘုရားဒေသနာနှင့် အသေအချာ စက်နှိုးသော်လဲ စိုးစိုးပိုင်ပိုင် မရနိုင်ကြလေကုန် သတည်း။ ဗဟူ၊ ဂဏန်းချ၍ မှန်းဆခြင်းငှာ မတတ်နိုင်အောင် များလှစွာကုန်သော။ တေဇနာ၊ ထိုအောင်မဂ္ဂင် ရတနာရိပ်ပြန့်ဝ ကြွင့်နှန်းဆီသို့ ဖေါင်စက်ဆင်ကာ စိတ်ကြံမှန်းကြသော်လဲ ဓိဋ္ဌာန်ခန်း ချက်မပိုင်သဖြင့် ဂယက်ဆိုင်သွေသံသရာမှာ နာမ်ခန္ဓာအဖြစ်မစဲဘဲနှင့် ဖန်ခါခါ အသစ်လဲလဲပြီးတော့ တရစ်ဝဲဝဲနှင့် နေကြကုန်သော ထိုသူတို့သည်။ နိဗ္ဗာနတော၊ သုခတွေကလဲ အဖုံဖုံ ချမ်းသာဂုဏ်တွေကလဲ အမျိုးမျိုး မြတ်နိုးရာအမှန် နန်းနိဗ္ဗာန်မှ။ အာရကာ၊ ဝေးလှလေစွတကား။ (ဝါ) အာရကာ၊ စိတ်ကြံပုံ အပြီးပျက်ကြသဖြင့် ဗိမာန်အစုံတန်ည်း အဖျက်တို့ကြောင့် နိဗ္ဗာန်ဘုံ ထီးကန္နက်မှ ဩော်....နီးရက်နှင့်ဝေး ဖြစ်ရလေတော့ သတည်း။

---

## သုံးဆဲ့ရှစ်ဖြာမင်္ဂလာ ရှင်းတမ်း ဟောစဉ်

ဝိပဿနာတရားကို အားမထုပ်မိ ရွှေအဘို့၌ သိသင့်သိထိုက် သိပိုင်ခွင့်ရှိတဲ့အချက်အလက်တွေကို သိဘို့ရာ အလွန်အရေးကြီးလှပါတယ်။ ဒါဖြင့် ဝိပဿနာဆိုတဲ့ စကားဟာ လူတိုင်း ပါးစပ်ဖျားမှာ လျှပ်ပန်းစားသလို ပြောဆိုသုံးစွဲနေကြပေမဲ့ အမြင်ရှင်းအောင် အမြင်လင်းအောင် သိဘို့ကတော့ လွယ်လှမယ် မဟုတ်ပေဘူး။ ဝိပဿနာဆိုတဲ့

စကားအစဉ်အချက်ကို အသားတင်သက်သက် ဗမာလို ရှင်းပြပါဦးမယ်။

ဝိ-ဆိုတာ ထူးတာ ကင်းတာလို့ အဖြေရပါတယ်။ ပ-ဆိုတာ ပဋိပဒါအကျင့်လို့ အဖြေရပါတယ်။ ဿနာ-ဆိုတာကတော့ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ,အနတ္တာနု-ပဿနာလို့ အဖြေရပါတယ်။

ဒါဖြင့် ယောဂီများ သေသေ ချာချာ သဘော ပေါက်အောင် စဉ်းစားရင်း နားစိုက်ကြပေတော့။ မိမိတို့ ခန္ဓာကိုယ်ကြီးဟာ မမြဲတဲ့ အစဉ်တွေ၊ ဆင်းရဲတဲ့ အစဉ်တွေ၊ အစိုးမရတဲ့ အစဉ်တွေကို မသိ သိအောင် မမြင် မြင်အောင် ကျင့်သုံး လေ့လာ ပွားများတော့ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဒုစရိုက်တရားတွေ အထူး ကင်းပြီး စင်ပြီးနေတဲ့ သဘောလို့ အဖြေရပါတယ်။ ဝိပဿနာ အကြောင်းကို ဗမာလို သိတို့ လိုပါတယ်။ ဒီလို အနိစ္စ လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို သိမြင်တဲ့ ဉာဏ်ရမှ ဝိပဿနာဉာဏ်လို့ ခေါ်ရ လိမ့်မယ်။ ဒါဖြင့် ဝိပဿနာဉာဏ် ရအောင် ရောက်အောင် ပေါက်အောင် ပိုင်အောင် ဘယ်လို သိမြင်အောင် လုပ်ရမယ်ဆိုတဲ့ အချက် အလက်တို့ကို ရှင်းလင်းပြောပြပါဦးမယ်။

ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ သုံးမျိုး ရှိပါတယ်။ ဉာတပရိညာ-ဆိုတာကတော့ အကြောင်းရုပ်

နာမ်, အကျိုးရုပ်နာမ်, အရှိရုပ်နာမ်, အဖြစ်ရုပ်နာမ်, သင္ခါယရုပ်နာမ်, ဥပါဒါန်ရုပ်နာမ်, ပညာတ်ရုပ်နာမ်, ပရမတ်ရုပ်နာမ် တို့ကို ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်အောင် လေ့လာ သုံးသပ် ဆုံးဖြတ်နိုင်တဲ့ ဉာဏ်များပင် ဖြစ်ပါတယ်။ တီရဏပရိညာ–ဆိုတာကတော့ ထိုရုပ်တရား နာမ်တရားတို့ရဲ့ သဘော လက္ခဏာ သဘာဝဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ဟုတ်တိုင်း မှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်များပင် ဖြစ်ပါတယ်။ ပဟာနပရိညာ–ဆိုတာကတော့ ဒီရုပ်တရား နာမ်တရားတို့ ဖြစ်ပွားကြောင်းဖြစ်တဲ့ တဏှာ သမုဒယတို့ကို ခေါ်ပါတယ်။ သင္ခါယရုပ်နာမ်, ဥပါဒါန်ရုပ်နာမ်တို့ကို ပိုင်းပိုင်း ခြားခြား သိမြင်မှု ဉာတပရိညာဆိုရာဝယ် ဝေဖန် သုံးသပ် ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ရအောင် ဘယ်ပုံ ဘယ်နည်း ရှာရမယ်၊ ဘယ်ပုံ ဘယ်နည်း သိမြင်အောင် လေ့လာရမယ် ဆိုတဲ့ အသိဉာဏ် ပညာရဘို့ကတော့ သပ္ပုရိသ သံသေဝဖြစ်တဲ့ ဆရာစစ် ဆရာမှန်တို့ကို မှီဝဲဆည်းကပ်မှ ရနိုင်ခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သုတနေယျခေတ်ဖြစ်တဲ့ အတွက်ကြောင့် သုတ-အကြားအမြင်တွေရအောင်၊ နေယျသင်အံလေ့ကျက် ဆောင်ရွက် မှတ်သားရမယ်။

ဒါမှ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ တွေကို ပိုင်းခြား ဝေဖန် သုံးသပ် ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ပညာတွေရမယ်။ သင်အံလေ့ကျက် ဆောင်ရွက် မှတ်သား

ရမယ်ဆိုတဲ့ နေရာမှာ သာဝနပရိယတ်, ဓာရဏာပရိယတ်, ပဋိပုစ္ဆာပရိယတ် ရယ်လို့ သုံးမျိုးရှိပါတယ်။

သာဝနပရိယတ်– ဆိုတာ ရုပ်တရား, နာမ်တရား, ခန္ဓာတရား, အာယတနတရား, ဓာတ်တရား, ပဋိစ္စသမုပ္ပါဒ်တရားတွေကို နာကြား မှတ်သားခြင်းများဖြစ်ပါတယ်။

ဓာရဏာပရိယတ်– ဆိုတာကတော့ ဒီလို ပရမတ်တရား, ဓာတ်တရားတွေကို နာကြား မှတ်သား မိတဲ့အတိုင်း လေ့လာခြင်း၊ ဆောင်ထားခြင်းများ ဖြစ်ပါတယ်။

ပဋိပုစ္ဆာပရိယတ်– ဆိုတာကတော့ ဒီရုပ်ဓာတ် နာမ်ဓာတ်ဖြစ်တဲ့ ပရမတ်တရား ဓာတ်တရားတွေကို လေ့လာ မှတ်သားဆောင်ထားတဲ့ အတိုင်း မေးတတ်ခြင်း၊ ဖြေ့တတ်ခြင်းများဖြစ်ပါတယ်။

ဒီပရိယတ်သုံးပါးနှင့် ပြည့်စုံအောင် ရှေးဦးစွာ ဆရာထံမှာ မှီဝဲဆည်းကပ် ရပါမယ်။ သပ္ပုရိသ သံသေဝဖြစ်တဲ့ ဆရာစစ် ဆရာမှန်များ ထံမှာ မှီဝဲဆည်းကပ်မှ ရနိုင်တဲ့ ပညာမျိုးဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် "စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ ကတမာနိ စတ္တာရိ သပ္ပုရိသ သံသေဝေါ"။လို့ ပါဠိတော်က ဖော်ပြထားခြင်းဖြစ်ပါတယ်။ ပိုင်းခြား ဝေဖန် သုံးသပ်ဆုံးဖြတ်ပုံ သဘောကို သုတ္တန်အစဉ်ဖြင့် ရုပ်နာမ်မြင်အောင် ရှင်းပြပါဦးမယ်။

လောကဝေါဟာရကထာ, သတ္တာနဝေါဟာရကထာ, အဘိဓမ္မာဝေါဟာရကထာ လို့ သုံးမျိုး ရှိပြန်ပါတယ်။ လောက-ဖြစ်တတ် ပျက်တတ်တဲ့ သဘော အပေါ်မှာ၊ ဝေါဟာရ-သုံးစွဲ ခေါ်ဝေါ် ပြောဆိုခြင်းကို လောကဝေါဟာရ-ကထာလို့ ခေါ်ပါတယ်။ သတ္တာနဝေါဟာရကထာ-ဆိုတာကတော့ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါတော့ မဟုတ်ဘူး၊ ရုပ်တရား, နာမ်တရား, ခန္ဓာတရား, အာယတနတရား, ဓါတ်တရား တို့သာလျှင် ဟုတ်တယ်၊ ဖြစ်တယ်လို့ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါတို့မှ ကင်းအောင် ရှင်းအောင် စင်ကြယ်အောင် ရုပ်တရား, နာမ်တရား, ခန္ဓာတရား, အာယတနတရား, ဓါတ်တရားတွေကို ကိုယ်စားပြု၍ ပြောပြော သုံးစွဲခြင်းကို သတ္တာနဝေါဟာရကထာလို့ ခေါ်ပါတယ်။ အဘိဓမ္မာဝေါဟာရကထာ - ဆိုတာကတော့ အာရုံ ရှေ့ရှု ဆောင်လာတဲ့ အပေါ်မှာ ဤသဘောကဖြင့် ကုသိုလ်၊ ဤသဘောကဖြင့် အကုသိုလ်ဖြစ်တယ်လို့ စိတ် အစဉ် စေတသိက် အစဉ်တွေကို အကြောင်းအကျိုး အဖြစ်ဖြင့် သိမြင်လာခြင်း၊ တနည်း မြင်သာအောင် ပြောရမယ်ဆိုလျှင် စိတ်အာရုံရှေ့ရှုဆောင်ပြီး ဖြစ်ပေါ်လာတဲ့ သဘောတွေကို ဤလို ဖြစ်ပေါ်လာခြင်းကတော့ သမုဒယဖြစ်တယ်။ ဤလို ဖြစ်ပေါ်လာခြင်းကတော့ ဒုက္ခဖြစ်တယ်။ ဤသဘောတရားတွေကို ဟုတ်တိုင်း မှန်စွာ သုံးသပ်ပြီး ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ကို အဘိဓမ္မာဝေါဟာရကထာလို့ ခေါ်ပါတယ်။

လောက လူသားတို့ ခေါ်ဝေါ် ပြောဆို သုံးစွဲ နေတဲ့ သဘောတရားတွေကို ယောဂီတိုင်း သိမြင် သဘောပေါက်ကြဖို့ အလွန် လိုအပ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ယခု လက်ရှိအကျိုး ခံစားနေရတဲ့ သဘောတွေက ဖြစ်တတ် ပျက်တတ်တဲ့ လောကကြီး အပေါ်မှာ ဖြစ်လေတော့ ကြပ်ကြပ် စဉ်းစားရလိမ့်မယ်။ ဖြစ်တတ် ပျက်တတ်တဲ့ လောကကြီး အပေါ်မှာ အယူမှား အစွဲမှား အမှတ်မှား-တွေနဲ့ မရပ် မနားအောင် စွဲယူ သိမ်းပိုက် လာခဲ့ကြတာဟာ စိစစ် ဝေဖန်ပြီး အဖြေမှန် ရအောင် ရှာကြည့်စမ်း ဘယ်လို အယူ အစွဲတွေနဲ့ ဖြစ်ပြီး နေတယ်ဆိုတာ အဖြေထွက် လာပါလိမ့်မယ်။

ယောဂီများ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပါ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာတို့ကို မရသူတိုင်း ဘယ်လိုအယူအစွဲတွေ ရှိမယ်ဆိုတာတော့ အထူးပြောစရာလိုလှမယ်မထင်ပါဘူး။ဘာကြောင့်လဲဆိုတော့ သမုဒယနဲ့ ဒုက္ခဟာ သတ္တဝါတို့ရဲ့ ပစ္စည်းဥစ္စာဖြစ်လေတော့။ သခါရလောကနဲ့ သတ္တလောကကြီးကို အမြဲတမ်း ဖန်ဆင်းနေတယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါဖြင့် ဓါတ်ကြီးလေးပါး၊ဘူတရုပ်အစဉ်ကို လူအဟုတ်ထင်နေတာ လူအဟုတ်မြင်နေတာ ရှင်းကြဦးစို့။ ဘူတဇာတတရားအစဉ်ကို ဘယ်သူက မှားမြင်နေတာလဲဆိုတာ ကြည့်ပါ။ ပထဝီ အာပေါ ဝါယော တေဇော။ အဲဒါ ပါဠိစကားနာမယ်ဖြစ်ပါတယ်။ ဗမာလိုပြောရ

လျှင် မြေ ရေ လေ မီးလို့ ခေါ်ပါတယ်။ အဲဒါလဲနာမယ် ဖြစ်ပါတယ်။ ဒီနာမယ်တွေကို မံသမျက်စိ ပကတိမျက်စိနဲ့ မြင်ရလေရော့သလား မြင်နိုင်လေရော့သလား ဆိုတာ ယောဂီများ ကိုယ်ပိုင်ဉာဏ်နဲ့သာ စဉ်းစားကြပေတော့၊ ဒီနာမယ်တွေဟာ နာမပညတ်တရားတွေ စိတ်သညာကပညာတ်သမုတ်ထားတဲ့ နာမယ်တွေ ဖြစ်လေတော့ မံသမျက်စိ, ပကတိမျက်စိနဲ့ လုံးဝမြင်စရာမရှိ ဘိတ်မြင်စရာမရှိဘူးဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒီနာမပညတ် သမူဟပညတ်တွေကို မံသမျက်စိ ပကတိမျက်စိနဲ့ လုံးဝမမြင် ဘိတ်မမြင်ရလျှင် သမုတ်ခံဖြစ်တဲ့ မာသဘော ဖွဲ့သဘော ထောက်ကန်သဘော ပူအေးသဘော အဆင်း အသံ အနံ့ အရသာ ဩဇာဆိုတဲ့ သဘောတွေကို ဘယ်လိုနည်းနှင့်မှ မမြင်နိုင်ပါဘူး မြင်နိုင်စရာလဲ လုံးဝမရှိပါးဘူးဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့ ဒါကြောင့် နာမပညတ် သမူဟပညာတ် ဃနပညတ် သန္တတိပညတ် သမုတ်ရှိအစဉ်တရားတွေကို အဟုတ်ရှိတယ်လို့ အမြင်မှားပြီး လူလား နတ်လား ဗြဟ္မာလားနဲ့ သတ္တဝါဒေစားစား အရိပ်ထင် နိမိတ်အသွင်ကို အရှိယူ မသိသူအဘို့မှာတော့ သုံးဆဲ့တဘုံပါဘဲယောဂီ။ သုံးဆဲ့တဘုံဝါဒ အစွဲကို ထာဝရအမြဲအယူဝေလေ့နဲ့ သိမ်းပိုက်ပြီး ယူစွဲလာခဲ့တာ ယောဂီများ ကိုယ်ပိုင်ဉာဏ်နဲ့သာ စဉ်းစားကြပေတော့။ ဒီသာသနာတော်မြတ်နဲ့ ကြုံကြိုက်လျက်သားနှင့်မှ ဝိပဿနာဉာဏ် မဂ်ဉာဏ်

ဖိုလ်ဉာဏ်တွေကို မရကြလျှင် သုံးဆဲ့တဘုံ သံသရာအနှောင် အဖွဲ့မှ ဘယ်တော့မှ မလွတ်နိုင်ပါဘူးဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် သညာမြင် ဝိညာဉ်မြင် ဒိဋ္ဌိမြင်တွေကို မံသ မျက်စိ ပကတိမျက်စိနဲ့ တကယ်မြင် အဟုတ်မြင်တယ်လို့ ယူလာတာတွေဟာ ဟိုအနမတဂ္ဂသံသရာက စပြီး စွဲယူသိမ်း ပိုက်ပြီး ယူလာခဲ့ကြတာတွေ ဖြစ်ကြလေတော့ တော်တော် နဲ့ ဒီအယူအစွဲတွေကို မစွန့်နိုင်ကြပေဘူး၊ ဒါဖြင့် မြေရေ [redacted]

သို့းတိုင်း သဘောပေါက်အောင် သဘောရောက်အောင် သိမြင်နိုင်ဘို့ အလွန်အရေးကြီးလှပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနဲ့ ကြုံကြိုက်မှ ဝိပဿနာ့ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရနိုင်တာဖြစ် လေတော့ ယောဂီများ ကိုယ်ပိုင်ဉာဏ်နဲ့သာ စဉ်းစားကြ ပေတော့။

ဒီဥတုဇ အဘာဝ အဗျာကတ တရားအစဉ်ကို အများ မြင်အောင် ရှင်းပြပါဦးမယ်။ ဥတုဇ အဘာဝ အဗျာကတ တရားအစဉ်ပေါ်မှာ ဘယ်သူကမှားပြီး မြင်နေတာလဲဆိုတာ ယောဂီများ စဉ်းစားသာ ကြည့်ကြပေတော့။ ဒါဖြင့် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မာသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်တိုင်း မြင်ကြရလေအောင် သဒ္ဓါကြီးကြီးနဲ့သာ နာကြားကြပေတော့။ မြေ ရေ လေ မီး ခေါ်တဲ့ ဓါတ်သဘောတရားတွေရဲ့ အပေါ်မှာ အမှတ် တမဲ့ မျောပါပြီး အရှိဆုတ် သတိမအုပ်မိတော့ အယူမှားပြီး ဒုစရိုက်တရားတွေ အမြဲဖြစ်ကြတော့တာပါဘဲယောဂီ။

ဒါကြောင့် ဓါတ်သဘောတရားတွေကို ယောဂီများသ ဘောပေါက်အောင် သေသေချာချာ ရှင်းလင်းပြောပြရခြင်း ဖြစ်တယ်။ ဒါဖြင့် ဆက်ပြီးဉာဏ်မြင် သဘောပေါက်အောင် ရှင်းကြဦးစို့ရဲ့၊ မာဆိုတဲ့ သဘောဟာ ဘာကြောင့် မာသ လဲ့လို့ သေသေချာချာစဉ်းစားဘို့ လိုပါတယ်။ ဒါဖြင့် စဉ်း

စားကြည့်ပါ၊ ထောက်ကန်လို့ မာတယ်ဆိုတဲ့ အဖြေကိုရပါတယ်။ ထောက်ကန်တာ ဝါယောလို့ခေါ်ပါတယ်။ ထပ်ပြီး စဉ်းစားပါဦး၊ ဘာကြောင့် ထောက်ကန်သလဲလို့ မိမိဉာဏ်ထဲမှာ တွေးကြည့်ပါဖွဲ့လို့၊ ထောက်ကန်တယ်လို့အဖြေပေါ်လာပါလိမ့်မယ်၊ ဖွဲ့တယ်ဆိုတာ အာပေါလို့ ခေါ်ပါတယ်။ ဘာကြောင့်ဖွဲ့သလဲလို့ မိမိဉာဏ်ဖြင့် ရှေ့တရစ်တိုးပြီး စူးစမ်းပါဦး၊ ပူအေးကြောင့် ဖွဲ့တယ်လို့ မိမိဉာဏ်ဝမှာ အဖြေပေါ်လာပါလိမ့်မယ်၊ ပူအေးဆိုတာ တေဇောလို့ခေါ်ပါတယ်။

တကယ်တော့ ဒီဓါတ်ကြီး လေးပါးဖြစ်တဲ့ သဘောတရားတွေဟာ ပညာဉာဏ်နှင့်ကြည့်မှ သဘော တခုစီတခုစီ အဆင့်ဆင့် ကျေးဇူးပြုပြီး တပေါင်းတည်း ဖြစ်နေတာကို တွေ့မြင်နိုင်ပါတယ်။ ဒီဓါတ်ကြီး လေးပါးဟာ ပူအေးမှာ သာလျှင် လမ်းဆုံးနေပါတယ်။ ဒါဖြင့် ဓါတ်ကြီးလေးပါးဟာ ဥတုဇရုပ်ဆိုတာ မထင်ရှားပေဘူးလားယောဂီ။ ဥတုပူမှု အေးမှုကြောင့် ဇာတဖြစ်နေတဲ့ သဘောတွေလို့ အဖြေရပါတယ်။ ဓါတ်ကြီးလေးပါး ဖြစ်ပေါ်နေလျှင် အဆင်း အသံ အနံ့ အရသာ ဩဇာတို့ အထူးပြောစရာမလိုလှတော့ပါဘူး ၊ ဘာကြောင့်လဲဆိုတော့ ဓါတ်ကြီးလေးပါး ဖြစ်ပေါ်လျှင် ဒီအဆင်း အသံ အနံ့ အရသာဩဇာတို့ဟာ ဖြစ်မြဲတံထွာ ဓမ္မတာသဘာဝဘဲဆိုတာကိုတော့ယောဂီများသိနှင့်ပြီးဖြစ်တဲ့ အတွက်ကြောင့် အထူးပြောစရာ လိုလှမယ်မ

ဟုတ်ပါဘူး။ ဒါဖြင့် မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာ ဩဇာတို့ဟာ ဥတုဇရုပ်သက်သက်တွေဘဲလို့ဆိုတာ ပုတ်ပြတ်သာ မှတ်သားထားကြပေတော့၊ ဒီဥတုဇရုပ်သဘော တွေကို ဒိဋ္ဌိတဏှာမာနတို့နှင့် ပေါင်းသင်းဆက်ဆံခဲ့တဲ့အတွက် ကြောင့် ဒီသဘောတရားတွေ ရှိတယ်မှတ်၊ ပစ္စည်းဥစ္စာမှတ်၊ ငါမှတ် ဒီလိုအမှတ်တွေနဲ့ အငတ်မပြေအောင် မှားလာခဲ့ တာမဟုတ်ပါလား။

ဒီ မြေ ရေ လေ မီးဆိုတဲ့ ဥတုဇရုပ် သဘောတရားတွေ ကို မံသမျက်စိနှင့် မမြင်ရဘူး မမြင်နိုင်ဘူးဆိုတာ ကောန် အထင်အရှားဘဲ မဟုတ်ပါလား။ ခုတော့ မြင်တဲ့လက်သယ် ဟာဒိဋ္ဌိ တဏှာ မာနဆိုတာ ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့် သေသေချာချာ စဉ်းစားကြပေတော့။၊ ဒိဋ္ဌိ တဏှာ မာနတို့ ဟာ ဟိုအနမတဂ္ဂသံသရာကစပြီး ဖုံးလာလေတော့ တော် တော်နဲ့ ဒီအယူအစွဲတွေ မပျောက်နိုင်ဘူး။ဒါကြောင့် ဒီဥတု ဇရုပ်တွေအပေါ်မှာ သူထင်ငါထင် ယောကျ်ား မိန်းမပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာတွေ ဒီလိုအထင်မှား အမြင်မှားနေ တော့ ဒုစရိုက်တရားတွေ ဖြစ်ချင်တိုင်းဖြစ်နေတော့တာပေါ့။ ဒီလို အထင်မှား အမြင်မှားတွေကို ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကိုမှ မရလျှင် အထင်မှား အမြင်မှား အစွဲမှား တွေကိုဘယ်လိုနည်းနှင့်မှမပယ်နိုင်မဖျောက်နိုင်ပါဘူးယောဂီ။ ဒိဋ္ဌိတဏှာမာနတို့ ချယ်လှယ်ခြင်းခံနေရသည်နှင့်အမျှ သံသရာ တဝှန်း ခရီးကြမ်းတို့မှာ လမ်းစမထင် မှန်းဆလို့ မမြင်နိုင်

အောင် အမြဲ နှစ်မြုပ် နေမယ် ဆိုတာ ယောဂီများ ပုတ်ပြတ်သာ မှတ်သား ထားကြပေတော့၊ ဒါကြောင့် ဗုဒ္ဓ မြတ်စွာ သာသနာတော် မြတ်နှင့် ကြုံတဲ့ အခါမှာ ကြိုက်နိုင်ကြဘို့ သဒ္ဒါ အလွန် အရေးကြီး လှပါတယ်၊ သမ္မာဒိဋ္ဌိ ဉာဏ်ရဘို့ ကလဲ သာသနာတော်နှင့် ကြုံတိုင်း ရနိုင်တာမျိုး မဟုတ်လေတော့ ယောဂီများ ကြပ်ကြပ် စဉ်းစားရမဲ့ အချက်တွေ ဖြစ်ပါတယ်။

ဝိဇ္ဇာ-စရဏ ဉာဏ်ဖြင့် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတ ဉာဏ်ဖြင့် ဟုတ်တိုင်း မှန်တိုင်း သိမြင်အောင် ယောဂီများ သဒ္ဒါကြီးကြီး ဖြင့်သာ နာကြားကြပေတော့။မြေ-ရေ-လေ-မီး-အဆင်း အသံ-အနံ့-အရသာ-ဩဇာ ဆိုတဲ့ သဘောတရား တွေကို ဥတုဇရုပ် သမုတ်ရှိ အဘာဝတရား အနတ္တသက်သက်ဘဲလို့ မုချ မှတ်သား ကြပေတော့။ ဘာကြောင့်လဲ ဆိုတော့ အ-ဆိုတာ မရှိတာလို့ အဖြေ ရပါတယ်၊ ဘာဝ-ဆိုတာ ဖြစ်တယ်လို့ အဖြေရပါတယ်၊ ဒီ ဥတုဇရုပ် သမုတ်ရှိ တရား ဖြစ်တဲ့ မြေ-ရေ-လေ-မီး-အဆင်း-အသံ-အနံ့-အရသာ-ဩဇာ တို့ဟာ ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ အသက် လိပ်ပြာ ခေါ်ဆိုဘွယ်ရာ မရှိဘူး ဖြစ်စရာလဲ မရှိပါဘူးလို့ အဖြေရပါတယ်။

ဒါကြောင့် ဒီ ဥတုဇ ရုပ်ဟာ သမုတ်ရှိ အဘာဝတရား အနတ္တသက်သက် သာလျှင် ကေန် ဖြစ်တယ်လို့ ပုတ်ပြတ်သာ

မှတ်ကြပေတော့။ ယောဂီများ စဉ်းစားလေ၊ အဆင်း- အသံ အနံ့ အရသာ-ဩဇာ ဆိုတဲ့ သဘောတို့ကတော့ ဒုက္ခမပေးရိုး အမှန် မပေးတာလဲ အမှန်၊ ဖြစ်ပါတယ် ဘယ်သူက ပေးတာလဲ ဆိုတော့ ယောဂီများ မိမိ ကိုယ်ကိုသာ မိမိ မေးကြ ပေတော့ ခန္ဓာဉာဏ်ဝမှာ အဖြေ ပေါ်လာ ပါလိမ့်မယ်၊ လက်ရှိ ရထားတဲ့ ခန္ဓာအိမ်ကိုလဲ ယောဂီများ ဉာဏ်ဖြစ်အောင် တဆင့်တက်၍ ပြောပြ ပါဦးမယ်။

ဆံပင်-မွေးညှင်း-ခြေသည်း-လက်သည်း စတဲ့ သုံးဆဲ့နှစ်မျိုး အစုအဝေးကြီးကလဲ ဥတုဇ သမုတ်ရှိရုပ် သူလဲ အဘာဝတရား အနတ္တသက်သက် သာလျှင် ဖြစ်ပါတယ်၊ သုံးဆဲ့နှစ်မျိုး အစုအဝေး ဖြစ်တဲ့ ဥတုဇ သမုတ်ရှိ ရုပ်ပေါ်မှာ ဒွါရ ခြောက်ပါးခေါ်တဲ့ အပေါက် ခြောက်ပေါက် ရှိပြန်ပါတယ်၊ ဒီအပေါက် ခြောက်ခု တို့ရဲ့ အလယ်တဲ့တဲ့မှာ အကြည်ရုပ်များ ရှိကြပါတယ် ဒီမှန် အကြည်ရုပ်ကို ပသာဒရုပ် ကမ္မဇရုပ်လို့ခေါ်ပါတယ်၊ ကမ္မ-ကုသိုလ်ကံ၊အကုသိုလ်ကံကြောင့်၊ ဇာတ ဖြစ်ပေါ်လာတဲ့ ရုပ်လို့ အဖြေရပါတယ်။

ဒါကြောင့် ဒီမှန် အကြည်ရုပ်ကို ကမ္မဇရုပ်လို့ ခေါ်ရပြန်ပါတယ်၊ ကမ္မဇ ရုပ်ရဲ့ သဘောကို သေသေချာချာ ဝေဘန် သုံးသပ်ပြီး ဆုံးဖြတ် ကြည့်မယ် ဆိုလျှင် သူ့မှာလဲ ယောကျ်ား-မိန်းမပုဂ္ဂိုလ်-သတ္တဝါအသက်လိပ်ပြာခေါ်ဆိုရာ မှုချ မရှိပါဘူး၊ ဒီကမ္မဇ ရုပ်တို့ရဲ့ သဘောဟာ မြင်သဘော ကြားသဘော-နံသဘော-စားသဘော-တွေ့ထိ သဘော သာ

လျှင် ကောန်မှုချ ရှိပါတယ်၊ ဒီကမ္မဇ သမုတ်ရှိ ရုပ်ကိုလဲ အဘာဝတရား အနတ္တသက်သက် သာလျှင် ကောန် ဖြစ်တယ်လို့ မှုချ မှတ်ထားကြ ပေတော့။

လူ့သမ္မုတိ သစ္စာ တရားတွေ ပျက်ပြားပြီး ဒုစရိုက် တရား တွေနဲ့ အပြုမှား နေကြတာဟာ တကယ်တော့ ဒီဥတုဇ ရုပ် သမုတ်ရှိ အဘာဝ အနတ္တတရား၊ ကမ္မဇရုပ် သမုတ်ရှိ အဘာဝ အနတ္တ တရားတွေမှန်း မသိလို့ မမြင်လို့ ဆိုတာ မိမိတို့ ဥာဏ်ဝမှာ အဖြေမှန် ထွက်မနေပေဘူးလား ယောဂီ၊ ဒီသဘော တရားတွေကို အဘာဝ အနတ္တ တရား သက်သက် တွေချည်း ပါကလားလို့ ကောန် မှုချ သိမြင်လျှင် အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် တရားတွေ ရှိနိုင်ပါ အုံးတော့ မှာလား၊ ဒီဥတုဇ ရုပ်နှင့် ကမ္မဇရုပ်တို့ ပေါင်းဆုံ လုံးထွေးတဲ့ အခါမှာမှ အစိမ်း အပြာ အဝါ အနီ နှင့် တကွ ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ အသက် လိပ် ပြာတွေ ဖြစ်ပေါ်လာတာ မဟုတ်ပါလား။ ယောဂီများ ကြပ် ကြပ် စဉ်းစား ကြပေတော့။ ဒီနေရာမှာ ဉာဏ်ဖြစ်အောင် စဉ်း စားလျှင် ဘယ်သူ လုပ်တယ် ဆိုတာ ယောဂီတို့ ဥာဏ်ဝမှာ အဖြေ ပေါ်လာ ပါလိမ့်မယ် မျက်စိမြင် ဆိုတဲ့ သဘောနဲ့ အဆင်းဓါတ်နဲ့ ပေါင်းဆုံ လုံးထွေး တိုက်ခိုက်တဲ့ အခါမှာ ခံစား သဘော မှတ်သား သဘော ပြုပြင် သဘော ကြံသိ သ ဘော ဆိုတဲ့ နာမ်ခန္ဓာ လေးပါး ဖြစ်ပေါ်လာတယ် ဆိုတာ မှုချမှတ် ယောဂီ။

ကြား ဆိုတဲ့ သဘောနဲ့ အသံဓါတ်နဲ့ ပေါင်းဆုံ လုံး ထွေး တိုက်ခိုက်တဲ့ အခါမှာ ခံစား သဘော မှတ်သား သ ဘော ပြုပြင် သဘော ကြံသိသဘော ဆိုတဲ့ နာမ်ခန္ဓာလေးပါး ဖြစ်ပေါ် လာပါတယ်။ နှာခေါင်းခေါ် နံ ဆိုတဲ့ သဘော နဲ့ အနံ့ ဓါတ်နဲ့ ပေါင်းဆုံ လုံးထွေး တိုက်ခိုက်တဲ့ အခါ မှာ ခံစားသဘော၊ မှတ်သားသဘော၊ ပြုပြင်သဘော၊ ကြံ သိသဘော ဆိုတဲ့ နာမ်ခန္ဓာ လေးပါး ဖြစ်ပေါ် လာပါတယ်။ လျှာ လျက်သဘော၊ စားသဘောနဲ့ အရသာဓါတ်နဲ့ ပေါင်း ဆုံ လုံးထွေး တိုက်ခိုက်တဲ့ အခါမှာ ခံစားသဘော၊ မှတ် သားသဘော၊ ပြုပြင်သဘော၊ ကြံသိသဘော ဆိုတဲ့ နာမ် ခန္ဓာလေးပါး ဖြစ်ပေါ် လာပါတယ်။ ကာယနဲ့ တွေ့ထိ သဘောနဲ့၊ ပေါင်းဆုံ လုံးထွေး တိုက်ခိုက်တဲ့ အခါမှာ ခံစား သဘော၊ မှတ်သား သဘော၊ ပြုပြင် သဘော၊ ကြံသိ သဘော ဆိုတဲ့ နာမ်ခန္ဓာ လေးပါး ဖြစ်ပေါ် လာပါတယ် ဒါ ကြောင့်-

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ-
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ။"

လို့ ပါဠိတော်က ဖော်ပြ ထားခြင်း ဖြစ်ပါတယ်။

ဒီ ဥတုဇရုပ်-ကမ္မဇရုပ်တို့ ပေါင်းဆုံ လုံးထွေး တိုက်ခိုက် တဲ့ အခါမှာ နာမက္ခန္ဓာ ဖြစ်တဲ့ စိတ်အာရုံတွေ သာလျှင် ကေန်မုချ ဖြစ်ပေါ် နေပါကလားလို့ သမ္မာဒိဋ္ဌိညာဏ်ကို အ

ခြေခံ၍ သမ္မသနဉာဏ်နှင့် သုံးသပ်ပြီး ယထာဘူတ ဉာဏ်ဖြင့် ဒီလို ဟုတ်တိုင်း မှန်တိုင်း သိမြင်တော့ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဒုစရိုက် တရားတွေ စင်ကြယ်ပြီး ကင်းရှင်းပြီး အလိုလို ချုပ်ငြိမ်း ကုန်တော့ တာပါဘဲယောဂီ။ ဒါကြောင့်-

နဝတ္ထာ ရမ္မဏံ နာမံ၊ နာပိစူဘိန္န မန္တရာ။
ဟောတုံ ပဋိစ္စ သမ္ဘောတိ၊ သဒ္ဒေါ ပဟာတာယ-
ဘေရိယာ။

လို့ စည်နှင့် လက်ခတ်လို ဥပမာပြု၍ ဟောကြား ဖေါ်ပြ ထားခြင်း ဖြစ်ပါတယ်။

ဝတ္ထာရမ္မဏံ၊ စက္ခု, သောတ-စသော မှီရာ၊ ရူပ, သဒ္ဒ-စသည့် အာရုံမှ။ နာမံ၊ နာမက္ခန္ဓာ တရားသည်။ နသမ္ဘောတိ၊ ဖြစ်သည် မရှိ။ ဥဘိန္နံ၊ ဝတ္ထု, အာရုံနှစ်ပါးစုံတို့၏။ အန္တရာပိစ၊ အကြား၌လည်း။ နသမ္ဘောတိ၊ ဖြစ်သည်မရှိ။ ပဟာ-တာယ၊ တီးခတ် ရိုက်နှိုက် အပ်သော။ ဘေရိယာ၊ စည်၏။ သဒ္ဒေါယထာ၊ အသံကဲ့သို့။ ဟောတုံ၊ စက္ခု, ရူပ, အာလောက, မနသိကာရ စသော အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘော-တိ၊ အသစ်သစ် ဖြစ်ပေါ်၍ လာပေ၏။

ဥတုဇရုပ် သမုတ်ရှိ အဘာဝတရားနှင့် ကမ္မဇရုပ် သမုတ်ရှိ အဘာဝတို့ ပေါင်းဆုံ လုံးထွေး တိုက်ခိုက်တဲ့ အခါမှာ ဓါတ်သုံးပါး ပြိုင်နေပါကလား၊ ဓါတ်တဆဲ့ ရှစ်ပါးတို့ ဖြစ်

ပေါ် နေကြတာ ပါကလားလို့ ဒီလို သမ္မာဒိဋ္ဌိဉာဏ် ကောန် ရတော့ ဟုတ်တိုင်းမှန်တိုင်း ကောန်မြင်တော့ ဒုစရိုက်တရား တွေ အလိုလို ချုပ်ငြိမ်း စင်ကြယ် သွားကြောင်း မိမိတို့ဉာဏ် ဝမှာ အလိုလို မြင်လာတော့ တာပါဘဲ ယောဂီ၊ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာခေါ်တဲ့ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး ဟာ ပြီးပြည့်စုံ လာတယ် ဆိုတာ ယောဂီများကို ရှင်းလင်း ပြောပြ ပါဦးမယ်။

သဒ္ဓါ ဆိုတာ ပညာ-သီလ-သမာဓိ တို့ကို ကြည်ကြည်လင် လင် ဖြူဖြူစင်စင်ဖြင့် ယုံကြည်စောက်ချ ခြင်းကို ခေါ်ပါတယ်၊ သတိ ဆိုတာ စရိုက်တရားတွေ ကင်းအောင် ရှင်း အောင် စင်ကြယ်အောင် စောင့်စည်း ကျင့်သုံးနေထိုင်ခြင်းကို ခေါ်ပါတယ်၊ဝီရိယ ဆိုတာ ရုပ်တရား၊ နာမ်တရားတွေကို သိ မြင်နိုင်အောင်သဘောပေါက်အောင် လုံ့လ ဝီရိယဖြင့် အား ထုတ်ခြင်း၊ တနည်း ပြောရမယ် ဆိုလျှင် ဒုစရိုက် တရားတွေ မဖြစ်အောင် လုံ့လဝီရိယ ရှိခြင်းကို ခေါ်ပါတယ်၊ သမာဓိ ဆိုတာ ကတော့ ဒိဋ္ဌဥတုဇရုပ် ကမ္မဇရုပ် တွေကို ဟုတ်တိုင်း မှန်တိုင်း သိမြင်တော့ အယူမှား အလွဲမှား အမှတ်မှားတွေ အကုန်ငြိမ်းနေခြင်းကို ခေါ်ပါတယ်။ ပညာဆိုတာကတော့ ဒိဋ္ဌဥတုဇရုပ်နှင့် ကမ္မဇရုပ်တို့ ပေါင်းဆုံ လုံးထွေး တိုက်ခိုက် ခြင်းကို ဓါတ်တဆဲ့ရှစ်ပါး ဖြစ်ပေါ်နေတာ ပါကလားလို့ ဟုတ်တိုင်း မှန်တိုင်း မြင်တဲ့ ဉာဏ်ကို ပညာလို့ ခေါ်ပါတယ်။

ဒီလို သမ္မာဒိဋ္ဌိညာဏ်ဖြင့် အမြင်မှန် ရလာတော့ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာဖြစ်တဲ့ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးဟာ အလိုလို ပြီးပြည့်စုံလာခြင်း ဖြစ်ပါတယ်။ ဒီ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး ပြီးပြည့်စုံလာလျှင် မကောင်းမှု ဒုစရိုက်တရားတွေ ကင်းစင်လွင့်ပျောက်ပြီး မဂ်လာဆိုတဲ့ ဂုဏ်တွေနဲ့ အလိုလို ပြည့်စုံ၍ လူ့သမ္မုတိသစ္စာတရားကြီးဟာ ဖြူစင်ဖြောင့်မတ်ပြီး ကောင်းမြတ်စင်ကြယ်တဲ့ အကျိုးတွေကို ယောဂီများ မုချ ခံစားရမယ်ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်သား ထားကြပေတော့။

ဒါကြောင့်"မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။ ။တဲ့ ယောဂီ။ အယုတ်မှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေ ရိတ်တတ် ဖြတ်တတ် ပယ်တတ် သတ်တတ် လေသောကြောင့် မင်္ဂလာ"လို့ ခေါ်ရပါတယ်။ မကောင်းမှုတွေ ရိတ်တတ် ဖြတ်တတ် ပယ်တတ် သတ်တတ်တဲ့ ဉာဏ်က ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ အပြည့်အဝ မရှိကြ ငြားသော်လဲ ပဥ္စင်္ဂိကမဂ်၊ ပုဗ္ဗဘာဂမဂ် ဖြစ်တဲ့ အကြောင်း မဂ္ဂင်ငါးပါးကို အခြေခံပြီး အနုဗောဓဉာဏ်ကို ရှေးဦးစွာ ရအောင် ရှာဖွေ လေ့လာ ပွားများ အားထုတ် ကျင့်သုံး နေကထဲ ကိုက ဒုစရိုက်တရား ဆယ်ပါးတွေဟာ အလိုလို ငြိမ်းပြီး မင်္ဂလာဂုဏ်တွေနဲ့ ပြည့်စုံ လာတော့တာပါဘဲ ယောဂီ။

ဒါကြောင့် မင်္ဂလာဆိုက်ပုံ၊ မင်္ဂလာထိုက်ပုံ၊ မင်္ဂလာကိုက်ပုံတို့ကို အချိုးကျကျကလေး ရှင်းလင်းပြောပြပါဦးမယ်။ ယောဂီများ မင်္ဂလာဂုဏ်တွေနဲ့ ပြီးပြည့်စုံပုံကို ရှင်းလှင်းမဖေါ်ပြမီ ပစ္စုပ္ပန်၌ ဖြစ်သော စရိုက်ခြောက်ပါးကို အနည်းငယ် ပြောပြပါဦးမယ်။ ဘာကြောင့်လဲ ဆိုလျှင် ယောဂီတိုင်း ယောဂီတိုင်း ဒီစရိုက် ခြောက်ပါးကို သတိထားသင့်တဲ့ အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။ ဘာကြောင့် သတိထားရမှာလဲဆိုတဲ့အချက် အဖြေကတော့ ယောဂီများ တရားနာကြားရင်း မှတ်သားရင်းနဲ့ဘဲ ယောဂီများရဲ့ ခန္ဓာဉာဏ်ဝမှာ အဖြေရလာပါလိမ့်မယ်။

စရိုက် ခြောက်ပါးဆိုတာ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက္ကစရိုက်များ ဖြစ်ပါတယ်။ ဒီစရိုက် ခြောက်ပါးဟာ ဘိုးဘွား မိဘကြောင့်လဲ ဖြစ်ပေါ်လာတတ်ပါတယ်။ မိတ်ဆွေ အပေါင်းအသင်းကြောင့်လဲ ဖြစ်ပေါ်လာတတ်ပါတယ်။ အရပ်ဒေသအားဖြင့်လဲ ဖြစ်ပေါ် လာတတ် ပါတယ်။ ဒါကြောင့် ယောဂီများ ဒီစရိုက် ခြောက်ပါးကို သတိ ထားသင့်ကြပါတယ်လို့ ပြောပြရခြင်း ဖြစ်တယ်။

ဒါဖြင့် မင်္ဂလာဂုဏ်တွေနဲ့ ပြီးပြည့်စုံလာပုံကို ဆက်လက် ရှင်းလင်း ပြောပြပါဦးစို့။ ဒိဋ္ဌဓမ္မဇရုပ်သမုတ်ရှိ အဘာဝ၊ ကမ္မဇရုပ်သမုတ်ရှိ အဘာဝတရားတို့ကို ဟုတ်တိုင်းမှန်တိုင်း

သမ္မာဒိဋ္ဌိဉာဏ်၊ ယထာဘူတဉာဏ် ကောန်ရတော့ ဓါတ်သုံးပါး ပြိုင်ပြိုင်ပြီး ဖြစ်ပေါ်ခြင်းမှ တပါး အခြားဘာမှ မရှိပါကလား၊ မဟုတ်ပါကလားလို့ ယောဂီတို့ ဉာဏ်ဝမှာ ပြောင်ပြောင် စင်စင် ကြောင်ကြောင်မြင်ပြီး အယူရှင်း အယူလင်း အယူ ကင်းမသွားပေဘူးလား၊ ဗာလ-မိုက်တာ မှားတာ မှောင်တာ တွေကို၊ သေဝန-မှီဝဲစရာ၊ အ-မရှိဘူးဆိုတာ ကောန်မဲ့ချ မြင်မသွားပေဘူးလား။ ဒီလို သမ္မာဒိဋ္ဌိဉာဏ်ရတော့ အယူရှင်း အယူလင်း အယူကင်းပြီး မိုက်တာ မှားတာ မှောင်တာတွေ မရှိတဲ့ အတွက်ကြောင့် ဗာလအသေဝန မင်္ဂလာနဲ့ ပြီးပြည့်စုံ ခြင်း ဖြစ်လာပါတယ်။

တနည်း ပြောရမယ်ဆိုလျှင် ဗာလ-ဆိုတာ မိုက်တာ မှားတာ မှောင်တာလို့ အဖြေရပါတယ်။ အ-ဆိုတာ မရှိတာ။ သေဝန-မှီဝဲတာလို့ အဖြေရပါတယ်။ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ အယူရှင်းတာ အယူကင်းတာ အယူလင်းတာ မှီဝဲစရာ မရှိတော့တာလို့ အဖြေရပါတယ်။ ရှင်းရဲ့လား ယောဂီ။ ဘာကြောင့်လဲဆိုတော့ သပ္ပုရိသ သံသေဝ ဖြစ်တဲ့ ပညာယှိ သူတော်ကောင်းနှင့် ပေါင်းဖေါ် မှီဝဲ ယှဉ်တွဲ ဆည်းကပ် ထားလို့ မဟုတ်ပါလား။ ဒီလို သပ္ပုရိသ သံသေဝ ဖြစ်တဲ့ ပညာယှိ သူတော်ကောင်းနှင့် ပေါင်းဖေါ်မှီဝဲ ယှဉ်တွဲ ဆည်းကပ်ထားတော့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တွေနဲ့ ပြီးပြည့်စုံခြင်း ဖြစ်လာပါတယ်။ ဒါကြောင့် အသေ-

ဝနာဝ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။ ပူဇာစ ပူဇနေယျာနံ။ ဆိုတဲ့ မင်္ဂလာပါဠိတော်က ဟောဖော်ညွှန်ပြထားခြင်း ဖြစ်ပါတယ်။

ဒီလို မင်္ဂလာဂုဏ်တွေနဲ့ ဘာကြောင့် ပြည့်စုံလာတယ်ဆိုတာ ယောဂီများ သေသေချာချာ စဉ်းစားကြမေတော့။ အနမတဂ္ဂ သံသရာထဲက စပြီး ယူမှား စွဲမှား လာခဲ့တဲ့ အယူတွေဟာ ယနေ့တော့ သမ္မာဒိဋ္ဌိဉာဏ် ဦးစီး ဦးဆောင်ဖြစ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို မရမနေကြိုးစားရှာဖွေအားထုတ်ပြီး ကျင့်သုံးနေထိုင်ကြတော့ ဟိုအနမတဂ္ဂ သံသရာထဲက စပြီး အယူမှား အစွဲမှား အမှတ်မှားနှင့်တကွ ဖြစ်တဲ့ ဒုစရိုက် တရားတွေပါ ကင်းပြီး ရှင်းပြီး လင်းပြီး စင်စင်ကြယ်ကြယ် ချုပ်ငြိမ်းနေတဲ့ အတွက်ကြောင့် ဒီလို မင်္ဂလာဂုဏ်တွေနဲ့ ပြည့်စုံလာခြင်း ဖြစ်ပါတယ် ယောဂီ။

ယခု ယောဂီတို့ ရှာဖွေ စားသောက်နေရင်း ဘယ်ကို သွားနေကြသလဲဆိုတာ စဉ်းစားကြည့်ပါ။ အိုနာသေကို မျက်မှောက်ပြုပြီး သွားနေကြတာ မဟုတ်ပါလား။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို [illegible]လျှင် ဒီအိုနာသေလမ်းကို ဘယ်နည်းနဲ့မှ ရှောင်လို့ မရပါဘူး။ ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ယခုလို ကြုံကြိုက်တဲ့ အခါမှာ အိုနာသေကို ရှောင်နိုင်တဲ့ ဝိပဿနာဉာဏ်ဖြစ်တဲ့ လက်နက်ကောင်းကို ပိုင်ပိုင်ရအောင် အလွန်အရေးကြီးလှပါတယ်။

ဒီလိုသမ္မာဒိဋ္ဌိဉာဏ် အခြေခံဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ပိုင်ပိုင်ရပလားဆိုမှဖြင့် ပညာသိက္ခာ၊ သီလသိက္ခာ၊ သမာဓိသိက္ခာဆိုတဲ့ မင်္ဂလာဂုဏ်တွေနဲ့ ပြီးပြည့်စုံလာပြန်ပါတယ်။ ပဋိရူပ ဒေသဝါသဆိုတဲ့ မင်္ဂလာဂုဏ်တွေနဲ့ ပြည့်စုံလာလျှင် အိုနာသေ ကွဲဆိုတဲ့ ရှေးအဘို့ လမ်းတလျှောက်မှာ ဉာဏ်ကုသိုလ် ပါရမီကုသိုလ်တွေ ဖြစ်ပြီး အတ္တသမ္မာပဏိဓိဆိုတဲ့ ကိုယ်ကျင့်တရားဖြစ်တဲ့ မင်္ဂလာဂုဏ်တွေနဲ့ အလိုလိုပြည့်စုံလာပြန်ပါရော့။ ဒီဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေဟာ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာဂုဏ်တွေနဲ့ အလိုလိုပြည့်စုံနေတဲ့ တရားတွေဆိုတာ ယောဂီများ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒီဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို မနေ မနား ကြိုးစား ရှာဖွေ နေကထဲ ကိုက ဗာဟုသစ္စ ဆိုတဲ့ မင်္ဂလာဂုဏ်နှင့် ပြည့်စုံပြီး ကိုယ်အမူအရာ နှုတ်အမူအရာ ဖြစ်တဲ့ ကာယဒုစရိုက်တွေ ဝစီဒုစရိုက်တွေ ရှောင်တတ် တိမ်းတတ် ပယ်တတ် ဖြတ်တတ်ဖြစ်ပြီး ကိုယ်ကျင့်တရားတွေ ပြည့်စုံ၍ အယူမှား အစွဲမှား အမှတ်မှားတွေ ငြိမ်းလျက် ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း တွေနှင့် ပြည့်စုံလာတယ်။ ဒီလို ပြည့်စုံလာကတဲ ကိုက ပြောသမျှ သမ္မာဝါစာ၊ လုပ်သမျှ သမ္မာကမ္မန္တ၊ နေသမျှ သမ္မာအာဇီဝ ဖြစ်ပြီး ဗာဟုသစ္စ သိပ္ပဉ္စ ဝိနယောစ သုသိက္ခိတော

သုဘာသိတာစ ယာဝါစာ။ ။ဆိုတဲ့ မင်္ဂလာဂုဏ်တွေနဲ့ အလိုလိုပြည့်စုံလာပါတယ်။

ဒီလို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဥတုဇရုပ်ဝတ္ထု၊ ကမ္မဇရုပ်ဝတ္ထု တွေကို အဘာဝတရား အနတ္တသက်သက်တို့ ပါကလားလို့ မိမိတို့ရဲ့ ခန္ဓာဉာဏ်ဝမှာ ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်လာတော့ ဝတ္ထုကာမ ကိလေသာကာမ ဖြစ်တဲ့ အယူမှား အစွဲမှား အမှတ်မှားတွေ ရှင်းလင်းပြီး အာရက္ခသမ္ပဒါ၊ ကလျာဏ မိတ္တသမ္ပဒါ၊ ဥဋ္ဌာနသမ္ပဒါ၊ သမဇီဝိတသမ္ပဒါ - ဆိုတဲ့ လောကပါလတရားတွေ အလိုလို ပြည့်စုံလာပြန်ပါတယ်။ ဒီလို သမ္ပဒါ တရားတွေနဲ့ ပြည့်စုံ လာပလား ဆိုမှဖြင့် ကျေးမွေး ပေးကမ်း လှူဒါန်း စွန့်ကြဲတဲ့ အခါမှာ ကြည်လင် သန့်ရှင်းပြီး ကောင်းမြတ် စင်ကြယ်ခြင်းဆိုတဲ့ မင်္ဂလာဂုဏ်တွေ အလိုလို ပြည့်စုံလာတယ်။

ဒီလို ဝိပဿနာ ဉာဏ်တွေ ရပလားဆိုမှဖြင့် ယောဂီများ လောကီ မင်္ဂလာ လောကုတ္တရာ မင်္ဂလာ ဆိုတဲ့ ချမ်းသာ သုခတွေ အလိုလို ပြီးပြည့်စုံပြီး ခံစားကြရမယ် ဆိုတာ ကေန်မုချသာ မှတ်ကြပေတော့။ ဒါကြောင့် အတွင်းအလှခံ ခြောက်မျိုး၊ အပြင် အလှခံ တကျိပ် လေးမျိုးကို ယောဂီ များ သိကြရ လေအောင် အနည်းငယ် ပြောပြ ပါဦးမယ်၊ ဒီသဘောတရား တွေဟာ ယောဂီတိုင်း ယောဂီတိုင်း သိရှိ ထားနှင့် ကြဘို့ အလွန်လိုအပ်တဲ့ အချက်ကြီး ဖြစ်ပါတယ်။

အတွင်း အလှူခံ ခြောက်မျိုး ဆိုတာက ဆရာ၊ အဖေ၊ အမေ၊ သား၊ မယား၊ ညီအစ်ကို မောင်နှမ တို့ ဖြစ်ကြပါတယ်။ အပြင် အလှူခံ တကျိပ် လေးမျိုး ဆိုတာ ကတော့ မြင်သာတဲ့ သတ္တဝါက စ၍ ဘုရား ရဟန္တာ အဆုံးကိုတော့ အပြင် အလှူခံတကျိပ် လေးမျိုးလို့ ခေါ်ရပါတယ်။ ဒီအပြင် အလှူခံ တကျိပ် လေးမျိုးကို မလှူမတန်းလျှင် ပေးကမ်းစွန့် ကြဲမှု မပြုလုပ်လျှင် ကုသိုလ်လဲ မရပါဘူး၊ အပြစ်လဲ မရှိနိုင်ပါဘူး၊ အကျိုးမရ အပြစ်မရှိခြင်း သာလျှင် ဖြစ်ပါတယ်။ အတွင်း အလှူခံ ခြောက်ယောက် ကတော့ ဘယ်လိုနည်းနှင့်မှ ရှောင်လို့ မရတဲ့ အတွက်ကြောင့် ကျွေးမွေး ပေးကမ်း လှူဒါန်း စွန့်ကြဲမှုတွေကို မပြုလုပ်လျှင် သမ္မုတိသစ္စာ ပျက်၍ အပါယ်ကျမယ် ဆိုတာကိုတော့ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒီသဘော တရား တွေကို သိမြင် သဘော ပေါက်လာပလား ဆိုမှဖြင့် မိဘတို့ကို လုပ်ကျွေး မွေးမြူတဲ့ အခါမှာ အပြစ်နှင့် တကွ ဖြစ်တဲ့ ဒုစရိုက် တရားတွေ စင်ကြယ်၍ မင်္ဂလာဂုဏ်တွေနဲ့ အလိုလို ပြည့်စုံ လာပြန်ပါတယ်။ ဒါကြောင့်—

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တ ဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ။

လို့ မင်္ဂလာ ပါဠိတော်က ဟောဖော် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ကိုယ်ပိုင် ရပလား ဆိုမှုဖြင့် ကျေးမွေး ပေးကမ်း လှူဒါန်း စွန့်ကြဲတဲ့ အခါမှာ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဒုစရိုက်တရားတွေ စင်ကြယ်၍ အလိုလို သီလနှင့် ပြည့်စုံပြီး အပြစ်နှင့်တကွ မကောင်းမှုတရားတွေ ငြိမ်းလျက် မင်္ဂလာဂုဏ်တွေနဲ့ အလိုလို ပြည့်စုံ လာပါတယ် ဒါကြောင့်–

ဒါနဉ္စ ဓမ္မစရိယာ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ။

လို့ မင်္ဂလာ ပါဠိတော်က ဟောဖော် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။

ခုနပြောခဲ့တဲ့ သမ္မဒါတရား လေးပါး ဆိုတာကလဲ ဝိပဿနာဉာဏ် ပညာရပါမှ ပြီးပြည့်စုံ နိုင်တာမျိုးကလား၊ ဝိပဿနာ ဉာဏ်ပညာတွေ ရရှိ ထားပလား ဆိုမှုဖြင့် မိမိကိုယ်ကို မိမိထိန်းသိမ်း စောင့်ရှောက်ခြင်း ဆိုတဲ့ အာရက္ခသမ္ပဒါ ပြည့်စုံ လာပြန်ပါတယ်၊ ပြောသမျှ သမ္မာဝါစာ၊ လုပ်သမျှ သမ္မာကမ္မန္တ၊ နေသမျှ သမ္မာအာဇီဝ ဆိုတဲ့ ကလျာဏမိတ္တ သမ္ပဒါ၊ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဒုစရိုက် တရား မဖြစ်အောင် လုံ့လ ဝီရိယ စိုက်ထားတဲ့ ဥဋ္ဌာန သမ္ပဒါ၊ အာရက္ခ သမ္ပဒါ၊ ကလျာဏမိတ္တ သမ္ပဒါ ဖြစ်အောင်

ကျင့်သုံး နေဆိုင်ခြင်းကိုက သမဇ္ဇဝိတာ သမ္ပဒါ နဲ့ ပြီးပြည့်စုံလာပြီး ဖြစ်ပါတယ်။

ဒီသမ္ပဒါ တရားကြီးဟာ မိမိတို့ ခန္ဓာဥာဏ်ဝမှာ ကိုယ်ပိုင် ရလာလျှင် ရှိသေပြီး မိမိကိုယ်ကို နှိမ်ချိုးပြီး ရသမျှနဲ့ ရောင့်ရဲပြီး မြင်ကာလ၊ ကြားကာလ၊ နံကာလ၊ စားကာလ တို့မှာ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာတို့ဖြင့် စောင့်စည်း ကျင့်သုံးပြီး ဖြစ်လျှက် မင်္ဂလာဂုဏ်တွေနဲ့ ပြည့်စုံ လာပြန်ပါတယ် ဒါကြောင့်-

ဂါရဝေါစ နိဝါတောစ သန္တုဋ္ဌိစ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ။

ဆိုတဲ့ မင်္ဂလာ ပါဠိတော်က ဟောဖော် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။

ဒီ ဝိပဿနာ ဉာဏ်ပညာတွေ ရတော့ ယောဂီများ အယူ ရှင်း အယူလင်း အယူကင်းပြီး စိတ္တသုခ ကာယသုခတွေနှင့် ပြည့်စုံနေလျှင် ဒုစရိုက်တရားတွေ ချိုးနှိမ်ပြီး ဖြစ်ပါတယ်၊ ဒီ ဒုစရိုက် တရားတွေ ချိုးနှိမ်ထားလို့ စင်ကြယ်နေလျှင် ကာယကံ အမှု၌ မြတ်ခြင်း၊ ဝစီကံ အမှု၌ မြတ်ခြင်း၊ မနောကံ အမှု၌ မြတ်ခြင်း ဆိုတဲ့ ဗြဟ္မစရိယ သီလတို့နှင့် အလိုလို ပြည့်စုံ နေပါတယ်၊ ဒီလို ဗြဟ္မစရိယ တရားတွေ အလိုလို ဘာကြောင့် ပြည့်စုံ ရပါသလဲ ဆိုလျှင် သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ ဆိုတဲ့ တရားတွေ သစ္စာထိုက်အောင် သစ္စာကိုက်

အောင် သစ္စာဆိုက်အောင် သစ္စာ အချိုးကျအောင် သိမြင်ထားပြီး ဖြစ်တဲ့ အတွက်ကြောင့် ဘဲလို မုချသာ မှတ်ကြပေတော့ ဒါကြောင့်–

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကရိယာ စ။

ဆိုတဲ့ မင်္ဂလာ ပါဠိတော်က ဟောဖော် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။

ယောဂီများ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီ သစ္စာတို့ကို ဒီ ဗြဟ္မစရိယာ သီလ၊ သုစရိတ သီလတွေနဲ့ စောင့်စည်း ကျင့်သုံး နေကြလျှင် အယူမှား အစွဲမှား အမှတ်မှားတွေ သီးခံပြီး ဖြစ်ပါတယ်၊ ကိုယ် အမူအရာတွေ နှုပ်အမူအရာတွေ နူးညံ့ပြီး သိမ်မွေ့ပြီး ဖြစ်ပါတယ်၊ ပညာရှိ သူတော်ကောင်း တို့ကိုလဲ ပေါင်းဖော်မှီဝဲ ယှဉ်တွဲ ဆည်းကပ်တတ်ခြင်း ဖြစ်လာ ပါတယ်၊ မြင်ကာလ-ကြားကာလ-နံကာလ-စားကာလတို့မှာလဲ သုံးသပ် ဆင်ခြင်နိုင်ပြီး ဖြစ်တဲ့ မင်္ဂလာ ဂုဏ်တွေနဲ့အလိုလို ပြည့်စုံလာခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်–

ခန္တီစ သောဝစဿတာ သာမဏာနဉ္စ ဒဿနံ-
ကာလေန ဓမ္မသာကစ္ဆာ။

ဆိုတဲ့ မင်္ဂလာ ပါဠိတော်က ဟောဖော် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။

ဒီလို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အခြေခံ၍ သမ္မာသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဉာတပရိညာ၊ တိရဏ ပရိညာ၊ ပဟာန ပရိညာတွေကို ဟုတ်တိုင်းမှန်တိုင်း ကိုယ်ပိုင် သိမြင်လာတော့ ပစ္စုပ္ပန် မြင်ကာလ၊ ကြားကာလ၊နံကာလ၊ စားကာလ တို့မှာ လိုမလို ချစ်မုန်း ခြောက်မြောက်ကြောက် ဆိုတဲ့ လောကဓံ တရားတွေကို မဟုတ်မှန်း မရှိမှန်း မှုချ သိလာပါတယ်၊ ဒီလို ဝိပဿနာ ဉာဏ်တွေနဲ့ ဆင်ခြင် သုံးသပ်ပြီး ဆုံးဖြတ်တတ် လာတော့ မိမိတို့ စိတ်အာရုံ၌ တုံလှုပ် ချောက်ချားခြင်း ဘယ်တော့မှ မဖြစ်နိုင်တော့ပါဘူး စိုးရိမ် သောက ပရိဒေဝ ဆိုတဲ့ တရားတွေလဲ အကုန် ငြိမ်းတယ်၊ ရာဂ၊ ဒေါသ၊ မောဟ ဆိုတဲ့ ဘေးရန် ဟူသမျှ တို့လဲ မရှိပါဘူး။

ဒီလို လောကီ လောကုတ္တရာ စည်းစိမ် ချမ်းသာ တွေနဲ့ ပြည့်စုံနေတဲ့ မင်္ဂလာ ဂုဏ်တွေနဲ့ အလိုလို ဖြစ်ပေါ် လာပါတယ် ဒါကြောင့် မင်္ဂလာ ပါဠိတော်က-

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ။

ဆိုတဲ့ မင်္ဂလာ ပါဠိတော်က ဟောဖော် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။ ဒီလိုဉာတ ပရိညာ၊ တိရဏ ပရိညာ၊ ပဟာန ပရိညာ ဆိုတဲ့ သဘောတရားတွေကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဝေဘန် သုံးသပ် ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ်တွေ ပြည့်စုံတဲ့ယော

ဂီများမှာ တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ ကိလေသာ ရန်သူ အနေ့ာင် အဖွဲ့တို့မှ ကျေန်မှုချ အောင်မြင်နိုင်တယ်လို့ ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

အဲဒီလို တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ ကိလေသာ ရန်သူတွေ အောင်မြင်ပြီး ကင်းငြိမ်းစင်ကြယ် နေပလား ဆိုမှဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာ မြတ်ကြီးကို ကျေန်ထုတ် ချောက် မျက်မှောက် ပြုကြရမယ် ဆိုတာ ယောဂီများ ကျေန်မှုချ ပုတ်ပြတ်သာ မှတ်သား ထားကြ ပေတော့။ ဒီလို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို လေ့လာ ပွား များ ကြိုးစား အားထုတ်ပြီး ကျင့်သုံး နေထိုင်ကြတဲ့ ပုဂ္ဂိုလ် များမှာ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး ပြီးပြည့်စုံပြီး တဏှာ၊ မာန ဒိဋ္ဌိနှင့် တကွ ဖြစ်နေတဲ့ အလုံးစုံသော ကိလေသာ ရန်သူအပေါင်း တွေဟာ ကင်းစင် လွင့်ပျောက်ပြီး အောင်မြင်ခြင်းသို့ ရောက် လျှက် အိုနာသေကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ဖြူစင်ဖြောင့် မတ် ကောင်းမြတ် စင်ကြယ်ပြီး စိတ်၏ ငြိမ်းချမ်း ကိုယ်၏ ငြိမ်ချမ်းခြင်း တွေကို အပြည့်အဝ ခံစား စံစားရမယ် ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့်–

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

လို့ မင်္ဂလာ ပါဠိတော်က ဟောဖေါ် ညွှန်ပြ ထားတော် မူပါတယ်။

ဒါကြောင့် ယခုပစ္စက္ခမျက်မှောက် ဘဝမှာ လောကပါလဖြစ်တဲ့ လူ့သမ္မုတိသစ္စာတရားကြီးကို သစ္စာဆိုက်အောင် သစ္စာကိုက်အောင် သစ္စာထိုက်အောင် သစ္စာအချိုးကျအောင် ကျင့်ကြံကြိုးကုတ် အားထုပ်နိုင်ကြပါစေရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါရစေဦး။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနံ နုသယံ မုဇ္ဇဟ။
တတောမာနာ ဘိ သမယာ၊ ဥပသန္တော စရိဿတိ။

ဘောဒ္ဓော၊ ကိုယ့်ရေးကိုယ်ရာ ကိုယ့်တွက်တာကို ကိုယ်သာရှေ့ရှု အလေးပြုလျက် ဂရုစိုက်ငြား အိုလူများတို့....။ အနိမိတ္တဉ္စ၊ ဒွါရ, အာရုံ သိစိတ်ဆုံက ဖွားကြုံမပြတ် မီးပွင့်တဘ်သည့် မပြတ်သံသရာ ကံတဏှာနှင့် ခန္ဓာငါးအင် မသိမြင်၍ အရှိထင်ပြီး အယူမှား လူလားနတ်လား ဗြဟ္မာလားနှင့် သတ္တဝါအစားစား ပုံဟန်နိမိတ် အရိပ်အရောင် အကောင်အထည် အရှည်အတို အဖိုအမ လိုသမျှမပြီး အလိုကာမတွေနဲ့ မငြီးနိုင်ဘဲ အပြီးအပိုင်စွဲ၍နေသော အရိပ်နိမိတ်တွေကို။ ဘာဝေဟိ၊ ဝိပဿနာ ဉာဏ်ပညာဖြင့် အမှန်မြင်ကာ စူးစိုက်၍ ရှု့လိုက်ကြပါကုန်လော့။ မာနာနုသယံ၊ အဝိဇ္ဇာနှင့် တဏှာကံမင်း မူရင်းအစစ် ဝဋ်ခင်းဖြစ်ကြသဖြင့် မလွတ်ကင်းနိုင်တဲ့ သံသရာထောင်မှာ ကံတဏှာမှောင်ဟာ သူအချုပ်ပေမို့ လူလုပ်ကာအကြွားထွင်ပြီး အမှားဘုရင်ဖြစ်နေတဲ့ မာနတရားကြီးကို။ ဥဇ္ဇဟ၊ ဝိပဿနာဉာဏ်အလင်း

ဖြင့် မကျန်မကြွင်းရအောင် အမြန်ရှင်းကြပေတော့။ (ဝါ) အမြန်ရှင်းကြကုန်ရာ၏။ တထောမာနာဘိ သမယာ။ ထိုမြင် တချက်မှာ အစဉ်ဆက်နေတဲ့ ကံတကျော ကြားတချက်မှာ အမှားဆက်နေတဲ့ ကံတကျော၊ နံတချက်မှာ မမှန်တာဆက် နေတဲ့ ကံတကျော၊ စားတချက်မှာ မတရားဆက်နေတဲ့ ကံ တကျော၊ ထိတွေ့တချက်မှာ မငြိမ်းငွေ့နိုင်အောင် ဆက်နေ တဲ့ ကံတကျော၊ ကြံထင်တချက်မှာ နာမ်အစဉ်တွေ ဆက်ဆက် နေတဲ့ ကံတကျောအယူအစွဲတွေကို ပယ်စွန့်မှသာလျှင်။ ဝူပ- သဿန္ဓော၊ ရာဂ, ဒေါသ, လောဘ, ဇာတိ, ဇရာဖိ၍ ဗျာဓိမ ရဏ ဆဲ့တဝမီး အငြိမ်းချုပ်သိမ်း ငြိမ်းသည်ဖြစ်၍။ စရိသတိ၊ မနောမှာပညာ, ကာယမှာသီလ, ဝစီမှာသမာဓိဖြစ်ပြီးလျှင် အေးအေးမြမြ လှည့်လည်ကြကုန်ရာသတည်း။

---

## ဓမ္မစကြာဂုဏ်ရောင်ရှင်းတမ်းဟောစဉ်

ယခုလို သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်လာတဲ့အ ခါမှာ သံသရာဝဋ်ဆင်းရဲဖြစ်တဲ့ ဘေးဆိုးကြီး အမျိုးမျိုး တို့မှ လွတ်အောင် အို, နာ, သေ, ကွဲဆိုတဲ့ လမ်းစဉ်မှလွတ် အောင် တရားရှာကြ တရားနာကြတဲ့ အခါမှာ ရှေးဦးစွာ အရေးအကြီးဆုံး အချက်အလက်တွေကို ယောဂီများအား သတိပေးသော အနေဖြင့် ပြောလိုက်ပါရစေဦး။

အသင်္ခတဓမ္မတရားနှင့် သင်္ခတဓမ္မတရားရယ်လို့ နှစ်မျိုး နှစ်စား ရှိပြန်ပါတယ်။ အသင်္ခတဓမ္မတရား ဆိုတာကတော့ အတ္တကိလမထတရားနှင့် ကာမသုခလ္လိကတရားနှစ်ပါးပင် ဖြစ်ပါတယ်။ သင်္ခတဓမ္မတရား ဆိုတာကတော့ မဇ္ဈိမပဋိပဒါ ခေါ် မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါတယ်။ ဒီတရားသဘောရဲ့ အမျိုးအစားတွေကို အချိုးကျကျ သိမြင်သဘောပေါက်ဘို့ အလွန်လိုအပ်လှပါတယ်။ ဒီသဘောတရားတွေကိုလဲ ဉာဏ် အမြင်ရှင်းအောင် ဉာဏ်အမြင် လင်းအောင် သိမြင်သဘော ပေါက်ပါမှ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို ရှာဖွေတဲ့ နေရာမှာ ဖြောင့်မှန်လွယ်ကူစွာ ရရှိနိုင်ပါတယ်။

မမှိဝဲ မကျင့်သုံးအပ်တဲ့ အသင်္ခတဓမ္မတရားအကြောင်း ကို ရှင်းလင်းပြောပါဦးမယ်။ အ-ဆိုတာ မရှိတာ၊ သင်္ခ- ဆိုတာ မှီဝဲတာ၊ တဓမ္မ-ဆိုတာ ပြုလုပ်တာ။ မရှိတဲ့သဘော တရားတွေကို အရှိထင်ပြီး မှီဝဲပြုလုပ် ကျင့်သုံးနေထိုင်ခြင်း များကို ခေါ်ပါတယ်။ ဒါဖြင့် မရှိတဲ့သဘောတရားတွေက ဘယ်တရားတွေ ရှိတဲ့သဘောတရားတွေက ဘယ်တရားတွေ လို့ ပိုင်းပိုင်းခြားခြား သိမြင်ကြပါမှ ဖြောင့်မှန်လွယ်ကူစွာ ရှာဖွေအားထုတ်လို့ ရမယ်။

ဒါကြောင့် လောက ဝေါဟာရ ကထာ၊ သုတ္တာန် ဝေါဟာရ ကထာ၊ အဘိဓမ္မာဝေါဟာရ ကထာရယ်လို့ သုံးမျိုး ရှိပြန်ပါတယ်။ ဒီ သုံးမျိုးမှာလဲ လောကဝေါ

ဟာရကထာ ဆိုသည်မှာ မြေ ရေ လေ မီး အဆင်း အသံ အနံ့ အရသာ ဩဇာဆိုတဲ့ သဘောတရားများပင် ဖြစ်ပါတယ်။ သုတ္တာနဝေါဟာရကထာ ဆိုသည်မှာ ဆံပင် မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုးစတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသဖြစ်တဲ့ သဘော တရားများပင် ဖြစ်ပါတယ်။ အဘိဓမ္မာ ဝေါဟာရကထာ ဆိုသည်မှာ မာသဘော၊ နူးညံ့သဘော၊ ဖွဲ့သဘော၊ ယိုစီး သဘော၊ ထောက်ကန်သဘော၊ လှုပ်ရှားသဘော၊ ပူသ ဘော အေးသဘောဆိုတဲ့ တရားများပင်ဖြစ်ပါတယ်။

ဒီသဘောတရားတွေကို ဘာကြောင့် ပြောရပါသလဲဆို လျှင် မမှိဝဲမကျင့်သုံးအပ်တဲ့ တရားနဲ့ မှိဝဲကျင့်သုံးအပ်တဲ့ တရားနှစ်ပါးကို ဉာဏ်အမြင်ရှင်းကြရလေအောင်လို့ ပြော ပြရခြင်း ဖြစ်ပါတယ် လူတိုင်းလူတိုင်း ခေါ်ဝေါ်သုံးစွဲနေ ကြတဲ့ လောကဝေါဟာရ စကားအရည်မှာ တရားမြင်ကာ ကိုယ်ပိုင်သဘောပေါက်ပါမှ ဒါကြောင့် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံပြီး သမ္မသနဉာဏ်ဖြင့် သုံးသပ်၍ ယထာဘူတဉာဏ် ဖြင့် ဟုတ်တိုင်းမှန်တိုင်း သိမြင်ရလေအောင် ပကတိမျက်စိ နဲ့ ယခုတွေ့မြင်နေရတဲ့ မြေ ရေ လေ မီးဟုံ သေသေချာ ချာ စဉ်းစားပြီး ဉာဏ်ဖြစ်လာအောင် ကြည့်ကြစမ်းပါ။ မြေ ရေ လေ မီးဆိုတာ တကယ်တော့ နာပညတ် နာမည် တွေ ဖြစ်လေတော့ မံသမျက်စိ၊ ပကတိမျက်စိနဲ့ ဘယ်လိုမြင်

စွမ်းနိုင်ခြင်း ရှိပါမလဲ ဘာကြောင့်လဲဆိုတော့ နာမပညတ်တရားတွေ ကောန်မုချ ဖြစ်နေလို့ဆိုတာ စဉ်းစားမိကြရဲ့လား။ နာမပညတ်တရားတွေကို ဘယ်တော့မှ မံသမျက်စိ ပကတိမျက်စိဖြင့် မြင်ရိုးထုံးစံမရှိပါဘူး ဒီလိုမံသမျက်စိ ပကတိမျက်စိဖြင့် မမြင်နိုင်တဲ့ နာမပညတ်တရားတွေကို တကယ်အရှိမြင်ပြီး စွဲယူ သိမ်းပိုက်ခြင်းများကို အတ္တကိလမထလို့ ခေါ်ရပါတယ်။

ဒီလို မြေ ရေ လေ မီးဆိုတဲ့ နာမပညတ် တရားတွေကို ပကတိမျက်စိ၊ မံသမျက်စိနဲ့ မမြင်နိုင်ကြောင်းကို ထပ်မံရှင်းလင်း ပြောပြပါဦးမယ်။ မြေဆိုတာ နာမည်ဖြစ်ပါတယ်။ သဘောကတော့ မာသဘော၊ နူးညံ့သဘောများပင် ဖြစ်ပါတယ်။ ရေဆိုတာလဲ နာမည်ဖြစ်ပါတယ်။ သဘောကတော့ ဖွဲ့သဘော၊ ယိုစီးသဘောများပင် ဖြစ်ပါတယ်။ လေဆိုတာလဲ နာမည်ဖြစ်ပါတယ်။ သဘောကတော့ ထောက်ကန်သဘော၊ လှုပ်ရှားသဘောများပင်ဖြစ်ပါတယ်။ မီးဆိုတာလဲ နာမည်ဖြစ်ပါတယ်။ သဘောကတော့ ပူသဘော၊ အေးသဘောများပင် ဖြစ်ပါတယ်။ ဒီမာသဘော၊ နူးညံ့သဘော ဖွဲ့သဘော ယိုစီးသဘော၊ ထောက်ကန်လှုပ်ရှားသဘော ပူသဘော၊ အေးသဘော၊ ဒီသဘောတရား သက်သက်တွေကို သာလျှင် မြေဘဲ ရေဘဲ လေဘဲ မီးဘဲလို့ ခေါ်ဆိုသမုတ်ထားတာ မဟုတ်ပါလား။ ယောဂီများ ဉာဏ်မြင်အောင်သာ စဉ်းစားကြည့်ကြပေတော့။

သမုတ်ခံဖြစ်တဲ့ဓါတ်သဘော သက်သက်တွေကို ကြည့်ကြစမ်းပါဦး၊ ယောဂီများ ဉာဏ်ဖြစ်အောင်သာ နာကြားကြပေတော့။ မာဆိုတဲ့ သဘောဟာ ဘာကြောင့် မာသလဲ၊ ထောက်ကန်လို့ မာတယ်ဆိုတာ မစဉ်းစားသင့်ပါလား။ ဘာကြောင့် ထောက်ကန်ပါသလဲဆိုတာ ရှေ့တရစ်တိုးပြီး စဉ်းစား ကြည့်ပါဦး။ ဖွဲ့လို့ ထောက်ကန်နေတယ်ဆိုတာ မထင်ရှားပေဘူးလား။ ဒါဖြင့်၊ ဘာကြောင့်၊ ဖွဲ့သလဲဆိုတာ ဉာဏ်ဖြစ်လာအောင် စဉ်းစားကြည့်ပါဦး။ ပူသဘော အေးသဘောတို့ကြောင့် ဖွဲ့တယ်၊ ထောက်ကန်တယ်၊ မာတယ် လို့ အဖြေရပါတယ်။ ဒီဓါတ်ကြီးလေးပါးဆိုတဲ့ သဘောတရားများဟာ ပူသဘော အေးသဘောတို့ကြောင့်သာလျှင် ထင်ရှားကြောင်း အမှန်ဖြစ်နေပါကလားဆိုတာ ဉာဏ်မြင်သဘောပေါက်အောင်သာ စဉ်းစားကြပေတော့။

ဒါဖြင့် ဓါတ်ကြီး လေးပါးဟာ ပူ အေး မှာသာလျှင် လမ်းဆုံး နေပါပေါ့ကလား၊ ပူအေးကြောင့် ဖြစ်နေတဲ့ သဘောတရားတွေဟာ ဥတုဇရုပ် သက်သက်တို့ သာလျှင်မှုချဖြစ်တယ်လို့ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒီဥတုဇရုပ် ခေါ်တဲ့ ပူသဘော၊ အေးသဘောတွေကို ယောဂီများ စဉ်းစားသာ ကြည့်ကြပေတော့။ ဒီသဘောတရားသက်သက် တွေကို မိသမျက်စိ ပကတိမျက်စိနှင့် လုံးဝမြင် ဘိတ်မမြင် ရပါဘူး။ လုံးဝမမြင်စရာ မရှိ၊ ယူစရာ မရှိ၊ စွဲစရာ မရှိတဲ့ သဘောတရားတို့ရဲ့ အပေါ်မှာ မိသမျက်စိ၊ ပကတိမျက်စိနဲ့

မြင်တယ် ရှိတယ်လို့ စွဲယူသိမ်းပိုက်တဲ့ အယူကို အတ္တကိလမထ သာလျှင် ဖြစ်နေပါတယ်။ ဒီဥတုဇရုပ်တွေကို ယနေ့ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အခြေခံ၍ သမ္မာသနဉာဏ်ဖြင့် သုံးသပ်ကြည့်လိုက်ပါလျှင် ငါ-သူတပါး-ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်သတ္တဝါ-အသက်-လိပ်ပြာ ခေါ်ဆိုဘွယ်ရာ မရမရှိတဲ့ တရားတွေသာလျှင် ကေန်မှုချ ဖြစ်နေတယ် မဟုတ်ပါလား၊ ဉာဏ်မြင် သဘောပေါက်အောင်သာ စဉ်းစားကြပေတော့။

ဒီဥတုဇရုပ် အစဉ်သဘောတွေ အပေါ်မှာ တရားရှာအမှား အရာရာကိုတော့ အမှန်ထင် ဉာဏ်မမြင် လေသမျှမှာတော့ အတ္တကိလမထချည်းဘဲ ယောဂီ။ ဒီဥတုဇရုပ်အဗျာကတ တရားအစဉ်ပေါ်မှာ အမှားအမြင်ချော်ကာ သမုတ်ရှိ အစွဲကို အဟုတ် မရှိဘဲနဲ့ အယူမှားပြီး လူလားနတ်လား ဗြဟ္မာလားနဲ့ သတ္တဝါအစားစား ပုံနိမိတ်သဏ္ဍာန်တွေကို ဂုဏ်ဟိတ်ခံကာ ဒုစရိုက်တွေနဲ့ အပြုမှားနေကြတာမဟုတ်ပါလား။

ဒါကြောင့် အ-ဆိုတာ မရှိတာ၊ တ-ဆိုတာ စွဲတာ၊ ကိလမထ-ဆိုတာ ညှိုးမှိန် ညစ်ထေး၍ အပြစ်ဘေးတွေနဲ့ အပြည့်အဝ ဆင်းရဲနေရတာ။ လို့ ဆိုလိုပါတယ်။ ဒါကြောင့် ဘူတဇာတ အသားအစစ်ကို ဘယ်သူကမှားပြီး ဖြစ်နေတာလဲဆိုတာ သိဘို့ အရေးမကြီးပေ ဘူးလား။ တကယ်တော့ ဒီဥတုဇရုပ်တွေဟာ သမုတ်ရှိတရား မှန်ငြားသော်လဲ ငါ-

သုတပါး- ယောကျ်ား- မိန်းမ- ပုဂ္ဂိုလ်- သတ္တဝါ- အသက်-လိပ်ပြာ ခေါ်ဆိုဘွယ်ရာ မရ မရှိတဲ့ အတ္တက်ကြောင့် အဗျာကတတရား၊ အဘာဝတရား၊ အနတ္တသက်သက်သာ ဖြစ်ပါတယ်။

ဒါဖြင့် ယောဂီများ ကိုယ်ပိုင် ဉာဏ်နဲ့ စဉ်းစားကြည့်ကြပါ။ ဒီ မြေ, ရေ, လေ, မီးနှင့် တကွ ဖြစ်နေတဲ့ အဆင်း, အသံ, အနံ့, အရသာတွေကို မံသမျက်စိ ပကတိမျက်စိနဲ့ဘဲ မြင်ရတာလား၊ သညာဝိညာဉ် သမုတ်ချက်ပေါ်နေတာလား၊ ဆိုတာ မိမိကိုယ်ကို မိမိ မေးကြည့်ပါ။ ဗဟိဒ္ဓဉတုဇရုပ်တွေပေါ်မှာ သညာဝိညာဉ်ရဲ့ အရိပ်ကျပြီး ထင်နေတာဖြစ်တယ်။ ဒီနေရာမှာ သိတော့မလိုလိုနဲ့ အလွန်အသိခက်တဲ့ နေရာမျိုး ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပညာစခမ်းသက်သက်ဖြင့် သိမြင် သဘောပေါက်ရမဲ့ သဘောတရားတွေ ဖြစ်လေတော့ အာရမ္မဏဃန သမူဟဃန ကိစ္စဃန သန္တ-တိဃန ဖုံးအုပ် နေတာ တွေကို သိမြင် သဘောပေါက်ဘို့ အလွန်အရေးကြီးလှတဲ့ နေရာမျိုး ဖြစ်ပါတယ်။

ဒါဖြင့် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါး ထောက်ခံထားတဲ့ ယခု လက်ရှိ ရထားတဲ့ ခန္ဓာကို ကြည့်ကြဦးစို့။ ယခု လက်ရှိ ရထားတဲ့ ခန္ဓာအိမ်မှာ မြင်, ကြား, နံ, စား, တွေ့, ထိ, ကြံ, သိ ဆိုတဲ့ အကြည် ပသာဒရုပ် ခြောက်ပါးဟာ ကံထောက်ခံလို့ ဖြစ်လာတဲ့ ရုပ်တရားများ

ဖြစ်ကြပါတယ်။ အဿာသ-ပဿာသ ဆိုတဲ့ ထွက်သဘော ဝင်သဘော တရားများဟာ စိတ်ထောက်ခံလို့ ဖြစ်လာတဲ့ ရုပ်တရားများဖြစ်ကြပါတယ်။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အသား, အရေ, အကြော, အရိုး စတဲ့ သဘောတရားများဟာ ဥတု အာဟာရ ထောက်ခံလို့ ဖြစ်လာတဲ့ ရုပ်တရားများဖြစ်ပါတယ်။ သတ္တဝါတို့ရဲ့ ထောက်ခံပုံ အစဉ်တရားတွေကို ဒီလို အထင် အရှား သိမြင် သဘော ပေါက်ပါမှ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ ပျောက်ကင်းနိုင်ပါတယ်။

နိယာမ အစဉ်တရားကို ထင်ရှားအောင် ပြောပြဦးမယ်။ ဥတုနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမ။ ဗီဇနိယာမ၊ ဓမ္မ-နိယာမ-လို့ ငါးမျိုးရှိလေရာ ဥတုနိယာမသည် သုံးဆဲ့နှစ် ကောဋ္ဌာသ သဘောတရားများပင် ဖြစ်ပါတယ်။ ကမ္မ-နိယာမသည် အကြည်ပသာဒ ခြောက်ပါးပင် ဖြစ်ပါသည်။ စိတ္တနိယာမသည် ထွက်သဘော ဝင်သဘောတရားများပင် ဖြစ်ပါတယ်။ ဗီဇနိယာမသည် အဝိဇ္ဇာ, တဏှာ နှစ်ပါးပင် ဖြစ်ပါတယ်။ ဓမ္မနိယာမသည် အနတ္တသက်သက် သဘော တရားများပင် ဖြစ်ပါတယ်။ ငါ-သူတပါး-ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ-အသက်-လိပ်ပြာ လို့ အထင်မှား နေကြတာဟာ ဒီနိယာမ အစဉ်တရားတွေ ပေါ်မှာချည်း အထင်မှား နေကြတာ ဖြစ်ပါတယ်။ ဒီ ကံ, စိတ်, ဥတု,

အာဟာရ ဖေထာက်ခံထားတဲ့ နိယာမတရား အစစ်ပေါ်မှာ မသိသမျှ မှားပြီး ဖြစ်နေကြတယ်ဆိုတာ ယောဂီများ ကိုယ်ပိုင်ဉာဏ်နှင့်သာ စဥ်းစားကြပေတော့။

ဒါကြောင့် သညာဝိညာဉ် သမုတ်ထားတဲ့ အထင်သရုပ်ကို မံသမျက်စိ၊ ပကတိမျက်စိနဲ့ အမြင်ရှုပ်နေကြလို့ ခက်တယ်။ ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက- "ခြောက်ပါးဝိညာဉ်၊ သိ ထင် မြင်နှင့်၊ သုံးအင် ကမ္မ၊ ပြုသမျှမှာ၊ ဒုက္ခသမုဒယသစ္စာ၊ ဖြစ်လေရာ၏။"လို့ ဟောဖေါ် ညွှန်ပြထားတော် မူပါတယ်။ ဒါကြောင့် အဆင်း, အသံ, အနံ့, အရသာ ဆိုတာတွေဟာ သညာမြင်သာလျှင် ဖြစ်ပါတယ်။ အစိမ်း အပြာ အဝါ ဖြူ နီ ကြောင် ကြားနှင့်တကွ ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါဆိုတာတွေဟာ ဝိညာဉ်မြင်သာလျှင် ဖြစ်ပါတယ်။

ဒီသဘောတရားတွေကို အပြောစကားနဲ့တော့ လုံးဝမပြီးသေးပါဘူး။ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ဟုတ်တိုင်း မှန်တိုင်း ဆုံးဖြတ်နိုင်တဲ့ ပညာဉာဏ်ကို ရပါမှ သိမြင် သဘောပေါက် လာနိုင်ပါတယ်။ ဝိပဿနာ တရားဆိုတာ ပါးစပ်ပြော လွယ်သလောက် ဉာဏ်မြင် သဘောပေါက်ဘို့ ကျတော့ အလွန့်အလွန် ခက်လှပါတယ်။ မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပါ။ ငိုခြင်းအဘော၊ ရယ်ခြင်းသဘော၊ စိတ်ဆိုးစိတ်ညစ်သဘော၊

ဝမ်းသာဝမ်းနည်း သဘောတွေဟာ ပင်ကိုယ် ပကတိနေမြဲ အတိုင်းမှာ လုံးဝမရှိ၊ ဘိတ်မရှိပါဘူး။ အကြောင်းတိုက်မှ ဒိဋ္ဌတုဇရုပ်၊ အာဟာရဇရုပ်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်တို့ အပေါ်မှာ သညာဝိညာဉ် အရိပ်ထင်လာခြင်းများ ဖြစ်ပါ တယ်၊၊ သညာဝိညာဉ် အရိပ်ထင်လာတာကို အရိပ်ထင်မှန်း မသိလို့ အကောင်ဖြစ်ပြီး အချောင်စနစ်နဲ့ အယူမှားပြီး ဒုစရိုက်တရားတွေ အပြုမှားနေကြတာ မဟုတ်ပါလား။

ဒါကြောင့် အရိပ်ကို အကောင်ထင်လိုက်တာဟာ အတ္တ-ကိလမထ ခေါ်တယ်လို့ ပုတ်ပြတ်သာ မှတ်ကြပေတော့။ အကောင်းကို စွဲယူ သိမ်းပိုက်ပြီး လိုမလို ချစ်မုန်းတွေနဲ့ ပြုနေတာ မှန်သမျှမှာတော့ ကာမသုခလ္လိက တရားချည်း ဘဲလို့ ကေန်မုချ ပုတ်ပြတ်သာ မှတ်ထားကြပေတော့။ သညာသိ ဝိညာဉ်သိတွေ မှန်သမျှ အတ္တကိလမထ တရားနဲ့ ကာမသုခလ္လိက တရားချည်းဘဲ လို့သာ မှတ်သားထားကြ ပေတော့။ ဒါကြောင့်–"ပညာသိမှ၊ ဒွါရသုံးခု၊ ပြုပြုသမျှ၊ မဂ္ဂသစ္စာ၊ နိရောဓေါကျ၊ လမ်းမှန်ရသည်။"လို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဆုံးမညွှန်ပြထားတော်မူခြင်း ဖြစ်ပါတယ်။ မံသမျက်စိ၊ ပကတိမျက်စိနှင့် လုံးဝ မြင်စရာ မရှိပါဘူး။ ဘိတ်မြင်စရာ မရှိပါဘူး။ သညာဝိညာဉ်က သာလျှင် မြင်တယ်။ သညာဝိညာဉ်ကသာလျှင် ထင်တယ်လို့ ပြောခဲ့တဲ့နေရာမှာ ယောဂီများ ယုံကြည် လက်ခံနိုင်ကြမယ်

မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတာ မံသမျက်စိ၊ ပကတိမျက်စိနဲ့ မြင်လာခဲ့တယ်လို့ ယူလာခဲ့တဲ့ အယူဟာ ဟို-အနမတဂ္ဂ သံသရာထဲက စပြီး မြင်လာခဲ့တာ ဖြစ်လေတော့ ဒီအယူတွေဟာ တော်တော်နဲ့ မပြုတ်နိုင်ပါဘူး။

ဒါကြောင့် ဗုဒ္ဓရှင်တော် ဘုရားကြီးက စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ။ ပညာ ဥဒပါဒိ။ ဝိဇ္ဇာ ဥဒပါဒိ။ အာလောကော ဥဒပါဒိ။လို့ ဟောဖော် ညွှန်ပြထားတာ ဖြစ်လေတော့ ဝိပဿနာဉာဏ်ပညာများနှင့်မှ သိမြင်သဘောပေါက်နိုင်ခြင်း ဖြစ်ပါတယ်။ ဒါဖြင့် ယခုလက်ရှိ ရထားတဲ့ မျက်စိအကြည်ရုပ်ခေါ်တဲ့ မံသမျက်စိ၊ ပကတိမျက်စိနဲ့ သက်ရှိသက်မဲ့ဖြစ်တဲ့ အရာဝတ္ထု တခုခုကို သေသေချာချာ ကြည့်စမ်းပါ၊ အဆင်း, အသံ, အနံ့, အရသာဆိုတဲ့ သဘောကိုဘဲ မြင်ရ လေရော့ သလား။ သညာဝိညာဉ် အရိပ် ထင်ပြီး သမုတ်ချက် ပေါ်နေတာဘဲလား ဆိုတာ ဒီနေရာမှာ ကြပ်ကြပ် စဉ်းစားဘို့ အလွန် အရေးကြီး ပါတယ်။ ကြပ်ကြပ် စဉ်းစားပါ။ စဉ်းစားနိုင်လျှင် သမ္မာသက်ပ္ပ၊ ဟုတ်တိုင်းမှန်တိုင်း မြင်လျှင် သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါတယ်။ မြေ ရေ လေ မီး နှင့် တကွ ဖြစ်နေတဲ့ ဥတုဇရုပ်၊ မြင် ကြား နံ စား တွေ့ ထိ ဆိုတဲ့ ကမ္မဇရုပ်၊ ဒီပသာဒမှန် အကြည်ရုပ်တွေပေါ်မှာ သညာ ဝိညာဉ် ကျရောက်ပြီး အရိပ်သဏ္ဌာန် ထင်လာခြင်းများ ဖြစ်တယ်လို့ ကောန်မုချ ပုတ်ပြတ်သာ မှတ်ကြ

ပေတော့ သညာ ဝိညာဉ် အရိပ်ကျရောက် ထင်နေခြင်းများကို မသိမမြင် လေသမျှ ဘယ်တော့မှ ဝိပဿနာ ဉာဏ်ကိုလဲ ရမှာ မဟုတ်ပါဘူး။ အနုတ္တ ဉာဏ်မျိုးကိုလဲ ဆိုက်ရောက်လာမှာ မဟုတ်ပါဘူး။ သညာမြင် ဝိညာဉ်မြင် ဒိဋ္ဌိမြင် သဘော တရားတွေကို ပိုင်းပိုင်းခြားခြား မသိမြင်နိုင်လျှင် အတ္တကိလမထ တရားနှင့် ကာမသုခလ္လိက တရားချည်းဘဲ ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့်-

> ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိ-
> တဗ္ဗာ၊ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမ-
> သုခလ္လိကာ နုယောဂေါ ဟီနော ဂါမ္မော ပေါထုဇ္ဇ
> နိကော အနရိယော အနတ္ထ သံဟိတော ယောစာယံ
> အတ္တ ကိလမထာ နုယောဂေါ ဒုက္ခော။

လို့ ဓမ္မစကြာ ပါဠိတော်က ဟောဖေါ် ညွှန်ပြ ထားခြင်းဖြစ်ပါတယ်။

ဒီ ပစ္စုပ္ပန်မှာ သညာမြင် ဝိညာဉ်မြင် ဒိဋ္ဌိမြင် ဖြစ်တဲ့ အတ္တကိလမထ တရားနှင့် ကာမသုခလ္လိက တရားတွေကိုမှ မသိမမြင်လျှင် မသိမမြင်တာက အဝိဇ္ဇာ၊ ဒါကြောင့်-

> အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာ
> ဏံ၊ ဝိညာဏ ပစ္စယာ၊ နာမရူပံ။

လို့ ပစ္စုပ္ပန် မြင်တချက်မှာ ရုပ်နာမ်တွေ အစဉ်ဆက်နေတာကို ပဋိစ္စ သမုပ္ပါဒ် ဒေသနာအစဉ်က အသေအချာမြင်

အောင်လို့ ဟောကြား ထားတော်မူခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီပစ္စုပ္ပန် မြင်တချက်မှာ အဝိဇ္ဇာကြောင့် ဖေါက်ပြန်တဲ့ သဘောတွေ ဖြစ်လာရပါတယ်၊ သင်္ခါရကြောင့် ပြုပြင်တဲ့ သဘောတွေ ဖြစ်လာ ရပါတယ်၊ တဏှာကြောင့် ခံစားမှု အမျိုးမျိုးတွေ ဖြစ်လာရပါတယ်၊ ဥပါဒါန်ကြောင့် မှတ်သားမှု အမျိုးမျိုးတွေ ဖြစ်လာ ရပါတယ်၊ ဘဝကြောင့် အာရုံတွေ အသစ်သစ် ဖြစ်ပေါ် လာရပါတယ်၊ ဒီအတ္တကိလမထနှင့် ကာမသုခလ္လိက သဘောတရားတွေကို မသိလျှင် ပစ္စုပ္ပန် မြင်တချက်မှာ အစဉ်ဆက်နေတဲ့ ခန္ဓာနာမ်ရုပ်တွေ တဖွားဖွား ဖြစ်ပေါ် နေတယ် ဆိုတာ 'ကောန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် အတ္တကိလမထ တရားနှင့် ကာမသုခလ္လိက တရား နှစ်ပါးကို အသေဝိတဗ္ဗ တရားလို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်၊ မိမိတို့ရဲ့ စိတ်အာရုံ အစဉ်ပေါ်မှာ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ရလေအောင် ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ နာကြား ကြပေတော့။

ဥတုဇ ခန္ဓာ၊ သဏ္ဍာယ ခန္ဓာ၊ ဥပါဒါန် ခန္ဓာရယ်လို့ သုံးမျိုး ရှိပါတယ်၊ ဥတုဇခန္ဓာ ဆိုတာကတော့ သုံးဆဲ့နှစ်ကောဋ္ဌာသ အစုအဝေးကြီးပင် ဖြစ်ပါတယ်၊ သဏ္ဍာယခန္ဓာ ဆိုတာကတော့ မသိမှု အဝိဇ္ဇာကြောင့် လိုမလို ချစ်မုန်းဖြစ်

ပြီး ဖေါက်ပြန်ခြင်း ခံစားခြင်း မှတ်သားခြင်း ပြုပြင်ခြင်း ကြံစည်ခြင်း ဆိုတဲ့ ခန္ဓာ ငါးပါးပင် ဖြစ်ပါတယ်၊ ဥပါဒါန် ခန္ဓာ ဆိုတာကတော့ မရှိတဲ့ အဇ္ဈတ္တ တရား အဘာဝ တရားလို့ အပေါ်မှာ အရှိထင်ပြီး ဖေါက်ပြန်ခြင်း၊ခံစားခြင်း၊ မှတ်သားခြင်း၊ ပြုပြင်ခြင်း၊ ကြံစည်ခြင်း ဆိုတဲ့ ခန္ဓာငါးပါး ပင် ဖြစ်ပါတယ်။

ဒီသဘော တရားတွေဟာ သမုတ်ရှိ အကြည်ပသာဒရုပ် တွေပေါ်မှာ အဇ္ဈတ္တတရား အဘာဝ တရားမှန်း မသိ မမြင်လို့ ဖြစ်ပေါ် ကျရောက်လာတဲ့ ခန္ဓာတွေဘဲ ဖြစ်ပါ တယ်၊ ဒီခန္ဓာတွေဟာ သုံးဆဲ့တဘုံ ဖြစ်တဲ့ သံသရာသုံးကြောင်း သုံးသွယ်မှာ အမြဲမပြတ် ဒရစပ် မြုပ်လိုက် မျောလိုက် ဆက် လိုက် လည်လိုက်နှင့် အိုနာသေမှာချည်း သွားနေ ကြရပါ တယ်၊ ဒီခန္ဓာ တွေကို သေသေ ချာချာ ဉာဏ်မြင် သဘော ပေါက်အောင် စဉ်းစားကြည့်ပါ၊ ဆင်းရဲခြင်းသဘော မမြဲ ခြင်းသဘော အစိုးမရခြင်း သဘောတို့ သာလျှင် ကေန်မုချ ဖြစ်နေပါတယ်။

ဒါကြောင့် ဒီသက္ကာယခန္ဓာ ဥပါဒါန် ခန္ဓာတွေကို ဓမ္မ-စကြာ ပါဠိတော်က–

ဇာတိ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ-
ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိဒုက္ခော မရဏမ္ပိ ဒုက္ခံ
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပ–

**ယောဂေါ** ဒုက္ခော၊ ယမ္ဟိစိတ္တံ နသလဗ္ဘတိ တမ္ပိ ဒုက္ခံ–
သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ။

လို့ဟောကြား ညွှန်ပြထားခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒီစိတ်အာရုံ အစဉ်ပေါ်မှာ သက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာတွေ ဟာပင်ကိုယ်ကမရှိပါဘူး လိုမလို ချစ်မုန်း ဆိုတဲ့ အကြောင်း တရားတို့ ဖြစ်ပေါ်လာမှ ရရှိတဲ့ ခန္ဓာတွေ ဖြစ်ကြပါတယ်၊ အကြောင်း သမုဒယ တရားတွေကြောင့် ရရှိလာတဲ့ ခန္ဓာများ ဖြစ်လေတော့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ရပါမှ သိမြင်နိုင်တဲ့ ခန္ဓာတွေ ဖြစ်ကြပါတယ်၊ ပယ်သတ်ရမဲ့ သဘော တရားတွေမှန်းလဲ သိလာနိုင်ပါတယ်။

ဒီလိုသိသင့် သိထိုက် သိပိုင်ခွင့်ရှိတဲ့ သဘောတရားတွေ ကို သိမှလဲ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ တတ်လာနိုင် ပါတယ်၊ ငါးဌာန ပဉ္စာရုံမှာ ပွားလာသမျှ အထင်အာရုံတွေ ဟာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို မရလေ သမျှ မှာတော့ သမုဒယနဲ့ ဒုက္ခချည်းဘဲ ဆိုတာ ယောဂီ များ ကိုယ်ပိုင် ဉာဏ်နဲ့သာ စဉ်းစားကြပေတော့၊ ဒီသမု–ဒယ သဘော တရားတွေဟာ ဘဝတွေကို အစဉ်ဆက်နေတဲ့ တရားတွေဘဲ ဖြစ်ကြပါတယ်၊ သမုဒယကြောင့် ဖြစ်ပေါ်လာ တဲ့ ခန္ဓာများကိုတော့ ဇာတိလို့ ခေါ်ရ ပြန်ပါတယ်။

ဒါကြောင့်–ဘဝပစ္စယာ ဇာတိလို့ ညွှန်ပြ ထားခြင်း ဖြစ် ပါတယ်၊ ဒီသမုဒယ ဒုက္ခတရားကြီးဟာ လက်ျာစွန်း လက်

ဝဲစွန်း ဖြစ်နေတဲ့ အတွက်ကြောင့် အတ္တ ကိလ မထ တရား၊ ကာမ သုခလ္လိက တရားလို့ ပြောရ ပါတယ်၊ အ သေဝိတဗ္ဗ တရားလို့လဲ ခေါ်ဆို ရပြန်ပါတယ်၊ ယခု ပြောခဲ့တဲ့ ခန္ဓာ တွေကို ကိုယ်ပိုင်ဉာဏ်မြင် သဘောပေါက်ဘို့ အလွန်လိုအပ် ပါတယ်၊ ခန္ဓာတွေ ဖြစ်ပေါ် လာပုံကို အနည်းငယ် ရှင်း လင်း ပြောပြ ပါဦးမယ်၊ ဥတုဇ ခန္ဓာဟာ ကံ-စိတ်-ဥတု-အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးကြောင့် သာလျှင် ဖြစ်ပေါ် လာရပါတယ်၊ သင်္ခါယခန္ဓာဟာ တဏှာ သမု-ဒယကြောင့် သာလျှင် ဖြစ်ပေါ် လာရပါတယ်၊ ဥပါဒါန် ခန္ဓာဟာ အယူမှား အစွဲမှား အမှတ်မှား ဖြစ်တဲ့ ဒိဋ္ဌိကြောင့် သာလျှင် ဖြစ်ပေါ် လာရပါတယ်။

ဒီသဘော တရားတွေဟာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို မရသူတိုင်း အပြည့်အဝ နှိပ်စက် ခံစား လျက်ပင် ရှိပါတယ်။ ဒီသဘော တရားတွေကို သံသရာဝဋ် ဆင်းရဲ တရားတွေလို့ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေ တော့၊ ဒါကြောင့် ဒီသမုဒယ တရားကြီး ကိုပင် ယောဂ တရား၊ သြဃတရား၊ အာသဝ တရားလို့ ခေါ်ဆိုခြင်း ဖြစ် ပါတယ်။ တနည်း ပြောရမည် ဆိုလျှင် ကာမတဏှာ၊ ဘဝ တဏှာ၊ ဝိဘဝတဏှာလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်၊ ဒီသ ဘောတရား အားလုံးကို ချုံပြီး ကြည့်လိုက်မယ် ဆိုလျှင် ထောင့်ငါးရာ ကိလေသာ တရားချည်းပင် ဖြစ်ပါတယ် ဒါကြောင့်-

စတုယောဂေဟိ ဝုယှန္တေ ဂမ္ဘီရေ သံသာရဏ္ဏဝေ။

လို့ ပါဠိတော်က ညွှန်ပြ ထားတော် မူခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီသမုဒယ ဒုက္ခဖြစ်တဲ့ သံသရာ ဝဋ်ဆင်းရဲ ဘေးဆိုး အမျိုးမျိုး တွေမှ ကျွတ်လွတ် ထွက်မြောက် အောင်မြင် နိုင်ကြရ လေအောင် သပ္ပုရိသ သံသေဝ ဖြစ်တဲ့ ဆရာစစ် ဆရာမှန်ကို မှီဝဲ ဆည်းကပ်ပြီး ဝိပဿနာ ဉာဏ်ပညာ တွေ ရအောင် ရှာဖွေ ဆည်းပူး ကြရ ပါလိမ့်မယ်၊ ရှာဖွေ ဆည်းပူးတဲ့ နေရာမှာလဲ ဩကပ္ပန သဒ္ဓါနှင့် ပြည့်စုံနိုင်ဘို့ အလွန်အလွန် လိုအပ် လှပါတယ်၊ ဒါကြောင့် သဒ္ဓါရယ် ဆရာရယ် တရားရယ် ဒီသုံးပါး ပြည့်စုံပါမှ သံသရာ ဝဋ်ဆင်းရဲ ဖြစ်တဲ့ သမုဒယဒုက္ခ ဆိုတဲ့ ဘေးဆိုး အပေါင်းတို့မှ ကျွတ်လွတ် ထွက်မြောက် အောင်မြင် နိုင်ကြ ရလိမ့်မယ် ဆိုဟာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဗုဒ္ဓ မြတ်စွာ သာသနာတော် မြတ်ကြီးနဲ့ ယခုလို ကြုံကြိုက်တဲ့ အခါမှာ ဒီသမုဒယ ဒုက္ခ ဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲ ဖြစ်တဲ့ ဘေးဆိုး အမျိုးမျိုး တို့မှ ကင်းလွတ် ရှာဖွေ လေ့လာ ဆည်းပူးနိုင်တဲ့ မနုဿတ္တဘာဝဒုလ္လဘကို မှုချရလျက်သားနှင့်မှ မရှာဖွေ မလေ့လာ မဆည်းပူး နိုင်ကြပါလျှင် သုံးဆဲ့တဘုံ အိုနာသေ လမ်းစဉ် တလျှောက်မှာ ကမ်းမမြင် လမ်းမမြင် နိုင်အောင် မှောက်ချင်တိုင်း မှောက် မှားချင်တိုင်းမှားပြီး ဒီသံသရာ ဝဋ္ဋဒုက္ခတွေမှ ဘယ်တော့မှ လွတ်ကင်း နိုင်

စရာ မရှိနိုင် မဖြစ်နိုင်တော့ ပါဘူး ဆိုတာ မိမိတို့ ကိုယ်ပိုင် ဉာဏ်ဖြင့်သာ စဉ်းစား ကြပေတော့။

ဒါကြောင့် သံသရာဂယက်ဆိုင် အရှုပ်မှာ မတက်နိုင်အောင် အုပ်ထားတဲ့ အဝိဇ္ဇာကို အနည်းငယ် ရှင်းလင်းပြော ပြပါဦးမယ်။ ဒီအာရုံ ဖြစ်စဉ်သရုပ်ကို အပြစ်မမြင်နိုင်အောင် အုပ်ထားတဲ့ အဝိဇ္ဇာ ဒီအာရုံဟာ ဖေါက်ပြန်ပြောင်းလဲပြီး အကြောင်းစဲ့တိုင်း ပျက်နေတဲ့ လက္ခဏာအစဉ်ကို အချက် အချာမမြင်နိုင်အောင် အုပ်ထားတဲ့ အဝိဇ္ဇာ၊ ဒီစိတ်အာရုံ အစဉ်တွေဟာ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာနှင့် တကွ သုံးမြှောင့်လေးထောင့် ရှစ်ထောင့် ပုံဟန် ကြံကြံစည်စည် တိုရှည်လုံးပြား သဏ္ဌာန်အစားစား တွေကို ဧကန်မရှိ ဘိတ်မရှိပါဘဲနှင့် ရှိသယောင် အထင်မှား ပြီး တမင်အသားလုပ်နေတဲ့ အဝိဇ္ဇာ၊ ဒီစိတ်အာရုံဟာ အ သစ်အသစ် ဖြစ်ပေါ်ကာ မိတ်ဆက်ပြီး အရိပ်ထွက်နေတာကို မသိမမြင်နိုင်အောင် ဖုံးကွယ်တားဆီးထားတဲ့ အဝိဇ္ဇာ၊ ဒီစိတ် အာရုံအစဉ်ဟာ ပင်ကိုယ်ရှင်း ပင်ကိုယ်လင်းပြီး ပင်ကိုယ်က ငြိမ်းနေတဲ့ ပရမတ်အစဉ်ကို မပြတ်ယှဉ်ကာ သရုပ်အမျိုးမျိုး တွေနဲ့ ဟုတ်နိုးနိုးထင်လာရအောင် ဖုံးကွယ်တားဆီးထား တဲ့ အဝိဇ္ဇာ၊ ဒီလိုအဝိဇ္ဇာညှန် အထပ်ထပ်တွေနဲ့ တဏှာသား အိမ်မှာ ရစ်ပတ်ပြီး အမြစ်မပြတ်အောင် အခြေစိုက်ပြီး ဗလ ဘွေလိုက်နေတဲ့ သတ္တဝါတွေကို မှတ်စရာအဖြေသုဒ္ဓိစင်အောင် ယှဉ်တွဲယှဉ်ကာပြပါဦးမယ်၊– ဒါကြောင့်။

> တေသံဇာတိနံ့ သန္တာနေ အဝိဇ္ဇာတဏှာယ
> ပရိယောနန္ဓိတ္တွာ ဗန္ဓိတ္တွာ ကာမဂုဏောသု အာဒီနဝံ
> အပဿန္တော မစ္ဆဗာလသဒိသံ ဟုတ္တွာ ဒဠှံ သဠူတိ
> ပရိတာသတိတိ ဝါ သတ္တော။

လို့ ပါဠိတော်က ညွှန်ပြထားခြင်း ဖြစ်ပါတယ်။

တေသံဇာတိနံ့၊ ထိုသို့ သဘောရှိသော ဇာတိတို့၏။ သန္တာနေ၊ခန္ဓာငါးပါး သဏ္ဌာန်၌။ အဝိဇ္ဇာတဏှာယ အဝိဇ္ဇာ တဏှာဖြင့်။ ပရိယောနန္ဓိတ္တွာ၊ အဖန်ဖန်မြှေးယှက်တတ်လေသောကြောင့်။ ဗန္ဓိတ္တွာ၊ ဖွဲ့ခြင်းကြောင့်။ ကာမဂုဏောသု၊ ငါးဝသောအာရုံ ကာမဂုဏ်တို့၌။ အာဒီနဝံ၊ ကြီးစွာသော အပြစ်ကို။ အပဿန္တော၊ မသိမမြင်သော။ မစ္ဆဗာလသ-ဒိသံ၊ သေဘေးကိုမမြင် သံမြှားချိတ်၌ ရှိသောအစာကို သာယာမှားသော ငါးမိုက်နှင့်တူသည်။ ဟုတ္တွာ၊ ဖြစ်၍။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံစသော သုံးပါးသောဘုံ လောကီအာရုံကို။ ဒဠှံ၊ မြဲမြံစွာ။ သဠူတိ၊ စွဲလမ်းတတ်မက် တတ်၏။ ပရိတာသတိ၊ ပူပန်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သတ္တော၊ သတ္တဝါမည်၏။

ဒါကြောင့် သမုဒယ ဒုက္ခသဘောတရားတို့ဟာ သတ္တဝါ ဖြစ်ကြောင်းတရား သတ္တဝါဖြစ်စဉ်တရား သတ္တဝါ ဖြစ်စေနိုင်သောတရား သတ္တဝါဖြစ်စေ ပိုင်သောတရားဖြစ်ပါတယ်၊ ဒီသမုဒယ ဒုက္ခသဘောတရားသည် သတ္တဝါတို့ဥစ္စာ သတ္တဝါ

တို့ပစ္စည်းဖြစ်လေသောကြောင့် ဘုံဆိုင်သစ္စာ ဝဋ္ဋသစ္စာ လောကီသစ္စာဖြစ်ပါတယ်။ သဗ္ဗသင်္ခါရတရားလို့ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့ ဒီသမုဒယ ဒုက္ခဆိုတဲ့ သံသရာဝဋ္ဋဆင်းရဲဖြစ်တဲ့ ဘေးဆိုးအမျိုးမျိုးတွေမှ ကင်းလွတ်ထွက်မြောက် အောင်မြင်နိုင်တဲ့ မဇ္ဈိမပဋိပဒါမဂ္ဂင် လမ်းအစဉ်ကို တခန်းမြင်အောင် ပြောပြပါဦးမယ်။ သဟိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး ပေါင်းသည်ရှိသော် ဗောဓိပက္ခိယ သုံးဆဲ့ခုနစ်ပါးပင် ဖြစ်ပါတယ်။ ဒီဗောဓိပက္ခိယ သုံးဆဲ့ခုနစ်ပါးကို ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်အောင် လေ့လာလိုက်စား ပွါးများကျင့်သုံးရပေလိမ့်မည်။

ဒီဗောဓိပက္ခိယ သုံးဆဲ့ခုနစ်ပါးကို ပိုင်းခြားဝေဘန် သုံးသပ် ဆုံးဖြတ်နိုင်တဲ့ ဉာဏ်တွေရပလားဆိုမှဖြင့် ယောဂီတို့လိုလားတောင့်တ အပ်တဲ့ ဆန္ဒအတိုင်း သံသရာဝဋ္ဋဆင်းရဲဖြစ်တဲ့ ဘေးဆိုးအမျိုးမျိုးတို့မှ ကျွတ်လွတ် ထွက်မြောက် အောင်မြင်ပြီး အအေးဆုံးမှန် အငြိမ်းဆုံးမှန်တဲ့ မြတ်နိဗ္ဗာန်သုခကြီးကို ကေန်မုချ မျက်မှောက်ပြုနိုင်ကြရလိမ့်မယ်ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်သားထားကြပေတော့။ ဒါကြောင့် အာရမ္မဏဈာန်၊ သမ္မုဟာဈာန်၊ ကိစ္စဈာန်၊ သန္တတိဈာန် အစဉ်သရုပ်တွေဟာ ဒီအာရုံတွေပေါ်မှာ သမုဒယတွေဖြစ်ပြီး အမြင်ရှုပ်နေလို့ ဒုက္ခမှာသာလျှင် လမ်းဆုံးနေရကြောင်း

ကို ယောဂီများ ဉာဏ်မြင်ရှင်းကြရလေအောင်လို့ စတုသစ္စာ ကထာနည်းဖြင့် ပြောပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် သံသရာဝဋ်ဆင်းရဲဖြစ်တဲ့ ဘေးဆိုးအမျိုးမျိုးတို့မှ ကျွတ်လွတ် ထွက်မြောက် အောင်မြင်နိုင်ရလေအောင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လေ့လာပွားများ ကြိုးစားအားထုတ်နိုင်ကြပါစေရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါရစေဦး။

အတ္တာတိဂါဟ မာဂမ္မ၊ သတ္တာ သံသာရဂါမိကာ။
ဒုက္ခိတာ တပ္ပဟာနာယ၊ သုဏာထ အနတ္တလက္ခဏံ။

ဘာသာ၊ သံသရာမှ စက်ရဟတ်တလည်လည်းမှာလ နာမ်ခန္ဓာတွေ အဆက်မပြတ် သွားနေကြတဲ့ အများပေလှတဲ့ ဝိပလ္လာသတွေ နိဗ္ဗာန်အမတာပြေ ဘယ်ခါနီးနိုင်ပါမလဲ စိတ်ကြံစရာအထွေထွေ ငြိပေ့လို့မအေးနိုင်ဘူး ကိလေဘေးဝဋ်ဘောင်ကို လွတ်အောင်ရှောင်ငြား အိုလူအများတို့။-

အတ္တာတိဂါဟံ၊ ပရမတ်စက် ဓါတ်အချက်၌ အသက်ယောင်ယောင် အကောင်အရှင် ထင်မြင်မှုလွဲ သတ္တာဟူသောအယူအစွဲကို။အာဂမ္မ၊ တခုတည်းလား တသားတည်းထင်အမြင်လွဲမှု အစွဲပြု၍။ သတ္တာ၊ မှန်မမြင်ဓါတ် မျှင်မပြတ်လျှက် ပညတ်နယ်ထဲ တဝဲဝဲနှင့် အစွဲမပြတ် မှားမသတ်ဘဲ စွဲလာမှတ်လာ သတ္တဝါတို့သည်။ သံသာရဂါမိကာ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာစက်ရဟတ် အဆက်မပြတ်၍ ထပ်တလဲလဲ မရပ်စဲ

ဘဲ ဝဲဟာန်ပမာ ဖန်ခါခါဖြင့် သံသရာတဝှန်း ခရီးကြမ်း၌ စမ်းတဝါးဝါး အရမ်းသွားကြကုန်လျက်။ ဒုက္ခိတာ၊ ဇာတိ ပဋိသန္ဓေ အိုနာသေရေး ဘေးဒုက္ခစုံ တလုံလဲလဲ ပူပုံမစဲဘဲနှင့် ဆင်းရဲဒုက္ခရောက်၍သာ နေကြရလေကုန်သတည်း။ တပ္ပဟာ-နာယ၊ သံသရာမှ မခွါမခွဲတပါတည်းလျှင် စွဲလာကပ်ရိုး ဂျိုး နယ်တမျှ ထိုအတ္တကို လုံးဝအရှင်း ဖျောက်ပယ်ခြင်းငှါသာ လျှင်။ အနတ္တလက္ခဏာ၊ အတ္တဖျက်ဘို့ လက်နက်တော်မှန် နာရန်လွန်သင့် ကျင့်ရန်သင့်လျော် အနတ္တလက္ခဏာသုတ် တော်ကို။ တုမှေ၊ သာသနာနှင့် အခါသင့်၍ အခွင့်တော်စဲ နာရခဲ့သည့် ထူးကဲပေစွ မြတ်ဓမ္မကို နာလိုတောင့်တ အ ကြောင်းလှသည့် သပ္ပုရိသအပေါင်း သင်သူတော်ကောင်းတို့ သည်။ သုဏာထ၊ အတ္တဉာဏ် အမြင်သန်ဘို့ ဝေဘန်ရှင်းဟ အလင်းပြသည့် ဓမ္မမြတ်စွာ မှတ်စရာမို့ သဒ္ဒါရုံထဲ အာရုံစွဲ လျက်။ နာမ်ခန္ဓာအစဉ်တွေ ဖြစ်ရပ်မအေးနိုင်ဘူး သံသရာ တခွင် ဗေဒဝဋ္ဋဇာတ်ဘေးမှာလ၊ ဩော်- မြန်မကြာ အလျှင် လွတ်လပ်ရေး ရအောင် နာကြားနိုင်ကြပါစေကုန်သတည်း။

---

## သဘာဝသစ္စာ ရှင်းတမ်း ဟောစဉ်

အစိန္တေယျ သုံးလောကထွဋ်တင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော် မူအပ်သော တရားတော် မြတ်သည် ဆယ်မျိုး ရှိပါတယ်။ ဒီဆယ်မျိုးဆိုဘာ မဂ်

လေးရပ် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်များပင် ဖြစ်ပါတယ်။ ဒီဆယ်မျိုးမှာလဲ ပရိယတ္တိဓမ္မသည် အခြေခံ အခြေအမြစ် အကြောင်းရင်းတရား ဖြစ်လေတော့ ပရိယတ္တိဓမ္မကိုပင် သုတမယညာဏ်ဖြင့် ကိုယ်ပိုင်သိမြင်အောင် ရှေးဦးစွာ ရှာကြရပါမယ်။

ဒီလို ရှေးဦးစွာ ရှာရမဲ့ နေရာမှာ သပ္ပုရိသ သံသေဝဖြစ်တဲ့ ဆရာစစ် ဆရာမှန် တွေ့ဘို့ရာ အလွန် အရေးကြီးလှပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရိယတ္တိကလဲ သာသနာ၊ ပဋိပတ္တိကလဲ သာသနာ၊ ပဋိဝေဓကလဲ သာသနာ ဖြစ်လေတော့ ပဋိယတ်, ပဋိပတ်, ပဋိဝေဓဆိုတဲ့ အမည်သာ ကွဲပေမဲ့ သာသနာဆိုတဲ့ အစဉ်စကားက အထင်အရှား တလုံးတည်း တပေါင်းတည်း ဖြစ်နေတဲ့ အတွက်ကြောင့် ဆရာစစ် ဆရာမှန် အလွန် အရေးကြီးလှ ပါတယ်လို့ ပြောရခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုလျှင် ဒီဆယ်ပါးသော တရားတော်မြတ်ကြီးဟာ စင်ကြယ်တဲ့ ဂုဏ်တွေနဲ့ အလွန့်အလွန် ပြည့်စုံခြင်းဆိုတဲ့ သုပ္ပဋိပ္ပန္နဂုဏ်၊ ဖြူစင် ဖြောင့်မတ်ကောင်းမြတ် စင်ကြယ်တဲ့ ဂုဏ်တွေနဲ့ အလွန့်အလွန် ပြည့်စုံခြင်းဆိုတဲ့ ဥဇုပ္ပဋိပန္နဂုဏ်, ဉာတပရိညာ, တိရဏပရိညာ, ပဟာနပရိညာတို့ဖြင့် ညာဏ်အမြင် ရှင်းအောင်၊ ညာဏ်အမြင် လင်းအောင်၊ ညာဏ်အမြင် သဘောပေါက်အောင်၊ ညာဏ်အမြင် သဘောရောက်အောင်၊ ညာဏ်အမြင် သဘောရအောင်၊ ညာဏ်အမြင် သဘောကျအောင်၊ ညာဏ်အမြင် သဘော

ပိုင်အောင်၊ ဉာဏ်အမြင် သဘောနိုင်အောင်၊ သုတ္တ,ဂေယျ, ဝေယျာကရဏ, ဣတိဝုတ္တက စတဲ့ ဂုဏ်တွေနဲ့ အလွန်အလွန် ပြည့်စုံခြင်း ဆိုတဲ့ ဉာယပ္ပဋိပန္နဂုဏ်၊ ဖြူစင် ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ မဖေါက် မပြန် ကျင့်နိုင်ခြင်း ဆိုတဲ့ သာမိစိပ္ပဋိပန္နဂုဏ်၊ ဒီလို ဂုဏ်တွေနဲ့ ပြီးပြည့်စုံနေတဲ့ တရားတော်မြတ်ကြီးဖြစ်တဲ့ အတွက်ကြောင့် ဖြောင့်ဖြောင့် ဖြူးဖြူး မှန်မှန်ကန်ကန်နဲ့ လောကီ စီးပွား ချမ်းသာ လောကုတ္တရာ စီးပွားချမ်းသာတွေကို စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတို့နှင့် ပြီးပြည့်စုံနိုင်တဲ့ တရားတော် မြတ်ကြီးပေမို့ ယောဂီများကို တိုက်တွန်း ပြောကြားရခြင်း ဖြစ်ပါတယ်။

ဝိပဿနာ အားမထုတ်မီ ရှေးအဘို့၌ သိသင့် သိထိုက် သိပိုင်ခွင့်ရှိတဲ့ အချက်အလက်တွေကို ရှေးဦးစွာ အနည်းငယ် ပြောပြပါဦးမယ်။ သံသရာ၌ ပယ်အပ်တဲ့ တရား၊ ပယ်သတ် ရမဲ့ တရား၊ ပယ်တတ်တဲ့ တရား ရယ်လို့ သုံးမျိုး ရှိရာ ပယ်သတ်ရမဲ့ တရားမှာ- အပါယ် လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး၊ ပပဉ္စတရား သုံးပါးတို့ ဖြစ်ပါတယ်။ ဒီသဘောတရားတွေဟာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရသူတိုင်း မိမိတို့ စိတ်အာရုံ အစဉ်တွေ အပေါ်မှာ အမြဲ မပြတ် ဖြစ်နေလေ့ ရှိကြတယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့်သာ ဝေဘန်ကြည့်ကြပေတော့။ မိမိတို့ ခန္ဓာပေါ်မှာ ဒီသဘော

အရားတွေ ဘာကြောင့် ဖြစ်နေရတယ်ဆိုတဲ့ အချက်ကို တနည်းငယ် ပြောပြပါဦးမယ်။

အတိပြဋ္ဌာရိက အတ္တဒိဋ္ဌိ၊ ပြဋ္ဌာရိက အတ္တဒိဋ္ဌိ၊ သုခုမ အတ္တဒိဋ္ဌိ၊ အတိသုခုမ အတ္တဒိဋ္ဌိ ဆိုတဲ့ သာသနာပ မိစ္ဆာဒိဋ္ဌိကြီး လေးပါး တို့ကြောင့် သာလျှင် ဖြစ်ပါတယ်။ ဒီ သာသနာပ မိစ္ဆာဒိဋ္ဌိကြီး လေးပါးကိုလဲ ယောဂီများ သဘောပေါက်အောင် ရှင်းလင်းပြောပြပါဦးမယ်။

**အတိပြဋ္ဌာရိက အတ္တဒိဋ္ဌိဆိုသည်မှာ**–အကြောင်းရုပ်နာမ်၊ အကျိုးရုပ်နာမ်၊ သင်္ခါယရုပ်နာမ်၊ ဥပါဒါန်ရုပ်နာမ် တို့ကို မသိမှု၍ အယူမှား အစွဲမှား အမှတ်မှားခြင်းများကို ခေါ်ပါတယ်။

ပြဋ္ဌာရိက အတ္တဒိဋ္ဌိဆိုသည်မှာ– ပဋိစ္စသမုပ္ပါဒ်ကို မသိမမြင်မှု၍ အယူမှား အစွဲမှား အမှတ်မှားခြင်းများကို ခေါ်ပါတယ်။

သုခုမ အတ္တဒိဋ္ဌိဆိုသည်မှာ– သညာအနိစ္စ, သညာဒုက္ခ, သညာအနတ္တ၊ ဝိညာဉ်အနိစ္စ, ဝိညာဉ်ဒုက္ခ, ဝိညာဉ်အနတ္တ၊ ပညာအနိစ္စ, ပညာဒုက္ခ, ပညာအနတ္တ တို့ကို မသိ မှု၍ အယူမှား အစွဲမှား အမှတ်မှားခြင်းများကို ခေါ်ပါတယ်။

အတိသုခုမ အတ္တဒိဋ္ဌိဆိုသည်မှာ– သစ္စာလေးပါးကို မသိမှု၍ အယူမှား အစွဲမှား အမှတ်မှားခြင်းများကို ခေါ်ပါတယ်။

ဒီသာသနာ့ပ မိစ္ဆာဒိဋ္ဌိကြီး လေးပါးကြောင့် သာလျှင် အပါယ် လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး၊ ပပဉ္စတရား သုံးပါးတို့ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဒိဋ္ဌိကြီးလေးပါးဟာ ပယ်သတ်ရမဲ့ တရားလို့ ဆိုတာ ကောန်မုချသာ မှတ်ကြပေတော့။

ဒီသာသနာ့ပ မိစ္ဆာဒိဋ္ဌိကြီး လေးပါးကို ဘယ်လို ပယ်ရမယ်၊ ဘယ်လို အသိဉာဏ်ပညာတွေရမှ ပယ်သတ်နိုင်တယ် ဆိုတဲ့ အချက်အလက် သဘောတွေကို ယောဂီများ သိဘို့ အလွန် အရေးကြီးလှပါတယ်။ ပယ်သတ်နိုင်တဲ့ အသိဉာဏ် ပညာတွေကော ရှာဘို့ အရေးမကြီးပေဘူးလား။ ဒါဖြင့် ယောဂီများ ဟုတ်တိုင်း မှန်စွာ သိမြင် သဘောပေါက်ရ လေအောင် သဒ္ဓါကြီးကြီးနဲ့သာ နားစိုက်ပြီး နာကြားကြ ပေတော့။ သာသနာ့ပ မိစ္ဆာဒိဋ္ဌိကြီး လေးပါး ရှိသလို သာသနာတော် သမ္မာဒိဋ္ဌိကြီး လေးပါး ရှိပြန်ပါတယ်။ သာသနာတော် သမ္မာဒိဋ္ဌိကြီး လေးပါးမှာလဲ နာမရူပ ပရိဂ္ဂ-ဟ သမ္မာဒိဋ္ဌိ၊ ဟေတု ပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ ဉာဏ ဒဿန သမ္မာဒိဋ္ဌိ၊ လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ ရယ်လို့ လေးမျိုး ရှိပါတယ်။

နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ် ဆိုသည်မှာ–အကြောင်း ရုပ်နာမ်၊ အကျိုးရုပ်နာမ်၊ သင်္ကာယရုပ်နာမ်၊ ဥပါဒါန်ရုပ်နာမ်

ချုံးလိုက် ပညတ်ရုပ်နာမ်၊ ပရမတ်ရုပ်နာမ်တို့ကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဟေတု ပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ် ဆိုသည်မှာ- ပဋိစ္စသမုပ္ပန္နတရားနှင့် ပဋိစ္စသမုပ္ပါဒတရားတို့ကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဝိပဿနာ ဉာဏဒဿန သမ္မာဒိဋ္ဌိဉာဏ် ဆိုသည်မှာ- သညာအနိစ္စ, သညာဒုက္ခ, သညာအနတ္တ၊ ဝိညာဉ်အနိစ္စ, ဝိညာဉ်ဒုက္ခ, ဝိညာဉ်အနတ္တ၊ ပညာအနိစ္စ, ပညာဒုက္ခ, ပညာအနတ္တတို့ကို ပိုင်းပိုင်းခြားခြား ဟုတ်တိုင်း မှန်တိုင်း သိမြင်တဲ့ ဉာဏ်ကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိဉာဏ် ဆိုသည်မှာ- ဤတရားက သမုဒယသစ္စာ၊ ဤတရားက ဒုက္ခသစ္စာ၊ ဤတရားက မဂ္ဂသစ္စာ၊ ဤတရားက နိရောဓသစ္စာလို့ ပိုင်းပိုင်းခြားခြား သိမြင်တဲ့ ဉာဏ်ကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဒီလို သာသနာတော်မြတ် ဖြစ်တဲ့ သမ္မာဒိဋ္ဌိဉာဏ်မျိုးကိုမှ မရကြလျှင် ပယ်သတ်ရမဲ့ တရားဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိကြီးလေးပါးကို ဘယ်လိုနည်းနှင့်မှ မပယ်သတ်နိုင်ပါဘူး ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဝိဇ္ဇာစရဏဉာဏ်ဖြင့် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်း

မှန်တိုင်း သိမြင်ရလေအောင် ယောဂီများကို အတိုချုံးပြီး လိုရင်း ပြောပြပါဦးမယ်။ သမ္မုတိသစ္စာ, သဘာဝသစ္စာ, အရိယာသစ္စာလို့ သုံးမျိုး ရှိပါတယ်။ သမ္မုတိသစ္စာဆိုတာ ကတော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ များကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ သဘာဝသစ္စာဆိုတာက တော့ ဖေါက်ပြန်သဘော ခံစားသဘော မှတ်သားသဘော ပြုပြင်သဘော ကြံသိသဘောဆိုတဲ့ သဘောငါးပါးကိုခေါ် ဆိုခြင်း ဖြစ်ပါတယ်။ အရိယာသစ္စာဆိုတာကတော့ အနိစ္စ ဒုက္ခ အနတ္တ သဘောလက္ခဏာတွေကို ခေါ်ဆိုခြင်း ဖြစ်ပါ တယ်။

ဒီ သဘာဝ သစ္စာဖြစ်တဲ့ သဘောငါးပါးကို ယောဂီ များ သေသေချာချာစဉ်းစားကြည့်စမ်းပါ ဟိုအနမတဂ္ဂသံသ ထဲကစပြီး သူဘဲ ငါဘဲနဲ့ အယူလွဲပြီး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာလို့ စွဲယူသိမ်းပိုက်လာခဲ့ကြ တာ မဟုတ်ပါလား ယခုတော့ ယောဂီများ စွဲယူသိမ်းပိုက် လာခဲ့သလို ဟုတ်သေးရဲ့လားဆိုတာ မြင်သာအောင် ရှင်း ပြပါဦးမယ်။ ဒီသဘာဝသစ္စာတရားကြီးကို သေသေချာချာ ကြည့်လိုက်စမ်းပါဦး ဖေါက်ပြန်တဲ့သဘောကိုဘဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ ခေါ်လေရော့သ လား သို့မဟုတ် ခံစားတဲ့ သဘောကိုဘဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ ခေါ်လေရော့ သလား သို့မဟုတ် မှတ်သားတဲ့ သဘော ပြုပြင်တဲ့သဘော ကြံသိ

တဲ့သဘောတို့ကိုပင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ ခေါ်လေရော့သလားဆိုတာ ယောဂီများ ကိုယ့်ကိုယ်ကိုသာ မေးကြပေတော့ မိမိတို့ ဉာဏ်ဝမှာ အဖြေထွက်ပေါ်လာလိမ့်မယ်။

ဒီ သဘာဝ သစ္စာတရားကြီးဟာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ မဟုတ်လျှင် ဘာတွေများ ဟုတ်နေပါသလဲဆိုတာ ရှေ့တရစ်တိုးပြီး ဉာဏ်ဖြစ်အောင် စဉ်းစားရင်း နာကြားကြပေတော့။ ယနေ့ အိုနာသေကို သွားနေကြတဲ့ ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းမှာ ဘယ်လိုအကျိုး ပေးမှုတွေနဲ့ သွားနေကြတယ်ဆိုတာ ဉာဏ်မြင် သဘော ပေါက်အောင် ပြောပြပါဦးမယ်။ ဖေါက်ပြန်မှုတွေနဲ့ သွား နေကြရတယ်၊ ခံစားမှုတွေနဲ့ သွားနေကြရတယ်၊ မှတ်သား မှုတွေနဲ့ သွားနေကြရတယ်၊ ပြုပြင်မှုတွေနဲ့ သွားနေကြရတယ်၊ ကြံစည်မှုတွေနဲ့ သွားနေကြရတယ် ဆိုတာ မထင်ရှား ပေဘူး လား။

ဒီလို မလွဲမရှောင်သာအောင် သွားနေကြရာမှာ လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာ တရားတွေ အပြည့်အဝဖုံး ပြီး မသိတုံးတွေနဲ့ အကျိုးပေးနေတာ မဟုတ်ပါလား ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ အမေးအဖြေ လုပ်ကြပေ တော့။ ဖေါက်ပြန်မှု အတွက်ကြောင့် ပြုလုပ်မှုတွေနဲ့ရှာရ ဖေါက်ပြန်မှု အတွက်ကြောင့် စိတ်ဆိုးစိတ်ညစ် ဝမ်းသာဝမ်း နည်းမှုတွေနဲ့ရှာရ ဖေါက်ပြန်မှုအတွက်ကြောင့် ပူမှုအေးမှုတွေ

နဲ့ရှာရ ဖေါက်ပြန်မှုအတွက်ကြောင့် စားသောက် မျိုသွင်းမှုတွေနဲ့ရှာရ ဒီလိုမအားမလပ်အောင် ရှာဖွေနေရတာကိုက သင်္ခါရဒုက္ခဆိုတာ မထင်ရှားပေဘူးလား ဖေါက်ပြန်မှုအတွက်ကြောင့် ဘယ်လိုပင် ရှာဖွေနေရငြားသော်လဲ အိုနာသေက တစက္ကန့်မှ မရပ်နားဘူးဆိုတာ မြင်ရဲ့လားယောဂီ။

ဒီလိုအိုရ နာရ သေရတာကိုက ဝိပရိဏာမဒုက္ခ မဟုတ်ပါလား ယောဂီများ ကိုယ်ပိုင်ဉာဏ်ဖြင့် ကြပ်ကြပ်စဉ်းစားကြည့်စမ်းပါ ခံစားမှုအတွက်ကြောင့်လဲ ပြုလုပ်မှုတွေနဲ့ရှာရဖွေရ ခံစားမှုအတွက်ကြောင့်လဲ စိတ်ဆိုးစိတ်ညစ် ဝမ်းသာဝမ်းနဲ ရှာရဖွေရ ခံစားမှုအတွက်ကြောင့်လဲ ပူမှုအေးမှုတွေနဲ့ရှာရ ခံစားမှုအတွက်ကြောင့် စားသောက် မျိုသွင်းမှုတွေနဲ့ ရှာရ ဒီလိုခံစားမှု အတွက်ကြောင့် ရှာဖွေနေရတာဟာ သင်္ခါရဒုက္ခမဟုတ်ပါလား ဘယ်လိုပင် ခံစားမှုတွေနဲ့ ရှာဖွေနေရပေမဲ့ အိုနာသေက တစက္ကန့်မှ မရပ်ပါဘူးယောဂီ။

ဒီလို အိုရ,နာရ,သေရတာကိုက ပရိဏာမဒုက္ခဆိုတာ မှချသာ မှတ်လိုက်ကြပေတော့။ မှတ်သားမှု အတွက်ကြောင့် ပြုလုပ်မှုတွေနဲ့ ရှာရဖွေရ မှတ်သားမှု အတွက်ကြောင့် စိတ်ဆိုးစိတ်ညစ် ဝမ်းသာဝမ်းနဲ မှုတွေနဲ့ ရှာရဖွေရ မှတ်သားမှုအတွက်ကြောင့် ပူမှုအေးမှုတွေနဲ့ ရှာရဖွေရ မှတ်သားမှုအတွက်ကြောင့် စားသောက် မျိုသွင်းမှုတွေနဲ့ ရှာရဖွေရ ဒီလိုရှာဖွေနေရတာကိုက သင်္ခါရဒုက္ခ မဟုတ်ပါလား ဘယ်လိုပင် မှတ်သားမှုတွေနဲ့ ရှာနေရငြားသော်လဲ အိုနာသေ

က တစက္ကန့်မှ မရပ်ပါဘူး အိုရ,နာရ,သေရတာကိုက ဝိပရိဏာမဒုက္ခ မဟုတ်ပါလားယောဂီ ပြုပြင်မှု အတွက်ကြောင့် ပြုလုပ်မှုတွေနဲ့ ရှာရဖွေရ ပြုပြင်မှုအတွက်ကြောင့် စိတ်ဆိုး စိတ်ညစ် ဝမ်းသာဝမ်းနည်းမှုတွေနဲ့ ရှာရဖွေရ ပြုပြင်မှုအတွက် ကြောင့် ပူမှုအေးမှုတွေနဲ့, ရှာရဖွေရ ပြုပြင်မှုအတွက်ကြောင့် စားသောက် မျိုသွင်းမှုတွေနဲ့, ရှာရဖွေရ ဘယ်လိုပင်ပြုပြင် မှုတွေနဲ့, ရှာဖွေနေရငြားသော်လဲ အိုနာသေက တစက္ကန့်မှ မရပ်ပါဘူး အိုရ, နာရ, သေရတာကိုက ဝိပရိဏာမဒုက္ခလို့ မှချသာ မှတ်လိုက်ကြပေတော့။

ကြံစည်မှုအတွက်ကြောင့် ပြုအပ်မှုတွေနဲ့, ရှာရဖွေရကြံ စည်မှုအတွက်ကြောင့် စိတ်ဆိုး စိတ်ညစ် ဝမ်းသာဝမ်းနည်းမှု တွေနဲ့ ရှာရဖွေရ ကြံစည်မှုအတွက်ကြောင့် ပူမှုအေးမှုတွေ နဲ့ ရှာရဖွေရ ကြံစည်မှု အတွက်ကြောင့် စားသောက် မျို သွင်းမှုတွေနဲ့, ရှာရဖွေရ ဒီလိုမအားမလပ်ရအောင် 'ရှာဖွေ နေရတာကိုက သင်္ခါရဒုက္ခမဟုတ်လား ဘယ်လိုပင် ကြံစည် မှုတွေနဲ့ ရှာဖွေနေရငြားသော်လဲ အိုနာသေက တစက္ကန့်မှ ရပ် နားခြင်း မရှိပါဘူး ဒီလို အိုရ, နာရ, သေရတာက ဝိပရိ ဏာမဒုက္ခလို့ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒီ ခန္ဓာငါးပါး သဘာဝ သစ္စာတရားကြီးကို သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် အခြေခံပြီး အဖြေမှန်ကြည့်လိုက်တော့ ယောဂီ တို့ စွဲယူသိမ်းပိုက်လာခဲ့သလို ယောကျ်ား မိန်းမ ပုဂ္ဂိုလ်

သတ္တဝါ အသက်လိပ်ပြာဆိုတာ လုံးဝမရှိ ဘိတ်မရှိကြောင်း ကို ကောန် မထင်ရှားပေဘူးလား ခုတော့ ဒီသဘာဝ သစ္စာ တရားကြီးဟာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ် သင်္ခါရဒုက္ခနှင့် ဝိပရိဏာမ ဒုက္ခသာလျှင် မျက်ဝါးထင်ထင် ဉာဏ်မှာ တွေ့မြင်ရတယ် ဆိုတာ မထင်ရှားပေဘူးလား ယောဂီ။ ယောဂီတို့ ဉာဏ်မြင်အောင် စဉ်းစားကြည့်ပါ ခုတော့ ဖေါက်ပြန်နေရ ခံစားနေရ မှတ်သားနေရ ပြုပြင် နေရ ကြံစည်နေရတဲ့ ဒုက္ခသာလျှင် အမြဲမပြတ် ဒလစပ်နှိပ် စက်ပြီး အိပ်စက်လို့ မရအောင် အကျိုးပေးနေတယ်ဆိုတာ ယောဂီများ ကိုယ်ပိုင်ဉာဏ်နှင့်သာ စဉ်းစားကြပေတော့။ ဝိပဿနာ ညာဏဒဿန် သမ္မာဒိဋ္ဌိဉာဏ်ကိုမှ မရကြလျှင် ဒီလို အမြဲမပြတ် နှိပ်စက်နေတဲ့ ဒုက္ခတွေကို ဘယ်လိုလွတ် အောင် ရှောင်နိုင်ကြမလဲ ဒါကြောင့် ဟိုအနမတဂ္ဂသံသရာထဲ က မသိအဝိဇ္ဇာ သာယာတဲ့တဏှာ စွဲခဲ့တဲ့ ဥပါဒါန် ဒီဝဋ္ဋ သုံးပါးတို့ကြောင့် ယခုလက်ရှိခန္ဓာဟာ ဆင်းရဲဒုက္ခမှာသာ လျှင် အကျိုးပေးပြီး လမ်းဆုံးနေတယ်ဆိုတာ ယောဂီများ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် သာသနာတော်မြတ်ဖြစ်တဲ့ သမ္မာဒိဋ္ဌိကြီး လေးပါးကို ယောဂီများ သဘောပေါက်အောင် ရှေးဦးစွာ ရှင်းလင်းပြောပြခဲ့ရခြင်း ဖြစ်ပါတယ်။ ယောဂီများ ဒီလို သာသနာတော်မြတ်နှင့် ကြုံကြိုက်တဲ့ အခါမှာ သာသနာ တော်မြတ် ဖြစ်တဲ့ သမ္မာဒိဋ္ဌိဉာဏ်မျိုးတွေကို မရကြလျှင်

ဖေါက်ပြန်မှုတွေနဲ့ ယခုလို အိုနာသေကို သွားနေတဲ့ အခါမှာ ခံစားမှုတွေနဲ့ ယခုလို အိုနာသေကို သွားနေတဲ့အခါမှာ မှတ်သားမှုတွေနဲ့ ယခုလို အိုနာသေကို သွားနေတဲ့အခါမှာ ပြုပြင်မှုတွေနဲ့ ယခုလို အိုနာသေကို သွားနေတဲ့အခါမှာ ကြံစည်မှုတွေနဲ့ ယခုလို အိုနာသေကို သွားနေတဲ့ အခါမှာ လောဘ, ဒေါသ, မောဟတွေနဲ့ ခံစားလိုက် လောဘ ဒေါသ, မောဟတွေနဲ့ မှတ်သားလိုက် လောဘ, ဒေါသ, မောဟတွေနဲ့ ပြုပြင်လိုက် လောဘ, ဒေါသ, မောဟတွေနဲ့ ကြံစည်လိုက် အိုနာသေကွဲဆိုတဲ့ လမ်းတလျှောက်မှာ ယောဂီများ သေသေချာချာ စဉ်းစားကြည့်ပါ ဒီသမ္မာဒိဋ္ဌိဉာဏ်ကိုမှ မရလျှင် သတ္တဝါတိုင်းလိုလို ဒီအတိုင်းဘဲသွားနေကြတာ မဟုတ်ပါလား။

တနည်း မြင်သာအောင် ပြောရမည်ဆိုလျှင် ကာယဒုစရိုက်တွေနဲ့ ဖေါက်ပြန်လိုက် ခံစားလိုက် မှတ်သားလိုက် ပြုပြင်လိုက် ကြံစီလိုက် ဝစီဒုစရိုက်တွေနဲ့ ဖေါက်ပြန်လိုက် ခံစားလိုက် မှတ်သားလိုက် ပြုပြင်လိုက် ကြံစည်လိုက်၊ မနောဒုစရိုက်တွေနဲ့ ဖေါက်ပြန်လိုက် ခံစားလိုက် မှတ်သားလိုက် ပြုပြင်လိုက် ကြံစည်လိုက်၊ အို နာ သေ ကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ဒီလို ဖေါက်ပြန်မှု၊ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု၊ ကြံစည်မှု၊ တွေနဲ့ အမြဲမပြတ် သွားနေရပေမဲ့ သာသနာတော်မြတ် ဖြစ်တဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို မရတော့ အယူများ အစွဲများ အမှတ်များနှင့် တကွ ဒုစရိုက် ဆယ်ပါးနှင့်

လောဘ, ဒေါသ, မောဟတို့နှင့်သာ ဖေါက်ပြန်မှုအပေါ်မှာ ခံစားမှု အပေါ်မှာ၊ မှတ်သားမှု အပေါ်မှာ၊ ပြုပြင်မှု အပေါ်မှာ၊ ကြံစည်မှု အပေါ်မှာ သစ္စာပျက်မှု သီလပျက်မှု တွေနှင့်သာ တင်းပြည့်ကျပ်ပြည့် ဖြစ်ပြီး အိုကြ နာကြ သေကြရတယ် ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ကြုံပါမှ ကြုံပြန်တော့လဲ ကြိုက်နိုင်ပါမှ ကြိုက်ပြန်တော့လဲ ကြည်လင်သန့်ရှင်း ဘေးရန်ကင်းတဲ့ သဒ္ဓါတရားမျိုးနဲ့ ယုံကြည်စောက်ချ နိုင်ပါမှ သာသနာတော်မြတ် ဖြစ်တဲ့ သမ္မာဒိဋ္ဌိ ဉာဏ်ကြီး လေးမျိုး ရနိုင်ခြင်း ဖြစ်ပါတယ်။ ဒီလို သမ္မာ–ဒိဋ္ဌိ ဉာဏ်မျိုးကို ပိုင်ပိုင်နိုင်နိုင် ကိုယ်ပိုင်ဒိဋ္ဌ ရပလား ဆိုမှ ဖြင့် ဖေါက်ပြန်တိုင်း ခံစားတိုင်း မှတ်သားတိုင်း ပြုပြင်တိုင်း ကြံစည်တိုင်း လောဘ, ဒေါသ, မောဟနှင့် တကွ ဒုစရိုက် တရားတွေ အလိုလို ချုပ်ပြီး ကွယ်ပျောက်ပြီး စင်စင်ကြယ်ကြယ် ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဖြစ်လျက် ယခုလက်ရှိ သွားနေတဲ့ အိုနာသေကွဲ လမ်းတလျှောက်မှာ စိတ္တသုခ၊ ကာယသုခ တွေနဲ့ ပြည့်စုံပြီးသား ဖြစ်နေတော့တာ ပါဘဲ ယောဂီ။

ဘာကြောင့်လဲ ဆိုလျှင် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံတဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် တွေကို လေ့လာ သုံးသပ် ဆုံးဖြတ်နိုင်အောင် သပ္ပုရိသ သံသေဝ ဖြစ်တဲ့ ဆရာ

စစ် ဆရာမှန် များနှင့် ပေါင်းဖေါ်မှီဝဲ ယှဉ်တွဲဆည်းကပ် ထားခြင်းကြောင့် များပင် ဖြစ်ပါတယ်။

ဒါကြောင့် သဒ္ဓါရယ် ဆရာရယ် တရားရယ် ဒီသုံးပါး ညီညွတ် ပြည့်စုံလာပြီ ဆိုမှဖြင့် အိုနာသေကွဲ လမ်းတလျှောက်မှာ ဖေါက်ပြန်တိုင်း ခံစားတိုင်း မှတ်သားတိုင်း ပြုပြင်တိုင်း ကြံစည်တိုင်းမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ-အာဇီဝတွေ ဖြစ်ပြီး မေတ္တာ ကရုဏာ မုဒိတာ ဆိုတဲ့ ဗြဟ္မဝိဟာရ တရားတွေနဲ့ ပြည့်စုံ လာတော့ တာပါဘဲ။ ဒါတင် မကသေးပါဘူး သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ ဖြစ်တဲ့ သမ္မုဒါတရား လေးပါးနဲ့လဲ အလိုလို ပြည့်စုံ လာပါတယ်။

အိုနာသေကွဲ လမ်းတလျှောက်မှာ ဒီလို စင်ကြယ်သန့်ရှင်း ဘေးရန်ကင်းခြင်း ဆိုတဲ့ ကိုယ်ပိုင် အသိဉာဏ်တွေ ရတော့ သုပ္ပဋိပန္န ဂုဏ်တွေနဲ့ ပြည့်စုံ လာပါတယ်။ ဒီလို သုပ္ပဋိပန္နဂုဏ်တွေနဲ့ ပြည့်စုံလာလျှင် ယခု မျက်မှောက် ပြုပြီး သွားနေကြတဲ့ အိုနာသေကွဲ လမ်းတလျှောက်မှာဖြောင့်ဖြောင့် မတ်မတ် ကောင်းမှု ကုသိုလ်တွေ ပြုတတ်တယ်၊ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ တို့ကိုလဲ သစ္စာထိုက်အောင် သစ္စာကိုက်အောင် သစ္စာဆိုက်အောင် သစ္စာအချိုးကျအောင် ဖြောင့်ဖြောင့် မတ်မတ်ကြီး ပြုလုပ်ကျင့်သုံး နေထိုင်တတ်ခြင်း ဆိုတဲ့ ဥဇုပ္ပဋိပန္နဂုဏ် အလိုလို ပြည့်စုံလာတော့ တာပါဘဲ။

ဒီလိုဂုဏ်တွေ အလိုလို ဘာကြောင့် ပြည့်စုံလာရ ပါသလဲ ဆိုလျှင် သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မာသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတ ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်တိုင်း သိမြင်လာတဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုတဲ့ ဉာယပ္ပဋိပန္နဂုဏ်တွေနဲ့ ပြည့်စုံအောင် ရှာမှီးထားလို့ မဟုတ်ပါလား။ ယခု ပစ္စက္ခ မျက်မှောက်ဘဝမှာ သုပ္ပဋိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာယပ္ပဋိပန္နဂုဏ် တွေနဲ့ ပြည့်စုံမှသာလျှင် ဗုဒ္ဓဘာသာ အရိယာ ဖြစ်မယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့်–

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။

လို့ ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့် ယခုလို ကြုံကြိုက်တဲ့အခါမှာ ရုပ်တရားနာမ်တရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်နိုင်ခြင်းဆိုတဲ့ နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်၊ အကြောင်းအကျိုးတရားတွေနဲ့ အဆက်အစပ် စက်ရဟတ် ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတွေကို ပိုင်းခြား ဝေဘန်ပြီး အပြေမှန်အောင် သုံးသပ် ဆုံးဖြတ်နိုင်ခြင်းဆိုတဲ့ ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်၊ အနိစ္စလက္ခဏာ ဆယ်ပါး၊ ဒုက္ခ လက္ခဏာ နှစ်ဆဲ့ ငါးပါး အနတ္တ လက္ခဏာ ငါးပါး ဆိုတဲ့

ဝိပဿနာ ဉာဏ ဒဿန သမ္မာဒိဋ္ဌိဉာဏ်၊ သစ္စာလေးချက် သဘောနက် တို့ကို ဖုံးအုပ် ကွယ်ကာ တွယ်တာ ကင်းစင် အလင်း မြင်ခြင်း ဆိုတဲ့ လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ ဉာဏ်၊ ဒီဉာဏ်မျိုးတွေကို ကိုယ်ပိုင် ဒိဋ္ဌ ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်လာ ပလား ဆိုမှဖြင့် အတိဩဠာရိက အတ္တ ဒိဋ္ဌိ၊ ဩဠာရိက အတ္တဒိဋ္ဌိ၊ သုခုမ အတ္တ ဒိဋ္ဌိ၊ အတိသုခုမ အတ္တ ဒိဋ္ဌိ ဆိုတဲ့ ဒိသာသနာပ မိစ္ဆာဒိဋ္ဌိကြီး လေးပါးဟာ အလို လို ချုပ်ငြိမ်း ရုပ်သိမ်းပြီး ယခု ယောဂီ တို့ မျက်မှောက် ပြုသွားနေတဲ့ အိုနာသေကွဲ လမ်းတလျှောက်မှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဉပါယာသ-စတဲ့ မီးတဆဲ့ တ ပါးတို့ဟာ ကင်းစင် လွင့်ပျောက်ပြီး ချမ်းသာခြင်း သုခ တွေနှင့်သာ အပြည့်အဝ ခံစား စံစား ကြရ လိမ့်မယ်ဆိုတာ ကေန် မုချပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် ပယ်အပ်တဲ့တရား၊ ပယ်သတ်ရမဲ့တရား၊ ပယ် တတ်တဲ့ တရားလို့ ပိုင်းပိုင်းခြားခြား ပြောခဲ့ရခြင်း ဖြစ်ပါ တယ်။ ဒီခန္ဓာ ငါးပါး ဖြစ်တဲ့ သဘာဝ သစ္စာတရားကြီး ရဲ့ ဖြစ်မှု ပျက်မှု သဘောတွေကို ယထာဘူတ ဉာဏ်ဖြင့် ဟုတ်တိုင်း မှန်တိုင်း သိမြင်လာလျှင် လူလောက ကြီးမှာ တနေ့တရက် တမနက်မျှ နေရ ငြားသော်လဲ အလွန်မြတ်လှ ပါတယ်။

ဒီခန္ဓာ ငါးပါး ဖြစ်တဲ့ သဘာဝ သစ္စာကြီးရဲ့ သဘော လက္ခဏာ၊ သဘာဝတွေကိုမှ ဟုတ်တိုင်း မှန်တိုင်း မသိမြင်

နိုင်ကြလျှင် ဒီလူလောက ကြီးမှာ အနှစ်တရာ ရှည်အောင် နေရငြားသော်လဲ မမြတ်နိုင်ပါဘူး ယောဂီ။ ဒါကြောင့်– ပါဠိတော်က–

ယောစ ဝဿ သတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗ ယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗ ယံ။

လို့ဟောဖေါ် ညွှန်ပြ ထားခြင်း ဖြစ်ပါတယ်။

ဒီလို သမ္မာဒိဋ္ဌိဉာဏ်ကို မရတဲ့ အတွက်ကြောင့် ဒီခန္ဓာ ငါးပါး သဘာဝ သစ္စာတရားကြီးရဲ့ အကျိုးအပြစ် လက္ခဏာ တွေကို မသိနိုင် ကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တရား ရှာလျှင် ခန္ဓာမှာကြည့်၊ တရားနာလျှင် ဗမာလို သိဘို့ အလွန် အရေးကြီးလှ ပါတယ်။ မိမိတို့ ဘာသာ မိမိတို့စကား ဖြင့် ပြောင်ပြောင် စင်စင် သိပါမှ ယောဂီများ သိမြင်သဘော ပေါက်နိုင် သဘောရောက်နိုင် သဘောရနိုင် ကြမယ်။

ဒီခန္ဓာငါးပါး သဘာဝ သစ္စာ တရားကြီးရဲ့ သဘော လက္ခဏာ သဘာဝ ဖြစ်တဲ့ အကျိုးအပြစ်တွေကို မသိတော့ ယောဂီများ ကြပ်ကြပ်စဉ်းစား ကြည့်ပါလေ။ မသိတာက အဝိဇ္ဇာ သာယာတာက တဏှာ၊ စွဲတာက ဥပါဒါန် မဟုတ်ပါလား။ ဒီခန္ဓာ ငါးပါးကြီးရဲ့ ဖြစ်မှုပျက်မှု သဘောတွေကို မသိလေသမျှ အဝိဇ္ဇာ တဏှာ အကြောင်းခံပြီး ဒီခန္ဓာ ငါးပါး သဘာဝသစ္စာ တရားကြီးရဲ့ အပေါ်မှာ ဥပါဒါန် ခန္ဓာတွေ ကပြောင်းကပြန် ဖြစ်နေတော့ တာပါဘဲ ယောဂီ၊

ဒါဖြင့် ခန္ဓာငါးပါး သဘာဝသစ္စာ တရားကြီးဟာ ဘယ်မှာ ဖြစ်နေပါသလဲ ဆိုတာ ရှင်းလင်း ပြောပြပါဦးမယ်။

မြေ-ရေ-လေ-မီး-အဆင်း-အသံ-အနံ့-အရသာ ဆိုတဲ့ ဥတုဇရုပ်၊ မြင်-ကြား-နံ-စား-တွေ့ထိ ကြံသိ ဆိုတဲ့ ကမ္မဇ ရုပ် ဒီနှစ်ပါး စလုံးကိုပင် ဝတ္ထုရုပ်တွေဘဲလို့ မှုချသာ မှတ်သား ထားကြ ပေတော့။ ဥတုဇ ရုပ်ကိုတော့ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန ဆိုတဲ့ အာယတနလို့ ခေါ်ပါတယ်။ ကမ္မဇ ရုပ်ကိုတော့ စက္ခာယတန, သောတာယတန, ဃာနာယတန စတဲ့ အာယတနလို့ ခေါ်ပါတယ်။ ဒီဥတုဇရုပ်နှင့် ကမ္မဇရုပ်တို့ ပေါင်းဆုံ လုံးထွေး တိုက်ခိုက်တဲ့ အခါမှာ ခန္ဓာငါးပါး သဘာဝသစ္စာ တရားကြီး ဖြစ်ပေါ်လာ ပါတယ်

ဒီခန္ဓာငါးပါး သဘာဝသစ္စာတရားကြီး ဖြစ်ပေါ်လာကြောင်းကို သေသေချာချာ မသိကြလေတော့ အယူမှား အစွဲမှား အမှတ်မှားပြီး သက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာတွေ ဖြစ်ကုန်ကြတော့တာပါဘဲ။ ဒီခန္ဓာငါးပါး သဘာဝသစ္စာ တရားကြီးရဲ့ ဖြစ်မှု ပျက်မှုကို မသိကြလေတော့ မသိ အဝိဇ္ဇာကို အကြောင်းခံပြီး သက္ကာယခန္ဓာ၊ ဥပါဒါန်ခန္ဓာတွေ ကေန်မုချ ဖြစ်တယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒါကြောင့် သာသနာတော်မြတ်ဖြစ်တဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို ကိုယ်ပိုင်ဒိဋ္ဌ ပိုင်ပိုင်နိုင်နိုင် ရပလားဆိုမှဖြင့် အတိုသြင္ဒာရိက

အတ္တဒိဋ္ဌိ၊ သြဋ္ဌာရိကအတ္တဒိဋ္ဌိ၊ သုခုမအတ္တဒိဋ္ဌိ၊ အတိသုခုမ အတ္တဒိဋ္ဌိဆိုတဲ့ သာသနာပ မိစ္ဆာဒိဋ္ဌိကြီး လေးပါးဟာ အလိုလို ပယ်ပြီး သတ်ပြီး ဖြစ်တော့တာပါဘဲ ယောဂီ။

ဒီလို သမ္မာဒိဋ္ဌိဉာဏ်တွေကို အခြေခံပြီး သမ္မသန ဉာဏ်ဖြင့် သုံးသပ်၍ ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်း မှန်စွာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ဉာဏ်မြင် ရှင်း ဉာဏ်မြင်လင်း ဉာဏ်မြင်ရောက် ဉာဏ်မြင်ပေါက်၍ ဉာဏ်အမြင် ပိုင်လာလျှင် ယောဂီတို့ စိတ်အာရုံ သံသရာ ပေါ်မှာ ဖြစ်နေတဲ့ အပါယ်လေးပါးဘေး၊ ကပ်သုံးပါးဘေး၊ ရပ်ပြစ်ရှစ်ပါးဘေး၊ ရန်သူမျိုးငါးပါးဘေး၊ ဝိပ္ပတ္တိလေးပါး ဘေး၊ ဗျသနငါးပါးဘေး၊ ပပဉ္စသုံးပါးဘေးဆိုတဲ့ ဘေးဆိုး အမျိုးမျိုးတို့မှ ကင်းလွတ် စင်ကြယ်ပြီး အအေးဆုံးမှန် အငြိမ်းဆုံးမှန်တဲ့ မြတ်နိဗ္ဗာန်သုခကြီးကို ကေန်ထုတ်ချောက် မျက်မှောက် ပြုနိုင်ကြမယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေ တော့။ ဒါကြောင့် သမ္မုတိသစ္စာ၊ သဘာဝသစ္စာ၊ အရိယာ သစ္စာ အကျိုးတရားတွေကို အချိုးအစားကျကျ ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါစေခြင်း အကျိုးငှာ ရှင်းလင်း ပြောပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် သံသာရဝဋ္ဋဒုက္ခတော သံသရာဝဋ်ဆင်းရဲ အပေါင်းတို့မှ ကျွတ်လွတ် ထွက်မြောက် အောင်မြင်နိုင်ကြ ပါစေခြင်း အကျိုးငှါ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်

တွေ့ကို လေ့လာလိုက်စား ကြိုးစားအားထုတ်နိုင်ကြပါစေရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါရစေဦး။

ဒုက္ခံ ဒုက္ခ သမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယ အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။
ဧတံခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏံ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဘိက္ခဝေ၊ သုံးဆဲ့တဘုံ သံသရာဝဲဩဃမှာလ ရုံးဖွဲ့ဆုံပြီး မမှန်တာတွေနဲ့ အမြဲမျောနေကြတဲ့ သတ္တဝါ မှတ်စရာ အဖြေဆိုတာ အိုနာသေ ရှောင်မလွတ်နိုင်ဘူး ခေါင်အထွဋ် မဂ္ဂင်တရားကို မပျက်အစဉ်ပွားကာ နေ့ညမယုတ် ကြိုးအားထုတ်ကြပေတော့ အမျိုးအစား သရုပ်တွေပမာ ကြည့်ကြလျှင်ဖြင့် ဇာတိသံခါရခန္ဓာ အစဉ်သံသရာ တခွင်မှာ ဝဋ္ဋမှောင်ဖုံးတာကြောင့် လွတ်အောင်ရုံးကာ ပြည်ခေမာကိုလ မနသိဝေဝေဖြာ ယူမျှော်ငြောင်းကြတဲ့ အို....သူတော်ကောင်း အပေါင်းတို့။

ဒုက္ခံ၊ သင္ခိသန္ဓေဇာတိ, ပဝတ္တိဇာတိဆိုတဲ့ ဇာတိ အစဉ် သဘောတွေကြောင့် ငါအရှိထင်ပြီး မျောနေကြတဲ့ ပညတ် ဒုက္ခ, ပရမတ်ဒုက္ခ။ (၀၁) သမုတ်ရှိ အိမ်ခန္ဓာမှာ ဗိမ်ခံကာ ဖေါက်ပြန် ခံစား မှတ်သား ပူပြင်မှုတွေနဲ့ ဒရစပ် မအား အောင် ခုတင်ခု နှိပ်စက်နေကြတဲ့ သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခတွေကို။ ပဿတိ၊ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်

မြင်ကာ စူးစိုက်၍ ရှုလိုက်ကြကုန်ရာ၏။ ဒုက္ခသမုပ္ပါဒ်၊ ကာမဘဝ ဝိဘဝနဲ့ ရှိသမျှအရာရာမှာ အလိုရမက်တွေကြောင့် ဘဝထိုထို ဆက်ကာ ဆက်ကာ ဟို- သံသရာက စွဲခဲ့တဲ့ ဇာတိဒုက္ခတွေကိုလည်း။ ပဿတိ၊ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်မြင်ခါ စူးစိုက်၍ ရှုလိုက်ကြကုန်ရာ၏။ ဒုက္ခသစ္စ၊ အိုနာသေ ဆိုတဲ့ သံသရာမှာ နာမ်ခန္ဓာအပေါင်းအစုတွေ၊ ဖြစ်ပြီး အကြောင်းပြုနေတဲ့ ဇာတိသင်္ခါရတရားတွေကိုလည်း။ အတိက္ကမံ၊ မသိလို့မှား မှားတော့သာယာ သာယာတော့စွဲ တကတဲ အရှိထင် အလွဲသိမြင်နေတဲ့ အယူအစွဲတွေ ချုပ်ငြိမ်း လွတ်မြောက်မှုကိုလည်း။ ပဿတိ၊ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်မြင်ကာ စူးစိုက်၍ ရှုလိုက်ကြကုန်ရာ၏။ ဒုက္ခူပသမ-ဂါမိနံ၊ ပဝတ္တိပဋိသန္ဓေ လေးထွေဘေးဆိုး အမျိုးမျိုးတို့ ငုတ်လျှိုးကွယ်ပျောက် ချုပ်ဆုံးခြင်းသို့ ရောက်ကြောင်းဖြစ်သော။ အရိယာဋ္ဌင်္ဂိကံမဂ္ဂံ၊ အင်္ဂါရှစ်ဖြာ ကျင့်သိက္ခာဖြစ်သော အရိယာအဋ္ဌင်္ဂိက မဂ်ကိုလည်း။ ပဿတိ၊ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်မြင်ကာ စူးစိုက်၍ ရှုလိုက်ကြကုန်ရာ၏။

တေ၊ ဤအမြင် လေးချက်သည်။ ခေါ၊ စင်စစ်။ ခေမံ၊ ဘေးရန်ကင်းသော။ သရဏံ၊ ကိုးကွယ်ရာ အစစ်ကြီးပါပေတည်း။ တေ၊ ဤအမြင် လေးချက်သည်။ ခေါ၊ စင်စစ်။ ခေမံ၊ ဘေးရန်ကင်းသော။ ဥတ္တမံ၊ လွန်ကဲ ထူးမြတ်သော။ သရဏံ၊ ကိုးကွယ်ရာ အစစ်ကြီး ပါပေတည်း။ တေ ခေါ

သရဏံခေမံ၊ ဤဇာတိ ဒုက္ခကို သိခြင်း။ ဇာတိဒုက္ခ၊ ဖြစ်ပွားကြောင်းကို သိခြင်း။ ဇာတိဒုက္ခ၊ ချုပ်ငြိမ်းမှုကို သိခြင်း။ ဇာတိဒုက္ခ၊ ချုပ်ငြိမ်းမှုသို့ ရောက်ကြောင်းကို သိခြင်းဆိုတဲ့ အမြင် လေးချက်သို့။ အာဂမ္မ၊ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ သမ္မာသနနဲ့ သုံးသပ်။ ယထာဘူတ၊ အမြင်မှန်ရ၍ အမြင်ရောက်၍ အမြင် ပေါက်၍။ သဗ္ဗဒုက္ခာ၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်-ဖြစ်တဲ့ ကံသင်္ခါရ အဘိသင်္ခါရ တိုက်တိုင်း တိုက်တိုင်း ဖြစ်ပေါ်နေတဲ့ ဇာတိသင်္ခါရဆိုတဲ့ ဘေးဒုက္ခအပေါင်းတို့မှ။ ပမုစ္စတိ၊ ကင်းလွတ် ရလေတော့၏။ ပမုစ္စတိ၊ သံသရာ အမှောင် မချင်းရအောင် သာသနာ အရောင်လင်းလင်းပြီး သြော်....အောင်ခြင်းကြီးမက အောင်ကြရ လေကုန်တော့သတည်း။

---

## သစ္စာခြောက်လီ ရှင်းတမ်း ဟောစဉ်

အလွန် ငြိမ်သက် အေးချမ်းတဲ့ သန္တိသုခလက္ခဏာနဲ့ ပြည့်စုံတဲ့ မြတ်နိဗ္ဗာန်သုခကြီးကို လိုလားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်ကြသော ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် ပွါးကျင့်ရမဲ့ တရားတို့သည် ကေန်မုချ ထင်ရှား ရှိပါတယ်။ ပွါးကျင့်ရမဲ့ တရားများမှာ မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါတယ်။ ဒီမဂ္ဂင်ရှစ်ပါးကို ဘယ်ပုံ ဘယ်နည်း ပွါးကျင့်ရမယ်၊ ဘယ်လို အင်္ဂါရပ်တွေနဲ့

ပြည့်စုံပါမှ ပြုကျင့်နိုင်တယ်ဆိုတဲ့ အချက်အလက်တွေကို ရှင်းလင်း ပြောပြပါဦးမယ်။ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံပြီး စွမ်းဆောင်နိုင်သူလဲ ဖြစ်ရမယ်။ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံပြီး ဖြောင့်မှန်သူလဲ ဖြစ်ရမယ်။ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံပြီ ကာယကံ, ဝစီကံ, မနောကံ တည်ကြည် ဖြောင့်မှန်သူလဲ ဖြစ်ရမယ်။ မာန်ထောင်လွှားမှု မရှိသူလဲ ဖြစ်ရမယ်။ ကိုယ် အမှုအရာ နှုတ်အမှုအရာ ပြေပြစ် နူးညံ့ သိမ်မွေ့သူလဲ ဖြစ်ရမယ်။ ဒီလို အင်္ဂါရပ်တွေနဲ့ ပြည့်စုံလာပလား ဆိုမှဖြင့် ယောဂီတို့ လိုလား တောင့်တ နေကြတဲ့ ဆန္ဒအတိုင်း မြတ်နိဗ္ဗာန်သုခကြီးကို ကေန်ထုတ်ချောက် မျက်မှောက်ပြု ကြရလိမ့်မယ်ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဝိပဿနာဆိုတာ ဘာကိုခေါ်ပါသလဲလို့ ကိုယ်ပိုင်ဒိဋ္ဌိသိ ဘို့လိုကြပါတယ်၊ဝိပဿနာဆိုတဲ့ အဓိပ္ပါယ်သဘောကို ကိုယ် ပိုင်သိပါမှ အာဒိနဝဉာဏ် နိဗ္ဗိန္ဒာဉာဏ်တွေရပြီး သံသရာဝဋ်ဒုက္ခ ဆင်းရဲမှ လွတ်မြောက်အောင် ရုံးထွက်လိုတဲ့ သံဝေဂဉာဏ် တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အိုနာသေကွဲဆိုတဲ့ ဘေးအာ မျိုးမျိုးတို့မှ ရှုံ့ကြောက် ငြီးငွေ့လျက် မအိုရာ, မနာရာ, မသေရာဖြစ်တဲ့ မြတ်နိဗ္ဗာန်သုခကြီးကို ရှာမှီးလိုတဲ့ သဒ္ဓါ တရားတွေ ဒီတော့မှ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဝိပဿနာ ဆိုတဲ့ အစဉ်စကားကို ထင်ရှားအောင် ရှင်းလင်းပြောပြပါ ဦးမယ်။ ဝိ-ဆိုတာ ထူးတာ ကင်းတာလို့ အဖြေရပါတယ်။

ဗ–ဆိုတာ ပဋိပဒါ အကျင့်လို့ အဖြေရပါတယ်၊ ဿနာ–ဆိုတာကတော့ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, အနိစ္စမမြဲတဲ့ သဘောတရားတွေကို၊ အနု–အစဉ်တစိုက်၊ ပဿနာ–သိမြင်ခြင်းဆိုတဲ့ အဖြေကိုရပါတယ်။ ဒုက္ခ-ဆင်းရဲတဲ့ သဘောတရားတွေကို၊ အနု–အစဉ်တစိုက်၊ ပဿနာ– သိမြင်ခြင်းဆိုတဲ့ အဖြေကိုရပါတယ်၊ အနတ္တ-ငါသူတပါး ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာခေါ်ဆိုဘွယ်ရာ မရမရှိတဲ့ သဘောတရားတွေကို အနု-အစဉ်တစိုက်၊ ပဿနာ–သိမြင်ခြင်းဆိုတဲ့ အဖြေကို ရပါတယ်။

ဒီလို အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတရားတွေကို သမ္မာဒိဋ္ဌိညာဏ်ဖြင့် ဟုတ်တိုင်းမှန်တိုင်း ဒီလို သိမြင်လာပလားဆိုမှဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန်ခေါ်တဲ့ ဝဋ္ဋသုံးပါးတို့မှ ကင်းပြီ, လွတ်ပြီ, တဏှာ, မာန်, ဒိဋ္ဌိ, အနှောင်အဖွဲ့တို့မှ ကျွတ်လွတ်ထွက်မြောက်လျက် ထူးမြတ်တဲ့ဝိပဿနာညာဏ် မဂ်ညာဏ်, ဖိုလ်ညာဏ်တွေကို ရ၍ မြတ်နိဗ္ဗာန်သုခကြီးကို မုချခံစားကြရမယ် ဆိုတာ တထစ်ချသာ မှတ်ကြပေတော့။ ဒါကြောင့် ဝိပဿနာဆိုတဲ့ အဓိပ္ပါယ်သဘောကို ယောဂီများ သိမြင်ကြရလေအောင် ပြောပြရခြင်း ဖြစ်ပါတယ်။ တရားဆိုတာ အသိတရား၊ အကျင့်တရားရယ်လို့ နှစ်မျိုးနှစ်စား ရှိပြန်ပါတယ်။ အသိတရား ဆိုတာကတော့–ခန္ဓာ အာယတန ဓါတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားများပင်ဖြစ်

ပါတယ်။ အကျင့်တရား ဆိုတာကတော့ မဂ္ဂင်ရှစ်ပါးခေါ်တဲ့ ပညာသိက္ခာ, သီလသိက္ခာ, သမာဓိသိက္ခာတရားများပင် ဖြစ်ပါတယ်။ တနည်းပြောရမည်ဆိုလျှင် ဝိဇ္ဇာစရဏတရား များပင် ဖြစ်ပါတယ်။ ဒါကြောင့်–

သောခေါ ပနေသမဂ္ဂေါ သမ္မာဒိဋ္ဌိ သမ္မာ–
သင်္ကပ္ပါနံ ဝိဇ္ဇာယ သေသဓမ္မာနံ စရဏေန သင်္ဂဟိ
တတ္တာ။

လို့ ပါဠိတော်က ညွှန်ပြထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ သိက္ခာသုံးပါး မြတ်တရားကိုပင် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အကျင့်တရား သာသနာတော်မြတ် တရားလို့ မှုချပြောရခြင်း ဖြစ်ပါတယ်။

ဒီ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးကို သာသနာတော် မြတ်တရားလို့ ပြောတဲ့ နေရာမှာ ဗလုံးဗထွေးမဖြစ်အောင် ဝေဘန် ပိုင်းခြား သုံးသပ် ဆုံးဖြတ်နိုင်ကြရလေအောင် ထပ်မံရှင်းလင်း ပြောပြပါဦးမယ်။ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးကို ဘာကြောင့် သာသနာခေါ်ရတယ်ဆိုတဲ့ အပြောအချက်အလက်တို့ကို သဘော နက်နက်နဲနဲသာ စဉ်းစားကြပေတော့။ ဒီမဂ္ဂင်ရှစ်ပါးရဲ့ အခြေအမြစ်ကို သိပါမှလဲ အကျင့်တရားဆိုတဲ့ သဘောသွားကို ယောဂီများရဲ့ ညဏ်ဝမှာကိုယ်တိုင် သဘောပေါက်ကြလိမ့်မယ်။ ကိုယ်ပိုင်သဘော

ရောက်လိမ့်မယ်။ ဒီတော့မှ အသိတရား အကျင့်တရားဆိုတဲ့ ခြားနားပုံ သဘောအစဉ်ကို မနေ့ာအမြင်မှာ ရှင်းကြပါ လိမ့်မယ်။ ယောဂီများ သိရှိသဘောပေါက်ကြရ လေအောင် သဒ္ဓါကြီးကြီးနဲ့သာ နားစိုက်ကြပေတော့။

အသိတရားနဲ့ အကျင့်တရားကို ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ပါမှ သဘောရောက်ပါမှ ယောဂီများ အနေ မြတ်မယ် အသေမြတ်မယ် ဒါကြောင့် သာသနာဆိုတဲ့စကား အစဉ်ကို, ဘုရားရှင် အလိုတော်ကျ ရှင်းပြပါဦးမယ်။ ပရိ ယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာရယ်လို့ သုံးမျိုးရှိပြန်ပါတယ်။ ပရိယတ္တိသာသနာသည် အကြောင်း တရားဖြစ်၍ ပဋိပတ္တိသာသနာသည် အကျိုးတရား ဖြစ်ပါ တယ်။ တဖန် ပရိယတ် ပဋိပတ်သည် အကြောင်းတရားဖြစ်၍ ပဋိဝေဓသာသနာသည် အကျိုးဖြစ်ပါတယ်။ ပရိယတ္တိသာ သနာသည် သုတမယဉာဏ်ဖြစ်ပါတယ်။ ပဋိပတ္တိသာသနာ သည် စိန္တာမယဉာဏ် ဖြစ်ပါတယ်။ ပဋိဝေဓသာသနာသည် ဘာဝနာမယဉာဏ် ဖြစ်ပါတယ်။

ပရိယတ္တိသာသနာဟာ သုတမယဉာဏ် ဖြစ်ကြောင်းကို ပြောပြပါဦးမယ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိပြန်ရာ ထိုဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို ချုံးလိုက် သည်ရှိသော် ပိဋကတ်သုံးပုံ ဖြစ်ပါတယ်။ ပိဋကတ်သုံးပုံမှာ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့

ပင် ဖြစ်ပါတယ်။ ဝိနည်းငါကျမ်းကို ချုံပြီး ကြည့်မယ်ဆိုလျှင် သီလကိုသာလျှင် ဟောတော်မူပါတယ်။ သုတ်သုံးကျမ်းကို ချုံးပြီး ကြည့်မည်ဆိုလျှင် သမာဓိကိုသာလျှင် ဟောတော်မူပါတယ်။ အဘိဓမ္မာ ခုနစ်ကျမ်းကို ချုံပြီး ကြည့်မယ်ဆိုလျှင် ပညာကိုသာလျှင် ဟောတော်မူပါတယ်။ မဂ္ဂင်ရှစ်ပါးခေါ်တဲ့ ပညာသီလ,သမာဓိဖြစ်တဲ့ သိက္ခာသုံးပါးဟာ ပိဋကတ်သုံးပုံရဲ့ သီးခြေ ပိဋကတ်သုံးပုံရဲ့အဆီအနှစ်ဖြစ်တယ်ဆိုတာမချသာ မှတ်သားထားကြပေတော့။ ဒါကြောင့် ဒီမဂ္ဂင်ရှစ်ပါးသည် ပရိယတ္တိသာသနာ ကေန်ဖြစ်ကြောင်း အလွန်ထင်ရှားလှပါတယ် ဒီပရိယတ္တိ သာသနာကိုပင် သုတမယဉာဏ် ဖြစ်တယ်လို့ ပြောရခြင်းဖြစ်ပါတယ်။

ဒီ ပရိယတ္တိသာသနာတော်မြတ်ကြီးဟာ မဂ္ဂင်ရှစ်ပါးဖြစ်တယ်လို့ ဒီလိုရှင်းပြလိုက်တော့ ပဋိပတ္တိသာသနာဆိုတာ ဘာကိုမျှား ခေါ်ဆိုနေလေရော့သလဲလို့ ယောဂီများ တသီးတခြား ထင်ကောင်းထင်ကြပေလိမ့်မယ် ပဋိပတ္တိသာသနာဆိုတာ တကယ်တော့ တသီးတခြား တခန်းတနား မရှိပါဘူး ဒီသိက္ခာသုံးပါးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကိုပင်လျှင် ပဋိပတ္တိသာသနာလို့ ခေါ်ဆိုခြင်းဘဲ ဖြစ်ပါတယ် ဒီမဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ သိက္ခာသုံးပါးကို အဘယ်ကြောင့် ပဋိပတ္တိသာသနာ ခေါ်ဆိုရတယ်ဆိုတာကို ဆက်လက်ပြီး အကြမ်းစား အားဖြင့် မြင်သာအောင် ပြောပြပါဦးမယ်။ ယောဂီများ စဥ်းစား

ကြည့်ပါ ဒီမဂ္ဂင်ရှစ်ပါးဖြစ်တဲ့ ပညာသိက္ခာ၊ သီလသိက္ခာ၊ သမာဓိသိက္ခာမရှိလျှင် ဝိပဿနာညာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာတို့ကို ရဘို့ရာ ရောက်ဘို့ရာ ဘယ်လို နည်းလမ်းမှ မရှိပါဘူး ဒီသိက္ခာသုံးပါးမရှိလျှင် ကျင့်ကြံကြိုးကုတ် အားထုပ်စရာ လုံးဝမရှိနိုင် လုံးဝမဖြစ်နိုင်ပါဘူးဆိုတာ ပုတ်ပြတ်သာ မှတ်ထားကြပေတော့။

ဒီမဂ္ဂင် ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးကို ပဋိပတ္တိသာသနာ စိန္တာမယဉာဏ်ဖြစ်တယ်လို့ ကောန်မုချ ပြောရခြင်းဖြစ်ပါတယ်။ ပဋိဝေဓသာသနာဆိုတာလဲ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးကိုပင်လျှင် ပဋိဝေဓသာသနာလို့ ခေါ်ဆိုခြင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီသိက္ခာသုံးပါးဖြစ်တဲ့ မဂ္ဂင်အကျင့်မှ မရှိလျှင် သစ္စာလေးပါး မြတ်တရားနှင့် နိဗ္ဗာန်တရားတော်မြတ်ကြီးကို ဘယ်လိုနည်းနှင့်မှ ဟုတ်တိုင်းမှန်စွာ မသိနိုင် မမြင်နိုင်ပါဘူး ဒီမဂ္ဂင်ရှစ်ပါးဖြစ်တဲ့ သိက္ခာသုံးပါးကို ပင်လျှင် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ သုတမယညာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်လို့ ကောန်မုချ ပြောရခြင်းဖြစ်ပါတယ်။

ဒီမဂ္ဂင်ရှစ်ပါးကို သာသနာသုံးပါးဖြင့် ပိုင်းခြားဝေဘန်တဲ့ ဟောကြားတော်မူကြောင်းကို ဘနည်းပြောပြပါဦးမယ်၊ ယောဂီများ သေသေချာချာ စဉ်းစားကျပေတော့ သီလသိက္ခာသည် ပရိယတ္တိသာသနာ ဖြစ်ပါတတ်။ သမာဓိသိက္ခာ

သည် ပဋိပတ္တိသာသနာ ဖြစ်ပါတယ်။ ပညာသိက္ခာသည် ပဋိဝေဓသာသနာဖြစ်ပါတယ်။ ပိဋကတ်သုံးနှင့် သာသနာသုံးပါး တခြားမရှိကြောင်း တခြားမဟုတ်ကြောင်း သာသနာသုံးပါးနှင့် မဂ္ဂင်ရှစ်ပါး တခြားမရှိကြောင်း တခြားမဟုတ်ကြောင်းကို ယောဂီများ ပုတ်ပြတ်သာမှတ်သားထားကြပေတော့။

ဝိပဿနာညာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ညာဏ် တွေကို လေ့လာလိုက်စား ပွားများ ကျင့်သုံးကြတဲ့ ယောဂီတိုင်း ယောဂီတိုင်း သိသင့် သိထိုက် သိပိုင်ခွင့် ရှိတဲ့ အချက်အလက်တွေကို သိမြင်သဘောပေါက် ကြရလေအောင် ဆက်လက် ရှင်းလင်း ပြောပြ ပါဦးမယ်၊ သံသရာ၌ ပယ်အပ်တဲ့ တရား၊ ပယ်သတ်ရမဲ့ တရား၊ ပယ်တတ်တဲ့ တရားရယ်လို့ သုံးမျိုးရှိပါတယ် ဒီတရား သုံးမျိုးကို ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ဘို့ အလွန် လိုအပ်လှပါတယ် ဘာကြောင့်လဲ ဆိုလျှင် ဒီတရား သုံးပါးကို ပိုင်းပိုင်းခြားခြား အချိုးကျအောင် သိမြင်ပါမှ ယောဂီများ ကျင့်ကြံ ကြိုးကုတ် အားထုတ်လို့ ဟတ်ကြမယ်၊ အိုနာသေကွဲ ဆိုတဲ့ လမ်းတစ်လျှောက်မှာလဲ ရှောင်တတ် တိမ်းတတ် ဖြစ်ပြီး အသေမြတ်မယ် အနေမြတ်မယ်။ ဒါကြောင့် ဒီတရား သုံးမျိုးကို အချိုးကျအောင် သိမြင်ဘို့ အလွန် လိုအပ်တဲ့ အကြောင်းကို ပြောရခြင်း ဖြစ်ပါတယ်။

သံသရာရဲ့ ဖြစ်စဉ်သရုပ် သဘောကို ယောဂီများရဲ့ ခန္ဓာဉာဏ်ဝမှာ အမြင်မြင်အောင် ထုတ်ပြ ပြပါဦးမယ် သံသရာ

ဆိုတာ အဆက်အစပ် အမျှင်တရား စက်ရဟတ်လို ဒီအာရုံတွေ အစဉ်သွားနေလို့ သံသရာခေါ်တယ်လို့ ပြောရပြန်ပါတယ် ပယ်သတ်ရမဲ့ တရား ဆိုတာကတော့ အယူမှားအစွဲမှား အမှတ်မှား ဆိုတဲ့ ဒိဋ္ဌိ၊ အကြောင်းအကျိုးနှင့် တကွ ဖြစ်တဲ့ အမှန်လေးပါးကို မဆုံးဖြတ် နိုင်တဲ့ ဝိစိကိစ္ဆာ၊ ကိုယ်အမူ အရာ နှုတ်အမူအရာ ကြမ်းတမ်းတဲ့ ကောဓ–အာရုံမှာ ဖြစ်မှားတဲ့ ဒေါသ၊ တနည်း ပြောရမယ် ဆိုလျှင် ပဋိဃလို့ ခေါ်ရပါတယ်။ ဝတ္ထုရုပ် တွေ ပေါ်မှာ လိုမလို အာရုံပေါ်မှာ လိုမလို ဖြစ်နေတဲ့ ကာမရာဂ–ဒီစိတ် အာရုံပေါ်မှာ နိမိတ် အာရုံထင်ပြီး သို့လော သို့လောနဲ့ ပေါ်လာ နေတဲ့ ဘဝရာဂ–အထင်သေးခြင်း၊ အထင်ကြီးခြင်း ဆိုတဲ့ မာန–ဒီစိတ် အာရုံအစဉ်ပေါ်မှာအရိပ်သဏ္ဍာန်လို ထင်နေတဲ့ အဝိဇ္ဇာ-ဒီ သဘော တရားတွေဟာ စိတ်အာရုံပေါ်မှာ မရှိဘဲနဲ့ ဖြစ်နေတဲ့ သဘော တရားတွေမို့ ပယ်သတ်ရမဲ့ တရားတွေလို့ ကောန်မူချ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒါကြောင့် ပယ်သတ်ရမဲ့ တရားကို ယောဂီများရဲ့ ဉာဏ်ဝမှာ ရှင်းရှင်းလင်းလင်း သိမြင်သဘော ပေါက်ကြရလေအောင် ပြောပြရခြင်း ဖြစ်ပါတယ် ပယ်သတ်ရမဲ့ တရားတွေကို ဒီလို သိမြင် သဘောပေါက် ထားကြပါမှ သံသရာအနှောင် အဖွဲ့တွေ ဖြစ်တဲ့ နာနာသတ္တ ဥလ္လောကဋ္ဌဘေး၊ ဒုစရိတဘေး၊ အပါယဘေး၊ ဝိနိပါတဘေး ဆိုတဲ့ ဘေးဆိုး

ကြီး လေးမျိုးမှ လွတ်အောင် ကင်းအောင် ရှောင်တတ်တိမ်းတတ် ဖြစ်ပါတယ်။

ပယ်သတ်တတ်တဲ့ တရား ဆိုတာကတော့ မဇ္ဈိမ ပဋိပဒါ ခေါ်တဲ့ မဂ္ဂင် ရှစ်ပါး ဖြစ်ပါတယ်၊ ပယ်သတ်တတ်တဲ့ မဂ္ဂင် ရှစ်ပါးကို ကိစ္စကြီး လေးပါးဖြင့် ယောဂီများ ညာဏ်ဝမှာ ညာဏ်အမြင် ရှင်းအောင် ဉာဏ်အမြင် လင်းအောင် ဉာဏ် ဉာဏ်အမြင် သဘောပေါ်အောင် ဉာဏ်အမြင်သဘော ရောက် အောင် ပြောပြ ပါဦးမယ်၊ ဒါကြောင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို ရှာဖွေလေ့လာ ပွားများ အား ထုတ်တဲ့ နေရာမှာ ကိစ္စကြီး လေးမျိုး ရှိပြန်ပါတယ်၊ ဒီကိစ္စကြီး လေးမျိုးမှာ ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကရဏကိစ္စ၊ ဘာဝေတဗ္ဗကိစ္စ ရယ်လို့ လေးမျိုး ရှိပြန်ပါတယ်။

ပရိညာ ကိစ္စ ဆိုတာကတော့ အကြောင်း ရုပ်နာမ်၊ အကျိုး ရုပ်နာမ်၊ သက္ကာယ ရုပ်နာမ်၊ ဥပါဒါန် ရုပ်နာမ်၊ ပညတ် ရုပ်နာမ်၊ ပရမတ် ရုပ်နာမ် တွေကို ပိုင်းပိုင်းခြားခြား သိမြင် သဘောပေါက်ခြင်း များပင် ဖြစ်ပါတယ်။

ပဟာနကိစ္စ ဆိုတာကတော့ အဝိဇ္ဇာခေါ်တဲ့ ကိလေသဝဋ္ဋ၊ တဏှာခေါ်တဲ့ ကမ္မဝဋ္ဋ၊ ဥပါဒါန် ခေါ်တဲ့ ဝိပါကဝဋ္ဋ၊ ဝဋ္ဋအားဖြင့် သုံးပါး၊ အခွန့်အားဖြင့် သုံးခွန့်၊ အစပ် အား ဖြင့် သုံးစပ်၊ အလွှာအားဖြင့် လေးလွှာ၊ အခြင်းအရာအား ဖြင့် နှစ်ဆယ်၊ အနုသယ အားဖြင့် ခုနစ်ပါး၊ ဒီ သံသရာ

အနှောင် အဖွဲ့ ဖြစ်တဲ့ သဘော တရားတွေကို ပိုင်းပိုင်းခြား ခြား သိမြင် သဘောပေါက်ခြင်း များပင် ဖြစ်ပါတယ်။

သစ္စိကရဏကိစ္စဆိုတာကတော့ သညာ အနိစ္စ၊သညာဒုက္ခ၊ သညာ အနတ္တ၊ ဝိညာဉ် အနိစ္စ၊ ဝိညာဉ် ဒုက္ခ၊ ဝိညာဉ်အနတ္တ၊ ပညာ အနိစ္စ၊ ပညာ ဒုက္ခ၊ ပညာ အနတ္တ ဆိုတဲ့ လက္ခဏာ သဘော အချက်အလက် တွေကို ဟုတ်တိုင်း မှန်တိုင်းသိမြင်တော့ ဤသဘော တရားက သမုဒယ ဤသဘော တရားက အတ္ထင်္ဂမ ဤသဘော တရားက အဿာဒ၊ ဤ သဘော တရားက အာဒီနဝ၊ ဤသဘောတရားက နိဿရဏ လို့ ပိုင်းပိုင်းခြားခြား သိမြင်သဘော ပေါက်ခြင်း များပင် ဖြစ်ပါတယ်။

ဘာဝေတဗ္ဗကိစ္စ ဆိုတာကတော့ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မာသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတ ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်တိုင်း သိမြင်တော့ အယူများအစွဲများ အမှတ်များနှင့်တကွဖြစ်တဲ့ သမုဒယ ငြိမ်းခြင်းဆိုတဲ့ နိရောဓ ဓိစိတ်အာရုံပေါ်မှာ အယူများ အစွဲများ အမှတ်များနှင့်တကွ ဖြစ်တဲ့ သမုဒယကင်းစင်ပြီး ကြည်လင် သန့်ရှင်း နေတာက သီလ-ဓိသမုဒယ သဘောတရားတွေ ကင်းစင်ပြီး ကြည်လင်သန့်ရှင်းနေတဲ့ အတိုင်း တည်တံ့ခိုင်မြဲခြင်း ဆိုတဲ့ သမာဓိ-ဓိသဘောတရားတွေကို ပြောင်ပြောင် စင်စင်ကြီး ဉာဏ်အမြင်ရှင်း ဉာဏ်အမြင်လင်းပြီး ပိုင်းပိုင်း ခြားခြား သိမြင် သဘောပေါက်ခြင်းများပင် ဖြစ်ပါတယ်။

အကျဉ်းချုံးပြီး တနည်း ပြောရမယ်ဆိုလျှင် ဒုက္ခသစ္စာသည် ပရိညာကိစ္စ ဖြစ်ပါတယ်၊ သမုဒယ သစ္စာသည် ပဟာနကိစ္စ ဖြစ်ပါတယ်၊ နိရောဓသစ္စာသည် သစ္ဆိကရဏ ကိစ္စ ဖြစ်ပါတယ်၊ မဂ္ဂသစ္စာသည် ဘာဝေတဗ္ဗ ကိစ္စ ဖြစ်ပါတယ်၊ ဒါကြောင့် မဂ္ဂင် ရှစ်ပါးဖြစ်တဲ့ ပယ်တတ်တဲ့ သဘောတရားဆိုင်ရာ အရည်အချင်း တွေကို ယောဂီများရဲ့ ခန္ဓာဉာဏ်ဝမှာ သိမြင် သဘော ပေါက်ကြရ လေအောင် ရှင်းလင်းပြောပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် အသိတရားနှင့် အကျင့်တရား သဘော နှစ်ခုတို့ရဲ့ ခြားနားချက် သဘောကို ကွက်ကွက် ကွင်းကွင်းပိုင်းပိုင်း ခြားခြား သိမြင်ပါမှ ကျင့်ကြံ ကြိုးကုတ် အားထုတ်တဲ့နေရာမှာ လွယ်လွယ် ကူကူ ဖြောင့်မှန် ချောမောစွာဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တွေကို ရ၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ကြ ပေလိမ့်မယ်၊ ဒါကြောင့် သံသရာ၌ပယ်အပ်တဲ့ တရား ပယ်သတ်ရမဲ့ တရား ပယ်တတ်တဲ့ တရားလို့ ပြောခဲ့ရခြင်း ဖြစ်ပါတယ်၊ ဒါဖြင့် သံသရာဖြစ်စဉ်တရားကို အပြစ် မြင်သွားအောင် ယောဂီများ သဒ္ဓါကြီးကြီးနဲ့သာ နားစိုက်ကြပေတော့ သံသရာတရားကို မကျဉ်းမကျယ်အလယ်အလပ် ယောဂီများ မြင်သာအောင် အနည်းငယ်ဆက်လက် ရှင်းလင်း ပြောပြပါဦးမယ်၊ ယောဂီများ ဉာဏ်ဖြစ်လာအောင် မြင့်မြတ်သော ခဉ်းအား ကြပေတော့။

အဆင်း-အသံ-အနံ့-အရသာ-ဩဇာ ဆိုတဲ့ ဥတုဇ ရုပ် အဘာဝ တရားတို့ အပေါ်မှာ စိတ် စေတသိက် ခေါ်တဲ့ အာရုံအစဉ်တွေဟာ ကာမဂုဏ် အမျှင်တွေ ရစ်ပတ်ပြီး အဖြစ် မရပ်အောင် စွဲယူခြင်း ဆိုတဲ့ သဘော မြင်ကြား နံစား တွေ့ထိ ဆိုတဲ့ ကမ္မဇ ရုပ်ဝတ္ထု အဘာဝတရားတို့ အပေါ်မှာလဲ စိတ် စေတသိက် ခေါ်တဲ့ အာရုံ အစဉ်တွေဟာ ကာမဂုဏ် အမျှင် သဏ္ဍာန် သရုပ်တွေနဲ့ မမှန်တာတွေ လုပ်ပြီး အရိုယူခြင်း ဆိုတဲ့သဘော ဒီသဘော တရားတွေဟာ သံသရာတရားတွေ ဖြစ်တယ်၊ အတိဩဠာရိက အတ္တဒိဋ္ဌိလို့လဲ ခေါ်ရပြန်ပါတယ်၊ ဒီဥတုဇ ရုပ်ဝတ္ထုနှင့် ကမ္မဇရုပ် ဝတ္ထုတို့ ပေါင်းစုံလုံးသွေး တိုက်ခိုက်မှု တို့ကြောင့် စိတ် စေတသိက် ခေါ်တဲ့ အာရုံ အစဉ်တွေ ဖြစ်ပေါ် လာရခြင်း ဖြစ်ပါတယ်၊ ဒီစိတ် စေတသိက် အာရုံ အစဉ်တွေဟာ ဖေါက်ပြန်ခြင်းသဘော၊ ခံစားခြင်းသဘော၊ မှတ်သားခြင်း သဘော၊ ပြုပြင်ခြင်း သဘော၊ ကြံစည်ခြင်း သဘောတွေ ကေန်မုချ ဒီစိတ် စေတသိက် အာရုံအစဉ်မှာ ဖြစ်နေပါကလားလို့ မသိနိုင်အောင် ဖုံးကွယ်နေတဲ့ အဝိဇ္ဇာ-အဆင်း-အသံ-အနံ့-အရသာ အစရှိတဲ့ ရူပါယတန-မြင်ကြား နံစား အစရှိတဲ့ စက္ခာယတန-ဒီလို အာယတန ဖြစ်တဲ့ ရုပ်တရားတွေကို အကြောင်းခံပြီး စိတ် စေတသိက်ဖြစ်တဲ့ နာမ်တရားတွေ အကျိုးပေါ်နေပါကလားလို့ အကြောင်းအကျိုးတွေ ဆက်စပ်နေပုံကို မသိမမြင်နိုင်အောင် ဖုံးကွယ်တားဆီးထားတဲ့ အဝိဇ္ဇာ, ဒီသဘော

တရားတွေဟာ သံသရာဖြစ်တယ်။ ဩဠာရိက အတ္တဒိဋ္ဌိလို့လဲ ခေါ်ရပြန်ပါတယ်။

ဒီစိတ် စေတသိက်ခေါ်တဲ့ နာမ်အာရုံ အစဉ်တွေပေါ်မှာ လောဘ, ဒေါသ, မောဟနှင့် တကွ ဖြစ်တဲ့ လိုမလိုသဘော ချစ်မုန်းသဘော ချောက်ခြောက်သဘော ကြောက်ရွံ့သဘောတွေ ဖြစ်လာတဲ့ ဥပစာရ ပုံသဏ္ဌာန်တွေ အမျိုးမျိုးထင်ပြီး ဆက်နေတဲ့ သန္တတိ ဒီပုံသဏ္ဌာန်တွေဟာ ဘယ်လိုပင် စိတ်အာရုံပေါ်မှာထင်ပြီး ဆက်နေပေမဲ့ ရွေ့လျော့ပျောက်ကွယ်ခြင်း ဆိုတဲ့ ဇရတာ ဒီသဘောတရား တွေဟာ တအာရုံပြီး တအာရုံသို့ ဖေါက်ပြန်နေတဲ့ အနိစ္စ, ဒီသဘောတရားတွေဟာ သံသရာလက္ခဏာတရားတွေ ဖြစ်တယ် သုခုမအတ္တဒိဋ္ဌိလို့လဲ ခေါ်ရပြန်ပါတယ်။

ဒီစိတ် စေတသိက်ခေါ်တဲ့ အာရုံအစဉ်တွေ ဖြစ်တိုင်း ဤကား ကာမအာရုံ၊ ဤကား မဟဂ္ဂုတ်အာရုံ၊ ဤကား လောကုတ္တရာအာရုံ၊ ဤအာရုံကဖြင့် သမုဒယသစ္စာ ဤအာရုံကဖြင့် ဒုက္ခသစ္စာ သဘောတွေပါကလားလို့ မသိနိုင်အောင် ဖုံးကွယ်တားဆီးနေတဲ့ အဝိဇ္ဇာ, ဒီသဘောတရားတွေဟာ သံသရာဖြစ်တယ် သံသရာခေါ်တယ် အတိသုခုမအတ္တဒိဋ္ဌိလို့လဲ ခေါ်ရပြန်ပါတယ်။ ဒီလိုမသိမှုဆိုတဲ့ သဘောတရားတွေကို အပြည့်အဝ လက်ခံသိမ်းပိုက်ပြီး မွေးမြူထားကြတဲ့ အတွက်ကြောင့် သံသရာလည်ကြတယ်။ မျောကြတယ်။ ဒါကြောင့် ဒီသံသရာကြီးကို အမြုတ်သံသရာ အ

မျောသံသရာ အလယ်သံသရာ အဆက်သံသရာလို့ ပုတ်ပြတ်သော မှတ်ကြပေတော့။

ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို လေ့လာလိုက်စားပွားများကျင့်သုံးကြတဲ့ ယောဂီတိုင်း ယောဂီတိုင်း စင်စင်ကြယ်ကြယ် ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းကြီး ဉာဏ်အမြင်ရှင်းကြရလေအောင် ဖြူဖြူစင်စင်ကြီး ဖြောင့်မှန်စွာ ဝိပဿနာဉာဏ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို ရကြရလေအောင် ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်တဲ့ ဉာဏ်အမြင်ဖြင့် အမှန်လေးပါးကို ကိုယ်ပိုင်ဒိဋ္ဌ မြင်ကြရလေအောင် စတုသစ္စကထာနည်းဖြင့် ရှင်းလင်းပြောပြပါဦးမယ်၊ သမ္မုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာလို့ ခြောက်မျိုးရှိပါတယ်။ ဒီခြောက်မျိုးမှာ။

သမ္မုတိသစ္စာ ဆိုတာကတော့- အာရုံ ရှေ့ရှုဆောင်ပြီး ထင်လာတဲ့ အရိပ်ကို အရိပ်မှန်းသိ၍ သစ္စာဖြင့် စောင့်စည်းခြင်းများ ဖြစ်ပါတယ်။

ဝစီသစ္စာဆိုတာကတော့-အာရုံရှေ့ရှုဆောင်လာတဲ့စကားလုံး အကြွရာပေါ်မှာ မကျူးလွန်ရအောင် သစ္စာဖြင့် စောင့်စည်းခြင်းများ ဖြစ်ပါတယ်။

ဝိရတိသစ္စာဆိုတာကတော့- ပင်ကိုယ်က မရှိတဲ့ သမုဒယကိလေသာ တရားတွေကို မဖြစ်ပေါ်လာရအောင် သစ္စာဖြင့် စောင့်စည်းခြင်းများ ဖြစ်ပါတယ်။

သဘာဝသစ္စာ ဆိုတာကတော့– ဖေါက်ပြန်ခြင်း ခံစားခြင်း မှတ်သားခြင်း ပြုပြင်ခြင်း ကြံစည်ခြင်းဆိုတဲ့ သဘာဝတရားကြီးရဲ့ အပေါ်မှာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဖြစ်အောင် စောင့်စည်းခြင်းများ ဖြစ်ပါတယ်။

ပရမတ္ထသစ္စာ ဆိုတာကတော့– သိတာကစိတ်, ကြံတာထင်တာက စေတသိက် ကြံတဲ့ ထင်တဲ့အတိုင်း ဖေါက်ပြန်ဖြစ်ပေါ်လာတဲ့ ပုံသဏ္ဌာန်ကရုပ် ဒီစိတ်စေတသိက် ရုပ်ဆိုတဲ့ ပရမတ္ထ တရားကြီးဟာ စိတ်အာရုံမှာသာလျှင် ဖြစ်ပေါ်ပြီး ချုပ်ဆုံးနေပါပေါ့ကလား။ ဒီပရမတ္ထတရားကြီးဟာ ပင်ကိုယ်က သမုဒယ ကိလေသာတွေ မရှိပါကလားလို့ ဟုတ်တိုင်းမှန်နတိုင်း သိမြင်တော့မှ သမ္မာဝါယာမဖြင့် လုံ့လပြု၍ သမ္မာသတိဖြင့် မမေ့မလျော့အောင် သတိထားလျက် သမ္မာသမာဓိဖြင့် တည်ကြည်ခိုင်မြဲအောင် စောင့်စည်းခြင်းများ ဖြစ်ပါတယ်။

အရိယသစ္စာဆိုတာကတော့– ဤတရားသည် သမုဒယသာမည်၍ သစ္စာမထိုက်ပါကလား ဤတရားသည် သမုဒယလဲမည်တယ်၊ သစ္စာလဲထိုက်တယ်လို့ သိမြင်တယ်၊ ဤတရားသည် ဒုက္ခသာမည်၍ သစ္စာမထိုက်ပါကလား ဤတရားသည် ဒုက္ခလဲမည်တယ်၊ သစ္စာလဲထိုက်တယ်လို့ သိမြင်တယ် ဤတရားသည် မဂ္ဂမှန်ငြားသော်လဲ သစ္စာမထိုက် ဤတရားသည် မဂ္ဂလဲမှန်တယ်၊ သစ္စာလဲ ထိုက်တယ်လို့ သိမြင်တယ်

ဤတရားသည် နိရောဓသောဖြစ်၍ သစ္စာမထိုက် ဤတရားသည် နိရောဓလဲမည်တယ် သစ္စာလဲထိုက်တယ်လို့ ကိုယ်ပိုင်ဒိဋ္ဌ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို အရိယာသစ္စာလို့ခေါ်ပါတယ်။

ဒါကြောင့် ဝိပဿနာဆိုတာ စည်းမဲ့ကမ်းမဲ့ တရားမျိုးမဟုတ်ကြောင်း စည်းလွတ်ဝါးလွတ် တရားမျိုး မဟုတ်ကြောင်း ကိုယ်ထင်ရာ ကိုယ်လုပ်လို့ ရကောင်းတဲ့တရားမျိုး မဟုတ်ကြောင်းကို အလွန်ထင်ရှားလှပါတယ်။ ဘာကြောင့်လဲဆိုလျှင် ဒီဝိမုတ္တိခေတ်ကြီးကိုက သုတာနုယျခေတ်ဖြစ်နေပါတယ် သုတာနုယျဆိုတာ အကြား, အမြင်တွေရအောင် သင်ယူမှတ်သား လေ့လာပွားများခြင်းကို ခေါ်ပါတယ်။ ဒီလိုသင်ယူမှတ်သား လေ့လာ ပွားမျာ်းကျင့်သုံးနိုင်ပါမှ အလွန်ထူးမြတ်တဲ့ ဝိမုတ္တိအရသာကို သုံးဆောင် ခံစား စံစားနိုင်ကြမယ်ဆိုတာ ဧကန်မုချ ပုတ်ပြတ်သာ မှတ်ကြပေတော့-ဒီသစ္စာတရား ပုံခြောက်မျိုးမှာလဲ သဘောငါးမျိုး ရှိပြန်ပါတယ်။ ယောဂီများ မြင်သာအောင် ဒီသဘော ငါးမျိုးကို ရှင်းလင်းပြောပြပါဦးမယ်။ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဆိုတဲ့ သဘောငါးပါးပင် ဖြစ်ပါတယ်။

သင်္ခါရဆိုသည်မှာ- ကာယသင်္ခါရ၊ မနောသင်္ခါရ၊ ဝစီသင်္ခါရ၊ ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ ဇာတိသင်္ခါရ၊ အာတိသင်္ခါရ၊ စိတ္တဇပဋိသန္ဓေ၊ ကမ္မဇပဋိသန္ဓေတရားများပင် ဖြစ်ပါတယ်။

ဝိကာရဆိုသည်မှာ- ဖေါက်ပြန်ခြင်းသဘော ခံစားခြင်းသဘော မှတ်သားခြင်းသဘော ပြုပြင်ခြင်းသဘော ကြံစည်ခြင်းသဘောဆိုတဲ့ တရားများပင်ဖြစ်ပါတယ်။

လက္ခဏာဆိုသည်မှာ- သညာအနိစ္စ, သညာဒုက္ခ, သညာအနတ္တ၊ ဝိညာဉ်အနိစ္စ, ဝိညာဉ်ဒုက္ခ, ဝိညာဉ်အနတ္တ၊ ပညာအနိစ္စ, ပညာဒုက္ခ, ပညာအနတ္တ၊ ဆိုတဲ့ လက္ခဏာတရားများပင် ဖြစ်ပါတယ်။

နိဗ္ဗာန်ဆိုသည်မှာ- သ-ဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်, နှစ်မျိုးရှိရာ စိတ်အာရုံပေါ်၌ ဒိဋ္ဌိ-တဏှာ-မာနငြိမ်းခြင်းကို သ-ဉပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ဆိုရခြင်းဖြစ်ပါတယ်။စိတ်အာရုံနှင့်တကွ ဒိဋ္ဌိ-တဏှာ-မာနတို့မှ ကျွတ်လွတ် ထွက်မြောက်အောင်မြင်ခြင်းကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

ပညတ်ဆိုသည်မှာ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်ခေါ်တဲ့ ဝဋ္ဋသုံးပါးနှင့်တကွ ဖြစ်နေတဲ့ ကိလေသာတရားများပင်ဖြစ်ပါတယ်။

ယောဂီတိုင်းယောဂီတိုင်း ဒီသဘောတရားတွေကို ပြောင်ပြောင်စင်စင်ကြီး ဉာဏ်အမြင်ရှင်း ဉာဏ်အမြင်လင်းအောင် လေ့လာလိုက်စား ပွားများကျင့်သုံးကြဘို့ အလွန်လိုအပ်လှပါတယ်၊ ဘာကြောင့်လဲဆိုလျှင် အသိတရား အကျင့်တရားဆိုတဲ့အတိုင်း ဒီလို သိသင့်သိထိုက် သိပိုင်ခွင့်ရှိတဲ့ အချက်အလက်တွေကိုမှ မသိမမြင်နိုင်ကြလျှင် ဘယ်လို အကျင့်တရား

တွေကို ကျင့်ကြမှာလဲဆိုတာ မိမိတို့ကိုယ်ကိုသာ မိမိတို့ဆန်းစစ်ကြပေတော့။ ဒါကြောင့် သာဝကများမှာတော့ သိမှကျင့်လို့ ရနိုင်ခြင်းဖြစ်ပါတယ်။ သမ္မာသမ္ဗုဒ္ဓများမှာတော့ ကျင့်မှ အသိဉာဏ်တွေ ဖြစ်ပေါ် ရရှိလာပါတယ်။ ဒီလို ဝိပဿနာတရားများကို ကြိုးစားအားထုတ် ရှာဖွေတဲ့ နေရာမှာလဲ သိမှ ကျင့်လို့ ရတဲ့လိုင်းနှင့် ကျင့်မှ သိလို့ ရတဲ့လိုင်း နှစ်လိုင်းတို့ရဲ့ ခြားနားချက် သဘောကိုလဲ ပိုင်းပိုင်းခြားခြား သိဘို့ အလွန် အရေးကြီးပါတယ်။ ဒီလို သိမှလဲ ဖြောင့်ဖြောင့် မှန်မှန်ကြီး လွယ်လင့်တကူ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို ရရှိနိုင်ပါတယ်။

များသောအားဖြင့် ဒီနေရာတွေမှာ တရားရှာသူတိုင်း လိုလို အငြင်းအခုံတွေ ဖြစ်နေတာကို သာလျှင် တွေ့မြင်နေရပါတယ်။ တကယ်တော့ အသိတရားနဲ့ အကျင့်တရားကိုမှ ပိုင်းပိုင်းခြားခြား မသိနိုင်ကြလျှင် ယောဂီများ ကိုယ်ပိုင်ဉာဏ်နှင့်သာ စဉ်းစားကြည့်ကြပေတော့၊ အထူး ပြောစရာ လိုလှမယ် မထင်ပါဘူး။ ဗုဒ္ဓရှင်တော်ဘုရားကြီး ဟောကြား ဆုံးမတော်မူတဲ့ တရားတော်မြတ်ကြီးကတော့ ငြင်းစရာ ခုံစရာ လုံးဝ မရှိပါဘူး။ မဇ္ဈိမပဋိပဒါဖြစ်တဲ့ ထေရဝါဒ ဗုဒ္ဓဝါဒ တရားများဖြစ်ပါတယ်။

ဒါကြောင့် သံသရာရဲ့ သဘော လက္ခဏာ, သဘာဝ တွေကို ဒီလို ဝိပဿနာဉာဏ်တွေနဲ့ ဟုတ်တိုင်း မှန်တိုင်း သိမြင် လာပလား ဆိုမှဖြင့် အဘယ်အရေးသည် ပယ်အပ်တဲ့

တရားဖြစ်တယ်။၊ အဘယ်တရားသည် ပယ်သတ်ရမဲ့ တရားဖြစ်တယ်၊ အဘယ်တရားသည် ပယ်သတ်တတ်တဲ့ တရားဖြစ်တယ်လို့ မိမိတို့ရဲ့ ညဏ်ဝမှာ ကေန်မုချ သိမြင်သဘောပေါက်လာနိုင်ပါတယ်။ ဒီလို မိမိတို့ ကိုယ်ပိုင်ညဏ် အမြင်ရှင်းပြီး ညဏ်အမြင်လင်းလာလျှင် သောတာပန်,သကဒါဂါမ်, အနာဂါမ်တွေ ဖြစ်နိုင်ကြမယ် ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။ ဒီလို ဝိပဿနာညဏ်, မဂ်ညဏ်, ဖိုလ်ညဏ်တွေကိုမှ မရကြလျှင် အမှန်လေးပါးကို မသိမမြင်နိုင်အောင် ဖုံးကွယ် တားဆီးထားတဲ့ အဝိဇ္ဇာ၊ ကိုယ့်သမိုင်း ကိုယ့်ဖြစ်စဉ် ကိုယ့်ရာဇဝင်ကို မသိမမြင်နိုင်အောင် ဖုံးကွယ် တားဆီးထားတဲ့ အဝိဇ္ဇာ၊ ပဋိသန္ဓေဇာတိ, ပဝတ္တိဇာတိဆိုတဲ့ ဖြစ်စဉ် အရပ်ရပ်တို့ကို အပြစ် မမြင်တတ်အောင် ဖုံးကွယ် တားဆီးထားတဲ့ အဝိဇ္ဇာ၊ အမြုပ်တရား အနှမျှာတရား အဆက်တရား အလည်တရားတွေကို မသိမမြင်နိုင်အောင် ဖုံးကွယ် တားဆီးထားတဲ့ အဝိဇ္ဇာ၊ ဒီလို အဝိဇ္ဇာမှောင်တိုက် အထပ်ထပ်မှာ အချောင်ပိုက်ကာ အိုနာသေ မှာသာလျှင် လမ်းဆုံးနေကြချင်း ဖြစ်ပါတယ်။ ဒါကြောင့်–

သစ္စံ သန္တော ပဋိသန္ဓိ၊ ပစ္စယ ကာရမေဝစ။
ဒုဒ္ဒသာ စတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ။

လို့ ပါဠိတော်က ဟောပေါ် ညွှန်ပြထားချင်း ဖြစ်ပါတယ်။

သစ္စံ၊ သစ္စာလေးပါးကိုရင်း။ သတ္တော၊ သတ္တဝါခေါ်တဲ့ သတ္တကိစ္စကိုရင်း။ ပဋိသန္ဓေစ၊ ပဋိသန္ဓေ နှစ်မျိုးကိုရင်း။ ပစ္စယာကာရမေဝစ၊ ပစ္စည်းတရားတို့၏ ကျေးဇူး ပြုတတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုရင်း။ စတုရော့ဓမ္မေ၊ လေးပါးသောတရား တို့ကို။ ဒုဒ္ဒသာ၊ သိနိုင်ခဲကုန်၏။ ဒေသေတုံစ၊ သူတပါး၌ ခြိုက်ဇာနဲ့ သဘောကျအောင် ဟောပြော ပြသရခြင်း သည်ကား။ သုဒုက္ကရာ၊ လွန်ထက် လွန်မင်း ခဲယဉ်းကုန်၏ တကား။

လို့ ဟောကြားထားတော်မူခြင်း ဖြစ်ပါတယ်။

ဒါကြောင့် သံသရာဝဋ်ဆင်းရဲ အပေါင်းတို့မှ ကျွတ်လွတ် ထွက်မြောက် အောင်မြင်နိုင်ကြရလေအောင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို လေ့လာလိုက်စား ပွားများ အားထုတ်နိုင်ကြပါစေရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက် ပါရစေဦး။

> တေသ အာနန္ဒ ဓမ္မဿ အဉာဏာ အနနုဗောဓာ
> အပဋိဝေဓာ ဝေမယံ ပဇာ တန္တာ ကုလကဇာတာ
> သကုဏီ ကုဏ္ဍိကဇာတ မုဉ္ဇ ပဗ္ဗဇဘူတာ အပါယံ
> ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိ ဝဋ္ဋတိ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ တေသ ဓမ္မဿ၊ ဤခန္ဓာ အာယတန၊ ပဋိစ္စ သမုပ္ပါဒ် ဓါတ်သစ္စာတရားတို့ကို။ အဉာ- ဏာ၊ သရုပ်သဘော ကျေလည်အောင် သင်ကြားခြင်း

ဖြစ်သော ဥာတပရိညာ စခန်းကို မသိကြခြင်းကြောင့်။ အနနုဗောဓာ၊ လက္ခဏာသုံးခု မြင်အောင် ရှုမှု ဟူသော တိရဏပရိညာ စခန်းသို့ ထိရုံမျှ မသိနိုင်ကြခြင်းကြောင့်။ ပဋိဝေဓါ၊ ဒိဋ္ဌိကို ပယ်သတ်၍ မဂ်ဖိုလ်သို့ ဆိုက်ကပ်ကြကုန်သော ပဟာနပရိညာစခန်းသို့ ပေါက်ရုံမျှ မဖေါက်ထွင်းနိုင်ကြခြင်းကြောင့်။ ကဏ္ဍာကုလ ကဇာတာ၊ ခန္ဓာ အာယတန ပဋိစ္စသမုပ္ပါဒ်ဟု ဆိုအပ်သော သံသရာစက် ဝဲဂယက်မှ ထွက်လမ်းကို ရှာရာ စခန်းတွင် ရက္ကန်းသည် အဖျင်း အမိုက်၏ ကြွက်ကိုက်သော ချည်ခင်ထွေးကဲ့သို့ ရောထွေးလျှောက်ရှက် အဖြေရှင်းခက်၍ နေကြသေးသော။ သကုဏိကုဏ္ဍိကဇာတာ၊ လှော်လက် ပွေလိမ် စာဗူးအိမ်ကဲ့သို့ မွှေသိမ်ယှက်မြွေး ရှုပ်ထွေး၍ နေကြသေးသော။ မုဉ္ဇပဗ္ဗဇာဘူတာ၊ ပစော် မြက်ဆွေး ပိုန်းမြက်ဆွေးကဲ့သို့ ရှုပ်ထွေး၍ နေကြသေးသော။ အယံပဇာ၊ သံသရာမှာ ရှည်ကြာမြင့်လျှား ခရီးသွားရသူ နတ်, လူ, ဗြဟ္မာ, ပုထုဇဉ်, သတ္တဝါ ဟူသမျှ တို့သည်။ ဧဝံ၊ ဤဉာတပရိညာ, တိရဏပရိညာ, ပဟာနပရိညာ ဆိုတဲ့ သံသရာထွက်လမ်း စခန်းသုံးခုကို မသိ၍ ရှုပ်နေသည့်အတိုင်း။ အပါယံ၊ ချမ်းသာကင်းသဖြင့် ကြီးပွားခြင်း ဟူသမျှကို ဘယ်နည်းနှင့်မျှ မရနိုင်သော။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် မိုက်လုံးပွင့်သူတို့ ဆူဆူထန်ပြင်း မဆန်ငြင်းနိုင်အောင် ဇွတ် အတင်း လားရာ ရောက်ရာ ဖြစ်သော။ ဝိနိပါတံ၊ မိုဃ်းဦးကျ ချောင်းရေနှင့် လေပွေ လေရူးတို့၌ ပါသော သစ်ရွက်ခြောက်

ကဲ့သို့ ပေါက်လွှတ် ဒလကြမ်း ပရမ်းပတာ သေလျှင် အမြဲကြဲ၍ ကျရာဖြစ်သော။ သံသာရ၊ အိုးထိန်းစက်ခုံ ဆိုလည်သည့်နွား ခြားရပဟာတ်ပမာ ချာချာပတ်ရစ် ခွေးဖြစ် နတ်ဖြစ် လူဖြစ် ငှက်ဖြစ် တဖြစ်ထဲ ဖြစ်၍ နေသော သံသရာကြီးကို။ နာဝတိဝဋ္ဋတိ၊ ဒိဋ္ဌိရှန် မဖြတ်လိုးသူတို့ ဘယ်နည်းနှင့်မှ မလွန် မကျော်နိုင်ကြလေကုန် သတည်း။

## ဖလကထာ ရှင်းတမ်း ဟောစဉ်

ယခု ဟောကြားမဲ့ တရားတော်ကြီးကတော့ ဖလကထာ ဖြစ်တဲ့ တရားတော်ကြီးပင် ဖြစ်ပါတယ်။ ဘာကြောင့်ဖလ-ကထာတရားတော်ကြီး ဖြစ်လာရတယ်ဆိုတာ အနည်းငယ် ရှင်းလင်းပြောပြပါဦးမယ်။ လောက-ဖြစ်တတ် ပျက်တတ်တဲ့ သတ္တလောက, သင်္ခါရလောက, ဩကာသလောကကြီး အပေါ်မှာ၊ ပါလ-ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တွေနဲ့ ကျင့်သုံးစောင့်ရှောက်ပြီး နေထိုင်သွားတတ်ကြတဲ့ အရိယာနွယ်ဝင် သူတော်စင်ပုဂ္ဂိုလ်များမှာ လောကီအကျိုး စီးပွား၊ လောကုတ္တရာ အကျိုးစီးပွားတွေ ပြည့်စုံပြီး ရုပ်တရား နာမ်တရားတွေကို ဟုတ်တိုင်း မှန်တိုင်း ပိုင်းခြား နိုင်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်။

ပဋိစ္စသမုပ္ပါဒ်ဖြစ်တဲ့ အကြောင်း အကျိုးတွေ ဆက်စပ် နေတဲ့ သဘောတရားတွေကို ပိုင်းခြားသိမြင်နိုင်တဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်။

ဒီသဘောတရားတွေကို ဟုတ်တိုင်း မှန်စွာ သုံးသပ်ဆုံးဖြတ်နိုင်တဲ့ သမ္မသနဉာဏ်။

ဒီစိတ်အာရုံ သံသရာပေါ်မှာ လိုမလို ချစ်မုန်းတွေနဲ့ ပျက်ခနေတာကိုလဲ မြင်တယ်၊ စိတ်အာရုံ သံသရာပေါ်မှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဘေးဆိုးကြီးတွေ ဖုံးပြီး ကြောက်စရာတွေ လန့်စရာတွေကို ပိုင်းပိုင်းခြားခြား သိမြင်နိုင်တဲ့ ဥဒယဗ္ဗယဉာဏ်။

ဒီစိတ်အာရုံ သံသရာပေါ်မှာ ပုံသရုပ်တွေနဲ့ ဂုဏ်လုပ်ကာ ဘယ်လိုပင် မျောနေကြရပေမဲ့ မမြဲတာ၊ ဆင်းရဲတာ၊ အစိုးမရတာ သာလျှင် ကောန်မုချ ဆုံးနေ ပါကလားလို့ ပိုင်းပိုင်းခြားခြား သိမြင်နိုင်တဲ့ ဘင်္ဂဉာဏ်။

ဒီစိတ်အာရုံ သံသရာပေါ်မှာ ဒွါရအာရုံ ဝိညာဉ်ဆုံပြီး ဓါတ်သုံးပါး ဖြစ်ပေါ်နေတာကို မသိမှု၍ လောဘကြောင့်နာ၊ ဒေါသကြောင့်အို၊ မောဟကြောင့်သေ နေရတဲ့ သဘောတရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းဆိုတဲ့ ဘယဉာဏ်။

ပဉ္စာရုံ ကမ္မဇမှန် အကြည်ရုပ်ပေါ်မှာ ကံမှီပြီး အသစ်အသစ် လုပ်နေတဲ့ သဘော တွေကို ပိုင်းပိုင်းခြားခြား သိမြင်နိုင်တဲ့ အာဒီနဝဉာဏ်။

ဒီစိတ်အာရုံ သံသရာပေါ်မှာ လိုမလို ချစ်မုန်းတွေနဲ့ အပြစ်ဖုံးပြီး မမုန်းနိုင်အောင် မဆုံးနိုင်အောင် ကျင်လည်မျောပါးပြီး ကျက်စား နေကြပေမဲ့ မမြဲတာ ဆင်းရဲတာ၊ အစိုး

မရတာ၊ တွေကို သာလျှင် ကောန်မှချ ပိုင်းပိုင်းခြားခြား သိမြင်လာတော့ ဒီသမုဒယ ကိလေသာ တွေကို ရှုံမုန်းစက်ဆုပ်ပြီး ငြီးငွေ့လာတဲ့ နိဗ္ဗိန္ဒဉာဏ်။

စိတ်အာရုံ သံသရာပေါ်မှာ ဒီလို သမုဒယ ကိလေသာ အပြစ်ဘေးတွေနဲ့ ညစ်ထေးပြီးနေတဲ့ အယူမှား အစွဲမှား အမှတ်မှား တွေကို ဟုတ်တိုင်းမှန်တိုင်း ပိုင်းပိုင်းခြားခြား သိမြင်တော့ ဒီသမုဒယ အနှောင် အဖွဲ့တွေမှလွတ်အောင် ကင်းအောင် စင်ကြယ်အောင် လွတ်မြောက်အောင် ကျင့်သုံးနေထိုင်ခြင်း ဆိုတဲ့ မုဉ္စိတုကမျတာဉာဏ်။

စိတ်အာရုံ သံသရာပေါ်မှာ ဖြစ်ပျက်နေကြတဲ့အကြောင်းရုပ်နာမ်၊ အကျိုးရုပ်နာမ်၊ သင်္ခါရ ရုပ်နာမ်၊ ဥပါဒါန် ရုပ်နာမ် တွေကို ပိုင်းပိုင်းခြားခြား အဖန်ဖန် သုံးသပ် ဆုံးဖြတ်နိုင်တဲ့ ပဋိသင်္ခါဉာဏ်။

ဒီစိတ်အာရုံ သံသရာပေါ်မှာ သမ္မာဒိဋ္ဌိ ဉာဏ်ကို အခြေခံပြီး သမ္မသနဉာဏ်ဖြင့် သုံးသပ်၍ ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ကောန်သိမြင်လာတော့ ဤသဘောတရားက သမုဒယ တရားတွေ ပါကလား၊ ဤသဘောတရားက သမုဒယတရားတို့ ပါကလား၊ ဤသဘောတရားကဖြင့်ပယ်အပ်တဲ့တရား ပါကလားလို့ ပိုင်းပိုင်းခြားခြား သိမြင်လာတဲ့ အတိုင်း သဒ္ဓါ-သတိ-ဝီရိယ-သမာဓိ-ပညာဖြင့် စောင့်စည်း ကျင့်သုံး နေထိုင်တတ်တဲ့ သင်္ခါရုပေက္ခာဉာဏ်။

ဒီလိုဉာဏ်မျိုးတွေ ပြည့်စုံလာပလား ဆိုမှဖြင့် ပုထုဇဉ်တို့ရဲ့ အယူ မလေ့ဟာ မှူငွေ့မှ မရှိဘဲ စင်ကြယ် သန့်ရှင်းဘေးရန် ကင်းပြီး ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာတို့ကို ခံစား စံစားကြရမယ် ဆိုတာ တထစ်ချသာ မှတ်ကြပေတော့။

ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးနဲ့ ယခုလို ကြုံကြိုက်တဲ့ အခါမှာ နိဗ္ဗာန်လိုလားကြတဲ့ ယောဂီတိုင်း ဝိပဿနာ အသိဉာဏ် ပညာတွေကို ရှာဖွေ သင့်ကြပါတယ်၊ ဘာကြောင့် ရှာဖွေသင့်ကြ ပါသလဲ ဆိုလျှင် ယောဂီများကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ကြ ပေတော့၊ ဒီသုံးဆဲ့နှစ်ကောဋ္ဌာသ ဖြစ်တဲ့ ဥတုဇ ခန္ဓာ အိမ်ပေါ်မှာ စိတ်အာရုံတွေဟာပရမ်းပတာ ဖြစ်ပြီး အယူမှား အစွဲမှား အမှတ်မှား တွေနဲ့လုံးထွေးရစ်ပတ်ပြီး အိုနာသေမှာ သာလျှင် ဆုံးရှုံး ခဲ့ကြရတယ် မဟုတ်ပါလား၊ ဒီစိတ်အာရုံ ပေါ်မှာ သမုဒယနဲ့ဒုက္ခဖုံးပြီး အိုနာသေမှာ ဆုံးရှုံးရမဲ့ အတူတူမို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်တဲ့ အသိဉာဏ် ပညာမျိုးတွေကို ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးနဲ့ ကြုံကြိုက်တုံးမှာပင် ရှာဖွေ သင့်ပါတယ်၊ လေ့လာ လိုက်စားပြီး ကြိုးစားအားထုတ် သင့်ကြပါတယ်လို့ အထူးဘဲ သတိပေးပြီး ပြောကြား ရခြင်း ဖြစ်ပါတယ်။

ဘာကြောင့်လဲ ဆိုတော့ သတ္တဝါတိုင်း သတ္တဝါတိုင်း အိုနာသေမှာ သာလျှင် လမ်းဆုံး ကြရတာ ဖြစ်လေတော့

ယောဂီများဘဲ ကိုယ်ပိုင်ဉာဏ်နဲ့သာ စဉ်းစား ကြမေတော့။ ဒီဝိပဿနာ ဖြစ်တဲ့ အသိဉာဏ် ပညာမျိုးတွေ ရရှိလာလျှင် အိုနာသေကွဲ ဆိုတဲ့ ရွှေအဘို့ လမ်းတလျှောက်မှာ ဘယ်လို စိတ် စင်ကြယ်မှုတွေနဲ့ ပြည့်စုံပြီး ဘယ်လိုအကျိုးတွေ ခံစား ရမယ်၊ စိတ္တသုခ ကာယသုခတွေ ဘယ်လိုငြိမ်းအေးပြီး အို နာသေကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ဘာအကျိုးတွေ ရတယ် ဆိုတာ ယောဂီများကို ရှင်းလင်း ပြောပြ ပါဦးမယ်။

ဒီဝိပဿနာ ဉာဏ်ပညာဖြစ်တဲ့ အသိဉာဏ်မျိုးတွေ ရလာ တော့ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်တဲ့ သမုဒယ ကိလေသာတွေ ကင်းရှင်းခြင်း ဆိုတဲ့ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒီအယူမှား အစွဲမှား အမှတ်မှားတွေ ကင်းရှင်းပလား ဆိုမှ ဖြင့် လောဘ, ဒေါသ, မောဟနှင့် တကွ ဖြစ်တဲ့ ဒုစရိုက် တ ရားတွေ စင်ကြယ်ခြင်း ဆိုတဲ့ သီလဝိသုဒ္ဓိ၊ ဒီလို လောဘ, ဒေါသ, မောဟနှင့် တကွ ဖြစ်တဲ့ ဒုစရိုက်တရားတွေ စင်ကြယ် သည်နှင့် အမျှ သုပ္ပဋိပန္နဂုဏ်, ဉာယပ္ပဋိပန္နဂုဏ်, သာမိစိပ္ပ- ဋိပန္နဂုဏ်တွေ ပြည့်စုံနေခြင်း ဆိုတဲ့ စိတ္တဝိသုဒ္ဓိ၊ စိတ်အာရုံ ကျရာဌာနရဲ့ သဘောလက္ခဏာ သဘာဝ၊ စိတ်အာရုံ မှီရာ ဌာနရဲ့ သဘောလက္ခဏာ သဘာဝ၊ စိတ်အာရုံရဲ့ သဘော လက္ခဏာ သဘာဝတွေကို ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းဆိုတဲ့ ကင်္ခါဝိတ ရဏ ဝိသုဒ္ဓိ၊ ဤတရားကဖြင့် ဒုက္ခလက္ခဏာ မှန်ငြားသော်လဲ

သစ္စာမထိုက်ခြင်း၊ ဤတရားကဖြင့် ဒုက္ခလဲ မှန်တယ် သစ္စာလဲထိုက်တယ်လို့ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း၊ ဤတရားကဖြင့် သမုဒယသာ ဖြစ်၍ သစ္စာမထိုက်ခြင်း၊ ဤတရားကဖြင့် သမုဒယလဲ မှန်တယ် သစ္စာလဲ ထိုက်တယ်လို့ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း၊ ဤတရားကဖြင့် နိရောဓ မှန်ငြားသော်လဲ သစ္စာမထိုက်ခြင်း၊ ဤတရားကဖြင့် နိရောဓလဲမှန်တယ်၊ သစ္စာလဲ ထိုက်တယ်လို့ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း၊ ဤတရားကဖြင့် မဂ္ဂမှန်ငြားသော်လဲ သစ္စာမထိုက်ခြင်း၊ ဤတရားကဖြင့် မဂ္ဂလဲ မှန်တယ် သစ္စာလဲထိုက်တယ်လို့ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း ဆိုတဲ့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

ဒီစိတ်အာရုံရဲ့ သဘော လက္ခဏာ သဘာဝတွေကို ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်တော့ ဤသဘောလက္ခဏာ ကတော့ အကြောင်းရုပ်နာမ် ဖြစ်တယ်၊ ဤသဘောလက္ခဏာ ကတော့ အကျိုးရုပ်နာမ် ဖြစ်တယ်၊ ဤသဘောလက္ခဏာကတော့ သင်္ကာယ ရုပ်နာမ် ဖြစ်တယ်၊ ဤသဘောလက္ခဏာ ကတော့ ဥပါဒါန် ရုပ်နာမ် ဖြစ်တယ်လို့ အကြောင်းအကျိုးတွေကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်း ဆိုတဲ့ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၊ လိုမလို ချစ်မုန်း ချောက်ခြောက်ကြောက်ဆိုတဲ့ သမုဒယ တရားတွေ ကတော့ သန္တတိအနိစ္စတို့ ပါကလား၊ တချက်အမြင်မှာ အပျက်ဘင် ဆုံးနေတဲ့ သမ္မုတိ တရားကတော့ ခဏိက အနိစ္စတို့ ပါကလား၊ သယံ

ဇာတ ထာဝရ ဖြစ်တဲ့ သခ်တ ဓါတ်ကတော့ သခ်တ အနိစ္စ ပါကလားလို့ ဟုတ်တိုင်း မှန်စွာ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်း၊ သစ္စာလေးချက် သဘောနက်တို့ကို ဖုံးအုပ်ကွယ်ကာ တွယ်တာကင်းစင် အလင်းမြင်ခြင်း ဆိုတဲ့ ဉာဏဒဿနဝိသုဒ္ဓိ၊ ဒိဝိသုဒ္ဓိ ခုနစ်ပါးဟာ အလိုအလို ပြည့်စုံ လာနိုင်ခြင်းများ ဖြစ်ပါတယ်။ ဒီအို နာ သေ ကွဲ ဆိုတဲ့ လမ်းတလျှောက်မှာ ဒီသဘော တရားတွေကို ဘာကြောင့် အကျိုးပေးပြီး ခံစား ခွင့် ရလာပါသလဲ ဆိုတာ ယောဂီများကို ရှင်းလင်း ပြောပြပါဦးမယ်။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဖြစ်တဲ့ ဥဋ္ဌာန သမ္ပဒါ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ ဖြစ်တဲ့ ကလျာဏ မိတ္တသမ္ပဒါ၊ သမ္မာအာဇီဝ ဖြစ်တဲ့ သမဇီဝိတသမ္ပဒါ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဖြစ်တဲ့ အာရက္ခ သမ္ပဒါ၊ ဒီသမ္ပဒါ တရား လေးပါး ပြီးပြည့်စုံ ပြီးနေတဲ့ အတွက်ကြောင့် ဝိသုဒ္ဓိ ခုနစ်ပါး အကျိုးတရား တွေကို အလိုလို ခံစားလာနိုင်ရခြင်း ဖြစ်ပါတယ်။ ဒါတွင် မကသေးပါဘူး၊ သစ္စာလေးပါး မြတ်တရားကြီးရဲ့ အသင်းအပင်းတွေ အဆောက်အဦ တွေပါ အကျိုးပေးပြီး ခံစား စံစား နိုင်လာ တော့တာပါဘဲ။ ဒီဝိပဿနာ ဉာဏ်ပညာတွေကို ရှာဖွေဆည်းပူး လေ့လာကြတဲ့ ယောဂီတိုင်း ယောဂီတိုင်းမှာ ဒီလို အကျိုးတရား တွေကို အပြည့်အဝ ခံစား စံစား ကြရမယ် ဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ဒီသစ္စာလေးပါး မြတ်တရားကြီးရဲ့ အသင်းအပင်း အဆောက်အဦ တွေရဲ့ အရည်အချင်း တွေကို ခံစား စံစားလိုကြတဲ့ ယောဂီတိုင်း ယောဂီတိုင်း သိမြင် သဘောပေါက်ကြရလေအောင် ရှင်းလင်း ပြောပြ ပါဦးမယ်။ ဝိပဿနာဉာဏ်ပညာဖြစ်တဲ့ ဉာဏ်အသိမျိုးတွေ ရှာကြံကြတဲ့အခါမှာ ခုနက ပြောခဲ့တဲ့ သမ္မုဒါတရားကြီးကို အဖြေမှန်မှန်နဲ့ အခြေခံခိုင်မြဲပါမှ လှယ်လင့်တကူ ခံစားခွင့် ရလာနိုင်ပါတယ်။ လူ့သမ္မုတိ သစ္စာတရားကြီးဖြစ်တဲ့ သမ္မုဒါတရားအဖြေမှန်နဲ့ ဒီလိုအခြေခံပြီး ရှာလိုက်တော့ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ သစ္စာလေးပါး မြတ်တရားကြီးရဲ့ အသင်းအပင်း အဆောက်အဦဟာ တခါတည်း ပေါ်ပေါက်ပြီး အကျိုးပေးလာပုံကို မျက်ဝါးထင်ထင် ဉာဏ်မှာ တွေ့မြင်လာတော့ တာပါဘဲယောဂီ။

တွေ့မြင်လာပုံ အရည်အချင်းကို အတိအလင်း ပြောပြပါဦးမယ်၊ ပုတိကာယခေါ်တဲ့ ဥတုဇကာယ၊ ထွက်သဘောဝင်သဘောဖြစ်တဲ့ ကရဇကာယ၊ သမ္မုတိ သမုဒယဖြစ်တဲ့ နာမကာယ၊ ရူပကာယ သက္ကာယတွေကို ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း, သညာမြင် ဝိညာဉ်မြင် ဒိဋ္ဌိမြင် သဘောတွေကို ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်ခြင်း၊လိုမလို ချစ်မုန်းဆိုတဲ့ သမုဒယကျိုးဖြင့် သက္ကာယ သံ

မျှားချိတ်ကို ချိတ်စွဲလျက် ဥပါဒါန်အစာကို ချိတ်ပြီးလျှင် သံမျှားချိတ်ကို မမြင်မူ၍ အစာကိုသာ မြဲမြံစွာ ဆုပ်ကိုင်စွဲလမ်းပြီး တတမ်းတတနဲ့ မြုပ်မျောဆက်လည်နေရခြင်းတို့ကို ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြားသိ မြင်ခြင်း၊ ဘယ်လိုပင် သာယာစွဲလမ်း နှစ်သက်တပ်မက် မြတ်နိုးပြီး အပူတပြင်း မဆုံးတမ်း မတုံးတမ်း မြုပ်မျောဆက်လည်နေကြရပေမဲ့ မမြဲသဘော ဆင်းရဲသဘော အစိုးမရတဲ့ သဘောမှာသာလျှင် ဆုံးနေပါပေါ့ကလားလို့ ဟုတ်တိုင်းမှန်စွာ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းဆိုတဲ့ သတိပဋ္ဌာန်လေးပါး၊ ဒီသဘောတရားတွေကို ဟုတ်တိုင်း မှန်စွာ သိမြင်လာတော့ မပြုရသေးသော အကုသိုလ်များ ဖြစ်သေးရဲလားယောဂီ။ ပြုပြီးသောအကုသိုလ်များကော ရှိသေးရဲ့လား ပြတ်မသွားပေဘူးလား။

ဒီသဘောတရားတွေကို ပိုင်းပိုင်းခြားခြားကြီး သုံးသပ်ဆုံးဖြတ်နိုင်ပေတော့ မပြုရသေးသော မဂ်ကုသိုလ်, ဖိုလ်ကုသိုလ်တွေကိုပြု တတ်တယ်ဆိုတာ မမှန်ပေဘူးလား။ ဒီအသိဉာဏ်ပညာမျိုးတွေ ကောင်းမြတ်စင်ကြယ်စွာ ပိုင်းပိုင်းခြားခြား သိမြင်လာသည်နှင့်အမျှ မနောမှာ ပညာ၊ ကာယမှာသီလ၊ ဝစီမှာသမာဓိဖြစ်ပြီး ကျင့်သုံး နေထိုင်သွားတာကိုက ပြုပြီးသော ကုသိုလ်ကို ပွားများနေတာ မဟုတ်ပါလားယောဂီ။ ဒါဟာ သမ္မပ္ပဓာန်လေးပါးဘဲ မဟုတ်ပါလား။ ယောဂီတို့ ကိုယ်ပိုင်ဉာဏ်နဲ့သာ ဝေဘန်သုံးသပ်ပြီး ဆုံးဖြတ်နိုင်အောင် စဉ်းစားကြပေတော့။

ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးနဲ့ ကြုံကြိုက်လျက် သားနှင့်မှ ဝိပဿနာဉာဏ် ပညာမျိုးတွေကို မရှာဖွေ မလေ့လာ မဆည်းပူးနိုင်ကြပါလျှင်၊ ယခုသွားနေကြတဲ့ အိုနာသေကွဲဆိုတဲ့ လမ်းတလျှောက်မှာ လောကီ ငြိမ်းချမ်းရေး, လောကုတ္တရာ ငြိမ်းချမ်းရေးတွေ ဖြစ်တဲ့ ဒီအကျိုးတရားတွေကို ဘယ်လိုနည်းနှင့်မှ ခံစားစံစားနိုင်ကြမယ် မဟုတ်ဘူးဆိုတာ ပုတ်ပြတ်သာ မှတ်ကြပေတော့။

ယခုလို ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနဲ့ ကြုံပြန်သော်လဲ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်တဲ့ – ဆရာစစ် ဆရာမှန်များကို မှီဝဲဆည်းကပ်နိုင်ပါမှ ရလာနိုင်တဲ့အသိဉာဏ်ပညာမျိုးတွေဖြစ်ပါတယ်။ ဒါကြောင့် ယထာဘူတဉာဏာယ သတ္တာ ပရိယေသိ တဗ္ဗော။ လို့ ညွှန်ပြထားတော်မူပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနဲ့ ကြုံလဲ ကြုံပါမှ ကြုံပြန်သော်လဲ ကြိုက်နိုင်ပါမှ ကြိုက်နိုင်ပြန်သော်လဲ ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်တဲ့ ဆရာစစ် ဆရာမှန်များနဲ့ ပေါင်းပေါ် မှီဝဲ ယှဉ်တွဲ ဆည်းကပ်ပါမှ ရရှိလာနိုင်ပါတယ်။

ဒါကြောင့် စိတ်အာရုံ ကျရာရဲ့ သဘော လက္ခဏာ သဘာဝ၊ စိတ်အာရုံ မှီရာရဲ့ သဘောလက္ခဏာ သဘာဝ၊ စိတ်အာရုံရဲ့ သဘောလက္ခဏာ သဘာဝတွေကို ဝိပဿနာပညာ, မဂ်မဉာဏ်ရဲ့ အသင်းအမင်းဖြစ်တဲ့ ဉာဏ်ဆယ်မျိုး

နဲ့ အချိုးကျ ရှာနိုင်ဖွေနိုင်သည်နှင့်အမျှ ဒိစိတ်အာရုံ အကန့် အကွက်တွေကို ပိုင်းပိုင်းခြားခြား သိမြင်သဘောပေါက်လာပါလျှင် သဘောရောက်လာပါလျှင် သိမြင်သဘောရလာပါလျှင် သဘောကျလာပါလျှင် အယူမှား အစွဲမှား အမှတ်မှားတွေ ကင်းပြီး ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ကျင့်သုံး နေထိုင်တတ်ခြင်းနှင့် ပြည့်စုံနေခြင်း၊ အယူမှား အစွဲမှား အမှတ်မှားနှင့် တကွ ဖြစ်နေတဲ့ ဒုစရိုက်တရားတွေ မဖြစ်အောင် ကင်းရှင်းအောင် လုံ့လဝီရိယနှင့် ပြည့်စုံနေခြင်း၊ အကြောင်းအကျိုးဖြစ်တဲ့ သမ္မုတိတရား၊ သမုဒယ တရားတွေကို ပိုင်းခြားစွာ လစ်လျူရှုခြင်းနှင့် ပြည့်စုံနေခြင်း၊ လောကီအာရုံ လောကုတ္တရာအာရုံတို့ကို သစ္စာကိုက်အောင် သစ္စာဆိုက်အောင် သစ္စာထိုက်အောင် သစ္စာအချိုးကျအောင် ကျင့်သုံး နေထိုင်ခြင်းဆိုတဲ့ ဣဒ္ဓိပါဒ်လေးပါး။

သမ္မုတိတရား၊ သမုဒယတရားတွေကို အမှန်လေးပါးဖြင့် ပိုင်းခြားဝေဘန် သုံးသပ် ဆုံးဖြတ်နိုင်သည်နှင့် အမျှ ယုံကြည်စောက်ချစွာ တည်တံ့ ခိုင်မြဲခြင်း၊ အယူမှား အစွဲမှား အမှတ်မှားဖြစ်တဲ့ သမုဒယကိလေသာတွေ ကင်းအောင် မရှိအောင် စင်ကြယ်အောင် ခိုင်မြဲစွာ သတိထားနိုင်ခြင်း၊ လျင်သော ဉာဏ်ပညာ၊ ရွှင်သော ဉာဏ်ပညာ၊ ထက်မြက်စူးရှသော ဉာဏ်ပညာတို့ဖြင့် ကာမအာရုံ မဟဂ္ဂုတ်အာရုံတွေ မဖြစ်အောင် လုံ့လဝီရိယ စိုက်ထူထားနိုင်ခြင်း၊ ဒီလို

အသိဉာဏ်ပညာမျိုးတွေနှင့် အယူမှား အစွဲမှား အမှတ်မှား တွေ မဖြစ်နိုင်ရလေအောင် လုံ့လ ဝီရိယ စိုက်ထုတ်ထားသည် နှင့် အမျှ ဒုစရိုက်တရားတွေ ငြိမ်းနေခြင်း၊ ကာမအာရုံ မဟဂ္ဂုတ်အာရုံတွေနှင့် ညစ်ထေး ရစ်မှေးပြီးနေတဲ့ သမုဒယ ကိလေသာတွေ ငြိမ်းနေခြင်း၊ သမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံ၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ပြီး ယထာဘူတဉာဏ်ဖြင့် ဟုတ် တိုင်းမှန်စွာ သိမြင်လာနိုင်အောင် ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ် ပညာ ပြည့်စုံခြင်းဆိုတဲ့ ဈာန်ငြွေငါးပါး၊ ဗိုလ်ငါးပါး၊ ဒီသတိ ပဋ္ဌာန်တရားတွေ သမ္မပ္ပဓာန်တရားတွေ၊ ဣဒ္ဓိပါဒ်တရားတွေ၊ ဣန္ဒြေ၊ ဗိုလ်စတဲ့ တရားတွေအချိုးကျကျ ပြည့်စုံလာလျှင် ဗောဇ္ဈင်ခုနစ်ပါးဟာ အလိုလို ပြည့်စုံလာပါတယ်။

ဗောဇ္ဈင်ခုနစ်ပါး အချိုးကျ ပြည့်စုံလာပုံကို ရှင်းလင်း ပြောပြပါဦးမယ်။ လေးပါးသော သတိပဋ္ဌာန်ဉာဏ်ဖြင့် ဒီ စိတ်အာရုံရဲ့ **သဘောတရားတွေ** ဖြစ်တဲ့ သံသရာအကန့်အ ကွက်တို့ကိုရင်း၊ စိတ်အာရုံကျရာတို့ရဲ့ အကန့်အကွက်တွေ ကိုရင်း၊ စိတ်အာရုံမှီရာရဲ့ အကန့်အကွက်တွေကိုရင်း၊ ပြူစင် ဖြောင့်မတ်၊ ကောင်းမြတ် စင်ကြယ်စွာ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို သတိသမ္ဗောဇ္ဈင်ခေါ်ပါတယ်။

ဝီရိယသမ္ဗောဇ္ဈင် ဆိုတာကတော့ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဖြစ်တဲ့ ပညက္ခန္ဓာဖြင့် လုံ့လဝီရိယ စိုက်ထုတ် ပြီး ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ဝီရိယသမ္ဗောဇ္ဈင်ခေါ် ပါတယ်။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆိုတာကတော့ သန္တတိအနိစ္စ၊ ခဏိကအနိစ္စ၊ သယံဇာတ ထာဝရအနိစ္စဖြစ်တဲ့ သင်္ခတအနိစ္စတို့ကိုင်၊ သမ္မုတိအနိစ္စ, သမ္မုတိဒုက္ခ, သမ္မုတိအနတ္တ၊ သမုဒယအနိစ္စ၊ သမုဒယဒုက္ခ, သမုဒယအနတ္တတို့ကိုငှင်း၊ ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ဓမ္မဝိစယသမ္ဗောဇ္ဈင် ခေါ်ပါတယ်။

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဆိုတာကတော့ ဒုစရိုက်ဆယ်ပါးနှင့် တကွ ဖြစ်တဲ့ သမုဒယအနှောင်အဖွဲ့တွေ ကင်းရှင်းပြီး ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်စွာ ငြိမ်းအေးခြင်းကို ပဿဒ္ဓိသဇ္ဈောင်ခေါ်ပါတယ်။

ပီတိသမ္ဗောဇ္ဈာင် ဆိုတာကတော့ ဒီသဘောတရားတွေကို ပိုင်းပိုင်းခြားခြားကြီး ပြောင်ပြောင်စင်စင် ကြောင်ကြောင်မြင်တော့ ရှင်ရှင်လန်းလန်း ကြည်ကြည်ဖြူဖြူ ဖြစ်နေခြင်းကို ပီတိသမ္ဗောဇ္ဈင်ခေါ်ပါတယ်။

သာဓိသမ္ဗောဇ္ဈင် ဆိုတာကတော့ အယူမှား အစွဲမှား အမှတ်မှားနှင့်တကွ ဖြစ်တဲ့ သမုဒယအနှောင်အဖွဲ့တွေ ငြိမ်းအေးခြင်း၊ တည်တံ့ခိုင်မြဲခြင်းကို သမာဓိသမ္ဗောဇ္ဈင်ခေါ်ပါတယ်။

ဥပေက္ခာသမ္ဗောဇ္ဈင် ဆိုတာကတော့ ဉပါဒ်စွန်းမှာ ဖုံးအုပ် ကာကွယ်နေတဲ့ သမ္မုတိသင်္ခါရကို လစ်လျူရှုသော်ငှင်း၊ ဘင်စွန်းမှာ ဖုံးအုပ်ကာကွယ်နေတဲ့ သမုဒယသင်္ခါရကို

လစ်လျူရှု၍သော်၎င်း၊ ပိုင်းပိုင်းခြင်းခြား သိမြင်တဲ့အတိုင်း ကျင့်သုံးနေထိုင်ခြင်းကို ဥပေက္ခာသမ္မောဇ္ဈင်ပေါ့ပါတယ်။

ဒီ ဗောဓိပက္ခိယ ဖြစ်တဲ့ အကျိုးတရား အဆောက် အဦတွေ ပြီးပြည့်စုံပြီး အိုနာသေကွဲ ဆိုတဲ့ လမ်း တလျှောက်မှာ ခံစား စံစားနိုင်အောင် ဘာကြောင့် ဖြစ်ပေါ် ရရှိ လာပါသလဲ ဆိုတော့ သာသနာတော် မြတ်လမ်း၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းဖြစ်တဲ့ မဇ္ဈိမ ပဋိ- ပဒါ ခေါ်တဲ့ မဂ္ဂင်အကျင့်ကြောင့် ပါဘဲလို့ ဆိုတာ ကေန်မုချ ပုတ်ပြတ်သာ မှတ်သားထားကြ ပေတော့။ ဒါကြောင့် ပါဠိတော်က-

ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ မဏိဓိတေ ပဒက္ခိဏေ။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

လို့ ဟောဖေါ်ညွှန်ပြ ဆုံးမထားတော်မူခဲ့ပါတယ်။

ဒါကြောင့် အိုနာသေကွဲ ဆိုတဲ့ ရှေ့အဘို့ လမ်း တလျှောက်မှာ စိတ္တသုခ၊ ကာယသုခတွေနဲ့ ပြည့်စုံပြီး သံသရာဝဋ်ဆင်းရဲဖြစ်တဲ့ ဘေးဆိုးကြီး အမျိုးမျိုးတွေမှ ကင်းလွတ် အောင်မြင်နိုင် ကြပါစေရန် ဝိပဿနာဉာဏ်

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို လေ့လာပွားများ ကြိုးစား အားထုတ်နိုင်ကြပါစေရန် ဆုတောင်းရင်း နိဂုံးချုပ်လိုက် ပါရစေဦး။

တဏှာယ စေဝ မာနေန၊ ဒိဋ္ဌိယာ နုမရန္တိ တေ။
အာဝိဋ္ဌာ ဝိတ္ထာရိတာဝ၊ နာပိ ဇီဝန္တိ သံသာရေ။

ဘောဂဒ္ဓော၊ သံသရာပြင်ကျယ် ပင်လယ်သမုဒ် ဝဲဇလုပ်၌ နစ်မြုပ်မျောပါး ပြေးသွားကျင်လည် အတည်မမြဲ ဖေါက်လွဲ ဖေါက်ပြန် စုံဆန်မပြတ် အိုနာသေ မရပ်နိုင်ဘူး၊ မပြတ်တဲ့ သံသရာ နာမ်ခန္ဓာ အစဉ်မဆုံးနိုင်အောင် ရှင်ပြုံးမော်ကြွား အို....လူများတို့။

တဏှာယ၊ မြင်လိုက်ရင် ပုံသဏ္ဌာန်၊ ကြားလိုက်ရင် ပုံသဏ္ဌာန်၊ နံလိုက်ရင် ပုံသဏ္ဌာန်၊ စားလိုက်ရင် ပုံသဏ္ဌာန်၊ တွေ့လိုက်ရင် ပုံသဏ္ဌာန်၊ ကြံလိုက်ရင် ပုံသဏ္ဌာန် စုံဆန် မျောပါး သမုဒယဆိုတဲ့ ထိုတရားတို့သည်။ အာဝိဋ္ဌာ၊ ပရမ်းပတာ ပေ့လီဆန်းပြား ပုံသဏ္ဌာန်အစားစားတွေနဲ့ လှည့်ပတ်မဆုံး ပျော်ရှင်ကာ မမုန်းနိုင်ဘဲ ဝင်္ဂတုံး ဝင်္ဂခဲ ဖြစ်၍ နေသော။ တေ၊ ထိုတဏှာဆိုတဲ့ သမုဒယရှေ့သွား ဝဋ်ကံသမားတို့သည်။ ဝါ၊ အိုနာသေကွဲ ဆိုတဲ့ လမ်းရှည် တလျှောက်မှာ ပရမ်းပတာတွေနဲ့ မှောက်နေကြတဲ့ သတ္တဝါ အများတို့သည်။ နုမရန္တိ၊ အနိစ္စတရားကို စိတ်က မပွား ကြရင်ဖြင့် ဘိဇ္ဈနတရားအဖြေဆိုတာ အိုနာသေရမှာကြောင့်

နဂို မသာ အခြေကလဲ မလွတ်နိုင်ကြလေကုန်။ မာနေနေ၊ ကြွားသလို ဝါသလို စကားအရာရာမှာ အထင်ပို၍ မြင်သလိုသုံး အသွင်ချို၍ ပုံးသော်လဲ အပြင်ဖုံးကတော့ ဟန်ဆောင် မာန်ထောင်ကာ သရုပ် အပြောင်း အလွဲတွေနဲ့ အဟုတ်အကြောင်းစွဲ၍ နေသော မာနဆိုတဲ့ တရားယုတ်ကြီးသည်။ အာဝိဋ္ဌာ၊ ပရမ်းပတာ ပွေလီဆန်းပြား ပုံသဏ္ဍာန် အစားစားတွေနဲ့ လှည့်ပတ်မဆုံး ပျော်ရွှင်ကာ မမုန်းနိုင်ဘဲ ဝဋ္ဋတုံး ဝဋ္ဋခဲ ဖြစ်၍ နေကြကုန်သော။ တော၊ ထိုမာန်ရှေ့ဆောင် ဂုဏ်ရောင်ဟန့်ကြွား သတ္တဝါအများတို့သည်။ နမရန္တိ၊ ဒုက္ခတရားကို မုချမပွားကြရင်ဖြင့် လုပ်သမျှအမှားတွေ သုခထင်တာကြောင့် သမုဒယအမျှင်ကလဲ မလွတ်နိုင်ကြလေကုန်။ ဒိဋ္ဌိယာ၊ ခန္ဓာငါးအင်ဘိတ်မြင်အောင် ပိတ်ပင် တားဆီး တသားတည်းဟု ပွားစီးသဏ္ဍာန် ပုံဟန်နိမိတ် အရိပ် အရောင် အကောင် အထည် အရှည် အတို အဖို အမ လိုသမျှမပြီး ဒိဋ္ဌိဆိုတဲ့ အယူမိုက်ကြီးသည်။ အာဝိဋ္ဌာ၊ ပရမ်းပတာ ပွေလီဆန်းပြား ပုံသဏ္ဍာန် အစားစားတွေနဲ့ လှည့်ပတ်မဆုံး ပျော်ရွှင်ကာ မမုန်းနိုင်ဘဲ ဝဋ္ဋတုံးဝဋ္ဋခဲဖြစ်၍ နေသော။ တော၊ ထိုဒိဋ္ဌိရှေ့ဆောင် တွေ့မရှောင် ထင်ရာမှားကြတဲ့ အမေ့ကောင် သတ္တဝါအများတို့သည်။ နမရန္တိ၊ အနတ္တတရားကို အထပ်ထပ် မပွားကြရင်ဖြင့် လေးပါးပယ်မြေ ကံဟောင်းတွေ လိုရာဆွဲမှာကြောင့် အိုးနာသေ ကွဲ ဆိုတဲ့ ဘေးဒုက္ခအပေါင်း

တို့မှ မုချမလွတ်နိုင်ကြလေကုန်။ သံသာရေ၊ ခြောက်ခုဒွါရ ဇာရပ်အသွင် အိုနာသေဆိုတဲ့ ခရီးလမ်းအစဉ်၌။ ဝိတ္ထာရိ-တာဝ၊ တဏှာ, မာန, ဒိဋ္ဌိ- သုံးမျိုး လွန်းတင်ကြိုးသို့ ဆယ်မျိုးရစ်ပတ် ဖွဲ့ချည်အပ်ကုန်သည် ဖြစ်၍ သာလျှင်။ နာပိဇီဝန္တိ၊ သေပြန်ရင်လဲ အောက်သံသရာ ရှင်ပြန်လျှင်လဲ ဝဋ်ရကံ တဏှာမလွတ်တဲ့ ငံကြမ္မာအစွဲတွေ အသစ်အသစ် ဖြစ်ပြီးလျှင် ဝဋ်ခန္ဓာ အမြဲနှစ်၍ နေကြလေကုန်တော့ သတည်း။

ခန္ဓာဉာဏ်ရောက် ပညာသိဝိပဿနာတံခွန်ကျမ်းကြီး
ပြီး၏။